www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၊ အတွဲ (၁၁)၊ အမှတ် (၃)

# ဂမ္ဘီရ

မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ
အတွဲ(၁၁)၊ အမှတ်(၃)

ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။

**သက်တော်မြဲဂါထာ**

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ
ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍
စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**


တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ
အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
ခိုင်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

Union Publishing House
09-5158462 မှ
ဖြန့်ချိသည်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ









## ဘာသာရေးဘုရားသမိုင်း


- ဘုရားတစ်ထောင် အကောက်တောင် ... ဝင်းကိုဇော် ၆
- အမရပူရမြို့၏ စန္ဒမုနိဘုရား ... ကျော်လင်း(မြစ်ခြေ) ၁၆
- ပန်အိုင်ရွှေမုဋ္ဌောဆုတောင်းပြည့်ဘုရားကြီး ... လှစံ(ပညာရေး) ၄၆
- ဗျိုင်းအင်းဘုရားကြီးနှင့် ဖြစ်ရပ်ဆန်းများ ... မြချစ်(ရွှေတောင်) ၇၅
- ရွှေဂူနီဗုဒ္ဓကိုယ်စားတော်လှူဒါန်းပွဲ ... ဗေဒသုတေသီဆရာမျိုး ၉၂
- ဆင်ကျုံးဖားကရာနှင့် မယ်နုအုတ်ကျောင်းသို့ ... ဝင်းကိုဇော် ၁၅၃


## ဘာသာရေးသုတ/ရသဆောင်းပါး


- တစ်ယောက်ကျေးဇူး တစ်ဦးသိပါ ... မောင်ထည်ဝါ(ပျော်ဘွယ်) ၁၆
- ပဋ္ဌာန်းဆက်တို့အတွက် ... ကြည်ဝင်း(ဟသ်ာတ) ၂၃
- မဟာသတိပဋ္ဌာန်သုတ်နှင့် ....... ... မောင်သာ(ရှေးဟောင်း) ၂၉
- သူတော်ကောင်းက သည်းခံပါသော်လည်း ... မင်းဖေမြင့်(မုဒုံ) ၃၈
- တဏှာကျေးကျွန် ... မင်းမာယ ၄၁
- မြတ်ဗုဒ္ဓနှင့် သိကြားမင်း ... ဦးတင်အောင်(ဘော်ဆိုင်း) ၅၂
- သဒ္ဓါစိတ်မပါသော အသပ္ပုရိသဒါန၏ ... မြမဉ္ဇူဝေ(ကျုံမငေး) ၅၆
- ဂေါတမပုခက် ... ကိုရွှေဝင်းသန့် ၆၅
- အမေ့အတွက် ကောင်းမှုနှင့်တောင်းဆု ... ဥဩချောင်မှူး(လှိုင်လင်) ၈၈
- လမ်း(သို့မဟုတ်)မဂ္ဂင် ... အရှင်ကောဏ္ဍည ၁၀၂
- ကန်တော့ပန်းဆင် မွေးမိခင်သို့ ...... ... ကျော်စွာဟိန်း(ရွှေလှော်ကား) ၁၉၅


## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- အေးချမ်းအောင်မြင်ပထဝီဇေယမန္တန် ... ငြိမ်းဆုသျှင် ၄၀
- အုတ်ဖိုဆရာတော်ကြီး၏ သစ္စာတန်ခိုး ... ရဲရဲထွန်း(ဟသ်ာတ) ၈၀
- အကြားအမြင်ရစေသောဂါထာတော် ... ဆရာနေလင်းအောင်(တွံတေး) ၈၅
- ငွေဝင်လာဘ်ရှင် ... ရဲလေး(ဟသ်ာတ) ၁၀၀
- ကိုယ်တွေ့အစွမ်းထက်သော ဇလွန်ပြည်တော်ပြန်
  စမ္ဗခဏ်ဂါထာကိုယ်တွေ့ ... ဧရာမြေကျော်ဝေ ၁၁၁
- နမောတဿ လိုတရနှင့် ... ကိုရွှေမြသန်း ၁၄၃


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## အထွေထွေသုတ၊ ရသဆောင်းပါး


- လျှို့ဝှက်ဆန်းပြားကမ္ဘာ့ခရီးသွား ... ကိုအေးမြင့်(ရွှေ/သု) ၅၉
- ဂမ္ဘီရရွှေတုံးကြီးနှင့် ကျွန်ုပ်ကိုယ်တွေ့ ... ဆရာကြီးဦးအောင်မြိုင် ၆၈
- သတင်းပုံရိပ်များ ... မောင်ဝေအေး ၁၁၆
- ဒီညဥ့်ကပ်နေသောတောက်တဲ့ ... အင်ကြင်းနိုင်(ပဲခူး) ၁၂၄
- မြေပြင်အပ်သော်လည်း ..... ... သင်းမြအေး(ခရမ်း) ၁၆၃
- စာအုပ်စင် ... သုတအံ့ ၁၆၈
- မြန်မာနိုင်ငံ၏နှစ်(၅၀)ဟောစာတမ်း ... မွေစရိယဦးအောင်ကျော်မိုး ၁၉၁
- ထူးဆန်းထွေလာ ဤကမ္ဘာ ... မောင်လင်းအောင် ၂၀၀
- ကြုံရဆုံရထောင်အရာရှိဘဝ ... ကိုဦး(လှိုင်ကော်) ၂၁၇


## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


- ဂမ္ဘီရဆန်သောတိုက်ပုံအင်္ကျီ ... ထူးလတ် ၇၈
- အာရုခေါ်ပါ ... ဇလွန်ကျော်ဦး ၁၃၀
- အိုးစာတာကောင်းသူ ... ရှစ်ခွင်ကျော်ဖောင်တော်သီ ၁၃၉
- ရေတွင်းကလေး ... မောင်စိန်ဝင်း(ပုတီးကုန်း) ၁၄၈
- ရေခဲပြင်ပေါ်မှ သေမင်းနှင့်အပြန်အလှန် ... မောင်မောင်ကြီး(လှိုင်နယ်မြေ) ၁၇၀
- အသာများတဲ့တော ... ပေါ်လွင်ဦး(ရေး) ၁၈၁
- ငွေယားစေတီတော် ... ပန်းတနော်နောင်လတ် ၂၀၈
- ချောင်းကိုးကွေ့ ဝါးကိုးရုံ သွေးကိုးစက် ... သက်နိုင်(ဂျိတွော) ၂၁၃
- ကြုံတွေ့ခဲ့ရဖူးသော လူထူးဆန်း ... အောင်ဆန်းလင်း(ဘီအေ) ၂၂၃
- ရွာသူ့အချစ် ... မောင်မောင်မိုးအောင် ၂၃၁
- ကျောက်တုံးကျိန်စာ ... အောင်ချစ်စိုး(လသာ) ၂၃၉
- ကျွန်တော်နဲ့ ရေစက်ဆုံခဲ့သူများ ... ညီလေးငယ်(လယ်တော်) ၂၄၅
- ထူးဆန်းသောကြောင်နက်သုံးကောင် ... မြသိန်း ၂၄၉
- သူငယ်ချင်းတာဝန်ကျေပါတယ် ... မောင်မြင့်မား(ဗိုလ်ကလေး) ၂၅၉


## တိုင်းရင်းဆေး


- အစာအိမ်လေနှင့်ဆေး ... မောင်အောင်ဝင်း(တိုင်းရင်းဆေး) ၁၁၀
- ဆေးစွမ်းထက်သော နဂါးမောက်သီး ... အောင်ဘုန်းမြင့်(ကချင်မြေ) ၁၂၃
- အိမ်ရှင်မတို့အတွက်ဆေးတစ်လက် ... ထွန်းဝေဝေစိုး(ဟင်္သာတ) ၁၄၅
- ဥသာပါဒရက်မြစ်ဖြတ် အသက်ရှည်ဆေးနှင့် ... ကျော်သန်းစံ ၁၇၃
- ဆိပ်ဖူးပင်နှင့် .... ... ကိုသက်ရှည် ၁၈၀
- အဖုအကြိတ်အသားမာနာအတွက် ... လှစွမ်းမြင့်(နတ်မောက်) ၁၈၉
- ပေါင်းကြီးသည်းခြေနှင့်ဆေးအသုံး ... ဆရာဦးရွှေထွန်းဇံ(ရွှေလှော်ကား) ၂၀၆
- ဆီးအတွက်ဆေးမခက်ပါ ... လင်းထက်(အင်းတော်ကြီး) ၂၁၂
- အစာမှားအဆိပ်သင့်လျှင် ..... ... နတ်မောက်မှတ်ကျောက် ၂၂၈
- ဆေးဖက်ဝင်နန္ဒင်းနှင့် ... ... မင်းချစ်ကျော်(ဟင်္သာတ) ၂၂၉








www.burmeseclassic.com

www.burmeseclassic.com



**အယ်ဒီတာချုပ်**
မောင်ညှိအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
နေလရောင်
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
မိုးမင်းသက်
**ထွန်မျှတာစာစီ**
စန်းစန်းထွေး
**ဖြန့်ချိရေးနှင့် ပြင်ပဆက်သွယ်ရေး**
ယဉ်မင်းဆု (ယုန်လေး)
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ငွေး
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ငွေး၊ ရန်နိုင်ဦး၊ သန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စကျူ၊ ကျော်စိုးညိန်း၊ ဆုးထက်အောင်၊ ပညာတ်၊

**ထန်ဖိုး** - (၂၄၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွဋ် (၀၁၁၀၁)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၁၅၈၄၆၂
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊ (၀၀၀၅၃)
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မီလျံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟင်္သာတ | တာလေးမောင် |











## အဆောင်၊ အစီအရင်၊ ယတြာ


- ပေါက်ကွဲသံစဉ်မကြားချင်သော်လည်း ... ... ကျော်မိုးလွင်(ဝါးခယ်မ) ၁၂၀
- သီလရှင်ကြီး၏လမ်းညွှန် ... ဓေတ္တရာဆရာကျော် ၁၂၆
- ဒေါနခရမ်းနကျောက် အဆောင်စေတီငယ် ... ဆရာကြီးဦးအောင်မြိုင် ၁၇၆
- ကံပွင့်လာဘ်ပွင့်အဆောင်ရုပ် ... အောင်ကောင်းမြ(သာကေတ) ၁၇၈
- သရက်ပင်နှင့် ပိန္နဲပင်တို့အတွက် ... ရောမြေကျော်ဝေ ၁၉၀
- အကြွေးငွေပြန်ရစေ ... ဂမ္ဘီရဆရာလှမျိုး ၂၅၃
- ငွေဝင်လမ်းတွေပွင့်ပါစေ ... ခန့်ကျော်စွာ ၂၆၃

## နက္ခတ်၊ ဗေဒင်ဟောကိန်းများ

- ၇ ရက်သားသမီးများအတွက်
  အောင်အတိတ် အောင်နိမိတ် ... သက်နှင်းဆွေ (ပုပ္ပါး) ၈၂
- အကြံပြုစာမျက်နှာ ... ဓေတ္တရာဆရာကျော် ၁၁၃
- ၂၀၁၆၊နိုဝင်ဘာလ၊ မြန်မာ့ဆယ့်နှစ်လရာသီဖွားများ ... ခန့်ကျော်စွာ ၁၃၅
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၁၆၆
- ၂၀၁၆၊ နိုဝင်ဘာလလ၊ ၁၂ ရာသီခွင်နှင့်သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၁၈၅
- တားရော့ဂမ္ဘီရကံကြမ္မာဟောကိန်း ... သဘာဝဓမ္မဆရာသက် ၂၆၅

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဒါန

အကောက်တောင်ရှိ စေတီတော်

ထုံးဘိုမြို့


www.burmeseclassic.com

www.burmeseclassic.com

# ဘုရားတစ်ထောင်

# အကောက်တောင်


/ ဝင်းကိုဇော် /



ပြည်မြို့နယ်၊ မှော်ဇာရှိ သရေခေတ္တရာ ပျူမြို့ဟောင်းသို့ ရောက်ရှိနေကြသည့် ကျွန်တော်တို့သည် ရန်ကုန်သို့ မပြန်မီ ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ အကောက်တောင်သို့ သွားရန် ဆုံးဖြတ်လိုက်ကြပါသည်။ ကျွန်တော်သည် သရေခေတ္တရာသို့ ရောက်ဖူးသော်လည်း ရန်ကုန်တက္ကသိုလ်၊ နိုင်ငံရေးသိပ္ပံ ဒီပလိုမာကျောင်းသား ကိုဇေယျာထွန်းက သူတို့နှင့် အတူလိုက်ပါရန် ဖိတ်ခေါ်ခဲ့သဖြင့် သရေခေတ္တရာသို့ စတုတ္ထအကြိမ် ထပ်မံရောက်ရှိခဲ့သည်။

ကိုဇေယျာထွန်းနှင့်အတူ သူ၏ အတန်းဖော်များ ဖြစ်ကြသည့် ကိုခိုင်ဇေဝင်းနှင့် နန်းလှအေးတို့ လိုက်ပါလာကြသည်။ သူတို့အားလုံးသည် ငယ်ရွယ်နုပျိုသော ကျောင်းသားလေးများဖြစ်ကြသည့်အတိုင်း သွက်လက် ထက်မြက်နေကြကာ၊ တစ်လ တစ်ကြိမ်၊ နှစ်လ တစ်ကြိမ်ဆိုသကဲ့သို့ ခရီးထွက်လေ့ရှိကြပြီး နိုင်ငံရေး၊ လူမှုရေး ဗဟုသုတများကို လိုက်လံရှာဖွေ စုဆောင်းနေကြသူများ ဖြစ်ကြပါ၏။ ကိုဇေယျာထွန်းနှင့် ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာ ဆက်ဆံရေးပညာဌာနတွင် လွန်ခဲ့သော ၄နှစ်က သင်တန်းအတူတက်ခဲ့ကြကာ၊ ခင်မင်ရင်းနှီးခဲ့ကြသည်။ သူသည် ကျွန်တော်၏ သားအရွယ်သာဖြစ်သော်လည်း သူငယ်ချင်းများကဲ့သို့ ခင်မင်ရင်းနှီးခဲ့ကြကာ၊ ကျွန်တော်တို့

www.burmeseclassic.com




ယောက်သည် မကြာခဏ ခရီးအတူသွားဖြစ်ခဲ့ကြပါသည်။ လူတစ်ယောက်အကြောင်းသိလိုလျှင် ခရီးအတူသွားကြည့်ပါဟု ဆိုကြသည့်အတိုင်း ကျွန်တော်တို့ အတူခရီးသွားဖြစ်ကြသည့်နောက်ပိုင်းတွင် တစ်ဦးကို တစ်ဦး ပိုမိုသိကျွမ်းလာကြကာ၊ ခင်မင်မှု ခိုင်မာလာခဲ့ကြပါသည်။သူ၏ ငယ်ချင်းနှစ်ယောက်သည်လည်း ကျွန်တော်၏ သားအရွယ်၊ သမီးအရွယ်လေးများသာ ဖြစ်ကြပြီး ကျွန်တော်တို့သည် ခဏတွင်းမှာပင် ခင်မင်ရင်းနှီးသွားခဲ့ပါသည်။

ကျွန်တော်တို့သည် ပြည်မြို့မှ ဧရာဝတီမြစ်အနောက်ဘက်ကမ်းသို့ နဝဒေးတံတားကို ဖြတ်ကျော်၍ ဥသျှစ်ပင်သို့ ဦးစွာ လာပြီးမှ ဥသျှစ်ပင်လမ်းဆုံတွင် လက်ဝဲဘက်သို့ ကွေ့၍ ပုသိမ်-မုံရွာလမ်းအတိုင်း တောင်ဘက်သို့ လာခဲ့ကြသည်။ ပန်းတောင်းမြို့နယ်အတွင်းရှိ ထုံးဘိုမြို့သည် ပုသိမ်-မုံရွာလမ်းမမှ ဧရာဝတီမြစ်ဘက်သို့ တစ်မိုင်ခွဲသာ ကွာဝေးသဖြင့် မိနစ်အနည်းငယ်အတွင်း ထုံးဘိုမြို့သို့ ရောက်ရှိခဲ့ကြသည်။ ထုံးဘိုမြို့တွင်းသို့ ဝင်လာသည်နှင့် အာဇာနည်အမျိုးသားခေါင်းဆောင် သခင်မြ၏ မတ်တတ်ရပ်နေသည့် ရုပ်ထုကို ကားလမ်း၏ ယာဘက်ဘေးတွင် မြင်ကြရသည်။ ထုံးဘိုသည် အာဇာနည်ခေါင်းဆောင် သခင်မြ၏ ဇာတိမြေအဖြစ် ကျော်ကြားသကဲ့သို့ အကောက်တောင်သို့ သွားသည့် ဒေသအဖြစ်လည်း ထင်ရှားပေသည်။

လွန်ခဲ့သော လေးငါးနှစ်မှစ၍ ပြည်တွင်းပြည်ပ ခရီးသွားများအကြား ထင်ရှားလာခဲ့သည့် ခရီးသွားလုပ်ငန်းနယ်မြေတစ်ခုဖြစ်သည့် အကောက်တောင်သည် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်တွင် တည်ရှိကာ၊ ပြည်မြို့နယ် ပန်းတောင်းမှ လွယ်ကူစွာ သွားရောက်နိုင်သည်။ ပုသိမ်မှ လာသည်ဖြစ်စေ၊ ဥသျှစ်ပင်မှ လာသည်ဖြစ်စေ ပုသိမ်-မုံရွာလမ်းမကြီး၏ မိုင်တိုင် (၁၄၄၅)ရှိ ထုံးဘိုသို့ ဦးစွာသွားကြပြီးမှ စက်လှေများဖြင့် အကောက်တောင်သို့ သွားရောက်လေ့ရှိကြသည်။

ထုံးဘိုမြို့တွင်းသို့ ဝင်လာသည့် ကတ္တရာလမ်းအဆုံးတွင် ဧရာဝတီမြစ်ပြင်ကျယ်ကြီး ကမ်းစပ်၌ အကောက်တောင်သို့ သွားသည့် မော်တော်ဆိပ်ကို မြင်ကြရသည်။ ကျွန်တော်တို့သည် မော်တော်ဆိပ်အနီးရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ခေတ္တဝင်ရောက်ရပ်နားခဲ့ကြသည်။ ကိုဇေယျာထွန်းက ခရီးသွားလုပ်ငန်း လုပ်ကိုင်ဖူးသော လူငယ်တစ်ဦးဖြစ်ပြီး နိုင်ငံအနှံ့ရောက်ရှိဖူးသူလည်းဖြစ်ရာ ဆိုင်ရှင်နှင့် သိကျွမ်းပုံရပြီး အကောက်တောင်ခရီးသွားအခြေအနေများကို မေးမြန်းစုံစမ်းပြီး ကျွန်တော်တို့အားလုံး ထိုဆိုင်တွင် အအေးသောက်၍ ခေတ္တမျှ နားနေပြီးနောက် ကားကို ထိုဆိုင်မှာပင် အပ်နှံခဲ့ကာ၊ စက်လှေဆိပ်သို့ ဆင်းလာခဲ့ကြပါသည်။

www.burmeseclassic.com



အကောက်တောင်သို့သွားသည့် မော်တော်ဆိပ်တွင် စက်လှေ (၃၅)စီး အလှည့်ကျ ပြေးဆွဲလျက်ရှိသည်။ စီးလုံးသွားလိုသူများအား စက်လှေအငယ်တစ်စီးလျှင် (၁၂၅၀၀) ကျပ်၊ စက်လှေအကြီးတစ်စီးလျှင် (၁၅၀၀၀)ကျပ်နှုန်းဖြင့် အကောက်တောင်သို့ အသွားအပြန်ပို့ဆောင်ပေးသည်။ ကျွန်တော်တို့ လေးဦးသည် မော်တော်ငယ်တစ်စီးကို ငှားရမ်း၍ ရောဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာခဲ့ကြသည်။ စက်လှေအငယ်ဆိုသော်လည်း လူ (၁၅)ယောက် ချောင်ချောင်ချိ သက်သာစွာ စီးနင်းနိုင်သည်။ စက်လှေပေါ်တွင် ခရီးသည်များထိုင်ရန် လှေနံဘေးနှစ်ဖက်တွင် ခုံတန်းလျားရှည်များ တပ်ဆင်ထားပြီး အသက်ကယ်အင်္ကျီများကိုလည်း ချိတ်ဆွဲပေးထားသည်။

ရေစုန်ဖြစ်သောကြောင့် အကောက်တောင်သို့ ၁၅ မိနစ်သာ မောင်းရမည်ဖြစ်ကြောင်း စက်လှေမောင်းသည့် လူငယ်လေးက ပြောပြသည်။ ကျွန်တော်တို့နှင့်အတူ ထုံးဘိုမှ အသက် ၁၂နှစ်အရွယ် မိန်းကလေးနှစ်ယောက်လည်း လိုက်ပါလာသည်။ သူတို့က ဧည့်သည်များကို အကောက်တောင်အကြောင်း ရှင်းပြရန် လိုက်လာကြခြင်းဖြစ်ကြောင်း ပြောကြသည်။ ထုံးဘို မော်တော်ဆိပ်တွင် လမ်းညွှန်လုပ်သည့် ကလေးငယ်အယောက် (၄၀)ရှိကာ စက်လှေများတွင် အလှည့်ကျ လိုက်ကြကြောင်း၊ သက်ကြီးရွယ်အို ခရီးသည်များ ပါလာပါက အကောက်တောင်ပေါ်သို့ တက်ရာတွင် ဝိုင်းဝန်းကူညီလေ့ရှိကြပြီးနှင့် အကောက်တောင်နှင့် ပတ်သက်၍ သူတို့ သိသမျှကို ပြောပြကြသည်။ ခရီးသည်များက ပေးသော မုန့်ဖိုးများကို သူတို့ ရရှိကြသည်။

ကလေးငယ်များသည် ကျောင်းနေသည့် အရွယ်လေးများသာဖြစ်ကြပြီး ကျောင်းနေသူများ ရှိသကဲ့သို့၊ ကျောင်းမနေနိုင်တော့သည့် ကလေးများလည်း ရှိသည်။ နွမ်းပါးချို့ငဲ့ကြသည့် ကလေးငယ်များကို ကြည့်ကာ ကျွန်တော်တို့ သနားမိခဲ့ကြသော်လည်း တွေ့ရှိခိုက် ခဏတွင် မုန့်ဖိုးပိုက်ဆံများများပေးရုံမှလွဲ၍ ဘာမှလုပ်မပေးနိုင်ခဲ့ကြခြင်းအတွက် စိတ်မကောင်းဖြစ်ခဲ့ရပါသည်။

ထုံးဘို မော်တော်ဆိပ်မှ စက်လှေများသည် ရုံးပိတ်ရက်များတွင် ခရီးသည်များအား အကောက်တောင်သို့ လေးငါးခေါက် ပို့ပေးရလေ့ရှိပြီး ရုံးဖွင့်ရက်များတွင် ခရီးသည် အလာနည်းသဖြင့် တစ်ခေါက် နှစ်ခေါက်သာ ပို့ပေးရ



www.burmeseclassic.com

www.burmeseclassic.com





ကြောင်း စက်လှေမောင်းသည့် လူငယ်လေးက ပြောပြသည်။ ကလေးများလည်း စက်လှေများနှင့် လိုက်ကြရပြီး တစ်ရက် လျှင် (၂၀၀၀)ကျပ်မှ (၅၀၀၀)ကျပ်ကျော်အထိ ရရှိကြ ကြောင်း သိခဲ့ရသည်။ ထိုငွေကြေးသည် သူတို့အတွက် မျှသာမက၊ မိသားစုတစ်ရက်စာ စားသောက်နိုင်ကြ သည့် မိဘများကိုယ်တိုင်က ကလေးများကို လမ်းညွှန်လုပ် ကိုင်စေကြောင်း သိရှိရသည်။ အကောက်တောင်ကို မှီခို လုပ်ကိုင်စားသောက်ကြသူများသည် ညှော်သည်အရောင်များ သည့် နွေရာသီတွင် အလုပ်လုပ်ကြရပြီး မိုးကာလတွင် အခြားအလုပ်များကို လုပ်ကိုင်ကြကြောင်းလည်း သိရှိခဲ့ရ ပါသည်။


အကောက်တောင်သည် ဧရာဝတီမြစ်အနောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com








ကမ်းပါးတွင် တည်ရှိပြီး မြစ်ရေမျက်နှာပြင်မှ ပေ (၁၀၀၀) မြင့်သည့် ကမ်းပါးနံရံတွင် ဗုဒ္ဓဆင်းတုတော်များကို ထုလုပ်ထားသဖြင့် ထိုရုပ်ပွားများကို ကြည့်ရှုရန် ပွင့်လင်းရာသီတွင် ဘုရားဖူးများ လာရောက်လေ့ရှိကြသည်။ ပြည်မှ အကောက်တောင်သို့ စက်လှေဖြင့် စုန်ဆင်းပါက တစ်နာရီခန့်ကြာပြီး ကြံခင်း မြစ်ဆိပ်မှ လာပါက ရေဆန်ဖြစ်သော်လည်း နာရီဝက်နီးပါးသာ ကြာမြင့်သည်ဟု သိရှိရသည်။ အကောက်တောင်သို့ ကြံခင်းမှ လာခြင်းထက် ထုံးဘိုမြို့မှ လာခြင်းက ပိုမိုအဆင်ပြေချောမွေ့သဖြင့် ဘုရားဖူးများသည် ထုံးဘိုမော်တော်ဆိပ်မှ စက်လှေများဖြင့် အကောက်တောင်သို့ အများဆုံး လာရောက်လေ့ ရှိကြသည်။

ကျွန်တော်တို့ စီးနင်းလာသော စက်လှေသည်



www.burmeseclassic.com

www.burmeseclassic.com







ရောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး နယ်နိမိတ် ချောင်းငယ်အနီးသို့ ရောက်ရှိလာချိန်တွင် ကြံခင်းမြို့နယ်ဘက် ကမ်းပါးတွင် "ရောဝတီတိုင်းဒေသကြီးမှ ကြိုဆိုပါ၏" ဟူသော ဆိုင်းဘုတ်ကို မြင်ကြရသည်။ တိုင်းဒေသကြီး နှစ်ခုအကြားမှ ချောင်းလေးကိုလွန်လာသည်နှင့် ရောဝတီ မြစ်ကမ်းပါးနံရံတွင် ထွင်းထုထားသည့် ဗုဒ္ဓရုပ်ပွားတော်များကို စတင်မြင်တွေ့ကြရသည်။ စက်လှေမောင်းသည့် လူငယ်လေးက စက်ရှိန်လျှော့ကာ ကမ်းအနီးမှ မောင်းပေးသဖြင့် ရုပ်ပွားတော်များကို ဓာတ်ပုံများ ရိုက်နိုင်ခဲ့သည်။ ရုပ်ပွားတော်များကို အရွယ်မျိုးစုံဖူးတွေ့ကြရကာ မြစ်အတွင်းမှ မြင်ရ ဖူးရသည့် မြင်ကွင်းသည် အလွန်လှပ ကြည်ညိုဖွယ်ဖြစ်သောကြောင့် မြန်မာနိုင်ငံ နေရာအနှံ့မှ ဘုရားဖူးများသည် အကောက်တောင် ရုပ်ပွားများကို စက်လှေများဖြင့် လာရောက်ကြည့်ရှုကြခြင်း ဖြစ်ပေသည်။

ကျွန်တော်တို့ စီးနင်းလိုက်ပါလာသည့် မော်တော်သည် အကောက်တောင်အောက်ခြေ မြစ်ကမ်းတွင် ရပ်နားလိုက်သည်။

"အစ်ကိုတို့...မော်တော်လက်မှတ်လေးတွေ သိမ်းထားပါ။ အစ်ကိုတို့ ပြန်ဆင်းလာရင် ဂိတ်မှာ ပြလိုက်ပါ။ အစ်ကိုတို့ စီးရမယ့် မော်တော်ကို ဂိတ်က ပြောပါလိမ့်မယ်"

ဟု မော်တော်မောင်းသည့် လူငယ်လေးက ရှင်းပြသည်။

"ကျွန်တော်က ထုံးဘိုကို ပြန်တက်ရမှာမို့ အစ်ကိုတို့နဲ့ တွေ့ချင်မှ တွေ့ရတော့မှာ"

ဟု ရည်မွန်စွာ ပြောပြနေသည့် လူငယ်လေးသည် ကျွန်တော်တို့ကို နှုတ်ဆက်ကာ မြစ်အတွင်း ကျန်နေရစ်ခဲ့သည်။

ကျွန်တော်တို့သည် သောင်ပြင်ကို ဖြတ်သန်းလျှောက်


www.burmeseclassic.com

www.burmeseclassic.com









လာကြကာ တောင်ခြေသို့ ရောက်ရှိခဲ့သည်။ တောင်တက်လမ်းတစ်လျှောက် မတ်စောက်သော နေရာများတွင် အုတ်လှေကားများ ပြုလုပ်ထားကာ၊ စတီးလက်ရန်းများ တပ်ဆင်ထားသည်။ ပြေပြစ်သော နေရာများတွင် မြေသားလမ်းအတိုင်း လျှောက်ခဲ့ကြပြီး ကမ်းပါးနံရံတွင် ထွင်းထုထားသော ဗုဒ္ဓရုပ်ပွားဆင်းတုများကို အနီးကပ် မြင်တွေ့ကြရပေသည်။ ရုပ်ပွားတော်များသည် လက်ရာနှစ်မျိုးဖြစ်ကာ၊ အကြမ်းအားဖြင့် ကုန်းဘောင် ခေတ်ဦးပိုင်းနှင့် ခေတ်နှောင်းပိုင်းလက်ရာဆင်းတုများဟု ခွဲခြားနိုင်သည်။

ဖြည်းဖြည်းမှန်မှန်တက်လာကြသည့်တိုင် အကောက်တောင်ထိပ်သို့ ရောက်ရှိချိန်တွင် ကျွန်တော်တို့ မောနေကြပြီဖြစ်ပါသည်။ သို့သော်လည်း တောင်ထိပ်မှ မြင်နေရသည့် ဧရာဝတီမြစ်ပြင်၏ လှပသော သဘာဝ ရှုခင်းများကြောင့် ကျွန်တော်တို့ အမောပြေခဲ့ကြရပါသည်။ အကောက်တောင်ပေါ်ရှိ ဓမ္မာရုံတစ်ခုတွင် လာသမျှ ခရီးသည်များကို သက်သတ်လွတ် ထမင်းကျွေးနေသည်ကိုလည်း တွေ့ရှိခဲ့ရသည်။ ကျွန်တော်တို့နှင့် လိုက်ပါလာသော ကလေးနှစ်ယောက်လည်း ကျွန်တော်တို့နှင့် တောက်လျှောက်ပါလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် တောင်ပေါ်တွင် သီတင်းသုံးကာ အကောက်တောင်ကို စောင့်ရှောက်နေသည့် ဆရာတော် ဦးညာဒီပကို ဖူးမြော်ရန် ကျောင်းဆောင်ပေါ်သို့ သွားခဲ့သော်လည်း ဆရာတော် မရှိသဖြင့် ဦးဇင်းတစ်ပါးကို ဦးချကာ အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည်။ ဦးဇင်းက···

"ဒကာကြီးတို့အဖွဲ့ သက်သတ်လွတ် ထမင်းစားသွားကြပါဦး"

ဟု မိန့်ကြားသဖြင့် ဗိုက်ဆာနေပြီဖြစ်သည့် ကျွန်တော်တို့သည် သက်သတ်လွတ် ထမင်းကျွေးနေသည့် ကျောင်းဆောင်တွင် ထမင်းဝင်စားကြပါသည်။ မောပန်းချိန်ဖြစ်သဖြင့် အေး၍ ကောင်းလှပေသည်။ ကလေးမလေး နှစ်ယောက်က ဝင်မစားဘဲ အပြင်မှ စောင့်နေကြသည်။

အကောက်တောင်ကို ရှေးအခါက "ရတနာပုဥ္ဇတောင်တော်မြတ်"ဟု ခေါ်ဆိုခဲ့ကြသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ရောဝတီမြစ်၏ အနောက်ဘက်ကမ်း၊ ယခု ထုံးဘိုမြို့ တည်ရှိသည့်နေရာတွင် သီရိဘင်္ဂလွန်မင်းကြီး စိုးစံသည့် သီရိဘင်္ဂလွန်မြို့ ရှိခဲ့သည်။ သီရိဘင်္ဂလွန်မင်းကြီး၏ တောင်နန်းစံ မိဘုရားက ဖွားမြင်ခဲ့သော သားတော် သုံးပါးရှိရာ သားတော်ကြီးသည် "မဟာပုဥ္ဇမင်းသား"ဖြစ်၍ သားတော်လတ်သည် "စူဠပုဥ္ဇမင်းသား"ဖြစ်ပြီး သားတော်ငယ်သည် "သံပုဥ္ဇမင်းသား"ဖြစ်သည်။ မဟာပုဥ္ဇသည် နန်းတော်၏ အိမ်ရှေ့မင်းသားဖြစ်ပြီး သိဒ္ဓဝနမြင်းကို ပိုင်ဆိုင်ခဲ့သည်။

သီရိဘင်္ဂလွန်မင်းကြီးသည် မြတ်စွာဘုရားရှင်၏ သရီရဓာတ်တော် သုံးဆူရရှိခဲ့သဖြင့် သားတော် သုံးပါးအား တစ်ဆူစီပေး၍ အကောက်တောင်ပေါ်တွင် စေတီတော်သုံးဆူ တည်ထားစေခဲ့သည်။ ဒလ္လာရီများအလိုအရ စေတီတော်များ တည်ထားရန် အကောက်တောင်ပေါ်ရှိ ဝိဇ္ဇာ၊ ဇော်ဂျီ တပသီများက ရွှေငွေရတနာများ အလုံအလောက်ပေးခဲ့သည်ဟု ဆိုသည်။ သားတော်ကြီး မဟာပုဥ္ဇသည် အကောက်တောင် အစွန်းတွင် စေတီတော်တည်ထား၍ ရွှေငွေရတနာများကို ဌာပနာခဲ့သဖြင့် "ရတနာပုဥ္ဇစေတီ"ဟု ဘွဲ့မည်တွင်ခဲ့သည်။ ဌာပနာပြုမည့် ရွှေငွေရတနာများကို သိဒ္ဓဝ နတ်မြင်းဖြင့် သယ်ယူလာခဲ့ခြင်းကို အကြောင်းပြုလျက် "ရွှေမြင်းတင်စေတီ"ဟုလည်း ခေါ်ဆိုကြသည်။

သားတော်လတ် စူဠ ပဥ္ဇမင်းသားသည် အစ်ကိုဖြစ်သူ

www.burmeseclassic.com


မဟာပုည တည်ခဲ့သည့် ရတနာပုညစေတီ၏ တောင်ဘက် တစ်ဖာလုံအကွာ တောင်စွန်းပေါ်တွင် စေတီတော်တည်ထား ခဲ့ပြီး ရွှေငွေရတနာများကို ရထားဖြင့် သယ်ယူခဲ့သဖြင့် "ရထာပုညစေတီ"ဟု ဘွဲ့မည်တင်ခဲ့သည်။ ထို့အတူ သား တော်ငယ် သံပုညမင်းသားသည် ရတနာပုညစေတီ၏ မြောက်ဘက် တစ်ဖာလုံခန့်အကွာ တောင်စွန်းပေါ်တွင် တည်ခဲ့သော စေတီတော်တွင် ဌာပနာမည့် ရွှေငွေရတနာ များကို လှည်းဖြင့် တင်ဆောင်သယ်ယူခဲ့သောကြောင့် "သဂ္ဂဋ္ဌာပုညစေတီ"ဟု ဘွဲ့မည်ရှိခဲ့သည်။ "ရွှေလှည်းတင် စေတီ"ဟုလည်း ခေါ်ဆိုခဲ့ကြသည်။

ယခင်က အကောက်တောင်တွင် စေတီတော်သုံးဆူ လုံး ရှိခဲ့ကြသော်လည်း ညီတော်နှစ်ပါးတည်ခဲ့သည့် ရထာ ပုညစေတီနှင့် သဂ္ဂဋ္ဌာပုညစေတီတို့သည် သိုက်ဆရာများ တူးဖော်ခဲ့မှုကြောင့် ပြိုကျပျက်စီးခဲ့ရသည်။ ယခုအခါတွင် ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းထားခဲ့သည့် "ရတနာ ပုညစေတီ" ခေါ် "ရွှေမြင်းတင်စေတီ"ကို ဖူးတွေ့နိုင်ကြပေ သည်။

မင်းတုန်းမင်းကြီးသည် ဧရာဝတီမြစ်အတွင်း ဖြတ်သန်း သွားလာကြသည့် လှေ၊ သမ္ဗာန်များကို အကောက်ခွန် ကောက်ခံရန် မြို့ဝန် ဦးကောက်ရအား တာဝန်ပေးခဲ့သဖြင့် ရတနာပုညတောင်ခြေတွင် အကောက်စခန်းဖွင့်ခဲ့သည်။ ထို့ကြောင့် ရတနာပုညတောင်ကို အကောက်တောင်ဟု ခေါ် ဆိုခဲ့ကြသည်။

ယခု အကောက်တောင်နေရာတွင် ဘုရားရှင် ကျီးမင်း ဖြစ်ခဲ့စဉ်က ကျီးသတ္တဝါများသည် တောင်ထိပ်သို့ ပျံသန်း ကာ ချိုမြိန်သော သစ်သီးဝလံများကို ကောက်ယူကြသော ကြောင့် "အစာကောက်တောင်/ အကောက်တောင်" ဟု လည်း ခေါ်စမှတ်ရှိခဲ့သည်။

ရှေးယခင်က အကောက်တောင်တွင် ဆင်းတုတော် ပေါင်း(၁၀၀၀)ကျော်ရှိခဲ့သဖြင့် "ဗုဒ္ဓတစ်ထောင် အကောက် တောင် "ဟု ခေါ်တွင်ခဲ့သည်ဟု ဆိုကြသည်။ ယခုအခါတွင် အကောက်တောင်၏ ကျောက်သားနံရံပေါ်တွင် ထုဆစ်ထား သော ဗုဒ္ဓဆင်းတုတော်ပေါင်း (၃၇၀)ရှိရာ ထိုင်တော်မူ ဆင်းတု (၂၄၆)ဆူ၊ ရပ်တော်မူဆင်းတု (၁၀၉)ဆူနှင့် လျောင်း တော်မူဆင်းတု (၁၅)ဆူဖြစ်သည်။ တောင်ကမ်းပါးနံရံကို ဘုရားကျောင်းဆောင်များအဖြစ် ထွင်းကာ အတွင်း၌ ရုပ်ပွား တော်များကို ထုလုပ်ထားခြင်းဖြစ်ပြီး၊ အချို့နေရာများတွင် ဆင်းတုများ မရှိဘဲ လစ်ဟာနေသည်ကို တွေ့ရှိရပေသည်။




ရှေးယခင်ကာလများက ထုံးဘို မြို့သူ မြို့သားများ သည့် ဝါဆိုလာပြည့်၊ သီတင်းကျွတ်လာပြည့် စသော အခါကြီး ရက်ကြီးများတွင် အကောက်တောင်သို့ လာရောက်ကာ ရုပ်ပွားဆင်းတုတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းလေ့ ရှိခဲ့ကြသည်ဟု ဆိုပါသည်။ အကောက်တောင်သည် ထုံး ကျောက်တောင်ဖြစ်သဖြင့် ရုပ်ထုများကို ကောင်းစွာ ထုဆစ် နိုင်ခဲ့သည်။ သို့သော်လည်း ဧရာဝတီမြစ်ပြင်ကို မျက်နှာမူ လျက် အမိုးအကာမရှိဘဲ သီတင်းသုံးခဲ့ကြရသဖြင့် ပျက်စီး မှုက မြန်ဆန်ခဲ့ပေသည်။

အကောက်တောင်နံရံများရှိ ရုပ်ပွားတော်များသည် ထုံး သင်္ကန်းများ ကပ်ထားသဖြင့် စိမ်းညို့နေသော တောင်နံရံ တွင် လှပသပ္ပာယ်စွာ တည်ရှိနေကြပေသည်။ ယင်းနေရာ ကို ရေကြောင်းအကောက်စခန်းအဖြစ် အသုံးပြုခဲ့စဉ်က အကောက်တောင်ဝန်းကျင်သည် ဧရာဝတီမြစ်အတွင်း အစုန် အဆန်သွားလာကြသည့် လှေ၊ သင်္ဘောများ နားခိုရာ နေရာ တစ်ခုလည်း ဖြစ်ခဲ့သည်။ ထိုနေရာတွင် နားခိုကြရာသူများ အနက် အချို့သောသူများက ကျောက်သားနံရံများပေါ်တွင် ဘုရားဆင်းတုတော်များကို ထုလုပ်ခဲ့ကြရာမှ တစ်စတစ်စ ဆင်းတုတော်များ တိုးပွားလာခြင်းဖြစ်နိုင်ကြောင်း ယူဆကြ ပေသည်။

လွန်ခဲ့သော နှစ် (၂၀)ကျော်က ပြည်တွင်းရေကြောင်း ပိုင် နှစ်ထပ်သင်္ဘောများသည် ရန်ကုန်မှ ပြည်သို့ အပတ်

www.burmeseclassic.com

www.burmeseclassic.com








စဉ် အစုန်အဆန်ပြေးဆွဲခဲ့သည်။ ယင်းသင်္ဘောများသည် အကောက်တောင်အနီးမှ ဖြတ်သန်းသွားလာ ခုတ်မောင်းနေကြသော်လည်း ချုံနွယ်များ ကာဆီးနေခဲ့သဖြင့် နံရံကပ် ဆင်းတုတော်များကို ထင်ရှားစွာ မမြင်နိုင်ခဲ့ကြပါချေ။ လွန်ခဲ့သော ငါးနှစ်ဝန်းကျင်မှစ၍ ထိုနေရာကို ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ တောင်တက်လမ်းများ ပြုလုပ်ပေးခြင်းတို့ကြောင့် ရုပ်ပွားတော်များကို ထင်ရှားစွာ မြင်တွေ့လာကြရပြီး အကောက်တောင် ရုပ်ပွားတော်များသည် တစ်စတစ်စ ထင်ပေါ် ကျော်ကြားလာခဲ့သည်။

ကျွန်တော်တို့သည် အကောက်တောင်ပေါ်တွင် အချိန်အတန်ကြာ လှည့်လည် ကြည့်ရှုခဲ့ကြပြီး တောင်အောက်သို့ ပြန်ဆင်းလာခဲ့ကြပါသည်။ ကလေးမလေး နှစ်ယောက်လည်း ကျွန်တော်တို့နှင့် ပြန်လည် လိုက်ပါလာကြသည်။ အဆင်းလမ်းကား သက်သောင့်သက်သာရှိသဖြင့် အချိန်တိုအတွင်း တောင်အောက် မော်တော်ဆိပ်သို့ ရောက်ရှိခဲ့ကြသည်။

ဧရာဝတီမြစ်ပြင်ကျယ်ကို ဆန်လျက် အကောက်တောင်မှ ထုံးဘိုသို့ ပြန်လာခဲ့သည့်ခရီးတွင် မြစ်လယ်မှတွေ့ရသည့် နံရံကပ် ဆင်းတုတော်များကို ကျွန်တော်တို့ ထပ်မံ ကြည့်ရှုကြရပြန်ပါသည်။ တောင်တွေ့လျှင် စေတီတည်လေ့ရှိသည့် မြန်မာလူမျိုးများသည် ဗုဒ္ဓဘုရားရှင်အားယုံကြည်သက်ဝင်မှု မြင့်မားသည်နှင့်အမျှ မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် စေတီပုထိုးကျောင်းကန်၊ ရုပ်ပွားများကို တည်ထားလေ့ ရှိကြသည်ဖြစ်ရာ အကောက်တောင်ရုပ်ပွားတော်များသည်လည်း ကုန်းဘောင်ခေတ် ဗုဒ္ဓယဉ်ကျေးမှုလက်ရာများအဖြစ် ထင်ရှားစွာ တည်ရှိနေပေသည်။

ဆင်းတုတော်များသည် မူလကပင် နံရံတွင် ထုလုပ်ထားခဲ့သော ပန်းပုရုပ်များဖြစ်သဖြင့် အမိုးအကာ မရှိဘဲ လေဒဏ် မိုးဒဏ်ကို ခံခဲ့ကြရပေသည်။ သို့တိုင်အောင် ယနေ့အချိန်အထိ တည်ရှိနေသေးသည့် ရှေးဟောင်း ဆင်းတုတော်များကို ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြင့် ကုန်းဘောင်ခေတ်လက်ရာ ယဉ်ကျေးမှုအမွေအနှစ်များသည် နောင်နှစ်ပေါင်းများစွာ တည်တံ့နေဦးမည်ဖြစ်ပေသည်။

ကျွန်တော်တို့ လေးယောက်သည် ရုပ်ပွားတော်များကို ကြည်ညိုစွာ ဖူးမြော်ကြရင်း နောက်တစ်ကြိမ် လာရောက်ဖူးမြော်ခွင့်ရရှိလိုပါကြောင်း ဆုတောင်းမိခဲ့ကြပါသည်။

□

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက လင်္ကာဒီပ ကျွန်းညီမြတွင် မဟာဂါမ ရွာကြီး ရှိသည်။ ထိုရွာကြီးအနီး၌ ကြာပန်းတို့နှင့် ပြည့်စုံသော ရေကန်ကြီး၏ တာရိုးပေါ်တွင် ညောင်ပင်ကြီးတစ်ပင် ရှိ၏။ ထိုညောင်ပင်၌ ကျီးတစ်ကောင်သည် အသိုက်ဖွဲ့၍ နေထိုင်လေသည်။

တစ်နေ့မှာတော့ ထိုကျီးသည် ထိုမှ ဤမှ လှည့်လည်၍ အစာရှာထွက်လာခဲ့ရာမှ နာဂဒီပကျွန်းသို့ ရောက်ရှိသွားလေသည်။ ထို နာဂဒီပကျွန်းတွင် “ဂါမ”အမည်ရသော ရွာအနီး၌ ထန်းပင်တစ်ပင်၌ ကျီးမတစ်ကောင်သည် အသိုက်ဖွဲ့၍ နေ၏။

လင်္ကာဒီပမှ ကျီးဖိုသည် ထိုကျီးမ နေထိုင်သောနေရာသို့ ရောက်ရှိသွားခဲ့ရာမှ ကျီးမနှင့် ခင်မင်ရင်းနှီးမှုမှ တစ်ဆင့် မေတ္တာနှောင်ကြိုး ရစ်ပတ်လျက် ကျီးမနှင့် အိမ်ထောင်ပြုလေသည်။ ထို့နောက် ကျီးဖိုသည် မိမိနေထိုင်ရာ ဒေသဖြစ်သည့် လင်္ကာဒီပကျွန်းသို့ ကျီးမကို ခေါ်ဆောင်လာခဲ့သည်။ ကျီးမသည်လည်း သျှောင်နောက် ဆံထုံးပါဆိုသကဲ့သို့ ကျီးဖိုခေါ်ရာသို့ လိုက်လာပြီးလျှင် ကျီးဖိုနှင့် ပေါင်းသင်း နေထိုင်ခဲ့လေသည်။

ကာလအတန်ကြာသော် ကျီးဖိုသည် ဖောက်ပြန်လာ၏။ ကျီးမထံသို့ အချိန်မှန် ပြန်မရောက်သည်က များလာ၏။ ကျီးဖိုသည် အချိန်ကြာမှ ပြန်လာရခြင်းကို အကြောင်းအမျိုးမျိုးပြ၍ ပြောဆို၏။ ကျီးမသည် ပထမတွင် ကျီးဖိုပြောသည်ကို ဟုတ်နိုးနိုးထင်ခဲ့၏။ အတိအကျစုံစမ်းသောအခါ ကျီးဖိုသည် အခြား ကျီးမတစ်ကောင်နှင့် သင့်မြတ်နေပြီးနေကြောင်း သိရသဖြင့် အမျက်ဒေါသထွက်၍ ချက်ချင်းပင် နာဂဒီပကျွန်းသို့ ပြန်သွားခဲ့လေ၏။

ထိုအခါ ကျီးဖိုသည် ကျီးမ ပြန်သွားသည့်အတွက် ပူဆွေးသောကရောက်ပြီး ကျီးမနောက်သို့ အပူတပြင်းလိုက်သွားခဲ့လေသည်။ ကျီးဖိုသည် မာကုလ ဇနပုဒ်သို့ ရောက်သော် ပင်ပန်းမောပိုက်လှသဖြင့် ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ဝင်၍ နားနေရလေ၏။ ရဟန်းတော်များက သောက်သုံးရေခပ်ခြင်း၊ တံမြက်လှည်းခြင်းအမှုများကို ပြုနေကြသည်။ ကျီးဖိုသည် မယားဇောဖြင့် အပန်းတကြီး ပျံသန်းလာခဲ့ရသောကြောင့် ဆာလောင်မွတ်သိပ်နေ၏။ ဆွမ်းကျန် ဟင်းကျန်များ စားရမည်လားဟု မျှော်လင့်သော်လည်း အခြေအနေက မကောင်းပါ။ ဆွမ်းစားပြီးချိန်ဖြစ်သောကြောင့် ဆွမ်းက မရှိတော့ပေ။ ကျီးဖိုသည် ဆာလောင်သည့်ဒဏ်ကို မခံနိုင်သဖြင့် ကျောင်းဆောင်ရှိ သရက်ပင်ပေါ်မှ နေ၍ ရဟန်းတော်များ ကြားလောက်အောင် တအာအာအော်ဟစ် ညည်းတွားနေ၏။

ထိုအချိန်တွင် မထေရ်ကြီးသည် ပုတီးစိပ်လျက် ရှိနေစဉ် ကျီး တအာအာအော်မြည်နေခြင်းသည် အစာတောင်းတာပဲဟု ရိပ်မိသဖြင့် သာမဏေတစ်ပါးကို ခေါ်၍ အဝတ်စကို ကြိုးကျစ်စေ၏။ ပြီးလျှင် ထိုကြိုးစကို ဆီထဲ၌ နှစ်စေပြီးနောက် မီးရှို့စေ၏။ မီးကျွမ်းသောအခါ ကျီးကို ကျွေး၏။ ကျီးဖိုသည် ထိုအရာကို စား၍ အားပြည့်လာသောအခါ···

“တပည့်တော် ပြန်လာသောအခါ၌လည်း အရှင်ဘုရားများထံ ဝင်ရောက်၍ ဖူးမြော်ပါဦးမည် ဘုရား”

ဟု လျှောက်ထားကာ၊ မယားရှိရာ နာဂဒီပကျွန်းသို့ ပျံသန်းသွားလေ၏။

နာဂဒီပကျွန်းသို့ ရောက်လျှင် မယားဖြစ်သူ ကျီးမကို တွေ့ရပြီး မိမိ၏အမှားများကို ဝန်ချတောင်းပန်လေသည်။ မယား ကျေနပ်အောင် အမျိုးမျိုး ချော့မော့ပြောဆိုလေ၏။

ထို့နောက် ကျီးဖိုသည် မယားကို ခေါ်ဆောင်ပြီး ပြန်လာခဲ့ရာ မာကုလကျောင်းတိုက်သို့ ရောက်လျှင် ခရီးတစ်ထောက်နားပြန်လေ၏။

ထိုအခါတွင်လည်း မထေရ်ကြီးက နှစ်ကောင်စာအတွက် ဆီစိမ်ကြိုးကို မီးရှို့ပြီးလျှင် မီးကျွမ်းစကို ကျွေးမွေး၏။ ကျီးဖိုက အစာစားရင်း တွေးတောနေ၏။

“ဤ အရှင်သူမြတ်တို့မှာ ဆွမ်း၊ ကွမ်း ရှားပါးပြီး ဆင်းရဲပင်ပန်းစွာ အသက်မွေးကြရသည်တကား။ ဆွမ်းကွမ်းကိစ္စ ချောင်လည်ရာသို့ ပင့်ရလျှင် ကောင်းလေစွ”

ဟု အကြံဖြစ်၏။ ထို့ကြောင့်···

“အရှင်ဘုရား··· ကမ္ဘာပတ်လုံး အယုတ်မာဆုံးဟူ၍ သမုတ်ထားသော ကျီးဇာတ်နွယ်ဖွား ဘုရားတပည့် တော်၏ ကျိုးကြောင်းမြော်မြင် လျှောက်တင်အပ်သော စကားများကို အလေးထားတော်မူပါ ဘုရား။ ကျီးယုတ်ဟု သမုတ်ခြင်းခံရသော တပည့်တော်သည် အရှင်ဘုရားတို့အား အစွမ်းရှိသလောက် လုပ်ကျွေးပါအံ့။ ကျီးတိုင်း မယုတ်မာ၊ လိမ္မာသော ကျီးလည်း ရှိပါကြောင်း၊ လုပ်ကျွေးသမှု ပြုပါရစေ ဘုရား။ တပည့်တော် ပင့်ခေါ်ရာသို့ ကြွတော်မူပါ ဘုရား။ ကျီးဘဝရောက်နေရရှာသော တပည့်တော်အား ပစ္စုပ္ပန် သံသရာ နှစ်ဖြာကောင်းကျိုး ပွားတိုးစိမ့်သောငှာ ချီးမြှောက်တော်မူပါ ဘုရား”

ထိုကဲ့သို့ ကျီး၏ ပင့်လျှောက် စကားကို ကြားရလျှင် မထေရ်ကြီးသည် နှစ်ကျိပ်ငါးပါးသော ရဟန်းတို့အား



www.burmeseclassic.com

www.burmeseclassic.com

“ငါ့ရှင်တို့… ကျီးသည် ငါတို့အား လုပ်ကျွေးလို၍ သူနှင့် တစ်ပါတည်း လိုက်ခဲ့ပါရန် ငါတို့ကို ပင့်နေချေ၏။ ဤကိစ္စအတွင် ငါ့ရှင်တို့၏ ဆန္ဒကို ဆိုပါကုန်လော့”

ဟု မေးမြန်းရာ ရဟန်းတို့ကလည်း သဘောတူသဖြင့် ထိုကျီးဖိုသည် နှစ်ကျိပ်ငါးပါးသော ရဟန်းတို့ကို လင်္ကာဒီပသို့ ပင့်ဆောင်သွားလေ၏။

လမ်းတစ်လျှောက်လုံး ဆွမ်းကွမ်းကိစ္စ ဖူလုံရေးအတွက်…

“အရှင်ဘုရားတို့… ဤလမ်းက ကြွသော် ဆွမ်းကွမ်းကိစ္စ ရလွယ်သဖြင့် ဤလမ်းက ကြွတော်မူသင့်ပါသည်။ ဤလမ်းက ကြွသော် ဆွမ်းကွမ်းအတွက် ခက်ခဲပါလိမ့်မည်”

ဟူ၍ လျှောက်ထား၏။

ရဟန်းတော်တို့လည်း ကျီး လမ်းညွှန်သည့်အတိုင်း ကြွလေရာ ဆွမ်းကွမ်းကိစ္စအတွက် မကြောင့်ကြရဘဲ ချမ်းသာစွာ မိုဝဲကြရကုန်၏။

ဤနည်းအားဖြင့် ခရီးစဉ်အတိုင်း လာခဲ့ကြရာ၊ ထိုကျီး၏ နေရာ မဟာဂါမရွာ မဏ္ဍလဝိဟာရကျောင်းတိုက်သို့ ရောက်ကြကုန်၏။

ကျီးဖို၊ ကျီးမတို့သည် ဝါတွင်းသုံးလပတ်လုံး ဆွမ်းကိစ္စ ပြည့်စုံစေရန် “မည်သည့်နေ့တွင် မည်သည့်အရပ်သို့ ကြွတော်မူပါ”ဟူ၍ ဆွမ်းရလွယ်သည့် နေရာများကို အမြဲ လျှောက်ထားလေ့ရှိ၏။ လျှောက်ထားရာသို့ ကြွတော်မူလေလျှင် ဆွမ်းကိစ္စဟူသမျှ ပြည့်စုံသည်သာ ဖြစ်၏။

ဝါတွင်းသုံးလပတ်လုံး မဏ္ဍလ ဝိဟာရကျောင်းတိုက်မှာပင် ချမ်းသာစွာ သီတင်းသုံးကြကုန်၏။ သီတင်းဝါလကျွတ်လေသော် မထေရ်ကြီးသည် ကျီး လင်မယားအား…

“ငါတို့နေရင်းဒေသဖြစ်သော နာဂဒီပမှ မာကုလ ဝိဟာရသို့ သွား၍ ပဝါရဏာပြုကုန်အံ့”ဟု ဆိုလေသော်-

“အရှင်ဘုရားတို့… အရှင်ဘုရားတို့မှာ သင်္ကန်း နွမ်းပါးလှပါကုန်၏။ ဤအရပ်မှ သင်္ကန်းကို ယူတော်မူပါကုန်လော့။ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ဂေါ်စသမုဒ္ဒရာအနီးတွင် ဂေါ်စ မည်သော ရွာရှိ၏။ ထိုရွာသို့ အရှင်ဘုရားတို့ ကြွတော်မူပါကုန်။ ထိုရွာ၌ ဒါယိကာမ တစ်ဦးသည် များစွာသော သင်္ကန်းတို့ကို လည်းကောင်း၊ သပိတ် စသော ပရိက္ခရာတို့ကို လည်းကောင်း လှူဒါန်းလို၍ အလှူခံ ပုဂ္ဂိုလ်များကို ကြိုလင့်လျက် ရှိနေပါသည်။ ထိုအရပ်သို့ ကြွတော်မူပါကုန်လော့”

ဟု လျှောက်ထား၏။

ထို့ကြောင့် မထေရ်ကြီးသည် ကျီး၏ လျှောက်ထားချက်အတိုင်း နောက်ပါ ရဟန်းတော်များနှင့်တကွ ဂေါ်စ မည်သော ရွာသို့ ကြွလေသောအခါ စောင့်ကြိုနေသော ဥပါသိကာမကြီးသည် ရဟန်းတော်များ ကြွတော်မူလာသည်ကို မြင်ရသော် များစွာပင် ကြည်ညိုသဒ္ဓါဖြစ်လာပြီးလျှင် စီစဉ်ထားအပ်သော သင်္ကန်း၊ သပိတ်၊ ပရိက္ခရာများကို လှူဒါန်းလေ၏။ ရဟန်းတို့လည်း အလှူ၏ အကျိုးကို အနုမောဒနာပြု၍ လှူဖွယ်ဝတ္ထုပစ္စည်းများကို အလှူခံပြီးလျှင် မိမိနေရာ နာဂဒီပကျွန်း မာကုလ ဝိဟာရကျောင်းတိုက်သို့ ပြန်ကြွကုန်လေ၏။

ဤဖြစ်ရပ်ကို ဆင်ခြင်သုံးသပ် အဖြေရှာကြည့်သော် လင်္ကာဒီပ ကျီးဖိုသည် ယုတ်ညံ့သည့် အဟိတ် တိရစ္ဆာန်ပင် ဖြစ်သော်လည်း မိမိ ဆာလောင်နေချိန်၌ အဝတ် မီးကျွမ်းစာကို ကျွေးခဲ့သော ရဟန်းတော်များ၏ ကျေးဇူးကို မမေ့မပျောက်ဘဲ နှလုံးသွင်း ဆင်ခြင်ခဲ့သည်။ ရဟန်းတော်များ သီတင်းသုံး နေထိုင်ရာ ဒေသသည် ဆွမ်းကွမ်းချို့တဲ့သော ဒေသဖြစ်၏။

ထို့ကြောင့် ကျီးဖိုသည် ဆွမ်း၊ သင်္ကန်း၊ သပိတ်၊ စသော ပရိက္ခရာများ လွယ်ကူစွာ ရရှိနိုင်မည့် အရပ်ဒေသသို့ ရဟန်းတော်များကို ပင့်ဆောင်၍ သီတင်းသုံး နေထိုင်စေခြင်းဖြင့် မိမိအား အစာကျွေးခဲ့သော ရဟန်းတော်များ၏ ကျေးဇူးတရားကို တုံ့ပြန်ပေးဆပ်ခဲ့သည်။

သို့ဖြစ်ရာ အဟိတ် တိရစ္ဆာန်များထက် အဆများစွာ အသိပညာဉာဏ်နှင့် ပြည့်စုံကြသော လူသားများအနေဖြင့်လည်း မိမိအား ပြုခဲ့ဖူးသော သူတစ်ထူး၏ ကျေးဇူးတရားများကို မမေ့မပျောက် ဝမ်းမြောက်စွာဖြင့် တုံ့ပြန်ပေးဆပ်ကြရမည်ဖြစ်ပါကြောင်း တင်ပြရခြင်းဖြစ်ပါသည်။

□

ကျမ်းကိုး
- လင်္ကာဒီပ ဝတ္ထု(၆၀)၊ ပ-တွဲ
- ဒဂုန် ဦးစန်းငွေ



www.burmeseclassic.com

www.burmeseclassic.com

ကျော်လင်း(မြစ်ခြေ)

# အမရပူရမြို့၏ စန္ဒမုနိဘုရား




ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်သည့် အလောင်းမင်းတရားကြီး (သို့မဟုတ်) တတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည့် အလောင်းမင်းတရားကြီးက သူ၏ ထီးမွေနန်းမွေကို သူ၏ သားတော်များအား ကြီးစဉ်ငယ်လိုက် ဆက်ခံရန် မှာကြားခဲ့၏။

အလောင်းမင်းတရားကြီး နတ်ရွာစံပြီးနောက် သားတော်ကြီး "နောင်တော်ကြီးမင်း"စိုးစံ၏။ ၎င်းနောက် ညီတော် "ဆင်ဖြူရှင်မင်း"က ဆက်လက်၍ ဆက်ခံ၏။ ဆင်ဖြူရှင်မင်းပြီးလျှင် ဖခမည်းတော်၏ မိန့်မှာချက်အရဆိုလျှင် "ဘိုးတော်ဘုရားငယ်မည် မောင်ဝိုင်း"က ဆက်ခံရမည်ဖြစ်သော်လည်း ဆင်ဖြူရှင်မင်းက သားတော် "စဉ့်ကူးမင်း"ကို ထီးနန်းအမွေလွှဲခဲ့သည့်အတွက် ဘိုးတော်ဘုရားမှာ ကာလတစ်ခုအထိ နှမ်းပါးစွာဖြင့် ရပ်တည် ရုန်းကန်ခဲ့ရ၏။

သို့သော် စဉ့်ကူးမင်း တောဘုရားသို့ ဘုရားဖူးသွားစဉ် ညီဝမ်းကွဲဖြစ်သူ "ဖောင်းကားစား မောင်မောင်"မှ ထီးနန်းကို လုပ်ကြံသိမ်းပိုက်လိုက်သည်။ သို့ပေမယ့် ဖောင်းကားစား မောင်မောင် ထီးနန်းသက် ၇ရက်၌ ဘိုးတော်ဘုရားက ညီတော် ပင်းတလဲစားနှင့် တိုင်ပင်၍ စဉ့်ကူးမင်းကိုရော၊ ဖောင်းကားစား မောင်မောင်ကိုပါ လုပ်ကြံ၍ ပဉ္စမမြောက် ကုန်းဘောင်မင်းတရားကြီးအဖြစ် မြန်မာသက္ကရာဇ် ၁၁၄၃ ခု၊ တပို့တွဲလပြည့်ကျော် ၁၄ရက်၊ တနင်္လာနေ့တွင် သီရိသုဓမ္မရာဇာဘွဲ့တော်ကို ခံယူလျက် နန်းတက်တော်မူခဲ့လေသည်။

www.burmeseclassic.com



ဘိုးတော်မင်းတရားက မင်းအဖြစ်ကို ရရှိပြီးနောက် အမရပူရမြို့သစ်ကို တည်ရန် တောင်လေးလုံး ခြံရံသည့် ထီးပေါင်းကားအရပ်ကို ရွေးချယ်သတ်မှတ်လိုက်သည်။

တောင်သမန်၊ တောင်ကျဉ်း၊ တောင်ပြုံး၊ တောင်မြင့် ဟူသော တောင်လေးလုံး ခြံရံလျက်···

(၁) မြို့တော်လက်ယာ-တောင်သမန်အင်း ဧရာဝတီမြစ်

(၂) မြို့တော်လက်ဝဲ-တက်သေးအင်း

(၃) အရှေ့ဘက်-အောင်ပင်လယ် တံကြျဝင်းဆည်

(၄) အနောက်-ဧရာဝတီမြစ် တို့ဖြစ်သည်။

ဝန်ကြီး မဟာစည်သူ နေမျိုးဇေယျဂါမဏိကို ငွေစင် ပိဿာ သုံးထောင်ပေးအပ်တော်မူပြီး မျုးမတ်ပညာရှိ ဝက်မြေဝန် ဇေယျသင်္ကြန်၊ ပလိပ်စား ငဖျော်၊ မြစ်ခြေစား စည်းတပစ်ကြီး၊ ပုဏ္ဏားပညာရှိ ဒေသရာဇာ၊ ခေါ်တောစား မြဟ္မဏာ၊ ကျော်ထင် မြဟ္မဏာသီရိတို့နှင့် ဗိသုကာ လက်သမားတို့ကို ပေးအပ်၍ သက္ကရာဇ် ၁၁၄၄ ခု၊ တန်ဆောင်မုန်းလဆန်း ၇ရက်၊ တနင်္ဂနွေနေ့နံနက် နေဝန်းပေါ်လျှင် မြို့နန်းတည်ရာ ထီးပေါင်းကားအရပ်သို့ သွားစေကုန်ဟု ကုန်းဘောင်မင်းဆက် မဟာရာဇဝင်တော်ကြီးတွင် ဆိုထားသည့်အတွက် "ဘိုးတော်ဘုရား"ခေါ် ပဒုံမင်းအား "ပထမ အမရပူရ မြို့တည်နန်းတည် မင်းတရားဟုလည်း အမည်တွင်လျက်ရှိသည်။

ဘိုးတော်ဘုရားသည် သက္ကရာဇ် ၁၁၄၆ခု (မင်းအဖြစ်ကို ရရှိပြီး ခုနစ်နှစ်အကြာ)၌ တင့်တယ်သပ္ပာယ်လှသည့် စန္ဒမုနိဘုရားကို အမရပူရမြို့ အရှေ့မြောက်ထောင့်၌ တည်ထားလေသည်။ ထိုစေတီတော်ကြီးကား မြို့တည် ခုနစ်ဌာန အနက် ရေကန်ကြီး၏ အနီးတွင် ဖြစ်သည်။

မြန်မာနိုင်ငံ၌ စန္ဒမုနိဘွဲ့တော်ရှိသည့် ဘုရားများကို ရခိုင်တွင် လည်းကောင်း၊ အင်းဝနှင့် မန္တလေးမြို့တွင် လည်းကောင်း တည်ရှိသည်။ အင်းဝရှိ စန္ဒမုနိဘုရားမှာ "ညောင်ရမ်းမင်းတရားကြီး"၏ ကောင်းမှုဖြစ်သည်။ မန္တလေးမှ စန္ဒမုနိ ဘုရားမှာ "မင်းတုန်းမင်းကြီး"၏ ကောင်းမှုတော်ဖြစ်သည်။


(မင်းတုန်းမင်းကြီးက ပြည်ရေးပြည်ရာများကို ဆွေးနွေးရာ နန်းမြေဘုံသာ ယာယီ နန်းတော်နေရာတွင် တည်ထားခြင်းဖြစ်၏။ ထိုနေရာ၌ပင် မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင်မင်းသားတို့က တော်လှန်ပုန်ကန်ကြသည့်အတွက် အိမ်ရှေ့စံ ကနောင်မင်းသား၊ မလွန်စကု၊ ပြင်စည်မင်းသားများနှင့် ဝန်ကြီးအချို့တို့ အသက်ဆုံးရှုံးခဲ့ရသည်။ ထိုစန္ဒမုနိဘုရားရှိ ရုပ်ပွားတော်မှာ ဘိုးတော်ဘုရားမင်းက မင်္ဂလာကျွန်း၌ မင်းကွန်းခေါင်းလောင်းကြီးကို သွန်းလုပ်စဉ်အခါက သံ ပိဿာချိန် (၁၁၃၆၈)ကို မြန်မာသက္ကရာဇ် ၁၁၆၄ ခု အေဒီ ၁၈၀၂ခု၌ သွန်းလုပ်ထားသည့်ရုပ်ပွားတော်မြတ် ဖြစ်သည်)



www.burmeseclassic.com

www.burmeseclassic.com





ထိုရုပ်ပွားတော်မြတ်ကြီးမှာ ယခုတင်ပြသည့် စန္ဒမုနိ [illegible]ကြီးတွင် ကိန်းဝပ်ပြီး ဘကြီးတော်မင်းလက်ထက် [illegible] ၁၈၂၇ ခုနှစ်၌ အင်းဝသို့ ပြောင်းရွှေ့ ကိန်းဝပ်စေတော်


မူသည်။ သာယာဝတီမင်းခေါ် ရွှေဘိုမင်းလက်ထက်တွင် အင်းဝ စန္ဒမုနိဘုရားမှ အမရပူရသို့ တစ်ဖန် ပြန်လည် ပင့်ဆောင်တော်မူခဲ့ပြန်သည်။ မင်းတုန်းမင်း၏ လက်ထက်တော် မန္တလေးတောင်ခြေရှိ ယခု စန္ဒမုနိဘုရား၌ ကိန်းဝပ်စံပယ်လျက်ရှိသည်။ သို့ဖြစ်၍ ရုပ်ပွားတော်မြတ်မှာ အမရပူရတွင် နှစ်ကြိမ်၊ အင်းဝတွင် တစ်ကြိမ်နှင့် နောက်ဆုံး ယခုလက်ရှိနေရာ မန္တလေးတောင်ခြေ၊ စုစုပေါင်း လေးနေရာသို့ ဒေသစာရီ ကြွချီတော်မူခဲ့သည့် ရုပ်ပွားတော်မြတ်ကြီးပင် ဖြစ်ပေသည်။


အမရပူရ စန္ဒမုနိဘုရားကြီး၏ တည်ဆောက်ပုံမှာ အောက်ခြေ ဖိနပ်တော် ကျယ်ဝန်းပြီး လေးထောင့်စပ်စပ် ဖြစ်သည်။ ထောင့်တိုင်းတွင် ခြင်္သေ့တို့ ရှိကြပြီး စိန်တောင်များ ငါးဆင့်ဖြင့် တန်ဆာဆင်ထားသည်။ ထိုစိန်တောင်တို့၏ အထက်တွင် ပစ္စယာသုံးဆင့်ရှိပြီး အောက်ပစ္စယာ နှစ်ဆင့်၏ ထောင့်အသီးသီးပေါ်တွင် ပန်းစိုက်အိုးတစ်လုံးစီဖြင့် တန်ဆာဆင်ထားသည်။ အပေါ်ဆုံး ပစ္စယာ၏ ထောင့်တို့တွင် စေတီရန် လေးဆူစီ ရှိကြသည်။ အဆင့်ဆင့်သော လောကားလက်ရန်း အုတ်တိုင်များ၏ မျက်နှာစာများ၌ ပုဆစ်တုပ် ဒူးတစ်ဖက်ထောင်၊ တစ်ဖက်ချ ဘီလူးရုပ်ထုများက စေတီတော်ကြီးကို စောင့်ကြပ်နေဟန် ထုဆစ်ထားသဖြင့် အခြား စေတီဘုရားများနှင့် မတူ၊ တမူကွဲပြား တင့်တယ်လှပ



www.burmeseclassic.com

www.burmeseclassic.com







နေ၏။ ထောင့်အသီးသီးတို့၌လည်း အခြားဘုရားများနှင့် မတူဘဲ တမူကွဲပြားသည်မှာ မနုဿသီဟရုပ်ထုများ ထားရှိခြင်းပင် ဖြစ်၏။

အရှေ့ဘက် မျက်နှာစာတွင်မူ နတ်လေးပါးကို ခြံရံသည့် မနုဿသီဟရုပ် နှစ်တန်း(၁၀)ရုပ်တို့မှာ အခြား မျက်နှာစာများထက် ပိုများပါသည်။ သို့ဖြစ်၍ စုစုပေါင်း မနုဿသီဟရုပ်ပေါင်း (၅၀)ရှိလေသည်။ အရှေ့မျက်နှာစာ စိန်တောင်တို့အထက် အလယ်တည့်တည့်တွင် ရုပ်ပွားတော်မြတ် ကိန်းဝပ်ရန် ကျောင်းတော်ရှိသည်။ မူလက ဘိုးတော်ဘုရား မင်္ဂလာကျွန်း၌ သွန်းလုပ်ခဲ့သည့် ရုပ်ပွားတော်မြတ် ကိန်းဝပ်တော်မူသည်။

ဘုရားကြီး၏ အုတ်တံတိုင်းအတွင်းဘက်၌ အတီသိရဟန္တာ ရှစ်ကျိပ်တို့ ကိန်းဝပ်ရာ ကျောင်းဆောင်ကလေးများ ရှိသည်။

ဘုရားကြီး၏ တနင်္ဂနွေထောင့်မကျတကျ မြောက်ဘက်မျက်နှာစာနှင့် မနီးမဝေးတွင် အမရပူရမြို့ စတင်တည်စဉ်က သတ္တဌာနတွင် ပါဝင်သည့် ရေကန်ကြီး ရှိ၏။ ရေကန်မှာ မြေသားကန်မဟုတ်ဘဲ အုတ်စီကန်ဖြစ်ပြီး အထက်မှ အောက်သို့ တစ်ဆင့်ဆင့်ကျဉ်းသွားသည်။ စနစ်တကျဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်၏။

စာရေးသူအနေဖြင့် မန္တလေးတောင်ခြေရှိ မင်းတုန်းမင်းကြီး၏ ယာယီ နန်းမြေဘုံသာနေရာ၌ တည်ထားသည့် စန္ဒမုနိဘုရားအကြောင်းကို ဆယ်စုနှစ်အကျော်ကာလက သူရဇ္ဇမဂ္ဂဇင်းတွင် လည်းကောင်း၊ အင်းဝ စန္ဒမုနိဘုရားအကြောင်းကို မြစ်မခ မဂ္ဂဇင်းတွင် လည်းကောင်း ရေးသားတင်ပြခဲ့ပြီးဖြစ်သည်။

အမရပူရ စန္ဒမုနိဘုရားမှာ စာရေးသူအမြင်အရ ပြောရပါမူ အထက်ပါ ဘုရားနှစ်ဆူထက် ပိုမိုပြေပြစ်တင့်တယ်သည်ဟု ထင်မြင်မိပါသည်။ စာရှုသူများအနေဖြင့် အမရပူရသို့ ရောက်ရှိပါက ဦးပိန်တံတားတစ်ခုတည်းသာမကဘဲ အမရပူရ ပထမ မြို့တည်နန်းတည် မင်းတရားကြီး၏ ကောင်းမှုတော်ဘုရားများနှင့် ဘကြီးတော်ဘုရား၏ ပုထိုးတော်ကြီးဘုရား၊ ထိုဘုရားရှိ ခေါင်းလောင်းတော်ကြီးတို့ကိုပါ သွားရောက်လေ့လာပါရန် တိုက်တွန်းအပ်ပါသည်။

❒


ကျမ်းကိုး

- ကုန်းဘောင်ဆက် မဟာရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဤကမ္ဘာမှ ပြန်၍ရေတွက်သော် ရေတွက်သော် ၉၂ ကမ္ဘာထက်၌ "ဖုဿ"မည်သော ဘုရားရှင်သည် ပွင့်တော်မူ၏။ ခမည်းတော်ကား "မဟိန္ဒမင်း"အမည်ရှိကာ၊ ထိုမင်းညီတော်၏ သားသည် လက်ျာရံ အဂ္ဂသာဝက ဖြစ်သည်။ ပုရောဟိတ်ပုဏ္ဏား၏ သားသည် လက်ဝဲရံ အဂ္ဂသာဝက ဖြစ်ပြီး နမတော်၏ သားသည် အလုပ်အကျွေး ရဟန်းဖြစ်၏။

မဟိန္ဒမင်းကြီး၌ ဘုရားရှင်အပြင်၊ သားတော် သုံးပါးရှိသေး၏။ ထို သားသုံးပါးတို့တွင် သားကြီး၌ အခြံအရံ သူရဲငါးရာ၊ သားအလတ်၌ အခြံအရံ သူရဲ သုံးရာ၊ သားအငယ်၌ အခြံအရံ သူရဲ နှစ်ရာရှိ၏။

ဖုဿဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသောအခါ ခမည်းတော်၏ ပြည်သို့ ကြွတော်မူလာသည်။ ထိုအခါ ခမည်းတော် မဟိန္ဒမင်းသည် ဘုရားရှင်ထံသို့ သွား၍ ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုးလျက် သားဘုရားကို တစိမ့်စိမ့်ကြည့်ရှုကာ၊ ဤသို့ အကြံဖြစ်၏။

"ငါ့သားပင် ဘုရား၊ ငါ့သား၏ စကားသည်ပင် တရား၊ ငါ့သားပင် သံဃာ။ ဤလူ့ရွာ၌ ငါ့ကဲ့သို့ ကောင်းမြတ်ခြင်း အသရေနှင့် ပြည့်စုံသော မင်းသည် ရှေးရှေးသော ကာလ၌လည်း မဖြစ်ဘူးရာ၊ နေင်အခါလည်း မဖြစ်လတ္တံ့။ ငါကား ကောင်းမြတ်သော လူမင်း၏ အဖြစ်ကို ရပေသည်တကား"

ဟု ကြံအောက်မေ့ပြီး ကြက်သီးမွေးညှင်းထလျက် အားရဝမ်းသာနှင့် မြတ်စွာဘုရားရှင်အား ဤသို့ နားတော်လျှောက်၏။

"သားတော်ဘုရား··· အကျွန်ုပ်၏ အသက်သည် အလွန်ရှည်သည်ဖြစ်ပါမူ အနှစ် ကိုးသောင်းခန့်သာ ရှည်ပါမည်။ ကြမ်းစွန်းဖျား၌ လည်းကောင်း၊ ကမ်းပါးပြင်၌ လည်းကောင်း၊ အိပ်ရသောသူကဲ့သို့ သေခြင်းသဘောနီးလှပါသည်။ အကျိုးရှိရှိ အသက်ရှည်လိုပါသည်။ သို့ဖြစ်၍ ခမည်းတော် အသက်ရှည်သမျှ ကာလပတ်လုံး သား ဘုရားသည် သူတစ်ပါးအိမ်သို့ မကြွမူဘဲ ဖခင်၏ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်းလေးပါးကို ခံယူတော်မူပါ။ သံဃာတော်နှင့်တကွ ခမည်းတော်ချည်း လုပ်ကျွေးပါရစေ"

ဟု လျှောက်၏။

ဘုရားရှင်သည်လည်း ဖခင်၏ ဣန္ဒြေကို ငဲ့လင့်၍ သည်းခံတော်မူ၏။ ထိုနေ့မှစ၍ တစ်စုံတစ်ယောက်သောသူမှ လှူဒါန်းပူဇော်ခြင်းကို မရကုန်။ မင်းသား ညီနောင်သုံးပါးတို့သည်လည်း ခမည်းတော်အား နောင်တော်ဘုရားကို လုပ်ကျွေးပါရစေဟု တောင်းပန်သော်လည်း အခွင့်မရကြကုန်။

တစ်ရံရောအခါ ပစ္စန္တရာဇ်ရွာ၌ ကြီးစွာသော စစ်မက်ထေးရန်ဖြစ်သဖြင့် သားတော်သုံးပါးကို စေလွှတ်တော်မူ၏။ သားတော်တို့လည်း ထိုရန်ကို ငြိမ်းစေပြီးသော် ခမည်းတော်ထံသို့ ပြန်လာကြ၏။ ထိုအခါ မဟိန္ဒမင်းကြီးသည် ဝမ်းမြောက်တော်မူလှ၍···

"ငါ့သားတော်တို့ လိုအပ်သော ဆုကို ငါပေးအံ့။ သင်တို့ ယူကြကုန်"

ဟု ဆို၏။ ထိုအခါ မင်းသားတို့ကလည်း···

"တစ်ပါးသော ဆုကို မလိုပါ။ နောင်တော်ဘုရားကိုသာ အသက်ထက်ဆုံး လုပ်ကျွေးပါရစေ"

ဟု တောင်းဆိုကြ၏။ မင်းကြီးက···

"ငါ့သားတို့···ဤဆုကိုကား ငါ မပေးနိုင်။ တစ်ပါးသောဆုကိုသာ ငါပေးအံ့"

ဟူ၍ ဆို၏။ သားတော်တို့ကလည်း···

"အရှင်မင်းကြီး···အသက်ထက်ဆုံး မပေးနိုင်လျှင် အနှစ်တစ်ထောင်မျှသာ ပေးတော်မူပါ"

ဟု တောင်း၏။

"ဤမျှကိုလည်း ငါ မပေးနိုင်"

ဟု ဆိုလျှင် ထိုအောက် လျော့၍ လျော့၍ တောင်းလာရာ ဝါတွင်းသုံးလတိုင်၏။ ခမည်းတော် မင်းကြီးလည်း "ဝါတွင်းသုံးလမျှ ငါ မပေးမူ ငါ့သားတို့သည် ငါ၏ ရန်သူဖြစ်လာပေလိမ့်မည်"

ဟု တွေးမိပြီး···

"အမောင်တို့ သုံးယောက်တွင် တစ်ယောက် တစ်လခန့် လှည့်၍ လုပ်ကျွေးလော့။ ဝါတွင်းသုံးလကို ငါ ပေးတော့အံ့"

ဟု ဆို၏။ ထိုသို့ အခွင့်ရလျှင် မင်းသားတို့လည်း မိမိတို့ အိမ်သို့ ပြန်၍ တရားသူကြီး၊ ဘဏ္ဍာစိုးတို့ကို ခေါ်၍ ဘဏ္ဍာတိုက်ကို အပ်နှင်းပြီးလျှင်···

"ဤ ဝါတွင်းသုံးသကို ဘုရားအမှူးရှိသော သံဃာတော် ကိုးသောင်းနဲ့တကွ ငါတို့နှင့် ပါသော ပရိသတ်တို့အား ပစ္စည်းလေးပါးဖြင့် ပြည့်စုံ လုံလောက်အောင် ထောက်ပံ့လုပ်ကျွေးကြကုန်"

ဟု ဆိုသည်။

ထို့နောက် ထိုမင်းသားညီနောင် သုံးပါးတို့သည် အခြံအရံတစ်ထောင်နှင့်တကွ ဘုရားရှင်ထံတော်သို့ လာပြီး ဖန်ရည်စွန်းသော အဝတ်ကို ဝတ်၍ ဆယ်ပါးသီလကို ဆောက်တည်လျက် ဘုရားရှင်ထံတော်၌ နေကြကုန်၏။

ဘဏ္ဍာစိုးတို့သည်လည်း ရှစ်သောင်းလေးထောင်မျှလောက်သော ဝတ်ချက်သမားတို့ကို ရှာလျက် ယာဂု၊ ဆွမ်း

www.burmeseclassic.com

အဖျော် စသည်တို့ကို စီရင်၍ နေ့စဉ်မပြတ် လုပ်ကျွေးလေသည်။

ထိုအခါ သံဃာအပေါင်း ကိုးသောင်းမျှပင် များလှသောကြောင့် ချက်ပြုတ်လုပ်ကိုင်သော သူတို့သည် မိမိတို့၏ သားငယ်၊ သမီးတို့အား ယာဂုကြွင်း၊ ဆွမ်းကြွင်းမျှ မပေးကျွေးရကုန်။ ချက်တိုင်း ချက်တိုင်းပင် ကုန်၍ လောက်ငရုံသာ ရှိ၏။

ထိုသို့ ကြွင်း၍ မပေးကြရသော် သံဃာတော်တို့၏ အဦးအဖျားကို ဝှက်ထားပြီး သားငယ်၊ သမီးငယ်တို့အား ပေးကြကုန်၏။ ထို ဝတ်ချက်သမားတို့သည် သံဃာတော်တို့အား လှူအပ်သော ပစ္စည်းကို သုံးစား ပေးကမ်းသောကြောင့် သေလွန်သောအခါ ပြိတ္တာဘုံ၌ ဖြစ်ကြရကုန်၏။

မင်းသား သုံးယောက်တို့သည် ဝါကျွတ်သောအခါ သံဃာတော်တို့အား ရှစ်ပါးသော ပရိက္ခရာဖြင့် လှူဒါန်း၍ "ဤသို့ ပြုရသော ဒါန၊ သီလ၊ ဘာဝနာ၏ အကျိုး အားဖြင့် နောင် ဘုရားရှင်တို့၏ထံ၌ အရန်တစ်ထောင်နှင့်တကွ အရဟတ္တဖိုလ်ကို ရပါစေသော်"ဟု ဆုတောင်း၏။

◈◈◈

ထိုဘဝမှ စုတေကြကုန်သော် တစ်ဆယ့်နှစ် ကမ္ဘာကာလပတ်လုံး နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားခဲ့ရပြီး ဂေါတမ မြတ်စွာဘုရားရှင်လက်ထက်တော်တွင် "ဥရုဝေလကဿပညီနောင် ရှင်တစ်ထောင်"တို့ ဖြစ်လာကြကုန်လေသည်။

ထိုမင်းသားတို့၏ တရားသူကြီးသည် ယခုအခါ၌ ဗိမ္ဗိသာရမင်း ဖြစ်လာ၏။ ဘဏ္ဍာစိုးသည် ဝိသာခ ဥပါသကာ ဖြစ်လာ၏။

ဝတ်ချက်သမားတို့သည် ၉၂ကမ္ဘာပတ်လုံး သုဂတိ၊ ဒုဂ္ဂတိလားသဖြင့် များစွာ ကျင်လည်ပြီးမှ ဤဘဒ္ဒကမ္ဘာဝယ် ရာဇဂြိုဟ်ပြည်၏အနီး တောင်ကြီး ငါးလုံးတို့၏အကြား၌ ကြီးမားသောကိုယ်၊ မာသော ဦးခေါင်းရှိသော အရိုးစု ပြိတ္တာ၊ အသားစု ပြိတ္တာဖြစ်လာကုန်ကြ၏။

ထိုပြိတ္တာတို့သည် ကကုသန်ဘုရားပွင့်တော်မူသော ကာလ၌ ကကုသန်ဘုရားအား ဖူးတွေ့ကြရလျှင်…

"အရှင်ဘုရား… အကျွန်ုပ်တို့ကား အစာအာဟာရကို ဘယ်အခါမှ သုံးဆောင်ရပါအံ့နည်း"

ဟု လျှောက်ထားကြလျှင် ဘုရားရှင်က…

"သင်တို့ ငါ့အား မလျှောက်ကြားကြကုန်လင့်။ ငါ လွန်သည့်နောက် မြေကြီး တစ်ယူဇနာမြောက်သောအခါ ငါ၏ ညီတော် ကောဏဂုံဘုရား ပွင့်လတ္တံ့။ ထိုအခါမှ လျှောက်ကြကုန်"

ဟု မိန့်တော်မူသည်။

ကောဏဂုံဘုရား ပွင့်တော်မူသောအခါ၌လည်း ရှေးနည်းတူ လျှောက်ကြပြန်၏။ ကောဏဂုံဘုရားရှင်မှလည်း-

"ငါ့လက်ထက်တော်တွင် သင်တို့ မလျှောက်လင့်ဦး။ ငါ၏နောက် မြေကြီး တစ်ယူဇနာမြောက်သောကာ ကဿပ အမည်ရှိသော ဘုရားပွင့်လိမ့်မည်။ ထိုအခါမှ လျှောက်ကြလေကုန်"

ဟု မိန့်တော်မူသဖြင့် ငံ့လင့်၍ နေကြရကုန်၏။

ထိုသို့ဖြင့် ကဿပဘုရားရှင် ပွင့်တော်မူသော ကာလတွင် ယခင်နည်းအတိုင်း လျှောက်ကြပြန်လေလျှင်…

"သင်တို့သည် ငါ့လက်ထက်တွင် မစားရ မဝတ်ရသေးချေ။ ငါလွန်သည့်နောက် မြေကြီးတွင် တစ်ယူဇနာနှင့် သုံးဂါဝုတ်မြောက်သောအခါ ငါ၏ ညီတော် ဂေါတမ မည်သော ဘုရားပွင့်တော်မူလိမ့်မည်။ ထိုအခါ သင်တို့၏ အရင်က အဆွေအမျိုးဖြစ်ဖူးသော တရားသူကြီးသည် ရာဇဂြိုဟ်ပြည်တွင် ဗိမ္ဗိသာရ မည်သော မင်းဖြစ်လိမ့်မည်။ ထိုအခါ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းဖိတ်ကျွေး၍ သင်တို့အား အမျှပေးဝေလိမ့်မည်။ ထိုအခါ၌ သင်တို့သည် လောက်ငအောင် စားရ သောက်ရ၊ ဝတ်ရပေလိမ့်မည်"

ဟု မိန့်တော်မူသည်။

ထိုစကားကို ကြားလျှင် ထိုပြိတ္တာတို့သည် ဘုရားရှင် တစ်ဆူနှင့် ကြားကာလကိုပင် နက်ဖြန်၊ သန်ဘက်ခါကဲ့သို့ ထင်၍ ရွှင်လန်း ဝမ်းသာနေကြကုန်၏။

◈◈◈

ဂေါတမ မြတ်စွာဘုရားရှင် ပွင့်တော်မူပြီး ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူသောအခါ ဗိမ္ဗိသာရမင်းသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူပေးသော ကာလ၌ ထိုပြိတ္တာတို့အား အမျှမပေးဝေမိသဖြင့် ညသို့ ရောက်သောအခါ ပြိတ္တာတို့သည်…

"ငါတို့ ရှည်မြင့်စွာ ငံ့လင့်၍ နေရပါလျက်၊ ငါတို့အား အမျှမပေးဝေ"ဟု လွန်စွာသော ဝမ်းနည်းခြင်းဖြင့် နန်းတွင်းသို့ ဝင်ကာ၊ ရုပ်အသွင်ကို ပြလာကြကုန်၏။ ထိုအခါ မင်းကြီးလည်း ထိတ်လန့်လှသဖြင့် ဘုရားရှင်ထံသို့ သွား၍ လျှောက်ကြားလေလျှင်…

"အသင် မင်းကြီး၊ သင်၏ ဆွေမျိုးဖြစ်ဖူးသော ပြိတ္တာတို့သည် ၉၂ကမ္ဘာပတ်လုံး မွတ်သိပ်ခဲ့ကြ၍ ငါ့နောင်တော် ကဿပဘုရားရှင်ထံ လျှောက်လေလျှင် ကဿပဘုရားရှင်က အသင် မင်းကြီးမှ အလှူပေး၍ အမျှဝေလတ္တံ့သော

www.burmeseclassic.com

အကြောင်းစကားကို ပြောတော်မူလေလျှင်၊ ထိုအခါမှစ၍ ပြိတ္တာတို့သည် သင်ပေးသော အလှူအမျှကို တောင့်တနေကြသည်။ ယခု အသင်က မပေးသောအခါ သူတို့ ချမ်းသာ မရ၍ မလှသော ရုပ်အသွင်ကို အသင် မင်းကြီးအား ပြသလာကြသတည်း"

ဟု မိန့်တော်မူ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးက...

"မြတ်စွာဘုရား...တပည့်တော် ထိုသူတို့အတွက် ယခု အလှူပေး၍ အမျှဝေသော် ရပါဦးမည်လော"

"ရ၏ မင်းကြီး"

"မြတ်စွာဘုရား...ယနေ့ ထိုအတွက်အလို့ငှာ ဒါနကို အလှူခံတော်မူပါ။ တပည့်တော် ထိုသူတို့အား အမျှပေးဝေလိုပါသည်"

ဂေါတမ ဘုရားရှင်သည် ဆိတ်ဆိတ်နေ၍ သည်းခံတော်မူ၏။

မင်းကြီးသည် ဆွမ်း စသော ခဲဖွယ် ဘောဇဉ်တို့ကို အလျင်အမြန် စီမံစေပြီး၊ အားလုံးပြီးစီးသောအခါ မြတ်စွာဘုရားရှင်နှင့်တကွ သံဃာတော်များကို ပင့်၍ ဆွမ်းလုပ်ကျွေးလေသည်။

မြတ်စွာဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ မင်းကြီး၏ နန်းတော် တံခါးဘေးတို့၌ ရပ်တည်နေကြကုန်သော ပြိတ္တာတို့ကို မင်းကြီးအား တန်ခိုးဖြင့် ပြတော်မူသည်။

ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်နှင့်တကွသော သံဃာတော်အပေါင်းတို့အား လှူဒါန်းပူဇော်သည့် ဆွမ်းအလှူကို ထိုပြိတ္တာတို့အား ရည်စူး၍ အမျှပေးဝေလိုက်သည်။ ထိုခဏမှာပင် ပြိတ္တာတို့အား နတ်တို့၏ ခဲဖွယ်ဘောဇဉ်တို့သည် ဖြစ်ကြကုန်လျက် နတ်ဘောဇဉ်ကို စား၍ ပြည့်ဖြိုးသော ခန္ဓာကိုယ် ဖြစ်လာကြကုန်၏။

သောက်တော်ရေကို လှူသည်ကား ပဒုမ္မာကြာ ဖုံးလွှမ်းသော ရေကန်ဖြစ်၍၊ ပြိတ္တာတို့သည် ထိုရေကန်၌ ရေချိုး၊ ရေသောက်ကြ၍ ပူပန်မှု ငြိမ်းကုန်ရကား၊ ရွှေအဆင်းနှင့်တူသော အသွင်သဏ္ဌာန်ဖြစ်လာကြကုန်၏။

အိပ်ရာနေရာတို့ကို လှူ၍ အမျှပေးဝေသည့်ခဏ နတ်ပြည်၌ ဖြစ်သော ယာဉ်ရထား၊ အဝတ်ပုဆိုး၊ ဘုံပြာသာဒ်၊ အိပ်ရာခင်း စသည်တို့သည် ဖြစ်ကြကုန်၏။

ထိုပြိတ္တာတို့၏ အလုံးစုံ ပြည့်စုံမှုကို မြတ်စွာဘုရားရှင်သည် အဓိဋ္ဌာန်တော်မူပြီး မင်းကြီးအား မြင်စေတော်မူလေလျှင် ဗိမ္ဗိသာရမင်းကြီးသည် အလွန်ဝမ်းမြောက်တော်မူ၏။

ထို့နောက် ဘုရားရှင်က မင်းကြီးအား "တိရောကုဋ္ဋသုတ်"ကို ဟောတော်မူသည်။

"မင်းကြီး...ပြိတ္တာတို့သည် မိမိတို့၏ အိမ်သို့ လာရန် နံရံ၏ အပြင်ဘက်၌ လည်းကောင်း၊ လမ်းဆုံ-လမ်းခွ၊ အိမ်ခြံစပ်တို့၌ လည်းကောင်း၊ တံခါးပေါက်တို့၌ လည်းကောင်း ရပ်တည်နေကြကုန်၏။ များစွာသော ထမင်းအဖျော် ခဲဖွယ် ဘောဇဉ်တို့ကို လှူဒါန်းရန်အတွက် စီစဉ်ပြုလုပ်ကြသော်လည်း ယင်းပြိတ္တာတို့၏ ကံအကြောင်းကြောင့် တစ်ဦးတစ်ယောက်မျှ ယင်းပြိတ္တာတို့ကို သတိမရ၊ အမှတ်မရကြပေ။ သနားတတ်သော သူတို့ကသာလျှင် ဆွေမျိုး ပြိတ္တာတို့ ကပ်ရောက်လာကြသောအခါ သပ္ပုရိသဒါနမျိုး၌ ပါဝင်သောပစ္စည်းအတိုင်း စင်ကြယ် မွန်မြတ်သော အခါကာလအားလျော်စွာ လျောက်ပတ်သော အလှူခံရမည့် သံဃာတော်များနှင့် အပ်စပ်သော အဖျော်၊ ဘောဇဉ်တို့ကို "ဤအလှူဒါနသည် ဆွေမျိုးဖြစ်သော အသင် ပြိတ္တာတို့အား ဖြစ်စေသတည်း။ ဆွေမျိုးပြိတ္တာတို့သည် ချမ်းသာကြစေကုန်သတည်း"ဟု ရည်သန်၍ ပေးလှူကြကုန်၏။

ယင်းသို့ ပေးလှူကြကုန်သည်ရှိသော် ဆွေမျိုးဖြစ်သော ပြိတ္တာတို့သည် ထိုအရပ်သို့ စုရုံး ရောက်ရှိလာကြပြီး များစွာသော ထမင်းအဖျော်အလှူဒါန၌ လေးစားရိုသေ ဝမ်းမြောက်ဝမ်းသာဖြစ်ကြကုန်ပြီးလျှင် အလေးအနက် သာဓုခေါ်ကြကုန်၏။

ယင်းကဲ့သို့ ဆွေမျိုးတို့က ပေးလှူခြင်းကြောင့် စည်းစိမ်ချမ်းသာကို ငါတို့အကျိုးငှာလည်း ပူဇော်ကြကုန်၏။ ပေးလှူသူ ဆွေမျိုးတို့လည်း အကျိုးကြီးမြတ်ကုန်၏။ ငါတို့၏ ဆွေမျိုးတို့သည် အသက်ရှည်ကြပါစေကုန်သတည်းဟု ပြိတ္တာတို့က ပြန်လည်၍ ဆုတောင်းပတ္ထနာပြုကြကုန်၏။

တမလွန်ဘဝသို့ ရောက်ရှိသွားကြကုန်သော ပြိတ္တာတို့သည် လူ့ဘုံမှ ဆွေမျိုးတို့ ပေးအပ်သော ကုသိုလ်အဖို့ဘာဂ၏ အမျှပေးဝေမှုဖြင့်သာလျှင် ထိုပြိတ္တာဘုံ၌ မျှတကြကုန်၏။

ကုန်းမြင့်ရာအရပ်၌ ရွာသော မိုးရေသည် ချိုင့်ဝှမ်းများအရပ်သို့ စီးဆင်းသွားသကဲ့သို့၊ ဤ လူ့ဘုံမှ ပေးအပ်သော ကုသိုလ်အဖို့ဘာဂ၏ အမျှပေးဝေမှုသည်လည်း ပြိတ္တာတို့ထံသို့ ကပ်ရောက်၏။ မြစ်ရေ ချောင်းရေတို့သည် သမုဒ္ဒရာကို ပြည့်ပြင်စေကုန်သကဲ့သို့၊ လူ့ဘုံမှ ပေးအပ်သော ကုသိုလ်အဖို့ဘာဂ အမျှပေးဝေမှုသည် ပြိတ္တာတို့ထံ ကပ်ရောက်၍ ပြည့်စုံစေ၏။

ရှေးအခါက ဤသူသည် ငါတို့အား ပစ္စည်းဥစ္စာကို လှူဖူးပြီး၊ ငါ၏ ကျောင်းကျိုးဥစ္စာကို ပြုဖူးပြီး၍ သူ့ဆွေ



www.burmeseclassic.com

[illegible] ညည်းကောင်း၊ ဤသူသည် ငါ၏ ဆွေမျိုးတည်း၊ မိတ် [illegible]ည်း ငါ၏ ခင်ပွန်းတည်းဟူ၍ လည်းကောင်း၊ ရည်ကြာ [illegible]သော ကာလပတ်လုံး အောက်မေ့သတိရသော အလှူ [illegible] ပေးလှူရာ၏။

[illegible]ကြွေခြင်း၊ စိုးရိမ်သောကဖြစ်ခြင်း၊ ပြောဆိုမြည်တမ်း [illegible]သည် ပြိတ္တာတို့အကျိုးဟာ မဟုတ်ကုန်။ ပြိတ္တာတို့ [illegible] အကျိုးမရှိကုန်။ သို့သော် ဆွေမျိုးတို့သည်ကား [illegible]နေကြကုန်၏။

[illegible]မလွန်ဘဝသို့ ကူးပြောင်းသွားသောသူကို ရည်စူး [illegible]ဘာ၌ ကောင်းစွာတည်၍ သံဃိကဒါနအဖြစ် ပေးလှူ [illegible] ဤအလှူဒါနသည်သာလျှင် ပြိတ္တာတို့၌ ရည်ကြာလ[illegible] ကာလပတ်လုံး စီးပွားချမ်းသာအကျိုးဟာ တစ်ခဏ [illegible]ပ်ရောက်နိုင်သည်ဖြစ်၏။

[illegible]မလွန်ဘဝသို့ ကူးပြောင်းသွားသောသူကို ရည်စူး [illegible]လှူသော ဒါနကို ဆွေမျိုးတို့ ပြုအပ်သော တာဝန် [illegible]ဟူ၍ ငါဘုရား ညွှန်ပြအပ်၏။ ထိုသို့ ပေးလှူခြင်းဖြင့် [illegible]အား မြတ်သော ပူဇော်ခြင်းကို ပြုအပ်သည်လည်း [illegible] ရဟန်းတော်တို့အား ခွန်အားပေးအပ်သည်လည်း [illegible] ထို့ကြောင့် သင်တို့သည် ကြီးကျယ်သော ကုသိုလ် [illegible]ကို ပွားများ ဆည်းပူးအပ်၏ဟု ဟောတော်မူလေ [illegible]

[illegible]ဒေသနာတော်အဆုံး၌ ရှစ်သောင်း လေးထောင်သော [illegible]တို့သည် အကျွတ်တရား ရကြလေကုန်၏။

◈◈◈

[illegible]သာရမင်းကြီးသည် အတိတ်ဘဝက တော်စပ်ခဲ့ဖူး [illegible] ဆွေမျိုး ပြိတ္တာများအား ရည်စူး လှူဒါန်းရာ၌ -

(၁) မိမိ၏ ဆွေမျိုးဉာတိဖြစ်ခဲ့ဖူးသည်ကို ဘုရားရှင်မှ ညွှန်ပြတော်မူ၍ သေချာစွာ ရည်စူး လှူဒါန်းနိုင်ခြင်း၊
(၂) ပြိတ္တာများအနေဖြင့် သာဓုခေါ်နိုင်ရန် အသင့်စောင့်ဆိုင်းနေကြခြင်း၊
(၃) လှူဖွယ်ဝတ္ထုမှာ ဆွမ်း၊ သင်္ကန်းဖြစ်ခြင်း၊
(၄) အလှူခံ ပုဂ္ဂိုလ်မှာလည်း ဘုရားအမှူးရှိသော အရိယာ သံဃာတော်များ ဖြစ်ခြင်း…

[illegible]သော အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသောကြောင့် [illegible]များအနေဖြင့် ဗိမ္ဗိသာရမင်းကြီးလှူသော ကုသိုလ် [illegible]င်းမှုအဖို့ဘာဂကို သာဓုခေါ်နိုင်ပြီး ကောင်းကျိုးချမ်းသာ [illegible]သာများ ချက်ချင်းပင် ရရှိခံစားသွားနိုင်ကြခြင်းဖြစ်သည်။

ကွယ်လွန်ပြီးနောက် ပြိတ္တာဘုံဘဝသို့ ရောက်ရှိသွားရသူများအတွက် ရည်စူး၍ ပေးလှူသော ဒါနကို ပေတဒါန (ပြိတ္တာဒါန)ဟု ခေါ်ပါသည်။ ထိုသို့ ပေးလှူရာ၌ အောက်ပါ အင်္ဂါရပ်များ ညီညွတ်ရန် လိုပါသည်။

(က) ကွယ်လွန်သူ မည်သူ့အတွက်ဟူ၍ သေချာစွာ ရည်စူး၍ ပေးလှူခြင်း၊
(ခ) ကွယ်လွန်သူကိုယ်တိုင်မှာ တမလွန်ဘဝ သာဓုခေါ်ဆိုနိုင်သော ဘုံဘဝ၌ ရှိနေခြင်း၊
(ဂ) အလှူခံ ပုဂ္ဂိုလ်မှာ သီလရှိသော ရဟန်း၊ သီလဝန္တရဟန်း(သို့မဟုတ်)သံဃိကအလှူဖြစ်ခြင်း၊
(ဃ) လှူဖွယ်ဝတ္ထုမှာလည်း ဘုရားရှင် ခွင့်ပြုထားသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသည်တို့ဖြစ်ခြင်း စသော အင်္ဂါရပ်တို့နှင့် ပြည့်စုံညီညွတ်ရန် လိုပါသည်။

ပေတဒါနခေါ် မိမိ၏ ပဋ္ဌာန်းဆက်များအတွက် ဆွမ်းကပ်လှူ ပူဇော်လိုသူတို့သည် ရှေးဦးစွာ မိမိနှင့် နီးစပ်သော တန်ခိုးကြီးဘုရားတစ်ဆူသို့သွားရောက်ပြီး မိမိလှူဒါန်းဒါနပြုလိုသူတို့အတွက် အောက်ပါအတိုင်း ဖိတ်ခေါ်ရပါမည်။

"ကျွန်ုပ်တို့ မိသားစုနှင့် ဘဝအဆက်ဆက်က ဆွေမျိုးတော်စပ်ခဲ့သော သိုက်ဆက်၊ ပဋ္ဌာန်းဆက်၊ ဘုမ္မိဆက်များကို ကျွန်ုပ်(------------)နေ့သားမှ ဖိတ်ကြားအပ်ပါသည်။ မနက်ဖြန်နံနက် (------------)အချိန်တွင် သင်တို့အတွက် ရည်စူး၍ ဘုရားရှင်အား ဆွမ်းကပ်လှူ ပူဇော်မည်ဖြစ်ပါသဖြင့် (------------)ဘုရားသို့ ကြွရောက် သာဓုအနုမောဒနာ ခေါ်ကြပါရန် ဖိတ်ခေါ်ပါသည်ဟု သုံးကြိမ်ရွတ်ဆိုပါ။

နောက်တစ်နေ့နံနက် (------------)အချိန်တွင် ဘုရားသို့ သွားရောက်ပြီး ဆွမ်းကပ်လှူရပါမည်။ ဆွမ်းကပ်လှူ ပူဇော်ရာ၌…

(၁) စားပွဲခင်းတစ်ခု
(၂) လက်သုတ်ပဝါတစ်ခု
(၃) ထမင်းစားသော ပန်းကန်ပြားအကြီးတစ်ချပ်
(၄) ဇွန်းတစ်ချောင်း
(၅) သောက်တော်ရေတစ်ခွက်
(၆) ဖယောင်းတိုင်
(၇) အမွှေးတိုင်
(၈) ပန်းသုံးမျိုး
(၉) သစ်သီးသုံးမျိုး
(၁၀) အခြား မိမိထည့်၍ ပူဇော်လိုသည့်ပစ္စည်း (သင်္ကန်း စသည်)။

ပန်းကန်ပြားထဲတွင် ဆွမ်းထည့်ပါ။ ထို့နောက် လှူ[illegible]



www.burmeseclassic.com

www.burmeseclassic.com

လိုသည့် သစ်သီးများကို ခွဲစိတ်၍ထည့်ပါ။ ပန်းသီးဆိုလျှင် အခွံခွာ၍ ခွဲစိတ်ထည့်ပါ။ လိမ္မော်သီးဆိုလျှင် အခွံခွာ၍ အပေါ်ယံမှ အမျှင်များကို ဖယ်ထုတ်ပြီး တစ်မြွာစီ ခွဲထည့်ပါ။ သခွားသီးဆိုလျှင် အခွံခွာ၍ အစေ့များ ဖယ်ထုတ်ပြီး အတုံးများ တုံး၍ ထည့်ပါ။

လူတို့ စားသောက်ရန် ပြင်ဆင်ထားသကဲ့သို့ ဖွယ်ဖွယ်ရာရာ ပြင်ဆင်ရမည်။ သက်သတ်လွတ်ဆွမ်း၊ သစ်သီးဆွမ်းဖြစ်၍ အသား လုံးဝ မပါရပါ။

ပန်းသုံးမျိုးတွင် သပြေပန်းတစ်မျိုးပါဝင်ပြီး ကျန် ပန်းများကို နှင်းဆီ၊ စပယ်၊ မေမြို့ ဂန္ဓမာ စသည့် ရာသီအလိုက် ပေါ်သော ပန်းများကို အရွက်များ ကြည့်ကောင်းအောင် ခြွေ၍ ထည့်ရမည်။ အပေါက်အပြ အကျိုးများကို ဖယ်ထုတ်ပါ။ ကြိုးစည်းထားသည့်အတိုင်း မလှူရ။

အားလုံး ပြင်ဆင်ပြီးလျှင် စားပွဲခင်းပါ။ မိမိပြင်ဆင်ထားသော ဆွမ်းနှင့် သစ်သီးပန်းကန်(အားလုံး ရောထည့်၍ရပါသည်) ကို ဆွမ်းပွဲတွင် ဇွန်းတပ်လျက် စားပွဲအလယ်၌ တင်ထားပါ။

သောက်တော်ရေနှင့် ပန်းအိုးကို ဆွမ်းပွဲရှေ့တွင် ထားပါ။ မိမိလှူလိုသော သင်္ကန်း၊ ထီး၊ ဖိနပ် စသည်တို့ကို ဆွမ်းပွဲဘေးတွင် တင်ထားပါ။ လက်သုတ်ပဝါကို ဆွမ်းပွဲနောက်တွင် တင်ထားပါ။

ဖယောင်းတိုင်နှင့် အမွှေးတိုင် သုံးတိုင် (သို့မဟုတ်) ငါးတိုင်စီ ထွန်းပါ။ ငါးပါးသီလ (သို့မဟုတ်) ရှစ်ပါးသီလကို ဆောက်တည်ပါ။ ပြီးလျှင် ဤသို့ လျှောက်တင်ပါ။

"ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီးဘုရား・・・ တပည့်တော်(---------------)နေ့သားသည် ဆွေတော် မျိုးတော်၊ သိုက်ဆက်၊ ပဋ္ဌာန်းဆက်၊ ဘုမ္မိဆက်တို့အတွက် ရည်စူး၍ ဤ မွန်မြတ်လှစွာသော ဆွမ်းခဲဖွယ်ဘောဇဉ်၊ ပန်း၊ သောက်တော်ရေ၊ အမွှေးနံ့သာ၊ သင်္ကန်း စသည်တို့ကို အရှင်မြတ်အား ကပ်လှူ ပူဇော်ပါသည်။ ထိုဆွေတော် မျိုးတော်တို့အား ချီးမြှောက် ထောက်ပံ့သောအားဖြင့် ဘုဉ်းပေးသုံးဆောင်တော်မူပါ အရှင်မြတ်ကြီးဘုရား"

ဟု ကပ်လှူ ပူဇော်ပြီး သက်ရှိထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မိမိပေးလှူသော ဆွမ်း အစရှိသည်တို့ကို လက်ခံ ဘုဉ်းပေး သုံးဆောင်တော်မူနေသည်ဟု အာရုံပြုကာ၊ မိမိစိတ်ထဲတွင် ကြည်နူးဝမ်းမြောက်နေပါစေ။

နာရီဝက်ခန့်အကြာတွင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဆွမ်းဘုဉ်းပေး သုံးဆောင်တော်မူပြီးပြီဟု မှတ်ယူ၍၊ ထိုကောင်းမှုအဖို့ဘာဂကို မိမိပင့်ဖိတ်ထားသော ဆွေတော် မျိုးတော် သိုက်ဆက်၊ ပဋ္ဌာန်းဆက်၊ ဘုမ္မိဆက်များအား အမျှပေးဝေပါ။

"ယခု ကျွန်ုပ်(-------------)နေ့သားသည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ပေးလှူရသည့် ဤ ဆွမ်း၊ သင်္ကန်း၊ ပန်း၊ ဆီမီး၊ သောက်တော်ရေ၊ အမွှေးနံ့သာ စသည်တို့အတွက် ရရှိအပ်သော ကုသိုလ်ကောင်းမှု အဖို့ဘာဂကို ဘဝအဆက်ဆက်မှ ကျွန်ုပ်၏ ဆွေတော် မျိုးတော်၊ သိုက်ဆက်၊ ပဋ္ဌာန်းဆက်၊ ဘုမ္မိဆက်တို့အား လည်းကောင်း၊ ဤဘုရားပရိဝုဏ်အတွင်း၌ မှီတင်းနေထိုင်ကြကုန်သော မြင်အပ်မမြင်အပ်သော ပုဂ္ဂိုလ်တို့အား လည်းကောင်း၊ အမျှပေးဝေပါ၏။ ဤကုသိုလ်ကောင်းမှုအဖို့ဘာဂကို ကျွန်ုပ်နှင့် ထပ်တူထပ်မျှ အမျှ・・・အမျှ・・・အမျှ ရရှိကြပါစေသတည်း။ သာဓု・・・သာဓု・・・သာဓု"

; ဟု အမျှသုံးကြိမ်ပေးဝေပြီးလျှင် ဆွမ်း၊ သောက်တော်ရေ၊ ပန်း စသည်တို့ကို ဆွမ်းတော်စွန့်ပစ်သည့် နေရာတွင် သွားရောက်၍ စွန့်ပစ်ပါ။ သင်္ကန်း စသည်ကိုမူ ဆရာတော်တစ်ပါးပါးအား ကပ်လှူပါ။

အထူးသတိပြုရမည်မှာ ဤဆွမ်းကို ကပ်လှူရာ၌ မိမိအိမ်တွင် မပြုလုပ်ရပါ။ တန်ခိုးကြီးဘုရားတစ်ဆူဆူတွင်သာ သွားရောက်လှူဒါန်းရမည်ဖြစ်ပါသည်။

ဤဆွမ်းကပ်လှူ ပူဇော်ခြင်းသည် မိမိအတွက် ရည်စူးကပ်လှူ ပူဇော်ခြင်း မဟုတ်။ အတိတ်ဘဝမှ တော်စပ်ခဲ့သော ဆွေမျိုး၊ ညီအစ်ကိုမောင်နှမ၊ မိဘများ၊ လက်ရှိဘဝတွင် တော်စပ်သော ညီအစ်ကိုမောင်နှမ၊ မိဘများအနက်မှ ကွယ်လွန်အနိစ္စရောက်ရှိသွားခဲ့သူများအတွက် ရည်စူးကပ်လှူ ပူဇော်ခြင်းဖြစ်သည့်အတွက် ထိုသူတို့အတွက်သာ ရည်စူး၍ ဆုတောင်းပေးရပါမည်။ မိမိအတွက် ဆုတောင်းရန် မလိုပါ။

□

ကျမ်းကိုး

- ကျိုးသဲလေးထပ် ဆရာတော်ဘုရားကြီး၏ ဓိနတ္တ ပကာသနီကျမ်း။
- တက္ကသိုလ် သျှင်သီရိ၏ ပြိတ္တာလောက ဖြစ်ရပ်ဆန်းများ။
- စုဋ္ဌသေဋ္ဌီ ပေတဝတ္ထု။




www.burmeseclassic.com

www.burmeseclassic.com

# မဟာသတိပဋ္ဌာန်သုတ်နှင့် နယူးဒေလီ

မောင်သာ (ရေးဟောင်းသုတေသန)



သက်သနဂိုမှ နယူးဒေလီသို့ သွားကြမည်ဆိုသဖြင့် ဘုရားဖူးများ တက်ကြွနေကြသည်။ အိန္ဒိယနိုင်ငံ၏ မြို့တော် နယူးဒေလီတွင် လည်ပတ်ကြည့်ရှုကာ ဈေးဝယ်ထွက်ကြရသည့် အခွင့်အရေးကို အမျိုးသမီးများက ပျော်ရွှင်နေပုံရကြသကဲ့သို့ ကျွန်တော်တို့ အမျိုးသားများလည်း ပျော်ရွှင်နေကြသည်သာဖြစ်ပါသည်။


နယူးဒေလီသည် ကျွန်တော်တို့ ရောက်ရှိနေသည့် သက်သမှ (၂၈၇) မိုင်ကွာဝေးပြီး လမ်းတွင် ရပ်နားမည့် အာဂရာသည် သက်သမှ (၁၆၂)မိုင် ကွာဝေးသည်။ နယူးဒေလီသို့ တစ်နေကုန်နီးပါးသွားကြရမည်ဖြစ်သောကြောင့် ကျွန်တော်တို့ "သာကီနွယ်"ဘုရားဖူးကား နှစ်စီးသည် သက်သမှ နံနက်စောစော ထွက်လာခဲ့ကြသည်။ သက်သမှ ထွက်လာခဲ့ချိန်တွင် မြူများ ဆိုင်းကာ အေးစိမ့်နေခဲ့သည်။ ဆောင်းရာသီသည် ကျွန်တော်တို့ ဘုရားဖူးအဖွဲ့ဝင်များအား အေးအေးစက်စက် နှုတ်ဆက်နေသည့်နှယ်ပင်။ နယူးဒေလီသို့ မရောက်မီ ကမ္ဘာကျော် တာ့ဂ်ျမဟာနှင့် အာဂရာ ခံတပ်များသို့ ဝင်ရောက်လည်ပတ်မည်ဆိုသဖြင့် ကျွန်တော်တို့အားလုံး စိတ်ဝင်စားမိကြပါသည်။ ကျွန်တော်တို့ ဘုရားဖူးအဖွဲ့တွင် တာ့ဂ်ျမဟာသည် ဗုဒ္ဓဘာသာနှင့် မသက်ဆိုင်သော အဆောက်အဦဖြစ်သဖြင့် မကြည့်ရှုလိုကြသူများလည်း ပါရှိခဲ့ပေသည်။

ကားပေါ်တွင် အိပ်ပျော်လိုက်၊ နိုးလိုက်ဖြင့် လိုက်ပါလာသည့် ကျွန်တော်တို့သည် အာဂရာ မရောက်မီ လမ်းတစ်နေရာတွင် ခေတ္တရပ်နားကြရပါသည်။ ထိုနေရာသည် အဝေးပြေး လမ်းမကြီး၏ တိုးဂိတ်တစ်ခုအနီးတွင် တည်ရှိနေသည်ကို သတိပြုမိခဲ့ပါသည်။ အိန္ဒိယနိုင်ငံရှိ အဝေးပြေးလမ်း ယာဉ်ဖြတ်သန်းခ ကောက်ခံရေးစခန်း(တိုးဂိတ်)များသည် မြန်မာပြည်မှ ဂိတ်များကဲ့သို့ လုပသစ်လွင်မှု မရှိကြပါချေ။ သို့သော်လည်း ဖြတ်သန်းကောက်ခံသည့် ဝန်ထမ်းများ ထိုင်နေသည့် ဂိတ်ရုံလေးများကို သံပိုက်လုံးအကွေးများဖြင့် နှစ်ဖက်ကာရံထားသည်။ မတော်တဆ မော်တော်ယာဉ်က ဂိတ်ကို ဝင်ရောက်တိုက်မိခဲ့ပါက ငွေကောက်ခံနေသည့်




www.burmeseclassic.com

www.burmeseclassic.com







ဝန်ထမ်းအား တစ်စုံတစ်ရာထိခိုက်မှု မရှိစေရန် ရည်ရွယ်ထားဟန်တူပေသည်။

အဝေးပြေး လမ်းမကြီးသည် မြန်မာနိုင်ငံမှ ရန်ကုန်-မန္တလေး အမြန်လမ်းမထက် များစွာကျယ်ဝန်းကာ ငွေကောက်ခံဂိတ် ရှစ်ခုခန့်ရှိပြီး အဝေးပြေးလမ်းမကြီးကလည်း ရှစ်လမ်းသွားဖြစ်သည်။ လမ်းမကြီးက ကတ္တရာသား ကောင်းမွန်ချောညက်နေပြီး လမ်းလယ်ကျွန်းများ ပြုလုပ်ထားခြင်းကို မမြင်ခဲ့ရပါချေ။

တိုးဂိတ်မရောက်မီ ကျောက်မီးသွေးများ တင်ထားသည့် ကားများနှင့် လမ်းဘေးတွင် ပုံထားသော ကျောက်မီးသွေးများကို မကြာခဏ မြင်ရသဖြင့် ဧည့်လမ်းညွှန်ကို အားပေါ်ကို မေးကြည့်မိပါသည်။

"ဒီနေရာတစ်လျှောက်က အိန္ဒိယမှာ ကျောက်မီးသွေးအထွက်ဆုံး နေရာတွေပဲ အန်ကယ်"

"ကျောက်မီးသွေးကို အိန္ဒိယမှာ ဘယ်နေရာတွေမှာ သုံးလဲဗျ"

"အများကြီးသုံးတယ် အန်ကယ်။ စက်ရုံ၊ အလုပ်ရုံတွေမှာ သုံးသလို၊ အိမ်တွေမှာလည်း သုံးကြတယ်။ စားသောက်ဆိုင်တွေမှာလည်း သုံးကြတယ်"

ဟု ကိုအားပေါ်က ရှင်းပြသည်။

ကမ္ဘာပေါ်တွင် လူဦးရေ ဒုတိယအများဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံတွင် လောင်စာစီမံခန့်ခွဲမှုသည် အလွန်အရေးကြီးသော တာဝန်တစ်ခုဖြစ်ပေလိမ့်မည်။ ကျေးလက်များတွင် နေကြသူ အများစုသည် ကျွန်တော်တို့ ငယ်စဉ်က ကဲ့သို့ ရေနံဆီကို အသုံးပြုကြကြောင်း သိရှိရသည်။ ကျွန်တော် ငယ်စဉ်က မြစ်ဝကျွန်းပေါ် မြို့ငယ်လေးတစ်ခုတွင် နေထိုင်ကြီးပြင်းခဲ့ရပြီး နေ့စဉ် ချက်ပြုတ်ရေးကိစ္စများအတွက် ထင်းများကို အသုံးပြုရသကဲ့သို့ ရေနံဆီကိုလည်း အစိုးရက တစ်ပတ်တစ်ကြိမ် ရောင်းချပေးသည်ကို မှတ်မိနေပါသည်။ ထိုစဉ်က ကျွန်တော်တို့အရပ်ဒေသတွင် မီးသွေးကို လက်ဖက်ရည်ဆိုင်များတွင်သာ သုံးကြပြီး လူနေအိမ်များတွင် အသုံးမပြုခဲ့ကြပါချေ။

တစ်ခါတစ်ရံတွင်လည်း လမ်းပေါ်တွင် ထင်းစည်းများ ရွက်လာကြသည့် အမျိုးသမီးများကို တွေ့ရသဖြင့် ထင်းကိုလည်း အသုံးပြုကြကြောင်း သိနိုင်ပေသည်။ အညာဒေသများတွင် ထင်းစည်းများ ရွက်လာလေ့ရှိသည့် ကျေးလက်တောရွာသူများကို ကျွန်တော် အမှတ်ရမိပါသည်။

"ကျွန်တော်တို့ နေ့လယ်စာ အရင်စားကြဖို့ စီစဉ်ထား ပါတယ်။ ထမင်းစားပြီးမှ ဗောဓိဂယာကို သွားကြပါမယ်"

ဟု ကိုအားပေါ်က ဘုရားဖူးများကို ရှင်းပြသည်။

"ဗောဓိဂယာကို ရောက်ရင် မလိုက်ချင်တဲ့သူတွေက

www.burmeseclassic.com

အပြင်မှာ နေခဲ့လို့ ရပါတယ်။ ကျွန်တော်တို့ ဆိုင်တစ်ဆိုင်မှာ နေရာချပေးခဲ့ပါမယ်။ လက်ဖက်ရည်တွေ၊ မုန့်တွေ စားပြီး စောင့်နေပါ။ ကျွန်တော်တို့ ပိုက်ဆံရှင်းပါမယ်"

ဟု ပြောနေစဉ် ကျွန်တော်တို့ကားများသည် စားသောက်ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လိုက်ပါသည်။

"အခုရပ်မယ့် နေရာကတော့ အာဂရာက ထမင်းဆိုင် ဖြစ်ပါတယ်"

ကားပေါ်မှဆင်းကာ ဆိုင်ခန်းအနောက်ဘက်ရှိ ခန်းမကျယ်တစ်ခုအတွင်းသို့ ဝင်ကြရပါသည်။ ဆိုင်အမည်များကို အိန္ဒိယစာများဖြင့် ရေးထားသဖြင့် ကျွန်တော်တို့ မသိရှိခဲ့ကြ ခဲ့ သည်။ သသောများကို သီးသန့် တစ်နေရာတွင် သီတင်းသုံးစေပြီး ထိုင်ခုံတန်းညွှန်များက ဆွမ်းကပ်ကြပါသည်။ ဘုရားဖူးများက ခန်းမကျယ်ကြီး၏ တစ်ဖက်စီတွင် မျက်နှာချင်းဆိုင်ထိုင်ကာ ထမင်းစားကြရပါသည်။ ကျွန်တောတို့အဖွဲ့ကို ဘုန်းတော်ကြီးကျောင်းမှ ချက်လာသည့် ထမင်းဟင်းများဖြင့် ကျွေးမွေးပြီး ဆိုင်မှ ပဲဟင်းများကို ထပ်မံ၍ မှာပေးသဖြင့် စားလို့ ကောင်းခဲ့ကြပါသည်။ ကြက်ကြော်များကို အလှုံပယ် စားခဲ့ရသည်ကို မှတ်မိခဲ့ပါသည်။ အိန္ဒိယတွင် ကြက်သား အလွန်စျေးပေါသည်ဟု သိရှိရပေသည်။ ထို့ကြောင့်လည်း ခရီးတစ်လျှောက် ကြက်သားကိုသာ အများဆုံး စားရသည်။


ကျွန်တော်တို့တွင် ထမင်းဟင်းများ ပါလာခဲ့သဖြင့် ဆိုင်မှ အခန်းနှင့် ပန်းကန်ခွက်ယောက်များကို ငှားရမ်းရသည် ဟု သိရှိရပါသည်။ ထမင်းစားသောက်ပြီး ကျွန်တော်တို့ အားလုံး အာဂရာရှိ တာ့ဂျ်မဟာဆီသို့ ထွက်ခွာလာခဲ့ကြပါသည်။



## တာ့ဂျ်မဟာ

ကမ္ဘာ့အံ့ဖွယ် ခုနစ်ခုတွင် အပါအဝင်ဖြစ်သည့် တာ့ဂျ်မဟာသည် အိန္ဒိယနိုင်ငံအတွက် ဝင်ငွေများစွာ ရရှိစေသည့် နေရာဖြစ်ပြီး နေ့စဉ် ပြည်တွင်းပြည်ပ ခရီးသည်များနှင့် ပြည့်နေသည်။

အာဂရာမြို့သည် အိန္ဒိယနိုင်ငံ၏ မြို့ကြီးတစ်မြို့ဖြစ်သော်လည်း အိုးအိမ်တိုက်တာ ကြီးကြီးမားမား၊ မြင့်မြင့်မားမား များကို မတွေ့ရဘဲ အထပ်နိမ့် တိုက်တာများနှင့် အိမ်ပုလေးများကိုသာ အများဆုံး တွေ့ကြရသည်။ ကျွန်တော်တို့သည် တာ့ဂျ်မဟာရှိရာဆီသို့ ကားကို ဦးတည် မောင်းနှင်လာခဲ့ကြရာ လမ်းတစ်လျှောက်နှင့် အပြိုင်တည်ရှိနေသည့် အာဂရာ ခံတပ်ဟောင်းကို





www.burmeseclassic.com

www.burmeseclassic.com


ကားပေါ်မှ တွေ့မြင်ကြရသည်။ အာဂရာ ခံတပ်သည် ကမ္ဘာ့ကုလသမဂ္ဂ၊ ယူနက်စ်ကိုအဖွဲ့၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံထားရသည့် ရှေးဟောင်း အဆောက်အဦတစ်ခုဖြစ်ပြီး တာ့ဂျ်မဟာမှ အနောက်မြောက်ဘက် (၂)ဒသမ(၅)ကီလိုမီတာ ကွာဝေးသည်။ အာဂရာ ခံတပ်ကို မဂိုမင်းဆက်လက်ထက်၊ အေဒီ ၁၁ ရာစုက တည်ဆောက်ခဲ့သည်။ ကျွန်တော်တို့သည် အာဂရာ ခံတပ်ရိုးကို ကားပေါ်မှ ကြည့်ခဲ့ကြကာ ကားကို ဆက်မောင်းလာခဲ့ရာ မိနစ်အနည်းငယ်အတွင်း တာ့ဂျ်မဟာသို့ ဝင်သည့်နေရာသို့ ရောက်ရှိခဲ့ကြသည်။

ထိုနေရာမှ တာ့ဂျ်မဟာသို့ သွားရန် တစ်မိုင်နီးပါးဝေးသဖြင့် ကားများကို ရပ်ပြီးနောက် တာ့ဂျ်မဟာ ဝင်ပေါက်သို့ လျှပ်စစ်ကားငယ်များကို စီးကြရသည်။ ထိုနေရာတွင် ကုလားအုတ်ဆွဲသည့် လှည်းများဖြင့်လည်း သွားနိုင်သည်။ မြန်မာနိုင်ငံတွင် မမြင်တွေ့ရသည့် လည်တံရှည်လျားသော ကုလားအုပ်ကြီးများကို အနီးကပ် မြင်တွေ့ခဲ့ကြရသည်။ ဦးမြင့်ဆွေ၊ ဦးအေးသောင်း၊ ဦးဝင်းရွှေနှင့် ကျွန်တော် အဘိုးကြီးလေးယောက်သည် လျှပ်စစ်ကားငယ်တစ်စီးပေါ် တက်ကာလိုက်ပါခဲ့ကြသည်။

တာ့ဂျ်မဟာ အမှတ်တရပစ္စည်းများ ရောင်းချသည့်သူများသည် အလွန်များပြားလှကာ၊ ကျွန်တော်တို့ ကားနောက်သို့ ပြေးလိုက်၍ ရောင်းချသည့် ကလေးငယ်များကို တွေ့ရှိကြရသည်။ ဧည့်လမ်းညွှန်များက တာ့ဂျ်မဟာအတွင်း မည်သည့်ပစ္စည်းမှ ယူသွား၍မရကြောင်းနှင့် လက်ဆောင်ပစ္စည်းများကို တာ့ဂျ်မဟာမှ ပြန်ထွက်လာမှ ဝယ်ယူကြရန် မှာထားသဖြင့် ကျွန်တော်တို့ မည်သည့်အရာမှ မဝယ်ခဲ့ကြပါ။

သုံးမိနစ်ခန့်သာ မောင်းနှင်ရပြီး တာ့ဂျ်မဟာသို့ ဝင်ရမည့် အပေါက်သို့ ကျွန်တော်တို့ စီးနင်းလာသည့် လျှပ်စစ်ကားလေး ရောက်ရှိခဲ့သည်။ ကျွန်တော်တို့အားလုံး ဂိတ်ဝတွင် စုရပ်နေကြသည်။ အတွင်းသို့ မလိုက်မည့်သူများကို အနီးရှိ ဆိုင်တစ်ဆိုင်သို့ ကိုဖြိုးဝေက လိုက်ပို့ပေးနေချိန်တွင် ကိုအားပေါ်က ကျွန်တော်တို့အတွက် လက်မှတ်သွားဝယ်သည်။ အိန္ဒိယနိုင်ငံသားများအတွက် တာ့ဂျ်မဟာ ဝင်ကြေးသည် ရူပီး (၂၀)သာဖြစ်ပြီး ပြည်ပနိုင်ငံသားများကိုမူ ရူပီး (၅၀၀)ကောက်ခံရာ မြန်မာငွေဖြင့် တစ်သောင်းနှင့် ညီမျှသည်။ သို့သော် အိန္ဒိယနိုင်ငံသားများသည် လူဝင်ဂိတ်များတွင် တန်းစီကြရပြီး ပြည်ပနိုင်ငံသားများအား တန်းစီရန် မလိုဘဲ တိုက်ရိုက်ဝင်ခွင့်ပေးထားသည်။

ဝင်းအဝတွင် လူတစ်ဦးချင်းကို စေ့စေ့စပ်စပ် ရှာဖွေပြီးမှ ဝင်ခွင့်ပြုသည်။ ဧည့်လမ်းညွှန်များက လည်ပတ်ချိန် တစ်နာရီသတ်မှတ်ပေးပြီး ဤနေရာတွင် ပြန်ဆုံကြရန် ချိန်းဆိုပြီး ကျွန်တော်တို့ ကိုယ့်အစီအစဉ်နှင့်ကိုယ် ဝင်းအတွင်း သွားခဲ့ကြပါသည်။ ကမ္ဘာပေါ်တွင် အထင်ရှားဆုံးသော အချစ်၏ သင်္ကေတအဆောက်အဦအဖြစ် ထင်ရှားသည့် တာ့ဂျ်





www.burmeseclassic.com

www.burmeseclassic.com

မဟာသည် အိန္ဒိယနိုင်ငံ၊ အာဂရာပြည်နယ်၊ ယမုနာမြစ်၏ တောင်ဘက်ကမ်းပေါ်တွင် တည်ရှိသည်။ ဆင်စွယ်ကဲ့သို့ ဖြူစွတ်နေသည့် မာဘယ်ကျောက်တုံးများဖြင့် ပြုလုပ်ထားသည့် တာ့ဂ်ျမဟာကို နန်းတော်တို့၏ သရဖူဟု ပါရှန်တို့က တင်စားကြသည်။

တာ့ဂ်ျမဟာကို မဂိုအင်ပါယာဘုရင် ရှားဂျာဟန် (၁၆၂၈-၁၆၅၈)က ၁၆၃၂ ခုနှစ်တွင် ဇနီးဖြစ်သူ၏ ဂူဗိမာန်အဖြစ် ဆောက်လုပ်ခဲ့ရာ တာ့ဂ်ျမဟာသည် ယခုအချိန်တွင် ကမ္ဘာ့အံ့ဖွယ်စာရင်းဝင်ခဲ့ရုံသာမက၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ခြင်း ခံခဲ့ရသည်။ မိဖုရားဂူဗိမာန်ကို (၄၂)ဧက ကျယ်ဝန်းသည့် မြေကွက်အလယ်တွင် တည်ဆောက်ထားခဲ့ပြီး ဂူဗိမာန်အနီးတွင် အစ္စလာမ်ဘာသာဝင်များ ဝတ်ပြုဆောင်တစ်ခုနှင့် ဧည့်ရိပ်သာတစ်ခုတည်ရှိကာ ဂူသုံးဘက်ပတ်လည်ကို ပန်းဥယျာဉ်များ ပြုလုပ်ထားသည်။


နှင်းများ ဝေကာ အေးစိမ့်နေသည့် အာဂရာ မွန်းတည့်ချိန်တွင် ကမ္ဘာအနှံ့မှ လာရောက်လည်ပတ်ကြသည့် လူမျိုးပေါင်းစုံ ဧည့်သည်များကို တာ့ဂ်ျမဟာဝင်းအတွင်း နေရာတိုင်းတွင် တွေ့ကြရသည်။ ဓာတ်ပုံများ ရိုက်နေသူများကို နေရာတိုင်း မြင်ကြရသကဲ့သို့၊ ကျွန်တော်တို့ ဘုရားဖူးများသည်လည်း အမှတ်တရဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။ ဓာတ်ပုံများတွင်သာ မြင်ဖူးခဲ့ရသည့် ကမ္ဘာကျော် တာ့ဂ်ျမဟာ အဆောက်အအုံကြီးကို မြင်တွေ့ရချိန်တွင် အိန္ဒိယ ဗိသုကာ လက်ရာများကို အံ့ဩမိခဲ့သည်ကား အမှန်ပင်ဖြစ်ပါ၏။

သင်္ချိုင်းဂူအတွင်းသို့ ဂိတ်မှ ပေးထားသည့် ပလတ်စတစ် အိတ်ဖြူများကို မိမိတို့ စီးထားသည့် ဖိနပ်များတွင် စွပ်ပြီးမှ ဝင်ကြရသည်။

တာ့ဂ်ျမဟာပေါ်သို့ တက်ရောက်သည့် ကျောက်ဖြူလှေကားတွင် ထွားကျိုင်းသော အိန္ဒိယအမျိုးသားတစ်ဦးက ဖိနပ်အစွပ်စွပ်ရန် တောက်လျှောက်ပြောနေသည်။

သင်္ချိုင်းဂူ၏ အနောက်ဘက်တွင် ယမုနာမြစ်ကို မြင်ကြရသည်။ ကျွန်တော်တို့သည် တာ့ဂ်ျမဟာအတွင်း လှည့်လည် ကြည့်ရှုကြပြီး ပြန်ဆင်းခဲ့ကြပါသည်။ ကျွန်တော်တို့ အဘိုးကြီးလေးယောက် ဂိတ်ဝသို့ တဖြည်းဖြည်းပြန်လျှောက်လာခဲ့ကြကာ၊ အဝတွင် ကျန်လူများကို ခေတ္တ စောင့်ဆိုင်းခဲ့ပြီး အားလုံးပြန်ထွက်ခဲ့ကြပါသည်။ တာ့ဂ်ျမဟာ ထွက်ပေါက်အပြင် ဆွဲကြိုးများ၊ လက်ကောက်များ၊ နာရီများ စသည့် လက်ဆောင်ပစ္စည်းရောင်းချသူများသည် အလွန်ပင် များပြားလှပေသည်။ စားသောက်ဆိုင်တွင် နေရစ်ခဲ့သူများကို သွားရောက်ခေါ်ဆောင်ခဲ့ပြီးနောက် ကျွန်တော်တို့ လျှပ်စစ်ကားလေးများဖြင့်ပင် အပြင်သို့ ပြန်ထွက်ခဲ့ကြပါသည်။

တာ့ဂ်ျမဟာရောက်ခိုက် မြန်မာနိုင်ငံမှ မဟာဗေဒင် မိတ်ဆွေများကို လက်ဆောင်ပေးရန် တာ့ဂ်ျမဟာ ပုံစံတူ ရုပ်လေးထည့်ထားသည့် ဖန်လုံးလေးများ ဝယ်ယူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောင်းချသူ ချာတိတ်များက တစ်လုံးလျှင် ရူပီး (၂၀၀)ဟု ပြောနေရာ အဆမတန် ဈေးပြောတတ်သည့် အိန္ဒိယနိုင်ငံမှ လမ်းဘေး ဈေးရောင်းသူများ၏ သဘာဝကို ရိပ်စားမိသဖြင့် ကျွန်တော်က…

"တစ်ခုကို ရူပီး (၂၀)ပေးမယ်"

ဟု ပြောလိုက်ပါသည်။

ရောင်းချသည့် ကလေးငယ်က ကျွန်တော့်ကို လက်ငါးချောင်းထောင်ပြရုံသာမက၊ "ငါးဆယ်ပေး"ဟု မြန်မာဘာသာဖြင့် ပြောသဖြင့် ကျွန်တော်က "နပဲး"ဟုပြောကာ လက်ခါပြလိုက်တော့ "ဘယ်နှခုလဲ"ဟု အင်္ဂလိပ်လို မေးပြန်သည်။

ကျွန်တော် လက်ငါးချောင်းထောင်ပြလိုက်ရာ သူက ခေါင်းညိတ်ပြီး သူ့အကျီထဲမှ တစ်လုံးပြီး တစ်လုံးထုတ်ကာ ပလတ်စတစ်အိတ်ဖြင့် ထုပ်ပေးလိုက်သည်။ ကျွန်တော့်ထံမှ ရူပီးတစ်ရာတန်တစ်ရွက်ရပြီးသည်နှင့် လှည့်ပင်မကြည့်တော့ဘဲ အခြားတစ်ယောက်ထံ ပြေးသွားလေတော့သည်။ (၂၀)ဖြင့် ရောင်းနိုင်သည့် ပစ္စည်းကို (၂၀၀)ဟု ဈေးခေါ်သည့် ဈေးသည်လေးကို ကျွန်တော် ကြည့်နေခဲ့မိပါသည်။

## နယူးဒေလီသို့

ကျွန်တော်တို့ ကားပေါ် ပြန်ရောက်ကြချိန်တွင် ဘုရားဖူးသူများအချင်းချင်း သူဝယ်တာ များသွားတယ်၊ ငါဝယ်တာ များသွားတယ် စသည်ဖြင့် ပြောဆိုကြရင်း တစ်ဦးနှင့် တစ်ဦး များ မိမိတို့ ဝယ်ယူလာသည့် ပစ္စည်းများကို ပြနေကြချိန်မှာပင်၊ ကားက နယူးဒေလီသို့ ထွက်ခွာခဲ့ပါသည်။ နယူးဒေလီသို့ မသွားမီ တာ့ဂျ်မဟာမှ အာဂရာသို့ ဦးစွာ ပြန်ထွက်ရပါသည်။ နယူးဒေလီသည် အာဂရာမှ အနောက်မြောက်ဘက် (၁၂၅) မိုင်ကွာဝေးသဖြင့် လေးနာရီဝန်းကျင် မောင်းနှင်ရမည်ဖြစ်သည်။

နယူးဒေလီရောက်မှ ဟိုတယ်တွင် တစ်ညနား၍ ဟိုတယ်မှာပင် ညစာစားကြမည်ဖြစ်သဖြင့် ကားကို မှန်မှန်နှင့် မြန်မြန်မောင်းခဲ့ကြပါသည်။ အာဂရာမှ လွန်သည်နှင့် နယူးဒေလီသို့ သွားသည့် အဝေးပြေး လမ်းမကျယ်ကြီးပေါ်သို့ တက်ခဲ့ကြရသည်။ လမ်းတွင် ကားကို တစ်နေရာတွင် ခေတ္တ ရပ်နားခဲ့သည်။ ထိုနေရာသည် ကောင်းမွန် ခမ်းနားသော ဆိုင်ကြီးတစ်ဆိုင်ဖြစ်သည်။ ထိုဆိုင်တွင် ကိုယ်လက်သန့်စင်ရန် သန့်ရှင်းသော သန့်စင်ခန်းများ ဆောက်လုပ်ပေးထားသည်။ ကားများလည်း အများအပြားရပ်ထားသည်ကို တွေ့ရသည်။




အိန္ဒိယသို့ ရောက်ကတည်းက အရွယ်ငယ်ငယ် မိန်းကလေးများကို မည်သည့်နေရာတွင်မှ မတွေ့ကြရဘဲ အမျိုးသားများကို တွေ့ခဲ့ကြရသည်။ နယူးဒေလီသို့သွားသည့် လမ်း၌ ရပ်နားသည့် ဆိုင်တွင်မှ ခရီးသွား မိန်းကလေးများကို စတင်တွေ့ရှိခဲ့ရသည်။ ရောင်စုံအဝတ်အစားများကို လှပစွာ ဝတ်ဆင်ထားသည့် မိန်းကလေးများသည် မြင်ရရုံဖြင့် ဆင်းရဲနွမ်းပါးသည့် အသိုင်းအဝန်းမှ မဟုတ်ကြောင်း ခန့်မှန်းနိုင်ပေသည်။

ကျွန်တော်လည်း မိန်းကလေးများကို အခုမှ တွေ့ရသဖြင့်…

"ကိုအားပေါ်ရေ… တစ်လမ်းလုံး ကောင်မလေးတွေ မမြင်ရဘဲ အခုမှ မြင်ရတော့တယ်နော်"

ဟု ပြောလိုက်မိပါသည်။

"ဟုတ်တယ် အန်ကယ်။ အိန္ဒိယကျေးလက်တွေမှာက မိန်းကလေးတွေက အိမ်တွင်းမှာပဲ နေရတယ်ဆိုတဲ့ ရှေးရိုးအစွဲတွေ ရှိနေကြတုန်းပဲမို့ မိန်းကလေးတွေက အပြင်မထွက်ကြဘူးလေ၊ မြို့တွေမှာတော့ ပညာသင်ကြ၊ အလုပ်လုပ်ကြတဲ့ မိန်းကလေးတွေ အများကြီးကို တွေ့ရမှာပါ"

ဟု ရှင်းပြပါသည်။

မှန်မှန်မြန်မြန် မောင်းနှင်လာသည့် ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

ကားသည် နယူးဒေလီသို့ စတင်ဝင်ရောက်လာသည် မြန်မြန်မောင်းနှင်၍ မရတော့ပါချေ။ လမ်းများက ဝန်းသော်လည်း ကားများက အလွန်များပြားလှသည်။ ပြည့်လောက် ကားများ ပိတ်ဆို့မနေသော်လည်း များသည် ခပ်ဖြည်းဖြည်းသာ မောင်းနှင်နိုင်ကြသည်။ ဒေလီမြို့တော်အတွင်း မဝင်မီ အဝေးပြေး လမ်းမကြီး ဝဲ-ယာနှစ်ဖက်တွင် မြင့်မားသော တိုက်ခန်းတွဲကြီးများ အများအပြား မြင်ကြရသည်။ ထိုအထပ်မြင့် တိုက်ခန်း သည် နယူးဒေလီမြို့တွင် လူနေမှု ကျပ်တည်းနေခြင်းအား ရန် တည်ဆောက်ထားခြင်းဖြစ်ကြောင်း လမ်းညွှန် အားပေါ်က ရှင်းပြခဲ့သည်။

မြို့တွင်းသို့ တဖြည်းဖြည်းရောက်လာသည်နှင့် ကား ပိုမိုများပြားလာသည်ဟု ထင်ရပေသည်။ ကားလမ်း အနီးမှ ဖြတ်သန်းသွားသည့် မီးရထားများကိုလည်း တွေ့ ကြရသည်။ ရုံးဆင်း ရုံးတက်ချိန်များတွင် သုံးမိနစ်လျှင် ရထားတစ်စီးထွက်ပေးသဖြင့် ရှေးယခင်က ဓာတ်ပုံများ တွင် မြင်ဖူးခဲ့သည့် အိန္ဒိယနိုင်ငံ မီးရထားများတွင် လူများ မတန် များပြားပြွတ်သိပ်နေသည့် မြင်ကွင်းကို မတွေ့ ရပါချေ။

မြို့တွင်းသို့ ဝင်ရောက်လာသည့်အခါ မြန်မာနိုင်ငံ၊ ကုန်မြို့ရှိ မြေအောက် သန့်စင်ခန်းများသို့ ဆင်းသည့် ဆောက်အဦပုံစံ ရုံလေးများကို မကြာခဏ တွေ့မြင်ရ သည်။ ယင်းတို့သည် မြေအောက် ရထားစီးနိုင်ရန် ဘူတာ ဆင်းရသည့် နေရာများဖြစ်ကြောင်း သိရှိရပေသည်။ မြေအောက် ရထားရုံလေးများကို တွေ့ရချိန်တွင် စင်ကာပူ နိုင်ငံမှ မြေအောက် ရထားရုံများကို သတိရလိုက်မိပါသည်။ စင်ကာပူနိုင်ငံမှ မြေအောက် ရထားဘူတာများသည် မြေပြင် ရှိ စူပါမားကက်ကြီးများနှင့် တစ်ဆက်တည်းတည်ဆောက် ထားကာ စင်ကာပူတစ်ကျွန်းလုံးကို ဖြန့်ကျက်ထားပြီး မောင်းသူ မဲ့ မြေအောက် ရထားများသည် သုံးမိနစ်လျှင် တစ်စီးပြေးဆွဲ သည်။

ကျွန်တော်တို့ တည်းခိုကြရမည့် ဟိုတယ်ဇုန်ရှိ အပြည်ပြည်ဆိုင်ရာ ဟိုတယ် (International Hotel)သို့ ရောက်ရှိချိန်တွင် မိုးအတော်မှောင်နေပြီဖြစ်ပါသည်။

ဟိုတယ်တွင် နားကြပြီး ထမင်းစားသောက်ပြီးချိန်တွင် ကျွန်တော်နှင့် ဦးမြင့်ဆွေသည် နယူးဒေလီ၏ ညမြင်ကွင်းကို ကြည့်ရှုရန် ဟိုတယ်အပြင်သို့ ထွက်ခဲ့ကြပါသည်။ မိန်းကလေး များ အပြင်သို့ မထွက်ရန် လမ်းညွှန်များက တားမြစ်ထား သဖြင့် အမျိုးသားများသာ နယူးဒေလီညကို ခံစားနိုင်ခဲ့ကြ သည်ဟု ဆိုရပေမည်။

နယူးဒေလီ၏ ညခင်းသည် မြန်မာနိုင်ငံကဲ့သို့ပင် လမ်းဘေး ဈေးသည်များဖြင့် နေရာတိုင်းတွင် စည်ကားနေ သည်။ သို့သော် လမ်းဘေးဈေးသည်များသည် ကျွန်တော်တို့ မြန်မာနိုင်ငံမှာကဲ့သို့ လမ်းပေါ်တွင် ဈေးမရောင်းကြဘဲ လက် တွန်းလှည်းများဖြင့်သာ ရောင်းချကြသည်။ စားစရာများ၊ အသီးအနှံများမှစ၍ လူသုံးကုန်ပစ္စည်းများအထိ လက်တွန်း လှည်းများပေါ်တွင် တင်ဆောင်ကာ တစ်နေရာတွင် ရပ်၍ ရောင်းသူများ ရှိသကဲ့သို့၊ လှည်းကို တွန်းကာ လိုက်လံ ရောင်းချနေသူများကိုလည်း တွေ့ရှိရပေသည်။

ကျွန်တော်တို့သည် အတော်ဝေးဝေးအထိ လမ်း လျှောက်လာခဲ့ကြပြီး ညဉ့်အတော်နက်မှ ဟိုတယ်သို့ ပြန် လာခဲ့ကြပါသည်။

ဟိုတယ်ဇုန်အဝတွင် ကျွန်တော်တို့ စီးနင်းလာခဲ့သည့်





www.burmeseclassic.com

www.burmeseclassic.com

ဘုရားဖူးကားနှစ်စီးအပါအဝင် ကားများ ရပ်နားထားသည်ကို မြင်ကြရသည်။ ကားများကြားမှ ဖြတ်ကာ ဟိုတယ်ဂိတ်ပေါက်သို့ လာခဲ့ကြစဉ် ကျင်ငယ်နံ့များ ထောင်းထောင်းထနေသည်ကို ကိုယ်တွေ့ကြုံခဲ့ကြရပါသည်။

## သတိပဋ္ဌာန်ကုန်း

နောက်နေ့နံနက်တွင် အိပ်ရာမှ အေးအေးဆေးဆေးထကြကာ ဟိုတယ်တွင် နံနက်စာစားကြပြီးမှ ထွက်ခဲ့ကြပါသည်။

သတိပဋ္ဌာန်လေးပါး မြတ်တရားဖြစ်သည့် မဟာသတိပဋ္ဌာန်သုတ္တန်ကို ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သည့် ကုရုတိုင်း၊ ကမ္မာသဓမ္မခေါ် ကမ္မာသဒမ္မ နိဂုံးသည် နှစ်ပေါင်း (၂၆၀၀)ကြာရှည်ခဲ့သည့်တိုင် ယနေ့တိုင် တည်ရှိနေသည်။ ပိဋကတ်သုံးပုံ မြန်မာပြန်ကျမ်းတွင် ကမ္မာသဓမ္မကို ကျင့်ဝတ်ကြကုန်သောသူတို့ တည်နေရာဟုလည်းကောင်း ကမ္မာသဒမ္မကို ခြေကျားကို ဆုံးမရာဟု လည်းကောင်း၊ မှနှစ်မျိုးရှိကြောင်း ရှင်းလင်း ရေးသားထားသည်။

တစ်ချိန်သောအခါက နိဂုံးရွာလေးတစ်ခုသည် ယခုအချိန်တွင် မြင့်မားသော တိုက်များဖြင့် အလွန်စည်ကားသော မြို့ပြတစ်ခုဖြစ်နေခဲ့ချေပြီ။ စိမ်းလန်းစိုပြည်သော သစ်ပင်များ အုပ်ဆိုင်းနေသည့် ကျယ်ဝန်းသော ဝင်းခြံကျယ်ကြီးတစ်ခုကို အိန္ဒိယနိုင်ငံ၏ မြို့တော် နယူးဒေလီမြို့လယ်ကားလမ်းမတစ်ခု၏ ဘေးတွင် မြင်ကြရသည်။ ထိုခြံကျယ်ကြီးသည် ကမ္မာသဓမ္မ ခေါ် ကမ္မာသဒမ္မနိဂုံးနေရာဖြစ်ခဲ့ပြီး လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံအစိုးရက ထိန်းသိမ်းစောင့်ရှောက်မှု ပြုထားသည်။ ဝင်းခြံအတွင်းသို့ ကားများ ဝင်ခွင့်မပြုသဖြင့် ဘုရားဖူးကားနှစ်စီးကို ဝင်းခြံကျယ်ကြီးအနီးတွင် ရပ်ထားကာ ကျွန်တော်တို့အားလုံး လမ်းလျှောက်၍ ဝင်းအတွင်းသို့ ဝင်ခဲ့ကြသည်။

ဝင်းခြံအဝတွင် လက်တွန်းလှည်းဖြင့် ရောင်းချသော ဈေးသည်များကို ရှည်လျားစွာ မြင်တွေ့ကြရသည်။ သူတို့သည် သတိပဋ္ဌာန်ကုန်းသို့ လာရောက်ကြသော မြန်မာဘုရားဖူးခရီးသည်များကို အဓိက ရောင်းချကြသည်၊ ဗုဒ္ဓဂယာဘုရားဖူးရာသီတွင် မြန်မာများသည် နေ့စဉ် လာရောက်လေ့ရှိကြသဖြင့် အချို့ဈေးသည်များသည် မြန်မာစကား တစ်ခွန်းစနှစ်ခွန်းစပင် ပြောတတ်နေကြပေသည်။ လိမ္မော်သီးများအများဆုံး ရောင်းနေသည်ကို တွေ့ကြရပြီး ကီလိုနှင့်ချိန်၍ရောင်းကြသည်။ လက်ဆောင်ပစ္စည်းမျိုးစုံရောင်းချနေသည်ကို တွေ့ရှိရသော်လည်း သတိပဋ္ဌာန်ကုန်းအမှတ်တရပစ္စည်းများ မရှိကြောင်း သတိပြုမိခဲ့ပါသည်။

သာကီနွယ် ဦးထုပ်များ ဆောင်းထားကြသည့် ဘုရားဖူးများသည် ဝင်းအတွင်းသို့ ဝင်ရောက်လာချိန်တွင် အိန္ဒိယ၏ နေရောင်ကို ကောင်းစွာ မြင်ကြရသည်။ အိန္ဒိယသို့ရောက်ရှိနေကတည်းက ယနေ့မှ နေရောင်ကို ကောင်းစွာ မြင်ကြရသည်။ ထိုနေရာကို "မဟာသတိပဋ္ဌာန်ကုန်း"ဟု ခေါ်ကြပြီး နယူးဒေလီမြို့တော်၏ ကေလာဆရပ်ကွက်တွင် တည်ရှိသည်။

ဤနေရာသည် ဗုဒ္ဓဘာသာဝင်များအတွက် အလွန်အရေးပါသော နေရာတစ်ခုဖြစ်ပြီး ဗုဒ္ဓဘာသာဝင်များ ဘုရားဖူး လာရောက်လေ့ရှိသည့် ဗုဒ္ဓဝင် နေရာတစ်ခုဖြစ်ပေသည်။ ဗုဒ္ဓဘုရားရှင်သည် ဤနေရာတွင် နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန်ကျင့်စဉ်တရားတော်ကို ဟောတော်မူခဲ့သည်သာမက၊ မဟာနိဒါနသုတ္တန်၊ အာနေဉ္ဇသပ္ပာယသုတ္တန်၊ မာဂဏ္ဍိယသုတ္တန်များကိုလည်း ဟောကြားတော်မူခဲ့သည်။ ဘုရားရှင်သက်တော်ထင်ရှားရှိခဲ့စဉ်ကာလတွင် ကုရုတိုင်းသားများသည် ငါးပါးသီလကို မြဲမြံကြရုံသာမက၊ ကုရုတိုင်း၏ ကောင်းမွန်သော ရာသီဥတု၊ အစားအသောက်၊ စီးပွားဥစ္စာများကြောင့် ကျန်းမာရွှင်လန်းကာ ဘုရားရှင်၏ နက်နဲသော တရားတော်များကို ကောင်းစွာ နာယူနိုင်ခဲ့ကြသည်။ ထို့ကြောင့် ဘုရားရှင်သည် နက်နဲသော သတိပဋ္ဌာန်တရားတော်ကို ကုရုတိုင်းသားများအား ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။

ကိုယ်ကာယလှုပ်ရှားမှုကို သတိမပြတ် ရှုမှတ်သည့် ကာယာနုပဿနာသတိပဋ္ဌာန်၊ ခံစားမှုကို သတိမပြတ် ရှုမှတ်သည့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ်ကို သတိမပြတ် ရှုမှတ်သည့် စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မကို သတိမပြတ် ရှုမှတ်သည့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဟူသည့် သတိပဋ္ဌာန်လေးပါးကို ဘုရားရှင် ညွှန်ပြတော်မူသည့်အတိုင်း ကျင့်ကြံအားထုတ်ပါက အများဆုံး ခုနစ်နှစ်အတွင်း သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်အဖြစ် အရိယာဖြစ်နိုင်သည်။ ပါရမီအနုအရင့်ကို မူတည်လျက် ဉာဏ်ထက်မြက်သူများသည် နံနက်ပိုင်း ပွားများလျှင် ညနေပိုင်းတွင် တရားထူး ရရှိနိုင်ကြသည်။ သတိပဋ္ဌာန်တရား အားထုတ်ကြသူများသည် ဤဘဝတွင် တရားထူး မရရှိခဲ့လျှင်ပင်၊ ဒုတိယဘဝ၌ တရားထူး ကေန်ရရှိမည်ဖြစ်ကြောင်း ဘုရားရှင် မိန့်မှာခဲ့ပေသည်။

ဗုဒ္ဓဘာသာဝင်တို့၏ သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း မဟာသတိပဋ္ဌာနသုတ္တန်ကို ဟော



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည့်နေရာကို အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသန ဌာနက ကျောက်တုံးကုန်းမြင့်တစ်ခုပေါ်တွင် ကျောင်းဆောင် အခန်းဆောက်ကာ ထိန်းသိမ်းပေးထားသဖြင့် ကျေးဇူးတင်ရှိ နေသည်။ ထိုသို့ ထိန်းသိမ်းထားသဖြင့် ပန်းခြံဝင်ကြေးငွေ လည်း များစွာ ကောက်ခံရရှိကြပေသည်။ အိန္ဒိယနိုင်ငံ၏ မြို့တော် နယူးဒေလီတွင် ဗုဒ္ဓဘာသာဆိုင်ရာ အထိမ်းအမှတ် ပြသရာသည် ဤသတိပဋ္ဌာန်ကုန်းတစ်ခုသာရှိသည်။

ကျွန်တော်တို့သည် ကျောက်တုံးများဖြင့် ပြုလုပ်ထား သည့် ကုန်းမြင့်ပေါ်သို့ တက်ရောက်ကာ ဘုရားရှင်ကို ရည် စူးလျက် ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပူဇော်ခဲ့ ကြပြီး မဟာသတိပဋ္ဌာနသုတ္တန်ကို စုပေါင်းညီညာ ရွတ်ဖတ် ခဲ့ကြပါသေးသည်။ ကုန်းမြင့်၏ အောက်ခြေပတ်လည်တွင် ခြံအတွင်း လာရောက်ကြသူများ နားနေရန် ခုံတန်းလျား လေးများကို ပြုလုပ်ပေးထားသဖြင့် ကျွန်တော်တို့အားလုံး ခုံတန်းများတွင် နားကြရပါသည်။ ဝင်းအတွင်းမှာပင် ကျွန်တော်တို့ နေ့လယ်စာစားကြသည်။ ဒေသလမ်းညွှန် ကိုအားပေါ်နှင့် မိသားစုသည် နယူးဒေလီတွင် နေထိုင်ကြ သဖြင့် ဘုရားဖူးများ စားသုံးရန် မြန်မာထမင်းဟင်းများကို ကိုအားပေါ်၏ ဇနီးနှင့် ညီမငယ်က ကြိုတင် ချက်ပြုတ်၍ အရောက်ပို့ပေးခဲ့သည်။ မြန်မာလက်ရာ ပုစွန်ဟင်းချက် ကျွေးသဖြင့် အားလုံး စားမြိန်ခဲ့ကြသည်။

ကျွန်တော်တို့ စားသောက်ကြပြီးနောက် သာဝတ္ထိသို့ ခရီးဆက်ရန် ပြင်ကြရသည်။

သို့သော် ကျွန်တော်တို့ အခက်အခဲတစ်ခုနှင့် ကြုံရ မိသည်။ စားသောက်ကြပြီးနောက် ကိုယ်လက်သန့်စင်ရန် နေရာမရှိသဖြင့် ဘုရားဖူးအမျိုးသမီးများ ဒုက္ခတွေ့ကြရသည်။ ဥယျာဉ်စောင့်တစ်ယောက်အား မေးကြည့်ရာ ခြံထောင့်ရှိ ရေစက်ရုံလေး၏ အနောက်ဘက်ကို လက်ညှိုးထိုးပြပါသည်။ အမျိုးသားများက ပြဿနာမရှိသော်လည်း အမျိုးသမီးများ က အုပ်လိုက်ဝင်သွားကြပြီး ဟင်းလင်းပြင်တွင် မည်သို့ ဖြေရှင်းခဲ့ကြသည် မသိပါချေ။

သာဝတ္ထိသို့ ခရီးမဆက်မီ နယူးဒေလီမြို့တွင်းသို့ လိုက်လံ ကြည့်ရှုခဲ့ကြပါသေးသည်။ အိန္ဒိယခေါင်းဆောင်ကြီး မဟာတ္တမ ဂန္ဒီအထိမ်းအမှတ် ဂူဗိမာန်၊ နယူးဒေလီ၏ အကြီး ဆုံး ကုန်တိုက်ကြီး၊ အိန္ဒိယဂိတ်၊ အိန္ဒိယ လွှတ်တော်ရုံး၊ နယူးဒေလီမြို့ သံတမန်ရပ်ကွက်၊ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီအပါအဝင် အစိုးရအဖွဲ့ဝန်ကြီးများ နေထိုင်သည့် နေအိမ် များရှိရာ ဝင်းများကို လိုက်လံ ကြည့်ရှုခဲ့ကြပြီး အချိန်အတန်

နေခဲ့ပြီးဖြစ်သဖြင့် ညနေခင်းတွင် နယူးဒေလီကို နှုတ်ဆက် ကာ သာဝတ္ထိသို့ ခရီးဆက်ရန် သက်သသို့ ပြန်လာခဲ့ကြပါ သည်။ ကျွန်တော်တို့ နယူးဒေလီတွင် ရောက်ရှိနေသည့် ရက်များအတွင်း နယူးဒေလီတစ်မြို့လုံးတွင် လုံခြုံရေးအများ အပြား ချထားသည်ကို သတိမမူမိခဲ့ပါသည်။ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားပြု လုပ်မည်ဖြစ်သဖြင့် လုံခြုံရေး တင်းကျပ်ထားကြောင်း သိရှိ ခဲ့ကြပြီး အိန္ဒိယဂိတ်ကို ကျွန်တော်တို့ ကားပေါ်မှသာ မြင် ခဲ့ကြရပါသည်။

ကိုအားပေါ် ပြောသည့်အတိုင်းတွင် ကားသွားနေသည့် လမ်းများတွင် အရွယ်ငယ် မိန်းကလေးများများကို လမ်းများ ပေါ်တွင် သွားလာလှုပ်ရှားနေသည်ကို မြင်ကြရသည်။

နယူးဒေလီ၊ သက်သနှင့် သာဝတ္ထိတို့သည် တြိဂံပုံ တည်ရှိနေကြပြီး နယူးဒေလီမှ သက်သသို့ အာဂရာမှ ဖြတ်လျှင် (၂၈၇)မိုင် ကွာဝေးသော်လည်း အာဂရာကို မဖြတ် သန်းဘဲ တိုက်ရိုက်သွားပါက နယူးဒေလီနှင့် သက်သ သည် (၂၁၉)မိုင်သာ ဝေးသည်။ သက်သမှ သာဝတ္ထိသို့ (၂၈၁)မိုင် ကွာဝေးသဖြင့် စုစုပေါင်း မိုင်(၅၀၀)ခရီးရှည်ကြီး ကို တစ်ညလုံး စီးကြရမည်ဖြစ်သည်။ ကျွန်တော်တို့ ဗုဒ္ဓဂယာ ၁၅ရက်ခရီးစဉ်အတွင်း တစ်ခုတည်းသော ညခရီးစဉ်ဖြစ် ပါသည်။ သာဝတ္ထိသည် နယူးဒေလီနှင့် လတ္တီတွဒ်တစ်တန်း တည်းရှိသဖြင့် ရာသီဥတု တူညီသည်။ ဘုရားဖူးခရီးစဉ် ရက်များအတွင်း နယူးဒေလီတွင် နေရောင်ပွင့်လင်း၍ ရာသီဥတု အလွန်သာယာသကဲ့သို့၊ သာဝတ္ထိသည်လည်း ရာသီဥတု ကောင်းမွန်သာယာကြောင်း ဒေသလမ်းညွှန်များက ကြိုပြောထားသည်။

ကားမောင်းနှင်လာစဉ် တဖြည်းဖြည်း မိုးချုပ်လာခဲ့ပြီး ရာသီဥတုကလည်း အလွန်အေးစိမ့်လာခဲ့သည်။ ဘုရားဖူးများ လည်း ရှည်လျားသော ခရီးရှည်ကြီးတစ်လျှောက် အိပ်လိုက် နိုးလိုက်ဖြင့် မိုင် (၅၀၀)ခရီးကို နှင်ခဲ့ကြပါတော့သည်။

❒



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ဂေါတမ မြတ်စွာဘုရားသခင်က မကောင်းမှုများကို မပြုလုပ်ရပါ။ ကောင်းသည်များကို ပြုလုပ်ရမည်။ စိတ်ကို ဖြူစင်သန့်ရှင်းအောင် ထားပါဟု ဆိုဆုံးမထားပါသည်။

ဗာရာဏသီပြည်၌ ထီးနန်းစိုးစံနေသော ကလာဗုမင်းသည် မိမိကိုယ်တိုင် မကောင်းမှုများကို ပြုလုပ်နေသည်ကို သိရှိရပါသည်။

ဖြစ်စဉ်သည်ကား ဘုရားလောင်း ကုဋ္ဌာလသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော ပုဏ္ဏားမျိုးဖြစ်ခဲ့သည်။ ဘုရားလောင်းသည် အရွယ်ရောက်ချိန်၌ ပညာသင်ယူခဲ့ပြီးနောက်၊ မိဘနှစ်ပါးကွယ်လွန်ပြီးချိန်တွင် ရှိသမျှသော ပစ္စည်းဥစ္စာအားလုံးတို့ကို လှူဒါန်းစွန့်ကြဲ၍ ဟိမဝန္တာတောသို့ သွားပြီး ရသေ့ဝတ်ကာ နေထိုင်ခဲ့သည်။

ကာလကြာလေသောအခါ ဗာရာဏသီမြို့သို့ သွားရောက်ပြီး စစ်သူကြီး၏ အကူအညီကို ရယူကာ၊ မင်းကြီး၏ ဥယျာဉ်တော်တွင် သီတင်းသုံး နေထိုင်ခဲ့ပါသည်။ စစ်သူကြီးသည် ရသေ့အား ကြည်ညိုသဒ္ဓါပွားကာ၊ ဆွမ်းဘောဇဉ်များဖြင့် ထောက်ပံ့ကိုးကွယ်ခဲ့သည်။



## မင်းဇေဖြင့် (မှုံ)

# သူတော်ကောင်းက သည်းခံပါသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သောအခါတွင် ကလာဗုမင်းသည် အရက်မူး ရူးပြီး မင်း၏ ဥယျာဉ်တော်သို့ ရောက်သွားပြီး မင်္ဂလာ ကျောက်ဖျာပေါ်၌ သူ မြတ်နိုးသော အမျိုးသမီးတစ်ယောက် ၏ ပေါင်ခွင်ပေါ်တွင် အိပ်ပျော်၍ နေလေသည်။ မင်း အိပ်ပျော် နေစဉ်အတွင်း ကချေသည်များသည် သူတို့၏ သီဆို တီး မှုတ်မှုများကို ရပ်ဆိုင်းထားကာ၊ ဥယျာဉ်တော်အတွင်းရှိ အင်ကြင်းပင်အောက်တွင် ရောက်ရှိ သီတင်းသုံးနေတော်မူ သော ရသေ့ထံပါးသို့သွား၍ တရားနာကြားနေကြပါသည်။

ထိုအိပ်ပျော်နေရာက နိုးထလာသော မင်းကြီးသည် ကချေသည်မများကို မတွေ့ရသဖြင့် သူ မြတ်နိုးသူ အမျိုး သမီးအား မေးရာတွင် ဥယျာဉ်တော်သို့ ရောက်ရှိနေသည်။ ရသေ့ထံသို့ တရားနာသွားနေကြကြောင်း လျှောက်ထားသဖြင့် ထိုစကားကို ကြားသိရသောကြောင့် ရသေ့အပေါ်တွင် အမျက်ဒေါသထွက်လျက် မင်းကြီးသည် သန်လျက်ကို ကိုင်ဆွဲကာ ရသေ့ရှိရာ နေရာသို့ အလျင်အမြန်လိုက်သွား သည်။

မင်းကြီးသည် ရသေ့ထံသို့ ရောက်ရှိသွားသောအခါ၌ ရသေ့ရှေ့တွင် ရပ်လျက်···

"အရှင်ရသေ့···သင်သည် အဘယ်ဝါဒရှိသနည်း"

ဟု မေးသည်။ ရသေ့က···

"ခန္တီဝါဒရှိသည်"

ဟု ပြောသည်။ မင်းကြီးက···

"ခန္တီဆိုသည်မှာ အဘယ်နည်း"

ဟု ဆက်၍ မေးပါသည်။

"ခန္တီဆိုသည်မှာ မိမိကိုယ်ကို ဆဲရေးသူအား ဖြစ်စေ၊ ရိုက်ပုတ်သူအား ဖြစ်စေ၊ အမျက်ဒေါသ မထားဘဲ သည်းခံ ၍ နေခြင်းသည်ပင် ခန္တီဖြစ်သည်"

ဟု ရသေ့ကြီးက ပြောသည်။

ထိုအခါ မင်းကြီးက ရသေ့အား ကြိမ်ဒဏ် အချက် တစ်ထောင်ရိုက်စေပါသည်။ ပြီးနောက် မင်းကြီးက ရသေ့ အား···

"သင်သည် အဘယ်ဝါဒ ရှိပါသနည်း"

ဟု မေးပြန်ပါသည်။ ရသေ့ကြီးကလည်း "ခန္တီဝါဒပင်" ဟုဖြေပါသည်။

ထို့နောက် မင်းကြီးက ရသေ့ကြီး၏ လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်တို့ကို ဖြတ်ခိုင်းပါသည်။

ထို့နောက် ရသေ့ကြီးအား "အဘယ်ဝါဒ ရှိသနည်း" ဟု မေးပြန်သည်။ ရသေ့ကြီး၏ အဖြေမှာ ပြောင်းလဲမှုမရှိပါ။

ဤသို့ဖြင့် မင်းကြီးသည် ရသေ့ကြီး၏ နား၊ နှာခေါင်း တို့ကို ဖြတ်စေပါသည်။ ဤသို့ပြုလုပ်ခဲ့ပါသော်လည်း ရသေ့ ကြီး၏ အဖြေမှာမူကား မည်သည့် ပြောင်းလဲမှုမျိုးမှ ရှိမလာ ပါ။

ထို့နောက် မင်းကြီးက ရသေ့ကြီးအား "အသင်၏ ခန္တီကို အသင်ကသာလျှင် စောင့်ထိန်း၍ စောင့်ရှောက်ပါ တော့"ဟု ဆိုကာ၊ ရသေ့၏ ရင်ဝသို့ ခြေထောက်ဖြင့် ကန်၍ ထွက်သွားပါတော့သည်။

မင်းကြီး ထွက်သွားပြီးသည့်အခါတွင် စစ်သူကြီး ရောက်လာပြီး ရသေ့ကိုယ်တွင်းမှ ဒဏ်ရာများကို သုတ်သင် သန့်ရှင်းပေးပါသည်။ ၎င်းနောက် စစ်သူကြီးက ရသေ့ကြီး အား တောင်းပန်စကား ပြောကြားခဲ့သည်။

"အရှင်ဘုရား···အမျက်မထွက်ပါနှင့်။ အမျက်ထွက် လိုက တိုင်းသူပြည်သားများအပေါ် မထွက်ပါနှင့်။ မင်းကြီး တစ်ပါးတည်းအပေါ်သာလျှင် အမျက်ထွက်ပါ"

ဟု လျှောက်ထားသည်။

ထိုအခါ ရသေ့ကြီးက···

"ပညာရှိတို့မည်သည်မှာ အမျက်မထွက်တတ်ပါ။ ငါ၏ လက်၊ ခြေ၊ နှာခေါင်းတို့ကို ဖြတ်ခဲ့သော မင်းသည်လည်း သက်တော်ရှည်ပါစေကြောင်း"

ဟု ဆုတောင်းပေးလိုက်လေသည်။

သို့ပေမယ့်လည်း ရသေ့ထံမှ ထွက်ခွာသွားသော မင်း ကြီးသည် ရသေ့ကြီး၏ မြင်ကွင်းမှ ကင်းလွတ်ရာ ဥယျာဉ် တံခါးဝသို့ ရောက်သည်နှင့် မဟာပထဝီမြေကြီး၏ မျိုယူ ခြင်းကို ခံလိုက်ရပါတော့သည်။

ထို့ကြောင့် ကျွန်ုပ်တို့ လူသားတိုင်းသည်လည်း မိမိ ၏ မကောင်းမှု ပြုသောကံကို မိမိသာ ခံကြရမည်မှာ မလွဲ ကေန်ပင် ဖြစ်ပါတော့သတည်း။

□

ကျမ်းကိုး

- နိပါတ်တော်လာ၊ ဇာတ်တော် ငါးရာ့ငါးဆယ်၊ ခန္တီဝါဒ ဇာတ်။



www.burmeseclassic.com

www.burmeseclassic.com

# သခင်ကိုယ်တော်မှိုင်း နေ့စဉ်ရွတ်ဖတ်ပွားများသည့် အေးချမ်းအောင်မြင် ပထဝီဇယမန္တန် သုံးဂါထာ

ငြိမ်းဆုသျှင်

ဆရာကြီး သခင်ကိုယ်တော်မှိုင်း နေ့စဉ် ရွတ်ဖတ်ပွားများသည့် အေးချမ်းအောင်မြင် ပထဝီဇယမန္တန် သုံးဂါထာကို ပါဠိအနက်ပါ ရွတ်ဆို၍ ဘုရားတွင် သောက်တော်ရေကပ်၊ ဆီမီးပူဇော်ပြီး ရွတ်ပွားသရဇ္ဈာယ်နေပါက ဘေးရန်ဟူသမျှကင်းစေခြင်း၊ လာဘ်လာဘ ပေါများခြင်း၊ ကောင်းသတင်းကျော်စောစေခြင်း၊ လူနတ်ဒေဝါ ချစ်ခင်၍ အလုပ်ကိစ္စဟူသမျှ အောင်မြင်ခြင်း၊ မိမိအိမ်ဝိုင်းအတွင်း မြေကြမ်း မြေဆိုးကို လွင့်ပျောက်ပြယ်ခြင်း၊ မြေဖုတ်ဘီလူး မိစ္ဆာနတ်ယုတ်များ မိမိနေရာသို မကပ်ရောက်နိုင်ခြင်းဟူသော အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါသည်။

ရွတ်ဖတ်ပွားများ၍ အောင်မြင်အေးချမ်း သာယာစေမည့် ပထဝီဇယမန္တန် သုံးဂါထာမှာ -

(၁) ဣမသ္မိံ စက္ကဝါဠေ စ
အနန္တ ပါထဝီနော ဗဟူ
အနန္တစက္က ဝါဠေ သု
အနန္တ ပါထဝီနော ဗဟူ။

ဣမသ္မိံ စက္ကဝါဠေ - ကျွန်ုပ်တို့ စကြဝဠာ၌၊ အနန္တ ပါထဝီနောစ - အတိုင်းမသိသော သတ္တဝါတို့သည်လည်း၊ ဗဟူ - များစွာကုန်၏။ အနန္တစက္က ဝါဠေသု စ - စကြဝဠာ အနန္တတို့၌၊ အနန္တ ပါထဝီနော စ - အတိုင်းမသိ သတ္တဝါတို့သည်လည်း၊ ဗဟူ - များစွာကုန်၏။

(၂) ဣမေ သတ္တာ အဝေရာ စ
အညမညံ ပိယံ ဘဝ
ဣမေ သတ္တာ အဝေရာ စ
အညမညံ သုခံ ဘဝ။

ဣမေ သတ္တာ-ဤအတိုင်းမသိသော သတ္တဝါအပေါင်းတို့သည်၊ အဝေရာ စ - ရန်ကင်းကုန်သည်ဖြစ်၍လည်း၊ အညမညံ-အချင်းချင်း၊ ပိယံ-ချစ်ခင်ကြသည်၊ ဘဝ-ဖြစ်ပါစေ။ ဣမေ သတ္တာ-ဤအတိုင်းမသိသေးသော သတ္တဝါအပေါင်းတို့သည်၊ အဝေရာ စ-ရန်ကင်းကုန်သည်ဖြစ်၍လည်း၊ အညမညံ-အချင်းချင်း၊ သုခံ-ချမ်းသာကြသည်၊ ဘဝ-ဖြစ်ပါစေ။

(၃) အဗျာ ပဇ္ဇာ နိဝေရာ စ
နိဒုက္ခာ စ နုပဒ္ဒဝါ
သဗ္ဗေ သတ္တာ အဝေရာ စ
သဟ သဗ္ဗေဟိ ဉာတိဘိ။

တေသတ္တာ-ထိုသတ္တဝါအပေါင်းတို့သည်၊ အဗျာ ပဇ္ဇာ စ-ကြောင့်ကြကင်းကုန်သည်လည်း၊ ဟောန္တု-ဖြစ်စေကုန်သတည်း။ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ သတ္တာ-သတ္တဝါအပေါင်းတို့သည်၊ သဗ္ဗေဟိ-ခပ်သိမ်းကုန်သော၊ ဉာတိဘိ-အမျိုးသားချင်းတို့နှင့်၊ သဟ-အတူတကွ၊ အဝေရာစ-ဘေးရန်ကင်းကုန်သည်လည်း၊ ဟောန္တု-ဖြစ်စေကုန်သတည်း။

သစ်တံခါးဆရာတော် ဘဒ္ဒန္တ မဏိဇောတ(ယော)၏ ကံထူးကံမြင့် လာဘ်ပွင့်စေကြောင်း အစီအရင်နှင့်ကျင့်စဉ်ကောင်းမှ ကောက်နုတ်ရေးသား တင်ပြလိုက်ပါ၏။

□



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဒူ…ဒူ…ဒူ"

တိုင်းသူပြည်သား လူအများတို့လေး… ဗာရာဏသီပြည့်ရှင် ဘုရင် သုဘောဇနသိဒ္ဓိ အမိန့်ရှိလိုက်သည်မှာ အသပြာ တစ်သိန်းတန် ထမင်းကို တစ်သိန်းတန် ရွှေခွက်နှင့် ပွဲတော်တည် သုံးဆောင်မည်ဖြစ်ပါ၍ အယုတ်အလတ် အမြတ်မရွေး မည်သူမဆို လာရောက်ဖူးမြော် ကန်တော့နိုင်ပါသည့်အကြောင်း ကြေညာမောင်းခတ်လိုက်သည်။ ဘုရင့်အမိန့်တော်"

"ဒူ…ဒူ…ဒူ"

ဘုရင့်ကျေးကျွန်များ မောင်းခတ် ကြေညာပြီး ရွာထဲသို့ တစ်လမ်းဝင် တစ်လမ်းထွက်ဖြင့် လှည့်လည်နေကြ၏။ ရွာ၏ အနောက်ဘက် တောင်ခြေ သစ်တောထဲတွင် ထင်းခုတ်၊ ထင်းပျိုးနေသည့် ကာကနှင့် မယ်သုညတို့ ဇနီးမောင်နှံ၏ အဖော်ဖြစ်သူ ငရွှေးတို့သည် ထိုအသံကို ကြားလိုက်ရတော့ နားစွင့်ကြသည်။

"ဟဲ့…ဟဲ့…နားထောင်ကြစမ်းပါဦး"

"ဘာသံလဲကွယ်၊ နန်းတော်ကနဲ့ တူပါရဲ့"

"မောင်းသံလေရှင်၊ ရွှေနန်းတော်က ခတ်တာရှင်ရဲ့"

"ဘုရင့်နန်းတော်ကကွ။ အသပြာတစ်သိန်းထိုက်တဲ့ ထမင်းကို အသပြာတစ်သိန်းထိုက်တဲ့ ရွှေခွက်နဲ့ စားမှာ။ သွားရည်ကျလိုက်ပါဘိ။ စားချင်လိုက်တာနော်၊ ဟင်း‥ဟင်း"

"ဟော့…ကာက၊ မင်းကလည်း မတန်မရာ တို့ ငမွဲတွေက ထမင်းကြမ်းတောင် နပ်မှန်အောင် စားရတာမဟုတ်ဘူး။ အမဲရိုးက ဟင်းအိုးမှ အားမနာဘူး။ ကာကတဲ့ကွာ"

"ရှင်ကလည်းတော်… ကျုပ်တို့လို အနုတ်စုတ်ကုပ်စုတ်ကများ ရာရာစစပြောရဲတယ်"

"ဒီမှာ မယ်သုည၊ လူကြံရင် အားလုံးဖြစ်တယ်။ အဲဒီထမင်းစားရရင် ငါ သေပျော်ပြီ"

"မင်းကွာ… ပြောလေ ကဲလေပါလား ကာကရဲ့ အရူးရဲ့"

"ရှင် မိုက်ရူးရဲမဆန်ပါနဲ့တော်။ လူနေတော့ ချုံကြား၊ စိတ်နေတော့ ဘုံဖျားတဲ့ရှင်"

"အေး။ ငါ့အကြံက တစ်သိန်းတန် ထမင်းကို ငါတို့ဆင်းရဲသားတွေ စားဖူးရမယ်၊ ရွှေခွက်လည်း ရမယ်ဆိုရင် လူ့ဘဝမှာ နေရတာထက် သေရတာက မြတ်တယ်ကွ"

"ရှင်က ဆင်ကြံ ကြံတာပဲတော်"

"ကဲ…ကာကရေ၊ အသပြာတစ်သိန်း ထမင်းကို မစားရခင် ထင်းမြန်မြန်ခုတ်။ ဒီနေ့အတွက် မုယောကြမ်းလေး ချက်ရအောင်။ ဟိုလေ ငါးပိဖုတ်လေးနဲ့ လွေးတာက ကောင်းပါတယ်"

"ဒီမှာ ငရွှေး၊ စားချင်တာ၊ ဝတ်ချင်တာ၊ နေချင်တာ၊ ကာမဂုဏ်နဲ့ ပျော်ချင်တာကို မင်းသိလား၊ တို့ဘကြီးဘုန်းကြီးပြောခဲ့တာလေ ငါ မှတ်မိတယ်"

"ဘယ်သိမှာလဲကွ၊ ပြောပါဦး ပညာရှိကြီးရဲ့"

"အဲဒါ တဏှာကွ။ လူတိုင်းမှာ တဏှာရှိတယ်။ ရှင်ဘုရင်ကအစ ငါတို့ ငမွဲတွေ အဆုံးပေါ့ကွာ"

"အေး၊ မင်းပြောတာ ဟုတ်သယောင်ပဲကွ"

ကာကတို့ ဇနီးမောင်နှံနှင့် ငရွှေးတို့သည် ထင်းစည်းကိုယ်စီထမ်း၍ တောလမ်းမှ ပြန်ခဲ့ကြ၏။ ကာကတို့ ဘဝသည် ရွာစွန် ဇနပုဒ်တွင် တဲစုတ်ကလေးနှင့် နေရသည့် နွံ့ချာလှသည့် ဘဝ။ ဝတ်တော့လည်း အစုတ်၊ စားတော့လည်း ဆန်ကြမ်းနှင့် ပဲပြုတ်။ သူတို့တစ်ကိုယ်လုံး ကြည့်လို့မှ အသပြာတစ်ဆယ်တန်ဖိုးမရှိ။ ထည်စွတ် ထည်လဲမရှိလို့ သူတစ်ပါး စွန့်ပစ်တဲ့ အဝတ်စုတ်တွေကို စုပြီး အဖာဖာ အထေးထေးဝတ်ရတဲ့ ဘဝ။ ချွေးတပြိုက်ပြိုက်နှင့် အနံ့အသက်က မကောင်း။ ဖျာကြမ်းအစုတ်၊ ခြင်ထောင် မရှိ။ ခေါင်းအုံး နတ္ထိ။

မယ်သုညက တစ်နေ့လုံး မောပန်းသမျှကို အပန်းဖြေနေ၏။ တဲစုတ်၏ အလယ်တွင် ကွေးကွေးလေးနှင့် တခေါခေါ ဟောက်အိပ်နေ၏။ ကာကမှာဖြင့် ရင် ဗလောင်ဆူနေ၏။ မီးထွန်းစရာ မီးခွက်မရှိတဲ့ ညဆိုတော့ ဖိုးရွှေလမင်းကို အလင်းတိုင်ကြီးထားလို့ ကောင်းကင်ကို မော့ကြည့်လိုက်၊ မြေကြီးကို တုတ်နှင့် ခြစ်လိုက်ဖြင့် အကြိမ်ပေါင်းများစွာ အလုပ်ရှုပ်နေ၏။ တော်တော်နှင့် မအိပ်နိုင်။ သူ့အကြံအစည်ကလည်း မိုးနဲ့ မြေ။

"ငါ ဒီတစ်သိန်းတန် ထမင်းကို စားရရင် ငါ့မိန်းမလည်း စားရမှာ။ တစ်သိန်းတန် ရွှေခွက်လည်း ရ။ ငါ သေပျော်ပါပြီ။ ငါ့အကြံကို ရဲရဲရင့်ရင့် အကောင်အထည်ဖော်မယ်။ အေးလေ၊ ငါစားပြီး သူတို့သတ်လည်း သေရဲရမယ်။ ယောက်ျားပဲ။ သေတစ်နေ့ မွေးတစ်နေ့ပေါ့။ နေလည်း မထူးပါဘူး။ စဉ်းစားရင်း၊ တွေးတောရင်း ရောင်နီပျိုးလာ၏။ ကြက်ဖတွန်သံ၊ ငှက်ကျေးတို့ ပျော်မြူးသံကို ကြားရပြီ။ ကာကတစ်ယောက် မအိပ်နိုင်သေးပေ။ အတွေးမပြတ်။ တစ်ရေးမှ မမေးလိုက်ရ။

◈◈◈

"ဗာရာဏသီပြည်သို့"ဆိုသည့် ဆိုင်းဘုတ်ကို ကာကတွေ့၏။ စာမတတ်တော့ ဘာမှန်းမသိ။ လူအများ တရှန်းရှန်းနှင့် သွားနေသော လမ်းအတိုင်းသာ လိုက်ခဲ့သည်။ တဖြည်းဖြည်း ရွှေနန်းတော်တံခါးအနီးသို့ ရောက်လာ၏။ အောင်စည် အောင်မောင်းသံတွေကိုလည်း မကြားစဖူး ကြားရဆဲ မမြင်

www.burmeseclassic.com

ချပ်ဝတ်တန်ဆာ၊ မောက်တို၊ မောက်ရှည်၊ လုံကိုင်၊ လေးလွယ် ပုဂ္ဂိုလ်များကိုလည်း တွေ့ရ၏။ အနီ အစိမ်းရောင်၊ အပြာရောင် အကျီပွပွနှင့် ခေါင်းစွပ် ခန့်ညားထည်ဝါသော ဥပဓိရုပ်ကောင်းကောင်း များကိုလည်း တွေ့ရ၏။ သူ့လို ဆင်းရဲသားတွေ သူများကိုလည်း လမ်းဘေးဝဲယာတွင် တွေ့ရ၏။ လက်ပြတ်၊ မျက်စိကန်း၊ နားပင်သူတွေကိုလည်း လုံးနှင့် တောင်းရမ်းနေသည်ကို တွေ့ရ၏။ နောက် မယ်ဒလင်၊ စည်းဝါး၊ နှဲ ပုလွေတွေနှင့် ဆိုကြ တောင်းစားနေသည့် သူဖုန်းစား သူတောင်းစားများ နှင့်ဒေး။ ပရိသတ်ကြီးကလည်း ဗာရာဏသီပြည် တခြားတိုင်းပြည်များကပါ လာလေရော့သလား သည်။ တိုးမပေါက်။

နန်းတော်တံခါးမကြီးကတော့ ဒီနေ့အတွက် တံခါးမရှိ ဆိုတော့ ဆင်းရဲသားတွေအတွက် ဝင်ချင်သလို ဝင်၊ ချင်သလို ထွက်ကြပေါ့။ ရခဲလေတဲ့ အခွင့်အရေးမို့ ကြည့်ကြသူများဖြင့် ပြည့်လျှံနေ၏။

ကာက မျက်တောင်မခတ်၊ မျက်စိမမှိတ်ဘဲ တအံ့ မှင်တက်မိသလို ငေးနေမိ၏။ သူ့အတွေးထဲတွင် ငါ ကို မခေါ်လာမိတာ မှားပြီ။ သူ့ကိုလည်း မြင်စေ တယ်၊ တွေ့စေချင်တယ်။ ဩော်…ဘုရင်ဆိုတာ ဒီလို ဒါကြောင့်လည်း ရေမြေသနင်း ပြည့်ရှင်မင်းကြီး ဖြစ် ကို။ ငါတို့ဘဝနဲ့တော့ တာဝတိံသာနဲ့ အသူရာပါပဲ။ ရေးဘုန်း ရေးကံကြောင့် ဖြစ်ရတာ။ ဟိုအတိတ်ဘဝက သိလ်ကောင်းမှုတွေ ပြုခဲ့လို့လား။ လှူခဲ့ တန်းခဲ့၊ ဒါန ဘာဝနာတွေ ပြုလုပ်ခဲ့လို့ အခုဘဝမှာ စေတစ်လုံးပိုင် နေရတာ။ နတ်စည်းစိမ်ထက်တောင် သာလွန်နေ နောက်ပြီး သူ ဒီဘဝမှာ ကုသိုလ်ကောင်းမှုပြု သီလ၊ ဘာဝနာ ဆောက်တည်၊ စေတနာသဒ္ဓါ ထက် သန်သန်နဲ့ လှူဒါန်းရင် နောင်ဘဝအထိုထိုမှာလည်း သာမှာပဲ။ အင်း…ချမ်းသာချင်လိုက်ပါဘိ။ နောက်ပြီး ဆိုတာ ဖြစ်ဖို့ မလွယ်ဘူး။ ဘုရားဖြစ်ဖို့လည်း ခက်ခဲ ရဟန်းလည်း လူတိုင်း မဖြစ်နိုင်ဘူး။ နောက် တရား ဆယ်ပါး၊ သင်္ဂဟတရား လေးပါး၊ အပရိ ယတရား ခုနစ်ပါး၊ နာယကဂုဏ် ခြောက်ပါးနဲ့လည်း မယ်လို့ လူကြီးတွေက ပြောခဲ့တယ်။ ဒီမင်းကြီးလည်း စုံပါစေလို့ ဆုတောင်းရမှာပဲ။ ကရုဏာရှင် ဘုရင်ကြီး ပါစေ ဘုရား။

မကြာမီ ဘုရင်မင်းမြတ် ပွဲတော်တည်မည့် အခမ်း ကျင်းပတော့မည်။ ရေခံ့ုမှ လုံကိုင် စစ်သည်များက ဝိုင်းရံလျက်။ ကျိုင်းကိုင်များ၊ ဓားထမ်းများက ဘေးမှ ခြံရံကာ ကြွချီတော်မူလာပြီ။ အလံတွေ တလူလူ၊ စည်သံ ဗြောသံ တညံညံနှင့် တစ်လှမ်းချင်း ကြွချီလာသည့် သုဘောဇန သိဋ္ဌိဘုရင်နှင့် မိဖုရားကြီး။ နောက် ကတောင်ချ လုံချည်နှင့် ရွှေချည် ငွေချည် ပိုးချည်ဝတ် မိဖုရားငယ်တွေ၊ ကိုယ်လုပ် တော်တွေ၊ အဆောင်ရ မိဖုရားကြီး/ငယ်တွေ တန်းစီကာ လိုက်ပါကြ၏။

ဘုရင်မင်းမြတ်ရဲ့ မင်းဝတ် တန်ဆာတွေက ပြိုးပြိုး ပြောင်ပြောင်၊ ဝင်းဝင်းလက်လက်နှင့် လျှပ်စီးလက်သည့် ပမာ တောက်ပြောင်နေ၏။ ရွှေပလ္လင်ထက်ဝယ် ထိုင်တော် မူပြီး မိဖုရားခေါင်ကြီးက နုံ့သာ ယပ်တောင်နှင့် အနအလု ခတ်ပေးနေ၏။ မဏ္ဍပ်ကြီး၏ ထောင့်တစ်နေရာဆီမှ နန်း တွင်း ဂီတပညာရှင်တို့က သာယာငြိမ့်ညောင်းသော တေးသံ၊ အကအလှတို့ဖြင့် ဖျော်ဖြေနေကြ၏။

မကြာမီတွင် တစ်သိန်းတန် ရွှေခွက်နှင့် တစ်သိန်းတန် ထမင်းပွဲကို စစ်သူကြီးမှ ဦးဆောင်၍ ဘုရင် ပွဲတော်တည် မည့်နေရာသို့ သယ်ဆောင်လာ၏။ ကတ္တီပါအနီရောင်ခင်း ထားသည့် စားပွဲပေါ်တွင် ရွှေခွက်၊ ရွှေရေတကောင်း၊ ရွှေ ဘုရင်ကြီးက ရွှေမိဖုရားများစွာနှင့် ရွှေမဏ္ဍပ်ကြီးအလယ်၌ ရွှေခွက်နှင့် ရွှေထမင်းသုံးဆောင်မတဲ့။

ဘုရင်ကြီး စားတော်ခေါ်ပြီး စွန့်ကြဲမယ်ဆိုရင် အနီးဆုံး နေရာမှာ နေတဲ့သူက စားရမှာ။ ကံကောင်းရင် ရွှေခွက်ပါ ရမှာ။ ဒီတော့ အနီးဆုံးနေရာရောက်အောင်သွားမှ ဖြစ်မယ်။ ဒီလူအုပ်ကြီးကြားထဲကနေ တိုးဝှေ့ဝင်ဖို့ မလွယ်လှ။ ရင်မော လိုက်ပါဘိ။

◈◈◈

"တမန်တော်ကြီး ကြွရောက်လာပါတယ်။ လမ်းရှင်း ကြပါ"

အကြံကြီးတဲ့ ကာက မဏ္ဍပ်ကြီးအလယ် ဘုရင့်ပွဲ တော်တည်မည့်နေရာအထိ ခင်းထားသည့် ကတ္တီပါလျှောက် လမ်းကြီးပေါ်သို့ တက်နင်းကာ၊ ရင်ကို ကော့၍ တစ်လှမ်းချင်း ဝင်ရန် ဟန်ပြင်လိုက်၏။ သေမထူး နေမထူးတော့။ စိတ်ကို ဆုံးဖြတ်ကာ အောင်စိတ်မွေး၍ အားရှိသမျှ အသံနှင့် အော် လိုက်ခြင်းဖြစ်သည်။

သုံးကြိမ်အော်လိုက်၏။ ကာက၏ အသံဝါကြီးက မဏ္ဍပ်ကြီးတစ်ခုလုံး ဟိန်းထွက်သွား၏။ ပရိသတ်ကြီးက လည်း အသံရှိရာသို့ မှန်းပြီး အာရုံစိုက်ကြည့်ကြ၏။ ထို့ နောက် လမ်းရှင်းပေးကြသည်။ ကာက,က ခပ်တည်တည်နှင့် လှမ်းဝင်သွားသည်။ လူအုပ်ကြီးက တစ်ခြမ်းစီ ခွဲ၍ ရှဲပေး လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကာက ဒီလိုလုပ်လိုက်တာဟာ ဘာကြောင့်ဆိုရင် သူ့ တောင့်တနေတဲ့ တဏှာရဲ့ စေခိုင်းချက်ကြောင့်သာပါပဲ။ ငါစားမယ်၊ ငါရမယ်၊ ငါ့မယား စားရမယ်၊ ငါ ချမ်းသာမယ် ဆိုတဲ့ အလိုမပြည့်သော တဏှာရမ္မက်ကြောင့် အရှက်ကို မငဲ့၊ အသက်ကို ပဓာန မထားတော့ဘဲ ငါ့တစ်သက်မှာ တစ်ခါ ဝါးမျိုရလျှင် သေချင် သေပါစေတော့။ တန်ပြီ မြတ်ပြီလို့ ဥမ္မဒက အရူးကြီးပမာ။ နောက်ပြီး ဘုရင့်ပွဲတော် အုပ် စွန့်ကြဲလျှင် ဘယ်လိုအနံ့အရသာ၊ အဆီအနှစ်တွေ၊ ဩဇာတွေ ရှိလေသလား။ နတ်ဟင်းလိုလား။ အဲဒီလို လဲ ပေါင်းများစွာနှင့် သိချင်သော အကြံကို အသက်နှင့် အရှက် ကို မငဲ့ဘဲ အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်။

လူ သောင်းသိန်းချီနေတဲ့ကြားထဲက အတင်းလုဝင် လာခဲ့၏။ ဘုရင့်ရှေ့တော်မှောက်သို့ ရောက်ပြီ။

"ဟယ်…ခိုက်လိုက်တဲ့ ငမိုက်၊ သေပေတော့"

မြန်ဆန်လှသော လှုပ်ရှားမှုတွေက လျှပ်တစ်ပြက် အတွင်း ပေါ်လာတော့ ပရိသတ်ကြီးက…

"ဟယ်…"

"ဟင်…"

"ဟာ…"

"ဟောတော့"

ဆိုသော အာမေဋိတ်သံတွေ ပေါ်လာ၏။

ဘုရင့်နား ခ,စားနေတဲ့ မိဖုရားတွေ၊ မောင်းမမိသံတွေ၊ ဝန်ကြီးတွေကလည်း အံ့ဩမှုတွေ၊ တုန်လှုပ်မှုတွေနှင့် ဖြစ် ကုန်ရော။

စစ်သူကြီးက အမိန့်ပေးလိုက်တော့ ရဲမက်များက ကာက၏ လက်မောင်းကို တစ်ဖက် တစ်ယောက်ကိုင်ခွဲပြီး တစ်ဦးက ကာက၏ ကုပ်ပေါ်သို့ ဓားမိုး၍…

"လာခဲ့၊ သေပေတော့"

ဟု ကြိမ်းဝါးလိုက်ချိန်တွင် ကာက,က ဘုရင့်ပွဲတော် ကို နှိုက်ပြီးသွားပြီ။ ပါးစပ်ထဲ ထည့်လို့ ဘယ်လို အရသာ၊ ဘယ်လိုအဆီအနှစ်၊ ဘာအနံ့မှ မရလိုက်ဘဲ သားရေဖတ် ဝါးသလို ဝါးမျိုကာ ယက်ကန် ယက်ကန်နှင့် ခြေကားယား လက်ကားယားဖြင့် ပါသွားလေတော့သည်။

"သေပျော်ပြီ၊ သတ်ချင်လည်း သတ်တော့။ ငါ့ဘဝ တစ်သက်တာမှာ ငါ့ရည်မှန်းချက် အောင်ပြီ။ သတ်တော့၊ သတ်တော့"

ဟု ရဲရဲဝံ့ဝံ့အော်၍ လည်စင်းခံလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုစဉ်…

"မသတ်နဲ့ဟေ့၊ ရပ်…ရပ်လော့"

ဟု အာဏာလွှမ်းမိုးသည့် ဩဇာသံကြီး ထွက်လာ၏။ ထိုအသံရှင်မှာ ရာဇက္ကုန္ဓြေရှင် ဘုရင် သုဘောဇနေသိဒ္ဓိ၏ အသံပင် ဖြစ်သည်။

"မှန်လှပါ ဘုရင်မင်းမြတ်၊ ကျေးဇူးကြီးတော်မူလှပါ သည်။ ကျွန်တော်မျိုး ကာကကို ခွင့်လွှတ်တော်မူပါ ဘုရား"

ဟု တုန်တုန်ယင်ယင်နှင့် လျှောက်တင်လိုက်၏။

"ဟဲ့… သူဆင်းရဲ၊ သင် ဘယ်သူ့ကိုမှ အကြောက် အလန့်မရှိနဲ့၊ ငါကိုယ်တော်မြတ်ရဲ့ ပွဲတော်အုပ်ကို သင့်အား စွန့်ကြဲလိုက်တယ်။ သင် မြိန်ရှက်စွာ သုံးဆောင်လော့"

ကာကလည်း အားရပါးရနှင့် မြိန်ရှက်စွာ စားသုံးရင်း ဘုရင်ကြီးကို ကျေးဇူးတင်နေ၏။ ရင်ထဲမှလည်း စိတ်ကောင်း ရှိတဲ့ ဘုရင်ကြီး၊ မင်းကျင့်တရားနှင့် ညီတဲ့ ဘုရင်ကြီး ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေလို့ အကြိမ်ကြိမ် ဆုတောင်းနေ မိသည်။

ပရိသတ်များကလည်း ကာက စားနေသည်ကို ကြည့် ၍ စားချင်နေကြ၏။ စားဖူးချင်ကြ၏။ သွားရည်ကျနေကြရ သည်။ သို့သော် ဘုရင့်အပါးတော်မြဲတွေက ရှိနေ၍ သူတို့ ၏ စားချက်ဖြင့် သေမည်စိုးသဖြင့် မည်သူမျှ မလှုပ်ရဲကြ။

"သူဆင်းရဲသား… သင် စားလို့ ဝပြီလားကွယ့်"

"မှန်ပါ့ ဘုရား၊ ဝပါပြီ"

"အရသာရော ရှိရဲ့လားကွယ့်"

"အတိုင်းထက်အလွန်၊ မပြောတတ်ပါ ဘုရား"

"မှန်ရာကို သံတော်ဦးတင်စေ၊ ကြားလား"

ဘုရင်ကြီးက လက်သုံးတော် သန်လျက်ကို ကိုင် မြှောက်လျက် ကာကအား မေး၏။

"မှန်ပါ့ ဘုရား"

"မောင်မင်းဟာ တမန်တော်မဟုတ်ဘဲ ဘာကြောင့် တမန်တော်လို့ ဆိုရဘိသနည်း"

"မှန်ပါဘုရား။ ကျွန်တော်မျိုး ကာကဟာ တမန်တော် အစစ်ဖြစ်ပါတယ် ဘုရား"

"ဘယ်အတွက် ဆိုရတာလဲ၊ ဘယ်က တမန်တော်လဲ ကွယ့်"

"ကျွန်တော်မျိုးဟာ တဏှာရဲ့ တမန်တော်အစစ်ဖြစ် လို့ပါ။ တဏှာက စေခိုင်း အမိန့်ချလို့ ဒီကို လာရောက်မိပါ တယ်။ သူ့ စေခိုင်းလို့၊ မလွန်ဆန်နိုင်လို့ ယခုလို လုပ်မိပါ တယ် ဘုရား"

"မောင်မင်းပြောတာ မှန်ပါတယ်၊ လျှောက်တင်စေ ကွယ့်"

"အရှင်မင်းကြီး…ကျွန်တော်မျိုး၏ ဝမ်းထဲက အ[illegible] ကြီး၊ အူသိမ်တို့က အရှင်မင်းကြီး တည်ခင်းတဲ့ ပွဲတော်စာ ကိုမှ စားချင် တောင့်တမိပါတယ်။ သူတို့အတွက် ဘယ်



www.burmeseclassic.com

ယာမျိုးကိုမှ မကြောက်တော့ပါဘူး။ ဘယ်ရန်သူကို ...ည်း ရမပြုနိုင်တော့ပါဘူး။ ဘယ်သူ့ကိုမှလည်း မရှက် ...တော့ပါ။ ကျွန်တော်မျိုး ခန္ဓာတွင်းက အရှင်သခင် ဘုရင် ...မြတ်ကဲ့သို့ ကြောက်ရွံ့ ရှိသေရသူဖြစ်လို့ သူ၏အကျိုး ...တ် တဏှာစေခိုင်းချက်ကိုသာ ဆောင်ရွက်တဲ့ တမန် ...အစစ်ဖြစ်ပါတယ် ဘုရား"

ထိုစကားလျှောက်တင်သံကို ကြားရတဲ့ ပရိသတ်ကြီး ...ငြင်တက်မိပြီး ငေးကြောင်နေသလို၊ ဘုရင်မင်းမြတ်က ...ည်း ရွှေနားတော်စိုက် နားထောင်တော်မူနေ၏။ ထို့နောက် ...ကြီး၏ ရွှေမျက်နှာတော်သည် လပြည့်ည သာသည့် ...မင်းကြီးပမာ၊ လေပြည် လေညင်းတို့ တိုက်ခတ်လာ ...ည့် လေနုအေးကို ခံစားရသူပမာ ပြုံးတော်မူရာမှ…

"သူဆင်းရဲ…မောင်မင်း လျှောက်တင်သည့်စကား ...မှန်ကန်ပါပေတယ်။ သတ္တဝါအားလုံး ဝမ်းမီးရဲ့ ...တမန်တွေ ဖြစ်ကြတယ်။ ဒီတဏှာရဲ့ စွမ်းရည်သတ္တိ ...ကြောင့် သူစေခိုင်းလို့ လှုပ်ရှားရုန်းကန်နေရတယ်။ အလို ...ဆုံး အတောင့်တဆုံး သမုဒ္ဒရာ ဝမ်းတစ်ထွာအရေး ...ကြောင့် အတောမသတ်တဲ့ လောဘ၊ ဒေါသ၊ မောဟ ...တွေ ဖုံးလွှမ်းလာကြတယ်။ ဒီတော့ မနားတမ်း မသေ ...ခင်း အလုပ်လုပ်ကြရတယ်။ သတ္တဝါတို့ရဲ့ ဘဝကို စီရင် ...သူဟာ သူပဲ ဖြစ်တယ်။ မှန်ပါတယ်ကွယ်၊ မှန်ပါတယ် ...ယ်"

"ဝမ်းသာလှပါပြီ ဘုရား"

"မောင်မင်းများ…ယခုလျှောက်တင်သူ ငါ၏ရှေ့တော် ...ရှိ သူဆင်းရဲသား ကာကအား ဤပွဲတော်အုပ် ရွှေ ...နှင့်အတူ နွားလားဥသဘတစ်ထောင် ချီးမြှင့်တော်မူ ...စေ။ အမိန့်တော်"

"မှန်လှပါ ဘုရား။ အမိန့်တော်အတိုင်းပါ ဘုရား"

"ဟယ်…"

"အာ…"

"အို…"

"သူဆင်းရဲသား ကာက,က သတ္တိရှိတဲ့သူပါလား"

မှူးကြီးမတ်ရာ သေနာပတိတို့ကလည်း မမျှော်လင့် ...သာ စကားအမိန့်သံကြောင့် တွေဝေနေရာမှ…

"ကံကောင်းလို့ မသေတာ။ ဘုရင်ကြီးက စိတ်ကောင်း ...နိုလို့ပေါ့"

"မင်းကျင့်တရားနဲ့အညီ စီမံအုပ်ချုပ်တဲ့ ဘုရင်မို့သာ ...နောက်မို့ ဇက်ပြုတ်မှာ။ ဘုရင်ကြီးက တော်တော် ...ပြည့်တဲ့ တရားရှင် မင်းကြီးပဲ"

"ကံထူးရှင် ကာက,ကတော့ ပွဲတော်အုပ်လည်း ရ နွားလားဥသဘ တစ်ထောင်ကိုလည်း ရသွားတယ်။ ကံ ကောင်းလိုက်တာ။ တို့ယောက်ျားတွေကတော့ ငတုံးအေတွေ ပါတော်"

ဒီစကားကို နောက်မှ လိုက်လာတဲ့ ကာက၏ မယား သူဆင်းရဲမ မယ်သုညနဲ့ ငရွေးတို့ ကြားရတော့ အလွန် ဝမ်းသာပီတိဖြစ်ပြီး မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလို့ ဝမ်းသာ လုံး ဆို့ခဲ့ကြတယ်။

"ဘုရင်ကြီး သက်တော်ရာကျော်ရှည်ပါစေ၊ ဘုန်းကြီး ပါစေတော်" ဟု ထိုင်၍ ရှိခိုးနေမိကြ၏။

"ဟာ…မယ်သုညနဲ့ ငရွေး။ ငါ့အကြံအောင်ပြီကွ။ ငါ သူဌေးဖြစ်ပြီ"

"ရှင်က မိုက်ရူးရဲဆန်လှပါတယ်တော်။ အမလေး… မသေလို့ တွေ့ရတာ၊ ဟီးဟီး…ဟီး"

"အေး၊ မင်းပြောလည်း ပြောစရာ။ ငါ မိုက်ရူးရဲဆန် တာဟာ တဏှာက ခိုင်းလို့ပါကွာ။ ငါ့မိန်းမအတွက်ပါ။ လာ…လာ၊ ပြန်ကြစို့။ ဒီမှာက တစ်သိန်းတန် ရွှေခွက်ကြီး"

"ဩော်…ကာက၊ မင်းပြောတဲ့ တဏှာကျေးကျွန် ဆိုတာ သိပ်မှန်တာပေါ့ကွာ။ အခု မင်းဆီကို လိုက်ဆိုလို့ ငါတို့ မကြောက်မလန့်နဲ့ လိုက်ခဲ့ရတာကွ။ ဒီတဏှာခိုင်း သမျှ ငါတို့က မသေမချင်းလုပ်ရမှာပဲ။ တဏှာရဲ့ စေတမန် တွေကွ။ သေမှ အေးမှာ"

"ကိုကာက…ဒါဆို ကျွန်မတို့ ရွှေခွက်ပိုင်ပြီပေါ့ရှင်။ ဝမ်းသာပါတော်"

◈◈◈

ကဲ…စာရှုသူ စာဖတ်ပရိသတ်အပေါင်းတို့ခင်ဗျာ… သတ္တဝါတိုင်း အသက်ရှင်နေထိုင်ဖို့ ကာမတဏှာ၊ ဘဝ တဏှာ၊ ဝိဘဝတဏှာဆိုတဲ့ ဤအကြောင်းတရားကြောင့် တဏှာဆိုတာ တောင့်တပြီးရင်း တောင့်တရင်း၊ အလိုမပြည့် ရင်းဆိုသလို သူခိုင်းသမျှ မလုပ်ဘူးလို့ တွန်းလှန်လို့ ရမှာ မဟုတ်ပါဘူး။

ထိုတဏှာစေခိုင်းသမျှကို အောင်လံလွှင့်ထူနိုင်ခဲ့သည့် တဏှာစေတမန် မဟုတ်သူမှာ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားမှတစ်ပါး မည်သူမျှ ရှိနိုင်မှာမဟုတ်ပါ။

တဏှာစေခိုင်းသည့် စေတမန်သည် နိဗ္ဗာန်မရောက် သေးသမျှ စေခိုင်းခံနေရဦးမည့် တဏှာကျေးကျွန်သာ ဖြစ်ပါ တော့၏တကား။

❐

ကျမ်းကိုး
- ၅၅၀ နိပါတ်တော်
- ဗုဒ္ဓစာဥယျာဉ် မောင်ဆန္ဒ(လယ်ဝေး)



www.burmeseclassic.com

www.burmeseclassic.com

# မလှိုင်မြို့နယ်မှ ပန်းအိုင်ရွှေမုဋ္ဌောဆုတောင်းပြည့်ဘုရားကြီး

လှစံ(ပညာရေး)



စာရေးသူသည် မလှိုင်၊ တောင်သာ၊ မြင်းခြံမြို့များသို့ ဘုရားဖူးနှင့် လေ့လာရေးခရီးသွားရောက်ခဲ့၏။ တောင်သာမြို့သို့ ရောက်ရှိစဉ် တောင်သာမှ နှင်းဆီကုန်သည်ကြီး ဦးလှဝင်းက သူ၏ ကိုယ်ပိုင်ကားဖြင့် မြင်းခြံမြို့ရှိ စွန်းလွန်းဆရာတော်ကြီး ကျောင်းနှင့် မောင်ရင်ပေါ်ချောက်တို့ကို ပို့ဆောင်ပေးခဲ့သဖြင့် ကျေးဇူးတင်ရှိရပါသည်။ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့သို့ ရောက်သောအခါတွင်လည်း ဒေါက်တာတင်ဌေးဦးမှ မလှိုင်မြို့မှ ရှေးဟောင်းသမိုင်းဝင် "ပန်းအိုင် ရွှေမုဋ္ဌော ဆုတောင်းပြည့်ဘုရားကြီး" သို့ ကိုယ်တိုင်လိုက်ပို့ပေးခဲ့သဖြင့် အထူးပင် ကျေးဇူးတင်ရှိခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းအိုင် ရွှေမုဋ္ဌော ဆုတောင်းပြည့် ဘုရားကြီးသည် သိရိဓမ္မာသောကမင်းကြီး တည်ထားတော်မူခဲ့သော စေတီ ပေါင်း ရှစ်သောင်းလေးထောင်တွင် ပါဝင်သည့် ရှေးဟောင်း သမိုင်းဝင် ဘုရားတစ်ဆူဖြစ်ကြောင်း သိရှိခဲ့ရသည်။ ထိုဘုရား ကြီးကို မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ပန်းအိုင်ကျေးရွာအုပ်စု ပန်းအိုင်ကျေးရွာအနီးရှိ တောင်ထိပ်တွင် တည်ထားကိုးကွယ် ထားခဲ့ခြင်းဖြစ်သည်။ သာသနာပွင့်လင်းရာ ပန်းအိုင်ရွာကြီး ကို ကျင်းလေးကျင်း၊ တွင်းလေးတွင်း၊ အင်းလေးအင်းနှင့် ဂူလေးဂူတို့ဖြင့် ရှေးက ဆိုစမှတ်ပြုခဲ့ကြသည်။

ဂူလေးဂူ

အလောင်းစည်သူမင်းကြီးသည် သက္ကရာဇ် ၄၇၉ ခုနှစ် တွင် မိတ္ထီလာကန်ကြီးကို ပြုပြင်ဆယ်ဖို့ပြီး ပုဂံနေပြည်တော် သို့ ပြန်လည်ကြွချီတော်မူလာရာ၊ ယခု စေတီတော်တည်ထား ရာအရပ်သို့ ရောက်ရှိသောအခါ ဖောင်တော်သည် အလို အလျောက် ရပ်တန့်သွားခဲ့သည်။ ဖောင်တော်ရပ်တန့်ရာ နေရာတွင် ရွှေမုဋ္ဌော ဆုတောင်းပြည့် စေတီတော်ကို တွေ့ရှိ ခဲ့သည်။ ဖောင်တော်ရပ်တန့်ရာ အထိမ်းအမှတ်အဖြစ် ဦးဘုရား၊ ဝဲဘုရား၊ ယာဘုရား၊ ပဲ့ဘုရားတို့ကို တည်ထားခဲ့ သည်။

ဦးဘုရားဖြစ်သော ကူကြီးဘုရားမှာ ပန်းအိုင်ရွာ၏ မြောက်ဘက် ကူကြီးကျေးရွာတွင် အရှေ့မှန်လှည့်ဖြင့် တည် ထားခြင်းဖြစ်ပြီး တည်သမျှ ဘုရားလေးဆူတို့တွင် ဉာဏ် တော် အမြင့်ဆုံးဖြစ်ပေသည်။ ဗုဒ္ဓရုပ်ပွားတော် တည်ရှိရာ ဂန္ဓကုဋီတိုက်ကို အလင်းရောင်ရယူသောပုံစံမှာ ပုဂံ အာနန္ဒာ၊ သဗ္ဗညုစေတီများကဲ့သို့ပင် ဖြစ်သည်။ လိုဏ်အမိုးနှင့် နံရံ တွင် ရတနာပုံခေတ် နံရံဆေးရေးပန်းချီများ ရေးဆွဲထားခဲ့ ကြသည်။

ဝဲဘုရားဖြစ်သော ရှင်ပင်သာဒွန်းဦးဘုရားသည် ပန်း အိုင်ရွာအနောက်ဘက်ရှိ ကန်ဦးရွာအတွင်းတွင် တည်ထားခဲ့ သည်။ အရှေ့မှန်လှည့် စေတီတော်ဖြစ်ပြီး နှစ်စဉ် တပေါင်း လပြည့်နေ့တွင် ပွဲတော်ကျင်းပလေ့ ရှိပေသည်။

ယာဘုရားဖြစ်သော ရွှေကူသာရဘုရားမှာ ဆုတောင်း ပြည့် စေတီတော်ကြီး၏ အရှေ့မြောက်ယွန်းယွန်းတွင် တည် ထားခြင်းဖြစ်သည်။ ဂူကို ဖြို၍ တည်ထားခြင်းကြောင့် ဂူဖြို့ ဘုရားဟု ခေါ်ဆိုရာမှ ကာလှည်လျားလာသောအခါ ဂူတို ဘုရားဟု ဘွဲ့မည်ဖြစ်လာခဲ့သည်။ ဘုရားတည်ရှိရာ ထနောင်း ကျင်းရွာကလေးတွင် အရှေ့မှန်လှည့် စေတီတော်အဖြစ် တည်ထားကိုးကွယ်ခဲ့ကြသည်။

ပဲ့ဘုရားဖြစ်သော ကွမ်းဘုရားသည် မြစ်ကျင်းရွာတွင်



www.burmeseclassic.com

www.burmeseclassic.com



တည်ရှိပြီး တစ်ဆူတည်းသော မြောက်ဘက် မုခ်လှည့် စေတီတော်ဖြစ်သည်။ နှစ်စဉ် ဝါခေါင်လဆန်း ဇရက်နေ့တွင် ဆွမ်းလောင်းပွဲ ကျင်းပလေ့ရှိသည်။

**ကျင်းလေးကျင်း**

ထနောင်းကျင်းသည် ပန်းအိုင်ရွာ၏ အရှေ့ဘက်တွင် ကပ်လျက် တည်ရှိပြီး အိမ်ခြေ(၂၀၀)ခန့် ရှိသော ရွာဖြစ်သည်။ လယ်ယာလုပ်ငန်းအပြင် ပန်းပု၊ ပန်းပဲလုပ်ငန်းများကိုလည်း ရိုးရာမပျက် ထိန်းသိမ်းလုပ်ကိုင်လျက် ရှိသည်။ မြန်မာ့ရုပ်သေးပညာရှင်ကြီးများ ဖြစ်ကြသော ဦးရာမြတ်၊ ဦးစပယ်သက်တို့၏ မွေးရပ်မြေဒေသဖြစ်ပေသည်။

ဖျောက်ဆိပ်ကျင်းသည် ပန်းအိုင်ရွာ၏ မြောက်ဘက်တွင် တည်ရှိပြီး လွန်ခဲ့သော အနှစ်(၇၀)ခန့်မှစ၍ ပျောက်ကွယ်ခဲ့သည်။ ယခုအခါ ဖျောက်ဆိပ်ကျင်းကို ရွာဟောင်းမြေ ရွာဆိုးကုန်းအဖြစ်သာ တွေ့ရတော့သည်။

ထောက်ဆယ်ကျင်းသည် ကန်းဦးရွာအနောက်ဘက်တွင် တည်ရှိသည်။ ယခုအခါ ထောက်ဆယ်ကန်ကွင်းဟူ၍သာ မြေစာရင်း မြေပုံတွင် တွေ့ရသည်။

မြစ်ကျင်းသည် ဘုရားကြီး၏ တောင်ဘက်တွင် တည်ရှိပြီး အိမ်ခြေ(၁၅၀)ခန့် ရှိသော ရွာကလေးဖြစ်သည်။ ပန်းအိုင်ဘုတာ၏ အရှေ့ဘက် နှစ်ဖာလုံခန့်အကွာတွင် ရှိသည်။

**တွင်းလေးတွင်း**

ရေမဝင်တွင်းသည် ဆုတောင်းပြည့် စေတီတော်၏ အရှေ့စူးစူး တစ်မိုင်ခန့်အကွာ၊ ပိတောက်ရိုးကျေးရွာ၏ မြောက်ဘက်တွင် ရှိသည်။ ရေတွင်းကြီး၏ ထူးခြားချက်မှာ ကျောက်စီထားခြင်း မရှိ။ ရေလမ်းပေါ်တွင် ရှိနေသော်လည်း အခြားရေများ တွင်းထဲသို့ စီးဝင်ခြင်း မရှိ၊ တွင်းထဲမှ ရေမှာလည်း ရေတက်ခြင်း၊ ရေကျခြင်း မရှိ။ ရေကုန်သွားသည်ဟူ၍လည်း မရှိကြောင်း သိရှိရသည်။

အုတ်တွင်းသည် ထနောင်းကျင်းရွာ၏ မြောက်ဘက်တွင် အုတ်တံတိုင်းခတ်ထားသော တွင်းဖြစ်သည်။ ၁၂၄၈ ခုနှစ်၊ မိုးခေါင် ရေရှားသောအခါ ပထမ ဆယ်ဂိုဏ်းချုပ်ဆရာတော် ဦးဝိဇယ၏ သစ္စာအဓိဋ္ဌာန်ပြုချက်ကြောင့် ၎င်းရေတွင်းထဲမှ ထန်းလုံးခန့် ရေလုံးကြီးများ ပန်းထွက်လာပြီး ရေအခက်အခဲကို ပြေလည်စေခဲ့ကြောင်း သိရှိရသည်။

ရွှေမှုန်တွင်းသည် ပန်းအိုင်ရွာ၏ အနောက်ဘက်တွင် ရေတွင်းသုံးတွင်းရှိရာ အရှေ့ခုံး သောက်ရေတွင်းဖြစ်သည်။ ထိုတွင်းထဲမှ ရွှေလင်ပန်းများ ပေါ်တတ်သည်ဟု ဆိုစမှတ်ပြုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်တွင်းကြီးသည် စေတီတော်ကြီး၏ အရှေ့တောင်အရပ်၊ မော်တော်ကားလမ်း တောင်ဘက်ရှိ ရေတွင်းများတွင် အရှေ့ဆုံး သောက်ရေတွင်းဖြစ်သည်။ တောင်တွင်းကြီးရေ [illegible]မည်ရသည့် ဘုရားပွဲတော်ကာလအတွင်း အများဆုံး အသုံးပြုရသော ရေတွင်းဖြစ်ပေသည်။

**အင်းလေးအင်း**

"အင်း"ဟု ခေါ်ဆိုသော်လည်း အောက်ပြည် အောက်ရွာတွင် ရှိသော ငါးဖမ်းသည့် အင်းမဟုတ်ပေ။ အချို့သော မြေကွက်များတွင် ထွန်ယက်လုပ်ကိုင်ခြင်း မပြုသော အင်းကွက်များကို ခေါ်ဆိုခြင်းဖြစ်ပေသည်။ ၎င်းတို့မှာ -

၁။ ပန်းအိုင်ရွာ၏ အရှေ့အရပ်၊ ကူတိုဘုရားအနောက်ဘက်တွင် အင်းတစ်ကွက်၊

၂။ ပန်းအိုင်ရွာ၏ မြောက်ဘက်တွင် ရှိသော သုသာန်မြောက်ဘက်တွင် ကပ်လျက် အင်းတစ်ကွက်၊

၃။ ပန်းအိုင်ရွာ၏ အနောက်ဘက် ကံဦးရွာအနောက်တွင် ရှိသော အင်းတစ်ကွက်၊

၄။ မြစ်ကျင်းရွာအနောက်ဘက်တွင် ရှိသော အင်းတစ်ကွက်တို့ ဖြစ်သည်။


ဤဒေသတွင် စေတီပေါင်း (၃၀၅)ဆူတည်ထားခဲ့သဖြင့် ပင်းတလဲ့စီရင်စုတွင် ပါဝင်သော ပန်းအိုင်ရွာမှ ဆုတောင်းပြည့် စေတီတော်သည် သိရိမ္ဗာသောကမင်းကြီး တည်ထားတော်မူခဲ့သော စေတီပေါင်း ရှစ်သောင်းလေးထောင်တွင် အပါအဝင်ဖြစ်ကြောင်း အားလုံးက ယုံကြည်ကြသည်။ သိရိမ္ဗာသောကမင်းကြီးသည် စေတီပေါင်း ရှစ်သောင်းလေးထောင်တို့ကို တည်ထားသောအခါ တန်ခိုးအလွန်ကြီးသော ရှင်ဥပဂုတ္တမထေရ်ကြီးကို တောင်းပန်၍ သုံးနှစ်အတွင်း အားလုံးပြီးစီးခဲ့သည်။ ထိုစေတီတို့အား လမင်းကို ရာဟုဖမ်းသောအချိန်၌ တစ်ပြိုင်တည်းတည်၍၊ နောက်တစ်ကြိမ်လကို ရာဟုဖမ်းပြီး လွတ်ဆဲအချိန်၌ ပြီးစီးကြသောကြောင့် ရွှေမုဋ္ဌောစေတီတော်များဟု မှည့်ခေါ်ခဲ့ကြလေသည်။ ရွှေမုဋ္ဌောစေတီဟူသော ဘွဲ့တော်အရလည်း လနတ်သားကို ရာဟုအသူရိန်က ဖမ်းဆဲခဏတွင် တည်ထားသောကြောင့်သာမဟုတ်ဘဲ၊ အုတ်မစီဘဲ အပေါက်လွှတ် ချန်ထားအပ်သော မုခ်ဦး၊ မုခ်လှိုင်၊ မုခ်ကပ် တပ်ဆင်ထားသော စေတီတော်ကိုလည်း ရွှေမုဋ္ဌောအမည်ပေးနိုင်သောကြောင့် ဤ ဆုတောင်းပြည့်စေတီတည်ထားပုံမှာ ကျမ်းဂန်နှင့် ညီညွတ်သည်ဟု သိရှိရလေသည်။

**စေတီတော်၏ အံ့ဖွယ် ထူးခြားချက်များ**

ပန်းအိုင် ရွှေမုဋ္ဌော ဆုတောင်းပြည့် စေတီတော်သည် မြတ်စွာဘုရားသခင်၏ ဓာတ်တော်များကို ဌာပနာပြုပြီး တည်ထားသော ဥဒ္ဒိဿစေတီတစ်ဆူဖြစ်သောကြောင့် ဘွဲ့တော်နှင့်အညီ ဆုတောင်းတိုင်း ပြည့်ကြလေသည်။ ဆုတောင်းပြည့်ဘုရားကြီး၏ ပွဲတော်ကို နှစ်စဉ် နယုန်လဆန်း ဂရက်နေ့မှ လပြည့်ကျော် တစ်ရက်နေ့အထိ ကျင်းပပြုလုပ်လေ့ရှိသည်။ နှစ်စဉ် နှစ်တိုင်း ဘုရားပွဲတော်မတိုင်မီ အနီးတစ်ဝိုက်ရှိ ရေတွင်း၊ ရေကန်များအားလုံး ရေပြည့်အောင် မိုးရွာလေ့ရှိခဲ့သည်။

၁၂၈၄ ခုနှစ်၊ နယုန်လတွင် တစ်မြို့နယ်လုံး မိုးခေါင်ခဲ့သောကြောင့် ဘုရားပွဲတွင် ရေအခက်အခဲကြုံတွေ့ရမည့် အခြေသို့ ဆိုက်ရောက်ခဲ့သည်။ ထိုစဉ် ပန်းအိုင်ရွာ၊ သုဇေယျာရာမကျောင်းတိုက်ဆရာတော် ဦးဝိဇယျက စေတီတော်၏ အရှေ့တောင်ထောင့်မှ ထိုင်၍ အဓိဋ္ဌာန်ပြု ဆုတောင်းခဲ့ရာ ဆရာတော်ရှေ့ရှိ ဆွမ်းတော်စွန့်သည့် ကျောက်ဖျာကြီးမှာ ချာချာလည်လာပြီး စေတီတော်ကြီး၏ အရှေ့မြောက်အရပ်ရှိ ထနောင်းကျင်းရွာ၏ အနောက်မြောက်ဘက်တွင် ရှိသော ရေတွင်း(အုတ်တွင်း)မှ ထန်းလုံးပမာဏရှိသော ရေများ ပန်းထွက်လာပြီး ရေတွင်းမှာ ရေလျှံသွားခဲ့သည်။ ထိုရေတွင်းမှ

www.burmeseclassic.com



ရေသည် ဘုရားပွဲတော်ပြီးသည်အထိ သုံး၍မကုန်အောင် ဖြစ်ခဲ့ရသည်။

ပန်းအိုင် သုဓေယျာရာမတိုက် တစ်ဆယ်ဂိုဏ်းချုပ်ဆရာတော် ဦးဝိဇယသည် စေတီ၌ ဌာပနာရန် ဓာတ်တော်များ ရရှိစေရေးအတွက် အဓိဋ္ဌာန်ပြုခဲ့ရာ အရပ်တစ်ပါးမှ ဓာတ်တော် (၄၇)ဆူ ကြွရောက်လာခဲ့သည်။

၁၂၇၂ ခုနှစ်တွင် စေတီတော်အား ထီးတော်တင်လှူရန်အတွက် ငြိမ်းဆင်နေကြသောအခါ ငြိမ်းတော်နှင့်တကွ စေတီတော်၏ ပုံရိပ်သည် ရန်ကုန်မြို့ ဒေါ်ပုံချောင်းထဲတွင် ပေါ်လာခဲ့သည်။ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်ဘုတ်ခုံက သူ ဖူးလိုက်ရသော စေတီပုံရိပ်ကို လိုက်လံ၍ စုံစမ်းရှာဖွေရာ တာကောဆရာတော် ဦးမဟိန္ဒ၏ ပြောကြားချက်အရ ပန်းအိုင်ရွှေမုဋ္ဌောစေတီတော်ဖြစ်ကြောင်း သိရသဖြင့် သဒ္ဓါပေါက်ကာ ငါးထောင်ကျပ်တန် စိန်ဖူးတော်ကို ပူဇော်ခဲ့လေသည်။ ထိုခေတ် ထိုအချိန်က ငွေငါးထောင်ကျပ်သည် အလွန်အဖိုးတန်ပေသည်။

မလှိုင်မြို့နေ ဦးဘခင်+ဒေါ်သိန်းရင်တို့သည် စိန်ဖူးတော်တင်ပွဲတွင် ငွေကြဲရန် ဆန္ဒဖြစ်ပေါ်လျက်ရှိသဖြင့် အဓိဋ္ဌာန်ပြုဆုတောင်းခဲ့ပြီး “စိန်ဖူးတင်ပွဲ ငွေကြဲရန်”ဟူသော အတိတ်ဖြင့် ထီထိုးခဲ့ရာ သိန်းဆုကြီးပေါက်ခဲ့သဖြင့် စိန်ဖူးတင်ပွဲတွင် ငွေနှစ်ထောင်ကျပ် ကြဲခဲ့လေသည်။ အထူးသဖြင့် စေတီတော်ကြီး၏ အရှေ့တောင်ထောင့်အရပ်မှ ဆုတောင်းလျှင် ဆုတောင်းပြည့်ဟု ဆိုကြသည်။

၁၃၄၇ ခုနှစ်၊ ဝါဆိုလကွယ်နေ့တွင် စေတီတော်၏ အရှေ့အရပ် မိုးကောင်းကင်တွင် စေတီတော်၏ ပကတိပုံရိပ်အတိုင်း သုံးကြိမ်ပေါ်ခဲ့သည်ကို ရေလှူ ပန်းတင်ရန် လာကြသော ပန်းအိုင်(၇)ရပ်ကွက်မှ လူအများ ဖူးမြော်ခဲ့ရသည်။ ဝါခေါင်လဆန်း ၂ရက်နေ့၊ ည ၈နာရီတွင်လည်း ဂေါပကအဖွဲ့ဝင် ဦးမြင့်ကြည်တို့အဖွဲ့က ပုံရိပ်တော်ကို ဖူးမြော်ခဲ့ရပြန်သည်။

တစ်ဆင့်စကား တစ်ဆင့်ကြားဖြင့် အနီးအနား မြို့ရွာများမှ လူအများတို့သည် လှည်းဖြင့် တစ်ဖုံ၊ ခြေကျင်တစ်မျိုး၊ ကားကြီး/ကားငယ်အသွယ်သွယ်ဖြင့် ပုံရိပ်တော်ကို ဖူးတွေ့နိုင်ရန် လာရောက်စောင့်ဆိုင်းနေကြသည်။

၁၃၄၇ ခုနှစ်၊ ဝါဆိုလဆုတ် ၈ရက်နေ့ညတွင် အရပ်လေးမျက်နှာ ကောင်းကင်တစ်ပြင်လုံးတွင် စေတီပုံရိပ်များ ပေါ်လာပြန်သဖြင့် စောင့်ဆိုင်းနေကြသော လူတစ်ထောင်ကျော်ခန့်မှာ အားပါးတရ ဖူးမြော်လိုက်ရပေသည်။


ဘုရားကြီးသည် ဆုတောင်းပြည့်ရုံသာမက၊ လူအပေါင်းတို့အား အန္တရာယ်ဘေးဆိုးမှလည်း လွတ်မြောက်စေခဲ့သည်။

၂၆-၈၇ ရက်နေ့တွင် ဘုရားပွဲတော်ကျင်းပနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိ ရုပ်ရှင်ရုံသည် ရုတ်တရက် မီးလောင်ခဲ့ရာမှ ည် အနီးရှိ ဆိုင်ခန်းများကိုပါ အလျှင်အမြန် ကူးစက် ခဲ့သည်။ ထိုစဉ် လေသည် တဟူးဟူးတိုက်လျက်ရှိရာ ပါသွားသော မီးသည် ညောင်ပင်သာရပ်ကွက်အတွင်း အိမ်များကိုပါ မီးရှိန်ပြင်းပြင်းဖြင့် ဆက်တိုက် ဝါးမျိုနေ ည်။ ထိုစဉ် ကောင်းကင်တွင် လုံးဝ မျှော်လင့်မထားသော များ တလိပ်လိပ်တက်လာပြီး မိုးသည်းထန်စွာ ရွာချ သဖြင့် မိုးရေကြောင့် မီးငြိမ်းသွားခဲ့သည်။ ထိုနေ့က နေရာတွင်သာ မိုးရွာခဲ့ပြီး အခြားနေရာများတွင် မိုးပေါက် လေးမျှပင် မကျခဲ့ကြောင်း သိရ၍ အားလုံးက အံ့ဩ သာဖြစ်ခဲ့ရလေသည်။

ပန်းအိုင် ရွှေမုဋ္ဌော ဆုတောင်းပြည့်ဘုရားပွဲတော်ကြီး "ဆေးဘုရားပွဲ"ဟု ဆိုကြသောကြောင့် စာရေးသူမှာ ရှိ ဆေးဘုရားကဲ့သို့ပင် ဂိုဏ်းဆရာများက မိမိတို့၏ ည့်များကို ဆေးအဆင့်တက်ပေးသော ဆေးပွဲဟုပင် ခဲ့သည်။ နောက်ပိုင်းတွင် ကုန်းဆေး၊ ကျွန်းဆေး စွာ ရရှိနိုင်သောကြောင့် ပခုက္ကူခရိုင်၊ မြင်းခြံခရိုင်တို့ ဆေးကုန်သည်များ၊ ဆေးပွဲစားများသည် ဘုရားပွဲတွင် များကို ဖိုပေါင်း သိန်းသောင်းချီ၍ ရောင်းကြ ဝယ်ကြ ကြောင်း သိရှိခဲ့ရလေသည်။ အထက်အောက် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် ရှိကြသော ဆေးလိပ်ခုံပိုင်ရှင်များသည် န်းအိုင်ဘုရားပွဲသို့ လာရောက်ကြပြီး မိမိတို့ ဆေးလိပ်ခုံ အတွက် တစ်နှစ်စာ အလုံအလောက် ဆေးဖိုများ ဝယ် ကြမြဲဖြစ်သည်ဟု ပြောပြကြသည်။ တစ်နှစ် တစ်နှစ်တွင် ဆေးရွက်ကြီးရောင်းချသော ဆိုင်ပေါင်း တစ်ထောင်ကျော်ခန့် ရှိကြောင်း သိရသည်။

မလှိုင်မြို့နယ်သည် ဝါအကြီးအကျယ်စိုက်ပျိုးသော နယ်မြေဖြစ်ခြင်းကြောင့် မြန်မာ့ လက်ရက်ကန်းနှင့် ပတ်သက် သော နပ်၊ ယံသွား၊ ယစ်၊ ခြား၊ တညင်းလုံး၊ လက်ခတ်၊ ချည်ဝန်၊ ချည်ခင်များနှင့် ပင်နီအုပ်များ၊ လုံချည်အကြမ်းများ၊ မျက်နှာသုတ်ပဝါ၊ လက်သုတ်ပဝါများကို တောင်ပုံရာပုံ အကြီးအကျယ်ရောင်းချမှု ပြုကြလေသည်။

စာရေးသူ ပန်းအိုင် ရွှေမုဋ္ဌော ဆုတောင်းပြည့်ဘုရား ကြီးသို့ ရောက်ရှိသောနေ့သည် အခါကြီးရက်ကြီးနေ့မဟုတ် သောကြောင့် ဂန္ဓကုဋိတိုက်အတွင်းရှိ ဆုတောင်းပြည့် ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်ကြီးကို မျက်ဝါးထင်ထင် မဖူးတွေ့နိုင်ခဲ့ ပေ။ ဂန္ဓကုဋိတိုက်တံခါးကြီး ပိတ်ထားသည်ကိုသာ တွေ့ခဲ့ ရသည်။ သို့သော် ဂန္ဓကုဋိတိုက်အပေါ်ဘက်တွင် ကြီးမားလှ သော ရုပ်မြင်စက်ကြီးဖြင့် ဗုဒ္ဓဆင်းတုတော်ပုံကို တိုက်ရိုက် ပြသထားသဖြင့် အားပါးတရ ဖူးမြော် ဆုတောင်းခဲ့ရလေသည်။

စာရှုသူများအနေဖြင့် မလှိုင်မြို့သို့ ရောက်ရှိခဲ့ပါလျှင် ပန်းအိုင် ရွှေမုဋ္ဌော ဆုတောင်းပြည့်ဘုရားကြီးသို့ ဝင်ရောက် ဖူးမြော်ပြီး လိုရာ ဆုတောင်း၍ တောင်းသော ဆုတိုင်း ပြည့်ဝကြစေရန် ရည်ရွယ်ရေးသားလိုက်ရပါပေသည်။

လိုရာဆန္ဒ ပြည့်ဝကြပါစေ။

□

ကျမ်းကိုး

- ဆုတောင်းပြည့် ဘုရားသမိုင်း(အရှင်ပဏ္ဍိတ)



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်အောင် (ဘော်ဆိုင်း)

မြတ်ဗုဒ္ဓနှင့်သိကြားမင်း

# ပုစ္ဆာ ဝိသဇ္ဇနအကြောင်း

www.burmeseclassic.com

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတိုက်ရှိ ဥပစာ ပရိဝုဏ်အတွင်းရှိ ပသေနဒီ ကောသလမင်းကြီး၏ ကောင်းမှုဖြစ်သော သလဋ္ဌဂန္ဓကုဋီကျောင်းဆောင်မှာ သီတင်းသုံးနေတော်မူစဉ်အခါ သိကြားမင်းသည် အဖူးအမြော် ရောက်လာလေသည်။ ထိုအခါ မြတ်စွာဘုရားသည် စိတ်အကြံဖြစ်ပေါ်လာ၏။

"ဤ ဒါ့ထံ ရောက်ရှိလာသော သိကြားမင်းသည် စင်ကြယ်သော အကျင့်ရှိသူဖြစ်၍ မည်သည့် ပြဿနာကို မေးသည်ဖြစ်စေ အကြောင်းအကျိုးနှင့် စပ်သော ပြဿနာများကိုသာ မေးပေလိမ့်မည်။ အကြောင်းအကျိုးမရှိတဲ့ ပြဿနာမျိုးကို မေးလိမ့်မည်မဟုတ်။ မေးသမျှ ဝိစိကိစ္ဆာ ပြဿနာများကို ငါ ဖြေရှင်းပေးကြားပေးလျှင် နားလည်သဘောပေါက် သိရှိပေလိမ့်မည်"ဟု စိတ်အကြံဖြစ်လာရာမှ "ပုစ္ဆဝါသဝ မံ ပဥှံ၊ ယံ ကိဉ္စိ မနသိစ္ဆသိ" စတဲ့ ဂါထာဖြင့် မိန့်ကြားလေ၏။

"နတ်တို့သနင်း သိကြားမင်း…သင် သိလိုသော ဝိစိကိစ္ဆာ သို့လော…သို့လော ယုံမှားမှု ပြဿနာများကို မေးလိုက ငါဘုရားအား မေးမြန်းနိုင်သည်"

ဟု ခွင့်ပြုတော်မူလေသည်။

မြတ်ဗုဒ္ဓထံမှ ခွင့်ပြုချက်ကို ရရှိသည့်အခါ သိကြားမင်းသည် ဝမ်းသာကြည်နူးလျက် သိလိုသော ဝိစိကိစ္ဆာ ပြဿနာများကို မေးလျှောက်လေ၏။

◈◈◈

သိကြားမင်း၏ အမေးပုစ္ဆာ(၁)၌…

"အရှင်မြတ်ဘုရား… နတ်လူ အသူရာ၊ နဂါး ဂန္ဓဗ္ဗနတ်တို့နှင့်တကွ အခြားသော သတ္တဝါအပေါင်းတို့သည် တစ်ဦးနှင့်တစ်ဦး ရန်ငြိုးမရှိခြင်း၊ ရန်သူမရှိခြင်း၊ ဒဏ်ထား ကြောင်းလျက် အမျက်ထွက်မှု မရှိဘဲ စိတ်ချမ်းချမ်းသာသာ နေလိုမှုတို့ကို တောင့်တကြပါကုန်၏။ သို့သော် တောင့်တ

"ချစ်ခြင်း၊ မုန်းခြင်းသည်
လိုချင်မှု ဆန္ဒတဏှာကြောင့် ဖြစ်၍၊
လိုချင်မှု ဆန္ဒတဏှာတရား မရှိသော်
ချစ်ခြင်း၊ မုန်းခြင်းဆိုတာ မဖြစ်နိုင်ပါ"



တဲ့အတိုင်း ဖြစ်မလာဘဲ တစ်ဦးနှင့်တစ်ဦး ရန်ငြိုးတွေ ထား၊ ရန်သူတွေ ဖြစ်၊ အမျက်ဒေါသတွေ လှုံ့မိုးပြီး စိတ်ဆင်းရဲစွာ နေထိုင်ကြရပါသည်။ ဤသို့ဖြစ်ရတာ အဘယ်သံယောဇဉ် အနှောင်အဖွဲ့ကြောင့်ပါနည်း"

ဟု လျှောက်ထားလေ၏။

မြတ်ဗုဒ္ဓ၏ ဝိသဇ္ဇနာ ဖြေကြားချက်တွင်…

"နတ်တို့သနင်း သိကြားမင်း… တစ်ဦးနှင့် တစ်ဦး ရန်ငြိုးတွေ ထားပြီး ရန်သူတွေ ဖြစ်၊ ဒဏ်ထားလျက် အမျက်ဒေါသတွေ ပွားကာ စိတ်မချမ်းမသာတွေနှင့် နေထိုင်ကြရခြင်းသည် ဣဿာ မစ္ဆရိယ - သံယောဇဉ် အနှောင်အဖွဲ့ကြောင့် ဖြစ်ရသည်။ ဣဿာဆိုတာက သူတစ်ပါး၏ စည်းစိမ်ဥစ္စာတွေကို မနာလို၊ မကြည်ဖြူ၊ ငြူစူပြီး နေတာကို ခေါ်၏။ မစ္ဆရိယဆိုတာက မိမိအတွက် ရလာတဲ့ အခွင့်အရေးပစ္စည်းဥစ္စာ စသည်တို့ကို တစ်ပါးသူအား ခွဲခြမ်းပေးရမှာကို မပေးရက်လို ဝန်တိုခြင်း၊ ကပ်စေးနဲ တွန့်တိုတာကို ခေါ်၏။

ဤ ဣဿာ-မစ္ဆရိယ နှစ်ပါးကြောင့် သတ္တဝါတွေဟာ ရန်ငြိုးထား ရန်ပွားခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ စိတ်မချမ်းမြေ့စွာ နေထိုင်ကြရခြင်း ဖြစ်၏"

ဟု ဖြေကြားတော်မူသည်။

သိကြားမင်း၏ အမေးပုစ္ဆာ(၂)တွင်…

"ဣဿာ-မစ္ဆရိယတရားသည် အဘယ်တရားကြောင့် ဖြစ်ပေါ်လာပြီး အဘယ်တရားကြောင့် မဖြစ်ပေါ်နိုင်သနည်း"

ဟု မေးလျှောက်လေသည်။

မြတ်ဗုဒ္ဓ၏ ဝိသဇ္ဇနာ ဖြေဆိုချက်၌…

"ချစ်ခြင်း၊ မုန်းခြင်းကြောင့် ဣဿာ-မစ္ဆရိယ တရား

www.burmeseclassic.com

နှစ်ပါးဖြစ်ရသည်။ ချစ်ခြင်း၊ မုန်းခြင်း မရှိသော် ဣဿာ-မစ္ဆရိယ မဖြစ်ပေါ်ပေ"

ဟု မြတ်ဗုဒ္ဓက ဖြေကြားတော်မူသည်။

သိကြားမင်း၏ အမေးပုစ္ဆာ (၃)တွင်...

"အရှင်ဘုရား...ချစ်ခြင်း၊ မုန်းခြင်းသည် အဘယ်တရားကြောင့် ဖြစ်၍၊ မည်သည့်တရားကြောင့် မဖြစ်ပေါ်သနည်း"

မြတ်ဗုဒ္ဓ၏ ဝိသဇ္ဇနအဖြေတွင်...

"ချစ်ခြင်း၊ မုန်းခြင်းသည် လိုချင်မှု ဆန္ဒတဏှာကြောင့် ဖြစ်၍၊ လိုချင်မှု ဆန္ဒတဏှာတရား မရှိသော် ချစ်ခြင်း၊ မုန်းခြင်းဆိုတာ မဖြစ်နိုင်ပါ"

ဟု ဖြေသည်။

သိကြားမင်း၏ အမေးပုစ္ဆာ(၄)တွင်...

"ဆုံးဖြတ်ကြံစည်ခြင်း ဝိနိစ္ဆယဝိတက်သည် အဘယ်တရားကြောင့် ဖြစ်ပေါ်၍၊ မည်သည့်တရားကြောင့် ဝိနိစ္ဆယဝိတက် မဖြစ်နိုင်ပါသနည်း"

မြတ်ဗုဒ္ဓ၏ ဝိသဇ္ဇနအဖြေ၌...

"ပပဉ္စသညာတရားအစုကြောင့် ဆုံးဖြတ်ကြံစည်ခြင်း ဝိနိစ္ဆယဝိတက် ဖြစ်ပေါ်လာရ၏။ ပပဉ္စသညာ တရားစု မရှိလျှင် ဝိနိစ္ဆယဝိတက်တရား မဖြစ်ပေါ်နိုင်ပေ"

ဟု မြတ်စွာဘုရားက ဖြေကြားတော်မူပါသည်။

ဤဘုရားရှင်နှင့် သိကြားမင်းတို့ ပုစ္ဆာ-ဝိသဇ္ဇနအမေးအဖြေများသည် (၁၄)ချက်အထိ ရှိပေသည်။ အပြည့်အစုံကို ဝိတ္ထာရအကျယ် သိရှိလေ့လာ ဖတ်ရှုလိုပါက ဒီဃနိကာယ် မဟာဝဂ်ပါဠိတော် သက္ကပဉှသုတ်တော်ကျမ်း၌ လေ့လာ ဖတ်ရှုနိုင်ပါသည်။

(ကျွန်ုပ်၏ တင်ပြချက်မှာ သခ်ေပ-အကျဉ်းမျှသာ ဖြစ်၏။)

ပြဿနာပုစ္ဆာကို မေးပြီးသည့်အခါ သိကြားမင်းသည် ကြည်နူးဝမ်းသာ၍ မြေကြီးအား လက်ဖြင့် ပုတ်ခတ်လျက် "နမောတဿ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ" ဟု ရွတ်ဆိုလေ၏။

ဤသည်ကို ရည်ရွယ်၍ "နမောတဿ"ဟူသော ဂါထာသည် သိကြားမင်း၏ ဘုရားရှိခိုးသောနည်း၊ ဘုရားရှိခိုးပုံ စကားဟု ပြောစမှတ်တွင်လေသည်။

□



www.burmeseclassic.com

www.burmeseclassic.com


ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်

| | | |
|---|---|---|
| ၂၉ | ၁၄ | ၆ |
| လ ၅ | | ၇ |
| | ၀ | ၈ |

အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၀၇၀၊
E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com


# တိကျမှန်ကန်လို့ အံ့ဩမဆုံး

ဆရာ ဦး.. 28 . 1 . 2005

1998 ခုနှစ် ဆရာ နှင့် တွေ့စဉ် အချိန်က

အသက် ၂၃ နှစ် နဲ့ ၂၄ နှစ်ကြား မှာ 'ထူးချွန်ဆု' ရမယ်လို့ ဟောခဲ့ပါတယ်..။

ထင်မထား ခဲ့ပါဘူး...။

2003 ခု ဇန်နဝါရီလ မှာ ဆရာ့ဆီ ဒုတိယ အကြိမ် သွားတော့..

ဒီတစ်နှစ် သုံးလ အတွင်း မှာ 'ထူးချွန်ဆု' ရမယ် လို့ ထပ်ပြောပါတယ်..။

အဲဒါ လဲ မမျှော်လင့် ခဲ့ပါဘူး...။

အခု ဆရာ ဟောတဲ့ အတိုင်း မမျှော်လင့်ပဲ သမီး 'မြန်မာ့ ဂုဏ်ဆောင် ထူးချွန်ဆု' ရခဲ့ပါတယ်..။

ဆရာ့ ဟောကြား ချက်တွေ တိကျ မှန်ကန် လို့ အံ့ဩမဆုံး ဖြစ်ရပါတယ်..။

[illegible]

ဦးမြတ်နွေ.

www.burmeseclassic.com

www.burmeseclassic.com

# မြမဥ္ဇူလေ (ကျုံမင်း)

## သဒ္ဓါစိတ်မပါသော အသပ္ပုရိသ ဒါန၏
## အကျိုးပေးသော အကြောင်းကံ



www.burmeseclassic.com

ဗုဒ္ဓဘာသာဝင် သူတော်စင်များသည် "ဒါန ပါရမီ"ဖြစ်မြောက်ရေးအတွက် အလှူအတန်းပြုကြသည်များကို စကားအမျိုးမျိုးနှင့် တင်စားခဲ့ကြပါသည်။ "အလှူရေစက် လက်နှင့်မကွာ"၊ "အလှူပေး သူဌေးဖြစ်"၊ "ထမင်းရည်ချောင်းစီးတဲ့အလှူ"၊ "ညောင်စေ့လောက် လှူသော်လည်း ညောင်ပင်ကြီးလောက် ရနိုင်"၊ "တစ်မူးရလို့ တစ်ပဲလှူ"ဆိုပြီး မွန်မွန်မြတ်မြတ်နှင့် အလှူကို တင်စားထားကြပါသည်။

သူတော်ကောင်းတို့နှင့် အလှူသည် ယှဉ်တွဲနေသောကြောင့် မဆန်းသော အသိဖြင့် အလှူအတွက် သာဓုအနုမောဒနာနှင့် ဂုဏ်ပြုတတ်ကြပါသည်။ ထို့ထက်မက လှူကြပါစေ လှူနိုင်ပါစေဆိုသော စကားနှင့် အလှူ၏ ဝမ်းမြောက်သော ပီတိဖြာ၍ ဆုမွန်တွေ ပေးတတ်ကြပါသည်။ ဤကဲ့သို့ လှူသူနှင့် မျှဝေသူတို့၏ အလှူပြုမှုကို အခါအားလျော်စွာ ကြုံဆုံခဲ့ရဖူးပါသည်။

သို့သော် မကြုံဘူး၊ မဆုံဘူး၊ မကြားဘူးသော အလှူပြုသူများအကြောင်း မိတ်ဆွေ ကျောင်းဆရာမတစ်ဦး၏ ပြောစကားအရ စာရေးသူ ကျွန်မ မိမိကိုယ်ကိုယ်ပင် "အော်···ငါ့နှယ်၊ စာတွေ ဖတ်ဖို့ လိုပါသေးသလားလို့ မိမိကိုယ်ကို အပြစ်တင်မိလိုက်ပါသည်။

ကျွန်မ မိတ်ဆွေ၏ စကားမှာ "လူမိုက်တို့၏ အလှူဒါန ငါးမျိုး"ဆိုသော စကားပါတည်း။ မသိတဲ့အတူတူ အစမှ အဆုံး ငါးမျိုးစလုံးကို ရှတ်ပြပါဟု ပြောမိလိုက်သောကြောင့် မှတ်သားရသည်မှာ -

(၁) မရှိမသေ လှူသော အလှူဒါန
(၂) စိတ်မပါဘဲ လှူသော အလှူဒါန
(၃) သူတစ်ပါးကို တစ်ဆင့်ခိုင်း၍ လှူသော အလှူဒါန
(၄) ပစ်လိုက်သလို လှူသော အလှူဒါန
(၅) အလှူ၏အကျိုးကား ပြန်မလာဟု ယူဆပြီး လှူသော အလှူဒါနဟူ၍ ဖြစ်ပါသည်။

ထိုအလှူငါးမျိုးကို တစ်မျိုးချင်း အဓိပ္ပာယ်ပြန်ရန် မလိုလောက်အောင် ရှင်းလင်းနေပြီးဖြစ်ပါသည်။ မလုပ်သင့်သော လုပ်ရပ်နှင့် လှူခြင်းဟု ဆိုလျှင်လည်း ရပါသည်။ ကျွန်မအနေဖြင့် ဤငါးမျိုးသည် ဒါနဖြစ်ရန် အဖုအထစ်နှင့် ယှဉ်နေသည့် အလှူဟု ဆိုချင်ပါသည်။ သို့သော် လူမိုက်တို့၏ အလှူဒါနဖြစ်သည်ဟု ယခုမှ ယှဉ်တွဲ သိရှိရပါသည်။

ဤအလှူမျိုးနှင့် ယှဉ်သော ဇာတ်တော်၊ နိပါတ်တော်များလည်း ရှိနေကြောင်း ကျွန်မ မှတ်သားမိပါသည်။ သို့ပါ၍ လူမိုက်တို့၏ အလှူဒါန ငါးမျိုးကို ဗုဒ္ဓလာ ဓမ္မစကားနှင့် ဆိုသော် ထိုအလှူငါးမျိုးကို စိတ်မပါဘဲ ပေးလှူခြင်း (အသက္ကစ္စ ဒါန)ဟု ခေါ်ပါသည်။ ထိုပေးလှူခြင်းနှင့် တူညီသော ဇာတ်တော်ကို အမှတ်တရ ပြန်ပြောင်းလေ့လာလိုက်သောအခါ···

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်အခါ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။

ယောကျ်ားတစ်ယောက်သည် ကြံတစ်စည်းကို ထမ်းပြီး၊ ကြံတစ်ချောင်းကို စုပ်၍ ခရီးသွားသူပမာ သွားနေ၏။ ထိုအချိန် အရပ်သား ဥပါသကာနှင့် သားကလေးလည်း လမ်းတူ ခရီးတွင် အတူသွားနေကြ၏။

ထိုခရီးတွင် ရှေ့နောက်ပမာ သွားနေရာမှ ကြံထမ်းသမားနှင့် ခရီးသွား သားအဖတို့ ဆုံမိကြချိန်၌ ကလေးက ကြံစားလို၍ ငိုကြွေးကာ ပူဆာ၏။ အဖေဖြစ်သူက ကလေးငိုလွန်း၍ ကြံထမ်းသမားထံမှ ကြံရလိုရငြား ချီးမွမ်းမြှောက်ပင့်စကားဆို၏။ သို့သော် ကြံထမ်းသမားက တုံ့ပြန်စကားမပြောဘဲ သွားမြဲ သွားနေ၏။

ခရီးသွား ဥပါသကာကလည်း သားကိုပင် ချော့ရပြန်၏။ သို့ရာတွင် ကလေးက အငိုမတိတ်။ ထိုအခါ တစ်မျိုးအကြံဖြင့် ကလေး၏ ဖခင်က···

"အသင်···ဤကလေးက ကြံစားလို၍ အလွန်ငိုနေပါသည်။ ကြံတစ်ဖြတ်လောက် ပေးပါလော့"


ဟု တောင်းပန်စကားနှင့် ကြံတစ်ဖြတ်ကို တောင်းသည်။ ထိုအခါ ကြံထမ်းသမားက နားပူလာ၍ စိတ်ဆိုးစွာဖြင့် ကြံတစ်ချောင်းကို နောက်ပြန်ပစ်ပေးလိုက်လေသည်။

ဤသို့ဖြင့် ကြံထမ်းသမား၏ ဘဝသည် ကံအတိုင်းနေခဲ့ပြီး သေလွန်သောအခါ အမြဲမပြတ်ထုံအပ်သော သူ၏လောဘတရားကြောင့် ပြိတ္တာဘဝ၌ ဖြစ်ခဲ့ရလေသည်။

အရှင်မောဂ္ဂလာန်ထံသို့ ကြံစည်းတစ်စည်းကို သွားရောက်၍ လှူဒါန်းလိုက်ပါသည်။ ထိုအခါတွင် အရှင်မောဂ္ဂလာန်သည် ထိုပြိတ္တာအား ချီးမြှောက်တော်မူလို၍ ထိုကြံစည်းကို ပြိတ္တာအား ပြန်ထမ်းခိုင်းပြီး ဝေဠုဝန်ကျောင်းတော်သို့ သွားခဲ့ပါသည်။



www.burmeseclassic.com



ကံအကျိုးပေးအလျောက် ကြံတစ်ချောင်းပေးလှူခဲ့ဖူးသော ကောင်းမှုကံကြောင့် ရှစ်ပယ်မျှလောက်သောအရပ်၌ တရစပ်ပင် ကျည်ပွေ့လောက်ရှိသော ကြံပင်တို့ ပေါက်ကုန်ရာ၌ ကြံ့ရာ၊ ပြိတ္တာသည် ကြံပင်ကို မြင်၍ ကြံစုပ်ချင်သောကြောင့် အပင်နားသို့ သွားသော် ကြံပင်တို့သည် သူ့အားလာ၍ကိုက်ကြသဖြင့် မူးမေ့လဲကျသွား၏။ ဤသို့ဖြင့် ပြိတ္တာသည် ကြံတောနှင့် နေရသော်လည်း ကြံစုပ်၍ မရဖြစ်နေ၏။

တစ်နေ့သောအခါ အရှင်မဟာ မောဂ္ဂလာန်သည် ရာဇဂြိုဟ်သို့ ဆွမ်းခံကြွလာရာ ကြံပြိတ္တာနှင့် ဆုံ၏။ ထိုအခါ ကြံပြိတ္တာက မေးလျှောက်လိုက်၏။

"အရှင်ဘုရား. . .အကျွန်ုပ်၏ ကောင်းမှုအကျိုးဖြစ်သော ဤကြံခင်းသည် အလွန်ပင် များစွာပေါက်နေပါသည်။ သို့သော် ကျွန်ုပ် စားသုံး၍ မရပါ။ ကြံရွက်တို့ကလည်း အလွန်စူးရှပါသည်။ အနားကပ်သွားလျှင်လည်း ဝိုင်း၍ ကိုက်ကြသဖြင့် မူးမေ့၍ပင် လဲကျရပါသည်။ အဘယ်အကျိုးကြောင့် ထိုသို့ဖြစ်ရပါသနည်း။ အကြောင်းအပြစ်ကို မိန့်ကြားတော်မူပါ ဘုရား"

ဟု လျှောက်ထားလိုက်သောအခါ အရှင်မဟာ မောဂ္ဂလာန်က ပြိတ္တာအကြောင်းကို ဆင်ခြင်၍ မိန့်ကြားလိုက်ပါသည်။

"အသင်ပြိတ္တာ. . .သင်သည် လူ့ဘဝ၌ ဖြစ်ခဲ့စဉ်က သင့်ထံ ကြံတစ်ဖြတ်တောင်းသူအား သင်က ကြံတစ်ချောင်းကို နောက်ပြန် ပစ်ပေးခဲ့သည်။ ယခုဘဝ သင် ဤသို့ ဖြစ်ရသည်မှာ ထိုကံ၏ အကျိုးပေးတည်း။ သင် ကြံစားလိုခွင့်ရလိုလျှင် ကြံတောသို့သွားပြီး နောက်ပြန် နုတ်ယူ၍ စားမှသာ ဖြစ်နိုင်မှာ ဖြစ်၏"

ဟု မိန့်ကြားလိုက်ရာ ထိုပြိတ္တာသည် အရှင်မောဂ္ဂလာန်မိန့်ဆိုသည့်အတိုင်း ကြံကို နောက်ပြန်နုတ်လိုက်သောအခါ အဆင်ပြေသွားပြီး ကြံကို စားသုံးခဲ့ရလေသည်။

ထို့ကြောင့် ကျေးဇူးတင်စွာဖြင့် အရှင်မောဂ္ဂလာန်ထံသို့ ကြံစည်းတစ်စည်းကို သွားရောက်၍ လှူဒါန်းလိုက်ပါသည်။ ထိုအခါတွင် ရှင်မောဂ္ဂလာန်သည် ထိုပြိတ္တာအား ချီးမြှောက်တော်မူလို၍ ထိုကြံစည်းကို ပြိတ္တာအား ပြန်ထမ်းခိုင်း၍ ဝေဠုဝန်ကျောင်းတော်သို့ သွားခဲ့ပါသည်။

ကျောင်းသို့ ရောက်သောအခါ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းပါသည်။ ဘုရားရှင်ကလည်း ရဟန်းအပေါင်းတို့နှင့် ထိုကြံများကို သုံးဆောင်တော်မူပြီး အနုမောဒနာပြုတော်မူလိုက်သဖြင့် ပြိတ္တာလည်း ကြည်ညိုသဒ္ဓါပွားမှုများဖြင့် ရှိခိုးဦးတင်လိုက်လေသည်။

ထိုအချိန်မှစ၍ ပြိတ္တာသည် သူ၏ ကြံတောမှ ကြံတို့ကို အလိုရှိသလို စားသုံးနိုင်ပါတော့သည်။

လူမိုက်တို့၏ အလှူဖြစ်သွားသည့် ကြံထမ်းသမား၏ ကြံတစ်ချောင်းပေးခဲ့ခြင်းသည် စိတ်မပါဘဲ ပေးခဲ့ခြင်း၊ မြွေစွာ ပေးခဲ့ခြင်းဖြစ်၍ လူမိုက်၏ အလှူပမာဖြစ်ခဲ့ရ၏။ ထို့ကြောင့် ပြိတ္တာဘဝဖြင့် ကြံတော၌ နေရသော်လည်း ကြံမစားရသည့် ဘဝနှင့် ကြုံခဲ့ရခြင်းဖြစ်လေသည်။

ဤအဖြစ်သည် မိုက်မဲသော သူ၏စိတ်ကြောင့် လူမိုက်အလှူဖြစ်ကာ ခံစားခဲ့ရခြင်း ဖြစ်ပါသည်။ သတိပြုဆင်ခြင်နိုင်ကြလျှင်ဖြင့် ဤအဖြစ်မျိုး ကြုံကြရမည်မဟုတ်ကြောင်း သံဝေဂပွား ဆင်ခြင်သင့်ပါသည်။

□

မှီငြမ်း

- အသပ္ပုရိသ ဒါနသုတ်၊ ပေတဝတ္ထုတော်။



www.burmeseclassic.com

www.burmeseclassic.com

# လှိုက်ဖိုဆန်းပြား

# ကမ္ဘာကျော် ခရီးသွား

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)



မာကိုပိုလို(Marco Polo) (၁၂၅၄-၁၃၂၄)ကို အီတလီနိုင်ငံ၊ ဗင်းနစ်မြို့က ကုန်သည်မိသားစုမှ မွေးဖွားခဲ့တယ်။ ဗင်းနစ်ဟာ ဥရောပအလယ်ပိုင်းက အထင်ရှားဆုံး ကုန်သွယ်ရေးဌာနတစ်ခုမှုဖြစ်ပြီး၊ အဲဒီကာလများက ဗင်းနစ်သား ကုန်သည်တွေဟာ ပုံမှန်လိုပဲ မြေထဲပင်လယ်တစ်လွှား က ကုန်သွယ်နေကြရဲ့။ အလားတူပဲ သူတို့ဟာ ပင်လယ် ကမ်းပေါ်က ဆိပ်ကမ်းမြို့ကြီးတွေရဲ့ ကုန်သွယ်ရေးတွေကို လည်း ထိန်းချုပ်ထားကြတယ်။ အဲဒီမှာ သူတို့ဟာ တရုတ်ပြည်ကနေ တရုတ်နဲ့ ရောမကို ဆက်သွယ်ထားတဲ့ ရှေးဟောင်း ကုန်သွယ်ရေးလမ်းကြောင်း ပိုးလမ်းမကြီး (The Silk Road)ကို ဖြတ်ပြီး ရောက်ရှိလာတဲ့ ပိုး၊ ကြွေထည်နဲ့ အခြား ကုန်ပစ္စည်းတွေကို ရရှိခဲ့ကြတယ်။ ဗင်းနစ်သား မာကိုဟာ တရုတ်ပြည်ကို ပိုးလမ်းမကြီးကနေ ခရီးနှင်ခဲ့တဲ့ အီတာလျံသား မဟာခရီးသွားပါ။

၁၂၇၅ခုမှာ မာကိုပိုလိုဟာ မွန်ဂိုအုပ်ချုပ်သူ ကူဗလိုင်ခန်ရဲ့ နန်းတော်ကို ခရီးနှင်ရောက်ရှိသွားတဲ့အခါ သူဟာ လျှင်မြန်စွာဘဲ ခန်ရဲ့ လက်စွဲတော်ဖြစ်သွားခဲ့ပါတယ်။ သူဟာ ခန်ရဲ့ သံတမန်အဖြစ်နဲ့ အာရှတစ်လွှား ခရီးတွေ နှင်ခဲ့ရပြီး ၁၂၉၅ခုမှာမှ သူ့ဇာတိဗင်းနစ်ကို ပြန်လာခဲ့တယ်။ သူ့ရဲ့ မှတ်တမ်းဟာ ဥရောပသားတွေကို သူခရီးသွားခဲ့ပုံနဲ့ တရုတ်ပြည်မှာ တွေ့ကြုံရတဲ့ အတွေ့အကြုံတွေနဲ့ အာရှမြေတွေပေါ် ကိုယ်တွေ့ အမြင်တွေ ပေးခဲ့ပြီး အာရှကုန်သွယ်ရေးမှာ စိတ်ဝင်စားဖို့လည်း လှုံ့ဆော်ပေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



## အံ့ဖွယ် ခရီးသွား မာကိုပိုလို(Marco Polo)
## (၁၂၅၄-၁၃၂၄)

မာကိုပိုလို သေဆုံးတာ ၁၃၂၄ခုနှစ်မှာပါ။ သေခါနီးမှာ သူပြောသွားတဲ့ နောက်ဆုံးစကားက "ငါမြင်ခဲ့ရတာတွေရဲ့ တစ်ဝက်လောက်တောင် မပြောရသေးဘူး"တဲ့။ မာကိုပိုလိုရဲ့ အစောပိုင်း ဘဝအကြောင်း အနည်းငယ်မျှသာ သိရပါတယ်။ ဘာလို့လဲဆိုတော့ သူ့ဘဝနောက်ပိုင်းကာလတွေမှာ ထုတ်ဝေ ဖြန့်ချိခဲ့တဲ့ သူ့ခရီးစဉ် ကိုယ်ပိုင်မှတ်တမ်းကသာ သူ့အကြောင်း ကုန်ကြမ်းတွေရဲ့ မူလ ဇာစ်မြစ်ဖြစ်လို့ပါ။ ထို့အတူပဲ မာကိုပိုလိုရဲ့ မှတ်တမ်းဟာ ကျောက်မျက်ကုန်သည်တွေဖြစ်တဲ့ သူ့အဖေ(Niccolò)နဲ့ သူ့ဦးလေး(Maffeo Polo)တို့ရဲ့ ခရီးစဉ်ဆိုင်ရာ အချက်အလက် မှုရင်းလည်း ဖြစ်ပါတယ်။ သူ့အဖေနဲ့ ဦးလေးတို့ဟာ မာကို မပါသေးဘဲ တရုတ်ပြည်ကို ပထမဆုံး ခရီးထွက်ခဲ့တာပါ။ သူတို့ဟာ ၁၂၆၀ခုမှာ ကုန်သွယ်မှုဆိုင်ရာ စွန့်စားသွားလာဖို့ ဗင်းနစ်ကနေ ထွက်ခွာခဲ့တယ်။ ကွန်စတင်တီနိုပယ်(ယခု တူရကီက အစ္စတန်ဘူးလ်)ရဲ့ ပင်လယ်နက် ဆိပ်ကမ်းနဲ့ ယခု ယူကရိန်းက Sudak ဖြစ်တဲ့ Soldaia ကို သွားခဲ့ကြတယ်။ အဲဒီကနေ အရှေ့ဘက်ဆီကို ဆက်လက်ပြီး ယနေ့ ရုရှားရဲ့ ဗောလ်ဂါမြစ်ပေါ်က ကုန်သွယ်ရေးမြို့ကြီးတွေကို သူတို့ သွားကြတယ်။ ၁၂၆၂ခုမှာ သူတို့နောက်မှာ စစ်ဖြစ်လာလို့ နောက်ကြောင်းပြန်လှည့်ပြီး အိမ်ပြန်ဖို့ လုပ်တော့လည်း အတားအဆီးဖြစ်နေရဲ့။ အဲဒါကြောင့် သူတို့ဟာ ကုန်ပစ္စည်းရောင်းရဖို့ အရှေ့ဆီကိုသာ ဆက်လက်သွားခဲ့ပြီး ကြီးမားတဲ့ အာရှအလယ်ပိုင်း ကုန်သွယ်ရေးမြို့ကြီး(Bukhara) (ယနေ့ ဥဇဘက် ကစ္စတန်)ကို ရောက်ခဲ့ပြန်တယ်။ အဲဒီမှာ သုံးနှစ်လောက်ကြာတော့ သူတို့ဟာ တရုတ်ပြည်၊ မွန်ဂိုနန်းတော် (The Mongol)ရဲ့ ဧကရာဇ် ကူဗလိုင်ခန်(Kublai Khan)ဆီကို သွားတဲ့ သံတမန်အဖွဲ့နဲ့ ဆုံကြပါရော။

ခန်ဟာ သူတို့ကို နွေးထွေးစွာ လက်ခံခဲ့ပြီး ခရစ်ယာန်အကြောင်း ပိုမိုသိရှိ ကြားနာလိုတဲ့ ဆန္ဒရှိကြောင်း ပြောပြတယ်။ ဥရောပကို ပြန်ပြီး သူ့ကို ဘာသာရေးအကြောင်း ရှင်းလင်းပြောပြနိုင်မယ့် ခရစ်ယာန်ပညာရှင်တွေ ပို့လွှတ်ဖို့ ပုပ်ရဟန်းမင်းကို ဆွဲဆောင်တိုက်တွန်းပေးပါလို့ ပိုလိုညီအစ်ကိုတွေကို ပြောတယ်။ နီကိုလိုနဲ့ မာဖီအိုတို့ဟာ ခန်ရဲ့ တောင်းဆိုမှုကို လိုက်လျောပေးဖို့ ၁၂၆၉ခုမှာ ဥရောပကို ပြန်လာခဲ့ကြတယ်။

ပုပ်ရဟန်းမင်းဟာ သာသနာပြုအဖွဲ့နှစ်ဖွဲ့ကို တာဝန်ပေးပြီး မွန်ဂိုနန်းတော်ကို အပြန်လမ်းမှာ ပိုလိုတွေနဲ့အတူ ထည့်လိုက်တယ်။ ၁၂၇၁ ခုမှာ သူတို့အဖွဲ့ စတင်ထွက်ခွာခဲ့ပြီး ဒီအခေါက်မှာတော့ နီကိုလိုရဲ့ သား မာကို့ကိုပါ ခေါ်ခဲ့တယ်။ အဲဒီနောက် ခုအစ္စရေးက Akko ဖြစ်တဲ့ Acre ကနေ သူတို့ ထွက်ခွာခဲ့တယ်။ သူတို့အဖွဲ့ဟာ ခရီးကြောင်းတစ်လျှောက် ခက်ခဲတဲ့ အခြေအနေတွေ ကြုံတွေ့လာရပေမယ့် ခရီးဆက်လက် နှင်ခဲ့ကြတယ်။ မာကို့မှတ်တမ်းကနေ ခန့်မှန်းကြည့်တော့ သူတို့ဟာ ကုန်းကြောင်းခရီးနဲ့ အာမေနီးယားနဲ့ ပါရှား(ခုတော့ အီရန်)ကို ဖြတ်ပြီး ပါရှင်းပင်လယ်ကွေ့အဝက Hormuz ကို ခရီးနှင်ခဲ့ပုံရတယ်။ ပါရှားကို ဖြတ်ပြီး မြောက်ဘက်သို့သွားရာမှာ အာရှအလယ်ပိုင်းက (the Oxus)မြစ် (ခုခေတ် Amu Darya)၊ (The Oxus)ကနေ တောင်တွေကို ဖြတ်ပြီး The Pamirs ကို ရောက်တယ်။ (The Takla Makan) သဲကန္တာရ တောင်ဘက်စွန်းကို ပတ်ပြီး တရုတ်ပြည်အနောက်ပိုင်းက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ(Lop Nur) (ယနေ့ Xinjiang Uygur)နဲ့ ဂိုဘီသဲကန္တာရကို ဖြတ်ရတယ်။

၁၂၇၅ ခုနှစ်မှာတော့ သူတို့ဟာ ယနေ့ခေတ် ဘီဂျင်းကနေ မိုင် ၂၀၀လောက်အကွာမှာ ရှိတဲ့ ကူဗလိုင်ခန်ရဲ့ နွေရာသီ စံနန်းတော်ရှိရာ (Shangdu)ကို ရောက်သွားပေ... ခန်ဟာ အဖွဲ့သားတွေကို နွေးထွေးစွာ ကြိုဆိုပြီး နေရာထိုင်ခင်းတွေ စီစဉ်ပေးပါတယ်။ ပိုလိုတွေဟာ နောက်ထပ် ၁၇နှစ်လောက် တရုတ်ပြည်မှာ အချိန်ကုန်ခဲ့ရတယ်။ ကူဗလိုင်ခန်ဟာ ချက်ချင်းဆိုသလိုပဲ မာကို့ကို နှစ်သက် သဘောကျသွားတယ်။ ပုံပြောဖို့ စိတ်ဝင်စားသူဖြစ်ပြီး စကားပြော ... ကောင်းလို့ သူ့ကို သူ့အင်ပါယာတစ်ဝှမ်း သံတမန် ... များစွာမှာ လွှတ်ပေးလေ့ရှိရဲ့။ မာကိုဟာ ခန်ရဲ့ သံတမန်ရေးခိုင်းစေသမျှကို ထမ်းဆောင်ပေးရုံသာမက၊ ခန်...



www.burmeseclassic.com

www.burmeseclassic.com


သူသွားရောက်ခဲ့တဲ့ ဒေသအကြောင်းတွေ၊ စိတ်ဝင်စား ဇာတ်လမ်းတွေကို စီကာပတ်ကုံး ပြောပြတတ်လို့ လုံး ပီတိဖုံးရတယ်။ သူဟာ တရုတ်ပြည်တောင်ပိုင်း နဲ့ အနောက်တောင်ဘက်က ယူနန်ပြည်နယ်အပြင်၊ တော့ပဲ မြန်မာပြည်မြောက်ပိုင်းကိုပါ ပါခဲ့ပေါ့။ ခန်ဟာ ယုံကြည်စွာ သံတမန်ရေး စေလွှတ်ခဲ့ရုံသာမက၊ သန်းမြို့ကြီး(Yangzhou)မှာပါ အုပ်ချုပ်သူအဖြစ် ခန့်အပ်ခဲ့သတဲ့။ ဒီလိုပြောဆိုတာကို ယနေ့ခေတ် အများစုက သံသယဝင်ခဲ့ပေမယ့် ဒါဟာ ဖြစ်နိုင်ပါ မွန်ဂိုအုပ်ချုပ်သူတွေဟာ တရုတ်အရေးကိစ္စတွေမှာ ပေးဖို့ သူတို့ရဲ့ နိုင်ငံခြားသား အုပ်ချုပ်ရေးမှူးတွေကို ကျ ခန့်အပ် တာဝန်ပေးတတ်လို့ မာကိုဟာ ရာထူး မျိုးတော့ ရခဲ့မှာပါ။

အချိန်ကြာလာတော့ ပိုလိုတွေက ဥရောပကို ပြန်ခွင့် အကြိမ်ကြိမ်ပြောပေမယ့် ကူဗလိုင်ခန်က သူ အလွန် သဘောကျသူတွေမို့ သဘောမတူခဲ့ပါဘူး။ သို့ပေ ၁၂၉၂ခုမှာတော့ ခန်က တကယ်လို့ မွန်ဂိုမင်းသမီး ကို ပါရှားက မွန်ဂိုအုပ်ချုပ်သူနဲ့ လက်ထပ်ဖို့ ပင်လယ် နေ ပို့မယ့်ကိစ္စမှာ ပိုလိုတွေက စောင့်ရှောက်တာဝန် ခေါ်သွားနိုင်ရင် ပြန်ဖို့ လိုက်လျောခွင့်ပြုပေးမယ်လို့ ခဲ့တယ်။ မာကိုတို့အဖွဲ့ဟာ ယနေ့ Fujian ပြည်နယ် zhou) တောင်ပိုင်း တရုတ်ဆိပ်ကမ်းမြို့ကြီးကနေ ခွာခဲ့ကြတယ်။ အဲဒီကနေ စုမာတြာ၊ အခု သီရိလင်္ကာ ကွ၌)၊ အိန္ဒိယတောင်ပိုင်းနဲ့ ပါရှင်းပင်လယ်ကွေ့တွေဆီ လှင့်ခဲ့ကြတယ်။ မင်းသမီးကို အီရန်သို့ လုံခြုံစွာ ပို့ ပေးပြီးတဲ့နောက်၊ ပိုလို သုံးဦးဟာ Tabrz ကို ဖြတ် ကုန်းလမ်းခရီးနှင်ခဲ့တယ်။ ယခု တူရကီက Trabzon တဲ့ Trebizond ကို ဖြတ်၊ အဲဒီကမှ ကွန်စတင်တီနိုပယ် သင်္ဘောစီးခဲ့ပြီးနောက် ဗင်းနစ်ကို ၁၂၉၅ခုမှာ ပြန် ခဲ့ကြတယ်။

မာကိုပိုလိုသို့ ပြန်ရောက်တဲ့အခါ ဗင်းနစ်သား လူငယ် ဟာ သူ ရောက်ရှိလည်ပတ်ခဲ့တဲ့ နယ်မြေတွေနဲ့ သူ ကြောင်းတွေကို နားထောင်ဖို့ သူ့အိမ်ကို အုပ်စုဖွဲ့ ရှိလာတတ်ကြတယ်။ မာကိုဟာ သန်းချီတဲ့ ပုံပြင်တွေ (il milione) သန်းချီတဲ့ မာကို (Marco milione)လို့ များလာပေါ့။ သူ့အိမ်ခြံဝင်းကလည်း (The corte del ne) သန်းချီသူရဲ့ အိမ်တော်ဝင်းအဖြစ် ကျော်ကြားလာ

မကြာခင် မာကိုဟာ ဗင်းနစ်နဲ့ ကုန်သွယ်ရေးပြိုင်ဘက် ဂျီနိုအာအကြား ရေကြောင်းပဋိပက္ခမှာ ပါဝင်ပတ်သက်လာခဲ့တယ်။ ၁၂၉၈ခုရောက်တော့ မာကိုက ဂုဏ်ထူးဆောင် အုပ်ချုပ်ရေးမှူးလုပ်နေတဲ့ ဗင်းနစ် ရေယာဉ်စုကို ဂျီနိုအာ ရေတပ်က အနိုင်ရလိုက်တဲ့အခါ သူဟာ တစ်နယ်တည်းသား (၇၀၀၀)နဲ့အတူ ဖမ်းဆီးချုပ်နှောင်ခံရပါတော့တယ်။ အကျဉ်းကျနေစဉ်အတွင်းမှာ မာကိုဟာ သူ့အဖြစ်အပျက် ဇာတ်ကြောင်းတွေကို ပြန်ပြောရင်းနဲ့ အချိန်တွေကို ကုန်ဆုံးစေခဲ့တယ်။ သူ့ဇာတ်လမ်းတွေဟာ နားထောင်နေတဲ့၊ လွမ်းမောဖွယ် ဝတ္ထုတွေရေးတဲ့ ပီစာမြို့သား ရပ်စတီချယ်လို (Rustichello)ကို ဆွဲဆောင်လိုက်ပါတယ်။ သူက အာသာဘုရင်ကြီးအကြောင်း ခေတ်စားလှတဲ့ ရင်တုန်လှိုက်မောဖွယ် ဇာတ်လမ်းနှစ်ခု ရေးသားခဲ့သူ စာရေးဆရာပါ။ ရပ်စတီချယ်လိုဟာ စွန့်စားခန်းနဲ့ ဆွတ်ပျံ့လွမ်းမောဖွယ်ရာတွေ ပြည့်နေတဲ့ မာကို့ခရီးစဉ်ကို အလွန်စိတ်ဝင်စားစွာ မှတ်သားပြီး အသုံးများတဲ့ ပြင်သစ်ဘာသာစကားနဲ့ တင်ပြဖို့ ပြင်ဆင်ပါတော့တယ်။

ရပ်စတီချယ်လိုဟာ မာကိုပိုလိုရဲ့ ဇာတ်ကြောင်းကို မကြာခဏ မွမ်းမံ တန်ဆာဆင် ပြုပြင်ခဲ့တယ်။ ပမာအားဖြင့် ကူဗလိုင်ခန် နန်းတော်ကို ပိုလိုတွေ ရောက်ရှိပုံ သူ့ရဲ့ တင်ပြချက်ဟာ သူ့အာသာ ဇာတ်လမ်းထဲက တစ်ကွက်နဲ့ အတော်ကြီးကို ဆင်တူနေရဲ့။ အလားတူ သူ့ရဲ့ စစ်ပွဲတွေအကြောင်း သရုပ်ဖော်မှုတွေဟာလည်း သူ အရင်က သုံးစွဲရေးသားခဲ့တဲ့ ပုံသေနည်းအတိုင်းပါပဲ။ သို့ပေမယ့်လည်း စာအုပ်ဟာ အလွန့်အလွန်ကို ခေတ်စားသွားပါတော့တယ်။ မကြာခင်မှာ လက်တင်၊ အီတာလျံ၊ ဗင်းနစ်ဒေသိယ ဘာသာစကား၊ အင်္ဂလိပ်နဲ့ အခြားဘာသာတွေနဲ့ပါ ပြန်ဆိုခဲ့ရပေါ့။ စာအုပ်ရဲ့ မူရင်း ခေါင်းစဉ်က ကမ္ဘာကြီးကို သရုပ်ဖော် တင်ပြခြင်း






www.burmeseclassic.com

www.burmeseclassic.com

(The Description of the World)ပါ။ နောက်ပိုင်း တည်းဖြတ်မှု၊ ဘာသာပြန်ဆိုမှုတွေအရ မာကို့ ခရီးသွားမှတ်တမ်းဟာ ခေါင်းစဉ်အမျိုးမျိုးနဲ့ ထွက်ပေါ်လာရဲ့။ (Il milione)၊ (The Book of Marvels)၊ (The Book of Marco Polo) နဲ့ မာကိုပိုလိုရဲ့ ခရီးစဉ် (The Travels of Marco Polo) စတဲ့ စာအုပ်တွေလိုပေါ့။

အကျဉ်းစံဘဝက လွတ်လာပြီးတဲ့နောက် မာကိုဟာ ဗင်းနစ်ကို ပြန်လာခဲ့ပြီး အဲဒီမှာပဲ ၁၃၂၄ခုနှစ်မှာ သေဆုံးသွားခဲ့ပါတယ်။ မာကိုပိုလို ခရီးစဉ်မှတ်တမ်းဟာ ဥရောပ စာဖတ်သူတွေပေါ် နက်နက်ရှိုင်းရှိုင်းလွှမ်းမိုးပြီး အလုပ်ပေးခဲ့တယ်။ မြေပုံဆွဲသမားတွေက အာရှနယ်မြေဆိုင်ရာ သတင်းအချက်အလက်တွေ ရှာဖွေဖို့ ဒီစာအုပ်ကို လှန်ကြတယ်။ ကုန်သည်တွေက ကုန်သွယ်စီးပွားရေးစွန့်စားမှုတွေကို စီမံကိန်းဆွဲတဲ့အခါ အဲဒီကနေ အကြံဉာဏ်တွေ ဆွဲထုတ်ယူကြတယ်။ ပေါ်တူဂီသင်္ဘောသားတွေက ၁၅ရာစုမှာ အိန္ဒိယကို ပင်လယ်လမ်းကြောင်းတစ်ခုရှာဖို့ ဆုံးဖြတ်တဲ့အခါ ဒီမှတ်တမ်းကို လေ့လာကြတယ်။ ဂျီနိုအာသား ရေကြောင်းသွားလာသူ ခရစ္စတိုဖာ ကိုလံဘတ် (Christopher Columbus)မှာလည်း အဲဒီခရီးစဉ် လက်တင်ဘာသာပြန်တစ်ခုရှိပြီး အဲဒါကို သေသေချာချာ လေ့လာဖတ်ရှုခဲ့တယ်။ သူ့စာအုပ်ရဲ့ စာမျက်နှာဘေး လိုင်းတွေမှာ သူ့လက်ရေးနဲ့ ရေးမှတ်ထားတဲ့ မှတ်ချက်တွေနဲ့အတူ ရှိနေဆဲပါ။ ကိုလံဘတ်ဟာ အနောက်ဘက် ဥရောပကနေ ရွက်လွှင့်ပြီး အာရှဈေးကွက်တွေကို ရောက်ရှိဖို့ ခရီးလမ်းကြောင်းကို ကိုယ်တိုင် စီမံကိန်းဆွဲတဲ့အခါ မာကိုပိုလိုရဲ့ ပထဝီဝင်အပေါ်မှာ အလေးအနက် အားကိုးအားထားပြုခဲ့တယ်။

၂၀ရာစုမှာတော့ မာကိုပိုလို မှတ်တမ်းဟာ တိကျမှန်ကန်မှု ရှိ မရှိ ပညာရှင်အချို့က မေးခွန်းတွေ ထုတ်လာခဲ့ပေါ့။ အချို့ကတော့ တရုတ်ပြည်ကို သူ တကယ် ခရီးမနှင်ခဲ့ဘူးလို့တောင် ပြောဆိုခဲ့ရဲ့။ ဒါ့အပြင် အဲဒီကို သွားခဲ့ဖူးတဲ့ အခြားလူတွေဆီက သူ ကြားခဲ့တဲ့ တစ်ဆင့်ပြောတွေပါလို့ ဆိုသူက ဆိုရဲ့။ မာကို့မှတ်တမ်းမှာ တရုတ်လူမှုအသိုင်းအဝန်းရဲ့ ထူးခြားတဲ့ ဝိသေသ လက္ခဏာများကို မဖော်ပြထားလို့လည်း သံသယတွေ ထွက်ပေါ်လာဟန်တူပါတယ်။ တူတွေကို သုံးပြီး တရုတ်တွေ စားသောက်ကြတာ၊ လက်ဖက်ရည်ကြမ်း သောက်တာ၊ ဂုဏ်ထိုက်အလှ မြင့်တင်ဖို့ ခြေထောက်လေးတွေ သေးငယ်နေရမယ်လို့ ယူဆပြီး အမျိုးသမီးလေးတွေရဲ့ ခြေထောက်တွေကို သာမန်အတိုင်း မကြီးထွားနိုင်အောင် စည်းနှောင်ခဲ့ကြလို့ "တရုတ်ခြေသေးမ" ဖြစ်တာ၊ အသံထွက်အတိုင်း မရေးသားဘဲ အရာဝတ္ထု၊ ဒါမှမဟုတ် စိတ်ကူးတစ်ခုခုကို ကိုယ်စားပြုတဲ့ သင်္ကေတအရုပ်စာ(ideograms)တွေနဲ့သာ ဖော်ပြတဲ့ အရေးဘာသာစကား (written language)ကို အသုံးပြုကြတာ၊ တရုတ်ပြည်ကြီးရဲ့ မြောက်နဲ့ အနောက်မြောက်ပိုင်း ရှေ့တန်းတစ်လျှောက်လုံး ပြေးနေတဲ့ ခံတပ် ကတုတ်အဖြစ် မဟာတံတိုင်းကြီး (the Great Wall) တည်ဆောက်ထားတာတွေ ထည့်သွင်းရေးသားထားတာ မရှိလို့ ဖြစ်နိုင်ရဲ့။



အခြား ပညာရှင်တွေကတော့ မာကိုဟာ တရုတ်ပြည်သူလူထုထက် မွန်ဂိုအုပ်ချုပ်သူတွေအကြားမှာ ပိုပြီး နေထိုင်ခဲ့ရလို့ တူတွေ၊ လက်ဖက်ရည်တွေ၊ တရုတ်ခြေသေးမတွေ၊ အရေးဘာသာစကားတွေနဲ့ ထိတွေ့မှု နည်းခဲ့လိမ့်မယ်၊ ဒါမှမဟုတ် လုံးဝ ထိတွေ့ခဲ့မှာ မဟုတ်ဘူး။ မဟာတံတိုင်းရဲ့ ယနေ့ ပုံပန်းသဏ္ဌာန်ဟာလည်း မာကိုပိုလိုသေပြီးနောက် ၁၆ရာစုတိုင်အောင် မတည်ရှိခဲ့သေးလို့ပါ စသဖြင့် ညှာညှာတာတာ ဆိုကြတယ်။ ဒါ့အပြင် မာကို့မှတ်တမ်းထဲက မရေရာ မပြတ်သားမှုများစွာဟာ စာရေးသူ ရပ်စတီချယ်လိုက ပေါ်ပြူလာဖြစ်မယ်လို့ သူထင်တာတွေကိုသာ မှတ်ယူပြီး ရေးသားပုံဖော်ခဲ့လို့လည်း ဖြစ်နိုင်ပါတယ်တဲ့။ ဘာပဲဖြစ်ဖြစ် မာကို့မှတ်တမ်းဟာ မွန်ဂိုနဲ့ တရုတ်လူမှုအသိုင်းအဝန်းရဲ့ ရှုထောင့်အမြင် အသေးစိတ်များစွာနဲ့ မွန်ဂိုတွေရဲ့ လမ်းနဲ့ စာပို့စနစ်တွေ၊ တရုတ်မှာ မွန်ဂိုအုပ်စိုးသူတွေရဲ့ လုပ်ရပ်တွေ၊ ကူဗလိုင်ခန်ရဲ့ ကိုယ်ရေးကိုယ်တာ၊ မွန်ဂိုနန်းတွင်းဘဝတွေအပါအဝင် (Shangdu, Khanbaliq, Hang-zhou)နဲ့ (Quanzhou)တို့လို မြို့ကြီးတွေရဲ့ အရေးပါပုံတွေကိုတော့ အသားပေး သရုပ်ဖော်ထားခဲ့နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

**တရုတ်ပြည်ကို ခရီးနှင်လို့ ကျော်ကြားခဲ့တဲ့ မာကိုပိုလို(Marco Polo) ရဲ့ ဘဝမှတ်တိုင်များ**

- ၁၂၅၄ခုမှာ မာကိုပိုလိုကို အီတလီနိုင်ငံ၊ ဗင်းနစ်မြို့မှာ မွေးဖွားခဲ့ပြီး၊ ၁၃၂၄ ခုမှာ သေဆုံးခဲ့ပါတယ်။

- ၁၂၇၁ခုနှစ်မှာ မွန်ဂိုအင်ပါယာကို ခရီးထွက်ဖို့ သူ့အဖေ(Niccolò)နဲ့ သူ့ဦးလေး(Maffeo Polo)တို့နဲ့ စတင်တယ်။

- ၁၂၇၅ခုနှစ်မှာ တရုတ်ပြည် Shangdu က မွန်ဂိုအင်ပါယာရဲ့ အရှင်သခင် ကူဗလိုင်ခန်ရဲ့ နန်းတော်ကို ရောက်ရှိတယ်။

- ၁၂၇၅-၉၂ခုနှစ်မှာ ခန်ရဲ့ သံတမန်အဖြစ် အမှုတော်ထမ်းပြီး မွန်ဂိုအင်ပါယာအတွင်း တကျယ်တပြော ခရီးသွားခဲ့ရတယ်။

- ၁၂၉၂ခုနှစ်မှာ ကူဗလိုင်ခန်အတွက် နောက်ဆုံး သံတမန်ခရီးကို ပြီးမြောက်စေဖို့ လမ်းမှာ ပါရှားကို ဝင်ခဲ့ပြီး ဥရောပကို ပြန်လည်ထွက်ခွာခဲ့တယ်။

- ၁၂၉၅ခုနှစ်မှာ ဥရောပကို ပြန်လည်ရောက်ရှိသွားတယ်။

- ၁၂၉၈ခုနှစ်မှာ ဗင်းနစ်နဲ့ ဂျီနိုအာအကြား ဖြစ်ပွားတဲ့ စစ်ပွဲတစ်ခုအတွင်း ဂျီနိုအာသား(The Genoese) တွေ ဖမ်းဆီးအကျဉ်းချတာ ခံခဲ့ရတယ်။

- ၁၂၉၈ခုနှစ်မှာ သူ့ခရီးစဉ်အကြောင်းကို အကျဉ်းသား အပေါင်းအသင်းဖြစ်တဲ့ စိတ်ကူးယဉ် အချစ်ဇာတ်လမ်း ရေးသားတဲ့ စာရေးဆရာ ရပ်စတီချယ်လို(Rustichello)ကို မှတ်တိုက်ချပေးတယ်။ မာကိုရဲ့ ဇာတ်ကြောင်းဟာ တရုတ်ပြည်အကြောင်း ဥရောပကို ပထမဆုံး သတင်းပေးတဲ့ တစ်ခုတည်းသော မူရင်းဇာစ်မြစ်အဖြစ် နှစ် (၁၀၀)လောက် ရပ်တည်နေခဲ့ပါတယ်။ ဘဝဖြစ်စဉ်တစ်ခုလုံး ဇာတ်ကြောင်းပြန် ပြောပြခဲ့တဲ့ ပိုလိုဟာ သန်းနဲ့ချီတဲ့ ပုံပြင်တွေနဲ့ လူ(il milione) လို့ လူသိများလာပါတော့တယ်။

- ၁၃၂၄ခုနှစ်မှာ မာကိုပိုလိုဟာ အီတလီနိုင်ငံ၊ ဗင်းနစ်မြို့မှာပဲ သေဆုံးသွားခဲ့ပါတယ်။

သူ့ရဲ့ စွန့်စားသွားလာမှု ခရီးစဉ်မှတ်တမ်းကို သမိုင်းမှာ အထင်ရှား အကျော်ကြားဆုံးသော ခရီးသွား လမ်းညွှန်တွေထဲက တစ်ခုအဖြစ် သတ်မှတ်ကြပါတယ်။ ခရစ်စတိုဖာကိုလံဘတ်ဟာ မာကိုပိုလိုရဲ့ ခရီးစဉ်မှတ်တမ်းကို သုံးပြီး အဲဒီရဲ့ အကူအညီနဲ့ အနောက်တိုင်းကနေ တရုတ်ပြည်ကို ရှာဖွေတွေ့ရှိခဲ့မယ့် ခရီးအကွာအဝေးကို ခန့်မှန်းနိုင်ခဲ့ပါတယ်။



သူ့မှတ်တမ်းမှာ မွန်ဂိုနိုင်ငံတော်ကြီးကို ဘုရင်စနစ်နဲ့ အုပ်ချုပ်တဲ့ တိုင်းပြည်ပါတယ်။ ကူဗလိုင်ခန်က သူ့နေပြည်တော်တစ်မြို့လုံးကို စစ်တုရင်ခုံလို စတုရန်းပုံ စီစဉ်ခင်းကျင်းပြီး အလွန်ပြည့်စုံတဲ့ ပုံစံတစ်ခုနဲ့ စီစဉ်နေရာချထားတယ်။ ဖိသုကာ လက်စွမ်းပြထားလို့ ဒါကို ပိုင်နိုင်စွာ ရှင်းလင်းဖော်ပြချက်ပေးဖို့ မဖြစ်နိုင်လောက်အောင်ပါပဲလို့ ဖော်ပြခဲ့တယ်။ ကေရာင်ဘုရင်ကြီးရဲ့ နန်းတော်ကို ခမ်းကြီးနားကြီး ပြုလုပ်ထားမှုတွေကိုလည်း အသေးစိတ် ရေးသားထားခဲ့ပါတယ်။ နန်းတွင်း ခန်းမ ခန်းဆောင်တွေရဲ့ နံရံအားလုံးမှာ မြင်းစီးသမားတွေ၊ သားရဲတိရစ္ဆာန်မျိုးစုံကနေ သားဖောက်ထားတဲ့ အကောင်တွေ၊ နဂါးနဲ့ ငှက်ရုပ်ပုံတွေနဲ့ စစ်ပွဲမြင်ကွင်းတွေ ချည်းပါ။ မျက်နှာကြက်ကိုလည်း အလားတူပဲ ဆန်းပြား ခမ်းနားစွာ တန်ဆာဆင်ထားရဲ့၊ ဒါ့အပြင် မျက်နှာကြက်တွေမှာ ဘယ်နေရာမှာမှ မတွေ့ရနိုင်တဲ့ ရွှေထည်တွေ၊ ရုပ်ပုံကားတွေကို မြင်ရတယ်လို့ ရေးခဲ့လို့ ဆင်မြူရယ်တေလာ ကောလားရစ်(Samuel Taylor Coleridge)က အဲဒီမှတ်တမ်းကို ထပ်မံ ကွန့်မြူး သရုပ်ဖော် တင်ပြထားတဲ့ ကူဗလိုင်ခန် နန်းတော်ရဲ့ အလှကြည့် အမိုးခုံးအကြောင်းမျိုးတွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။

မာကိုပိုလိုဟာ အာရှတစ်လွှား ၂၄နှစ်မျှ ခရီးနှင်လှည့်လာခဲ့ရလို့ အလယ်ခေတ် ဥရောပအလယ်ပိုင်းမှာ ဘယ်လိုမှ စဉ်းစားကြည့်လို့တောင် မရနိုင်တဲ့ အရာတွေကို သူ ပြန်ပြောပြနိုင်ခဲ့တယ်။ လောင်ကျွမ်းနိုင်တဲ့ ကျောက်တွေ၊ အလွန်ကြီးမားတဲ့ ပေါင်းမိုးလှည်းကြီးတွေနဲ့ လှည့်လည်သွားလာ နေထိုင်သူတွေ၊ အလွန်အံ့ချီးဖွယ်ရာ စည်းစိမ်များ ဝန်းရံထားတဲ့ မဟာကူဗလိုင်ခန်(The Kublai Khan)မင်းကြီးရဲ့ အကြောင်းတွေပေါ့။ မာကိုပိုလိုဟာ အရှေ့ဖျား (The Far East)က ဘဝတွေအပေါ် သူတို့ရဲ့ လျှပ်တစ်ပြက်မြင်

www.burmeseclassic.com

www.burmeseclassic.com

ကို ဥရောပထံပထမဆုံးပေးခဲ့တယ်။ ဒါပေမယ့် သူ့ဖြစ်ရပ်တွေ အများစုက မယုံကြည်နိုင်စရာပါ။

၁၉၂၈ခုနှစ်က (National Geographic)မဂ္ဂဇင်းရဲ့ ဆောင်းပါးတစ်ခုမှာ သူ့ခရီးစဉ်ကို ခြေရာခံပြီး မာကိုပိုလို ဖော်ပြခဲ့တာ အများစုဟာ မှန်တယ်ဆိုတာ ညွှန်ပြထားရဲ့။ မာကိုဟာ အာရှ အရှေ့ဖျားစွန်း(Farthest Asia)တိုင် ဘယ်လို ထိုးဖောက်သွားခဲ့ပြီး ဥရောပက မသိသေးတဲ့ ပင်မ နယ်မြေများစွာကို ရှာဖွေတွေ့ရှိခဲ့သလဲ။ ဒါတင်မက များစွာသော ဓာတ်သတ္တုတွေ၊ တိရစ္ဆာန်တွေ၊ ငှက်တွေနဲ့ အပင်တွေ၊ အဲဒီ ပိုးလမ်းမကြီးခရီးလမ်းတစ်လျှောက်မှာ အရေးပါတဲ့ အိုအေစစ်တစ်ခုဖြစ်တဲ့ ဒန်ဟောင်း(Dunhuang) က (The Mogao) ဂူနံရံတွေက လူတွေရဲ့ အသိပညာမြင့်မားမှုကို ဖော်ပြတဲ့ ခမ်းနားကြီးကျယ်တဲ့ နံရံဆေးရေးပန်းချီ (mural paintings) တွေကိုရောပေါ့။ တရုတ်ပြည်က ဂူ (၅၀၀) လောက်နီးပါး ပါရှိတဲ့ ဒီဂူအစုအဝေးကြီးကို ၁၉၈၇ ခုမှာတော့ ကမ္ဘာ့အမွေအနှစ်ဒေသ (World Heritage Site) အဖြစ် ယူနက်စကို(UNESCO)က သတ်မှတ်ပေးခဲ့ပါတယ်။

ဘယ်သူတွေ ဘာပဲပြောပြော သေချာတာကတော့ မာကိုပိုလိုတို့ဟာ နယ်သစ်ရှာဖွေ စူးစမ်း သွားလာသူတို့ရဲ့ သမိုင်းမှာ ထူးခြားမှုအရှိဆုံး အိမ်ပြန်လာနိုင်သူတွေပေါ့။

၁၃ရာစု ၉၀ခုနှစ်တွေရဲ့ တစ်ခုသော မွန်းလွဲချိန် နောက်ပိုင်းလေးတစ်ခုမှာ ရာသီဥတု ထုထောင်းခံထားရတဲ့ သူတို့ သုံးဦးသားဟာ စိုရွှဲ ညစ်ပတ်နေတဲ့၊ ကြမ်းထော်ပြီး ထူးဆန်းတဲ့ အဝတ်အစားတွေနဲ့ ဗင်းနစ်ကမ်းပေါ်ကို ခြေချလာကြတယ်။ သူတို့ရဲ့ မျက်နှာတွေဟာ ကြေးနီရောင်သမ်းနေတဲ့ သားရေပြားလိုပါပဲ။ အပူပိုင်း နေဒဏ်ကြောင့် နေလောင်ထားတာလည်း ပါမှာပေါ့။ သူတို့မှာ နှင်းကိုက်ထားလို့ မပျောက်သေးတဲ့ အမာရွတ်တွေလည်း ရှိလိမ့်မယ်။

အသက်ရနေတဲ့ လူကြီးတွေ (မာကိုရဲ့ အဖေနဲ့ ဦးလေး)က နှုတ်ခမ်းမွေးကျည့်ကျည့်ဟန်ရှိပြီး မျက်လုံးတွေကလည်း မှုန်သီနေရဲ့။ အတော့်ကို အားစိုက်ကြည့်လာခဲ့ရလို့လည်း ဖြစ်ကောင်းဖြစ်လိမ့်မယ်။ အငယ်ဆုံး လူ (မာကိုပိုလို ကိုယ်တိုင်)ကတော့ နီးကြားတဲ့ ပုံဟန်နဲ့ ခပ်ထောင်ထောင်ရှိပြီး ချုံပုတ်လို ဆံပင်ရှုပ်ရှုပ်၊ မည်းမှောင်တဲ့ ပါးမြိုင်း မုတ်ဆိတ်တွေနဲ့ မြင်မြင်သမျှအတွက် တက်ကြွနေပေါ့။

ဗင်းနစ်မြို့ကို ရောက်ပြီး ပထမဆုံး သူ စူးစမ်း အကဲခတ်လိုက်တာကတော့ အနည်းငယ်သာ ပြောင်းလဲပြီး မာန်ချီပြီး လှုပနေဆဲ ရှိလိုက်တဲ့ ဗင်းနစ်ပါလားတဲ့။ ၂၄နှစ်တောင်ကြာခဲ့ပေါ့။ သူဟာ ဂုန္ဒြေကြီးတစ်ခွဲသားနဲ့ ခန့်ညားလှတဲ့ The Piazza ကို ဖြတ်ပြီး အိမ်ပြန်လမ်းကို ဦးဆောင်လိုက်တယ်။ အဲဒီနောက် Stamboul က ကြီးမားတဲ့ မြင်းကြီး လေးကောင်၊ Acre နဲ့ မြို့စားမင်းရဲ့ မဟာဆန်လှတဲ့ The Doge's Palace နန်းဆောင်က စကျင် တိုင်လုံးကြီးတွေ၊ ပြီးတော့ ပိုးထည်ရက်လုပ်သူတွေရဲ့ ခမ်းနားထည်ဝါလှတဲ့ ဆိုင်တွေ၊ ဖန်ချက်သမားတွေရဲ့ အမျိုးမျိုးသော သက်တံ့ရောင် ဖန်ထည်တွေ၊ အဖိုးတန် ကျောက်မျက်တွေ အရောင်တင်ထားတဲ့ ဆင်စွယ်တွေ၊ ကျောက်မျက်ရတနာတွေ စီခြယ်ထားတဲ့ အရိုးနဲ့ အသွားထက်ပြီး ကျစ်လျစ် သွယ်လျတဲ့ ဓားတွေနဲ့ ယာယီ ဆိုင်တန်းတွေကို ဖြတ်ကျော်ခဲ့ကြတယ်။

သူတို့ရဲ့ နှာခေါင်းနဲ့ နားရွက်တွေဟာလည်း အလားတူပဲ ဗင်းနစ်ကို သိကြရဲ့။ အနံ့စူးရှတဲ့ ဟင်းခတ်အမွှေးအကြိုင်တွေက ရနံ့မွှေးမွှေးပေးရင်း၊ မြို့ရဲ့ ပင်မ စီးပွားရေးဖြစ်တဲ့ ဆားလုပ်ငန်းနဲ့ ပိုးထည်ကို ထားရစ်ပြီး ကုန်သွယ်မှု အသစ်နဲ့ ဝေးကွာတဲ့ အပိုင်းတွေကို သွားရောက်ခဲ့ကာ အခု ကြီးပွားလာသူတွေကို သတိပြန်လည်စေပေါ့။ တိုက်ကြီး သုံးတိုက်က မတူ၊ ကွဲပြားတဲ့ ကုန်သည် သင်္ဘောတွေက လည်း ခပ်ဝေးဝေးမှာ မိန့်မိန့်ပျပျ သွားလာနေကြရဲ့ တဖျပ်ဖျပ် ရိုက်ခတ်နေတဲ့ တူးမြောင်းတွေတစ်လျှောက်က ရေတွေရဲ့ ရိုက်ခတ်သံကိုတော့ ကျွမ်းဝင်နေဆဲပါ။

ချမ်းတုန်နေတဲ့ သုံးယောက်သားဟာ Galata Bridge တံတားပေါ်ကနေ ဖြတ်ပြီး အိမ်ဝကို ပြန်ရောက်သွားတော့ အိမ်သားတွေ၊ အိမ်ဖော်တွေအားလုံး ဘယ်သူမှ သူတို့ကို မမှတ်မိတော့ပါဘူး။ ဒါကတော့ လျှို့ဝှက်ဆန်းပြားတဲ့ အရှေ့တိုင်းခရီးကို နှင်ခဲ့တဲ့ မာကိုပိုလိုတို့ရဲ့ အိမ်အပြန် ခရီးအဆုံးကို သရုပ်ဖော်ချက်တွေပါ။

ယနေ့အချိန်မှာတော့ သမိုင်းပညာရှင်တွေ၊ ရှေးဟောင်းသုတေသနပညာရှင်တွေ၊ စူးစမ်းလေ့လာသူတွေ၊ စာပေသမားတွေ၊ အပျော်တမ်း ခရီးနှင်သူတွေက မာကိုပိုလိုတို့ရဲ့ ခြေရာတွေ ထင်ကျန်နေဆဲရှိမယ့် ပိုးလမ်းမကြီးတစ်လျှောက်ကို နောက်တစ်ကြိမ် ထပ်လျှောက်ကြဖို့ ကြိုးပမ်း၍ လမ်းဖော်နေကြပါပြီ။

□


မှီငြမ်း

- **Encyclopædia Britannica, 2014.**
- **Microsoft ® Encarta ® 2009.**



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေဝင်းသန့်

# ဂေါ်တမ ပုခက်

"ဂေါ်တမ ပုခက်"ဟု ခေါင်းစဉ်တပ်ပြီး ပြောလိုက်သဖြင့် ဤစာဖတ်သူများ တစ်မျိုးအထင်ဖြစ်နေပေလိမ့်မည်။ "ဂေါ်တမ ပုခက်"ဟူသော စကားဖြစ်ပေါ်လာပုံကို စာရေးသူ၏ အတွေ့အကြုံအရ ရှင်းပြပါမည်။

စာရေးသူသည် မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဂနိုင်ကျေးလွန်းသော ကျောက်ဖူးရွာသားတစ်ယောက်ဖြစ်သည်။ ကလေးဘဝ လွန်မြောက်၍ ကျောင်းနေရမည့်အရွယ်ရောက်ကတည်းက ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ပညာသင်ကြားရန် "ဆွမ်းအုပ်နီနီ အမေရွက်လို့၊ နက်ဖြန်သဘက် ကျောင်းတက်မယ်"စသည်ဖြင့် ကဗျာရေးဖွဲ့ထားသည့်အတိုင်း ဆွမ်းတစ်အုပ်နှင့် ကျောင်းအပ်ခြင်း ခံခဲ့ရပါသည်။

ယခင်က ကျေးရွာ ဘုန်းတော်ကြီးကျောင်းများသည် ယခုခေတ် တန်းကျောင်းများလို မဟုတ်ပါ။ ထိုင်ခုံ၊ စားပွဲများဖြင့် စာသင်ရခြင်းမျိုး မဟုတ်။ ထိုင်ပြီး စာအံ၊ စာကျက်ရခြင်းဖြစ်သည်။ တစ်နေ့ရှိ စာကျက်ပြီးလျှင် ထိုတစ်နေ့ရှိ ကျက်ထားသော စာများကို ကျောက်သင်ပုန်းဖြင့် ပြန်ရေးကြရ၏။ စာရေးရခြင်းဆိုသည်မှာလည်း ဖြစ်သလို မရေးကြရပါ။

မရေးတတ်ခင် ကိုရင်ကြီး၊ ကျောင်းသားကြီးများက စာမရေးတတ်သေးသော ကျောင်းသားငယ်များကို ပုဆစ်တုပ်ဝပ်စေလျက် ကျောက်သင်ပုန်းကို မျက်နှာရှေ့၌ ထားစေပြီး ကျောင်းသားငယ်၏ ကျောက်တံကိုင်သော လက်ကို အဆိုပါကိုရင်ကြီး၊ ကျောင်းသားကြီးများ၏ လက်က အပေါ်မှ အုပ်မိုးကိုင်၍ စာရေးတတ်အောင် သင်ပေးခြင်းဖြစ်သည်။ ဤသို့ပြုလုပ်ပုံကို ကြည့်၍ သင်ကြားပေးသောသူများကို "ကဲ့ကူလက်လှည့်ဆရာ"ဟု ခေါ်ဆိုကြခြင်းဖြစ်၏။

"ဝ"လုံးက စပြီး ဝိုင်းနေအောင် အရေးလေ့ကျင့်ကြရ၏။ ထိုမှတစ်ဆင့် ကကြီး၊ ကခွေး စသော ဗျည်း(၃၃)လုံးကို ရေးရပါသည်။ ကျောက်သင်ပုန်းပေါ်တွင် ရေးထားသော စာလုံးများက မဝိုင်းဘဲနှင့် မညီမညာဖြစ်နေပါလျှင် ရေနှင့်ဖျက်ပြီး ပြန်ရေးကြရသည်။

တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့ သဘောထားအမြင်မတူကြ၍ ပဋိပက္ခဖြစ်ပြီးနောက် ၎င်းပုဂ္ဂိုလ်များသည် ရန်ငြိုးထား၊ အာဃာတထားမှုတွေ၊ ကလဲ့စားချေလိုမှုတွေ စိတ်ထဲတွင် မရှိကြပေ။ တစ်ခုတည်း(ဘုံ)ဦးတည်ချက်ဖြစ်

www.burmeseclassic.com

သော ငြိမ်းချမ်းရေးကို နှစ်ဦးနှစ်ဖက် အလိုရှိလာကြသော အခါ ကျောက်သင်ပုန်းပေါ်တွင် မညီမညာဖြစ်နေသော စာတွေကို ညီညာမှုဖြစ်သွားအောင် ရေဖြင့် သင်ပုန်းချေပြီး ပြန်ရေးရသော စာတွေကဲ့သို့ သင့်မြတ်ရေး ပြုလုပ်လိုက်ကြသည်ကို တင်စား၍ "သင်ပုန်းချေကြခြင်း"ဟု ဆိုခဲ့ခြင်း ဖြစ်သည်။

တစ်နာရီအတွင်း အလျား ၁၂လက်မ၊ အနံ ၈လက်မ ခန့်ရှိသော ကျောက်သင်ပုန်းပေါ်တွင် ဒီဘက်၊ ဟိုဘက်ပြည့်အောင် ရေးပြီး သုံးကြိမ်ထက်မနည်း ဆရာ ဘုန်းကြီးထံ ပြရပါသည်။ ဝလုံးရေးလျှင် "ဝ"ဟု၊ ကကြီးရေးလျှင် "က"ဟု ဆိုလျက် အစရှိသဖြင့် အရေးလေ့ကျင့်ရသည်။ သတ်မှတ်ထားသော အကြိမ်မပြည့်လျှင် အရိုက်ခံရတတ်ပါသည်။

စာရေးသူတို့ ဘုန်းတော်ကြီးကျောင်းနေစဉ်ကာလ သင်ရိုးညွှန်းတမ်းလိုဖြစ်သော သင်ပုန်းကြီးနှစ်စောင်တွဲ၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ နမက္ကာရ၊ ရတနာရွှေချိုင့်၊ လောကနီတိ၊ ပရိတ်ကြီး(၁၁)သုတ် စသော ဆယ်စောင်တွဲ စာအုပ်များကို ဦးစွာ သင်ရသည်။

သင်ပုန်းကြီးနှစ်စောင်တွဲတွင် "ကကြီးရေ က"ဆိုသော သင်ရိုးနှင့် မင်္ဂလသုတ်ပါဠိအနက်ဟူ၍ ပါရှိသည်။ "ကကြီးရေ က"စသော သင်ရိုးကြေညက်မှ ပါဠိစာပေသင်ခြင်း၏ အစဖြစ်သော မင်္ဂလသုတ်ကို သင်ကြားရသည်။

ဤသည်တွင် ပါဠိစာပေသင်ရခြင်း၊ ဖတ်ရခြင်း၏ ခက်ခဲမှုနှင့် ကြုံရတတ်ပါသည်။ သင်ပြသော ဆရာက နည်းစနစ်ကောင်းလျှင် တော်သေးသည်။ မကောင်းလျှင် တစ်ခါ နှစ်ခါ အလွန်ဆိုး သုံးခါလောက်သာ သင်ပြပေးပြီး၊ ထို့ထက်ပို၍ သင်ပြပေးရလျှင် သင်ပြဆရာက "ဒီလောက်တောင် ဉာဏ်ထိုင်းရသလား"ဆိုပြီး ကြိမ်လုံးဖြင့် ကျောပြင်ကို ဖြောင်းတီးပါတော့သည်။ ခါးကော့နေအောင် ခံရ၏။ ထွက်ပြေးလို့လည်း မရ။ ဆရာ ဘုန်းကြီးနှင့် မိဘများကို အင်မတန်ကြောက်ရသော ခေတ်ဖြစ်သည်။

တစ်နေ့တည်းမဟုတ်၊ နေ့စဉ်နှင့်အမျှ ဖြစ်၏။ စာရေးသူသည် ဉာဏ်မကောင်းသဖြင့် ကြိမ်လုံးနှင့် အရိုက်ခံရခြင်းက များလှပေသည်။ ကျောလုံးပုပ်မတတ် အရိုက်ခံ၍ သင်ခဲ့ရသည့် ဘုန်းတော်ကြီးကျောင်းထွက်များက "မင်္ဂလသုတ်၊ ကျောလုံးပုပ်၊ တစ်ပုဒ်မပါ၊ ဂါထာသည် အဘယ်ဂါထာဖြစ်သနည်း"ဟူ၍ စကားဆိုရိုးအဖြစ် မေးခွန်းထွင်ခဲ့ကြသည်။

သတိထားမိလျှင် ဖြေတတ်ရန် လွယ်ပါသည်။ "ဗဟူဒေဝါ"ဂါထာဖြစ်ပါ၏။ ၎င်းဂါထာသည် "ဧ"ချည်းသက်သက်၊ "ဧ"ဟု အသံထွက်သော ပါဠိစာလုံး မပါရှိ။ ထိုဂါထာကို အသံထွက်၍ ရွတ်ဆိုကြည့်ပါက သိသာပါသည်။

ဗဟူဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိမင်္ဂလံ မုတ္တမံ"
ဟူ၍ ဖြစ်ပါသည်။

နောက်ပိုင်း၌ စာရေးသူတို့ နေခဲ့ရသော ဘုန်းတော်ကြီးကျောင်းသည်(လောကဓာတ်)တန်းကျောင်းနှင့် တွဲထားသော ကျောင်းဖြစ်လာပါသည်။ စာရေးသူသည် စတုတ္ထတန်းအောင်သောအခါ မိဘများက ဆင်းရဲသဖြင့် အလယ်တန်းကျောင်းကို ဆက်မတက်ခဲ့ရပါ။ မိဘများက ဆင်းရဲပေမယ့် စာရေးသူကို ဘုန်းတော်ကြီးကျောင်းမှ ထွက်ခွင့်မပေး။

ဘုန်းတော်ကြီး ကြောက်ရ၊ မိဘကြောက်ရ၍ ဘုန်းတော်ကြီးကျောင်းသားဘဝနှင့်ပင် ပါဠိစာပေများကို သင်ရသည်။ မိဘများက သင်္ကန်းစည်းမပေးနိုင်သေးကာပင် သင်္ကန်းတောင်းနှင့် ကိုရင်ကျင့်ဝတ် စသည်များ အရကျက်ထားပြီး ဖြစ်သည်။

အဆိုပါ ဘုန်းတော်ကြီးကျောင်း အခြေခံ သင်ရိုးဖြစ်သော ပရိတ်ကြီး ဆယ်စောင်တွဲ စသည်များကို သင်၍ ကုန်သွားသောအခါ ကစ္စည်းပါဠိ သဒ္ဒါကျမ်း၊ သင်္ဂြိုဟ်(၉)ပိုင်းကျမ်းတို့ကို သင်ရ၏။ "ပါဠိသဒ္ဒါမှာ ရုပ်(တွက်)၊ သင်္ဂြိုဟ်မှာ သရုပ်ဟု ဆိုသည့်အတိုင်း ညဘက်များတွင် ဆရာဘုန်းကြီးထံ၌ "သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်တစ်ခု"စသည်ဖြင့် (စာအုပ်လွတ်)သရုပ်ခွဲရသည်။ အထူးကြိုးစား၍ မှတ်သားရသည်။ မမှတ်တတ်လျှင် သရုပ်ခွဲမှု လည်နေတတ်ပါသည်။

ပါဠိတော် စာများကို အာဂုံဆောင်ထားရသည်။ နေ့စဉ်နှင့်အမျှ ရေ့ကိုလည်း ကျက်စာအဖြစ် တိုး၍ ကျက်ရ၏။ ရပြီး၊ ကျက်ပြီးသော ပါဠိစာများကိုလည်း မမေ့အောင် နေ့စဉ်ပြန်ဆိုထားရသည်။ "အာဂုံဆောင်မှ အာဂလူ"ဟု ဆရာဘုန်းကြီးက ဩဝါဒပေးခြင်းကိုလည်း ခံရသည်။

စာသင်သား ကျောင်းသား လူငယ်ဖြစ်သောကြောင့် ကျောင်း၏ ဝေယျာဝစ္စများကိုလည်း နေ့စဉ် ပြုလုပ်ရပါသေးသည်။

ညပိုင်းတွေမှာ သင်္ဂြိုဟ် သရုပ်ခွဲပြီးလျှင် ရပြီးသား ကျက်စာများကို ဥပုသ်နေ့များမှ လွဲ၍ "ကြောင်ပုစွန်စားကြွပ်ကြွပ်ဝါး"သကဲ့သို့ ညစဉ် ပြန်ဆိုရပါသည်။ သတ်မှတ်ထားသောအချိန်၌ ပြန်ဆို၍ မပြီးလျှင် ရောက်ရှိသော နေရာမှာ မှတ်ထားလျက် နောက်ညတွင် ယင်းနေရာမှ စပြီး

www.burmeseclassic.com

ပြန်ဆိုရ၏။ မည်သို့ပင် စာပြန်စရာတွေ များနေပါစေ၊ ဤကဲ့သို့ ပြုလုပ်ခြင်းသည် အစဉ်အတိုင်း လည်ပတ်မှု ဖြစ်နေပါတော့သည်။

သတ်မှတ်ထားသော စာအံ၊ စာပြန်ချိန်ကုန်၍ အိပ်ကြရပြီဆိုလျှင် တုံးခနဲပင် အိပ်ပျော်သွားပါသည်။ နံနက်မှုနာရီတွင် အုန်းမောင်း(တုံး)ခေါက်လျှင် အိပ်ရာမှ ထရသည်။ စာကျက်ရသည်။ နံနက် စောစောထပြီး စာကျက်ခြင်းသည် စာရလွယ်၊ မှတ်မိလွယ်ဖြစ်သောကြောင့် ဆရာ ဘုန်းကြီးက အလေ့အကျင့်ပြုလုပ်ပေးခြင်းဖြစ်သည်။

ဟုတ်ပါသည်။ နံနက်စောစော အိပ်ရာမှထပြီး စာကျက်လျှင် စာရလွယ်ပါသည်။ မှတ်မိလွယ်ပါသည်။ ပြုလုပ်ကြည့်ပါ။ အဘယ်ကြောင့်ဆိုသော် မှတ်ဉာဏ် ဦးနှောက်ထဲ၌ ပတ်ဝန်းကျင်၏ အာရုံရိုက်ခတ်မှု နည်းနေသောကြောင့် ဖြစ်သည်။

လူငယ်တို့၏ ခန္ဓာကိုယ်ဖြစ်စဉ်မှု သဘော သဘာဝကြောင့်လား မပြောတတ်။ နေ့စဉ်၊ ညစဉ် ဆက်တိုက် စာအံ၊ စာပြန်ရသည်ဖြစ်၍ တစ်ခါတစ်ရံ ညဘက်များတွင် စာပြန်ဆိုရင်းဖြင့် ထိနမိဒ္ဓ(လေးလံထိုင်းမှိုင်းမှု)ဖြစ်ကာ အိပ်ငိုက်သွားပါသည်။ ကြီးကြပ်သူ ဆရာ ဘုန်းကြီးက အချိန်မစေ့ဘဲနှင့် အိပ်ငိုက်နေသည်ကို တွေ့လျှင် နှိုး၍ သတိပေးပြီး သတ်မှတ်သော အချိန်စေ့သည်အထိ စာကျက်၊ စာပြန်ဆိုစေပါသည်။ အိပ်ငိုက်မှု ကြိမ်ဖန်များလာလျှင် ကြိမ်လုံးဖြင့် ရိုက်ပါသည်။

မည်သို့ပင် ဖြစ်နေပါစေ၊ တစ်ခါတစ်ရံ ညဘက်များ၌ ပါဠိတော် စာအုပ်ကြီးကို ကိုင်လျက် စာကျက်ရင်းဖြင့်သော် လည်းကောင်း၊ စာပြန်ဆိုရင်းဖြင့်သော် လည်းကောင်း အိပ်ပျော်သွားမိသော စာသင်သားများကို သတ်မှတ်ထားသော အချိန်အနည်းငယ် ကျန်ရှိတော့လျှင် သတိပေးခြင်း၊ ရိုက်ခြင်း မပြုလုပ်တော့ဘဲ ခွင့်လွှတ်ကြပါသည်။ ဂေါတမ ဘုရားရှင် ဟောကြားထားသော ပါဠိတော်စာတွေ ဖြစ်နေသောကြောင့် "ဒီကျောင်းသား၊ ဒါမှမဟုတ် ဒီကိုယ်တော် စာသင်သားသည် ဂေါတမ ပုခက်နှင့် အိပ်ပျော်နေပြီ"ဟု ဥပမာတင်စား၍ ဆရာ ဘုန်းတော်ကြီးများက မိန့်ဆိုလိုက်ခြင်းပင် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

□




ဆု တောင်း ပြည့်

ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓာရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့်(ကချင်မြေ)

ကလောင်ခွဲ – ကာလီဒါ၍(မြန်မာပြည်)

▷ ယတြာ ဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။

▷ ဘဝရေ့ဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။

▷ နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ - ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး - ၀၉-၃၁၀၂၂၈၁၆၊ ၀၉-၂၅၀၃၆၁၅၄၁





www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရ ရွှေတုံးကြီးနှင့် ကျွန်ုပ်ကိုယ်တွေ့

ဆရာကြီးဦးအောင်မြိုင်(ဥပဒေတွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ



တောတောင်တွေထဲတွင် နှစ်ပေါင်းများစွာ နေထိုင်သွားလာရင်း အဂ္ဂိရတ်ပညာဖြင့် ရွှေဖြစ်အောင် ဖိုထိုးခဲ့သော သူတော်စင်တစ်ပါးမှ စွန့်ပေးလိုက်သည့် ဓာတ်ပစ္စည်းကြီး တစ်တုံးမှာ အလျား ၂လက်မခန့်၊ လုံးပတ် ၄လက်မခန့်၊ အောက်ခြေအချင်း ၁လက်မခန့်၊ ထိပ်အချင်း (၀.၇၅)လက်မခန့်၊ အလေးချိန် (၅၀)ကျပ်သားရှိခန့် ရှိပါသည်။

မူလက ရွှေဓာတ်လုံးကြီးဖြစ်အောင် လုံကြီးကြီးတွင် ထည့်၍ ဖိုထိုးထားခြင်းဖြစ်ပြီး ရွှေအများအပြားကျွေးထားကြောင်း သိရသည်။ ထို့အပြင် ရွှေတုံးကြီးကို အပြင်မှလည်း ရွှေချခြင်း များစွာပြုလုပ်ထားကြောင်း ပြောပြသည်။ ရွှေရောင်ဝင်းဝါနေသဖြင့် ရွှေတုံးကြီးဟု ခေါ်ရခြင်းဖြစ်ပါသည်။

ရွှေဖြစ်,မဖြစ်ကို ငရဲမီးနှင့် စားခြင်းပြုကြည့်ပါဟု ကျွန်ုပ်ကို အကြံပေးသည်။ ထို့အပြင် ထိုအတုံးကြီးကို အလယ်မှ ဖြတ်တောက်ကြည့်ဖို့လည်း အချို့က အကြံပေးသည်။ ထိုအကြံနှစ်ခုစလုံးကို ကျွန်ုပ်က လက်မခံခဲ့ပါ။ နှစ်ပေါင်းများစွာ မီးအချိန်အဆအမျိုးမျိုး၊ ဓာတ်ပစ္စည်းအမျိုးမျိုးတို့ဖြင့် ကြိုးစားလုပ်ကိုင်ခဲ့သော ဓာတ်တုံးကြီးမှာ ရွှေမဖြစ်လျှင်ပင် ထူးခြားစွမ်းအင်တစ်မျိုးမျိုးတော့ ရှိနေလိမ့်မည်ဟု ကျွန်ုပ် ယူဆပါသည်။ အဂ္ဂိရတ်ပညာဖြင့် စီရင် ဖန်တီးထားသော သိဒ္ဓိဝင်ပစ္စည်းဟု သတ်မှတ်နိုင်သည်။ ထို့ကြောင့် ကျွန်ုပ် မဖျက်ဆီးနိုင်ပါ။

ထိုဂမ္ဘီရ ရွှေတုံးကြီးကို ကျွန်ုပ် လက်လှမ်းမီသမျှ နည်းအမျိုးမျိုးဖြင့် သုတေသနပြုကာ မည်သို့ အသုံးဝင် အကျိုးရှိနိုင်ကြောင်း လေ့လာကြည့်ရာမှ သိရှိခဲ့သော နည်းလမ်းတစ်မျိုးကို ဖော်ပြပါမည်။

ထို ဂမ္ဘီရ ရွှေတုံးကြီးကို ငွေဖလားငယ်တစ်လုံးတွင် ထည့်ပြီး ရေမြုပ်အောင် ထည့်၍ ဘုရားစင်မှာ တင်ထားလိုက်ပါသည်။ တနင်္လာနေ့ နံနက် ၆နာရီတိတိတွင် စတင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ရွှေပန်း၊ ငွေပန်း နှစ်မျိုးလုံးဖြစ်စေ၊ တစ်မျိုးမျိုးဖြစ်စေ နေ့စဉ် နံနက် ၆နာရီတစ်ကြိမ်၊ ညနေ ၆နာရီ တစ်ကြိမ်၊ တစ်နေ့ နှစ်ကြိမ်ကျ ပန်း (၁၅)ပွင့်ကို ထို ငွေဖလားငယ်ထဲရှိ ရေမှာ ထည့်၍ ဘုရားတွင် လှူဒါန်းပေးပါသည်။

နံနက် ၆နာရီတွင် လှူဒါန်းထားသော ပန်းကို ညနေ ၆နာရီမှာ စွန့်၍ အသစ်ပြန်လဲပေးပါသည်။

ထိုသို့ ဆောင်ရွက်ပြီး မကြာမီမှာပင် ကျွန်ုပ်တို့ မိသားစုဝင်များသည် လမ်းသွားရင်း ရွှေတိုရွှေစ အပိုင်းအစငယ်များကို မကြာခဏ ကောက်ရတတ်ပါသည်။ ဟန်း(မ်)ချိန်းအပြတ်အပိုင်းအစများ၊ ရွှေကြိုးအပြတ်အပိုင်းအစများ၊ ရုံဖန်ရံခါ နားကပ်တစ်ဖက် စသည်ဖြင့် ကောက်ရတတ်ပါသည်။

ထို့အပြင် မိသားစုဝင်များကလည်း ထိုရွှေအပိုင်းအစကလေးများကို မိမိတို့ စုဆောင်းထားသော ငွေများကို ဈိုင်းထည့်၍ လက်စွပ်၊ နားကပ် စသည်တို့ အသစ်ပြုလုပ်ချင်စိတ်များ အထူးဖြစ်ပေါ်ကာ ပြုလုပ်လာကြသည်။ ဤသို့ဖြင့် ကျွန်ုပ်အိမ်မှာ ရွှေထည် လက်ဝတ်တန်ဆာပစ္စည်းများ တိုးပွားလာခဲ့ပါသည်။

ဂမ္ဘီရ ရွှေတုံးရှိရာသို့ ရွှေတို ရွှေစများ လာရောက်ကပ်သော "ရွှေလိုက်"(ရွှေသံလိုက်)စွမ်းအင်တစ်မျိုးဟု ယူဆပါသည်။ စာဖတ်သူများအနေဖြင့် ထိုသို့ ဂမ္ဘီရ ရွှေတုံးမျိုး ရှိထားပါက လက်တွေ့ စမ်းသပ် သုတေသနပြုကြည့်စေချင်ပါသည်။ □



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ထူးလတ်

## ဂမ္ဘီရဆန်သော တိုက်ပုံအင်္ကျီ



www.burmeseclassic.com

www.burmeseclassic.com

မြန်မာတိုက်ပုံအင်္ကျီကို ဝိဇ္ဇာတို့၏ ထိပ်ခေါင် အဘ အောင်မင်းခေါင်က ဖိတ်သွင်းပေးခဲ့သည်။ တိုက်ပုံအင်္ကျီကို ဝတ်ပြီး အောင်ခြင်းရှစ်ပါး ဂါထာကို ရွတ်ဆိုလိုက်ပါက အလုံးစုံကို အောင်မြင်မည်။ တိုက်ချင်သူတွေ တိုက်စမ်းပါစေ၊ တိုက်တဲ့သူတွေ ပုံကျသွားစေမည့် တိုက်ပုံအင်္ကျီဖြစ်သည်။

ကျွန်ုပ်၏ အဘိုးပေးခဲ့သော တိုက်ပုံအင်္ကျီကို ငေးကြည့်ရင်း တွေးနေမိ၏။ ကျွန်ုပ်၏ အဘိုးသည် သဒ္ဓါဖြောင့် စိတ်တိုဖြစ်သည်။ ဘုရား၊ တရား၊ သံဃာကိုလည်း အရမ်းကြည်ညိုသူဖြစ်သည်။ ဘုရားစေတီတော်တော်များများတွင်လည်း အဓိဋ္ဌာန်လိုက်ဝင်သည်။ ဤတိုက်ပုံအင်္ကျီကို စစ်ကိုင်းဘုရားမှာ အဓိဋ္ဌာန်သွားဝင်တုန်းက အဘိုးကြီးတစ်ယောက် လက်ဆောင်ပေးတာလို့ ပြောဖူးသည်။ ကျွန်ုပ်၏ အဘိုးမရှိတဲ့နောက် ရခဲ့သော အမွေဖြစ်သည်။ တန်ဖိုးမဖြတ်နိုင်သော တိုက်ပုံအင်္ကျီဖြစ်သည်။

ကျွန်ုပ် တွေးတောနေတုန်း…

"ဟော့…စောဘလူး၊ ဘာလုပ်နေတာတုန်း"

"အဘိုးပေးခဲ့တဲ့ တိုက်ပုံအင်္ကျီကို ကြည့်ပြီး မင်္ဂလာဆောင်ချင်စိတ်ပေါက်နေလို့…အဟိ"

"လာ…ထိုင်၊ ကိုဇော်ကြည်… ဘောက်ချက်သား ကောင်းလှချည်လား။ ဆိုက်ရှိ ဖိုဝင်သားစားပြီး မြေလျှိုး မိုးပျံနေသလား"

ဟု အရင်းနှီးဆုံး မိတ်ဆွေမှ နှုတ်ဆက်လိုက်သည်။

"တို့အဖွဲ့တွေလည်း ဘုရားစေတီတွေဆီ သွားပြီး သန့်ရှင်းရေးမလုပ်ဖြစ်တာ ကြာပြီ။ အလုပ်ကိုယ်စီနဲ့ဆိုတော့ သွားဖြစ်တဲ့အခါကျရင်လည်း ငါ့ကို ခေါ်ပါဦး"

"သွားလုပ်ဖြစ်တဲ့အခါကျရင် ခေါ်ပါ့မယ်။ ကိုဇော်ကြည် အလည်သက်သက်ပဲလား။ ပွတ်ပြီးသွားပြီနဲ့ တူတယ်။ အနံ့ရတယ်"

"မပွတ်ရသေးပါဘူး။ မနေ့က အရှိန်ပါ။ ဒီနေ့ ဘာဖြစ်နေလဲ မသိဘူး။ ထီးပြင်၊ မီးခြစ်ပြင်အလုပ် ထွက်မလုပ်ချင်ဘူးဖြစ်နေတယ်။ ကိုယ့်ညီဆီကို လာချင်နေတဲ့ စိတ်တွေ ပြင်းပြနေတယ်။ အဲဒါကြောင့် ထွက်လာခဲ့တာ"

ဟု ပြောလေသည်။

"ဆိုစမ်းပါဦး။ ဘာကိစ္စရှိလို့ ကျွန်တော့်ဆီ လာချင်နေရတာတုန်း"

"အဲဒါ ကိုယ်လည်း မသိဘူး။ မတွေ့တာ ကြာတော့ သတိရနေတာနဲ့ တူတယ်"

"ဒါဆို လက်ဖက်ရည်ဆိုင်ကို သွားရအောင်"

"ခဏနေပါဦး။ ငါ့ညီရှေ့မှာ ချထားတဲ့ တိုက်ပုံအင်္ကျီက ဘယ်သူ့အင်္ကျီလဲ"

"ကျွန်တော့်အဘိုးအင်္ကျီပါ"

"အဲဒီ တိုက်ပုံအင်္ကျီ ကိုယ့်ကို ပေးပါလား။ ကိုယ် တိုက်ပုံအင်္ကျီ လိုချင်တဲ့ စိတ်တွေ အရမ်းပြင်းထန်နေတယ်"

"ကျွန်တော့်အဘိုး ပေးခဲ့တဲ့ ရှားရှားပါးပါးအမွေ။ ဘယ်လိုဖြစ်လို့ လိုချင်နေရတာလဲ"

"ကိုယ့်ညီ မဝတ်ဘူး မဟုတ်လား။ ပေးပါကွာ"

"ကျွန်တော် တစ်ခါတလေ အဓိဋ္ဌာန်ဝင်ရင် ဝတ်ဖြစ်တယ်"

"အခု အဓိဋ္ဌာန်မဝင်သေးဘူး မဟုတ်လား။ ပေးပါကွာ။ ငါ့စိတ်ထဲမှာ အရမ်းလိုချင်နေတယ်"

"ရော့…အဲဒါမှ ဒုက္ခပါပဲ။ အဲဒီလောက် လိုချင်နေရင်လည်း ယူသွားပါ"

ဟု လက်ထဲသို့ ထည့်ပေးလိုက်ပြီး လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့ကြသည်။

ရက်အတန်ကြာတော့ ကိုဇော်ကြည် ထပ်မံရောက်ရှိလာပြန်သည်။

◈◈◈

"ကိုဇော်ကြည်…လာ၊ ထိုင်"

"ကိုယ့်ညီကို ပြောစရာရှိတယ်။ ကိုယ့်ညီပေးလိုက်တဲ့ အင်္ကျီက အရမ်းထူးဆန်းတယ်။ ကိုယ့်ညီဝတ်တုန်းက မထူးဆန်းဘူးလား"

"ကျွန်တော်တော့ ဘာဆိုဘာမှ မကြုံတွေ့ရဘူး။ အထုံမပါလို့ ဖြစ်မယ်။ ဘယ်လိုအထူးအဆန်းတွေ ကြုံတွေ့ရလို့လဲ။ ပြောပါဦး"

"ကိုယ့်ညီဆီက အင်္ကျီယူသွားတဲ့နေ့ ကိုယ်တို့ လက်ဖက်ရည်သောက်ပြီး လမ်းခွဲခဲ့ကြတယ်လေ။ အဲဒါ အပြန်မှာ ဘုရားသွားချင်စိတ်တွေ ပြင်းပြနေလို့ ဘယ်ဘုရားကို သွားရင် ကောင်းမလဲလို့ စဉ်းစားမိပြီး ကိုယ်တို့ သန့်ရှင်းရေးလုပ်နေကျ ရှစ်မျက်နှာဘုရားကို သွားတယ်။ ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင်၊ ဘုရားဝင်းအတွင်း သန့်ရှင်းရေးလုပ်ပြီး ည မှောင်ရီသမ်းချိန်ရောက်မှ အိမ်ပြန်ခဲ့တယ်။ အရက်ဆိုင်ကို သွားချင်စိတ်တွေလည်း ပျောက်ဆုံးနေတယ်။ အရင်ဆိုရင် ညနေရောက်ရင် အရက်ဆိုင် ရောက်ပြီးသား။ အခုတော့ မသွားဘဲ အိမ်ကို တန်းပြန်လာခဲ့တယ်။ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ထမင်းဟင်းဝင်ဝယ်ပြီး ပြန်ထွက်အလာမှာ နောက်က ခွေးတစ်ကောင်က ကိုက်လိုက်တယ်။ ခွေးကတော့ ကိုက်ပြီး ထွက်ပြေးသွားတယ်။ ကိုယ်ခြ



www.burmeseclassic.com

www.burmeseclassic.com

ထောက်တစ်ချောင်းလုံးလည်း ပွခန့် ဖြစ်သွားတယ်"

"ဟာ···ဟုတ်လား၊ အခုရော သက်သာသွားပြီလား။ ဘယ်ခြေထောက်လဲ"

"ညာဘက် ခြေထောက်။ အခု သက်သာသွားပါပြီ"

"တော်သေးတာပေါ့။ ခွေး မရူးသွားတာ"

"ခွေးက ဘာဖြစ်လို့ ရူးရမှာလဲ။ ရူးချင်းရူး လူပဲ ရူးမှာပေါ့"

"လူက ရူးပြီးသားမို့ပါ"

ဟု ပြောလိုက်တော့ ကိုဇော်ကြည်က သဘောတကျ ရယ်မောပြီး စကားပြန်ဆက်သည်။

"လူတချို့က ကိုယ့်ကို လာကြည့်ပြီး ဆေးခန်းသွားပြဖို့ ပြောကြတယ်။ ဆိုင်ရှင်ပါ ရောက်လာတယ်။ ခွေးက ဆိုင်ရှင်ရဲ့ ခွေးဆိုတော့ ဆိုင်ရှင်က ကိုယ့်ကို တောင်းပန်တယ်။ ဆိုက်ကားငှားပြီး ဆေးခန်းကို လိုက်ပို့ပေးတယ်။ ကိုယ်က ရပါတယ်၊ ဆေးခန်းသွားစရာ မလိုပါဘူး။ ဆေးဝယ်သောက်လိုက်မယ် ပြောပေမယ့် မရဘူး။ အတင်းပဲ ဆေးခန်းကို ခေါ်သွားတယ်။ ဆေးခန်းက ပြန်လာတော့လည်း ဆေးနဲ့ သောက်ဖို့ဆိုပြီး လက်ဖက်ရည်နဲ့ မုန့်ပါ ထည့်ပေးလိုက်တယ်။ နောက်တစ်နေ့ ထီးပြင်၊ မီးခြစ်ပြင်ထွက်ဖို့ အိမ်က ထွက်လာတော့ လမ်းထိပ်ဆိုင်နားရောက်ခါနီးမှာ ခွေးကို သတိထားနေရတယ်။ ထပ်ကိုက်မှာစိုးလို့"

"အေးပေါ့၊ နောက်ထပ် တစ်ချောင်းသာ ထပ်ကိုက်လိုက်လို့ကတော့ ကင်းမြီးကောက်ထောင်ပြီး လမ်းလျှောက်ရမယ်"

"အဲဒါ ဆိုင်ရှေ့နားရောက်တော့ ဆိုင်ရှင်က တွေ့သွားပြီး စားပွဲထိုးလေးနဲ့ ခေါ်ခိုင်းလိုက်တယ်။ ကိုယ်လည်း လိုက်သွားတယ်။ လက်ဖက်ရည်နဲ့ မုန့်ကျွေးတယ်။ ခြေထောက် သက်သာရဲ့လား၊ လျှောက်နိုင်ရဲ့လားဆိုလို့ နီးနီးနားနားလျှောက်ပြရတယ်။ အပြန်ကျရင်လည်း ထမင်းဝင်စားဖို့ မှာပြန်တယ်။ ဒီလိုနဲ့ တစ်လမ်းဝင် တစ်လမ်းထွက် ထီးပြင်၊ မီးခြစ်ပြင်ပြီး ညနေစောင်းလောက်ကျတော့ ဘုရားကို ဝင်ပြီး အိမ်ပြန်ခဲ့တယ်။ လမ်းထိပ် လက်ဖက်ရည်ဆိုင်က ထမင်းကျွေး ညှော်ခံတာကို စားပြီး အိမ်ပြန်ခဲ့တယ်။ နောက်တစ်နေ့ကျတော့ ကိုယ့်လမ်းက မသွားဘဲ တခြားလမ်းက သွားတယ်။ အတင်းခေါ်ပြီး ကျွေးမွေးညှော်ခံနေမှာစိုးလို့"

"ကိုဇော်ကြည်ကလည်း စားရကံကြုံလို့ ခြေထောက် ခွေးဆွဲတာပဲဥစ္စာ။ ကိုယ့်လမ်းက ကိုယ်သွားပေါ့"

"အဲဒီနေ့ကတော့ ညနေစောင်းလောက်မှာ အပေါင်းအသင်းတွေနဲ့ တွေ့လို့ အရက်ဆိုင်ကို ပါသွားတယ်။ ဆိုင်ထဲမှာလည်း အပေါင်းအသင်းတွေက ဆုံနေတယ်။ အဲဒီမှာ သူတို့က ပျောက်ချက်သား ကောင်းလှချည်လား။ တိုက်ပုံအင်္ကျီဝတ်ပြီး ဘိုးတော်ယောင်ယောင်၊ ဘွားတော်ယောင်ယောင်လုပ်နေတာလား။ လုပ်ငန်းကောင်းရင် ပြောဦး။ အသောက်အစားလေး မှန်အောင်လို့ဟု ဝိုင်းနောက်ကြတယ်။ ကိုယ်လည်း စိတ်ညစ်တာနဲ့ ထပြန်ဖို့ လုပ်တယ်။ အဲဒီမှာ ဂျစ်တူးက ကိုယ့်အင်္ကျီကို ဆောင့်ဆွဲလိုက်တယ်။ အဲဒါ ကိုယ်က အရမ်းမဆွဲပါနဲ့ကွာ။ အင်္ကျီပြဲသွားပါဦးမယ်။ ကိုယ့်အဘ အမွေပေးတဲ့ အင်္ကျီဖြစ်လို့ပါလို့ ပြောပေမယ့် မရဘူး။ အချင်းချင်း နောက်တာ မကြိုက်လို့လားလို့ ပြောပြီး အင်္ကျီကို ထပ်ဆွဲတယ်။ ကိုယ်လည်း ထပ်ပြောရင် ရန်ဖြစ်မှာစိုးလို့ ရေငုံ နှုတ်ပိတ်ပဲ နေလိုက်တယ်။

ညက တဖြည်းဖြည်းမှောင်လာပြီး ရေချိန်လည်း ကိုက်လာလို့ အားလုံး လမ်းခွဲပြီး အိမ်ပြန်ခဲ့ကြတယ်။ ကိုယ်လည်း ဂျစ်တူးနဲ့ အတူတူပြန်လာတယ်။ လမ်းချိုးကွေ့ရောက်တော့ လူငယ်တစ်စုနဲ့ ဂျစ်တူး ပခုံးချင်း ဝင်တိုက်မိတယ်။ ကိုယ်မြင်သလောက်တော့ ခပ်စွာစွာ ကောင်လေးတစ်ယောက်က သူ့ကို တမင်သက်သက် ဝင်တိုက်လိုက်တာ။ မူးနေပုံလည်း ရတယ်။ တစ်ယောက်တစ်ခွန်း စကားများကြတယ်။ ဂျစ်တူးရဲ့ အင်္ကျီရင်ဘတ်ကို ဆောင့်ဆွဲပြီး မျက်နှာကို လက်သီးနဲ့ ထိုးတယ်။ ဖင်ထိုင်ရက်လဲကျသွားချိန်မှာ နောက်တစ်ယောက်က ခြေထောက်နဲ့ ပြေးကန်တယ်။ ကိုယ်လည်း အတင်းတောင်းပန်ရတယ်။ အစ်ကိုကြီး တောင်းပန်လို့ ဆိုပြီး ထွက်သွားကြတယ်။ ကိုယ်လည်း ဂျစ်တူးကို ထူပြီး အိမ်အထိရောက်အောင် ပြန်ပို့ပေးလိုက်တယ်။ ပြီးတော့ အိမ်ပြန်ခဲ့တယ်"

"ကိုဇော်ကြည်က ဝင်မချဘူးလား"

"ဝင်ချလို့ ဘယ်ဖြစ်မလဲ။ သူတို့က လေးငါးခြောက်ယောက်လောက် ရှိမယ်"

"ကိုဇော်ကြည့်သူငယ်ချင်း ဂျစ်တူးက ကိုဇော်ကြည်ရဲ့ တိုက်ပုံအင်္ကျီကို ဆောင့်ဆွဲတယ်မဟုတ်လား။ အဲဒါကြောင့် သူ အထိုးခံရတာ။ အဘ အောင်မင်းခေါင်က တိုက်ပုံအင်္ကျီဝတ်ပြီး အောင်ခြင်းရှစ်ပါးဂါထာကို ရွတ်ဆိုလိုက်တော့ တိုက်တဲ့သူတွေ ရှုံးသွားစေမယ့် တိုက်ပုံအင်္ကျီဆိုပြီး ဓာတ်သွင်းပေးထားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဩော်…ဟုတ်လား၊ ဘယ်လို သိတာလဲ"

"စာအုပ်ထဲမှာ ဖတ်ရတာ"

"ကိုယ်လည်း တိုက်ပုံအင်္ကျီရဲ့ ထူးခြားဆန်းကြယ်ပုံကို မနေ့ညကမှ အတိအကျသိလိုက်ရတာ"

"ဟုတ်လား။ ဘယ်လိုသိလိုက်ရတာလဲ၊ ပြောစမ်းပါဦး။ ကျွန်တော် ဒတ်တုန်းက ဘာမှ မကြုံတွေ့ရဘူး"

"ကိုယ်လည်း ရက်အတော်ကြာ ဆိုင်မသွားဖြစ်ဘူး။ မနေ့ညကမှ အလုပ်က ပြန်လာချိန် ဆိုင်ထိုင်နေကျ မိတ်ဆွေတွေနဲ့ လမ်းမှာ တွေ့ပြီး ဆိုင်ကို ပါသွားတယ်။ အဲဒီနောက် မိတ်ဆွေ တစ်ယောက်က သူ့ညီဝမ်းကွဲ မနက်ဖြန် မင်္ဂလာဆောင်ရှိတယ်ဆိုပြီး ခေါ်သွားတယ်။ မင်္ဂလာမဆောင်ခင်ည ဘာရာအိုကေဆို၊ သောက်ကြစားကြနဲ့ ညဥ့်အတော်နက်မှ ပြန်ဖြစ်တယ်။ နာရီပြန် တစ်ချက်နှစ်ချက်လောက်ရှိမယ်။ ကိုယ်လည်း အားလုံးကို နှုတ်ဆက်ပြီး ပြန်ခဲ့တယ်။

ရပ်ကွက်က နည်းနည်းမှောင်တယ်။ ညဥ့်နက်သန်းခေါင်ကျော်ဆိုတော့ ကင်းလှည့် ရဲတွေနဲ့ တိုးရော။ ကိုယ်လည်း လန့်ဖျပ်သွားတယ်။ ရှေ့က ဘယ်သူလဲဆိုပြီး ကိုယ့်မျက်နှာကို ဓာတ်မီးနဲ့ ထိုးတယ်။ ကိုယ်က ကြောက်ကြောက်လန့်လန့် ရှင်းမပြဘဲ ထွက်ပြေးခဲ့တယ်။ ကိုယ်က ပြေးတော့ သူတို့က လိုက်တာပေါ့။ ကိုယ်ပြေးနေတဲ့အချိန် နားထဲမှာ ကြားနေရတာက "သား…မပြေးနဲ့၊ ရပ်လိုက်၊ ရပ်လိုက်" ဆိုပြီး အဆက်မပြတ် ကြားနေရတယ်။ ရဲတွေ အော်ပြောတဲ့အသံ မဟုတ်ဘူး။ အသက်ကြီးကြီးအဘိုးကြီးတစ်ယောက်ရဲ့အသံ။ ကိုယ်လည်း အရမ်းမောနေပြီ ဆက်မပြေးနိုင်တော့တာနဲ့ လမ်းဘေးတစ်နေရာမှာ ထိုင်ချလိုက်တယ်။ ရဲတွေက ကိုယ့်ကို မမြင်ဘူး။ ကိုယ်ကတော့ သူတို့ကို မြင်နေရတယ်။ စကားပြောသံတွေကိုလည်း ကြားနေရတယ်။ "ဒီနေရာလေးတင် ပျောက်သွားတာ၊ လူမှ ဟုတ်ရဲ့လား" ဆိုပြီး နောက်ကြောင်းပြန်လှည့်သွားကြတယ်။ ကိုယ်လည်း အဲဒီတော့မှ အသက်ရှူချောင်သွားတယ်။ ဒါနဲ့ ရပ်လိုက်၊ ရပ်လိုက်လို့ ပြောတဲ့ အသံပိုင်ရှင်ကို အနီးအနားမှာ ရှာကြည့်လိုက်တယ်။ မတွေ့တာနဲ့ အိမ်ကို ပြန်ခဲ့တယ်။

မနက်မိုးလင်း အိပ်ရာက ထတော့ ညက အဖြစ်အပျက်ကို တွေးမိတယ်။ အသံပိုင်ရှင်က တိုက်ပုံအင်္ကျီကများလားလို့ တွေးမိပြီး အင်္ကျီနားကို ကပ်ပြီး နားထောင်ကြည့်လိုက်တယ်။ အဲဒီမှာ ဂါထာရွတ်သံလိုလိုကို ကြားလိုက်ရတယ်"

"ဟုတ်ရဲ့လား။ ကျွန်တော် နောက်မှ နားထောင်ကြည့်လိုက်ဦးမယ်"

"အခုတော့ မကြားရတော့ဘူး။ မနက် ကိုယ် အိပ်ရာက ထတုန်းက ကြားရတာ။ ကိုယ့်ညီဆီ လာခါနီး ထပ်နားထောင်ကြည့်တော့ မကြားရတော့ဘူး။ ကိုယ်လည်း ဘယ်လိုမှ စဉ်းစားမရဘူး ဖြစ်နေတယ်။ တိုက်ပုံအင်္ကျီဝတ်ပြီးနောက်ပိုင်းမှ ကိုယ့်ဘဝလည်း သိသိသာသာပြောင်းလဲခဲ့တယ်။ အလုပ်လုပ်ရတာ ပိုကောင်းတယ်။ လူချစ်လူခင်များလာတယ်။ ညက အဘိုးကြီးရဲ့ အသံကို နားထဲမှာ ကြားယောင်နေတုန်း။ အခုအချိန်အထိဆိုပါတော့ကွာ။ ကိုယ့်ကို တစ်ခုလောက် ကူညီပါကွာ။ ကိုယ် ဘုန်းကြီးဝတ်ချင်တယ်။ ကိုယ့်ညီအသိ ဘုန်းကြီးကျောင်းမှာ လိုက်ဝတ်ပေးပါလား"

"ကိုဇော်ကြည် တကယ်ဝတ်မှာလား။ နေညိုမှ လေပြိုတယ်ဆိုပြီး ဆိုင်သွားချင်မှ ငရဲတွေ ကြီးကုန်ဦးမယ်။ ကိုဇော်ကြည် ဘုန်းကြီးဝတ်မယ်ဆိုရင် ပိုတောင် သဘောကျသေးတယ်။ ကိုဇော်ကြည့်ဆီမှာ ရယ်စားငိုစားမယ့်သူမှ မရှိတာ"

"အခု သွားကြမလား"

"အခုသွားလို့ ဘယ်ဖြစ်မလဲ။ ကျွန်တော် ဘာမှ အဆင်သင့် မဖြစ်သေးဘူး။ ဆရာတော်ကြီးအတွက် စားစရာလေး ဘာလေးဝယ်သွားချင်တယ်။ မနက်ဖြန်မှ သွားကြတာပေါ့၊ မနက်ဖြန်မနက် အိမ်ကို စောစောလာခဲ့"

"မနက် လေးနာရီ အုန်းမောင်းခေါက်တာနဲ့ အရောက်ဖြစ်နေစေရမယ်"

"မနက် လေးနာရီထွက်မလာပါနဲ့။ ခွေးဆွဲလို့ ဘုန်းကြီး မဝတ်နိုင်ဘဲ ဖြစ်လိမ့်မယ်"

ဟု ပြောပြီး ပြိုင်တူ ရယ်မောလျက် စကားဝိုင်း အဆုံးသတ်လိုက်ပါသည်။

◈◈◈

နောက်တစ်နေ့တွင် သင်္ကန်းစီးပြီးဖြစ်သည်။

ကျောင်းတွင်လည်း ဧည့်သည် ဦးဇင်းတစ်ပါးရောက်နေ၏။

ညနေပိုင်းသို့ ရောက်သောအခါ ဘုရားဝန်းအတွင်း လျှောက်ကြည့်ကြသည်။ ဧည့်သည် ဦးဇင်းလည်း ပါ၏။ ဧည့်သည် ဦးဇင်းက သူ့ကျောင်းအတွက် လိုအပ်သည့် ပစ္စည်းများကို လာဝယ်ခြင်းဖြစ်သည်။ ဆရာတော်နှင့် ရင်းနှီးသဖြင့် လမ်းကြုံ၍ ဝင်လည်ခြင်းဖြစ်သည်။

ဧည့်သည် ဦးဇင်းရယ်၊ ကျွန်တော်တို့ နှစ်ပါးရယ် တရားအကြောင်း


www.burmeseclassic.com

www.burmeseclassic.com

ဆွေးနွေးဖလှယ်ကြသည်။

တစ်နေ့ဝင်၊ တစ်ညဥ့်နက်၊ တစ်မိုးသောက်ပြန်တော့ အရက်ဆွမ်းစားပြီး တရားအားထုတ်ကြသည်။ ကျွန်တော်နှင့် ညော်သည် ဦးဇင်းက တရားဖြတ်ပြီးသွားပေမယ့် ဦးဇင်း ဇော်ကြည်က တရားထိုင်ကောင်းနေတုန်း။ ကျွန်တော်တို့နှစ်ပါးက စကားတပြောပြောနှင့် ထိုင်စောင့်နေကြသည်။

အတော်အတန်ကြာတော့ ဦးဇင်းဇော်ကြည် တရားဖြတ်လိုက်ပါသည်။ ထိုအခါ ဦးဇင်း ဇော်ကြည် တရားထိုင်ခဲ့သည့် နေရာတွင် ဖြာခင်းထားသဖွယ် ပုရွက်ဆိတ်အုံကြီးအပိုင်းပုံသဏ္ဍာန်ဖြစ်နေသည်။ ကျွန်တော်တို့ သုံးပါး အရမ်းအံ့သြသွားသည်။

ညော်သည် ဦးဇင်းက ကိုယ်တော် တရားထူးရတော့မယ်ဆိုပြီး ဆက်ကြိုးစားဖို့ အားပေးစကားပြောသည်။

ဦးဇင်း ဇော်ကြည်က တစ်သက်လုံး ဘုန်းကြီးဝတ်ချင်တဲ့အကြောင်း ဆရာတော်ကြီးကို ပြောပေးဖို့ ကျွန်တော့်ကို ပြောပြီးသည်။ ကျွန်တော်က အင်းမလှုပ် အဲမလှုပ်နှင့် စဉ်းစားနေတုန်း ညော်သည် ဦးဇင်းက ဝင်ပြောလိုက်သည်။

"ဦးဇင်း ဇော်ကြည် တစ်သက်လုံး ဘုန်းကြီးဝတ်ချင်တယ်ဆိုရင် တပည့်တော်တို့ကျောင်းမှာ လိုက်ဝတ်။ ကျောင်းမှာ ဦးဇင်း သိပ်မရှိဘူး။ တပည့်တော်ရဲ့ ဆရာတော်ကြီးက တပည့်တော် ပြောပေးရင် ရတယ်"

ဟု ပြောလေသည်။ ဦးဇင်း ဇော်ကြည် ဝမ်းသာသွားသည်။

နောက်တစ်နေ့သို့ ရောက်သောအခါ ညော်သည် ဦးဇင်း ပြန်ကြွသည်တွင် ဦးဇင်း ဇော်ကြည်ပါ လိုက်ပါသွားသည်။

ဦးဇင်း ဇော်ကြည်က ကျွန်တော့်ကို နှုတ်ဆက်သည်။

"ဦးဇင်း စောဘလူးရဲ့ တိုက်ပုံအင်္ကျီကို တပည့်တော် ယူသွားမယ်နော်။ ဦးဇင်းကို ကျေးဇူးတင်တယ်။ တပည့်တော် သာသနာ့ဘောင်ထဲ ရောက်အောင် ဦးဇင်းက အစပျိုးပေးခဲ့တယ်"

ဟု ပြောလေသည်။

"ဦးဇင်း ဇော်ကြည်...တရားအဆင့်တက်သွားရင် တိုက်ပုံအင်္ကျီကို လက်ဆင့်ကမ်းလိုက်ပါနော်"

ဟု မှာလိုက်သည်။

ဦးဇင်းက သူ လက်ဆင့်ကမ်းမည့်အကြောင်းပြောဆိုပြီး နှုတ်ဆက်ထွက်ခွာသွားကြလေသည်။ □


## ★ ဘဝတူ အမျိုးသမီးတို့၏ အချစ်ရေး ၊ အိမ်ထောင်ရေးကိစ္စ ★

❀ အဆင်မပြေဖြစ်နေတဲ့ အချစ်ရေး အမြန်ဆုံး ပြန်လည်အဆင်ပြေစေဖို့၊ ❀ အဆက်အသွယ်ပြတ်နေသော (သို့မဟုတ်) အဆက်အသွယ်ဖြတ်သွားသော ချစ်သူက မိမိထံကို အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်စေဖို့၊ ❀ ချစ်သူနဲ့ အဆက်အသွယ် အမြန်ဆုံးပြန်ရဖို့၊ ❀ ချစ်သူက မိမိတစ်ဦးတည်းကိုသာ ချစ်ခင်စွဲလမ်း သစ္စာရှိနေစေဖို့၊ ❀ မိမိနဲ့ ချစ်သူကို နှစ်ဖက်မိဘဆွေမျိုးများက အမြန်ဆုံး သဘောတူ ကြည်ဖြူ လက်ခံလာစေဖို့၊ ❀ ချစ်သူနဲ့ အမြန်ဆုံး လက်ထပ်ပေါင်းသင်းရဖို့၊ ❀ ပြည်တွင်းအဝေးမှာ (သို့မဟုတ်) ပြည်ပ နိုင်ငံခြားမှာ သွားရောက်လက်ထပ်ပေါင်းသင်းဖို့၊ ❀ ပြည်တွင်းအဝေးမှာ (သို့မဟုတ်) ပြည်ပ နိုင်ငံခြားမှာ သွားရောက် လုပ်ကိုင်နေသော ချစ်သူ အမြန်ဆုံး ပြန်လာစေဖို့ ။ **(အရေးကြီးရင် အမြန်လာခဲ့ပါ)**

● အိမ်ထောင်ရေးရှုပ်ထွေး ဖောက်ပြန်နေသူနဲ့ မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ်ပြတ်သွားစေဖို့၊ ● နောက်ကွယ်မှာ ခြေမများတော့ဘဲ အမြန်ဆုံး ခြေငြိမ် အိမ်မြဲစေဖို့ ● မိမိပြောစကား သူ့အပေါ် အောင်မြင်ပြီး သူ့ရှာဖွေရရှိသမျှ ငွေကြေးဥစ္စာပစ္စည်းများ မိမိထံ အကုန်ပြန်အပ်နှံစေဖို့ ● တကျက်ကျက် ရန်မဖြစ်ရတော့ဘဲ အိမ်ထောင်ရေးအဆင်ပြေ သာယာပျော်ရွှင်စေဖို့ ...

**ဆရာမ ဒေါ်နှင်းသူဇာဦး (အမျိုးသမီးသီးသန့်)**

(လက္ခဏာဗေဒင် ယတြာအစီအရင်)

တိုက် (၄၀)၊ A-2 ၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း၊ ၄၁-ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

ဖုန်း - ၀၉ ၅၀ ၉၃၈၉၁၊ ၀၉ ၇၃၁ ၄၇၀၂၄၊ ၀၉ ၂၅၀ ၇၇၃၆၃၆





www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်းသမိုင်းဝင် ဖျိုင်းအင်းဘုရားကြီးနှင့် ဖြစ်ရပ်ဆန်းများ

မြချစ် (ရွှေတောင်)




ယနေ့မျက်မှောက်ကာလတွင် တပ်ကုန်းမြို့ဆိုလျှင် [illegible]သူ မရှိသလောက်ပင်။ တပ်ကုန်းမြို့ကို ရောက်လျှင် တပ်ကုန်းမြို့နှင့် နှစ်မိုင်မျှ ဝေးသော ဖျိုင်းအင်းရွာမှ ဖျိုင်းအင်းဘုရားကြီးကို ရောက်အောင် သွားသင့်လှသည်။ ကား၊ ဆိုင်[illegible] မြင်းလှည်းတို့နှင့် သွားလို့ရသည်။ သို့သော် နွေရာသီ[illegible] ဆောင်းရာသီတို့ သွားလျှင် အဆင်ပြေနိုင်သည်ဟု ထင်[illegible]သည်။ စာရေးသူတို့ ရောက်ခဲ့သော မိုးရာသီကာလတွင် [illegible]သန်းသွားရမည်ဖြစ်သော ဖျိုင်းအင်းရွာလမ်းသည် ရွှံ့[illegible]များ ဖြစ်နေသဖြင့် သွားရန် အခက်အခဲရှိနေသည်။

ဖျိုင်းအင်းရွာကို လွန်သော် ဖျိုင်းအင်းဘုရားကြီးကို [illegible]မည်။ ဖျိုင်းအင်းဘုရားဝင်းထဲ ဝင်သည်နှင့် လက်ျာ[illegible]တွင် "ဆုတောင်းရစေတီ"ကို ဦးစွာ ဖူးတွေ့ကြည်ညို ရပေမည်။ ဆက်၍ လာခဲ့သော် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထားခဲ့သော ငါးမျက်နှာဘုရား၊ လက်ဝဲ လက်ကျာတစ်ခွင်တစ်ပြင်တို့တွင် ရဟန္တာသိမ်နှင့် ဗောဓိ ညောင်ပင်၊ စေတီအဆူဆူတို့ကို ရှမ်းရိုးမ တောင်တန်းကြီး နောက်ခံထား၍ ရှုမြင် ကြည်ညိုမိပေလိမ့်မည်။

မဟာမြတ်မုနိဘုရားနှင့် ရှမ်းမောင်နှမသုံးဦး တည်ထားခဲ့သော စေတီသုံးဆူကိုလည်း ဖျိုင်းအင်းဘုရားကြီးအား ဝင်ရောက် မဖူးမြော်မီ တွေ့မြင်ရမည်ဖြစ်သည်။ ရှေးဟောင်း သာသနာ အမွေအနှစ်များ တည်ရှိရာ နေရာတစ်ခုဖြစ်ကြောင်း ထင်ရှားပေသည်။

စာရေးသူနှင့် အတူပါလာသူ စာရေးဆရာ မောင်ထင်ရှားကလည်း ကျွန်တော်နှင့်အတူပင် ဖျိုင်းအင်းဘုရားကြီးကို

www.burmeseclassic.com



ဝင်ရောက်ကြည့်ညိုကြသည်။ တင့်တယ်စွာ တည်ရှိနေသော ဗျိုင်းအင်းဘုရားကြီးကို ကြည့်ညို၍ မဝနိုင်အောင်ပင် နှစ်ဦးသား ရှိခိုးပူဇော်ပြီး ဂေါပကအဖွဲ့ရှိရာသို့ သွားပြီး သိသင့်သိစရာများကို မေးမြန်းမှတ်သားခြင်း ပြုကြတော့သည်။

ဂေါပကအဖွဲ့ဝင် ဗျိုင်းအင်းရွာသား ဦးအောင်တင်မှ ဆရာ ဖုန်းမြိုင်(တပ်ကုန်း) ရေးသားထားသော "ဗဟိုသကျွဲမင်းဇာတ်တော်"အကျဉ်းမှတ်တမ်းစာရွက်တစ်ရွက်နှင့် ဆရာ မိုးမခ(အညာကျေးလက်) ရေးသားထားသော စာအုပ်ငယ်တစ်အုပ်ကို ပေးသည်။ ကျွန်တော်တို့ကလည်း အလှူငွေ ငါးထောင်ကျပ်ကို လှူဒါန်းလိုက်ပါသည်။

ဂေါပကအဖွဲ့ဝင် ဦးအောင်တင်၏ ရှင်းလင်းပြောပြချက်များနှင့် သမိုင်းစာအုပ်ကို ဖတ်ရှုလိုက်သောအခါ သားတော် ကျွဲမင်း(ဘုရားလောင်း)နှင့် ဖခင် ကျွဲမင်း(ဒေဝဒတ်လောင်း)တို့ ယခု ဗျိုင်းအင်းဟု ခေါ်တွင်သော နေရာတွင် တွေ့ဆုံ၍ ယှဉ်ပြိုင်ခတ်ကြစဉ် မိခင် ကျွဲမကြီးမှ သားတော် ကျွဲမင်းနိုင်ပါစေကြောင်း ဆုတောင်းပြုသည့် နေရာဖြစ်သောကြောင့် ဤနေရာမှာပင် စေတီတည်ပြီး "ဗျိုင်းအင်း ဆုတောင်းပြည့်စေတီ"ဟု ဘွဲ့တော်ခေါ်ဝေါ်တော်မူကြောင်း ပြောဆိုပါရှိသော်လည်း မည်သည့် ခေတ်ကာလက မည်သူ တည်ထား ကိုးကွယ်လာခဲ့ကြောင်း မသိကြပေ။

◈◈◈

သီပေါမင်းလက်ထက် (ကုန်းဘောင်ခေတ်နှောင်း) ၁၂၄၃ ခုနှစ်ခန့်တွင် ဦးကြာရိုး၊ ဒေါ်ဖော့တို့က ဦးကတ်ထံမှ လယ်မြေများကို ဝယ်ပြီး ဗျိုင်းအင်းရွာကို တည်ခဲ့သည်ဟု ဆိုသည်။

တစ်နေ့သောအခါ ဗျိုင်းအင်းရွာ၏ မြောက်ဘက်ရှိ တောအုပ်အတွင်းသို့ မိမိ၏ ကျွဲတစ်ကောင်ဝင်သွားသဖြင့် ဦးကြာရိုးသည် လိုက်လံရှာဖွေကြည့်ရှုရာတွင် ချုံထဲ၌ ဉာဏ်တော် ကိုးတောင်ခန့်ရှိ တစ်ဝဂ္ဂစေတီကို ဖူးတွေ့သည်။ ထိုချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းလိုက်သောအခါ စေတီတော် ပွင့်ထွန်းပေါ်လာသည်။ စေတီ၏ အရှေ့အရပ် မျက်နှာတွင် ဘုရားရုပ်ပွားတော်မြတ်ကို ဖူးမြော်နိုင်ရန် တစ်ဝဂ္ဂပေါက် ရှိသည်။

နောက်တစ်နေ့တွင် မည်သည့်ဒေသမှ လာမှန်းမသိသော မျက်နှာစိမ်း ရှမ်းကုန်သည်တစ်ဦးသည် ဦးကြာရိုးအား သုံးကျပ်သားခန့်ရှိသည့် ရွှေဆွဲကြိုးကို ပေးခဲ့သည်။ (ဤသည်ကို သိုက်က ပေးသည်ဟု ယူဆ ပြောဆိုကြသည်။) အိမ်ပြန်ချိန်တွင် ဦးကြာရိုးသည် သစ်ကိုင်း၌ ခဏချိတ်ထားသော ရွှေဆွဲကြိုးကို မေ့၍ထားခဲ့သည်။ နောက်တစ်နေ့ သတိရမှ ရွှေဆွဲကြိုးကို ယူပြီး ထုခွဲရောင်းချ၍ ဈေးကို ပြုပြင်မွမ်းမံလေသည်။

တစ်ညနေ၌ ပုဂ္ဂိုလ်တစ်ဦးက ဦးကြာရိုးအား ဘုရားအနီး



www.burmeseclassic.com

www.burmeseclassic.com

ဘုင် ပန်းကန်တစ်လုံးကို သွားယူရန် အိပ်မက်ပေးပြန်သည်။ သို့သော် ဦးကြာရိုးက သွားမယူဖြစ်ပေ။ နောက်တစ်ည ဆင်၍ အိပ်မက်ပေးပြန်သည်။ ထိုသို့ နှစ်ညတိုင်တိုင် အိပ်မက်ပေးသဖြင့် သွားကြည့်ရာ ဘုရားအနီးတွင် ခပ်စုတ်စုတ် ပန်းကန်ပြားအပဲ့ကို တွေ့ရသဖြင့် စိတ်မပါတပါနှင့် ယူလာခဲ့သည်။ ပစ္စည်းကောင်းမဟုတ်၍လည်း သိပ်အလေးမထားဘဲ ဖွဲ့နွမ်းပြဲပေကျံနေသည်များကို ပြောင်စင်အောင် ဆေးကြောပြီး အိမ်မှာ ကြောင်စာခွက်အဖြစ် အသုံးပြုထားလိုက်သည်။

အံ့သြစွာ ဖြစ်ရသည်မှာ ကြောင်စာခွက်ထဲရှိ ထမင်းများသည် လျော့မသွားဘဲ ပြည့်မောက်နေသည်ကို တွေ့မြင်နေရသည်။ ထို့ကြောင့် ဦးကြာရိုးက အကြံရ၍ ဇနီးဖြစ်သူအား ထိုကြောင်စာခွက်ကို စင်ကြယ်အောင် ဆေးခိုင်းပြီး ဒင်္ဂါးပြားအနည်းငယ်ကို ထည့်ထားလိုက်သည်။

နောက်တစ်နေ့တွင် ဒင်္ဂါးပြား(ရွှေဒင်္ဂါးနှင့် ငွေဒင်္ဂါး)များသည် မရေတွက်နိုင်အောင် ပန်းကန်ပြားထဲတွင် ရှိနေသည်ကို တွေ့မြင်ကြရသည်။ ဤသို့ဖြင့် ဦးကြာရိုးသည် သူဌေးဘဝသို့ ရောက်ခဲ့ပြီး မူလက အဓိဋ္ဌာန်ရှိခဲ့သည့်အတိုင်း စေတီတော်နှင့် ဗုဒ္ဓသာသနာဆိုင်ရာ အဆောက်အအုံများကို ဆောက်လုပ်လှူဒါန်းခဲ့သည်။


မြန်မာသက္ကရာဇ် ၁၂၇၁ ခုနှစ်၊ ဆရာတော် ဦးအာဒိစ္စ လက်ထက်တွင် "ဖျိုင်းအင်း ဆုတောင်းပြည့် စေတီတော်" ၏ အရှေ့မျက်နှာဦး၌ ကိန်းဝပ်စံပယ်တော်မူသော ရွှေဆင်းတု ရုပ်ပွားတော်၏ ချက်တော်မှ အလိုအလျောက် သပိတ်တစ်လုံးခန့်ပမာဏရှိသော ရေများ ထွက်တော်မူခဲ့သည်။ ထိုရေများကို ဆရာတော်က လူအများအား ခွဲဝေပေးခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၃၇ ခုနှစ်၊ ကဆုန်လဆန်း ၂ရက်၊ တနင်္ဂနွေနေ့တွင် ဆုတောင်းပြည့်ဘုရား၏ ညာလက်ရုံးမှ ရွှေများ အလိုအလျောက်ဖြစ်ပေါ်လာသဖြင့် ဧည့်ပရိသတ်များ လာရောက်ဖူးမြော်ကြသည်။ ထိုအချိန်မှာပင် လက်ျာဘက် လက်ညှိုးတော်မှ စ၍ ရွှေရောင်များ အလိုလို ဝင်းလက်ပေါ်ထွန်းလာပြန်သည်။

ဖျိုင်းအင်းရွာ၏ ရွာဦးကျောင်းဆရာတော် ဦးတေဇနိယသည် ညဥ့်အချိန် ကျိန်းစက်တော်မူနေစဉ် လင်းယုန်ငှက်တစ်ကောင်သည် ကျောင်း၏ အရှေ့တောင်ထောင့်မှ အနောက်မြောက်ထောင့်သို့ ပျံသန်းသွားသည်ကို ကျောင်း၏ ဝေယျာဝစ္စ ဆောင်ရွက်သူ ဦးဟန်(ဆရာတော်၏ အစ်မဖြစ်သူ ဒေါ်လုငွေ၏ ခင်ပွန်း)မှ မြင်တွေ့လိုက်ကြောင်း နံနက်မိုးလင်းသောအခါ၌ ဆရာတော်ကို လျှောက်တင်သည်။

ဆရာတော်သည်လည်း ဘုရားရှင်ရုပ်ပွားတော်ကို ဖူးမြော်ရန်လာသောအခါ ယခင်က အင်္ဂတေတစ်ဝက်၊ ရွှေတစ်ဝက်ဖြစ်နေသော ရုပ်ပွားတော်တွင် ကိုယ်လုံးတော်ပြည့် ရွှေများ ဝင်းထိန်နေသည်ကို ဖူးတွေ့မြင်ခဲ့ရသည်။


ထိုသတင်းပျံ့နှံ့သွားသဖြင့် ဖျိုင်းအင်း ကျေးရွာသူ/ရွာသားများပါမက၊ ရပ်ဝေးရပ်နီးမှ လူပရိသတ်များပါ လာရောက်ဖူးမြော်ကြသည်။ နေ့စဉ် လူပေါင်း ငါးရာမှ တစ်ထောင်ဝန်းကျင်ခန့်အထိ လာရောက် ဖူးမြော်ကြသဖြင့် အလှူငွေ





www.burmeseclassic.com

www.burmeseclassic.com



မှာ နေ့စဉ် ကျပ်တစ်သောင်းကျော်ခန့် ရရှိသည်ဟု ဆိုသည်။ ပို၍ထူးခြားသည်က ခြောက်လက်မခန့်ရှိ မြွေဖြူကြီးတစ်ကောင်သည် လာရောက်ကြသည့် ဘုရားဖူးများကို အန္တရာယ်မပြုဘဲ ခုနစ်ရက်ကြာအထိ ဘုရားကို ကြည်ညို ဖူးမြော်နေကြောင်း သိရှိရသည်။

◈◈◈

ဤကဲ့သို့ ထူးခြားဆန်းကြယ်ဖြစ်စဉ်များကို သိရသောအခါ ကျွန်တော်သည် ကြက်သီးမွေးညင်းများ ထလာအောင် အံ့သြမိသည်။ ထိုဖြစ်ရပ်ဆန်းများနှင့် ဆက်နွယ်ပြီး အခြားဖြစ်ရပ်ဆန်းများ ရှိ,မရှိ မေးမြန်းရာ ဂေါပကအဖွဲ့ဝင် ဦးအောင်တင်က…

"ထူးခြားမှုတွေကို ပြောပြပါဆိုရင် အရင်ဆုံး ပိန်းတောရွာက မောင်နှမအကြောင်းကို ပြောပြပါ့မယ်။ နှမဖြစ်သူက သူ့ရဲ့ သံပရာခင်းကို မောင်ဖြစ်သူအား စောင့်ခိုင်းထားရာက တစ်နေ့တော့ သူ့သံပရာသီးတွေကို ခိုးရောင်းပါတယ်ဆိုပြီး နှမဖြစ်သူက မောင်ဖြစ်သူကို စွပ်စွဲပါလေရော။ မောင်ဖြစ်သူက မဟုတ်ကြောင်း၊ မခိုးကြောင်း ငြင်းတာပေါ့ဗျာ။ နောက်ဆုံးတော့ ဒီဗျိုင်းအင်းဘုရားရှေ့ကို ရောက်လာပြီး ကျိန်ဆိုကြတာပေါ့။ မောင်ဖြစ်သူက သူ မခိုးယူကြောင်း ရဲရဲဝံ့ဝံ့ ကျိန်ဆိုပေမယ့် အစ်မဖြစ်သူအလှည့်ကျတော့ မဝံ့မရဲဖြစ်နေတယ်လေ။ ကျွန်တော်က အခြေအနေကို ကြည့်ပြီး မကျိန်ဆိုဖို့ သုံးကြိမ် သုံးခါ တားခဲ့ပါသေးတယ်။ ဒါပေမယ့် တားမရခဲ့ဘူး။ တုန်တုန်ယင်ယင်နဲ့ ကျိန်ဆိုရင်း မေ့မြော သတိလစ်ပြီး စကားမပြောနိုင်တော့တဲ့ အဖြစ်နဲ့ ကြုံသွားရရှာတယ်"

ဟု ပြောပြပါသည်။

"နောက်တစ်ခုလည်း ရှိသေးတယ်ဗျ"

ဟု ဆိုပြီး ဦးအောင်တင်မှ နောက်တစ်ခုကို ပြောပြဖို့ စကားစလိုက်ပြန်ပါသည်။

"ကျွန်တော်တို့ ဗျိုင်းအင်းရွာသား ဦး--------က မယားငယ်ထားတာကို မယားကြီးက သိသွားတော့ စကားတွေ များကြတာပေါ့။ အဲဒါနဲ့ ဒီဗျိုင်းအင်းဘုရားမှာပဲ လာရောက် ကျိန်ဆိုကြပြန်တယ်။ ဖောက်ပြန်မှားယွင်းတဲ့ ယောကျ်ားမှာ နောက်တော့ တစ်ကိုယ်လုံးတွင် သဖန်းသီးလို အဖုအထစ်တွေ ပေါ်လာပြီး ကျန်းမာရေး ချို့တဲ့သွားရှာတယ်။ သူတို့ရဲ့ သားအငယ်ကလည်း အလိုလိုနေရင်း ဝဲဘက် မျက်လုံးကွယ်သွားရှာတယ်"

"တော်တော် အံ့သြစရာကောင်းသလို ကြောက်စရာလည်း ကောင်းတယ်နော်"


ဟု သူ့စကားအဆုံးမှာ ကျွန်တော်က ဝင်ပြောလိုက်ရာ သူကပင် ဆက်လက်၍…

"ဒါတင် ဘယ်ကမလဲ ဆရာကြီးရဲ့။ ငပ်ကုန်းမြို့က



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ဦးက သူ့ငွေ သိန်းတစ်ရာပျောက်တဲ့ ကိစ္စနဲ့ ...သက်ပြီး သူ့ယောက်မကို စွပ်စွဲတယ်လေ။ ယောက်မက ငြင်းတာပေါ့။ အဲဒါနဲ့ ငွေပိုင်ရှင် အမျိုးသမီးက မြင်းလှည်း ... နှစ်ထောင်းငါးရာပေးထားပြီး ယောက်မကိုပါ ခေါ်လာခဲ့တယ်။ ဘုရားမှာ သစ္စာတောင် မဆိုရသေးပါဘူး။ မြင်းလှည်း ဘုရားဝင်းထဲကို ရောက်လို့ ရပ်လိုက်တာနဲ့ ဒီဗျိုင်းအင်း ဘုရားမှာတော့ သစ္စာမဆိုပါရစေနဲ့။ ရဲစခန်းမှာပဲ အမှုဖွင့်ချင် ရင်။ သူ ခိုးမိပါတယ်လို့ ယောက်မဖြစ်သူက ဝန်ခံသွားရတဲ့ အဖြစ်တွေ ရှိခဲ့ဖူးပါတယ်”

လို့ ပြောပြပါသည်။

ဤဖြစ်ရပ်ဆန်းများကို ကြားသိရသောအခါ အဲ့ဩ ...များနှင့်အတူ တွေးမိတွေးရာ တွေးလိုက်သည်က “ဒီဗျိုင်းအင်းဘုရားကြီးမှာ မြင်အပ်, မမြင်အပ်သော ပုဂ္ဂိုလ်များ၊ ...ပုဂ္ဂိုလ်ထူးများ စောင့်ရှောက်မှု ရှိနေကြ၍များလား”ဟူ၍ ...ပါသည်။

ဤဗျိုင်းအင်း ဆုတောင်းပြည့် ရှေးဟောင်း သမိုင်းဝင် ဘုရားအား သွားရောက်ဖူးမြော်လိုပါလျှင် နေပြည်တော် ...ကုန်းမြို့ပေမှ အရှေ့မြောက်အရပ် နဝင်း ချောင်းတံတားကို ...၍ ဆက်သွားလျှင် ဗျိုင်းအင်းကြီးကို တွေ့ရမည်ဖြစ် သည်။ ဗျိုင်းအင်း ကန်ပေါင်ရိုးမှ ဆက်သွားသော ဗျိုင်းအင်း ...ကို ဖြတ်ကျော်လျက်၊ ရွာ၏ မြောက်ဘက်ရှိ ရှေးဟောင်း



သမိုင်းဝင် ဗျိုင်းအင်းဘုရားဝင်းရှိ -

(၁) ဆုတောင်းပြည့် ဗျိုင်းအင်းဘုရားကြီး

(၂) မဟာမြတ်မုနိဘုရားကြီး

(၃) အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထားခဲ့သော ငါးမျက်နှာဘုရား

(၄) ဆုတောင်းရ ဘုရား

(၅) မောင်းထောင်းဘုရား

(၆) ရဟန္တာသိမ်တော်တို့နှင့် အခြားသော စေတီငယ်များကို ကြည်ညိုဖူးတွေ့နိုင်မည်ဖြစ်ပါကြောင်း ကုသိုလ်စိတ်နှင့် ရေးသားတင်ပြလိုက်ပါသတည်း။

□



www.burmeseclassic.com

www.burmeseclassic.com

# အုတ်ဖိုဆရာတော်ဘုရားကြီး၏ သစ္စာတန်ခိုး

ရဲရဲထွန်း (ဟသ်ာတ)



သာသနာတော်တွင် နေမင်းကဲ့သို့ ထင်လင်းတောက်ပခဲ့သော ဆရာတော်ကြီးတစ်ပါးမှာ ဒွါရ နိကာယ အာဒိကမ္မိက ပထမ သာသနာပိုင် အုတ်ဖိုဆရာတော်ဘုရားကြီးပင်ဖြစ်သည်။ ဆရာတော်ကြီးသည် နောက်ပါ တပည့်များနှင့်အတူ သက္ကရာဇ် ၁၂၄၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ရက်နေ့တွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ ကြွတော်မူစဉ်က ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

သီဟိုဠ်ကျွန်းသို့ ရောက်ရှိပြီးနောက် တပေါင်းလဆန်း [illegible]ရက်နေ့တွင် ဗုဒ္ဓမြတ်စွယ်တော်ကို ဖူးမြော်ခွင့် ရရှိခဲ့သည်။ [illegible]နေ့တွင် စွယ်တော်ထိန်း အမတ်ကြီးနှင့် နာယက ဆရာ[illegible]ကြီးများ စွယ်တော်ကြုတ်ကို ထုတ်ယူ၍ အပြင်ကြုတ်[illegible]ကို ဖွင့်ပြီးလျှင် အတွင်းကြုတ်ကို ဖွင့်နေဆဲအခါ၌ အုတ်[illegible]ရာတော်ကြီးသည် လက်ဝဲအောက် မြတ်စွယ်တော်ကို [illegible]တော်မူပြီး ဦးခေါင်းထက်၌ ထားရှိ ပူဇော်တော်မူသည်။ [illegible]နိုင်၌ စွယ်တော်မြတ်မှ တစ်ခဲနက်သော ရောင်ခြည်[illegible]များ လွှတ်တော်မူပါသည်။

အုတ်ဖိုဆရာတော်ကြီးသည် စွယ်တော်ပွားတစ်ဆူထု[illegible]၍ ၎င်းစွယ်တော်ပွားကို သီဟိုဠ် မြတ်စွယ်တော်နှင့်အတူ [illegible] ပြုန်မချင်း ထားလိုကြောင်း အခွင့်တောင်းရာ ခွင့်ပြု[illegible]နှင့် ရက်နစ်ဆယ်ခန့် အတူကိန်းဝပ်စံပယ်တော်မူခဲ့[illegible]

ထို့နောက် မြန်မာနိုင်ငံသို့ ပြန်လည်ကြွခါနီးတွင် စွယ်[illegible]ဂေါပကအဖွဲ့အား အုတ်ဖိုဆရာတော်ကြီးက စွယ်တော်[illegible] မိမိလက်ဖြင့် မကိုင်ဘဲ မိမိပင့်လျှောက်၍ မိမိထံသို့ [illegible]အလျောက် ကြွရောက်လာအောင် အောက်ပါ သစ္စာ[illegible]ကို စွယ်တော် ဂေါပကအဖွဲ့၏ သဘောတူ ခွင့်ပြု[illegible] ပြုတော်မူခဲ့ပါသည်။

(၁) အကျွန်ုပ်သည် ဤသီဟိုဠ်ကျွန်းသို့ စွယ်တော်[illegible] ၁၅ရက် သင်္ဘောခရီးဖြင့် လာရာ၌ ကာယဒဠှီဗဟုလ[illegible]ကဲ့သို့ အများကြီးစား၊ အများကြီး သောက်မဟုတ်ဘဲ [illegible]ပတ်လုံး ဆွမ်းသုံးလုတ်နှင့် လက်ဖက်ရည်ကြမ်း[illegible]ကိုသာ သောက်၍ နေထိုင် မျှတခဲ့ပါသည်။ ဤအတိုင်း [illegible] ဤသစ္စာကြောင့် အကျွန်ုပ်လက်သို့ စွယ်တော်မြတ် [illegible]ပါစေသတည်း။

(၂) အကျွန်ုပ်သည် ယခု အသက် (၇၀)၊ သိက္ခာ[illegible] (၅၀)ဝါ ရှိပါပြီ။ ကျူးလွန်လိုသော ဝီတိက္ကမ စေတနာ[illegible] ခုဒ္ဒါန ခုဒ္ဒက သိက္ခာပုဒ်တစ်ပါးမျှကိုလည်း မလွန်[illegible]ခဲ့ပါ။ ဤသစ္စာကြောင့် စွယ်တော်မြတ်သည် ကျွန်ုပ်[illegible]သို့ ကြွပါစေသတည်း။

(၃) အကျွန်ုပ်သည် မြတ်စွာဘုရား ဟောကြားအပ်[illegible] တရားတော်ကို မကွယ်မဝှက် မထိန်မချန်ဘဲ အသက်[illegible]ယ်ဖြစ်စေကာမူ၊ မကြောက်မရွံ့မူဘဲ ဟောပြောပါ၏။ [illegible]သစ္စာကြောင့် ကျွန်ုပ်လက်သို့ စွယ်တော်မြတ်သည် ကြွပါ[illegible]သတည်း။

ဆရာတော်သည် ဤကဲ့သို့ သစ္စာပြု လျှောက်ထားလိုက်သည်နှင့် တစ်ပြိုင်နက် ဆရာတော်ကြီး၏ လက်တော်သို့ စွယ်တော်တစ်ဆူ ကြွရောက်တော်မူနေသည်ကို မြင်တွေ့ကြရသည်။

အုတ်ဖိုဆရာတော်ကြီး သစ္စာဆို၍ ပင့်ဆောင်ခဲ့သော မြတ်စွယ်တော်သည် မြန်မာသက္ကရာဇ် ၁၂၄၉ ခုနှစ်မှ စ၍ ယနေ့တိုင် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ဇီးဖြူကုန်းရွာမ၌ ကိန်းဝပ်စံပယ်တော်မူလျက် ရှိပါသည်။

ဤဘဒ္ဒကမ္ဘာတွင် ဂေါတမ ဘုရားရှင်၏ စွယ်တော်နှစ်ဆူမှာ ယနေ့ တရုတ်ပြည်နှင့် သီရိလင်္ကာနိုင်ငံတို့၌သာ အထင်အရှားရှိနေပါသည်။ အဆိုပါ စွယ်တော်မြတ်နှစ်ဆူမှာ စွယ်တော်စစ်၊ စွယ်တော်မှန်များဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်အားလုံးတို့က လက်ခံ ယုံကြည်ကြသည်။ ယုံကြည်နိုင်လောက်အောင်လည်း အထောက်အထားများက ခိုင်လုံပြီး တန်ခိုးတော်အနန္တနှင့် ပြည့်စုံပါသည်။

အကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် အုတ်ဖိုဆရာတော်ဘုရားကြီး၏ သစ္စာစကားကို အလေးအနက်ထား ယုံကြည်ကိုးစားကြရမည်ဖြစ်ပါသည်။

ရှေးဆရာတော်ကြီးများသည် ဗုဒ္ဓဘုရားရှင်၏ ဝိနည်းတော်အတိုင်း ကျင့်ကြံ၍ ရဟန်းအလုပ်ကို အားထုတ်ကြိုးပမ်းကြသူများဖြစ်သည်။ ထို့ကြောင့် ဆရာတော်ကြီးများ၏ နှုတ်မြွက်သစ္စာစကားသည် မိုးကြိုးသွားကဲ့သို့ ထက်မြက်မှန်ကန်နေခြင်းဖြစ်သည်။

သို့ဖြစ်၍ အုတ်ဖိုဆရာတော်ဘုရားကြီး၏ သစ္စာဖြင့် ဗုဒ္ဓစွယ်တော်ပွားတစ်ဆူသည် ဆရာတော်ကြီး၏ လက်တော်သို့ ကြွရောက်လာသော ထိုစဉ်က အဖြစ်အမှန်ကို ရေးသားတင်ပြလိုက်ရပါသည်။

□


www.burmeseclassic.com

www.burmeseclassic.com

၁နွေ ၂လာ ၃ဂါ ၄ဟူး ၈ဟု
၅တေး ၆ကြာ ၇နေ

ဂမ္ဘီရဆန်းကြယ်

## ခုနစ်ရက်သားသမီးများအတွက်

## ၂၀၁၆-နိုဝင်ဘာလ

# အောင်အတိတ် အောင်နိမိတ်

## ကံကြမ္မာဟောစာတမ်း

**သက်နှင်းဆွေ၊ပုပ္ပါး၊**

---

**➢တနင်္ဂနွေသားသမီးများ**

ဒီလကတော့ မေတ္တာရောင်ပြန်ရိုက်ခတ်မှုကို သိသိသာသာ ခံစားရမယ့်အချိန်ပါ။ ငွေအထူးဝင်မယ်။ ပေးကမ်းလှူဒါန်းနိုင်မယ်။ အလုပ်လည်း အဆင်ပြေမယ်။ အိမ်တွင်းရေးလည်း သာယာနေမယ်။ စိတ်တိုစရာကြုံလာရင်လည်း ကိုယ်ကာလျှော့လိုက်ပါ။ ယောက်ျားလျာ၊ မိန်းမလျာတွေကို သတိထား ဆက်ဆံပြောဆိုပါ။ အစစ ကောင်းနေပါတယ်။ အချစ်ရေး အဆင်ပြေမယ်။ ကုသိုလ်ကောင်းမှုတွေ ပြုနိုင်မယ်။ အားလုံး အဆင်ပြေ တိုးတက်မယ့်လပါ။ ပျော်ပျော်နေလိုက်ပါ။

**ယတြာ။** ။ နေအိမ်ဘုရားကျောင်းဆောင်မှာ စပယ်ပန်း၊ ရွှေပန်း စသည်ဖြင့် အလျဉ်းသင့်တဲ့ ပန်းတွေကို ပယ်ယာခင်းပြီး ပူဇော်ပါ။

**ထီကံစမ်းရန်။** ။ (၂ ၊ ၇)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

## ➤တနင်္လာသားသမီးများ

ဒီရက်တွေထဲမှာ သင်က အဖြူဆိုရင် ကျန်တဲ့ လူတွေက အမည်းလို့ ပြောပြီး ဆန့်ကျင်ကြလိမ့်မယ်။ ဒါတွေက [illegible] အရေးမပါလှပါဘူး။ ခံယူချက်အမြင်လေးတွေ နည်းနည်းလွဲနေကြတာပါ။ ဒီအချိန်မှာ ဘာမှ အတိုက်အခံ [illegible] စိတ်ကို လျှော့ချထားလိုက်ပါ။ လုပ်လက်စအလုပ်တွေ မပြီးမပြတ်ဖြစ်နေမယ်။ ဒီလထဲမှာ ငွေဝင်ပြီး အဖတ် [illegible]ဖြစ်နေတတ်တယ်။ ဘာပဲဖြစ်ဖြစ် ငွေအဆင်ပြေမယ်။ ကံညံ့နေတာ မဟုတ်ပါဘူး။ လွဲချော်မှုလေးတွေ ဖြစ်နေတာပါ။ [illegible]ကျောင်းနှင့် လိုက်လျောညီထွေ နေလိုက်တာနဲ့ အစစ အဆင်ပြေလာပါလိမ့်မယ်။

**ယတြာ** ။ ထီးနီ (၁၀)လက်ကို စနေထောင့်မှာ လှူပြီး စိတ်ပါလက်ပါ ဘုရားဝတ်ပြုလိုက်ပါ။ အထူးအခက်အခဲ တစ်ခုခုရှိရင် ငှက်(၁၂)ကောင်လွှတ်ပါ။

**ထီကံစမ်းရန်** ။ (၇ ၊ ၀)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➤အင်္ဂါသားသမီးများ

ဒီလထဲမှာ စိတ်ဖိစီးစရာတချို့ကြုံတတ်တယ်။ အရာအားလုံးအတွက် ရတနာသုံးပါးကို ပုံအပ်ပြီး ဆည်းကပ် [illegible]ထားလိုက်ပါ။ သင့်ကို တစ်ဖက်သတ် စွပ်စွဲပုတ်ခတ်ပြောဆိုတာတွေ ကြုံရင်လည်း စိတ်ရှည်ပေးလိုက်ပါ။ အစားမှား [illegible]တတ်တယ်။ စကားမှားတတ်တယ်။ အနေအထိုင်၊ အပြောအဆို၊ အစားသောက်တွေ ဆင်ခြင်ပါ။ ဘာဖြစ်ဖြစ် ငွေကြေး [illegible]ဆင်ပြေမယ်။ သူတစ်ပါးက ကိုယ့်ကို မကောင်းမြင်နေတယ်ဆိုတဲ့ အတွေးမျိုး သင့်စိတ်ထဲက အလိုလို ထင်ယောင် [illegible]များဖြစ်နေတတ်တယ်။

**ယတြာ** ။ ဘုရားတစ်ဆူမှာ ရွှေဆိုင်း (၈)ခုတီတီ ကပ်လှူပါ။ ပြီးရင် ခေါင်းလောင်းထိုးပြီး အမျှပေးဝေပါ။

**ထီကံစမ်းရန်** ။ (၂ ၊ ၄)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➤ဗုဒ္ဓဟူးသားသမီးများ

ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ အချိန်ကောင်းဆုံး ရက်တွေပါပဲ။ ဟိုအရင်က ဆုံးရှုံးထားတာတွေ ပြန်လည် [illegible]ဆိုင်တတ်ချိန်ပေါ့။ ဟိုအရင်က အမြင်မကြည်လင်တဲ့သူတွေကလည်း သင့်ကို ပြန်ပြီး ဖော်ဖော်ရွေရွေ ဆက်ဆံလာလိမ့် [illegible]။ ဒီလထဲမှာ ရွှေလည်း ဝင်တတ်သလို၊ ဝင်ငွေလည်း ပိုကောင်းမယ့် ရက်တွေပါပဲ။ ကောင်းမြတ်တဲ့ ခရီးတိုလေးတွေ [illegible]ဖြစ်တတ်တယ်။ ဂုဏ်သိက္ခာတိုးတက် မြင့်မားမယ်။ ဒီလကနေ စပြီး နှစ်လအတွင်း စီးပွားတက်မယ်လို့ တစ်ထစ်ချ [illegible]ယူထားပေတော့။

**ယတြာ** ။ မြွေပုံတစ်ခုခုကို စူးစူးစိုက်စိုက်ကြည့်ရင်း မြွေအပေါင်းကို မေတ္တာပို့သပေးပါ။ အခက်အခဲရှိရင် အုန်းသီးအခွံချွတ်တစ်လုံးကို ရေမျှောလိုက်ပါ။

**ထီကံစမ်းရန်** ။ (၄ ၊ ၆)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➤ကြာသပတေးသားသမီးများ

ဒီလက ဘာပဲလုပ်လုပ် နှစ်ကြိမ်နှစ်ခါ ပြောဆိုလုပ်ကိုင်မှ အဆင်ပြေတတ်ချိန်ပါ။ သွားနာတတ်တယ်၊ သွေးအားနည်း [illegible]တတ်တယ်။ ငွေဝင် လာဘ်ရွှင်မယ်။ ဒီလထဲမှာ သင့်ကို တမင်ဖြောက်ပင့်ပြောဆိုမယ့် လူတချို့နဲ့ တွေ့ရတတ်တယ်။ [illegible]မှုရေးအရှုပ်အထွေးတချို့လည်း ကြုံတတ်တယ်။ အလုပ်ကိစ္စ အဆင်ပြေမယ်။ အချစ်ရေးသာယာမယ်။ မိသားစုကိစ္စတွေ [illegible]ကော စိုပြည်နေမယ်။ ဘာအခက်အခဲရှိရှိ အားလုံး ပြေလည်သွားမယ်ဆိုတာ မဝိုတ်မသုန် ယုံကြည်ထားလိုက်ပေတော့။

**ယတြာ** ။ ညအိပ်ရာဝင်ခါနီးမှာ မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ပြီးမှ အိပ်ပါ။

**ထီကံစမ်းရန်** ။ (၁ ၊ ၇) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

### ➤ကြာသပတေးသားသမီးများ

ဒီလထဲမှာ အနေအထားအပြောင်းအလဲတချို့ ကြုံမယ်။ ကောင်းတဲ့ အပြောင်းအလဲတွေပါ။ ရပ်ဝေးသတင်းကောင်း ကြားရတတ်တယ်။ မိတ်ဆွေဟောင်းနဲ့လည်း ပြန်ဆုံတတ်တယ်။ တိုးတက်မှုတွေ ကြုံမယ်။ ဒီနေ့က စပြီး ၂၄ရက်အတွင်း ငွေများစွာဝင်ဖို့ ရှိတယ်။ အစစ ကံကောင်းနေပါတယ်။ အချစ်ရေးမှာတော့ သင်ကိုယ်တိုင်က လေ့နှံနှစ်ဖက်နင်းနေမိတတ်တယ်။ အိမ်ထောင်ရေး သာယာမယ်။ အလုပ်တိုးတက်မယ်။ တာဝန်နှစ်ခုတွဲယူထားရတတ်ချိန်ပါ။ မျက်နှာပွင့်ပြီး လာဘ်ရွှင်နေချိန်ပါ။

**ယတြာ။** ။ လှပတဲ့ ပန်းလေးနှစ်ပွင့်ကို ဖန်ခွက်နဲ့ ထည့်ပြီး ဘုရားကျောင်းဆောင်မှာ လှူဒါန်းပူဇော်ထားလိုက်ပါ။

**ထီကံစမ်းရန်။** ။ (၁ ၊ ၄)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

### ➤စနေသားသမီးများ

ဒီလထဲမှာ ယခင်ကထက် ပိုပြီး ကိုယ့်ကိုယ်ကို ယုံကြည်စိတ်မွေးပါ။ မျက်စိအောင့်တတ်တယ်။ ငွေအခက်အခဲ နည်းနည်းကြုံမယ်။ ဒါပေမယ့် မုချ ပြေလည်သွားမယ်။ စိတ်ကို ပေါ့ပေါ့ပါးပါးထားပြီး အစစအရာရာ ယခင်ကထက် စိတ်ရှည် သည်းခံသင့်တဲ့အချိန်။ မိသားစုထဲမှာ ကြည်နူးစရာ သတင်းကောင်းတစ်ခု ကြားရတတ်တယ်။ ဒီလထဲမှာ အကြီးအကဲက ငြိုငြင်တာ၊ ခင်မင်သူတစ်ယောက်နဲ့ အဆင်မပြေတာမျိုးလည်း ဖြစ်တတ်တယ်။ ဒါပေမယ့် အားလုံး ပြန်ပြီးအဆင်ပြေသွားမှာပါ။

**ယတြာ။** ။ ဘုရားမှာ ပန်းအဖြူ (၅)ပွင့်လှူပြီး ပဋ္ဌာန်းအကျဉ်းကို (၁၀)ခေါက် ပူဇော်ပါ။

**ထီကံစမ်းရန်။** ။ (၅ ၊ ၇)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

### ➤ရာဟုသားသမီးများ

ဒီလပိုင်းမှာ ဘာသာရေးကို နည်းနည်းဖိလုပ်ပေး။ ထူးခြားမယ့်အချိန်။ အိပ်မက်ထူးတွေ မက်မယ်။ ငွေအထူးဝင်မယ်။ အိပ်ခန်းကို သန့်ရှင်းနေအောင် ရှင်းထားပေးပါ။ ကိုယ် စိတ်မပါတဲ့ အလုပ်တချို့ကို လက်စသတ်ပစ်လိုက်ပါ။ ပြီးတော့ အရေးမကြီးတဲ့ ကိစ္စလေးတွေနဲ့ စကားများတာ၊ စိတ်ဆိုးဒေါသဖြစ်တာမျိုးတွေ အထူးဆင်ခြင်ပေးပါ။ ကံဇာတာကောင်းနေချိန်ပါ။ အစစ အဆင်ပြေမယ်။ တန်ခိုးကြီး ဘုရားတစ်ဆူကို သွားပြီး ဖူးဖြစ်တတ်ချိန်ပါ။ ကျကျနန ဖူးလိုက်ပါ။ ကံဇာတာ မြင့်မားလာပါလိမ့်မယ်။

**ယတြာ။** ။ ဒီရက်ထဲမှာ ဘုရားဂုဏ်တော်ကိုးပါးကို စိတ်ပါသလောက် ကျကျနန ပုတီးစိပ်ပါ။ ဘုရားမှာ ကွမ်းတော်ညွန့်တွေ ဝေနေအောင် လှူလိုက်ပါ။

**ထီကံစမ်းရန်။** ။ (၂ ၊ ဝ)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

အားလုံးသတ္တဝါ ချမ်းသာပါစေ • • •

သက်နှင်းဆွေ ၊ပုပ္ပါး

(ဖုန်း ၀၉ ၇၃၀ ၂၅၈၇၀ ၊ ၀၉ ၇၉၇၉၃၄၇၈၈ )

❐



www.burmeseclassic.com

www.burmeseclassic.com

# အကြားအမြင်ရစေသော ဂါထာတော်

ဆရာ နေလင်းအောင်(တွံတေး)

စာရေးသူတို့ အညာဒေသဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၊ ငါ့ကြောင့်ကုန်းကျေးရွာသူ/ ကျေးရွာသားတို့သည် အသီးအနှံများ ရိတ်သိမ်းပြီးလို့ တောင်ယာကိစ္စများ ပြီးသည်ဆိုလျှင် အိမ်များ မိုးရန်အတွက် သမန်းပင်တို့ကို ခုတ်၍ သက်ကယ်များ ပြုလုပ်ကြသည်။

တစ်နေ့သောအခါတွင် စာရေးသူတို့ သားအဖ သုံးယောက် ကန်နစ်ကြီး ခွေးဟောင်ဘက်သို့ သွားရောက်ပြီး အိမ်မိုးရန်အတွက် သမန်းများ ခုတ်ပြီးအပြန်တွင် အိမ်ရောက်သည်နှင့် တစ်ပြိုင်တည်း ဖခင်ဖြစ်သူနှင့် အစ်ကို ခင်မောင်လှတို့ သားအဖနှစ်ယောက်သည် တညည်းညည်း တညူညူနှင့် တုံးလုံးလဲနေကြတော့သည်။

ဤသို့ဖြင့် စာရေးသူသည် တောထဲက ပြန်လာမှ အခုလို ဖြစ်ရသည်မှာ သိပ်တော့ ရိုးမည်မထင်ဟု တွေးကာ ရွာ၏ မြောက်ပိုင်းတွင် ရှိသော ပယောဂကု ဆရာကြီးအား သွားရောက်ပင့်ပါသည်။

ထိုဆရာကြီးက သူ့အိမ်ပေါ်သို့ တက်သည်နှင့် တစ်ပြိုင်တည်း မင်းရဲ့ အဖေနဲ့ အစ်ကိုဟာ တောထဲမှာ သမန်းတင်လာတဲ့ လှည်းကို ရပ်ပြီးနားတဲ့ နေရာမှာ အပေါ့သွားလာခဲ့ကြတယ်။ အဲဒါ မကျေနပ်လို့ လုပ်လွှတ်လိုက်တာ" ဟု ပြောပါသည်။

စာရေးသူက "အဲဒါ ဘာလုပ်ပေးရမလဲ ဆရာ"လို့ မေးတော့ ဆရာကြီးက "လွယ်ပါတယ်ကွာ"ဟု ပြောပြီး ဘုရားစင်ပေါ်က ရေမန်းလေးကို ယူပေးပါသည်။ "အဲဒီရေမန်းလေးကို တိုက်လိုက်။ ပျောက်သွားပါလိမ့်"ဟုလည်း ပြောပါသည်။

ဒီလိုနဲ့ စာရေးသူလည်း အိမ်ရောက်တော့ အဖေနဲ့ အစ်ကိုကို ရေမန်းတိုက်လိုက်သည်နှင့် တစ်ပြိုင်နက် ခံစားနေရသော ရောဂါတို့သည် ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့ ချက်ချင်းလက်ငင်း ပျောက်ကင်းသွားတော့သည်။

ကောင်းသွားတော့ အဖေနဲ့ အစ်ကိုတို့ကို မေးကြည့်လိုက်သည်။

"ဟုတ်တယ် ငါ့သားရေ။ အဖေက သစ်ပင်အောက်မှာ အပေါ့သွားတယ်။ မင်းအစ်ကိုက ဘေးနားမှာ အပေါ့သွားတယ်။ ဆရာက ဘာပြောလိုက်လို့လဲ"

"ဆရာကြီးက အခုလို အပေါ့သွားလို့ ဖြစ်တာတဲ့ အဖေရေ။ တော်သေးတယ်။ ပယောဂ ဆရာကြီးရှိနေလို့။



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးက မှာလိုက်သေးတယ်။ ဘယ်နေရာမှာမဆို နေရာတိုင်းမှာ အပေါ့အလေးစွန့်ရင် သတိထားပြီး သွားရတယ်လို့ ပြောလိုက်သေးတယ်”

◈◈◈

ဒီလိုနှင့် စာရေးသူလည်း သုံးလေးနှစ်လောက်ရှိတော့ ဆရာကြီးထံ သွားရောက်ပြီး ဂမ္ဘီရအကြောင်းလေးတွေကို မေးရင်းနှင့် အဖေနဲ့ အစ်ကိုကြီးတို့ သားအဖအကြောင်းကို ပြောပြပြီး···

“အဲဒီလိုဖြစ်တာ ဘယ်လိုလုပ်သိတာလဲ”

ဟု မေးလိုက်ပါသည်။ ဆရာကြီးက···

“မင်းသိချင်ရင် ပြောရမှာပေါ့ကွာ။ ငါ့ရဲ့ ဆရာက ပုပ္ပါးကကွ။ တစ်နေ့မှာ ငါက ပုပ္ပားကို သွားရင်း လမ်းဘေးက တဲကလေးနားကို ရောက်တော့ နားဖို့ လှမ်းကြည့်နေတုန်း တဲကလေးထဲက အသက်ကြီး အဘိုးကြီးတစ်ဦးက လှမ်းခေါ်တယ်။ တဲကလေးထဲလည်းရောက်ရော မင်းကို ငါစောင့်နေတာ ကြာပြီ။ အကြားအမြင်ပညာလေး သင်ပေးစရာရှိလို့ ငါ့မှာ အချိန်မရဘူး။ ရော့··· ဒီဂါထာလေးကို ရအောင်ကျက်ပြီးရင် အဓိဋ္ဌာန်နဲ့ တစ်သောင်းပြည့်အောင်ရွတ်။ ဒီလိုဆိုရင် မင်း အကြားအမြင်ရပြီမှတ်လို့ ပြောပြီး အဲဒီတဲက··· ထဲက ထွက်သွားတယ်။ အဲဒီလိုနဲ့ ငါလည်း အဓိဋ္ဌာန်··· တော့ အကြားအမြင်တွေ ရလာတယ်ဆိုပါတော့ကွာ။ ··· ဂါထာလေးက စိန္တာမဏိဂါထာလို့ ခေါ်တယ်ကွဲ့။ လိုက်··· ထား။

**စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ။**
**ကရံ ကရထိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။**
**စိန္တာမဏိ ရတနာနိ၊ ဓမ္မံ ဓမ္မရတနာနံ။**
**ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။**
**စိန္တာမဏိ ရတနာနိ၊ သဃံ သဃရတနာနံ။**
**ကရံ ကရတိ သရဏံ၊ ခိပ္ပမေဝ သမိဇ္ဈတု။**

ဤဂါထာလေးကို ပေးသူ ငါ့ကြော့ဝံ့ကုန်းရွာမှ ပယော··· ဆရာကြီး ဦးကျော်ခင်အား ဂါရဝပြုလျက်···

❒

“ဘာပဲပြောပြော
အိမ်ထောင်ရေးကံကောင်းဖို့ပဲ လိုပါသည်”
ဆရာ နေလင်းအောင် (တွံတေး)
ကောဇာဂြိုဟ်အစီးအနင်း
အဟောပညာရှင်နှင့် အင်ဂျင်နီယာဆန်းပညာဖြင့်
ဟောသည်။
ကွမ်းခြံအရှေ့ ညောင်ပိုင်း၊ ဗိုလ်ချုပ်လမ်းမကြီး၊ ကန်သာယာလမ်းထိပ်၊ တွံတေးမြို့။ ဖုန်း-၀၉ ၂၅၄၂၆၇၀၃၆၊ ၀၉ ၇၉၈၅၇၁၁၉၈



www.burmeseclassic.com

www.burmeseclassic.com

# ဥသျှောင်မှူး (ရှိုင်လင်)

# အမေ့အတွက် ကောင်းမှုနှင့် တောင်းဆု



www.burmeseclassic.com

www.burmeseclassic.com

• အယူလွယ်ပြီး အဆပ်ခက်တာ ငွေကြေးမဟုတ်
...ဘူးတရား။

ဆေတာန့် ဒက္ခိဏာ ဒဿ၊
...ဖွေကာတ မနုဿရဲ။
...ဖွေကာတံ - ရှေးက ပြုဖူး မြတ်ကျေးဇူးကို၊
အနုဿရံ - မတွေကြတော့ပေမယ့် အောက်မေ့
... သတိရသည် ရှိသော်၊
ဆေတာန့် - ဘဝနိဂုံး ချုပ်ပျောက်ဆုံးသွားသောသူအား
... ကျေးဇူးရှင်တို့အား၊
ဥဒ္ဒိဿ - ရည်မှန်း၍၊
ဒက္ခိဏံ - အလှူခေါ်ကြ မြတ်ဒါနကို၊
ဒဇ္ဇာ - အရေးတယူ အလေးမူကာ ပေးလှူရာ၏။

## အမေ့အတွက် ကောင်းမှု

အမေ...

...နှိုင်းမဲ့တဲ့ အမေ့ရဲ့ ကျေးဇူးတရားတွေကို သား
... အရွယ်ကတည်းက ဆပ်ဖူးချင်နေမိတယ်။ ဒီ
...ကြောင်းတွေကို အဖေတို့၊ ဦးလေးတို့နဲ့ နီးစပ်ရာ ဆရာ
... လူကြီးသူမများကို အကျိုးအကြောင်းပြောပြ တော့
... ပြောတယ်။

"သာသနာ့ဘောင်မှာ သင်္ကန်းဝတ်နဲ့နေလို့ ပရိယတ်၊
...လုပ်ငန်းတွေလုပ်ပြီး သာသနာပြုနေတာဟာလည်း
...ဇူးဆပ်နေတာပါပဲ" တဲ့။

ဒီလိုဆိုရင်တော့ သား ဆပ်ဖူးချင်နေတဲ့ အမေ့ကျေးဇူး
...သားအရွယ်လောက်ကတည်းက သား ဆပ်ဖူးခွင့်
...ပါတယ်။ ဒါပေမယ့် ဘယ်ကျေသေးဦးမလဲနော်။ ဒီ
... ဆပ်ခွင့်ရရုံနဲ့တော့ သား မတင်းတိမ်နိုင်သေးဘူးလေ။
... ဘုရားဟောတဲ့ တရားမွေတွေ နာ၊ တရားစာအုပ်တွေ
... ဘာသာရေး စာပေတွေ လေ့လာရင်း အထက်ပါ
...တစ်ပုဒ်ကို တွေ့လိုက်ရတယ် အမေ။

အဲဒီအချိန်ကတည်းက စပြီး အမေ့အတွက် ရည်စူး
... သား တတ်နိုင်သမျှ ကောင်းမှုကုသိုလ်တွေ ပြုပေးခဲ့တယ်
... သား ဘာကောင်းမှုကုသိုလ်မျိုးကိုပဲ လုပ်,လုပ်ပါ
...ရယ်၊ နောက်ဆုံး သားလုပ်နေတဲ့ ပရဟိတလုပ်ငန်း။
...သော၊ စာသင်သားတွေကို စာဝါပို့ချ၊ ဘုရားဝတ်တက်၊
...ရွတ်၊ ပုတီးစိပ်၊ တရားထိုင်၊ မေတ္တာပို့ စသည်တို့နဲ့
...သန့်ရှင်းရေးလုပ်တာကအစ ရသမျှသော ကောင်းမှု
ကုသိုလ်ရဲ့ အဖို့ဘာဂကို အမေ့အတွက် အမြဲတမ်း အမျှပေး
ဝေမြဲပါ အမေ။

အမေ မကျွတ်မလွတ်ဖြစ်မှာကို အရမ်းစိုးရိမ်လားဆို
ရင် စိုးရိမ်တာပေါ့ အမေရယ်။ အမေဆုံးတာ နှစ် နှစ်ဆယ်
ကျော်ပြီဆိုပေမယ့် အမေ မကျွတ်မလွတ်ဖြစ်မှာကိုတော့
စိုးရိမ်နေတုန်းပဲ အမေ။ ဒါ အမှန်တရားကို ဝန်ခံတာပါ။
ဘုရားဟောတဲ့ တရားသဘောအရ လူတစ်ယောက်ရဲ့ ဘဝ
မှာ အရေးအကြီးဆုံးသောအချိန်က သူ့ရဲ့ ဘဝကူးမယ့်အချိန်
ပဲတဲ့ အမေ။ အဲဒီ ဘဝကူးခါနီးလေးမှာ ကိုယ့်ရဲ့ နှလုံးသွင်း
က "ယောနိသော မနသိကာရ" လို့ ဆိုတဲ့ မသင့်မတင့်တဲ့
နှလုံးသွင်းမှုမျိုးများ နှလုံးသွင်းမိရင် အပါယ်နိမိတ်တွေထင်ပြီး
အပါယ်ဘုံကို ရောက်သွားစေနိုင်တယ်တဲ့ အမေ။ အမေ
ဆိုရင် သားသမီးက များလွန်းတဲ့အပြင် သံယောဇဉ်ကလည်း
ကြီးတတ်လွန်းတာ လွန်ရောမဟုတ်လား။ ပြီးတော့ အမေ
ဆုံးတော့လည်း အဖတ်မတင်၊ အသက်မရှင်လိုက်တဲ့ အမေ
နဲ့ သုံးရက်ခြားလောက်မှာပဲ အမေ့နောက်ကို လိုက်ပါ
ဆုံးပါးသွားတဲ့ အမေ့သမီး အထွေးဆုံးလေးကို မီးဖွားခါစ
မီးနေသည်ဘဝနဲ့ မီးတွင်းထဲမှာ ဆုံးတာမဟုတ်လား။ အဲဒါ
လောက်ဆို အမေ့ရဲ့ အမေ့ရဲ့ စိတ်အစဉ်ခံစားမှုနဲ့ နှလုံးသွင်း
မှုကို ခန့်မှန်းမှုကို ခန့်မှန်းလို့ ရတယ်လေ အမေ။

ဘုရားဟောတဲ့ တရားသဘောကို ကြိုတင် နှလုံးသွင်း
ထားရအောင်ဆိုတော့လည်း ဘုရားဟောတဲ့ တရားသဘော
ကို အမေ နားလည်ထားတာ ရှိမှ မရှိတာလေ။ အမေ့မှာ
စာလည်း မတတ်၊ ဘုရား တရားဆိုရင်လည်း မိရိုးဖလာ
ဗုဒ္ဓဘာသာအဆင့်ပဲ ရှိတာလေ။ ဒါတွေဟာ အမေ့အပြစ်
မဟုတ်ပါဘူး။ အမေ့ဘဝအကျိုးပေးနဲ့ ပတ်ဝန်းကျင်ရဲ့ စရိုက်
အနေအထား ဘဝပေးအခြေအနေအရ ဖြစ်ရတာလေ။ ဒါ
ကြောင့် အမေ့ဘဝကူးခါနီးတုန်းက အမေ့နှလုံးသွင်း မသင့်
မှာကို သား အရမ်းစိုးရိမ်မိတယ် အမေ။

မြတ်စွာဘုရားက ဟောထားတယ် အမေ။ ဘဝတစ်ပါး
ကူးပြောင်းသွားပြီဖြစ်တဲ့ ကိုယ့်ကျေးဇူးရှင်ရဲ့ ကျေးဇူးတရား
တွေကို ဆပ်ချင်တယ်ဆိုရင် ကိုယ့်ကျေးဇူးရှင်ကို ရည်စူး
ရည်မှန်း အလှူအတန်း ကောင်းမှုကုသိုလ်ပြုပြီး အမျှအတန်း
ပေးဝေရမယ်တဲ့။ မိဘတွေတိုင်းဟာ သူတို့ သားသမီးတွေ
အပေါ်မှာ မျှော်လင့်ချက် ငါးချက်ထားကြတယ်တဲ့ အမေ။
အဲဒီ ငါးချက်ထဲမှ နောက်ဆုံးတစ်ချက်က "ပေတာနံ
ကာလင်္ကတာနံ - ဘဝကူးသန်း၊ တို့ကို မှန်း၍ အမျှအတန်း
ပေးဝေစေလိမ့်မယ်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

အမေလည်း သားတို့အပေါ်မှာ မျှော်လင့်ချက်တွေ ထားခဲ့မှာပဲလေ။ ဒါကြောင့် အမေ့ရဲ့ ကျေးဇူးကို ဆပ်၊ အမေ့ မျှော်လင့်ချက်ကို ဖြည့်ဆည်းရင်း ကောင်းမှုကုသိုလ်တွေ ပြုလုပ်ဖြစ်ခဲ့တယ်လေ အမေ။

အခု သားရဲ့ လာဘ်လာဘတွေ၊ စာရေးလို့ ရတဲ့ စာမူခတွေ၊ ဓမ္မပူဇာတွေထဲကနေ တမလွန်ရောက်နေတဲ့ အမေ့ကျေးဇူးကို ဆပ်တဲ့အနေနဲ့ အမေ့အတွက် ရည်စူးပြီး ဘုရားထီးတော်တွေ၊ ဘုန်းကြီးကျောင်းအဆောက်အအုံတွေ၊ ဘုန်းကြီးကျောင်း အုတ်တံတိုင်းတွေ၊ ဘုန်းကြီးကျောင်းကို သွားတဲ့ လမ်းတွေ၊ အုတ်ကန်တွေ၊ ဝါဆိုသင်္ကန်း၊ ဝါဆိုဆွမ်းတွေ၊ ကထိန်သင်္ကန်း၊ ကထိန်ဆွမ်းတွေကို အမြဲတမ်း လှူဒါန်းနေပါတယ် အမေ။

အမေ ရောက်ရာလေရာ ဘုံဘဝ၊ တည်လေရာရာ ဘုံဌာနတွေမှာ အမေ စားသောက်လို့သော ခဲဖွယ်ဘောဇဉ်တွေ၊ ဝတ်ဆင်လိုတဲ့ အဝတ်တန်ဆာတွေ၊ နေထိုင်လိုတဲ့ ဘုံဆောင်နန်း ပြာသာဒ်တွေနဲ့ ပြည့်စုံအောင်ရယ်၊ သား အတွက်လည်း အမေ့ကျေးဇူးဆပ်ရာရောက်အောင်ရယ်လေ အမေ။ တကယ်လို့ အမေက နဂိုကတည်းက ကောင်းရာ မွန်ရာ လူ့ပြည်နတ်ရွာကို ရောက်နေရင်ပဲဖြစ်ဖြစ် (သို့မဟုတ်) သားပြုပြုသမျှ ကောင်းမှုကုသိုလ်တစ်ခုခုကြောင့် အမေ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပြီး ကျွတ်တမ်းဝင်နေခဲ့ရင်ပဲ ဖြစ်ဖြစ်၊ သား ပြုဆဲ ပြုလတ္တံ့သော ကောင်းမှုကုသိုလ်ရဲ့ ကောင်းကျိုးအဖို့ဘာဂကို သား ပြန်ရတာပေါ့ အမေရယ်။ အမေ သာဓုခေါ်ဆိုဖို့ လိုအပ်နေတဲ့ ဘုံဘဝရောက်ရင်လည်း အမေ သာဓုခေါ်နိုင်ပါစေနော် အမေ။

ကုသိုလ်အမျှ･･･အမျှ･･･အမျှပါ အမေ။

### ဒုလ္လဘ တရားငါးမျိုး

* ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော-ဘုရားပွင့်တော်မူတဲ့ အခွင့်အခါကောင်းကို ရခဲခြင်း။
* မနုဿတ္တဘာဝေါ ဒုလ္လဘော-လူ့ဘဝကို ရခဲခြင်း။
* ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော-ရဟန်းအဖြစ်ကို ရခဲခြင်း။
* ဒုလ္လဘာသဒ္ဓါ သမ္ပတ္တိ-သဒ္ဓါတရားရှိဖို့ ခက်ခဲခြင်း။
* သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ-သူတော်ကောင်းတရား နာကြားနိုင်ဖို့ ခက်ခဲခြင်း။

### အမေ့အတွက် တောင်းဆု

အမေ･･･

လောကကြီးထဲမှာ အင်မတန်မှ ရခဲတဲ့ အရာငါးခုရှိတယ်။ အဲဒါကို ဒုလ္လဘတရားငါးပါးလို့ ခေါ်တယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောထားတော်မူခဲ့တာလေ အမေရဲ့။

အဲဒီ ရခဲခြင်းငါးပါးထဲမှာ သားတို့သားအမိတစ်တွေ အကုန်ရနေတယ်လို့ ပြောရမယ် အမေ။ ဘာဖြစ်လို့လဲဆိုတော့ သားတို့တစ်တွေဟာ ကြုံနိုင်ခဲတဲ့ ဘုရားသာသနာ ထွန်းကားနေတဲ့ ခေတ်ကာလမှာ ရခဲတဲ့ လူ့ဘဝကို ရခဲ့ကြတယ်။ ရခဲတဲ့ ရှင်ရဟန်းဘဝကိုလည်း အမေ့ရဲ့ သားတွေ ရခဲ့ကြတယ်။ ရနေကြတယ်။ သူတော်ကောင်းတရားတွေကိုလည်း နာကြားခွင့်ရခဲ့ကြတယ်။ အင်း･･･ဒီအချက်ကတော့ အမေ့အတွက် အားနည်းတယ်နော်။ မရှိသလောက်ပဲ ပြောပါတော့ အမေရာ။

အမေ･･･အခုနောက်ပိုင်း သားသိလာတာ တစ်ခုက က သားတို့ ကျေးလက်တောရွာက ရွာသူရွာသားတွေ ဘိုးတွေ ဘွားတွေ တော်တော်များကလေ၊ ဘာသာရေးနဲ့ ပတ်သက်လာရင် ဗုဒ္ဓဘာသာဝင်ဆိုပေမယ့် တကယ့်ကို မိရိုးဖလာ ဗုဒ္ဓဘာသာတွေအဖြစ်နဲ့ပဲ ဘဝတစ်ခုကို အဆုံးသတ်သွားကြတာ များတယ်နော် အမေ။ အမေအပါအဝင်ပဲ ဆိုပါတော့ဗျာ။

ဘာဖြစ်လို့ သားက အဲဒီလိုပြောရတာလဲဆိုတော့ ကိုယ့်တာသာကိုယ် သာသနာအကြောင်းနဲ့ ပတ်သက်လာရင် ဘာမှ မသိ၊ ဘာမှ နားမလည်ကြလို့ပဲ အမေ။ မသိဘူးဆိုတာလည်း စာမသင်ခဲ့ကြရဘူးလေ အမေ။ စာမသင်ရတော့ စာမတတ်။ စာမတတ်တော့ ဘယ်လိုသိ၊ ဘယ်လို နားလည်မလဲနော်။ စာမသင်ရဘူး၊ စာမတတ်ဘူးဆိုတာကလည်း စာသင်ဖို့ အခွင့်အရေးကမှ မရှိတာလေ။ တောရွာရဲ့ ဓလေ့ ထုံးစံသဘာဝအရ မနက်လင်းတာနဲ့ ချက်ပြုတ်စားသောက်ပြီး လယ်ထဲ၊ ခြံထဲသွား အလုပ်လုပ်၊ ညနေ မိုးချုပ်မှ ပြန်ရောက် အိမ်ပြန်ရောက်တော့လည်း တစ်ခါ ချက်ပြုတ်စားသောက်ပြီး မောမောပန်းပန်းနဲ့ အိပ်ရာဝင်ကြ။ ဒါနဲ့ပဲ သံသရာလည်နေကြ တာ တောရွာရဲ့ သဘာဝမဟုတ်လား။ အရင်တုန်းက တောရွာ နေ လူတန်းစားများအတွက် တီဗွီဆိုတာ ဘာမှန်းမသိ။ ဗွီဒီယို ဆိုတာ မမြင်ဘူး။ ဖုန်းဆိုတာ နားမလည်။ အင်တာနက် ဆိုတာ ဝေလာဝေးမဟုတ်လား အမေ။ အရင်တုန်းက အမေ တို့ ခေတ်တုန်းက ပြောတာပါ။ အခုတော့ တိုးတက်လို့ များ။ ခေတ်မီလိုက်ပုံများ အမေ့ကို မြင်စေချင်လိုက်တာ အမေရယ်။



www.burmeseclassic.com

www.burmeseclassic.com

အမေတို့ ခေတ်တုန်းကဆိုရင် ဘုရားသွား၊ ကျောင်းတက်ဆိုပြန်တော့လည်း ဝါတွင်းကာလ လပြည့်၊ လကွယ် အခါကြီး ရက်ကြီးတွေလောက်ပဲ သာရေး နာရေးရှိမှ သွားဖြစ်ကြတာလေနော် အမေ။ ဘုန်းကြီးကျောင်းသွားတက်တော့လည်း ဘုန်းကြီးပောတဲ့ တရားဟာ အိမ်ရောက်တော့ အပူအပင်တွေကြား ပြန်မေ့သွားတော့တာပဲ မဟုတ်လား။ ကောင်းမှုကုသိုလ်နဲ့ ပတ်သက်လာရင် ဒါန၊ သီလ၊ သမထလောက်ပဲ ရှိကြတာ။ ဒါတောင် တချို့များအတွက် အကျိုးတရားကို နားမလည်တော့ အကြောင်းတရားကို လုပ်ဖြစ်တာလေ။ ကောင်းမှုကုသိုလ်နဲ့ ပတ်သက်ပြီး ပြောရင်။ မကောင်းတာများဆိုရင်တော့ အကျိုးတရားကို သိသိ, သိသိ အကြောင်းတရားကတော့ ပြုနေကြတာပဲလေ။ ဝိပဿနာတရားဆိုတာတော့ ကြားတောင် မကြားဘူးကြတာ များတာ ခပ်များများလေ။ အားထုတ်ဖို့ဆိုတာတောင် အိပ်မက်ထဲတောင် ရောက်ဖူးကြရဲ့လား မသိဘူးနော် အမေ။

ဆိုတော့ အမေ့အတွက်က ဘုရားသာသနာနဲ့ ကြုံကျိုး မနပ်လိုက်ဘူးလို့ သားတော့ မြင်တယ် အမေ။ ကံကောင်းစရာကောင်းတဲ့ နောက်တစ်ခုက အခုဆိုရင် အမေ့သားကိုယ်တိုင်က တရားဟော ဓမ္မကထိကတစ်ပါးဖြစ်လို့ တကာလှည့်ပြီး လူတကာကို ဒါနသီလ သမထ ဝိပဿနာ တရားတွေ လှိုင်နေအောင် ဟောပြနေတဲ့အချိန် အမေ နာကြားခွင့်မရှိတာပါပဲ အမေ။ ဒါဟာ အမေ့ရဲ့ ကံကြောင့်ပေါ့နော်။ အမေရယ် • • •ဖြစ်လေရာ ဘဝတိုင်းမှာ ဒီအဖြစ်မျိုး အမေ ထပ်ပြီး မကြုံရပါစေနဲ့လို့ အမေ့အတွက် သား တောင်းဆုပြုပါတယ် အမေ။

အမေတစ်ယောက် သံသရာခရီးတစ်လျှောက်မှာ သာသနာတော် ထွန်းကားတဲ့ အရပ်ဒေသမှာ၊ ဗုဒ္ဓဘာသာ ကောင်းဖခင်ရဲ့ သားသမီးဖြစ်ခွင့်ရလို့ ရတနာမြတ်သုံးပါးကို ကြည်ညိုဆည်းကပ်တတ်ပြီး ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မှန်း၊ ဖြစ်ပျက်ဆုံးအောင် ကျင့်ကြံ ကြိုးစားတတ် အားထုတ်နိုင်ကာ၊ နိဗ္ဗာန်လမ်းလျှောက်လှမ်းနိုင် ပါစေနော် အမေ။

အမေကိုယ်တိုင် စာပေနဲ့ ပတ်သက်ပြီး အမေ့သား သမီးတွေကို စာတတ်ပေတတ်ကြီးတွေဖြစ်အောင် မွေးထုတ်ပေးနိုင်ခဲ့ပေမယ့် အမေကိုယ်တိုင်ကျတော့ ကကြီး ကခွေးကိုတောင် ဘယ်လိုရေးရမှန်း မသိခဲ့ဘူးနော်။ အမေရယ်• • • သံသရာတစ်လျှောက်မှာ ဒီလိုအဖြစ်ဆိုးမျိုးလည်း အမေ ထပ်မကြုံပါရစေနဲ့လို့ သား တောင်းဆုပြုပါတယ် အမေ။

စာမတတ်ရင် အကန်းတဲ့ အမေ။ အမေလည်း ကန်းခဲ့တာပဲ လေ-နော်။ စာမတတ်တဲ့အတွက် အမေ့မှာ အနည်းဆုံး ဓမ္မအသိ၊ ဓမ္မအမြင်တော့ ကန်းခဲ့တာပဲလေ။ အဲဒါ အထိနာဆုံးသော နာခြင်းပဲပေါ့ အမေရာ။

အမေ• • •သားသိသလောက်၊ သား မှတ်မိသလောက် ပြောရရင် အမေ့ဘဝက အရမ်းသနားဖို့ ကောင်းခဲ့တယ်နော်။ အမေ့ဘဝက အရွယ်ရောက်စကတည်းက စလို့ မိဘတွေနဲ့ လယ်ထဲ၊ ခြံထဲဆင်းပြီး အိမ်မှုကိစ္စတွေနဲ့ပဲ အချိန်ကုန်ခဲ့ရတယ်။ ဒီလိုနဲ့ အိမ်ထောင်ရက်သားကျ၊ သားသမီးတွေ ထွန်းကား၊ ခေတ်ဆိုး ခေတ်ပျက်ကြီးထဲမှာ လင်အပူ၊ သားသမီးအပူတွေနဲ့ လောကဓံကို ကြံ့ကြံ့ခိုင်ခိုင်အောင် အားတင်းရပ်တည်လို့ မျက်ရည်ပင်လယ်ဝေရင်းနဲ့ပဲ ဘဝတစ်ခုကို အဆုံးသတ်လိုက်ရတာနော်။ အမေရယ်• • •ရခဲ့တဲ့ လူ့ဘဝမှာ အမေ့အတွက် အဓိပ္ပာယ်မရှိသလောက်ပဲနော်။ အမေ ၄၅နှစ်ဆိုတဲ့ ကာလတိုလေးမှာ အမေ့အတွက် ပျော်စရာဆိုတာရော ရှိခဲ့ဖူးရဲ့လား အမေရယ်။

အမေ• • • ဘဝဆက်တိုင်း လူ့ဘဝရဲ့ အနှစ်သာရကို သိရှိပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝကို တည်ဆောက်နိုင်ပါစေနော်။ အမေ့မှာ ရှိသမျှ ဝဋ်ကြွေးတွေလည်း ဒီဘဝ ဒီမျှနဲ့ပဲ ကျေပါစေတော့လို့ အမေ့အတွက် ကောင်းမှုပြုရင်း တောင်းဆုခြွေလျက်ပါ အမေ။

□




www.burmeseclassic.com

www.burmeseclassic.com

# ရွှေဂူနီ ဗုဒ္ဓကိုယ်ဆားတော်လှူဒါန်းပွဲ

**ဣစ္ဆာသယမဟိန္ဒိစေ**

**ဗေဒသုတေသီဆရာမျိုး**



**ဘုရားပွဲတော်ဖြစ်ပေါ်ပုံနှင့် ဒုတိယအကြိမ်မွမ်းမံမှု**

သက္ကရာဇ် (၁၀၀၀)ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၅ရက်နေ့တွင် ထီးတော်တင်သည်။ ၁၀၀၁ ခုနှစ်က စ၍ ကဆုန်လပြည့်ကျော် ၅ရက်နေ့တိုင်း ဘုရားပွဲကျင်းပသည်။ အမရပူရခေတ်၊ ကောဇာသက္ကရာဇ် ၁၁၈၉ခု၊ အင်းဝ ဘကြီးတော်မင်းလက်ထက်တွင် တော်သလင်းလပြည့်ကျော် ၈ရက်၊ စနေနေ့၌ ကျောက်ကာကုန်းကျောင်းဆရာတော် အရှင်နန္ဒမာလာ အမှူးပြုသော ဆရာတော်များနှင့် ကျောက်ကာသူကြီး ဦးနေမျိုး၊ နယ်အဝှမ်းရှိ ဥပသကာများ စုရုံး၍ အတ်ဖို (၃၀)ကျော်ဖြင့် ရွှေဂူနီစေတီတော်ကို ဉာဏ်တော်ဆင့်ပွားမွမ်းမံကြသည်။

ဘကြီးတော်မင်းလက်ထက်၌ ကဆုန်လပြည့်ကျော် ၁ရက်နေ့မှ ငါးရက်ဈေးပွဲတော်ကျင်းပခဲ့ပါသည်။ ထို့နောက် ဘုရားဖူးပရိသတ် များပြားလာသည်ဖြစ်၍ ဘုရားပွဲတော် သုံးရက်တိုး၍ ယနေ့ခေတ်တွင် ကဆုန်လပြည့်ကျော် ၈ရက် နေ့အထိ ကျောက်ကာ ရွှေဂူနီဘုရားပွဲတော်အဖြစ် နိုင်ငံတော်မှ သတ်မှတ်ပေးပါသည်။ ထိုအချိန်မှစ၍ "သိကြားညွှန် အာသောကစေတီ ဌာပနာငုံ ရွှေဂူနီစေတီတော်"ဟူ၍ လည်းကောင်း၊ "ကျောက်ကာ လှည်းခရီးစခန်း ဆုတောင်းပြည့် တန်ခိုးကြီး ရွှေဂူနီစေတီတော်"ဟူ၍ လည်းကောင်း တိုင်းသိ ပြည်သိ ထင်ရှားတော်မူခဲ့ပါသည်။


**အံ့ဖွယ်တော်(၁၀)ပါး**

ကျောက်ကာ ရွှေဂူနီစေတီတော်မြတ်ကြီး၌ အံ့ဖွယ်တော်(၁၀)ပါးဟူ၍ အောက်ပါအတိုင်း အထင်အရှားရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com









၁။ သိကြားမင်း ညွှန်ပြအပ်သော အသောကစေတီကို အခြေတည်၍ ရွှေဂူနီစေတီ ဖြစ်ပေါ်လာရခြင်း အံ့ဖွယ်တစ်ပါး။

၂။ များစွာသော စေတီတို့နှင့်မတူ၊ တမူ ထူးခြားလျက် မြောက်သို့ တူရူ မျက်နှာမူသော ရွှေဂူနစ်ဆင်ဖြင့် တင့်တယ် ထူးခြားခြင်း အံ့ဖွယ်တစ်ပါး။

၃။ သာလွန်မင်းတရား မှူးမတ်များတို့ ဘုရားဖူးမြော် ပူဇော်ရန် ရောက်ရှိလာကြသောအခါ ရတနာပြောင်မွန် ဆင်တော်အလိုအလျောက်တုပ်ပ ပူဇော်ခြင်း အံ့ဖွယ်တစ်ပါး။

၄။ လိုဏ်ဂူတော်အတွင်း၌ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ ဂါထာ၊ မန္တရားများကို သိဒ္ဓိတင်၍ လည်းကောင်း၊ အဓိဋ္ဌာန်ပုတီးစိပ်၍ လည်းကောင်း၊ တန်ခိုးဣဒ္ဓိ သိဒ္ဓိပေါက်အောင် မြင်ခြင်း အံ့ဖွယ်တစ်ပါး။

၅။ ဘုရားဖူးသူ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ သစ်သီး အဖျော်နံ့သာအမွှေးအထုံ ပူဇော်လှူဒါန်းသူတို့ နေ့စဉ်မစဲ အမြဲ နိဗဒ္ဓဝတ်ရှိခြင်း အံ့ဖွယ်တစ်ပါး။

၆။ ရာထူးဌာနန္တရ စည်းစိမ်ဥစ္စာရတနာပဟူသော အကြောင်းကြောင့် လည်းကောင်း၊ မင်းပြစ်မင်းဒဏ် ဘေးအန္တရာယ် အသွယ်သွယ်ပဟူသော အကြောင်းကြောင့် လည်းကောင်း၊ စေတီတော်ထံမှောက် လာရောက်ဖူးမြော်၍ ဆုတောင်းပတ္ထနာပြုပါက လိုအပ်သောဆု ပြည့်ဝစေနိုင်ခြင်း အံ့ဖွယ်တစ်ပါး။

၇။ ဓာတ်တော် မွေတော် ကိန်းဝပ် စံပျော်သဖြင့် ပူဇော်ရခြင်း အံ့ဖွယ်တစ်ပါး။

၈။ ရွှေဂူနီ ရုပ်ပွားတော်မြတ်သည် ရွှေသင်္ကန်းကပ်လှူကြသူများ၏ သဒ္ဓါစွမ်းအားကြောင့် ရွှေဝှုံးရွှေခဲကြီးဖြစ်ခြင်း အံ့ဖွယ်တစ်ပါး။

၉။ စေတီတော်ရှေ့ အဓိဋ္ဌာန် ကျောက်တုံးကို ချီမ၍ သစ္စာပြုသော် စေတီတော်တန်ခိုးကြောင့် အကျိုးအကြောင်း ကောင်းဆိုးကိစ္စအဝဝကို တိကျစွာ သိရှိခြင်း အံ့ဖွယ်တစ်ပါး။

၁၀။ ရွှေဂူနီစေတီတော်နှင့် ရွှေဂူနီရုပ်ပွားတော်မြတ်မှ ရောင်ခြည်တော်လွှတ်ခြင်း အံ့ဖွယ်တစ်ပါး။

(၁-၆-၂၀၁၃)ခု၊ ကဆုန်လပြည့်ကျော် ၈ရက်နေ့တွင် စေတီတော်၊ ထီးတော်ပါ်သို့ ၃၇မိနစ်ကြာ ရောင်ခြည်တော် ကွန့်မြူးခြင်းနှင့် (၃၁-၅-၂၀၁၃)ခု၊ ကဆုန်လပြည့်ကျော် ၇ရက်နေ့က ရုပ်ပွားတော် ဦးခေါင်းမျက်နှာစာရှေ့တစ်ဝိုက်တွင် အဖြူရောင် ဆင်စွယ်သဏ္ဍာန် ရောင်ခြည်တော် အလင်းတန်း ကွန့်မြူးခြင်း။)



www.burmeseclassic.com

## မုံရွာမြို့၏ ပတ္တာန်းဆက် တောင်ကြီးမြို့


၁၉၉၀ခုနှစ်က တောင်ကြီးမြို့သို့ ကိုညီညီ ရောက်ခါစတွင် စားဝတ်နေရေးအခက်အခဲဖြင့် ရုန်းကန်လှုပ်ရှားခဲ့ရပါသည်။ ထိုစဉ်က နေအိမ်တွင် ဆင်းတုတော်သေးသေးလေးတစ်ဆူသာ ပူဇော်နိုင်ခဲ့ပါသည်။ ထိုအချိန်တွင် အင်းလေးဒေသရှိ သာလေးတောင်ကျောင်းဆရာတော်သည် ကိုညီညီ၏ အိမ်သို့ ကြွရောက်လာခဲ့ပါသည်။ ဆရာတော်သည် ကိုညီညီ၏ အိမ်မှ ဘုရားစင်ကို ကြည့်၍ စိတ်မကောင်းဖြစ်သွားခဲ့ပါသည်။ ကျောင်းတော်သို့ ပြန်၍ ဆင်းတုတော်ကြီးတစ်ဆူကို ပင့်ဆောင်လာပြီးလျှင် အိမ်တွင် ပူဇော်ခွင့်ပြုခဲ့ပါသည်။ ကိုညီညီသည် ဝမ်းသာလွန်းအားကြီး၍ ဆရာတော်ကြီးအား မည်သို့ ပြန်လျှောက်ရမှန်း မသိအောင် ကျေးဇူးတင်ကာ ပီတိမျက်ရည် စီးဆင်းခဲ့ရပါသည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူတိုင်း ဆရာတော်ကို သတိရပြီး ဆရာတော် ကျန်းမာချမ်းသာစေကြောင်း အခါခါ ဆုတောင်းမေတ္တာပို့သဖြစ်ခဲ့ပါသည်။

ထိုမှ စီးပွားရေး ပြေလည်စ ပြုလာသောအခါ မုံရွာသို့ ပွဲရုံလုပ်ငန်းကိစ္စဖြင့် တစ်လ သုံးခေါက် ရောက်ရှိခဲ့ရပါသည်။ ရောက်ရှိတိုင်းလည်း မုံရွာမြို့မှ (၁၄)မိုင်ဝေးကွာသော ကျောက်ကာရွှေဂူနီဘုရားသို့ နေ့စဉ် သွားရောက်ဖူးမြော်ဆုတောင်း ပူဇော်၍ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းဖြစ်ခဲ့ပါသည်။ ဤသို့ဖြင့် ကိုညီညီ၏ စီးပွားရေးလုပ်ငန်းမှာ တဖြည်းဖြည်း တိုးတက် အောင်မြင်လာခဲ့ပါသည်။ ဤသို့ ရွှေဂူနီဘုရားကို ကြည်ညိုပူဇော်ရင်းနှင့် ကိုညီညီ၏ စိတ်ထဲတွင် သဒ္ဓါတရားတစ်ခုဖြစ်ပေါ်လာခဲ့ပါသည်။ သူသည် ဤဘုရားကို ပူဇော်ရင်း ဆုတောင်းပြည့်ဝကာ၊ အဖက်ဖက်မှ တိုးတက် အောင်မြင်ခဲ့ရပါသည်။ ယခင်က သူ၏ အိမ်သို့ သာလေးတောင်ဆရာတော်ကြီး ဘုရားလှူဒါန်းစဉ်က ခံစားခဲ့ရပေသော ဝမ်းသာပီတိမျိုးကို အနယ်နယ်အရပ်ရပ်က ဘုရားရုပ်ပွားဆင်းတုတော် မရှိသေးသောသူများကို မျှဝေခံစားစေလိုသော စိတ်ရင်းစေတနာ ဆန္ဒတစ်ရပ် ရင်တွင်းမှာ ပေါက်ဖွားလာခဲ့ရပါသည်။ ဤသို့ဖြင့် ၁၉၉၉ ခုနှစ်မှ စတင်၍ တစ်နှစ်လျှင် ရွှေဂူနီကိုယ်စားတော်(၁၅)ဆူမှ အဆူ(၃၀) အထိ မုံရွာမြို့မှ ပင့်ဆောင်၍ တောင်ကြီးမြို့တွင် ပြန်လည်လှူဒါန်းဖြစ်ခဲ့ပါသည်။









## မေတ္တာရှိရာ မေတ္တာလာ

ကိုညီညီသည် ဘုရားဆင်းတုတော် မရှိသော ခနစ်ရက်သားသမီးများအပေါ်၌ မေတ္တာ စေတနာထားရှိ[illegible] မည်သည့်အကျိုးအမြတ်ကိုမျှ မမျှော်ကိုးဘဲ ရွှေ[illegible] ကိုယ်စားတော်များကို လှူဒါန်းခဲ့ပေရာ ကိုညီညီအတွက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်ပြန်များကို ပြန်လည်ခံစားခဲ့ရပါလေတော့သည်။ ဦးဆုံး မေတ္တာရောင်ပြန်အဖြစ် မအေးအေးနွဲ့ ဟူသော ဇနီးလုကလေး၏ မေတ္တာကို ပိုင်ဆိုင် ရရှိခဲ့ပြီးလျှင် ကြီးမြို့ ကန်ရှေ့ရပ်၊ သံလွင်လမ်းတွင် ရှမ်းတံခွန် ဟိုတယ်၊ အဝေးပြေးယာဉ်များကို ပိုင်ဆိုင် ပေသော ရေးလုပ်ငန်းရှင်ကြီးတစ်ဦးအဖြစ်သို့ ရောက်ရှိ ပေသည်။

ဒုတိယ မေတ္တာရောင်ပြန်အဖြစ် တောင်ကြီးမြို့ ချမ်းမြ သည်ရပ်၊ နဂါးပွက်ကျောင်းဆရာတော် ဦးတေဇဝန္တ ဗျာရှင် အခမဲ့ နာမှုကူညီရေးနှင့် အခမဲ့ ကုသိုလ်ဖြစ် နှံတည်ထောင်သူ၊ အင်းသားလူမှုရေးအသင်း၏ ဦးစီး နာယက ဆရာတော်) အား ဆည်းကပ်ကိုးကွယ်ခွင့် ခြင်းပင် ဖြစ်လေသည်။ သက္ကရာဇ် ၂၀၁၁ ခုနှစ်မှ ၍ နဂါးပွက်ကျောင်းဆရာတော်ကြီး ဦးတေဇဝန္တမှ ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမ သာမက၊ လူမျိုးမရွေး ဘာသာမရွေး ရွှေဂူနီဘုရားအပေါ် ည်ညိုဆည်းကပ် ကိုးကွယ်လိုသူတို့အတွက် ကြီးမား မဟာကရုဏာမေတ္တာတော်ကို အရင်းခံလျက် နှစ်စဉ် ရွှေဂူနီ ဗုဒ္ဓကိုယ်စားတော်အဆူ(၁၀၀)စီကို မ,တည်လှူဒါန်း ပါဝင်ခဲ့ပေရာ၊ ဘုရားလှူဒါန်းပွဲကို ထိုအချိန်မှစ၍ နဂါးပွက် ပရိယတ္တိစာသင်တိုက်ကျောင်းဝိုင်းအတွင်း၌ နှစ်စဉ် မေလ ဖြစ်သော ကဆုန်လပြည့်(ဗုဒ္ဓနေ့)ရောက်ရှိတိုင်း ကြီးကျယ် သော အခမ်းအနားကြီးဖြင့် ကြွရောက်လာသော ဧည့်ပရိ သတ်အပေါင်းကို အကျွေးအမွေးဖြင့် ဧည့်ခံကာ ဗုဒ္ဓရုပ်ပွား တော်များကို အနေကဇာတင်၍ လှူဒါန်းခဲ့ပါသည်။

ထိုမှ စတင်၍ ၂၀၁၁ခုနှစ်၊ ပထမအကြိမ်တွင် အဆူ (၁၅၀)၊ ၂၀၁၂ ခုနှစ်၊ ဒုတိယအကြိမ်တွင် အဆူ(၂၅၀)၊ ၂၀၁၃ ခုနှစ်၊ တတိယအကြိမ်တွင် (၆၆၈)ဆူဖြစ်ပြီးလျှင် ၂၀၁၄ခုနှစ်၊ စတုတ္ထအကြိမ်မြောက်နှင့် ၂၀၁၅ခုနှစ်၊ ပဉ္စမ အကြိမ်မြောက်တို့တွင် နဂါးပွက်ကျောင်းဆရာတော်နှင့် ကိုညီညီတို့ ဦးဆောင်၍ ခုနစ်ရက်သားသမီးများ လှူဒါန်းခဲ့ သောကြောင့် အဆူ(၉၁၀)စီကို လှူဒါန်းနိုင်ခဲ့ပါသည်။

## ဖိတ်စာကလေးတစ်စောင်

စာရေးသူသည် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် စပ်လျဉ်း သော ဘာသာရေးဆောင်းပါးများကို မဂ္ဂဇင်း၊ ဂျာနယ်အသီး



www.burmeseclassic.com

www.burmeseclassic.com

သီဟုဠ်နေ၍ အထက်ပိုင်းသက်ထံသို့ ဆွေးဆက်မပြတ် ဖော်ပြ တင်ဆက်ပေးလျှက်ရှိပေရာ တောင်ကြီးမြို့သို့ ရောက်ရှိ ချိန်တွင် နဂါးပွက်ကျောင်းဆရာတော်ကြီးမှ ဆင္ဍမအကြိမ် မြောက် မုံရွာမြို့ ကျောက်ကာ ရွှေဂူနီ ဆုတောင်းပြည့် ကိုယ်စားတော် ရုပ်ပွားဆင်းတုတော်အဆူ(၁၆၀၀)အား လှူဒါန်းပူဇော်ပွဲသို့ တက်ရောက် သတင်းရယူပါရန် ဖိတ်စာ တစ်စောင်ပေးအပ်၍ မိန့်ကြားလာခဲ့ပါသည်။ ဖိတ်စာပါ အကြောင်းအရာတွင် -

"အနန္တော အနန္တငါးပါး ဦးထိပ်ထားလျက် တောင်ကြီး မြို့ ချမ်းမြသာစည်ရပ်၊ နဂါးပွက် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဦးတေဇဝန္တ၏ ဩဝါဒကို ခံယူ၍ အင်းသားလူမျိုးများ ဦးစီးကျင်းပသော ဆရာတော် ဦးတေဇဝန္တ ဦးညီညီ+ဒေါ်အေးအေးနွဲ့ (ရှမ်းတံခွန်ဂိတ်) မိသားစုနှင့် ခုနစ်ရက်သားသမီးအလှူရှင်များမှ စုပေါင်း လှူဒါန်းသော ကျောက်ကာ ရွှေဂူနီ ဆုတောင်းပြည့်ဘုရား ဆင်းတုတော်အဆူ (၁၆၀၀)အား စတုတ္ထအကြိမ်မြောက် အနေကာဇာတင် အခမ်းအနားပူဇော်ခြင်း။ ဆင်းတုတော်အဆူ (၂၀၀)အား မဲဖောက်လှူဒါန်းခြင်းနှင့် ကျေးလက်ဒေသများ အား ဆင်းတုတော်အဆူ(၁၄၀၀)အား ပို့ဆောင်လှူဒါန်းမည် ဖြစ်ပါသည်"ဟူ၍ ရှိပါသည်။

### (၁၇-၅-၂၀၁၆) နဂါးပွက်ကျောင်းမှ မြို့လယ် ဓမ္မာရုံသို့ ပင့်ဆောင်ခြင်း

ကျောင်းဝင်းခန်းမ အလယ်ဘုရားခန်းတွင် သီတင်းသုံး စံပယ်တော်မူသော မဟာမြတ်မုနိကြေးဆင်းတုတော်ကြီးမှာ ရွှေသင်္ကန်းတော်များဖြင့် လက်ရာမြောက်လှစွာသော နောက်ခံ ရွှေပလ္လင်တော်ပေါ်တွင် တင့်တယ်သော ဣန္ဒြေကို ဆောင် တော်မူပါသည်။ မဟာမြတ်မုနိရုပ်ပွားတော်ကြီး၏ ခြေရင်း ဝယ် ရွှေဂူနီကိုယ်စားတော် ရုပ်ပွားတော်ကလေးများ သီတင်း သုံးလျက် ရှိပေသည်။ ပလ္လင်တော်၏ ရှေ့နှင့် လက်ဝဲ လက်ယာဘက်ရှိ သံယာစင်ပေါ်ဝယ် လှူဒါန်းအပူဇော်ခံမည့် ရွှေဂူနီကိုယ်စားတော်များကို ညီညီညာညာ စီရီလျက် ခေတ္တ အပူဇော်ခံ သီတင်းသုံးတော်မူစေပါသည်။ ဗုဒ္ဓကိုယ်စားတော် များ၏ နောက်တွင် ရှင်သီဝလိနှင့် ရှင်သာနု ရဟန္တာမထေရ် မြတ်နှစ်ပါး ခြံရံစောင့်ရှောက်လျက် ရှိပါသည်။

နေ့လယ်ပိုင်းကတည်းက ဗုဒ္ဓကိုယ်စားတော်များကို ပင့်ဆောင်မည့် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ခြင်း။ ယာဉ်များ၏ အမိုးထက်တွင် ရာဇမတ်ကွက်များ ကာရံ၍








ဗုဒ္ဓကိုယ်စားတော်များ စံမြန်းရန် ယာယီ ဂန္ဓကုဋီဆောင်များ တပ်ဆင်ခြင်း၊ ဗုဒ္ဓကိုယ်စားတော်များကို သယ်ဆောင်မည့် ဝေါယာဉ်တော်များကို ပြင်ဆင်ခြင်း၊ မြို့လယ် ဓမ္မာရုံသို့ ကြွချီမည့် လမ်းကြောင်းများကို ရွေးချယ်ခြင်း အစရှိသည် တို့ကို အင်းတိုင်းရင်းသားများ ညီညာ တက်ကြွစွာဖြင့် တစ်တပ်တစ်အား စုပေါင်းဆောင်ရွက်လျက်ရှိကြပါသည်။

ညနေ ၄နာရီ ၁၀မိနစ်အချိန်တွင် နဂါးပွက်ကျောင်း တောင်ဘက် မုခ်ဦးပေါက်မှ ဘုရားကားများ စတင်ထွက်ခွာ ကြပါသည်။ ပထမအုပ်စုတွင် ရှေ့ပြေး အလံကိုင်အဖွဲ့နှင့် ရုပ်ပွားတော် ငါးဆူ စတင်ကြွချီတော်မူကြပါသည်။ ဒုတိယ အုပ်စုတွင် ဝတ်အဖွဲ့မှ ကားငါးစီးဖြင့် ရွှတ်ဖတ် သရဇ္ဈာယ်၍



www.burmeseclassic.com

www.burmeseclassic.com





ပါလာကြပါသည်။ တတိယတွင် အလှူရှင်ကားများ ပါသည်။ စတုတ္ထအုပ်စုတွင် ရပ်ကွက် (၅)ရပ်ကွက်မှ များ ပင့်ဆောင်လာကြပါသည်။ ပဉ္စမအုပ်စုမှ ရိုးရာ ညီဝိုင်းဖြစ်ပါသည်။ တီးမှုတ် ကခုန်လျက် ပျော်ရွှင်စွာ ပါလာကြပါသည်။ ဆဋ္ဌမအုပ်စုတွင် ရပ်ကွက်(၃) ကွက်မှ လူငယ်များ ပင့်ဆောင်လာကြပါသည်။ သတ္တမ မှ အိုးစည်အဖွဲ့ ဖြစ်ပါသည်။ အဋ္ဌမအုပ်စုတွင် ရပ်ကွက် ရှစ်ရပ်ကွက်မှ လူငယ်များ ဗုဒ္ဓကိုယ်စားတော်များကို ဆောင်လာကြပါသည်။ နဝမအုပ်စုမှာ အိုးစည်အဖွဲ့ဖြစ် သည်။ ဒသမအုပ်စုတွင် ဗုဒ္ဓကိုယ်စားတော်များကို တော်ယာဉ် ကိုးစီးဖြင့် ပင့်ဆောင်လာကြပါသည်။ ဧက သမအုပ်စုမှာ အရန်ကား (၆)စီးဖြစ်ပါသည်။ နောက်ဆုံး ဒသမအုပ်စု စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဖြစ်ပါသည်။ ာင်ကြီးအနောက် မြို့ပတ်လမ်းတစ်လျှောက်တွင် ဘုရား ဆောင်သောအုပ်စု (၁၂)စုဖြင့် တစ်စည်တစ်တန်းကြီး ၍ မဆုံးနိုင်သောက်အောင် စည်းကားသိုက်မြိုက်လျက် သည်။ လမ်းဘေး ဝဲယာတစ်ဖက်တစ်ချက်နှင့် လူနေ များအတွင်းမှလည်း ဗုဒ္ဓကိုယ်စားတော်များကို ဖူးမြော် ကြည်ညိုသူများဖြင့် စည်ကားသိုက်မြိုက်လျက် ရှိပါ သည်။ ကြက်ခြေနီအဖွဲ့၊ မီးသတ်အဖွဲ့၊ ယာဉ်ထိန်းအဖွဲ့တို့မှလည်း မော်တော်ယာဉ်လမ်းကြောင်းပိတ်ဆို့မှု မရှိစေရန် လမ်းတစ်ဖက်ခြမ်းကို တာဝန်ယူ ရှင်းလင်းလျက် ရှိကြပါ သည်။ သို့သော် မော်တော်ယာဉ်တန်းများက ရပ်တန့်၍ ဗုဒ္ဓ ကိုယ်စားတော်များကို ဦးတိုက်ပူဇော်ကြပါသည်။

ထိုမှအထက် ဗိုလ်ချုပ်လမ်းသို့ ပတ်တက်ရာ တံတား ထိပ်သို့အရောက်တွင် ရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် ဈေးသူဈေးသားများ ပူးပေါင်း၍ စတုဒီသာ အအေးဒါနဖြင့် ကြိုဆို ညှော်ဝတ်ပြုကြပါသည်။ ဤသို့ဖြင့် မြို့လယ် သာသနာ့ ဗိမ္မာန်သို့ ညနေ ၅နာရီ ၃၅မိနစ်တွင် ရောက်ရှိကြပါသည်။ မော်တော်ယာဉ်နှင့် ဝေါယာဉ်များပေါ်မှ ဗုဒ္ဓကိုယ်စားတော် များကို မြို့လယ် သာသနာ့ဗိမ္မာန် ဓမ္မာရုံဘုရားခန်းသို့ လက် ဆင့်ကမ်း ပင့်ဆောင် ပူဇော်ကြပါသည်။ ဤအခမ်းအနား သည် ညနေ(၆း၃၀)နာရီတွင် ပြီးဆုံးပါသည်။

### (၁၈-၅-၂၀၁၆) မှ (၂၁-၅-၂၀၁၆)ထိ

နေ့စဉ် နံနက် ၇နာရီနှင့် ညနေ ၇နာရီတို့တွင် မြို့လယ် ဓမ္မာရုံ၌ ရွှေဂူနီ ဗုဒ္ဓကိုယ်စားတော်များကို သံဃာ တော် အရှင်သူမြတ်တို့မှ အနေကဇာတင်လှူ ပူဇော်တော် မူကြပါသည်။ ထို့နောက် အတုလမာရဇိန် ရုပ်ပွားတော်ကြီး နှင့် ရွှေဂူနီရုပ်ပွားတော်များကို အမွှေးနံ့သာရည်များ ဖျန်းပက် ပူဇော်ခြင်း၊ ငါးပါးသီလနှင့် မေတ္တာသုတ် ချီးမြှင့်ခြင်းများကို ဆောင်ရွက်တော်မူကြပါသည်။ ကျန်အချိန်များတွင် အလှည့် ကျ ဝတ်အသင်းများမှ ဓမ္မစကြာရွတ်ဖတ်ပူဇော်ကြပါသည်။ မြို့လယ် ဓမ္မာရုံဘုရားခန်းအတွင်းရှိသော အတုလ မာရဇိန် ဆုတောင်းပြည့် မြတ်စွာဘုရားရုပ်ပွားတော်ကြီးထံတော်တွင် ရွှေဂူနီကိုယ်စားတော်များကို ငါးရက်တိုင်တိုင် ရင်ငွေ့တော် ခိုလှုံစေခဲ့ပါသည်။ ဤရက်ပိုင်းအတွင်း နဂါးပွက်ကျောင်း အတွင်း၌လည်း ဝတ်အဖွဲ့အသီးသီးမှ အသံမစဲ ပဋ္ဌာန်းပူဇော် ပွဲနှင့် ဓမ္မစကြာပူဇော်ပွဲတို့ကို ငါးရက်တိုင်တိုင် ကျင်းပပြုလုပ် ပါသည်။

### (၂၂-၅-၂၀၁၆) မြို့လယ် ဓမ္မာရုံမှ နဂါးပွက်ကျောင်းသို့ ပြန်လည်ပင့်ဆောင်ခြင်း

နေ့လယ် ၃နာရီ ၃၀မိနစ်တွင် နဂါးပွက်ကျောင်းမှာ ဘုရားပင့်ရန် ထွက်ခွာလာကြပါသည်။ ၄နာရီ ၁၀မိနစ်တွင် မြို့လယ် ဓမ္မာရုံသို့ ရောက်ရှိကြပါသည်။ ဗုဒ္ဓကိုယ်စားတော် များကို ပြန်လည်ပင့်ဆောင်၍ နဂါးပွက်ကျောင်းသို့ ၆နာရီ တွင် ပြန်လည်ရောက်ရှိလေသောအခါ အတီးအမှုတ် အ

www.burmeseclassic.com

အခုန်များ၊ ရိုးရာ ဓားသိုင်းအကာ၊ ခြင်းအလှခတ်ခြင်း၊ ကိန္နရီ ကိန္နရာအကများ အစရှိသဖြင့် စည်စည်ကားကား မြိုင်မြိုင် ဆိုင်ဆိုင် ကြိုဆိုကြပါသည်။ ည ၇နာရီအချိန်တွင် နဂါးပွက် ကျောင်းတော် ဘုရားခန်းသို့ ရုပ်ပွားတော်များ ပြန်လည် ပင့်ဆောင်ပြီးစီးပါသည်။ ကြွရောက်လာသော ဧည့်ပရိသတ် အပေါင်းကို ညစာဖြင့် ဧည့်ခံပါသည်။

## (၂၃-၅-၂၀၁၆) ရွှေဂူနီဘုရားများ မဲဖောက်လှူဒါန်းခြင်း

နံနက် ၇နာရီ ၃၀မိနစ်တွင် နောက်ဆုံးအကြိမ် ထပ်မံ၍ အနေကဇာ တင်လှူပူဇော်ပြီးလျှင် ဘုရားလှူဒါန်းပွဲအခမ်း အနားကို အစီအစဉ် (၆)ရပ်ဖြင့် ကျင်းပပြုလုပ်ပါသည်။ ရေစက်ချ တရားဟောကြားရာတွင် နဂါးပွက်ကျောင်းဆရာ တော်ကြီးမှ ရွှေဂူနီ ဗုဒ္ဓကိုယ်စားတော်များ၏ ဂုဏ်ပုဒ်ကို ထုတ်ဖော်မိန့်ကြားရာတွင် "ပုဂံက ဘုရားမဲပေါက်တဲ့ ဒကာ ဟာ ဟိုပြန်ရောက်တော့ ပုဂံမှာ မိုးခေါင် ရေရှားရာကနေ ဘုရားပင့်တဲ့ ညမှာပဲ မိုးလေဝသ မှန်ကန်ပြီး ကောက်ပဲ သီးနှံဖြစ်ထွန်းလာခဲ့ပါတယ်"ဟူ၍ ပါရှိပါသည်။

ရပ်ဝေး ရွာများမှ ဘုရားများကို မော်တော်ယာဉ်များဖြင့် စီတန်းလှည့်လည်၍ အတီးအမှုတ် အကအခုန်တို့ဖြင့် ပင့်ဆောင် ပူဇော်ကြပါသည်။ ဘုရားမဲပေါက်သော အမေ ကြီးများမှာလည်း ရိုးရာအိုးစည်ဗိုင်းရှေ့တွင် ပျော်ရွှင်ဝမ်း မြောက်စွာ ကခုန်ကြပါသည်။ မဲမပေါက်သူများကလည်း ပူညံ့ပူညံ့။ ဘုရားမဲနှိုက်ပြီးနောက် နဂါးပွက်ကျောင်းဆရာ တော်ကြီးထံ ဝင်ရောက် ဖူးမြော်၍ "တပည့်တော် မဲပေါက် ပါတယ် ဘုရား"၊ "တပည့်တော်ကျတော့ မဲမပေါက်ပါဘူး ဘုရား" အစရှိသဖြင့် အဆက်မပြတ် ဝင်ရောက်လျှောက် ထားကြလေရာ မဲပေါက်သူများတွင်လည်း ဝမ်းမြောက် ဝမ်းသာစွာဖြင့် စီးပွားဥစ္စာတိုးတက်ပါစေကြောင်း ဆုပေး၍ မဲမပေါက်သူများအတွက်လည်း နောက်နှစ်တွင် ဘုရားပူဇော် ခွင့်ရရှိပါစေကြောင်းဖြင့် ဆုတောင်းမေတ္တာပို့သပေးတော်မူ ပါသည်။ ဤသို့အားဖြင့် တစ်နှစ်တာ အချိန်ကုန်ဆုံးခဲ့ရပါ သည်။

## ရွှေဂူနီ ဗုဒ္ဓကိုယ်စားတော်များ၏ အံ့ဖွယ်ရှစ်ပါး

၁။ ရွှေဂူနီဗုဒ္ဓရုပ်ပွားတော်၏ မူရင်း တန်ခိုးတော်ဖြစ်သော အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ ဂါထာ၊ မန္တရားများ ကို သိဒ္ဓိတင်၍ လည်းကောင်း၊ အဓိဋ္ဌာန်ပုတီးစိပ်၍ လည်းကောင်း၊ တန်ခိုးကျော်ဇောပေါက် အောင်မြင်ခြင်း အံ့ဖွယ် တစ်ပါး။

၂။ မူရင်း တန်ခိုးတော်ဖြစ်သော ရာထူးဌာန စည်းစိမ်ဥစ္စာ ရတနာဟူသော အကြောင်းကြောင့် လည်းကောင်း၊ မင်းပြစ်မင်းဒဏ် ဘေးအန္တရာယ်အသွယ်သွယ်ဟူသော အကြောင်းကြောင့် လည်းကောင်း၊ ရုပ်ပွားတော်ထံ မှောက်၌ ဆုတောင်းပတ္ထနာပြုပါက လိုအပ်သော ဆု ပြည့်ဝစေနိုင်ခြင်း အံ့ဖွယ်တစ်ပါး။

၃။ ဗုဒ္ဓကိုယ်စားတော်များ ကြွချီရာ လမ်းတစ်လျှောက်တွင် အစဉ်အမြဲ ရာသီဥတုသာယာ၍ မိုးလေ ကင်းလွတ်ခြင်း အံ့ဖွယ်တစ်ပါး။

၄။ မိုးခေါင် ရေရှားအရပ်ဒေသများမှ ပင့်ဆောင် ကိုးကွယ်ပါ က ရုပ်ပွားတော်အမိုးအကာအောက်ရောက်ပြီး တစ်ပြိုင် နက် မိုးရွာသွန်း၍ ဆန်ရေစပါး ကောက်ပဲသီးနှံဖြစ်ထွန်း ခြင်း အံ့ဖွယ်တစ်ပါး။

၅။ ကွဲကွာနေသော အိမ်ထောင်ဘက်များ ဖော်မစုံသော တစ်ကိုယ်တည်းများ ဖူးမြော် ဆုတောင်းပါက ဖူးစာဖက် နှင့် အမြန်ဆုံး ဆုံစည်းခြင်း အံ့ဖွယ်တစ်ပါး။

၆။ ဆရာဝန် လက်လျှော့ထားရသော ရောဂါဝေဒနာရှင် များသည် ရွှေဂူနီရုပ်ပွားတော်ကို ကိုးကွယ်ဆည်းကပ်ခြင်း ဖြင့် ရောဂါဝေဒနာများ သက်သာပျောက်ကင်းခြင်း အံ့ဖွယ်တစ်ပါး။

၇။ ဘာသာခြားများ ဘုရားမဲပေါက်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်း ရောက်ရှိလာခြင်း အံ့ဖွယ်တစ်ပါး။

၈။ ကြက်သတ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ အဓိဋ္ဌာန်ပြုရာတွင် အဓိဋ္ဌာန်အောင်မြင်ပြီး ဘုရားမဲပေါက် သဖြင့် ပါဏာတိပါတလုပ်ငန်းကို ဘုရားရှေ့တွင် သစ္စာ ဆို၍ ရာသက်ပန် စွန့်လွှတ်ခြင်း အံ့ဖွယ်တစ်ပါး။

## ရောဂါဝေဒနာ ပျောက်ကင်းခြင်း အံ့ဖွယ်များ

၁။ ပင်းတယမှ လူတစ်ဦးသည် ကျောက်ကပ်ရောဂါပျောက် ကင်း၍ အရက်ပြတ်သွားပါသည်။

၂။ တောင်ကြီးမြို့မှ ဦးမောင်မောင်+ဒေါ်နန်းစိုးမြတ်တို့၏ သား အသက် ရှစ်လအရွယ် ကလေးငယ်မှာ အကြော တက်ရောဂါရှိနေခဲ့ရာ၊ ဘုရားမဲပေါက်ပြီး အိမ်ကို ဘုရား ကြွ၍ ကန်တော့ပြီးချိန်မှစ၍ အတက်ရောဂါ အံ့ဖွယ် ပျောက်ကင်းသွားခဲ့ပါသည်။

အထက်ပါ အံ့ဖွယ်ရှစ်ပါးနှင့် ပတ်သက်၍ အတိအကျ



www.burmeseclassic.com

မြန်းစုံစမ်းလိုသောသူများသည် ဘုရားဒကာ ကိုညီညီ
ဆက်သွယ်နိုင်ကြပါသည်။

## အကြံပြုချက်

၁။ မှုရင်းမုံရွာမြို့ရှိ ကျောက်ကာ ရွှေဂူနီစေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်တို့သည် မြောက်အရပ်သို့ မျက်နှာပြု ထားကြသည်ဖြစ်ပေရာ၊ မိမိတို့ ကိုးကွယ် ပူဇော်ရန် ဆောင်ထားသော ရွှေဂူနီ ဗုဒ္ဓကိုယ်စားတော်ကိုလည်း မြောက်အရပ်သို့ မျက်နှာမူ၍ သီတင်းသုံး စံပယ်တော် မူစေပါက ပိုမို၍ အကျိုးကျေးဇူးများပြားပေလိမ့်မည် ဟု ထင်မြင် ယူဆပါသည်။

၂။ ဥသည်နေ့နှင့် စနေနေ့ တိုက်ဆိုင်ချိန်တွင် လက်တော် ကို ရွေးချယ်ပြီး အဓိဋ္ဌာန်ဝင်ပါက ဆုတောင်းပြည့်ပါသည်။

၃။ ရွှေဂူနီ ဗုဒ္ဓကိုယ်စားတော်ရှေ့၌ အဓိဋ္ဌာန်ဝင်ရာတွင် အောက်ပါ ရွှေဂူနီဘုရားရှိခိုး(ဣန္ဒဝဇီရာ ဂါထာ)ဖြင့် ပူဇော်ပါက တန်ခိုးအာနိသင် ထက်မြက်မည်ဟူ၍ ထင်မြင်ယူဆမိပါသည်။

**ရွှေဂူနီဘုရားရှိခိုး ဣန္ဒဝဇီရာ ဂါထာ**

သမ္ဗုဒ္ဓ ဓာတူန နိဓာနဘူတံ
ထူပင်္ဂသောဘဂ္ဂ သိရီဝတာရံ
ရာဇမိရာဇဂ္ဂ သုပုဇနိယံ
ဝန္ဒာမိ ဂူနီတိ သုဝဏ္ဏထူပံ။

အနက်

သမ္ဗုဒ္ဓ ဓာတူန - ရှင်တော် ဗုဒ္ဓဂေါတမဟု လောက သား မြတ်ဘုရား၏ သုံးပါးထင်ပေါ် သရီရဓာတ်တော် နိဓာနဘူတံ - ကိန်းဝပ်စံပယ် တင့်တယ်စေကာ၊ ရာ ဖြစ်တော်မူပေထသော၊ ထူပင်္ဂသောဘဂ္ဂ သိရီ ပန်းတင်စုံတစ်ပြာ ပစ္စယာလေးဆင့် ရစ်ထောင့်မြှင့် ဖွင့်ဖွင့်ဖုံ့ဖုံ့ ကြေးပိုင်းတား၍ တင့်ကြွားလုံးလျောင်း ကောင်းမှု ခေါင်းလောင်းတော်ကြီး ရင်ဖွဲ့စည်းနှင့်၊ အပြီး မြောက် သပိတ်မှောက်က၊ ဖောင်းရစ်အသစ်သစ်လျှင် ဆစ်ဖန် ကြာမှောက်ခံ၍၊ ကြာလှန်မားမား ရွှဲဖြင့် ခြား ငှက်ပျောသီးတွင် ထီးတော်တင်လျက် သံလွင်ဟည်း၊ ငွေဆည်းလည်းနှင့် ရွှေထီးထက်ဆင့် လက်ပန်ပွင့်ဖြင့်၊ ကြွားကြွား ငှက်မြတ်နားလျှင် ပတ္တမြားစိန်ဖူး ထိန်ထိန် ထူးမြတ်လှစွာသော စေတီအင်္ဂါ ဝိသိဋ္ဌလက္ခဏာ တို့ဖြင့် မင်္ဂလာလက်ဝေ ကျက်သရေအထု တင့်တယ်ခြင်း အစု တည်ရာလည်း ဖြစ်ပေထသော။

ရာဇမိရာဇဂ္ဂ သုပုဇနိယံ - မင်းဒကာတို့ထက် မင်းမြတ် ဖြစ်သော ကေရာဇ်ထင်ရှား အသောကမင်းတရားသည် ဦးဖျားမခွ၊ ပထမတည်တော်မူ၍ ပူဇော်အပ်တော်မူထသော (ဝါ) နောင်တော် မင်းမြတ်ထက် လွန်သောကြောင့် လည်း ကောင်း၊ မြို့ပြပြည်ရွာ သာယာ လွန်မြတ်သောကြောင့် လည်းကောင်း၊ သာလွန်မင်းတရားဟု ထင်ရှားကျော်ကြားသော မင်းမြတ်သည် နောက်ထပ်တစ်ဖန် မွမ်းမံတော်မူ၍ ပူဇော် အပ်တော်မူထသော (ဝါ) လူမင်းဒကာတို့ အရှင်နတ်မင်း ဒကာတို့၏သခင်၊ ဖြဟ္မာမင်းဒကာတို့၏ ဘုရင်ဖြစ်တော်မူ သော မြတ်စွာဘုရားသည်သာလျှင် ကင်းကွာဖက်နွှန်း အမြတ်ဆုံး နှလုံးသွင်းရှိကြကုန်သော ဗုဒ္ဓဘာသာ မြန်မာ တိုင်းဖွား သူတော်ကောင်းအများတို့သည်၊ ဆင့်ပွား ထပ် လောင်း ကုသိုလ်ပေါင်း၍ ကောင်းစွာ ပူဇော်အပ်တော်မူထ သော။

ဂူနီတိ ဂူနီမာမံ - မြန်မာကျက်သရေ ကျောက်ကာ မြေဝယ် ရွှေတောင်မြင့်မောက် စွင့်စွင့်ဖောက်သို့ အံ့လောက် ဖွယ်ရာ ပေါ်ထွန်းလာ၍၊ မျက်နှာမြောက်ဆည် မုခ်ဦးလည် ၍ သင်္ဂီပတ္တမြား စီခြယ်ထားသို့ တင့်ကြွားပေသည်၊ လိုဏ် မုခ်တည်သဖြင့် ရွှေဂူနီဟု ဘွဲ့မည်ကျော်ကြား ထင်ရှားတော် မူပေထသော။

သုဝဏ္ဏထူပံ - သင်္ဂီရွှေနှစ် ဇမ္ဗူရာဇ်သို့ ထွန်းသစ် ရောင်ညီး၊ စေတီတော်မြတ်ကြီးကို (ဝါ) ဖူးမြော်သူပေါင်း ပန်ဆုညောင်းသော် တောင်းတိုင်းမရွေ့ ဆုတောင်းပြည့်ဟု ဆိုလေ့ နှစ်ထောင်း၊ မြိမ့်မြိမ့်သောင်းမျှ ကောင်းသော ဂုဏ်ရည် ရှိတော်မူသော ရွှေဂူနီစေတီ ရုပ်ပွားတော်မြတ်ကြီးကို (ဝါ) အင်းအိုင် ခါးလှည့် လက်ဖွဲ့ မန္တန် ဂါထာကို ဥဿုံဟုန်းဟုန်း မန်းမှုတ်ကြဲ၍ ဓာတ်လုံးဓာတ်ပြာ ဆေးများစွာကို မဟာ စေတီ လိုဏ်တွင်းမိ၍ အချိအမ အစပျိုး သိဒ္ဓိတန်ခိုးရှိန်းပြီး ဓာတ်ကိန်းစီး၏။ ပုတီးစိပ်ပြန် အဓိဋ္ဌာန်လည်း၊ သိဒ္ဓိဇေယျ အောင်တေဇနှင့် ပြည့်ဝစေကြောင်း ဆောင်ပေတောင်းဟု ကောင်းသော ဂုဏ်ရည်ရှိတော်မူသော စေတီတော်ရုပ်ပွား တော်မြတ်ကြီးကို၊ အဟံ - အကျွန်ုပ်သည် ဝန္ဒာမိ ရှိသေ မြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

□



www.burmeseclassic.com

www.burmeseclassic.com

# ငွေဝင် လာဘ်ရွှင် အလုပ်အကိုင်အဆင်ပြေစေသည့် ဂါထာ

ရဲလေး(ဟင်္သာတ)

လွန်ခဲ့သော ၅နှစ်ခန့်က ဖြစ်ပါသည်။

ကျွန်တော်၏ ဖခင်ကြီးသည် အလုပ်ကနေ ပြန်ရောက် ရောက်ချင်း သူ၏ အနီးအနားသို့ ကျွန်တော့်ကို ခေါ်လေသည်။ ထို့နောက် ဖခင်ကြီးက ကျွန်တော့်အား ဂါထာတစ်ပုဒ် ရေးထားသည့် စာရွက်တစ်ရွက်ကို ပေးပြီး…

"ငါ့သား…မင်း အရွယ်ရောက်လို့ အလုပ်လုပ်ကိုင်တဲ့အခါ အလုပ်အဆင်မပြေတာတို့၊ ငွေမဝင် လာဘ်မရွှင်တာတို့ ဖြစ်ခဲ့ရင် စိတ်ဓာတ်မကျပါနဲ့။ အိမ်က ဘုရားမှာ ပန်း၊ ဆီမီး၊ ရေချမ်း(၉)ခွက် ကပ်လှူပူဇော်ပြီး အဖေ အခုပေးတဲ့ ဂါထာတော်ကို သက်စေ့ရွတ်ဆို ဆုတောင်းပါ။ သိသိသာသာ အလုပ်အကိုင် အဆင်ပြေပြီး ငွေဝင် လာဘ်ရွှင်လာပါလိမ့်မယ်"ဟု ပြောပါသည်။

ထိုစဉ်အခါက ကျွန်တော်သည် ဖခင်ကြီး ပေးခဲ့တဲ့ ဂါထာစာရွက်ကို ယူထားပြီး မရွတ်ဆိုဖြစ်ခဲ့ပါ။

ကျွန်တော် အရွယ်ရောက်ပြီး အလုပ်လုပ်တဲ့အခါ အလုပ်အကိုင် အဆင်မပြေတာတို့၊ ငွေမဝင် လာဘ်မရွှင်တာတို့ ဖြစ်လာတော့မှ ကျွန်တော်သည် ဖခင်ကြီး ပေးခဲ့တဲ့ ဂါထာတော်ကို သတိရသွားခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော်သည် ဖခင်ကြီးပြောခဲ့သလို အိမ်က ဘုရားတွင် ပန်း၊ ဆီမီး၊ ရေချမ်း ကိုးခွက်တို့ကို ကပ်လှူပူဇော်ပြီး ထိုဂါထာတော်ကို သက်စေ့ ရွတ်ဆို ဆုတောင်းလိုက်ပါသည်။ ညအိပ်ရာဝင်၊ အိပ်ရာထလည်း ပုံမှန် သက်စေ့ရွတ်ဆိုပါသည်။

တစ်ပတ်လောက်ကြာတော့ ငွေဝင် လာဘ်ရွှင်ပြီး အလုပ်အကိုင် အဆင်ပြေလာခဲ့ပါသည်။ ထို့ကြောင့် ခုနစ် ရက်သားသမီးများအတွက်လည်း ငွေဝင် လာဘ်ရွှင်၊ အလုပ် အကိုင်အဆင်ပြေစေဖို့ ဤဂါထာတော်ကို ရေးသားတင်ပြ လိုက်ပါသည်။

**အဂ္ဂေါ ဗုဒ္ဓေါ အဂ္ဂေါ ဓမ္မော**
**အဂ္ဂေါ သံဃော အနုတ္တရော**
**အဂ္ဂေါ ဝိပါကော မေ ဟောတု**
**ယံယံ ဣစ္ဆံ သမိဇ္ဈတု။**

**အနက်။** ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ အနုတ္တရော-အတုမရှိအောင်၊ အဂ္ဂေါ-အမြတ်ဆုံးဖြစ်တော်မူပါပေ၏။ ဓမ္မော-တရားတော်သည်၊ အနုတ္တရော-အတုမရှိအောင်၊ အဂ္ဂေါ-အမြတ်ဆုံးဖြစ်တော်မူပါပေ၏။ သံဃော-သံဃာတော်သည်၊ အနုတ္တရော-အတုမရှိအောင်၊ အဂ္ဂေါ-အမြတ်ဆုံးဖြစ်တော်မူ ပါပေ၏။

မေ-အကျွန်ုပ်အား၊ အဂ္ဂေါ-အမြတ်ဆုံးဖြစ်သော ဝိပါကော-အကျိုးတရားသည်၊ ဟောတု-ဖြစ်ပါစေသတည်း။ ယံယံဣစ္ဆံ- အကြင်ကြင် အလိုဣစ္ဆာဟူသမျှ၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

□



www.burmeseclassic.com

www.burmeseclassic.com


# ဓေတ္တရာ ဆရာကျော်

(အာကာသ နက္ခတ္တဗေဒ ပညာရှင်)

**မယုံကြည်သူများကို ယုံကြည်လာအောင်မလုပ်ပါ**

**ယုံကြည်နေသူများကိုသာ အကျိုးရှိအောင် စွမ်းဆောင်ပါမည်။**

⌘ မှန်ကန်တာတွေ၊ အောင်မြင်တာတွေ
အဆင်ပြေတာတွေရဲ့ ထောက်ခံမှုတွေကိုသာ ဖော်ပြရရင်
ကျမ်းတစ်စောင်စာတစ်ဖွဲ့ ဖြစ်နေပါလိမ့်မယ်
ဒါကြောင့် အပိုမကြော်ငြာလိုတော့ပါ ⌘

လူကြီးမင်းရဲ့ဇာတာကိုစစ်ဆေးဖို့ ကျွန်ုပ်ထံ အရောက်လာခဲ့ပေးပါ။
စီးပွားရေး၊ အလုပ်အကိုင်၊ ငွေကြေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊
ကျန်းမာရေး၊ နိုင်ငံခြားခရီး ရင်းနီးမြှုပ်နှံမှုနှင့် အထွေထွေ၊
ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး၊
မင်္ဂလာရက်ရွေး၊ ခွဲစိတ်ရက်ရွေး စသဖြင့် အကြံပြု
ဆွေးနွေးပေးပါသည်။

အသေးစိတ်ဟောစာတမ်း အိမ်အရောက်ပို့စနစ်ဖြင့် မှာယူနိုင်သည်

အမှတ် ၁၄၃၂၊ ၄၁ ရပ်ကွက်၊ ဂန္ဓမာလမ်း၊ ဒဂုံမြောက်ပိုင်း၊ ၀၉၂၅၀၂၇၃၆၈၇၊ ၀၉၇၇၃၀၈၄၅၅၄


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

င်လမှ အဆက်···

မလှမေ ဘဝဇာတ်ခုံမှ ဖို့,မ သဘာဝ

မလှမေဘဝ ပထမ လောကခံလှိုင်းလုံးကို ခံခဲ့ရာမှ ထဲမှာ အထိုက်အလျောက် တရားကိန်းလာပါသည်။ ဒုက္ခ နှင့် ဒုက္ခမှန်း သိလာပါသည်။ ထိုဒုက္ခသည် သမုဒယ အကြောင်းခံ၍ ဒုက္ခဖြစ်ရသည်ကိုလည်း နားလည်သဘော ပေါက်မိပါသည်။ ထိုသမုဒယကြောင့် ဒုက္ခဖြစ်ရသည်ကို သို့သော်လည်း မဂ်ဉာဏ်ဝင်ရာတွင် ဉာဏ်အနုအရင့်ကွာ သည်။ ဒုက္ခအပျက်ကို မြင်ဖူးသော မဂ်ဉာဏ်သည် ပထမ အဆင့်ဉာဏ်သာဖြစ်သည်။ အထက်ဉာဏ်ကို တက်သော သဿနာဉာဏ်အဆင့်များ ရှိသေးသည်။ အဆင့်မြင့်ဉာဏ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဖြစ်အောင် အကြိမ်ကြိမ်အထပ်ထပ် ကြိုးစားရမည်ကို မလှမေ သိနေပါသည်။

ဆရာတော်ရဲ့ အဆုံးအမကို ကိုဘသာထံမှ ရပြီး တည်းက သတိထား၍ မိမိ ဟဒယကို အမြဲ ဂရုပြုမိပါ သည်။ ရင်ထဲတွင် တစ်စုံတစ်ရာ လှုပ်ခတ်သွားတိုင်း ဟဒယ ရာကို သတိပြုမိနေပါသည်။ မနေ့ညက မိမိအိပ်မက် သည် မိမိရင်ကို တစ်စုံတစ်ရာ လှုပ်ခတ်လိုက်သလိုဖြစ်နေ သည်။ မိမိရဲ့ စိတ်အရင်းခံ သိစိတ်က ကိုသက်ဝင်းကို ဘက်တစ်ဦးအနေဖြင့် အားကိုးခဲ့သည်။ သူ့ထံတွင် လုပ်ငန်းအခွင့်အရေးတွေ အများကြီးရှိသည်။ ထို့ကြောင့် သူလို လူမျိုးနှင့် ပေါင်းလျှင် မိမိအတွက် အကျိုးရှိမည်ကို သိ၍သာ ပေါင်းခြင်းဖြစ်သည်။ မေတ္တာသက်ဝင် ချစ်မေတ္တာ သားဖို့ အဆင့်အထိ မရှိပါ။

သို့သော် မသိစိတ်ကတော့ မလှမေရဲ့ သိစိတ်ကို ကျော်ထွင်းပြီး အိပ်မက်အဖြစ် ဝင်ရောက်လာလေပြီ။ ဤ အချက်သည် မလှမေ ကိုသက်ဝင်းကို ဆက်ဆံရာတွင် သတိထားစရာဖြစ်လာပါတော့သည်။ နဂိုမူလ ရိုးရိုးသားသား သွားလာရသည်ထက်၊ ယခု ၎င်း၏ မသိစိတ်တိုက်တွန်းရာ သို့ လျှောက်လှမ်းရမလိုဖြစ်နေပါသည်။

ကိုသက်ဝင်းဘက်ကလည်း မလှမေနှင့် သွားလာရ သည်ကိုပင် ပျော်မွေ့နေပုံရသည်။ ကိုသက်ဝင်းသည် မိုးကုတ် သူဌေးသားတစ်ဦးဖြစ်သည်။ သူ့အား ဦးလေးဖြစ်သူက ရန်ကုန် တက္ကသိုလ်တွင် အင်္ဂလိပ်ဘာသာပညာသင်ကြားစေပြီး ရှိလာသောအခါ ကြိုက်နှစ်သက်သူနှင့် လက်ထပ်၍ ဘများ လွှဲထားခဲ့သော အမွေများကို ကိုသက်ဝင်းထံ လွှဲ ပေးရန်ဖြစ်သည်။ အိမ်ထောင်မပြုမီစပ်ကြား ဦးလေးကပင် ထိန်းသိမ်းထားသည်။ ကိုသက်ဝင်းအနေဖြင့် ချစ်ဦးသူနှင့် လွဲခဲ့ရ၍ နှလုံးသားတွင် အခြား မိန်းကလေးတစ်ဦးကို အစား ထိုးခွင့်မပေးလိုဘဲ နှလုံးသားတံခါး ပိတ်ထားခဲ့သည်မှာ ကြာ ပြီဖြစ်သည်။

ယခု မလှမေ၏ လုပ်ငန်းလုပ်ကိုင်ပုံ၊ အနေအထိုင်၊ အပြောအဆိုများနှင့် သွားလာလှုပ်ရှားမှုမှအစ သွက်လက် ချက်ချာပြီး လောကီ၊ လောကုတ္တရာ ဗဟုသုတများလည်း ပြည့်စုံသူတစ်ဦးဖြစ်နေ၍ အထူးအလေးထား ဆက်ဆံသည်။ မလှမေကို စိတ်ဝင်စားသည်။ သို့သော် အသက်အရွယ် အားဖြင့် သုံးဆယ်ကျော်၊ လေးဆယ်ကျော်တွေ ဖြစ်နေ၍ လူငယ်တစ်ယောက်လို ချစ်ရေးဆိုရအောင် အခြေအနေမျိုး မဟုတ်ပါ။ အေးအေးဆေးဆေး တိုင်ပင်ညှိနှိုင်းရမည့် အခြေ အနေမျိုးတွင်ရှိ၍ အချိန်ကို စောင့်နေရသည်။

အဘယ်ကြောင့်နည်းဟူမူ မလှမေဘက်တွင် သမီး အပျိုပေါက်နှစ်ဦးကလည်း ရှိသည်။ ယခု ကိုသက်ဝင်းကို မလှမေက လက်ခံသည် ထားဦး၊ သမီးနှစ်ယောက်၏ သဘောထားက ရှိသေးသည်။ ပညာတတ် မိန်းကလေးများ ဖြစ်သော်လည်း မိခင်ကို အလွန်ချစ်ကြသည်။ မိခင်ကလည်း သမီးများကို အရိပ်တကြည့်ကြည့်နှင့်။ သူ့ဘဝတွင် သမီး နှစ်ယောက်မှလွဲ၍ အခြားဘာမှမရှိဟု ထင်ရလောက် အောင် သမီးနှစ်ယောက်အတွက်သာ လုပ်ငန်းထဲတွင် နှစ်၍ ထားသည်။

ယခုလို ကိုသက်ဝင်းကို လိုက်လိုက်လျောလျော ဆက်ဆံနေသည်မှာလည်း သူ့သမီးကြီး မြမြသွင် နိုင်ငံခြား ပညာသင်သွားလျှင် ငွေကြေးအခက်အခဲ မရှိနိုင်အောင် ကြိုးစားသည့်အနေဖြင့် ဆက်ဆံနေခြင်းဖြစ်သည်ဟု ကိုသက်ဝင်း နားလည်သည်။ ထို့ကြောင့် မိမိက ဖွင့်ဟလို သော်လည်း မလှမေဘက်က အခက်အခဲများကိုပါ ထည့် သွင်း စဉ်းစားပေးနေ၍ ကိုသက်ဝင်းရင်ထဲမှာပဲ မျိုသိပ်ထား လိုက်သည်။ သို့သော် မလှမေနှင့် သွားရလာရ စကားပြော ရသည်ကိုတော့ နှစ်သက် လိုလားပါသည်။

ကိုသက်ဝင်းနည်းတူ မလှမေရင်ထဲမှာလည်း ခံစား နေရပါသည်။ ဒုတိယအရွယ်၏ ဝေဒနာပန်းတစ်ပွင့်ဟု ဆိုရ မည်လား။ ကိုယ့်ကိုယ်ကိုပင် မဝေခွဲနိုင်တော့။ ကိုသက်ဝင်း နှင့် တွေ့လျှင် မလှမေစိတ်မှာ သာယာနေတတ်သလို၊ မတွေ့ရတာ ကြာလျှင် ကိုသက်ဝင်းကို စိတ်ထဲမှာ အလိုလို တမ်းတနေတတ်သည်။

သို့သော် ဘဝနှစ်ခုကို ယှဉ်ကြည့်လျှင် မလှမေဘက်မှာ



www.burmeseclassic.com

www.burmeseclassic.com

အားနည်းချက်များစွာ ရှိနေခဲ့ပါသည်။ မိမိက အိမ်ထောင်သည်။ ကိုသက်ဝင်းက လူပျိုလူလွတ်တစ်ယောက်။ ဒီလို မတူညီတဲ့ ဘဝနစ်ခုကို ရေရှည် လက်တွဲလို့ ရပါမည်လား။ မိမိအားနည်းချက်ကို တစ်သက်လုံး ကိုသက်ဝင်းက မနင်းချေဟု တွက်ဆလို့ ရပါမည်လား။ ပြီးတော့ မိမိမှာ သမီးနှစ်ယောက်က ရှိသေးသည်။ နှစ်ယောက်စလုံးက အရွယ်ရောက်နေကြပြီ။ သည်တော့ မလှမေ ကိုသက်ဝင်းနှင့် အိမ်ထောင်ပြုလျှင် သင့်တော်ပါမည်လား။

အတွေးတွေ၊ မေးခွန်းတွေ မလှမ ဦးနှောက်ထဲမှာ ရှုပ်ထွေးလာခဲ့၏။ မိမိ ဆုံးဖြတ်ချက်တစ်ခုချမိပါသည်။

စိတ်၏ စေခိုင်းသည့်အတိုင်း မိမိလိုက်မလုပ်နိုင်။ မိမိကသာ စိတ်ကို စေခိုင်းစေရမည်။

ထိုစဉ်မှာပဲ . . .

"တီ . . . တီ . . . တီ"

ဟိုင်းလပ်ကားတစ်စီးထိုးဆိုက်လာပြီး ဟွန်းတီးနေခြင်းဖြစ်သည်။ မလေမေ ထွက်ကြည့်ရာ ကိုသက်ဝင်းဖြစ်နေသည်။

"လာ . . . ကိုသက်ဝင်း၊ အိမ်ထဲဝင်ပါဦး"

မလှမေ ခရီးဦးကြိုပြုလိုက်သည်။

"အထဲမဝင်တော့ဘူး။ လမ်းခင်းကျောက်တွေ အရေးတကြီး လိုနေလို့ မလှမေဆီ လာအကြောင်းကြားတာ"

"ဒီလိုဆိုရင် ကိုသက်ဝင်း ဒီလိုလုပ်ပါလား။ ကိုသက်ဝင်း ကားကလည်း အမြင့်ဆိုတော့ ကျွန်မ စုထားတဲ့ ကျောက်ပုံတွေဆီ သွားကြည့်ရအောင်"

"ဘယ်နားမှာလဲ"

ဟု ကိုသက်ဝင်းက မေးရာ မလှမေက . . .

"ထုံးဘိုကနေ အထဲကို ဝင်ရမယ်။ ဝံဂူတောင်ကြားနဲ့ ကမ်းပါးနီတောင်ကြားတွေမှာ ကျွန်မ ကျောက်တွေ စုခိုင်းထားတယ်"

"ကောင်းသားပဲ၊ သွားကြည့်ကြတာပေါ့"

မလှမေကလည်း . . .

"ကိုသက်ဝင်း၊ ခဏနော်"

ဟု ဆို၍ အိမ်ထဲသို့ဝင်ပြီး အဝတ်အစားလဲ၊ လိုအပ်သည့် ငွေကြေးပေးရမည့်သူများအတွက် ငွေကြေးပေးနိုင်ရန် လက်ကိုင်အိတ်ထဲသို့ ပိုက်ဆံထုပ်များ ထည့်သည်။ ဘုန်းကြီးကျောင်းနှင့် နီးနေ၍ ဘုန်းတော်ကြီးအတွက် လှူဖွယ်ဝတ္ထုများ ထည့်သည်။

"ဟာ . . . မလှမေ၊ ပစ္စည်းတွေ များလှချည်လား"

"ဟုတ်တယ် ကိုသက်ဝင်း။ ကျွန်မ ကျောက်တွေ စုခိုင်းထားတဲ့ နေရာက ကမ်းပါးနီတောင်ကြားနားမှာ၊ အဲဒီကနေ ဓမ္မသိဒ္ဓိဆရာတော်ကျောင်းနဲ့ နီးနေလို့ လှူဖွယ်ဝတ္ထုလေး နည်းနည်းယူလာတာပါ"

"ဟာ . . . ကောင်းတာပေါ့။ ကျွန်တော်လည်း ဓမ္မသိဒ္ဓိဆရာတော်နဲ့ တွေ့ချင်နေတာ။ အတော်ပဲ ဓမ္မသိဒ္ဓိကို ရောက်အောင် ဝင်တာပေါ့"

ကိုသက်ဝင်းနှင့် မလှမေတို့ ထုံးဘိုအကျဉ်းဦးစီးဌာန ကျောက်ထုစခန်းမှ အတွင်းဘက်သို့ ဆက်ဝင်သွားရာ မလှမေ ငယ်စဉ်က နေခဲ့သော ကြည်ဝင်းရွာကို ရောက်လာ၏။ ထိုကြည်ဝင်းကျေးရွာမှတစ်ဆင့် နစ်ကျိပ်ရစ်ဆူဘုရားသို့ သုံးမိုင်ခန့် ခရီးနှင်ရသည်။ ကားနှင့် သွားရသော်လည်း သစ်ပင်ကြီးများပေါက်သော တောလမ်းဖြစ်၍ ဝါးရုံများနှင့် သစ်ပင်ကြီးများကြားမှ ခက်ခက်ခဲခဲဖြတ်ပြီး နစ်ကျိပ်ရစ်ဆူအနီးလက်ဝဲဘက်သို့ ချိုးဝင်လိုက်ပါသည်။ ဝံဂူတောင်ခြေသို့ သွားပြီး ကျောက်ပုံများကို ကြည့်သည်။ ကျောက်ပုံလုပ်သားများ မိုးနံ့ရလာ၍ ပြန်လာကြသည်။ ထိုအရပ်သည် တောင်ဘက်က မိုးညိုသည်နှင့် တောင်ရေများ ကျလာလျှင် ဝံဂူအတွင်းသို့ စီးဝင်သောကြောင့်ဖြစ်သည်။

မလှမေက မှာကြားထားသည့် ကျောက်ပုံတာဝန်ခံ အောင်ချိုဝင်းနှင့် တွေ့ပြီး ကျောက်ပုံများကို စစ်ဆေးသည်။ မနက်ဖြန် ဒီကျောက်ပုံများကို လာတင်မည်ဖြစ်ကြောင်းနှင့် အလုပ်သမားများအား ခေါ်ထားရန် မှာကြားပြီး ငွေများ ရှင်းပေးသည်။ ပြီးနောက် ကိုသက်ဝင်းနှင့်အတူ ကမ်းပါးနီဘက်သို့ ဆက်၍သွားကြသည်။ ထိုနေရာတွင် ကျောက်ပုံတာဝန်ခံ ကိုကျော်သိန်းနှင့် တွေ့ပြီး ကျောက်ပုံများ စစ်ဆေးသည်။ လိုအပ်သော ကျောက်ပုံအရေအတွက်များ ရပြီဖြစ်၍ မနက်ဖြန် လာသယ်မည်ဖြစ်ကြောင်း အလုပ်သမားများအား မှာထားရန် မှာပြီး ကျသင့်ငွေများ ရှင်းပေးခဲ့သည်။

ကမ်းပါးနီတောင်ကြားမှထွက်ခဲ့ပြီး ဓမ္မသိဒ္ဓိကျောင်းဘက်ဆီသို့ ကားကို မောင်းခဲ့သည်။ ရေချောင်းနစ်ချောင်းကို ဖြတ်ပြီး ဓမ္မသိဒ္ဓိတောင်ကုန်းမြင့်ကလေးဆီသို့ ရောက်လာသောအခါ တောင်ပေါ်မှ ခွေးများက ဟောင်၍ ဆင်းလာသည်။ ကားကို အရှိန်နှင့် ကုန်းပေါ်သို့ တက်လိုက်ရာ ကပ္ပိယကြီးမှ ဆီးကြိုသည်။

"သြော် . . . မလှမေတို့ပါလား။ ညနေတောင် အတော်စောင်းနေပြီ။ မိုးတွေ လေတွေနဲ့ ဘာအထူးကိစ္စရှိလို့လဲ"

ဟု နှုတ်ဆက်ပါသည်။ မလှမေလည်း ကားပေါ်ခါကို



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဆင်း လိုက်ရာ ခွေးများ အုံလာသဖြင့် ကပ္ပိယကြီးမှ ခြောက်ထုတ်ရသည်။

"ကျွန်မတို့ ဆရာတော်ကို ဝင်ဖူးတာပါ"

"ကိုသက်ဝင်း··· ဆင်းဦးလေ"

ဟု မလှမေက ခေါ်မှ ကိုသက်ဝင်း ကားပေါ်မှ ဆင်း လာပါသည်။ ကပ္ပိယကြီးက···

"ဩော်··· မလှမေပဲ၊ ဆရာတော် သာစည်ကို သွား တယ်။ ညာဘက်လက် အကြောညပ်လို့ သူ့ဒကာတစ်ဦးထံ သွားပြီး အကြောပြင်တယ်"

"အခု ကျွန်မက အလုပ်နဲ့ လာခဲ့တာ။ ကျွန်မ စခိုင်း ထားတဲ့ ကျောက်ပုံတွေလည်း ကြည့်ရင်း ဒီဘက် ထွက် လာတာ။ ကျောက်တွေက ပို့ပေးရတော့မှာ။ အရေးကြီးလို့။ ဖြန့် လာသယ်မယ့်အကြောင်း အောင်ချို့ဝင်းတို့၊ ဦးကျော်သိန်းတို့ကို ဝင်ပြောတာ"

ကပ္ပိယကြီးမှ···

"ရောက်မှတော့ ခဏနားကြပါဦး"

ဟု ဆိုပြီး ကျောင်းတံခါးဖွင့်ပေး၍ ကိုသက်ဝင်းနှင့် မလှမေတို့ ကျောင်းပေါ်သို့ တက်ပြီး ဘုရားဝတ်ပြုကြပါသည်။ ကပ္ပိယကြီးမှ နေရာထိုင်ခင်းများ ခင်းပေးပြီး ရေနွေးဓာတ်ဘူး နှင့် အကြမ်းပန်းကန်လုံးများ လာချပေးသည်။ ထန်းလျက်နှင့် လက်ဖက်အစ်များနှင့်ပါ ညှိခဲ့သည်။ မလှမေမှ···

"ကပ္ပိယကြီး အထွေအထူးတွေ လုပ်မနေနဲ့။ ကျွန်မ တို့ ပြန်မယ်။ ကျောင်းလှူဖို့ ဆန်၊ ဆီ၊ ငါးခြောက်၊ အာလူး၊ ခရမ်းချဉ်သီးတွေ ကားနောက်က ခြင်းထဲမှာ ပါတယ်"

ကပ္ပိယကြီး မလှမေတို့နားမှာ လာထိုင်တော့ မလှမေ က ကိုသက်ဝင်းဘက်သို့ လှည့်ပြီး ···

"ကိုသက်ဝင်း··· အမြင်အကြားနဲ့ ပတ်သက်ပြီး စိတ်ဝင်စားလား။ ကပ္ပိယကြီးက အမြင်အကြားရတယ်။ မေး ကြည့်ပါလား"

ကိုသက်ဝင်းလည်း အမြင်အကြားကို စိတ်ဝင်စား သည်။ ဘယ်လိုမြင်သည်၊ ဘယ်လိုကြားသည်ဆိုသည်ကို သိပွဲနည်းကျကျ သိချင်နေသည်။ ကိုသက်ဝင်းက···

"ကပ္ပိယကြီး···ဒီလိုအမြင်အကြားရအောင် ဘယ်လို ကျင့်ရသလဲ"

"အမြင်အကြားရဖို့ သီးခြားတော့ မကျင့်ရပါဘူး။ ဆရာ တော်နဲ့ တရားစ,ကျင့်ရင်းက မြင်လာ၊ ကြားလာတာပဲ။ ပထမတော့ ဆရာတော်က တရားပေးတာပေါ့။ တရားပေး တယ်ဆိုတာ ဟဒယကို စိုက်ကြည့်ပြီး အနိစ္စရှုခိုင်းတာပဲ။ ဦးလည်း ဆရာတော်ပြောသလို အနိစ္စရှုရင်းနဲ့ အကြည်ဓာတ် ကလေးရလာပြီး ရိုးတိုးရိပ်တိပ်တွေ ပေါ်လာတယ်။ ဘာ ရယ်တော့ မသဲကွဲဘူး။ အဲဒီအကြောင်းကို ဆရာတော်ကို လျှောက်ထားတော့ ဆရာတော်က သေသေချာချာကြည့်လို့ မိန့်ပါတယ်။ အဲဒီတော့ တောတွေ တောင်တွေလိုလို အသွင် သဏ္ဍာန်တွေ ပေါ်လာတယ်။ အဲဒီအထဲက ဆရာတော်နှင့် ပုံတူသလိုလို ရဟန်းတစ်ပါးကို တွေ့ရတယ်။ သိပ်ကြည်ညို စရာကောင်းတယ်။ အပြင်က ဆရာတော်နဲ့ ပုံသာတူတာ၊ ရုပ်ဆင်းအင်္ဂါက အပြင်က ဆရာတော်က ကြမ်းတယ်။ တွေ့နေတဲ့ ရဟန်းပုံက နူးညံ့သိမ်မွေ့နေတာပဲ။ ဒါနဲ့ ဆရာ တော်ကို လျှောက်တော့ ဒီ ရဟန်းလုပ်သမျှကို လိုက်ကြည့် လို့ ပြောတယ်။ အဲဒီအာရုံထဲက ရဟန်းက ကောင်းကင် ပျံသလို ရွေ့သွားတယ်။ နောက်ပြီး လိုဏ်ဂူတစ်ခုထဲဝင်သွား တယ်။ အဲဒီထဲကိုရောက်တော့ နဂါးလိုလို မြွေလိုလို သတ္တဝါ တစ်ကောင်တွေ့တော့ အဲဒီ ရဟန်းကို အငွေ့နဲ့ မှုတ်တာပေါ့။ ဒါပေမယ့် အဲဒီ ရဟန်းက ရပ်ပြီး မျက်လွှာလေးချလျက် တရားဆင်ခြင်သလိုလုပ်လိုက်တော့၊ နဂါးလိုလို မြွေလိုလို အကောင်ကြီးလည်း သူ မှုတ်ထုတ်လိုက်တဲ့ မီးငွေ့ဟာ သူ့ကို ပြန်လောင်ပြီး အောက်ထဲကို ကျသွားတယ်။ အဲဒါ ဦး စ,ပြီး အမြင်ရတဲ့ အတွေ့အကြုံပဲ"

ကိုသက်ဝင်းက အလွန်စိတ်ဝင်စားပြီး ···

"ကပ္ပိယကြီး···ဒီလိုအမြင်မျိုး ကျွန်တော်တို့ ကျင့်လို့ မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

ဟု မေးရာ ကပ္ပိယကြီးမှ…

"ဆရာတော်ပြောတာ ကြားဖူးတယ်၊ ကိုယ့်ဘာသာ ကျင့်မယ်ဆိုရင် ငွဲ့အရမ်းကြီးပြီး တိတ်ဆိတ်တဲ့ နေရာမှာ အာရုံကောင်းကောင်းနဲ့ သမထကို တစ်ယောက်တည်း စူးစူး စိုက်စိုက်ကျင့်ရင် ရနိုင်ပါတယ်တဲ့။ ဒါပေမယ့် ဦးတို့လို အမြင်က ကျင့်လို့ မဟုတ်ဘူး။ အတိတ်က ပါရမီဆက် ကြောင့် ဝိပဿနာကျင့်လိုက်တာနဲ့ ဟဒယမှာ အကြည် ဓာတ်ရပြီး မြင်နိုင်၊ ကြားနိုင်တယ်။ ဒါပေမယ့် ဆရာတော်က ပြောတယ်။ အဲဒီအမြင်အကြားကို အသုံးချရုံသာ အသုံးချ ပြီး မိမိ ဟဒယနေရာကိုပဲ ပြန်ရှုရမယ်လို့ ပြောတယ်။

မြင်တယ်ဆိုတာ အကြည်ဓာတ်ပေါ်ပြီး ဟဒယကို လွတ်သွားတာ။ အမြင်ဘက်ကို ပါသွားတာ။ တရားမဖြစ် တော့ဘူး။ ကိုယ် တရားတကယ်လိုချင်တယ်ဆိုရင် အမြင် ပေါ်လာလည်း မကြည့်တော့ဘဲ မိမိဟဒယမှာ ဘယ်လို ခံစားချက်ပေါ်နေသလဲဆိုတာ သိအောင်လုပ်ပြီး အဲဒီခံစား ချက်ကိုသာ အနိစ္စလက္ခဏာတင်ရတယ်။ ဟဒယနေရာမှာ ပူမှုကို ခံစားနေရသလား။ ဆို့တစ်တစ်ကို ခံစားနေရသလား။ လှုပ်နေတာ ခံစားနေရသလား၊ အဲဒီ ခံစားနေရတဲ့ သဘော ကိုသာ အနိစ္စလက္ခဏာတင်ရတာ။ ဒါပေမယ့် အဲဒီအမြင် အကြားအစစ်အမှန်ဖြစ်လာပြီဆိုလည်း ဘယ်လောက်ပဲ အနိစ္စလက္ခဏာတင်တင် ပေါ်မြဲပေါ်နေတာပဲ။ ဥပမာ-တရား ရှုရင်းက မြတ်စွာဘုရားပုံတော်တို့၊ ရဟန္တာပုံတော်တို့ကို တွေ့နိုင်ပါတယ်။ ဒီလိုတွေ့တဲ့အခါ အဲဒီတွေ့နေတဲ့ ပုံတော်ရဲ့ အထက်ကနေ တက်ပြီး အနိစ္စလက္ခဏာတင် ရှုရတယ်။ အမှန်အကန်ဆိုရင် မပျက်ဘူး။ ကိုယ်က အပေါ်က စီးပြီး ရှုသော်လည်း မိမိရဲ့ ဦးခေါင်းထက်ကို ပြန်ရောက်လာတယ်။ အတုဆိုရင်တော့ တစ်ခါတည်း တွန့်လိမ်ပြီး အောက်ထဲကို ကျသွားတော့တာပဲ။ အနိစ္စလက်နက်က အဲဒီလောက်စွမ်း တယ်။

တချို့ ပညာသည်များက မြင်တဲ့ ကြားတဲ့ လူတွေကို စမ်းသပ်ကြတယ်။ အဲဒီလို စမ်းတဲ့အနေနဲ့ ဘုရားတို့ ရဟန္တာ ပုံတို့ လာပြတယ်။ အနိစ္စသာ ရှုလို့ကတော့ အဲဒီပြတဲ့ ပုဂ္ဂိုလ်တွေ ငရဲကို ကျသွားတော့တာပဲလို့ ဆရာတော်က မိန့်ဖူးတယ်။ ဘာကြောင့်လဲဆိုတော့ တကယ် တရားကျင့် နေတဲ့ ပုဂ္ဂိုလ်ကို နှောင့်ယှက်လို့တဲ့"

ကိုသက်ဝင်းက ပါးစပ်အဟောင်းသားနှင့် အံ့ဩနေ ပါသည်။ ကပ္ပိယကြီး ပြောသည့် အနိစ္စ လက္ခဏာသည် အလွန်အစွမ်းထက်သည်ကို ခုမှပင် သိရသည်။ ဒါကြောင့် "အပျက်တစ်လုံး အမြတ်ဆုံး၊ အပျက်နှင့်ပင် နိဗ္ဗာန်ဝင်"ဆို သည့် ဆောင်ပုဒ်ကို ကိုသက်ဝင်း ကြားဖူးနေသည်။ ကပ္ပိယ ကြီးပြောတော့မှ လက်တွေ့သိနေသောသူများ ရှိကြောင်း အနိစ္စဟူသော အပျက်တစ်လုံးပိုင်လျှင် နိဗ္ဗာန်သို့ပင် ရောက်နိုင်ကြောင်း နားလည်လိုက်ပါသည်။

မလှမေမှ…

"စကားပြောလို့တော့ ကောင်းပါတယ်။ မိုးချုပ်တော့ မယ်၊ ပြန်ကြစို့။ ကပ္ပိယကြီး…ကားနောက်က ခွဲခြင်းထဲ မှာ လှူဖွယ်တွေ ပါတယ်။ လှယ်ပေးပါဦး"

ဟု ပြောပြောဆိုဆို ကျောင်းအောက်သို့ဆင်းသွား၍ ကားထဲမှ ခွဲခြင်းကို ကပ္ပိယကြီးအား ပေးလိုက်သည်။ ကပ္ပိယကြီးလည်း ခွဲခြင်းထဲမှ ဆန်၊ ဆီ၊ ငါးခြောက်၊ အာလူး နှင့် ခရမ်းချဉ်သီးများကို လှယ်ပြီး မလှမေကို ခြင်းပြန်ပေး သည်။ ကိုသက်ဝင်းလည်း ညမိုးချုပ်တော့မှာမို့ အမြင် အကြားနဲ့ပတ်သက်ပြီး ကပ္ပိယကြီးကို မေးချင်သော်လည်း အချိန်မရ၍ ကားပေါ်တက်ပြီး စက်နှိုးလိုက်သည်။ မလှမေ လည်း ကားရှေ့ခန်းတံခါးကို ဖွင့်ပြီး ဝင်ထိုင်လိုက်ရင်း ကပ္ပိယ ကြီးကို နှုတ်ဆက်လိုက်သည်။

"ကပ္ပိယကြီး…ဘုန်းဘုန်းလာရင် ကျွန်မတို့ လာတယ် ဆိုတဲ့အကြောင်း လျှောက်လိုက်ပါဦး"

ကိုသက်ဝင်းကလည်း ကပ္ပိယကြီးကို ပြုံး၍…

"နောက်တစ်ခါလာတော့မှ ကပ္ပိယကြီးကို သေသေ ချာချာမေးမယ်။ ခုတော့ သွားလိုက်ဦးမယ်နော်"

ဟု နှုတ်ဆက်၍ ကားမောင်းထွက်ခဲ့သည်။

**မလှမေနှင့် ကိုသက်ဝင်းတို့ မမျှော်လင့်သော အန္တရာယ်**

ညမိုးချုပ်နေပြီဖြစ်၍ ကားရှေ့မီးကြီး ထွန်းရသည်။ တောရိပ်တောင်ရိပ်နှင့်မို့ မှောင်နေသည်။ တောင်ဘက်သို့ မောင်းလာရာ တောင်ဘက်တွင် မိုးရိပ်များ ပေါ်နေသည်။ လျှပ်စီးများလည်း တဝင်းဝင်း တလက်လက်ဖြစ်နေသည်။ ကိုသက်ဝင်းက တောလမ်းကို မီးထိုး၍ ဖြတ်သည်။ ချောင်းနှစ်ချောင်းကို ကျော်ပြီး ကမ်းပါးနီလမ်းဆုံသို့ အရောက်တွင် မိုးပေါက်ကလေးများ စ၍ကျလာသည်။ လမ်း ကောင်းကို ရွေးပြီး သွားနေရသဖြင့် ခရီးဖင့်နေသည်။ ရွာအလွန် နှစ်ကျိပ်ရှစ်ဆူဘုရားနားသို့အရောက်တွင် မိုး သဲကြီးမဲကြီးရွာလာသည်။

လမ်းမှာ နေပူစဉ် ဖုန်မှုန့်လမ်းဖြစ်သော်လည်း မိုး



www.burmeseclassic.com

…င်လာသောအခါ ကျင်း/ချိုင့်ဖြစ်နေသော နေရာများသည် …စီးကြောင်း၊ ရေအိုင်များဖြစ်လာပါသည်။ ကားကို သတိနှင့် …ကျင်းများကို ရှောင်၍မောင်းပြီး နှစ်ကျိပ်ရှစ်ဆူဘုရား …ကို ကျော်မိသည်နှင့် မိုးကြိုး ပစ်ချလိုက်သည်။ မိမိတို့ …သွားသော လမ်းဘေးမှ သစ်ပင်ကို ထိမှန်ကြောင်း …လိုက်ရ၏။ ကိုသက်ဝင်းက ကားကို လက်ယာဘက်သို့ …လိုက်ရာ သစ်ပင်ကြီးမှာ ကျိုးပြတ်ပြီး ကားရှေ့သို့ ကျ…သည်။ ကိုသက်ဝင်း ဆွဲလိုက်သောဘက်မှာ ချိုင့်၊ ကျင်း …ဖြစ်နေ၍ မိုးရေဖြင့် လမ်းချော်နေသည်။ ကားရှေ့တွင် သစ်တုံးကြီးပိတ်ပြီး ကားမှာလည်း စလစ်ဖြစ်နေသည်။ နောက်သို့လည်း ဆုတ်မရ၊ ရှေ့သို့လည်း မတိုးနိုင်ဘဲ ဖြစ်နေသည်။ မိုးက သဲကြီးမဲကြီးရွာနေ၍ အောက်သို့လည်း ဆင်း… …ဖြစ်ပေ။ မိုးတိတ်သည်အထိ စောင့်နေရသည်။

ထိုနယ်တစ်ဝိုက် ညအချိန် ခွေးအများ သောင်းကျန်း…တု ကြားဖူးသည်။ ထို့ကြောင့် မိုးတိတ်သော်လည်း …သက်ဝင်းကို ကားအောက်သို့ မဆင်းရန် သတိပေးရသည်။

"ကဲ… ဒီလိုဆို ဘယ်လိုလုပ်ရမလဲ။ ရွာနဲ့လည်း …ဘူး။ ဒီသစ်ကိုင်းကြီးကိုလည်း ခုတ်ပြီးမှ ကျော်လို့ရမှာ"

ကားကလည်း နောက်ကို ဆုတ်မရ၊ စလစ်ဖြစ်နေသည်။

"ကဲပါ…လုည်းကြုံတွေ လာရင် သူတို့ကို အကူအညီ …င်းပြီး ဖယ်တာပေါ့။ အပြင်တော့ မထွက်ပါနဲ့။ ဒီနေရာ… ခွေးအတွေ ပေါတယ်"

ကားမီးကိုတော့ ထိုးထားသည်။ စက်ကို ရပ်လိုက်…သည်။ ပြောပြောဆိုဆို ကားရှေ့တွင် ဝင်းနေသော မျက်လုံး…ကို အုပ်စုလိုက် တွေ့ရသည်။

"ကားတံခါးကို သေသေချာချာပိတ်၊ ရှေ့မှာ တောခွေး…"

ကိုသက်ဝင်းလည်း တောအတွေ့အကြုံမရှိ၍ အနည်း… ငိုင်မိမိသည်။ မလုမေကတော့ လူကြီးသူမများ ပြော၍ …သည်။ ခွေးအ တစ်ကောင် နှစ်ကောင်ဆိုရင် လူက …သည်။ အုပ်စုလိုက်ဆိုရင် လွတ်အောင်သာ ပြေးဟု …ကြားဖူး၍ ကိုသက်ဝင်းကို မထွက်ခိုင်းခြင်းဖြစ်သည်။ …တံခါး လေးပေါက်စလုံး လော့ချ၍ ကားထဲမှာပင် ငြိမ် …ထိုင်နေလိုက်ကြသည်။ တောခွေးအုပ်မှာ ကားမီး …နားတွင် တဝဲလည်လည်နှင့် အုံပိုင်းနေပြီး ကားမီး …သို့ ကြည့်နေကြသည်။

မလုမေက တောခွေးများ၏ အန္တရာယ်ကို မစိုးရိမ်ပါ။ မှန်အလုံပိတ်ထားသဖြင့် တောခွေးများ ကားထဲသို့ ဘယ်လိုမှ ဝင်မလာနိုင်သည်ကို သိပါသည်။ ဖိုနှင့် မ၊ အသွေးအသားနှင့် ဖွဲ့စည်းထားသော မိမိနှင့် ကိုသက်ဝင်း။ ပြီးတော့ ကားတစ်စီး ထဲမှာ။ ညကလည်း မှောင်မှောင်နှင့်။ ဒီညကို ဘယ်လိုကျော် ဖြတ်ကြမလဲ။ ဒါကိုပဲ မလုမေ တွေးနေမိသည်။

အို…မတတ်နိုင်။ မိမိစိတ်ကို မိမိ ယုံကြည်ပါသည်။ တရားကို ရှုလိုက်လျှင် အရာအားလုံး ကျော်ဖြတ်နိုင်မည်ကို မိမိ သိပါသည်။ သို့ပေမယ့် ဒီလိုအဖြစ်အပျက်ကို ကလေးတွေ မသိမှ ဖြစ်မည်။ နို့မို့ မလွယ်။ အထင်မှားသွားနိုင်သည်။ မိမိတို့အား စွပ်စွဲလျှင် ကလေးများ၏ ကံကြမ္မာကို ထိခိုက်နိုင်သည်။ ဆုံးဖြတ်ချက်ချပြီးသည်နှင့် မျက်လုံးကို မှိတ်ကာ တရားစ,၍ ရှုတော့သည်။

မိမိ မျက်စိမှိတ်လိုက်သည်နှင့် ကိုသက်ဝင်းက တိတ်ဆိတ် ငြိမ်သက်စွာ မိမိကိုသာ ကြည့်နေသည်။ မိမိက ကိုသက်ဝင်းရဲ့ ရင်ခုန်သံကို အတိုင်းသား ကြားနေရသည့်အလား။ မိမိရဲ့ ရင်ခုန်သံကိုလည်း ကြားနေရသည်။ ထိုရင်ခုန်သံကို "အနိစ္စ"ဟု တရားရှုလိုက်လျှင် ခဏချင်းပင် ပျက်သွားမည်ဖြစ်ကြောင်း မိမိ သိပါသည်။ တရားထိုင်နေသည်မှာ မည်မျှကြာသွားသည်မသိ၊ တရားဖြုတ်၍ မျက်လုံးဖွင့်လိုက်တော့ အိပ်မောကျနေသော ကိုသက်ဝင်းကို တွေ့လိုက်ရပါတော့သည်။

### မမျှော်လင့်တဲ့ လောကဓံလှိုင်းလုံး

"မေမေ…မေမေ"

ထူးသံမကြား၍ မြမြသွင်နှင့် လုလုခင်တို့ အိမ်ထဲသို့ ပြေးဝင်လာသည်။ မလုမေကို မတွေ့သဖြင့် အဘွား ဒေါ်မြသန်းအား မေးသည်။

"ဘွားဘွား… မေမေ ဘယ်သွားလဲ"

အဘွားဖြစ်သူ ဒေါ်မြသန်းက…

"ညနေကပဲ ကိုသက်ဝင်းလာခေါ်လို့ လိုက်သွားတယ်"

"ဘယ်သွားမယ်လို့ ပြောလဲ"

"ဘယ်သွားမယ်တော့ မသိဘူး။ ဆန်တို့၊ ဆီတို့ကို ခြင်းတစ်လုံးနဲ့ သယ်သွားလေရဲ့"

"မေမေ ခရီးရှည်များ သွားတာလား"

"မဟုတ်နိုင်ဘူး။ နေ့လယ်ကတောင် အိမ်မှာ ရှိသေးတယ်။ ညနေ ၄နာရီလောက်မှ ကိုသက်ဝင်းကား ရောက်လာပြီး သမီးတို့မေမေလည်း အဝတ်အစားလဲပြီး လိုက်သွား



www.burmeseclassic.com

www.burmeseclassic.com

တာပဲ။ ဘွားဘွားတောင် ခြင်းထဲကို ဆန်တွေ၊ ဆီတွေ၊ အာလူးတွေ၊ ခရမ်းချဉ်သီး၊ ငါးခြောက်တွေ ထည့်ပေးလိုက်ရသေးတယ်။ ဘွားဘွားကိုတော့ ဘာမှမပြောခဲ့ဘူး"

လုလုခင် သာစည်မှ ပြန်လာရာတွင် မန္တလေး ဆေးရုံကြီးက အစ်မ မြမြသွင်ထံ ဝင်ခဲ့ပြီး နှစ်ဦးသား ထုံးဘိုရှိ မိခင်ရှိရာသို့ ပြန်လာကြခြင်းဖြစ်သည်။ မြမြသွင်က ရက်အားရ၍ ညီမလေးကို လိုက်ပို့ခြင်းဖြစ်သည်။ ညီအစ်မနှစ်ယောက်စလုံး အမေကို မတွေ့ရ၍ မောသွားကြသည်။ အနားယူဖို့ အိပ်ခန်းထဲရောက်မှ မြမြသွင်က…

"ညီမလေး… မမတော့ မေမေ အဲဒီ ကိုသက်ဝင်းနဲ့ သွားတာကို သိပ်မကြိုက်ဘူး။ မေမေနဲ့ ကိုသက်ဝင်းက အသက်ကလည်း သိပ်မကွာဘူး။ တော်တော်ကြာ လူတွေ ပြောစရာဖြစ်လာရင် မကောင်းဘူး။ လွန်ခဲ့တဲ့ တစ်ပတ်က မမ အိမ်မှာ ပြန်လာအိပ်တယ်။ အဲဒီနေ့ညက မေမေ အိပ်မက်မက်ပြီး ထ,ယောင်နေတယ်။ အဲဒီယောင်တဲ့အထဲမှာ ကိုသက်ဝင်းဆိုတာ ပါတယ်။ ဒီလို မလုပ်နဲ့လို့လည်း ပြောတယ်။ အဲဒီနေ့က မေမေက ပြန်အိပ်တော့လို့ ပြောပေမယ့် မမ အိပ်မပျော်ခဲ့ဘူး။ ကြိတ်ပြီး ငိုမိသေးတယ်"

လုလုခင်က…

"မမကလဲ… ဒီလောက်ထိ စိတ်ပူစရာ မလိုသေးဘူးလို့ ထင်တယ်။ မေမေလည်း ညီမလေးတို့ကို ချစ်တာပဲ။ ညီမလေးတို့ ညီအစ်မနှစ်ယောက်နဲ့ မတိုင်ပင်ဘဲ ဘာမှ မလုပ်ဘူးလို့ ထင်တယ်"

မြမြသွင်က…

"ဟုတ်တော့ ဟုတ်ပါတယ်။ လူ့ဘဝက ကြမ္မာဆိုတာတော့ မပြောနိုင်ဘူးပေါ့။ မိုးမပြို ပြိုခဲ့သည်ရှိသော်ဆိုပြီး တွေးမိတာပါ။ မေမေ့အပေါ်တော့ ယုံပါတယ်"

လုလုခင်က…

"မမကလဲ…မေမေ့အကြောင်းတွေ သိပ်မပြောနဲ့တော့။ မေမေ ခရီးသွားနေတယ်။ အခုထိလည်း ပြန်မရောက်သေးဘူး"

လုလုခင်လည်း ခရီးပန်း၍ ခေတ္တအိပ်ပျော်သွားသည်။ မြမြသွင်က တော့မူ မေမေ့ကို ဧည့်ခန်း ကုလားထိုင်ပေါ်တွင် စာအုပ်ဖတ်ရင်း စောင့်နေသည်။ နာရီကို ကြည့်လိုက်တော့ ၁၀နာရီထိုးနေပြီ။ မြမြသွင် အရမ်းစိတ်ပူလာသည်။ အိပ်ခန်းထဲ ပြန်ဝင်လာပြီး လုလုခင်ကို နှိုးသည်။

"ညီမလေး…ညီမလေး"

"ဟင်…မမ ဘာလဲ"

"မေမေလည်း ခုထိ ပြန်မလာသေးဘူး။ မိုးကလည်း သဲကြီးမဲကြီးရွာလိုက်တာ။ မိုးကြိုးတွေတောင် ပစ်လိုက်သေးတယ်။ ထုံးဘိုနဲ့ သိပ်တော့ မကွာဘူး။ မမတောင် လန့်သွားတာပဲ"

မြမြသွင်တို့၏ အဘွားဝင်လာပြီး…

"မလှမေ ပြန်မလာသေးဘူးလား။ ဒီလို ညအိပ်ညနေ တစ်ခါမှ မသွားဖူးဘူး။ သွားမယ်ဆိုလည်း ကြိုပြီးပြောသွားတယ်။ အခု ဘာများဖြစ်နေကြလဲ မသိဘူးနော်"

"ဟုတ်တယ် ဘွားဘွား။ သမီးတို့လည်း အခု ဒါပဲ ပြောနေတာ၊ လမ်းမှာ တစ်ခုခုများဖြစ်နေလား မသိဘူး"

မြမြသွင်တို့ မြေးအဘွားသုံးယောက် မလှမေအတွက် အားလုံး စိတ်ပူနေကြပြီး တော်တော်နှင့် မအိပ်နိုင်ကြသေးပေ။ အတော်ညဉ့်နက်မှ အိပ်သွားကြသည်။ မြမြသွင်က နောက်ဆုံးမှ အိပ်သည်။ မြမြသွင်စိတ်တွင် သံသယများ ပိုဝင်လာပါသည်။

နံနက်မိုးလင်းတော့ အားလုံး အိပ်ရာထ နောက်ကျကြသည်။ ၈နာရီလောက်တွင် အိမ်ရှေ့မှ မလှမေခေါ်သံကို ကြားရသည်။

"အမေ ဒေါ်ဒေါ်သန်း… အမေ ဒေါ်ဒေါ်သန်း"

ဟု ခေါ်ရာ ဒေါ်မြသန်းထွက်လာပြီး တံခါးဖွင့်ပေးသည်။ ဒေါ်မြသန်းမှ "မနေ့က သမီးနှစ်ယောက်စလုံး ရောက်နေကြောင်း၊ လုလုခင်နှင့် မြမြသွင် နှစ်ယောက်စလုံး ညဉ့်နက်မှ အိပ်ကြောင်း"ပြောပြသဖြင့် သမီးများ ရောက်နေသည်ကို သိ၍ ကိုသက်ဝင်းကို အိမ်ထဲ ခဏဝင်ရန် ပြောလိုက်သည်။

မလှမေသည် အိပ်ခန်းတွင်းသို့ ဝင်လိုက်ပြီး အိပ်ပျော်နေသည့် သမီးနှစ်ယောက်စလုံးကို ကြည့်၍ အသာအယာ စောင်ခြုံပေးပြီး ရေချိုးခန်းသို့ ဝင်၍ မျက်နှာသစ်လိုက်သည်။ ထို့နောက် ပြန်ထွက်လာပြီး ကိုသက်ဝင်းအတွက် မျက်နှာသစ်ရန် စီစဉ်ပေးလိုက်သည်။ ဒေါ်မြသန်းအား ကိုသက်ဝင်းအတွက် တစ်ခုခုစားရန် အိမ်ရှိ ကလေးများကို ဝယ်ခိုင်းလိုက်သည်။ ကိုသက်ဝင်း မျက်နှာသစ်နေစဉ် မလှမေက မျက်နှာသုတ်ပဝါကိုင်ပြီး ဘေးမှာ ရပ်စောင့်နေသည်။ ကိုသက်ဝင်း မျက်နှာသစ်ပြီးသောအခါ မျက်နှာသုတ်ပဝါကို ကမ်းပေးလိုက်၏။

ဒေါ်မြသန်းမှ မောင်သံချောင်း ဝယ်လာသော လက်ဖက်ရည်နှင့် အီကြာကွေးကို ညှပ်ထည့်၍ ကိုသက်ဝင်းစားဖို့ ဧည့်ခန်းထဲသို့ ယူလာခဲ့သည်။

ထိုအချိန်တွင် ကိုသက်ဝင်းက မျက်နှာသုတ်ပြီး ပြန်



www.burmeseclassic.com

www.burmeseclassic.com

ရည့် မလှမေနှင့် နဖူးချင်းတိုက်မိသွားသည်။ ထိုမြင်ကွင်း ဒေါ်မြသန်းက ကိုသက်ဝင်းမှ မလှမေကို နမ်းနေသည် ထင်မြင်သွားသည်။

ထို့ကြောင့် ဒေါ်မြသန်းက "အဟမ်း"ဟု ချောင်းသံပေး ဝင်လာသည်။ ကိုသက်ဝင်းကလည်း မျက်နှာသုတ်ပဝါ မလှမေအား ပေးပြီး ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက် မလှမေက ဒေါ်မြသန်းလက်မှ ပါလာသော လက်ဖက် ည်နှင့် အီကြာကွေးပန်းကန်ကို လှမ်းယူလိုက်ပြီး စားပွဲသေး ပေါ်တင်၍ ကိုသက်ဝင်းရှေ့သို့ တိုးပေးလိုက်သည်။

"ကိုသက်ဝင်း...နံနက်စာလေး စားလိုက်ပါဦး။ စားပြီး ပြန်ပေါ့။ ကျွန်မလည်း ကျောက်ကားတွေ စီစဉ်လိုက်ဦး မယ်။ ဒီနေ့တော့ ကားတွေ ဝင်လို့ရမယ် မထင်ဘူးနော်"

"ဟုတ်တယ် မလှမေ၊ ကျောက်ကလည်း အရေးကြီး တယ်။ ကျုံးဘေးက လမ်း စ,ခင်းနေပြီ။ အတတ်နိုင်ဆုံး မြန်ရအောင် ဆောင်ရွက်ပေးပါနော်"

"ဟုတ်ကဲ့ ကိုသက်ဝင်း၊ ကျွန်မ အတတ်နိုင်ဆုံး ကြိုး ပါ့မယ်"

ကိုသက်ဝင်းက လက်ဖက်ရည်နှင့် အီကြာကွေး ပြီး...

"မလှမေ...ကျွန်တော်ပြန်ပါဦးမယ်"

"ကောင်းပါပြီ၊ ကျွန်မလည်း ဒီနေ့နဲ့ မနက်ဖြန် ကား တွေ ဝင်နိုင်အောင် ကြိုးစားပြီး ပို့ပေးပါ့မယ်"

ကိုသက်ဝင်း၏ကား မလှမေတို့အိမ်ရှေ့က ထွက်သွား သမီး လှလှခင်နှင့် မြမြသွင်တို့ ထွက်လာကြသည်။ မလှ က သမီး လှလှခင်ကို ...

"သမီးက ပြန်လာမယ်ဆိုတာ မေမေ့ဆီတောင် အကြောင်းမကြားဘူး"

"ဟုတ်တယ် မေမေ၊ ဘဘ ဦးဝင်းဇော် မန္တလေးကို ရှိလို့ လာရင်းနဲ့ လိုက်လာတာ။ မွေ့သိဒ္ဓိဆရာတော်လည်း ယာကို သွားမလို့ဆိုပြီး ရန်ကုန်ကို ဆင်းသွားတယ်။ မေ့ကို ပြောစရာတွေ အများကြီးရှိတယ်"

"ပြောလေ သမီး၊ အထူးအဆန်းတွေဆိုတာ ဘာလဲ။ သမီး ပုဂံမှာတုန်းက အိပ်မက်ထဲမှာ သိုက်နန်းရှင် မမကြီးနဲ့ တွေ့ပြီး သမီးရဲ့ ရုပ်ကလာပ် သူတို့သိုက်ထဲမှာ ရှိလို့ သမီး ပြီး ၃၅နှစ်ပြည့်ရင် ပြန်လာရမယ်တဲ့။ အဲဒီမှာ သမီး ကောင်းဖြစ်တယ်။ သူငယ်ချင်းတွေက ဝိုင်းပြီး ပြုစုကြ တယ်။ အဲဒီထဲက ဇော်ဦးဆိုတဲ့ သမီးရဲ့ သူငယ်ချင်းက သမီးကို အိမ်ထောင်ဖက်အဖြစ် သတ်မှတ်ပြီး ချစ်ရေးဆိုဖို့ ကြိုးစားနေတာကို သူတို့က သိလို့ ကောင်လေးကို ဘုရား ပေါ်က တွန်းချလိုက်တာ၊ ကံကောင်းလို့ မသေတာ။ ခြေ သပွတ်တိုင်လည်သွားပြီး ခေးရုံဘင်ထားရတယ်။ အိမ်ထောင် လည်း မပြုရဘူးလို့ ပြောတယ်။ သာစည်ရောက်လို့ ဘုန်း ဘုန်းနဲ့ တရားလည်း ထိုင်လိုက်ရော သမီးကို သိုက်နန်းရှင် မမကြီးက ဝင်ပူးပြီး သူတို့ ပြန်ခေါ်လို့ မရတော့ကြောင်း၊ သမီးကို ဘုန်းဘုန်းပဲ ပိုင်ဆိုင်သွားကြောင်း ပူးပြီး ငိုယိုပြော တယ်လို့ ပြောကြတယ်။ သမီးလည်း ရှက်လိုက်တာ။ ဒီ အကြောင်းကို ဖုန်းထဲက ပြောမကောင်းလို့ မပြောတာ"

မြမြသွင်ကတော့ လှလှခင်ပြောသည်ကိုသာ နားစိုက် ပြီး ဘာမှဝင်မပြောဘဲ မျက်နှာငယ်လေးနှင့် ငေးမိငေးရာ ငေးနေသည်။ မြမြသွင်၏ အခြေအနေကို မလှမေ သတိ ထားမိသည်။ ဒါကြောင့်...

"သမီး မြမြသွင်...ဘာဖြစ်နေတာလဲ၊ နေမကောင်း ဘူးလား"

"ဘာမှမဖြစ်ပါဘူး မေမေ၊ နေကောင်းပါတယ်"

"မနေ့က မေမေတို့လည်း လမ်းမှာ မိုးတွေ လေတွေ ကျပြီး မိုးကြိုးပစ်လိုက်လို့ ထိသွားတဲ့ သစ်ပင်ကြီးက မေမေ တို့ကားရှေ့ လဲကျလို့ ရှောင်လိုက်တာ။ ဘေးက ရွှံ့ဗွက်ဒိုင် ထဲကျသွားပြီး ရှေ့တိုးမရ၊ နောက်ဆုတ်မရဖြစ်နေတာ။ ည မိုးချုပ်လို့ မိုးလည်းစဲရော ထွက်မလို့လုပ်တုန်း ခွေးအအုပ်နဲ့ တွေ့နေလို့ မထွက်ရဲကြဘူး။ မနက်မိုးလင်းမှ စိန်လင်းတို့ အုပ်စုတွေ ရောက်လာပြီး ရွာက လူတွေနဲ့ သစ်ပင်ကြီးကို ဝိုင်းခုတ်ပေးကြလို့ ကားထွက်လို့ ရတာ။ ဗွက်ထဲမှာ ကားနစ် နေလို့ နွားတွေနဲ့ ဆွဲထုတ်ခဲ့ရတယ်"

"ဒါကြောင့် မနေ့က မေမေတို့ အိမ်ပြန်မရောက်တာ။ သမီးတို့ တော်တော်စိတ်ပူနေကြလား။ မြမြသွင်က ငိုထား တယ်နဲ့တူတယ်"

"ဟုတ်တယ် မေမေ။ မမက အရမ်းစိတ်ပူတဲ့အပြင် မေမေ့ကို ကိုသက်ဝင်းကြီးနဲ့ တွဲနေတာလည်း မကြိုက်ဘူး တဲ့။ မေမေ သိက္ခာကျတယ်တဲ့။ မေမေ အရင်က ဘယ် ယောကျ်ားလေးနဲ့မှ အရောတဝင်မနေခဲ့ဘဲ အခုမှ ကိုသက် ဝင်းနဲ့ တပူးတွဲတွဲဖြစ်နေတာကို မကြိုက်လို့တဲ့"

လှလှခင် ပြောနေစဉ် မြမြသွင်က ဘာမှဝင်မပြောဘဲ အခန်းထဲသို့ ဝင်သွားသည်။

"ဪ...သမီး...သမီး၊ ဒါကြောင့် မျက်နှာ မကောင်းဖြစ်နေတာကိုး"

မလှမေမှာ သမီး မြမြသွင် စိတ်ထိခိုက်သည်ကို သိ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရ၍ သူ့ရင်ထဲတွင် ရှိနေသော ကိုသက်ဝင်းကို ထုတ်ပစ်ရန် ကြိုးစားရတော့မှာပါလား။ ငါ့သမီးလေးတွေ စိတ်မချမ်းသာတဲ့ ဘယ်လိုမျိုးကိစ္စကိုမှ မလုပ်ဘူး။ ကိုသက်ဝင်းကလည်း မိမိကို ဘယ်လိုမှ မချဉ်းကပ်သေးပါဘူး။ မိမိအကျိုးကိုသာ လိုလားပြီး အစွမ်းကုန် ဆောင်ရွက်ပေးနေတာကိုလည်း မိမိအသိဖြစ်သည်။ မိမိရဲ့ မသိစိတ်ကသာ လူ့သဘာဝအရ သာယာမိသည်မှာ အမှန်ပင်ဖြစ်သည်။ မိမိမှာ သမီးလေးတွေ စိတ်ချမ်းသာမှသာ မိမိလုပ်သည့် လုပ်ငန်းစဉ် မှန်မည်ကိုလည်း သိထားသည်။ သို့သော် နလုံးသားအတွင်းက ထွက်ပေါ်လာသည့် မေတ္တာစိတ်ကိုတော့ တားမရပေ။ သူ့မေတ္တာ၊ ကိုယ့်မေတ္တာ နှစ်ဦးသား အပြန်အလှန်သက်ဝင်နေသည်ကို နှစ်ဦးစလုံးအသိပင်ဖြစ်နေသည်။ သို့သော် အခြေအနေက မပေး၍ ခပ်ခွာခွာနေရန် ဆုံးဖြတ်ရလေသည်။

မြမြသွင် မီးဖိုထဲသို့ ဝင်၍ ကော်ဖီဖျော်နေစဉ် ဒေါ်မြသန်းက မနက်က သူတွေ့လိုက်ရသော မြင်ကွင်းကို မြမြသွင်အား ပြောပြလိုက်သည်။ ဒါကြောင့် မြမြသွင်က ဘာမှမပြောတော့ဘဲ သူ့အဝတ်အစားလေးများကို ထည့်၍ ဆေးရုံသို့ ပြန်ဖို့ ပြင်ဆင်ပါတော့သည်။

မလှမေက မြမြသွင်ကို စကားပြောသော်လည်း မြမြသွင်က စကားပြန်မပြောဘဲ အိမ်မှ ထွက်ခဲ့လေသည်။

မလှမေကလည်း သမီးစိတ်ဆိုးသွားသည်ကို သိ၍ နောက်မှ လိုက်ချော့သည့်အနေဖြင့် သမီးလက်ကို ဆွဲလိုက်စဉ် မြမြသွင်က မလှမေကို စိမ်းစိမ်းကြည့်ပြီး…

"မေမေ…သမီးတို့အပေါ် သိပ်ရက်စက်တယ်"

ဟု တစ်ခွန်းသာပြောပြီး ရှေ့သို့ ဆက်သွားစဉ် လိုင်းကားတစ်စီးထိုးဆိုက်လာသဖြင့် ထိုကားပေါ်တက်ပြီး မန္တလေးသို့ ထွက်ခွာလာပါတော့သည်။

*(ရှေ့လ ဆက်လက်ဖော်ပြပါဦးမည်)*

❐

---

မောင်အောင်ဝင်း (တိုင်းရင်းဆေး မိတ္ထီလာ)

# အစာအိမ်လေနှင်ဆေး

ဤဆေးသည် လေနှင့်ပတ်သက်သော ရောဂါ မှန်သမျှ သက်သာပျောက်ကင်းစေနိုင်သော ဆေးတော်ကြီး ဖြစ်ပါသည်။ ဤဆေးကို ဖော်စပ်ပေးသူမှာ ဆရာတော်ကြီး ကော ဒဿမ သာသနာပိုင်ဆရာတော်ကြီးဖြစ်ပါသည်။ ဆရာတော်ကြီးသည် မိတ္ထီလာ ခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ သဖန်းရွာ၊ သူဌေး ကုန်းရပ်ကွက် ဇာတိဖြစ်ပါသည်။ သက်တော် (၁၀၄)နှစ် အထိ သက်တော်ရှည်တော်မူပါသည်။ ဤဆေးနည်းအား စာရေးသူ သည် ဆရာတော်ကြီး၏ မြေးဖြစ်သူ ဆရာဦးကျော်လွင်ထံမှ လက်ဆင့်ကမ်းရယူခဲ့ပြီး အများပြည်သူများ အသုံးပြုနိုင်ရန်မှ တင်ပြရေးသားခြင်း ဖြစ်ပါသည်။

ဆေးနည်းမှာ -

ရှောက်သီး ၁-ပိဿာ

ဆင်တုံးမနွယ် ၁-ပိဿာ

သိန္ဓောဆား ၂၅-ကျပ်သား

ဟင်းခတ်ဆား ၁၀-ကျပ်သား…

တို့ကို စုပေါင်းပြီး အိုးတွင် ရေနစ်မြုပ်အောင် ထည့်ပြီး ကျိုပါ။ နူးနပ်လျှင် ရေမှ ဆေးဖတ်များကို ဆယ်ယူ၍ နေ လှန်းပါ။ ခြောက်သွေ့လျှင် အမှုန့်ပြုပြီး ဆေးသုံးစွဲ၍ ရပါပြီ။ သောက်သုံးရန်မှာ မိမိနှင့် သင့်လျော်စွာ ချင့်ချိန်သုံးစွဲပါ။ လေငန်း၊ လေဖြတ်၊ မိုက်နာ၊ မိုက်အောင့် စသည့် ရောဂါ ဝေဒနာများကို ပျောက်ကင်းစေပါသည်။

❐



www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်တွေ့ အစွမ်းထက်သော ဇလွန်ပြည်တော်ပြန် စမ္ဗုခဏ်ဂါထာ

ရောမြေ ကျော်ဝေ

တစ်နေ့တွင် စာရေးသူ၏ သားကြီး မောင်ဝင်းကိုကိုဦး သမီးချွေးမ မသင်းသင်းအေး၊ မြေးလေး ဖိုးသားခေါ် င်ဘုန်းမြတ်ပိုင်တို့က စာရေးသူနှင့် ဇနီး ဒေါ်မြင့်မြင့်ဌေး၊ လေး မစုလင်းထက်တို့ကို ဇလွန် ပြည်တော်ပြန် သို့ ဘုရားဖူးပို့ပေးကြပါသည်။ ထိုအချိန်တွင် သားငယ် င်သန်းထိုက်ဝင်းက ပုသိမ်သို့ ခရီးသွားနေသဖြင့် မပါခဲ့

စာရေးသူတို့ မိသားစု အိမ်သို့ ပြန်ရောက်သောအခါ ယ် မောင်သန်းထိုက်ဝင်းက ပုသိမ်မှ ပြန်ရောက်လာခဲ့ပြီး အိမ်တွင် အသင့်ရှိနေပါသည်။ ဇလွန် ပြည်တော်ပြန် စမ္ဗုခဏ်ဂါထာတော် စွမ်းကြောင်းကိုလည်း ပြောပြပါသည်။ သားငယ် ပြောပြသဖြင့် စာရေးသူလည်း ဆောင်းပါးရေးရန် အကြံရလာပါသည်။

စာရေးသူ ဝန်ထမ်းဘဝ အသက် သုံးဆယ်အရွယ်က မြစ်ငယ်မှ တွဲပြင်အဖွဲ့များနှင့် ဇလွန်ဘုရားသို့ ပထမဆုံး အကြိမ် ရောက်ခဲ့ဖူးပါသည်။ ဘုရားကြီး၏ ဓာတ်ပုံတော်များကို ဝယ်ယူပြီး အိမ်၏ ဘုရားကျောင်းဆောင်ပေါ်တွင် ကိုးကွယ် ပူဇော်ထားပါသည်။

www.burmeseclassic.com

တစ်နေ့တွင် စာရေးသူ၏ ဦးလေးတော်သူ ဦးအုံးမောင်က သစ်သားချောင်းလေး နှစ်ချောင်းကို သိမ်ပန္နက်သဖွယ် ယူလာပြီး···

"ငါ့တူ ကျော်ဝေကြီး၊ ဒီသစ်သားလေး နှစ်ချောင်းကို ယူထားကွဲ။ သိမ်ပန္နက်တော့ မဟုတ်ဘူး။ ဇလွန်ပြည်တော်ပြန်ဘုရားရဲ့ စမ္ဗုဒ္ဓေဂါထာတော် စုတ်ထားတာကွဲ။ အိမ်မှာ ဆောင်ထားသင့်တယ်။ လယ်တီ ဆရာတော်ကြီး ဦးဓမ္မောဂက စမ္ဗုဒ္ဓေဂါထာတော်(၉၀)ကို အဓိဋ္ဌာန်နဲ့ စုတ်ထားတာကွဲ။ ပရလောကသားတွေ မနှောင့်ယှက်နိုင်ဘူး။ အဆောင်အဖြစ်လည်း သုံးလို့ ရတယ်။ အန္တရာယ်လည်း ကင်းတယ်"

ဟု စာရေးသူကို ပေးပြီး ပြန်သွားပါသည်။

စာရေးသူသည် မီးရထားလိုင်းဝန်းရှိ နေအိမ်ခန်းတွင် နေထိုင်ခဲ့သည်မှာ ကြာလေပြီ။ တစ္ဆေသရဲအခြောက်အလှန့် မရှိခဲ့ပါ။ ဇနီးသည်ကလည်း ဘုရား တရား မြဲပါသည်။

သို့သော် မှတ်မှတ်ရရ ခြံစည်းရိုး ပျက်စီးနေသည့် လမ်းဘေးနှင့် နီးသော ဗာဒံပင်ကြီးတစ်ပင်သည် အိမ်နောက်ဘက်တွင် ကြီးမားစွာ တည်ရှိနေပါသည်။ တစ်နေ့တွင် စာရေးသူသည် စက်ရုံတွင် အလုပ်များသဖြင့် ည ၈နာရီမှ အိမ်သို့ ပြန်ရောက်လာပါသည်။ ဆောင်းရာသီဖြစ်သဖြင့် ဇနီးသည်က ရေနွေးနှင့် ရေအေး စပ်ပြီးချိုးရန် အသင့်ပြုလုပ်ပေးထားပါသည်။ စက်ဆီများ ပေကျံနေသဖြင့် ဆပ်ပြာဖြင့် ချေးများကို ချွတ်နေချိန်တွင် စာရေးသူ၏ ခြံထဲရှိ ဗာဒံပင်ကြီးပေါ်မှ တစ်ဦးတစ်ယောက်က ရေလောင်းချသည့်အသံကို ကြားလိုက်ရပါသည်။ စာရေးသူ ဗာဒံပင်အနီးသို့ သွားကြည့်သော အခါ ရေနှင့် တူသော ရေစ ရေနများကို လုံးဝ မတွေ့ရှိရဘဲ ခြောက်သွေ့၍နေပါသည်။ စာရေးသူ၏ ဇနီးကလည်း···

"အစ်ကို···ဗာဒံပင်ပေါ်က ရေကျသံ ကြားတယ်။ တစ်ယောက်ယောက်ကများ နောက်နေတာလား။ အစ်ကို···အပင်ပေါ်ကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ပါလား"

ဟု ပြောပြီး ဇနီးသည်က ဓာတ်မီးပေးသဖြင့် စာရေးသူက အပင်ပေါ်သို့ ထိုးကြည့်လိုက်သည်။ ဘာမှမတွေ့ရပါ။ စာရေးသူက ဇနီးသည် ကြောက်မည်စိုးသဖြင့်···

"ရေလောင်းချသံ မဟုတ်ပါဘူး။ လေတိုက်သံပါ"

ဟု ပြောလိုက်သော်လည်း ဇနီးသည်က မယုံပါ။

စာရေးသူလည်း ရေချိုး၊ ထမင်းစားပြီး ဦးလေး ဦးအုံးမောင်၏အိမ်ဘက်သို့ လျှောက်သွားပြီး ဦးလေးကို အကြောင်းစုံ ပြောပြသောအခါ···

"ငါ့တူကြီးကလည်း သရဲခြောက်တာ ခက်တာမှတ်လို့၊ မင်းကို ငါပေးထားတဲ့ ဇလွန်ပြည်တော်ပြန် စမ္ဗုဒ္ဓေဂါထာတော် စုတ်ထားတဲ့ ပန္နက်ကလေး နှစ်ချောင်းရှိသားပဲ။ တစ်ချောင်းကို သစ်ပင်ရဲ့ ပင်စည်အလယ်တည့်တည့်ကို ရိုက်ပြီး ဒီသစ်ပင်မှာ ရှိတဲ့ ပရလောကသား အဝေးကို သွားဖို့ ကိုးကြိမ်ပြောပြီး အမြစ်ခြေကို ရေလောင်းပေးလိုက်။ နောက် ဘယ်တော့မှ မလာတော့ဘူး။ ဦးလေး ပြောတာ ငါ့တူ မနက် ၉နာရီမှာ လုပ်လိုက်။ လက်တွေ့ သိလိမ့်မယ်"

ဟု ပြောပါသည်။

ထို့ကြောင့် စာရေးသူလည်း နံနက် ၉နာရီထိုးတာနှင့် သစ်သားချောင်းလေးကို ဗာဒံပင်၏ ပင်စည်ထဲသို့ ရိုက်သွင်းပြီး "ဒီသစ်ပင်က တစ္ဆေ အဝေးသို့ ပြေးစေ"လို့ ကိုးကြိမ် ပြောပြီး အမြစ်ကို ရေတစ်ခွက်လောင်းပေးလိုက်ပါသည်။

နောက်တစ်နေ့တွင် မခြောက်တော့ပေ။ ဘယ်ပြေးပြီး ပြေးလေသည် မသိ။ မှတ်မှတ်ရရ ထိုတစ်ညကတော့ ည ၉နာရီအချိန်မှာ လိုင်းထဲက ခွေးများ မအူစဖူး အအူထူးတာ ကိုတော့ စာရေးသူ သတိထားမိလိုက်ပါသည်။

လွန်ခဲ့သော အနှစ် သုံးဆယ်ကျော်အရွယ်က ကိုယ်တွေ့ ဖြစ်ရပ်ကလေးပါ။ ယခု ဗာဒံပင်ကြီးလည်း မရှိတော့ပါဘူး။ နောက်လူတို့က ထင်းအဖြစ် သုံးလိုက်ကြလို့ ပျောက်သွားပါပြီ။ စာရေးသူ ပင်စင်ယူသည့်အချိန်အထိ ဗာဒံပင်က ခြောက်လှန့်ခြင်း မပြုတော့သည်မှာ အမှန်ပင်။ ကိုယ်တွေ့ မို့ ယုံကြည်ခဲ့ရသော ဇလွန် ပြည်တော်ပြန် စမ္ဗုဒ္ဓေဂါထာ၏ အစွမ်းထက်ပုံ ဖြစ်ပါသည်။

ဘုရားရှင်၏ တရားတော်၊ ဂါထာတော်များသည် ဗုဒ္ဓဘာသာယုံကြည်သူတို့အတွက် အနည်းနှင့် အများ အကျိုး ပေးသည်မှာ အမှန်ပင် ဖြစ်ပေသည်။ ဇလွန် ပြည်တော်ပြန် စမ္ဗုဒ္ဓေဂါထာတော်ကြီးမှာ -

ဣတိပိ ပိဋ္ဌ ကတ္တယံ၊ အနိစ္စံ ဒုက္ခံ အနတ္တာ
သတ္တဗောဇ္ဈင်္ဂေ။ အင်္ဂုလိကော၊ မင်္ဂလစတု၊
သတိပဋ္ဌာန်၊ သမ္ဗုဒ္ဓ ဣန္ဒြော၊ သဟာသ၊
သူရိယော၊ ကြောင်း နမော၊ မေတ္တာနံ၊
ရာဇဘယံ၊ စောရာဘယံ၊ ဥဒကာဘယံ၊
အဂ္ဂိဘယံ၊ သတ္တဘယံ၊ သဗ္ဗဘယံ၊
ဇေယျော၊ ဇေယတု၊ မင်္ဂလံ၊ အနိစ္စံ သင်္ခါ
ပဋိစ္စ သမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ
နိရောဓ ဓမ္မံ၊ ခမတိ။ ။

□



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆-နိုဝင်ဘာလအတွက်

# ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ခေတ္တရာ ဆရာကျော်

ဒီစာမျက်နှာဟာ စာဖတ်သူများအတွက် အကြံပြု စာမျက်နှာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ မှန်တိုင်းထတဲ့အခါ ...အိမ်မြှောင်က တောင်နှင့် မြောက် လမ်းညွှန်ပြသလို၊ ဘဝအစိတ်အပိုင်းကို တစ်ထောင့် တစ်နေရာက ပံ့ပိုးမှာ ...တယ်။

"ဘာမှမသေချာ၊ မရေရာသော လောကကြီးထဲတွင် ပညာသည်သာ ရတနာအစစ်ဖြစ်ပေသည်။"

## ၂၀၁၆၊ နိုဝင်ဘာလ စန်းပွင့်ရက်များ

အထက်ဖော်ပြပါ ဇယားအတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြထားခြင်းဖြစ်သည်။ ...နေ်သည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရရာသီများတွင် ... တောင်အရပ် စန်းပွင့်သည်။ တူ၊ ကုမ်၊ မေထုန်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊

| | |
|---|---|
| ၁၊ ၂၊ ၁၀၊ ၁၁၊ ၁၉၊ ၂၀၊ ၂၈၊ ၂၉၊ ၃၀ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၃၊ ၄၊ ၅၊ ၁၂၊ ၁၃၊ ၂၁၊ ၂၂ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၆၊ ၇၊ ၁၄၊ ၁၅၊ ၁၆၊ ၂၃၊ ၂၄၊ ၂၅ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၈၊ ၉၊ ၁၇၊ ၁၈၊ ၂၆၊ ၂၇ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |

...မိန်ရာသီတွင် ရှိပါက မြောက်အရပ် စန်းပွင့်၏။ ဉာဏ်ရှိသလို သုံးစွဲနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ရတနာ

အဖြူရောင်နှင့် အနီရောင်ကျောက်များကို တစ်လလုံး ဆောင်ပါ။ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ပါလိမ့်မည်။

## အကြံပြုယတြာ

ဤတစ်လလုံး အောက်ပါ ယတြာကို လုပ်ဆောင်ပါ။

**တနင်္ဂနွေသားသမီးတိုင်းသည်** မေမြို့ပန်း (၁)ပွင့်၊ အုန်းပန်း (၁)ညွန့်၊ သပြေ (၁)ညွန့်၊ အားလုံးပေါင်း၍ ပန်းအိုးတွင် ထိုး၍ ရေအပြည့်ထည့်ကာ နေအိမ်ရှိ ဘုရားတွင် လိုရာ ဆုတောင်း၍ လှူပေးထားပါ။ သမ္ဗုဒ္ဓေဂါထာတော်ကို (၁၀၈)ခေါက် ကိုးရက်ဝင်ပေးပါ။

**တနင်္လာသားသမီးတိုင်းသည်** သပြေ(၂)ညွန့်၊ ကံ့ကော်(၂)ညွန့်၊ အားလုံးပေါင်းကို ရေအပြည့်ထည့်ထားသော ပန်းအိုးတွင် ထိုး၍ နေအိမ်ရှိ ဘုရားတွင် လိုရာ ဆုတောင်း၍ လှူပေးထားပါ။ သမ္ဗုဒ္ဓေဂါထာတော်မြတ်ကို ကိုးရက်တိုင် တစ်ကြိမ် သက်စေ့အခေါက်ရေ ရွတ်ပွားပူဇော်ပါ။

**အင်္ဂါသားသမီးတိုင်းသည်** ဇွန်း(၃)ညွန့်၊ ဆီး(၃)ညွန့်၊ သပြေ(၃)ညွန့်၊ အားလုံးပေါင်း၍ ရေအပြည့်ထည့်ထားသော ပန်းအိုးတွင် ထိုး၍ နေအိမ်ရှိ ဘုရားတွင် လိုရာ ဆုတောင်း၍ လှူပေးထားပါ။ သမ္ဗုဒ္ဓေဂါထာတော်ကို (၁၀၈)ခေါက် ကိုးရက် ရွတ်ပွားပူဇော်ပါ။

**ဗုဒ္ဓဟူးသားသမီးတိုင်းသည်** အုန်း(၄)ညွန့်၊ ရွက်လှ(၄)ညွန့်၊ သပြေ(၄)ညွန့်ကို အားလုံးပေါင်း၍ ရေအပြည့်ထည့်ထားသော ပန်းအိုးတွင် ထိုး၍ နေအိမ်ရှိ ဘုရားတွင် လိုရာ ဆုတောင်း၍ လှူပေးထားပါ။ သမ္ဗုဒ္ဓေဂါထာတော်ကို တစ်ထောင်ပြည့်အောင် ကိုးရက် ရွတ်ပွားပူဇော်ပါ။

**ကြာသပတေးသားသမီးတိုင်းသည်** ကံ့ကော်(၅)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ သပြေ(၅)ညွန့်ကို အားလုံးစုပေါင်း၍ ရေအပြည့်ထည့်ထားသော ပန်းအိုးတွင် ထိုး၍ နေအိမ်ရှိ ဘုရားတွင် လိုရာ ဆုတောင်း၍ လှူပေးထားပါ။ သမ္ဗုဒ္ဓေဂါထာတော်ကို (၁၀၈)ခေါက် ကိုးရက် ရွတ်ပွားပူဇော်ပါ။

**သောကြာသားသမီးတိုင်းသည်** ဆီး(၆)ညွန့်၊ သပြေ(၆)ညွန့်ကို အားလုံး စုပေါင်း၍ ရေအပြည့်ထည့်ထားသော ပန်းအိုးတွင် ထိုး၍ နေအိမ်ရှိ ဘုရားတွင် လိုရာ ဆုတောင်း၍ လှူပေးထားပါ။ သမ္ဗုဒ္ဓေဂါထာတော်ကို သက်စေ့ ကိုးရက် ရွတ်ပွားပူဇော်ပါ။

**စနေသားသမီးတိုင်းသည်** ရွက်လှ(၇)ညွန့်၊ ဇွန်း(၇)ညွန့်၊ သပြေ(၇)ညွန့်ကို အားလုံး စုပေါင်း၍ ရေအပြည့်ထည့်ထားသော ပန်းအိုးတွင် ထိုး၍ နေအိမ်ရှိ ဘုရားတွင် လိုရာ ဆုတောင်း၍ လှူပေးထားပါ။ သမ္ဗုဒ္ဓေဂါထာတော်ကို (၁၀၈) ခေါက် ကိုးရက် ရွတ်ပွားပူဇော်ပါ။

## အကြံပြုချက်

ဤလတွင် ခုနစ်ရက်သားသမီးအားလုံး ကံကောင်းရန် မနက်မိုးလင်းသည်နှင့် အိမ်ရှေ့ရှိ မျက်နှာစာ မြေကြီး၌ ရေဖျန်းပေးပါ။ ရေဖျန်းနေစဉ် ခုနစ်ရက်သားသမီးအားလုံးကို မေတ္တာပို့ပါ။


ခုနစ်ရက် သားသမီးများအားလုံး အင်္ဂါ/တနင်္ဂနွေနေ့တို့တွင် တစ်ပတ်တစ်ကြိမ် တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပေးပါ။ ခေါင်းလျှော်နေစဉ် တတ်နိုင်သရွေ့ သမ္ဗုဒ္ဓေရွတ်ဆိုပါ။

❐



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဒါန

ထီးလိုမင်းလိုဘုရားရှိ ရုပ်ပွားတော်

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ

www.burmeseclassic.com


www.burmeseclassic.com

# သတင်းပုံရိပ်များ

မောင်ဝေအေး


ဒီတစ်ပတ် သတင်းပုံရိပ်များကိုတော့ စိတ်မကောင်း ခြင်း၊ ဝမ်းနည်းတသဖြစ်ခြင်းများစွာနဲ့ ရေးသားလိုက်ရပါတယ်။

(၂၄-၈-၂၀၁၆)နေ့တွင် လှုပ်ခတ်သွားခဲ့သော ငလျင်ကြောင့် ရှေးဟောင်း ယဉ်ကျေးမှုလက်ရာများ စုဝေးတည်ရှိရာ ပုဂံဘုရားများ ပြိုပျက်မှုမြင်ကွင်းများကို ဖော်ပြပေးမှာဖြစ်ပါတယ်။



ပုဂံဘုရားများဟာ အခုတစ်ကြိမ်တည်း ငလျင်ဒဏ်ကို ခံခဲ့ရတာ မဟုတ်ပါဘူး။ ၁၉၇၅ ခုနှစ်၊ ဇူလိုင်လ ၈ရက်နေ့မှာ လှုပ်ခဲ့တဲ့ ငလျင်ဒဏ်ကိုလည်း ခံခဲ့ရပါသေးတယ်။ အဲဒီ ၁၉၇၅ ခုနှစ်က ငလျင်ကြောင့်ပဲ စေတီပုထိုးများ ၉၀ ရာခိုင်နှုန်းလောက် ပျက်စီးခဲ့ပါသေးတယ်။

အခုတစ်ခါ လှုပ်ခတ်ခဲ့တဲ့ ငလျင်ကတော့ နောက်ဆုံးသတင်းအရ စေတီ ပုထိုးပေါင်း (၃၀၀)နီးပါး ပြိုပျက်ခဲ့တယ်လို့ သိရပြန်ပါတယ်။ ပြိုပျက်တာတွေအားလုံးဟာ ရှေးအရင်က ပျက်စီးပြီးသားအခြေအနေကို စစ်အစိုးရခေတ်မှာ အမိန့်နဲ့ လက်ပူတိုက်ပြီး ပြင်ဆင်ခဲ့ကြပါတယ်။ အဲဒီလို ပြင်ဆင်အသစ်မွမ်းမံမှုတွေကြောင့်ပဲ ယူနက်စကိုက ကမ္ဘာ့ရှေးဟောင်း ယဉ်ကျေးမှုဇုန်အဖြစ် သတ်မှတ်ဖို့ ခွင့်မပေးခဲ့ပါဘူး။ နဝတ၊ နအဖ(စစ်အစိုးရ)လက်ထက်မှာ ပြုပြင်အသစ် မွမ်းမံခဲ့တာတွေအားလုံးကို အခု ငလျင်က ဖြိုချလိုက်သလိုပါပဲ။ ယခင် ရှေးဟောင်း လက်ရာတွေအတိုင်း ကျန်နေရစ်အောင် ငလျင်က ဖြိုပြလိုက်လေသလား မသိပါ။



ဆူးပြဂူဘုရား ခေါင်းရစ်ထိပြိုကျပျက်စီး

ဖြစ်သလို၊ ကြုံသလို လက်ပူတိုက် ပြင်ဆင်မွမ်းမံခဲ့ကြလို့ ရှေးဟောင်းလက်ရာတွေ ဖုံးအုပ်ခံရသလိုပဲ။ ပြိုကျပျက်စီးတဲ့အထဲမှာ ဝါးနဲ့ ပလတ်စတစ်ပိုက်တွေနဲ့ ဖြစ်သလို လုပ်ထားခဲ့ကြတာတွေကိုလည်း တွေ့မြင်ကြားသိကြမှာပါ။

ငလျင်ဒဏ်ခံပြီးစ ပုဂံဘုရားများအခြေအနေကို ရနိုင်သမျှ ရှာဖွေတင်ပြပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




လောကနန္ဒာဘုရားစိန်ဖူးတော်မြေခ
မဏ္ဍိုင်ကောက်



စိုးမင်းကြီး ဘုရားနှင့် ဘုန်းကြီးကျောင်းပုရာမ်ပုဂံ ရှိရာ
စိုးမင်းကြီးဘုရား စေတီတော်ဘက်နှင့် အနောက်ဘက် ပြိုကျမှု၊
ငှက်ပျောဖူးအောက်ခြမ်းကွဲအက်ပြ... See more







www.burmeseclassic.com

www.burmeseclassic.com



ကျော်မိုးလွင် (ဝါးခယ်မ)

# ပေါက်ကွဲသံစဉ် မကြားချင်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဗေဒင်ပညာကို လေ့လာမိသောအခါ အမတ်ကြီး ဦးပေါ်ဦး၊ အယူတော်မင်္ဂလာ ဦးနိုးတို့၏ နိမိတ်ကောက်ယူပုံကို သဘောကျမိရသည်။ ကိုယ်တိုင်လည်း ထိုပညာကို စမ်းသပ်ကြည့်မိခဲ့ရ၏။

ရှေးဦးစွာ ကွယ်လွန်သွားပြီဖြစ်သော မိတ်ဆွေကြီး ဦးလှသိန်းအကြောင်းကို တင်ပြလိုပါသည်။

ထိုစဉ်က ဦးလှသိန်းမှာ အသက် သုံးဆယ်ကျော်ဝန်းကျင်ရှိမည်ဟု ခန့်မှန်းရပါသည်။

ပါတီကောင်စီခေတ်က လမ်းစဉ်လူငယ် ဘင်ခရာတီးဝိုင်းအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။ တစ်ရပ်တည်းနေ မောင်သိုက်(ယခုအခါ ဦးသိုက်ထွန်း-စွမ်းအင်ဝန်ကြီးဌာန)ကို အကြောင်းပြု၍ ဦးလှသိန်းနှင့် အသိအကျွမ်းဖြစ်ခဲ့ရပါသည်။ ထိုစဉ်က မောင်သိုက်မှာ လမ်းစဉ်လူငယ် ဘင်ခရာတီးဝိုင်း ခေါင်းဆောင်ဖြစ်ပါသည်။

ကိုလှသိန်းမှာ အရပ် ၆ပေနီးပါးရှိ၍ အသားညိုသူ တစ်ယောက်ဖြစ်ပါသည်။ သူနှင့် စတင်ဆုံတွေ့စဉ်က အသက် သုံးဆယ်ဝန်းကျင်ဖြစ်ပြီး၊ ယခု ပြန်ဆုံအတွေ့တွင်ကား သုံးဆယ်ကျော်ဝန်းကျင်ဖြစ်သောကြောင့် ကွာဝေးခဲ့သော နှစ်ဆယ်နှစ်ကျော်ကျော်အတွင်း ကိုလှသိန်း ဘာလုပ်နေသည်ကို ကျွန်ုပ် မသိရပါ။

သူက ကျွန်ုပ် ဗေဒင်ဟောသည်ကို သိ၍ ကျွန်ုပ်ကို လှမ်းခေါ်ရာမှ ပြန်ဆုံတွေ့ရခြင်းဖြစ်ပါသည်။

ဝါးခယ်မမြို့ ကမ်းနား ဝီရာဝတီသဘော်ဆိပ်ရှေ့နား တွင် ဆိုက်ကားဂိတ်ရှိပါသည်။ ဦးလှသိန်းက ဆိုက်ကားတစ်စီး ၏ ဘား ရှေ့ခုံတွင် ဝင်ထိုင်လိုက်ပါသည်။

"ဖောင်း…"

ပေါက်ကွဲသံကြီး ပေါ်ထွက်လာခဲ့သည်။ ကျွန်ုပ် လန့်သွားပြီး ဆိုက်ကားအနီးမှ ခုန်၍ပင် ရှောင်လိုက်မိပါသည်။

"ဒီနေ့က တွတ်ပီတို့ ကံဆိုးပြီ"

ဆိုက်ကားဆရာက ပေါက်သွားသော သူ့ဆိုက်ကားဘီး ကို ကြည့်ပြီး မြိုင်ရာဇာ တွတ်ပီညည်းနှင့် ညည်း၍ပြော လိုက်သည်။

"တစ်စီးပျက်၍ တစ်စီးပြောင်းစီးရပြီ၊ အတိတ်၊ နိမိတ်၊ ကောင်း၊ စနည်းကို လေ့လာနေသော ကျွန်ုပ်ကား ဦးလှ သိန်း လာခေါ်သော အကြောင်းရင်းကို တွေးမိပြီး သက်ပြင်း ချမိသည်။

အနိဋ္ဌ နိမိတ်လေလား။

◈◈◈

စာရေးကုန်းရပ်ကွက်။

ပျဉ်ထောင် သွပ်မိုးအိမ်လေးတစ်အိမ်၏ ရှေ့တွင် ဦးလှသိန်းနှင့် ကျွန်ုပ် စီးလာသော ဒုတိယ ဆိုက်ကား ရပ်လိုက်သည်။

နိမိတ်တဘောင် အစွမ်းပြလေပြီ။

ဦးလှသိန်း အဓိက မေးလာသည့်ကိစ္စကား အပြောင်းအရွှေ့ကိစ္စပင် ဖြစ်နေခဲ့၏။ ဦးလှသိန်းက အစိုးရဌာနကြီးတစ်ခုမှ အပြစ်နှင့် ပြုတ်လာသူတစ်ဦး ဖြစ်နေသည်။ အလုပ်တစ်ခု ကူးပြောင်းလုပ်ရန် အစီအစဉ်ရှိ၍ ကျွန်ုပ်အား ခေါ်ယူ ဗေဒင် မေးခြင်းပင် ဖြစ်ပါတော့သည်။

နိမိတ်က ဆိုက်ကားဘီး ပေါက်ကွဲ၍ နောက်ဆိုက် ကားတစ်စီး ပြောင်းစီးရသည်ကို ပြခဲ့ပြီးဖြစ်သည်။

ကျွန်ုပ်က ဦးလှသိန်း၏ မွေးသက္ကရာဇ်ကို မေး၍ တွက် ကြည့်လိုက်သောအခါ ဗေဒင်နည်းစနစ်အရ ပြောင်းရွှေ့ခြင်း ပင် ပြနေသည်ကို ထူးခြားစွာ တွေ့ရပါတော့သည်။

"အဲဒီလို ပြောင်းရွှေ့ရင် ကောင်းမလား ဆရာစိုး"

"ဘယ်လိုပြောင်းရွှေ့ချင်တာလဲ။ ဆိုကြပါစို့ဗျာ။ ကုန်းလမ်းကိစ္စလား၊ ရေလမ်းကိစ္စလား"

ဗေဒင်သဘောအရ ရေဂြိုဟ်များ ပျက်နေ၍ ကျွန်ုပ်က မေးလိုက်ခြင်းပင် ဖြစ်ပါသည်။

"ငါးဖမ်းသင်္ဘောလိုက်မလို့ပါ"

ငါးဖမ်းခြင်းသည် ရေထဲကိစ္စပင် ဖြစ်နေတော့သည်။ ကျွန်ုပ်က တွက်ချက်ကြည့်၍ သိသည့်အတိုင်းပင် ဦးလှသိန်း အား ပြောပြလိုက်ပါသည်။

"ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ဗျာ။ ရေနဲ့ ဆက်စပ်နေတာမို့ ခင်ဗျားအတွက် အသက်အန္တရာယ်စိုးရိမ်ရတယ်။ မလိုက်သင့်ဘူးဗျာ"

ကျွန်ုပ်က လေ့လာထားသော ဗေဒင်နည်းအရ ပြောလိုက်ပါသည်။ လိုက်နာခြင်း၊ မလိုက်နာခြင်းကား မေးသူနှင့်သာ ဆိုင်တော့သည်။

◈◈◈

တစ်နေ့တွင် စာရေးကုန်းရပ်ကွက်ဘက်မှ ဗေဒင်ကြည့်ရန် ကျွန်ုပ်အား လာခေါ်ပြန်၏။

သို့ဖြင့် စာရေးကုန်းလမ်းထောင့်သို့ အရောက်တွင် မမျှော်လင့်ဘဲ နိမိတ်တဘောင်ရပြန်လေသည်။ အိမ်တစ်အိမ်မှ ပြောဆိုသံ ပျံ့လွင့်လာခြင်းဖြစ်သည်။

"ညက ကြောင်လေး မိနီ ကလေးမွေးတယ်။ အထီးတစ်ကောင်၊ အမတစ်ကောင်မွေးတာ။ အထီးလေးက သေ



www.burmeseclassic.com

www.burmeseclassic.com

သွားတယ်"

ကျွန်ုပ်ကြားရသည့် အသံနိမိတ်တဘောင်က ပျက်စီးခြင်းသဘောပင် ဆောင်နေပါတော့သည်။ အထီး၊ အမ တစ်စုံမှ တစ်ကောင်ပဲထွက်သွားခြင်းပင် ဖြစ်ပါသည်။

ဗေဒင်မေးသူ၏ အိမ်က သွပ်မိုး၊ ပျဉ်ထောင်အိမ်ဖြစ်ပါသည်။ ဗေဒင်မေးသူက အိမ်ရှင်မဟုတ်။ ဧည့်သည် မိန်းကလေးတစ်ဦးဖြစ်သည်။ တစ်ဆယ့်ရှစ်၊ တစ်ဆယ့်ကိုးဝန်းကျင်ပင်ဖြစ်သည်။ အသားလတ်၍ ကြည့်ပျော် ရှုပျော်ဖြစ်သည်။ ရွှေ စိန် ဆင်ယင်ထားသည်။

"သမီးကို မထောက်မညှာဘဲ တွေ့တဲ့အတိုင်း ဟောပါ ဆရာရယ်။ ဉာဏ်ပူဇော်ခကို ဆရာတောင်းသလောက် ပေးပါ့မယ်"

သွက်လက် ချက်ချာ ရဲတင်းသည်ဟု ဆိုရပါမည်။ မိန်းကလေး၏ စိတ်ဓာတ်ခိုင်မာမှုကို ကျွန်ုပ် အသိအမှတ်ပြုကာ ခေါင်းညိတ်ပြလိုက်ရပါသည်။

"ဆရာက အဟောခံရသူ အလိုကျ ဟောတဲ့ ဆရာမဟုတ်ပါဘူး။ သတ်မှတ်ထားတဲ့ ဉာဏ်ပူဇော်ခထက်လည်း ပိုမတောင်းပါဘူး။ သမီးဘက်ကသာ ဆရာ့ပြောစကားကို လိုက်နာဖို့ လိုပါတယ်"

သို့ဖြင့် မိန်းကလေး၏ မွေးသက္ကရာဇ်ကို မေး၍ တွက်ကြည့်လိုက်ရာ ကြောင်နိမိတ်အတိုင်း ဖြစ်နေပါတော့သည်။

သေကွဲ။ ပြန်ဆုံစရာမရှိလျှင် သေကွဲ ကွဲသလိုပင် ခံစားရမည်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်က တွေ့ရှိသည့်အတိုင်း ချစ်ကြိုက်ကွဲ ဇာတ်လမ်းကို ခင်းပြလိုက်သည်။

မိန်းကလေး၏ မျက်နှာတွင် အရောင်အသွေးတွေ ပြောင်းကုန်သည်။ မည်မျှပင် စိတ်ခိုင်သည် ပြောပြော၊ တစ်ထောင့်ငါးရာ မေတ္တာ၏ ထိုးနှက်ချက်က ပြင်းထန်လှသည်။

"ဆရာပြောတာတွေ မှန်ပါတယ်။ သမီးတို့ ရန်ကုန် ဘော်ဒါဆောင်တစ်ဆောင်မှာ တွေ့ပြီး ချစ်ကြိုက်ခဲ့ကြတာပါ။ သမီး ဒီကို ရောက်တော့ ကြားပြီးပါပြီ။ သစ္စာပျက်သူတို့ ဇာတ်လမ်းပေါ့"

မိန်းကလေး၏ ငိုရှိုက်ရင်းပြောသံက ကဗျာပင် ဆန်နေပါတော့သည်။

အတင့်ရဲလှသည့် မိန်းကလေး။ မသူတော်နှင့် တွေ့ပါက မခက်ပါလား။

ကျွန်ုပ်ကား စာရေးဆရာ၊ ဗေဒင်ဆရာဖြစ်၍ မိန်းကလေး၏ နောက်ကြောင်းကို ပြန်လှည့်ရန် တိုက်တွန်းလိုက်ရတော့သည်။

မိန်းကလေးရဲ့ ဇာတိက ရန်ကုန်။

ကောင်ကလေးက ဝါးခယ်မအပိုင် ရွှေလောင်းမြို့နား... က ရွာမှ။ အဆင်မပြေလှ။

နောက် ကျွန်ုပ် တစ်ခန်းရပ် ပြဇာတ်များ ရေးခဲ့သည်... ကားလိပ်ချရန်ပင် ဖြစ်ပါတော့သည်။

◈◈◈

ကျွန်ုပ် စာရှုသူများအား ကျွန်ုပ်၏ ဗေဒင်ပညာ... အဖြစ်မှန် ဖော်ထုတ်ပုံကို တင်ပြလိုပါသည်။

ဆိုက်ကား ဘီးပေါက်ကွဲခြင်းဖြင့် နိမိတ်ထင်လာသော... ဦးလှသိန်း။

ငါးဖမ်းသဘော် လိုက်သည်၊ မလိုက်သည်ကို ကျွ... မသိပါ။

နှစ်များစွာအကြာတွင်တော့ ဝါးခယ်မ-ကျုံတိုင် ... သော နံ့တူသဘော်ပေါ်မှ တစ်ပါးသူ၏ လုပ်ကြံခြင်း ခံ... ရေထဲကျပြီး သေသွားကြောင်း အနိဋ္ဌသတင်း ထွက်ပေါ်... ပါသည်။

ကျွန်ုပ် ကြားပြီး စိတ်မကောင်းဖြစ်ရသည်။ ဆိုက်... ဘီးပေါက်ကွဲသံက နားထဲမှာ ဆူညံစွာ ကြားလာခဲ့ရ... ရေစီးသံကိုကား နားမထောင်ဝံ့တော့ပါ။

◈◈◈

တစ်ကောင်ပဲ၊ တစ်ကောင်တင်၊ ကြောင်နိမိတ်... လာသော မိန်းကလေး။

တနင်္လာ-အင်္ဂါ ပူးတွဲအဆိုးဒဏ်ကို ခံသွား... မိန်းကလေး။

ကျွန်ုပ်နှင့် ပြန်အတွေ့တွင် သူ့သဘော သူ... ကျွန်ုပ်အား ကန်တော့လာသည်။

"သမီး မိုက်မိုက်မဲမဲ ကြိုးစားကြည့်သေးတယ် ... ဒါပေမယ့် ဆရာရယ် မကြင်လို့ စိမ်းတာပဲ။ ရှောင်တိ... တာ မဆန်းပါဘူး။ အခုတော့ သမီး ဘွဲ့ရပြီး မိဘ... စားတဲ့ မန္တလေးသားနဲ့ ယူလို့ သမီးလေးတောင် ရ...

ဟု ပြောလာသည်။

တွေ့စက မမှတ်မိ။ ကောင်မလေးက သရုပ်... ပွင့်နီးပါး ဝနေသည်။

လူ့ဘဝကား တိုတောင်းလှသည်။ တွေ့ ကြ... ကွဲ ဇာတ်လမ်းများကား ကျွန်ုပ် စာရေးနိုင်သရွေ့ ... နေရမည်ဖြစ်ပါတော့သည်။

□




www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းထက်သော နဂါးမောက်သီး

အောင်ဘုန်းမြင့် (ကချင်မြေ)



## နဂါးမောက်ပင်

ဆေးဖက်ဝင်သော နဂါးမောက်ပင်များ၏ မူရင်းအမိမြေ [illegible] [illegible]ဝိန်တို့၏ ကိုလိုနီဖြစ်ခဲ့သော တောင်နှင့် အလယ်ပိုင်း [illegible]ကတိုက်ဒေသများ ဖြစ်လေ၏။ နဂါးမောက်ပင်ကို [illegible]သာဖြင့် Pitaya ဟု မှည့်ခေါ်ကြပြီး အင်္ဂလိပ်ဘာ[illegible] အပင်ကို Dragon Fruit Tree ၊ အသီးကို Dragon [illegible] [illegible]သီးပင်၊ နဂါးသီးဟူ၍ ခေါ်ကြလေသည်။

[illegible]အမောက်နှင့် အလွန်တူသော အသီးမျိုးဖြစ်သော [illegible] မြန်မာတို့က နဂါးမောက်သီးဟု အလွယ်တကူခေါ်ဆိုကြလေ၏။ နဂါးမောက်သီးပင်၏ အပင်၊ အပွင့်၊ အသီး အစရှိသော ပဥ္စင်းပါးစလုံးသည် Anti Oxidant တစ်ပါးဖြစ်သော Lycopene ဓာတ်ပါဝင်ထားသဖြင့် ကျန်းမာရေးအတွက် အားထားရသော အသီးမျိုးဖြစ်သည်။

နဂါးမောက်ပင်သည် ရှားစောင်းနွယ်ဝင်မျိုးဖြစ်ပြီး Cactaceae အပင်မျိုးရင်းထဲတွင် ပါဝင်၏။ ရေငတ်ဒဏ်ကို အတူးခံနိုင်ရည်ရှိသော သီးပင်မျိုးဖြစ်သောကြောင့် မြန်မာနိုင်ငံရာသီဥတုနှင့် လွန်စွာ သင့်မြတ်လှ၏။ တိုင်ထူ၍ စိုက်ပျိုးယူရသော အပင်မျိုးဖြစ်သော်လည်း ကပ်ပါးနွယ်ပင်မျိုး မဟုတ်



www.burmeseclassic.com

www.burmeseclassic.com





ပါ။ အပူဒဏ်ကို ၄၀ စင်တီဂရိတ်ထိ ခံနိုင်စွမ်းရှိပြီး အသင့်တော်ဆုံး အပူချိန်မှာ ၂၀ မှ ၃၀ ဒီဂရီစင်တီဂရိတ်အတွင်းဖြစ်သည်။

အပူပိုင်းဒေသ အပင်မျိုးဖြစ်သောကြောင့် အအေးဒဏ်မြင့်မားခြင်းကို ခံနိုင်ရည် နည်းကြ၏။ တစ်နှစ် ပျမ်းမျှ မိုးရေချိန် ၆၀၀ မှ ၁၂၀၀ မီလီမီတာအတွင်း ရေရရှိပါက အထူးရှင်သန်နိုင်သော အပင်မျိုးဖြစ်သည်။ နဂါးမောက်ပင်များ၏ ထူးခြားချက်မှာ နေ့အချိန်၌ အစာဖြို့ခွဲမှု မပြုဘဲ ပန်းပွင့်များ အနားယူ ငုံနေတတ်ပြီး ညအချိန်ရောက်မှ ပန်းများ ဝေဝေဆာဆာပွင့်၍ အစာဖြို့ခွဲမှု ပြုတတ်ခြင်းဖြစ်၏။ ထို့ကြောင့် အပူဒဏ်ခံနိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။ ပူတာအိုမြို့နယ်ကဲ့သို့ ရာသီဥတုအလွန်အေးသော ဒေသများမှလွဲ၍ စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။

အာရှတိုက်တွင် နဂါးမောက်ပင် အများဆုံး စိုက်ပျိုးထုတ်လုပ်သော နိုင်ငံသည် တရုတ်နိုင်ငံဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများသို့ ရှေးဦးစွာ တင်သွင်း စိုက်ပျိုးခဲ့သော နိုင်ငံမှာ ဗီယက်နမ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအတွင်းသို့ သက္ကရာဇ် ၂၀၀၀ပြည့်နှစ်ရောက်မှ စတင်ဝင်ရောက်လာခဲ့သော နဂါးမောက်ပင်များသည် ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာတို့ နှစ်သက်သော ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ပေါ်ပြူလာအသီးဖြစ်လာခဲ့ခြင်းဖြစ်လေ၏။

နဂါးမောက်ပင်များသည် ပန်းပင်များကဲ့သို့ စွဲမက်စရာကောင်းလောက်အောင် လှပနေသော အပင်မျိုးဖြစ်သောကြောင့် ခြံနှင့် ဝန်းနှင့် နေထိုင်သူများ၊ အိမ်ဝန်းရှေ့ မြေပိုရှိသူများက ဝင်ငွေကောင်းသော ပန်းအလှပင်များအဖြစ် အခြား သီးပင်ပန်းမန်များနှင့် ရောနှောစိုက်ပျိုးထားတတ်ကြ၏။

### နဂါးမောက်သီး

အရောင်အဆင်းလှပပြီး ဆေးဖက်ဝင် အရသာရှိသော နဂါးမောက်သီးများသည် မြန်မာတို့အတွက် ခေတ်မီ အသ အဆန်းအစားအစာမျိုးဖြစ်သော်လည်း နှစ်သက်စွာ စား လျက် ရှိကြ၏။ ဧပြီ၊ မေတွင် အဖူးအငုံစတင်တတ်ပြီး ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် အသီးလှိုင်လှိုင်သ များတတ်၏။ အောက်တိုဘာလထဲတွင် အထွက်နှုန်းလျော့ ကျသွားပြီး နိုဝင်ဘာလရောက်လျှင် အသီးတုံးသွားတတ် သည်။

မိုးရာသီပေါ် အသီးမျိုးဖြစ်သောကြောင့် မိုးရာသီရောက် လျှင် ပေါပေါများများ စားသုံးနိုင်၏။ စားသုံးလာသူများ တစ်နေ့ တခြား တိုးပွားလာသဖြင့် မြန်မာနိုင်ငံအနှံ့အပြား သစ်သီး ဈေးကွက်များ၌ အရောင်းအဝယ်သွက်လက်ပြီး မျက်နှာပန် လုစေသော အသီးမျိုးဖြစ်သည်။

နဂါးမောက်သီး၏ အခွံသည် ပန်းရင့်ရောင်၊ ပန်းနီရောင် အနီရောင်များ ဖြစ်တတ်ပြီး အတွင်းသားသည် ပုစွန်ဆီရောင် အဖြူရောင်၊ အဝါရောင်၊ အနီရောင်ဟူ၍ အရောင်အမျိုးမျိုး ကွဲပြားလေ၏။ အတွင်းသားနှင့်အတူ ဝါးစား၍ရသော အနက် ရောင်အစေ့ငယ်များ ပါဝင်ပြီး အချိုဓာတ်နည်းပါးသဖြင့် လူတိုင်းစားသုံးရန်သင့်သော ဓာတ်စာသီးဖြစ်သည်။ နဂါးမောက် သီးတွင် ပရိုတိန်းဓာတ်၊ ကယ်ရိုးတင်းဓာတ်၊ Fiber အမျှင် ဓာတ်၊ ကယ်လစီယမ်သတ္တုဓာတ်၊ သံဓာတ်၊ ဗီတာမင်ဘီ ဓာတ်နှင့် ဗီတာမင်စီဓာတ်များ ပေါများစွာ ပါဝင်သည်။

နဂါးမောက်သီးတွင် ပါဝင်သော ဆေးစွမ်းအာနိသင်များ ကြောင့် ဆီးချို-သွေးချိုရောဂါ၊ အစာအိမ်ရောဂါ၊ ဆီး ရောဂါ၊ သွေးတိုး-သွေးကြောကျဉ်းရောဂါ၊ ကင်ဆာရော ချောင်းဆိုးရင်ကျပ်ရောဂါများကို လျော့နည်းသက်သာ ချမ်း ရစေသည်။ အတွင်းသားအရောင် လေးမျိုးရှိသည့်အနက် အနီရောင်အသီးသည် ဆေးစွမ်းပိုမိုထက်မြက်သည်ဟု ဆို သော်လည်း အရောင်းတိုင်းသည် ရောဂါတစ်မျိုးစီအတွက် အထူးပြုတတ်ပါသည်။ သို့ဖြစ်၍ အသီးအနှံများ စားသုံးသည့် အခါ အရောင်စုံလင်စွာ စားသုံးပေးသင့်ပါသည်။

နဂါးမောက်သီးတွင် ရောဂါအမျိုးမျိုးကို ကာကွယ်တား ဆီးနိုင်သော အင်တီအောက်ဆီးဒင့်(Anti Oxidant) ဓာတ်ပေါင်း မြောက်မြားစွာ ပါဝင်နေသဖြင့် သွေးရိုးသား ရောဂါများကို နိုင်သည်ဟူ၏။

(၁) Fiber အမျှင်ဓာတ်များ ပါဝင်သဖြင့် အစာခြေ အားကောင်းစေသည်။ အစာကြေ ဝမ်းမှန်စေပြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုလုံးကို သန့်ရှင်းစင်ကြယ်စေနိုင်သည်။

(၂) ကင်ဆာအမျိုးမျိုးကို ကာကွယ်ပေးနိုင်သည်။ ထူးသဖြင့် အူမကြီးကင်ဆာမှ ကင်းဝေးစေနိုင်သည်။

(၃) အဆိပ်အပင်းအမျိုးမျိုးကို ဖယ်ရှားပေးနိုင်သည်။

(၄) မကောင်းသော ကိုလက်စထရောအဆီဓာတ်များ ကို လျှော့ကျစေနိုင်သဖြင့် သွေးတိုးနှုန်းကို ကျစေနိုင်သည်။ လုံးနှင့် သွေးကြောကျဉ်းရောဂါများမှ ကာကွယ်ပေးသည်။ ဖြတ်ခြင်းမဖြစ်အောင် တားဆီး ကာကွယ်ပေးနိုင်သည်။

နဂါးမောက်သီးသည် မကောင်းသော ကိုလက်စထ အဆီဓာတ်များကို လျှော့ချပေးပြီး ကျန်းမာရေးအတွက် ကျိုးဖြစ်စေနိုင်သော ကိုလက်စထရော ပမာဏကို တိုးပွား စေသောကြောင့် နှလုံးသွေးကြောကျဉ်းခြင်း၊ အဆီပုံး နှင့် သွေးကြောကျဉ်းခြင်းအမျိုးမျိုးမှ ကာကွယ်ပေးနိုင်၏။ ကောင်းသော ဓာတ်သဘာဝများကို ဖယ်ရှားရှင်းလင်းပေးနိုင် ဖြင့် အမျိုးမျိုးသော နာတာရှည်ရောဂါများကို သက်သာ စေနိုင်၏။ စွဲကပ်နေသောရောဂါများကို သက်သာစေ အလားအလာရှိသော ရောဂါများမှ အရှင်းကာကွယ်ပေး သည်။

နဂါးမောက်သီးကို ဓာတ်စာအဖြစ် စားသုံးပေးခြင်းဖြင့် မောက်သီးတွင် ပါဝင်သော အင်တီအောက်ဆီးဒင့် သက် ဓာတ်များကြောင့် ကင်ဆာရောဂါအပါအဝင် ရောဂါ မျိုးတို့မှ ကင်းပ လွတ်ငြိမ်း သက်သာရာရစေနိုင်၏။ တိုး၊ သွေးတက်၊ သွေးကျ၊ သွေးလည်ပတ်မှု မမှန်သော အပေါင်းတို့မှ သက်သာစေနိုင်ပြီး ဆီးချို၊ သွေးချိုဖြစ် ကောင်းသော အတိုင်းအတာတစ်ခုထိ လျော့နည်းစေ သည်။

နဂါးမောက်သီးသည် အာဟာရဓာတ် လွှန်စွာ ကြွယ်ဝ ပျိုးသည့်အခါ အပူခံ အသက်ပြင်းသော အသီးပင် သောကြောင့် မှိုသတ်ဆေး၊ ပိုးသတ်ဆေး၊ မြေဆီ မြှင့်ဩဇာများ ကင်းရှင်းသဖြင့် ဓာတ်စာ၊ ဆေးစာအဖြစ် ရန် အသင့်တော်ဆုံးနှင့် အန္တရာယ်အကင်းဆုံး သီးဖြစ်သည်။

နဂါးမောက်ပွင့်အစိုများကို စတီပြုတ်၍ဖြစ်စေ၊ နဂါး ပွင့်ခြောက်များကို ရေနွေးဖြော၍ဖြစ်စေ၊ အချိုအငန် အောင် လက်သုပ်သုပ်စားလျှင် အသွေးအသားကောင်း လေမှန်၊ ဓာတ်မှန်စေနိုင်၏။ နဂါးမောက်ပွင့်ခြောက်များ ဆေးကြော သန့်စင်ယူပြီး နေလှန်း အခြောက်ပြုလုပ် နွေးပူပူတွင် လက်ဖက်အကြမ်းခြောက်ကဲ့သို့ ခတ်



သောက်ပေးလျှင် ချွေးပွင့်၊ ဓာတ်ပွင့်၊ ဆီးမှန်၊ ဓာတ်မှန် ကိုယ်ခံအား ကောင်းစေနိုင်၏။

နဂါးမောက်ပင်၏ ကိုင်းနု ကိုင်းဖူး၊ အညွန့်အဖူးအပွင့် များကို ရေဖြင့် ပြုတ်ဖြော၍ ကြော်လှော်ချက်ပြုတ် စား သောက်နိုင်၏။ အရသာထူးကဲ၍ အာဟာရ ဟင်းကောင်း တစ်မယ်ဖြစ်စေနိုင်၏။ ဆေးဖက်ဝင်၍ ကျန်းမာစေနိုင်၏။ အသီးမှည့်များကို ကြိုက်၍ စားသည်ဖြစ်စေ၊ အာဟာရ ဆေးဝါးဓာတ်စာအဖြစ် စားသည်ဖြစ်စေ၊ ကြံ့ရှင်း ဆုံရှင်း အပျင်းပြေ စားသည်ဖြစ်စေ၊ စားသုံးသူများ၏ ရင်ကို အေးမြ စေ၍ နှလုံးစိတ်ဝမ်း ချမ်းမြေ့စေနိုင်၏။ နှုတ်မြိန် လန်းဆန်းစေ ၏။ ဆီးဝမ်းဓာတ်လေးပါးကို မှန်စေပြီး ဓာတ်စာဖြစ်စေ၏။ အစာကြေ၊ ကျန်းမာ နုပျို၊ အသက်ရှည်စေနိုင်၏။

သို့ဖြစ်၍ မိုးရာသီတွင် ပေါပေါများများ ဝယ်ယူစားသုံး နိုင်သော နဂါးမောက် ဆေးဓာတ်စာသီးများကို ရာသီပေါ်ချိန် အတွင်း ဝဝလင်လင် အရသာရှိရှိ အကျိုးပြည့်ပြည့် စားသုံး ပေးခြင်းဖြင့် ခန္ဓာကိုယ်အတွက် တစ်နှစ်တာ လိုအပ်သော အာဟာရဓာတ်စာများကို စုဆောင်းသိုလှောင်ပေးနိုင်ပြီး ရောဂါဘယများကို ကြိုတင်ကာကွယ် တားဆီးပေးနိုင်ပါလိမ့် မည်။ တစ်နေ့ တစ်ရောင်စားပေးခြင်းဖြင့် ကျန်းမာရေးကို ပိုမိုထိရောက် အကျိုးဖြစ်စေနိုင်ပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com

# သီလရှင်ကြီး၏ လမ်းညွှန်

ဒေတ္တရာ ဆရာကျော်

ပဲခူးတိုင်း၊ ပြည်မြို့ အေးစေတီ သီလရှင်များ စာသင်တိုက်သို့ ရောက်ရှိစဉ် သက်တော် (၇၁)နှစ်ရှိ စူဠဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ သီလရှင်ကြီး ဒေါ်မေဃဝတီက ထူးခြား အမိဋ္ဌာန်တစ်မျိုးကို လမ်းညွှန်ပေးပါသည်။

လောကီကောင်းကျိုး လိုရာဆန္ဒပြည့်ဝအောင်မြင်စေရန် ရည်သန်၍ အဓိဋ္ဌာန်ဝင်နိုင်သလို၊ သာသနာပြုနိုင်ရန်ဟူသော စိတ်ဆန္ဒဖြင့်လည်း အဓိဋ္ဌာန်ဝင်နိုင်ပါသည်။

အထူးသဖြင့် မိမိလုပ်ငန်းစဉ်တစ်လျှောက် မလိုလားအပ်သော ဘေးအနှောင့်အယှက်ကင်းဝေးစေရန် ရည်သန်လျက် အဓိဋ္ဌာန်ဝင်နိုင်ခြင်းဖြင့် အကျိုးထူးကြောင်း သိရပါသည်။

အဓိဋ္ဌာန်ဝင်လိုသူသည်…

(၁) အုန်းတစ်လုံး၊
(၂) ငှက်ပျော ငါးဖီး
(၃) သပြေပန်း
(၄) အလင်းတိုင်
(၅) နံ့သာတိုင်
(၆) ရေချမ်း
(၇) စက္ကူထီး(၉)လက်
(၈) မွှေးနံ့အညွှန့်ပန်း
(၉) ပလ္လင် စသည်တို့ လိုအပ်ပါသည်။

စက္ကူထီး(၉)လက်မှာ နှစ်သက်ရာ အရောင်ကို သုံး[illegible] သည်။ တစ်ခုရှိသည်မှာ ၎င်းထီး(၉)လက်ကို တစ်လက်[illegible] ထီးရွက်အောက် ကပ်လျက်တွင်ပင် အောင်လံသဖွယ် [illegible] ဖြူများ ကပ်၍ ထားရပါသည်။


ထိုစက္ကူဖြူတစ်ဖက်တွင် အဓိဋ္ဌာန်ဝင်သူ၏ မွေး[illegible] ရာဇ်များ၊ အမည်နာမများနှင့် လိုအင်ဆန္ဒ(ဖြစ်နိုင်ခြေ ဆု[illegible] ဆုတောင်းတစ်ခု) ပြည့်ဝရပါလို၏ဟု ရေးသား၍ [illegible] တစ်ဖက်၌ အောင်ရစ်ချက် ဂါထာတော်ကို ရေးသား[illegible] သည်။ အောင်ရစ်ချက် ဂါထာတော်မှာ -



www.burmeseclassic.com

www.burmeseclassic.com

ယေစက္ကော ယေသန္တော ယော၊
ယေဓိတာဝေ ယောသသနေ၊
ယောပေယိ ယေယောသိန်၊
ယေ ဒေတု ယေယုတ္တရော။
ဥပမာပုံစံဖြင့် ပြပါမည်။
ဤပုံစံအတိုင်းရေးသားပြီးမှ ထီးရွက်အောက်တွင်
...ဖြင့် (အဓိဋ္ဌာန်ပွဲ ပုံပါအတိုင်း) ကပ်ပေးရပါမည်။




မွေးနံအညွှန့်ပန်းကို တင်ပြပါမည်။

* တနင်္ဂနွေသားသမီးများအတွက် ကံ့ကော်၊ ကြံညွှန့် စသဖြင့်။
* တနင်္လာသားသမီးများအတွက် ဇွန်ပန်း၊ ဆီး(ဇီး)ညွှန့် စသဖြင့်။
* အင်္ဂါသားသမီးများအတွက် ရွက်လှ၊ ဝါးညွှန့် စသဖြင့်။
* ဗုဒ္ဓဟူးသားသမီးများအတွက် မေမြို့ပန်း၊ ပေါက်ညွှန့် စသဖြင့်။
* ကြာသပတေးသားသမီးများအတွက် သီးညွှန့်၊ သီဟိုဠ်ညွှန့် စသဖြင့်။
* သောကြာသားသမီးများအတွက် ထိန်၊ ဒေါနှ၊ ဒန်း စသဖြင့်။
* စနေသားသမီးများအတွက် အုန်း စသဖြင့်။

အားလုံးကို အုန်းငှက်ပျောပွဲဘေးတွင် ယှဉ်၍ ပန်းအိုး (...မဟုတ်) ဖန်ခွက်တွင် ရေထည့်၍ သီးသန့် စိုက်ထိုး ...ရမည်။

ရည်မှန်းချက်ကြီးကြီးထား၍ အဓိဋ္ဌာန်ဝင်သူများအဖို့ ပလ္လင်တတ်နိုင်လျှင် မိမိမွေးနံအောက် အမြစ်နံကို ပလ္လင်လုပ်၍ မြတ်စွာဘုရားအား ပူဇော်ပေးထားရမည်။

အမြစ်ဆိုသည်မှာ -

* တနင်္ဂနွေသားသမီးအဖို့ ဇင်းနံအောက် စနေ၊ ဥပမာ-ထန်းသား။
* တနင်္လာသားသမီးအဖို့ အမြစ်မှာ တနင်္ဂနွေ။ ဥပမာ-အင်းသား၊ အုန်းသားဖြစ်သည်။

ကျန်နေ့နံများ ဤဥပမာအတိုင်းပင်ဖြစ်သည်။

ပြင်ဆင်ပုံမှာ -

ပလ္လင်ပေါ်၌ ပွဲပြင်ပါ။ စက္ကူဖြူအောင်လံကပ်ပြီး ထီး(၉)လက်ကို ငှက်ပျောဖီးများကြားတွင် လှပအောင် အုန်းသီးကို ပတ်၍ စိုက်ထိုးထားပါ။ အညွှန့်ပန်းအိုးကို ပွဲဘေး၌ ထားပါ။

သောက်တော်ရေချမ်း သုံးခွက် (သို့မဟုတ်) ငါးခွက်၊ နံ့သာတိုင်များကိုလည်း ထွန်းညှိ ပြင်ဆင်ပါ။ အလင်းတိုင် တစ်တိုင်မှ ငါးတိုင်အထိ အဆင်ပြေသလို ထွန်း၍ မြတ်စွာဘုရားအား အာရုံပြု၍ အဓိဋ္ဌာန်ပွဲအဖြစ် လှူဒါန်းပေးရမည် ဖြစ်ပါသည်။

အဓိဋ္ဌာန်တစ်ကြိမ်အောင်မြင်ရန်မှာ ငှက်ပျောငါးဖီး ဝင်းဝါပျော့အိလာသည်အထိဖြစ်ပါသည်။ ထို့ကြောင့် စတင်ပွဲပြင်လျှင် ငှက်ပျောအစိမ်းဖြင့်သာ ပြင်၍လှူဒါန်းရသည်။ တစ်ကြိမ် ငှက်ပျော ပျော့အိဝင်းဝါလာလျှင် နောက်ထပ် ငှက်ပျောဖြင့် ထပ်ပြင်ကာ ကိုးကြိမ်ပြုလုပ်ရပါမည်။

အဓိဋ္ဌာန်ဝင်သူများအဖို့ -

(၁) နမောတဿ ဘဂဝတော အရဟတော သမ္မာ
သမ္ဗုဒ္ဓဿ။ (ကိုးခေါက်)

(၂) ဗုဒ္ဓဿ ပူဇံ မဟာတေဇ ဝန္တော။
ဓမ္မဿ ပူဇံ မဟာပည ဝန္တော။
သံဃဿ ပူဇံ မဟာဘောဂ ဝန္တော။
ဧတေန သစ္စ ဝဇ္ဇေန သောတ္ထိမေ
ဟောတု သဗ္ဗဒါ။ (ကိုးခေါက်)

(၃) အောင်ရစ်ချက် ဂါထာတော်ကို (၁၀၈)လုံး ပုတီးဖြင့် တစ်ပိုဒ်ဆုံးလျှင် ပုတီးတစ်လုံးချ၍ တစ်နေ့ ကိုးပတ်စိပ်ပါ။

နေ့စဉ် ဝတ်မပျက် ကျင့်ပွား အားထုတ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျင့်ပွား အားထုတ်သွားမည်ဟုလည်း သစ္စာအဓိဋ္ဌာန်ပြု စကားကို အဓိဋ္ဌာန်စတင်ဝင်သည့်နေ့မှစ၍ ပြောကြား ကတိ ပေးရပါမည်။ ဝက်ပျော ကိုးကြိမ်မှည့်သောအခါ စိတ်ချမ်းသာ မှုများ ထူးထူးခြားခြား ရလာနိုင်ပါသည်။

စာဖတ်ပရိသတ်များအား ကြုံကြိုက်သဖြင့် အပိုဒ်(၂) ကို ကိုးခေါက်ရွတ်သည့်အခါ အာရုံထားနိုင်ရန် လည်း ကောင်း၊ နှုတ်မှရွတ်ပွားလိုပါက ရွတ်ဖတ်နိုင်ရန် လည်း ကောင်း အဓိပ္ပာယ်ပါသည့် ရှိခိုးကို ရေးသားပေးလိုက်ပါသည်။

မြတ်စွာဘုရား၏ ဣသရိယ စသည့် ဘုန်းဟုန် ကျေးဇူးဂုဏ်ကို အာရုံပြု၍။ ပွားများဆင်ခြင် ကြည်လင် မြတ်နိုး ရှိခိုးပူဇော်ခြင်းနှင့်တကွ၊ ဒါတဗ္ဗအခန်းခန်းဖြင့် လှူဒါန်းပူဇော်ရခြင်းကြောင့် လည်းကောင်း။

တရားတော်မြတ်၏ သွာက္ခာတတာ အစဖြာလျက် ဓမ္မကျေးဇူးကို အထူးအားထား၍ ပွားများ ဆင်ခြင် ကြည်လင် မြတ်နိုး ရှိခိုးပူဇော်ခြင်းနှင့်တကွ၊ ဒါတဗ္ဗ အခန်းခန်းဖြင့် လှူဒါန်းပူဇော်ရခြင်းကြောင့် လည်းကောင်း။

သံဃာတော်မြတ်တို့၏ သုပ္ပဋိပန် အစေခံလျက် ကိုး တန်သော ဂုဏ်ကို အာရုံပြု၍။ ပွားများဆင်ခြင် ကြည်လင် မြတ်နိုး ရှိခိုးခြင်းနှင့်တကွ၊ ဒါတဗ္ဗအခန်းခန်းဖြင့် လှူဒါန်း ပူဇော်ရခြင်းကြောင့် လည်းကောင်း။

မနှိုင်းယှဉ်ဖွယ်၊ ကြီးကျယ်သော တန်ခိုးအမျိုးမျိုး ပညာ အဖြာဖြာ၊ ဓနဘောဂ၊ ကုံလုံပြည့်စုံရခြင်းဟူသော နိတ္ထု အကျိုးရင်း၊ ထင်လင်းတစ်ဝ၊ လောကသံသရာ နှစ်ဖြာဘဝ နှစ်ဌာနတို့၌ ရအပ်၊ ရောက်အပ်၊ ခံစားအပ်သော လော ချမ်းသာ မဂ်လာကျက်သရေ၊ အထွေထွေအဖုံဖုံ၊ ဣဋ္ဌာ အမျိုးမျိုး၊ ကောင်းကျိုးအစားစားတို့ကို များပြားစွာ ခံစား သုံးဆောင်ရခြင်းဟူသော နေယျတ္တ အကျိုးဆက်တို့နှင့်တကွ သန္တိသုခ၊ အဘယခေမ၊ နိဗ္ဗာန ရွှေဘုံသို့ ခိုလှုံဝင်ရော မျက်မှောက်ပြုရခြင်းဟူသော အာနိသံသ အကျိုးတရား မမှားကေန် အမှန်ပြည့်စုံရပါစေသတည်း။

ကျန်းမာ ချမ်းသာကြပါစေ။

□


# ဆရာ အောင်မြင့်မြတ် (အနန္တမေတ္တာ)

- သင့်ရဲ့ ကံကြမ္မာကောင်း, မကောင်း
- အချစ်ရေး
- အိမ်ထောင်ရေး
- စီးပွားရေး
- ငွေရေး ကြေးရေး
- အလုပ်အကိုင်
- ကျန်းမာရေး

.....စသော အချက်အလက်များကို ဟောပြော အကြံပေးသည်။ လိုအပ်သော ယတြာအစီ အမံများ ရွက်ဆောင်ပေးသည်။

➤ လိုအပ်ပါက ဆက်သွယ်ပါ ◄

၀၉-၂၅၂ ၈၀၇ ၇၆၂




www.burmeseclassic.com

www.burmeseclassic.com

ကိန္နရီ အမှတ်တံဆိပ် ကန္နရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




ကုသနိုင်သောရောဂါများ

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်းများ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ ဆီး(ကျဉ်၊ အောင့်)
ဆီးပူညောင်းကျ၊ဆီးကြောင့်မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)

**Diseases to be applied**

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine, urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ဆိုင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္နရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဒနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅

www.burmeseclassic.com

www.burmeseclassic.com




# ဂလွန်ကျော်ဦး

သာဓု ဒေါ်ဝါ

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်အမေအကြောင်းကို ကျုပ် ပြောချင်ခဲ့တာ ကြာပါပြီ။ ဒါပေမယ့် ကျုပ်ပြောရင် အားလုံးက ကျုပ်ကို အခါခါ မေးငေါ့ လက်ညှိုးထိုးပြီး မိဘ ကျေးဇူးကန်းတဲ့ ကောင်လို့ ပြောကြမှာ သေချာတယ်။ ပြီးတော့ ကျုပ်ပြောတဲ့ စကားကိုလည်း ဘယ်သူမှ ယုံနိုင်ကြမှာ မဟုတ်ဘူးဆိုတာ ကျုပ်လည်း သိပါတယ်။ —

ဒါကြောင့်လည်း ကျုပ်ရင်ထဲမှာ အမေ့ကို တ,တပြီး ကြိတ်ငိုခဲ့ရတာ။ ဘတ်တယ်လေ။ ကျုပ်လည်း လူသား ထဲက လူတစ်ယောက်ပဲ မဟုတ်လား။ ကျုပ်ကို လူဖြစ်အောင် မွေးဖွားပေးခဲ့တဲ့ အမေ့ကို ကျုပ် မချစ်ဘဲ ရှိပါ့မလားဗျာ။ ချစ်တာပေါ့။ ဒါပေမယ့် ကျုပ်ရဲ့ မိုက်မဲမှုတွေက အမေ့ကို လူ့လောကီ စ နာမှာ သားသမီးမွေးရကျိုး မနပ် တဲ့ အမေတစ်ယောက်ဖြစ်အောင် လုပ် ခဲ့တယ်ဆိုတာ လူတိုင်းက သတ်မှတ် ခဲ့ကြတယ် မဟုတ်လား။

အမေက ကျုပ်ကို လူ့လောက ထဲမှာ ကြီးအလယ်မှာ ထွန်းထွန်းပေါက်ပေါက် ဖြစ်အောင် ဂုဏ်မြှင့်ခဲ့တယ်။ ဒါပေမယ့် ကျုပ်က အမေ့မျက်နှာကို တစ်စက် လေးမှ မငဲ့ကွက် မစာနာဘဲ သောက်သောက်စားစား အရက်သမား ဖြစ်ခဲ့တယ်။ ဒါကြောင့် အမေက ကျုပ် အရက်မူးနေတာကို ကြည့်ပြီး ရင်ထု မြည်ရင်း ပြောခဲ့တဲ့ စကားသံကို ဘယ်လိုမှ မေ့လို့ မရနိုင်ခဲ့ဘူး။

တစ်နေ့ အမေ့ရဲ့ မေတ္တာကို မှာ။ အဲဒီတော့မှ သေရွာရောက် အမေ့ကို တပြီး မငိုနဲ့ ဖိုး

အဲဒီတုန်းက ကျုပ် အမေ့စကား ကိုယ်ဘယ်ကို နားမလည်ခဲ့ဘူး။ ကျုပ် နားလည်တာက ကျုပ်ရင်ထဲမှာ အမြဲ ဖုံးလွှမ်းနေတဲ့ အရက်ပဲ။ ကျုပ် အရက် မူးလာတိုင်း အမေက သွားလေသူ အဖေ့ကို တပြီး မျက်ရည်စမ်းစမ်းဖြစ် နေရှာတာ။ တမ်းတလည်း တမ်းတ စရာပဲ။ ကျုပ်ဆိုခဲ့ တေခဲ့သမျှကို လက်တွေ့ ခါးစည်းခံနေရတာက အမေပဲ မဟုတ်လား။

အဖေက ကျုပ် ရှစ်နှစ်သား အရွယ်ရောက်မှ ဖြုန်းစားကြီး တိမ်းပါးခဲ့တာ။ အဲဒီတုန်းက အမေက အဖေ့ အတွက် ယူကျုံးမရစိတ်နဲ့ အပူလုံး ကြွပြီး ခံစားနေရပေမယ့် သားဖြစ်တဲ့ ကျုပ်ရဲ့ နုနယ်တဲ့ နှလုံးသားမှာ ခံစားရ မယ့် ဝေဒနာကို တားဆီးပြီး ရင်ထဲမှာ ပဲ ကြိတ်ငိုနေခဲ့ရှာတာ။ ပြီးတော့ အမေ က အဖေ့ကိုယ်စား ဘဝလောကဓံကို ခါးစည်းပြီး ဈေးရောင်းရင်း ကျုပ်ကို လူဖြစ်အောင် ကျွေးမွေးပြုစုခဲ့တာ။

"လူလေး ပညာတတ်ကြီးဖြစ် အောင် ကြိုးစားနော်။ လူလေး ပညာ တတ်ရင် အမေ့အတွက် မဟုတ်ဘူး။ လူလေးဘဝရေရှည်အတွက်ပဲ"

အမေက ကျုပ်ကို ပညာတတ် ကြီးဖြစ်စေချင်ခဲ့တယ်။ အမေက စာကို သေစာ ရှင်စာလေးပဲ ဖတ်တတ်ခဲ့တာ။ ဒါပေမယ့် ကျုပ်ကပဲ ပညာတတ်ခံ နည်းပါးလို့လား။ ဒါမှမဟုတ် အပေါင်း အသင်းကိုပဲ ခုံမင်လို့လားတော့ မသိဘူး။ ကျုပ် လေးတန်းတောင် မအောင်ဘူး။ ဖြုန်းစားကြီး ကျောင်းထွက်ခဲ့တာ။ အမေကတော့ ကျုပ်ကို အမျိုးမျိုး နားချပြီး ကျောင်းဆက်တက်ခိုင်းပေ မယ့် ကျုပ်က ကျောင်းမတက်ဘဲ အပေါင်းအသင်းတွေနဲ့ အပျော်လွန်နေ ခဲ့တာ။

"မတင်ညွှန့် . . . နင့်သားကို ကျောင်းမတက်ခိုင်းဘဲ အရက်သမား တွေနဲ့ ပေါင်းနေရင် တစ်နေ့ လူမိုက် ဖြစ်မှာ သေချာတယ်"

အမေ့အမျိုးတွေက ကျုပ်အဖြစ် ကို သိပြီး အမေ့ကို အပြစ်တင် စကား တွေ ဆိုနေကြတာ။ အမေကတော့ ရင်ထုမနာပေါ့။

ကျုပ်ကတော့ အမေ့အဖြစ်တွေ ကို မသိဘဲ ရွာပြင်က ထန်းတောထဲ မှာ အပေါင်းအသင်းတွေနဲ့ ပျော်လို့ နေတာ။

ကျုပ် ထန်းရည်သောက်နေတုန်း ဖြုန်းစားကြီး တွေ့လိုက်ရတဲ့ အမေ။ ဘယ်နေရာသွားသွား အမြဲတမ်း ခေါင်း ပေါ်ကို တဘက်ကလေး တင်တတ်တဲ့ အမေ။ အခု ခေါင်းပေါ်မှာ တဘက် ကလေးတောင် မတင်နိုင်ရှာ။ ကျုပ်ရှိ နေတဲ့ ထန်းတောဆီကို သားဇောနဲ့ နေပူကျဲကဲကြီးထဲ မပြေးရုံတမယ် လာ နေတာ။ ကျုပ်က အမေမြင်မှာစိုးလို့ ကမန်းကတန်း ထန်းတဲလေးထဲမှာ ဝင် ပုန်းရင်း အမေ့အရိပ်အခြည်ကို ကြည့် နေမိတယ်။

အမေ့မျက်နှာမှာ ဇောချွေးတွေနဲ့ ကျုပ်ကို တွေ့လေနိုးနှင့် ရှာနေတာ။ ကျုပ်ကို မတွေ့ရတော့ အမေ မျက်ရည် တွေတွေကျနေတယ်။

ကျုပ် အမေ့အဖြစ်ကို တွေ့မြင် လိုက်ရလို့ ဝမ်းနည်းစိတ်နဲ့အတူ မျက် ရည်ဝဲလာမိတယ်။ သားဖြစ်တဲ့ ကျုပ် ကို တွေ့လေဇောနဲ့ အားခဲပြီး လာခဲ့တဲ့ အမေ။ တကယ်ဆို ကျုပ်ဘဝမှာ လက်ညှိုးထိုးပြစရာက အမေတစ် ယောက်ပဲ ရှိတာ။ ကျုပ် အမေ့ကို စာနာရမှာ၊ ကြင်နာရမှာ မဟုတ်လား။ အမေကတော့ အဖေဆုံးပါးပြီးကတည်း က သားဆိုတဲ့ ကျုပ်ကို အားကိုးရပြီ လို့ မျှော်လင့်နေရှာတာ။

ဒါပေမယ့် ကျုပ်လောက် မိုက်



www.burmeseclassic.com

www.burmeseclassic.com

လုံးကြီးတဲ့ကောင် လောကမှာ ရှိမယ် မထင်ပါဘူး။ ကျုပ် အမေ့ကို တုံ့ပြန် ကျွေးဖို့နေနေသာ အရက်သောက်ရင်း ဘဝကို ရေစုန်မျောနေတာ။ အချိန်တန် လို့ အရက်သောက်ဖို့ ပိုက်ဆံမရှိရင် အမေ့ဆီပဲ လက်ဖြန့်ပြီး တောင်းနေခဲ့ တာ။ သူများတွေက ကျုပ်ကို ကြည့် ပြီး အရက်သမားအမေလို့ အာမနာပ ပြောကြဆိုကြလည်း အမေက မတုန် လှုပ်တော့ဘူး။

"ကျွန်မသားလေးက လူကောင်း လေးပါတော်။ ဘယ်သူ့ကိုမှ ဒုက္ခမပေး ပါဘူး။ တစ်နေ့နေ့ အရက်ပြတ်သွားမှာ ပါ"

အမေက အဲဒီလို မျှော်လင့်ချက် နဲ့ ပတ်ဝန်းကျင်ကို တုံ့ပြန်ပြောခဲ့တာ။ ပြီးတော့ အမေက ဈေးတောင်း ခေါင်း ပေါ် ရွက်ပြီး ရပ်ကွက်အနှံ့ ခြေတို အောင် ဈေးရောင်းရတယ်။ ဒါပေမယ့် တစ်ခါမှ ပင်ပန်းတယ်လို့ မညည်းညူ ရှာခဲ့ဘူး။ ကျုပ် အရက်မူးမူးနဲ့ ပြန်လာ တိုင်း ကျုပ်ကြိုက်တဲ့ အသားဟင်းကို အမြဲတမ်း ချက်ကျွေးရှာတာ။ ကျုပ်က အားရပါးရစားပြီး…

"အမေချက်ထားတဲ့ ဟင်းက စားလို့ ကောင်းလိုက်တာဗျာ"

လို့ ပြောလိုက်ရင် အမေ့က ကျုပ်မျက်နှာကို ပြုံးပြုံးကြီးကြည့်ပြီး ဝမ်းသာနေရှာတယ်။ ကျုပ်သာ အရက် မသောက်ဘဲ အမေ့ကို သိတတ်တဲ့ သားလိမ္မာတစ်ယောက်ဖြစ်ခဲ့ရင် အမေ တစ်သက်လုံး ဝမ်းသာနေရှာမှာ မလွဲ ဘူး။

တစ်ညကျုပ် အပေါင်းအသင်း တွေနဲ့ ဆုံပြီး ဘယ်အထိ အလွန်အကျွံ သောက်ခဲ့မှန်းတောင် မသိဘူး။ မူးမူးနဲ့ အိမ်ကို မှန်းဆပြီး ပြန်လာခဲ့တာ။ မြန်း ဆို မိုးက သဲသဲမဲမဲ ရွာချလာလို့ တစ် ကိုယ်လုံး မိုးရေတွေ ရွှဲနစ်ပြီး လမ်းဘေး က အကြော်ဝဲတဲလေးမှာ မိုးခိုရင်း အလိုလို အိပ်ပျော်သွားခဲ့တယ်။

အမူးပြေပြီး အိပ်နေရာက နိုးလို့ ကြည့်လိုက်တော့ ကျုပ်က အိမ်ပြန် ရောက်နေတယ်။ ကျုပ်အဖြစ်ကို ကျုပ် မယုံနိုင်အောင် ဖြစ်သွားတယ်။ အမေ ရှိလေမလားဆိုပြီး ကြည့်လိုက်တော့ အမေ ဈေးရောင်းထွက်သွားမှန်း သိ လိုက်ရတယ်။

အိမ်ဘေးက ဘကြီးချုံက ကျုပ် အိပ်ရာက နိုးနေမှန်းသိလို့ ရောက်လာ ပြီး…

"ညက မင်းပြန်မလာလို့ မင်း အမေ စိတ်ပူပြီး လိုက်ရှာခဲ့တာ။ ပြန် လာတော့ မင်းကို မနိုင်မနင်း တွဲခေါ် လာရတယ်။ မင်းအမေကိုလည်း မင်း ပြန့်ပြီး သနားပါဦးကွာ။ အသက်ကြီးပါ ပြီ"

ဘကြီးချုံက ပြောပြမှ ကျုပ်ရဲ့ အဖြစ်ကို သိလိုက်ရတယ်။ အမေ့ကို လည်း သနားသွားပြီး ဝမ်းနည်းမိတယ်။ ဟုတ်တယ်လေ။ ကျုပ်လို သားဆိုး သားမိုက်ရဲ့ ဒဏ်ကို ခါးစည်းပြီး ခံစား နေရတဲ့ အမေ။ ကျုပ်အတွက် ဘာမဆို တုံ့ပြန်ရဲခဲ့တဲ့ အမေ။ ကျုပ် အမေ့ အဖြစ်ကို ပြန်တွေးမိပြီး မျက်ရည် တွေတွေကျနေမိတယ်။

"ဟင်… လူလေး။ ငိုနေတာ လား။ ခေါင်းကိုက်လို့လား။ အမေ့ကို ပြောစမ်း၊ ပြောစမ်း"

ဈေးရောင်းက ပြန်လာတဲ့အမေ ကျုပ်ကို စိုးရိမ်တကြီးနဲ့ မေးနေရှာ တယ်။ ပြီးတော့ ကျုပ်ရဲ့ နဖူးနဲ့ ခြေ လက်တွေကိုလည်း စမ်းကြည့်ပြီး အမေ့ခမျာ ဗျာများနေရှာတယ်။

"ကျုပ်…ကျုပ်…အရက်ပြတ် အောင် ဖြတ်မယ် အမေရာ"

"လူလေး…အရက်ကို ဖြတ် မယ်…ဟုတ်လား"

မြန်းစားကြီး ကျုပ်ပါးစပ်ဖျား က ထွက်သွားတဲ့ စကားကို ကြား လိုက်ရတဲ့ အမေက မယုံနိုင်အောင် ဖြစ်နေတယ်။ ဟုတ်တယ်လေ။ ကျုပ် ကလည်း အမေ မျက်ရည်ကျတိုင်း အရက်ဖြတ်ပါ့မယ်လို့ ပြောခဲ့ပေမယ့် အရက်ကို ဖြတ်မှ မဖြတ်နိုင်ခဲ့တာ ဒီတော့ ကျုပ်စကားကို အမေ ဘယ်လို ယုံရမှာလဲ။

"ကျုပ် အမေ့ကို သနားတယ် ကျုပ်ကြောင့် အမေ မျက်နှာငယ်ရ ကျုပ် ဒီတစ်ခါ အရက်ကို ပြတ်အောင် ဖြတ်မယ်"

"အမေ ဝမ်းသာလိုက်တာ လူ လေးရယ်"

အမေက ကျုပ်စကားကို ကြား လို့ ဝမ်းသာပေမယ့် ကျုပ်မျက်နှာ ကြည့်ပြီး ရင်ထဲမှာ မချိတင်ကဲ ဖြစ် နေတယ်ဆိုတာ ကျုပ်အသိဆုံးပါ

ကျုပ် အနှစ်နှစ်အလလ သောက်မိခဲ့တဲ့ အရက်။ ဒီအရက် ကြောင့် ဖောသွပ်သွပ်ဖြစ်နေတဲ့ ကျုပ် မျက်နှာနဲ့ ပိန်လှီနေတဲ့ ခန္ဓာကိုယ် ကျုပ်ကို အရက်က နိုင်သွားပြီဆိုတာ သိနေတဲ့ အမေ။

လောကမှာ လူဖြစ်မရှုံးအောင် အမြဲတမ်း ဆုံးမနေတဲ့ အမေ့စကား တွေက ကျုပ်နှလုံးသားထဲမှာ လွှမ်း ပြီ။ အမေ့မျက်နှာပြင်ပေါ်မှာက အ ရိပ် လွှမ်းနေတဲ့ ကောက်ကြောင်းတွေ ပြီးတော့ ညှိုးနွမ်း သိမ်ငယ်နေရှာ အမေ့မျက်နှာ။ ဒီမျက်နှာနဲ့အတူ အ ရင်ထဲမှာ အသိုက်အမြုံဖွဲ့တည်နေ ကျုပ်အတွက် ပူပင်ကြောင့်ကြ ဝေဒနာတွေဟာ ဘယ်အတိုင်း အထိ ရှိနေတယ်ဆိုတာ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com

…တော့ဘူး။

ကျုပ် တွေးမိရင်း အမေ့ရင်ခွင် …ကို မျက်နှာထိုးအပ်ပြီး အားရပါးရ …ငိုက်မိတယ်။

"လူလေးစကားကို အမေ ကြား …တာ သေပျော်ပါပြီကွယ်။ လူလေး …နဲ့တော့နော်၊ တိတ်…တိတ်"

"အမေ…ဈေးမရောင်းနဲ့တော့။ …ချုပ် ဈေးရောင်းပြီး အမေ့ကို ရှာကျွေး …မယ်ဗျာ"

လို့ ပြောလိုက်တော့ အမေက …ချုပ်ကို အားရပါးရ ဖက်ပြီး ငိုနေ …တယ်။ ကျုပ်ရင်တစ်ခုလုံး ပွင့်ထွက် …သွားမတတ် တုန်ခါသွားတယ်။ ကျုပ် …တွက်နဲ့ အမေ ငိုခဲ့ရတာ များပြီ။ …ခါတော့ အမေ မငိုရတော့ဘူး။ …ချုပ် အတွေးတွေနဲ့ ပျော်နေမိတယ်။

◈◈◈

တစ်နေ့ အမေ ဈေးရောင်းရင်း …ပြီး ဖျားတယ်။ အမေက ဖျားနေ … သိသိကြီးနှင့် ကျုပ် မသိအောင် …ရောင်းထွက်သွားခဲ့တာ။ အမေ …ရောင်းရင်း လမ်းမှာ မူးလဲသွားလို့ …ထဲက လူတွေက တွေ့ပြီး …မေ့ကို အိမ်ပြန်ခေါ်လာခဲ့တာ။

အမေက ဈေးရောင်းပြန်လာရင် "…လေးရေ…အမေ ပြန်လာပြီ" လို့ …ပြောနေကျ။ အခုတော့ အမေ …ချုပ်ကို လှမ်းမခေါ်နိုင်တော့ဘူး။ လူ …ကြီးအလယ်မှာ ကျုပ်ကို …ယောက်တည်း ထားပြီး မြန်းစား … ထွက်သွားခဲ့ပြီ။

…တရားက ရက်စက်လိုက်တာ … အခု ကျုပ် အမေ့ကို အမေရေ … အားရပါးရခေါ်ချင်ပေမယ့် ခေါ်လို့ …တော့ဘူး။ ကမ္ဘာကြီးတစ်ခုလုံး …လည်သွားမတတ် ရင်ဆို့အောင် …ခဲ့ပြီ။



အခု အမေ မရှိတော့မှ ကျုပ် အမေ့ရဲ့ ကျေးဇူးတွေကို အလိုလို သိလာခဲ့ရပြီ။ ကျုပ်ရဲ့ လက်ရှိ ဘဝမှာ ရွှေမရှိ ငွေမရှိပေမယ့် အမေရှိနေလို့ ဂုဏ်တင့်ခဲ့တာ။ အခုတော့ ကျုပ်ချစ်တဲ့ အမေက ကျုပ်အနားမှာ မရှိတော့ဘူး။ ကျုပ် ပြန်ပြီးတွေးမိရင်း အားရပါးရ ငိုရှိုက်နေမိတယ်။

"မငိုနဲ့ ဖိုးအောင်။ မင်းငိုသံကို ကြားရင် မင်းအမေ တမလွန်ဘဝက ကျွတ်လွတ်မှာမဟုတ်ဘူး"

ဘကြီးချို ပြောလည်း ပြောစရာ။ ကျုပ်ကို အသည်းပေါက်မတတ် ချစ်ခဲ့တဲ့ အမေက တိမ်းပါးသွားပြီဆိုပေမယ့် ကျုပ်ကို တစ်စက်ကလေးမှ စိတ်မချနိုင်ဘူးဆိုတာ ကျုပ် သိပါတယ်။ အခုတော့ ကျုပ်ကို ကျုပ်အမေလို ဘယ်သူက ညှာတာမှာလဲ။ စာနာမှာလဲ။ ကျုပ်ကို အရက်သမားဆိုတော့ အလိုလို နှာခေါင်းရှုံ့ကြပြီး ဘယ်သူကမှ လူရာသွင်းခဲ့တာ မဟုတ်။

တကယ်ဆို ကျုပ်အမေ မသေဘဲ ကျုပ်ပဲ အရင်သေသင့်တာ။ အခုတော့ သေမင်းက ကျုပ်ကို ချန်ထားခဲ့ပြီး ကျုပ်ချစ်တဲ့ အမေ့ကို ခေါ်သွားခဲ့ပြီ။ ကျုပ် အမေ့ကို ကြည့်လိုက်မိတယ်။ အမေက ခန္ဓာကိုယ် ငြိမ်သက်လဲလျောင်းနေပေမယ့် အမေ့နှလုံးသားက ငြိမ်မှာ မဟုတ်ပေ။

အမေ ဆုံးပါးတဲ့နေ့က ကျုပ် စားချင်လို့ အမေ့ကို တဖွဖွမှာမိတဲ့ အသားကြော်။ အမေက ကျုပ်ကို ကျွေးချင်ရှာလို့ ဖျားနေတာတောင် ဂရုမစိုက်နိုင်ဘဲ တခုတ်တရ ဈေးရောင်းထွက်ပြီး ဝယ်လာခဲ့တာ။

အမေဆုံးပါးပြီးမှ အမေ့ဈေးတောင်းလေးထဲမှာ မှိုတက်နေတဲ့ အသားကြော်ကို တွေ့လိုက်ရတော့ ကျုပ်ရင်တွေ ပွင့်ထွက်သွားမတတ် ခံစားခဲ့ရတယ်။

ကျုပ် အမေ သိနိုင်မယ်ဆိုရင် ကျေးဇူးမသိတတ်တဲ့ ကျုပ်လို သားဆိုးသားမိုက်ကို အမေ ရောက်ရာဘဝက နေ ထရိုက်ပြီး ဆုံးမပါဦး အမေရယ်လို့ တမ်းတပြီး ပြောလိုက်ချင်ပါတယ်။

"ငိုနေလို့ မပြီးသေးဘူး ဖိုးအောင်။ လူစုံနေပြီ။ သွားကြရအောင်"

ကျုပ် အမေ့ရဲ့ မျက်နှာကို ကြည့်ပြီး ဘယ်အထိ ယူကျုံးမရနိုင်တဲ့ စိတ်တွေနဲ့ ငိုနေသလဲ မသိ။ ဘကြီးချို့ရဲ့ သတိပေး စကားသံ ထွက်လာမှ ရင်တွေ တလှပ်လှပ်ခုန်သွားတယ်။

ဘကြီးချိုတို့ လူစုက အမေ့ရုပ်အလောင်းကို ထမ်းပြီး သုသာန်ကို သွားနေကြတယ်။ ကျုပ်က အမေ့ကို ငေးကြည့်ပြီး စကားမဆိုနိုင်အောင် ဆွံ့အနေမိတယ်။ အမေ အစောကြီး သေခဲ့ရတာ ကျုပ်ကြောင့်။

"အမေရေ…အမေရေ"

"တစ်နေ့ အမေ့ရဲ့ မေတ္တာတွေကို သိလာမှာ။ အဲဒီတော့မှ သေရွာရောက်နေတဲ့ အမေ့ကို တပြီး မငိုနဲ့ ဖိုးအောင်" ဆိုသည့် အမေ့ရဲ့ မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com

စေတနာတွေကို အခုမှ နားလည်ခဲ့ရပြီ။ ဒါပေမယ့် အချိန်နှောင်းသွားခဲ့ပြီ။

တကယ်ဆို အမေ မသေခင်က ပြုစုလုပ်ကျွေးခဲ့ရမှာ။ အခုတော့ လုပ်ကျွေးခွင့် မရတော့။

"ဖိုးအောင် . . . မင်းအမေကို နောက်ဆုံး ကန်တော့လိုက်၊ ကန်တော့လိုက်"

ဘကြီးချုံရဲ့ အသံကို ကြားတော့မှ အမေ နောက်ဆုံး ခိုနားခွင့်ရတဲ့ မြေပုံမို့မို့လေးကို တွေ့ရတယ်။ ကျုပ် အမေ့ကို လက်စုံမိုးပြီး ဦးချ ကန်တော့လိုက်တယ်။ ကျုပ် အခုလို အမေ့ကို ကန်တော့နေတာကို အမေ အသက်ရှင်စဉ်တုန်းကသာ မြင်တွေ့ခဲ့ရရင် လိမ္မာလိုက်တာ လူလေးရယ်လို့ ပြောပြီး သာဓုတွေ အကြိမ်ကြိမ်ခေါ်ရင်း ဝမ်းသာပီတိဖြစ်နေမှာ မလွဲပေ။

အခုတော့ ကျုပ်ဟာ နှောင်တတရားတွေနဲ့အတူ အမေ့ကို ကန်တော့နေရတယ်။ ကျုပ်အဖြစ်ကို အမေ ရောက်ရာ ဘုံဘဝနေ သိခွင့်၊ ကြားခဲ့ရရင် သာဓုခေါ်လိုက်ပါ အမေရယ်။ သာဓုခေါ်လိုက်ပါ။

ကျုပ် အမေ့ကို ဘယ်အထိ တမ်းတပြီး ကြေကွဲနေမိသည် မသိ၊ သတိရလို့ ကြည့်လိုက်တော့ ကျုပ်အနားမှာ ဘယ်သူမှ မရှိကြတော့ပေ။

ကျုပ် မြင်တွေ့တဲ့ နေရာက လူသားတိုင်း ကြီးငယ်မရွေး ခိုနားရာအစစ်အမှန်ဖြစ်တဲ့ သုသာန်လေး။ သုသာန်လေးရဲ့ ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေတယ်။ ကျုပ် သုသာန်လေးကို ကြည့်ရင်း ကျုပ်ဘဝကို ပြန်စဉ်းစားမိတယ်။ ဒီ သုသာန်လေးကို မရောက်ခင် လူ့ဘဝရင်ခွင်မှာ ခိုနားစဉ်က ကျုပ် အချိန်တွေကို တန်ဖိုးမဲ့စွာနှင့် ... တာ မဟုတ်လား။

အခုတော့ ကျုပ် ကျေးဇူး... ကြိုးလျှော့ကျက်နှင့် မဆပ်လိုက်ရတဲ့ ... ရဲ့ မြေပုံမို့မို့လေး။ အမေနဲ့ အတူ... ချင်သေးပေမယ့် နေခွင့်မရတော့... ဘဝ။ ကျွေးချင်ပေမယ့် ကျွေးခွင့်... တော့တဲ့ ဘဝ။ ကျုပ် အမေ့ကို ... ပြီး တစ်ယောက်တည်း ပြန်ရမှာ။ ... အမေ့ကို မှန်းဆပြီး ရင်ထဲက ပွင့်... ထွက်သွားတဲ့ . . .

"အမေရေ . . . အမေရေ"

ဆိုတဲ့ အသံက သုသာန်... တစ်ခုလုံးမှာ ဟိန်းထွက်သွား... မဟုတ်ပါလား။

□


## လူတစ်ဦးချင်းစီအတွက် ယတြာအဆောင် ကျောက်မျက်များ ရပြီ

☆ကိုယ်ဝန်ဆောင် မိခင်လောင်းများ ဆောင်ထားဖို့၊ ☆ သရဲ၊ တစ္ဆေ၊ ဝိဉာဉ်ဆိုးများ ပူးကပ်နှောင့်ယှက်ခြင်း မခံရအောင် မိန်းကလေး၊ မိန်းမပျို၊ မိန်းမလတ်၊ မိန်းမကြီးများ ဆောင်ထားဖို့ ☆သူတစ်ပါးအပေါ် လွှမ်းမိုးနိုင်ပြီး သူတစ်ပါးရဲ့ အထင်ကြီးလေးစား ရှိသေခံရဖို့၊ ☆ မိမိကို ချစ်ခင်သူ ပေါ်များစေဖို့၊ ☆စိတ်ရောဂါ အာရုံကြောရောဂါခံစားရသူများ ဆောင်ထားဖို့ ☆သူတစ်ပါးလိမ်ညာလှည့်ဖြားမခံရစေဖို့၊ ☆သားသမီးများ လူကုန်ကူးမခံရစေဖို့၊ ☆တို့ဆေးမမိစေဖို့၊ ☆သားသမီး လိမ္မာကျိုးနွံ ယဉ်ကျေးပြီး ပြောစကား နားထောင်စေဖို့ ကာရင်ပြည်နယ်၊ ရေဝေဂူ ဘုရသေ့ဦးပညာသိဒ္ဓိ၏ ဂမ္ဘီရပညာဖြင့် သိဒ္ဓိတင် စီရင်ထားသော ယတြာ အဆောင် ကျောက်မျက်များကို (ရွှေ၊ ငွေနှင့် တွဲဝတ်ရန် မလို) ဆောင်ထားရုံဖြင့် အကျိုးထူးရရှိမည်။

**ဆရာကြီး ဦးအောင်မြိုင်** (ဥပဒေဘွဲ့) [လက္ခဏာဗေဒင်ပညာ သုတေသီ]

အမှတ် (၈၄၃)၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊
ဖုန်း - ၀၉ ၃၀၁ ၇၈၀၇၅ / ၀၉ ၇၃၀ ၀၅၉၂၄ / ၀၉ ၅၀ ၆၂၈၄၃ / ၀၉ ၅၁ ၇၇၆၂၂
၀၉ ၂၅၂ ၃၀၆၆၇၅ / ၀၉ ၂၆၀ ၄၄၄၈၀၈ / ၀၉ ၇၉၅ ၆၀၇၄၈၅

ယုံကြည်အားကိုးမှသာ လာခဲ့ပါ




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ - နိုဝင်ဘာလ

# မြန်မာဆယ့်နှစ်လဖွားများအတွက် ဟောစာတမ်း

ခန့်ကျော်စွာ

## တန်ခူးလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ကြိုးစားထားသမျှ အောင်မြင်ပါလိမ့်မည်။ အလုပ်တာဝန် နေရာနှစ်ခု နှစ်မျိုးဖြစ်မည်။ အိမ်နေရာ၊ အလုပ်နေရာကိစ္စ အောင်မြင်မည်။ အဖိုးတန် လျှပ်စစ်ပစ္စည်းဝင်မည်။ ဘာသာရေးကိစ္စ၊ အလုပ်ကိစ္စများအတွက် အဆက်အသွယ် ကောင်း သတင်းထူးကြားရမည်။ ရပ်ထားသောအလုပ်များ ပြန်စရမည်။ ငွေကြေးလက်လွှန်ထားခြင်းများ ပြန်ဝင်လာမည်။ ငွေအတွက် စကားပြောလျှင် သကြားအနည်းငယ်စားပြီးမှ ပြောပါ။ မိမိပြောစကားများ အောင်မြင်ရန် ကြီးကဲသူကို သွားတိုက်ဆေး၊ ရွှေပွတ်တံ ဒါနပြုပါ။ ရည်ရွယ်ချက်များအတွက် ဝိုင်းဝန်းကူညီကြပါလိမ့်မည်။ အချစ်ရေးအတွက်တော့ အလုပ်ကိစ္စများခြင်းကြောင့် ချစ်သူ၏ ငြိုငြင်မှု ခံရတတ်သည်။ စကားပြောဆိုခြင်း ချိုသာပါ။

ချစ်သူ၏ သင်တန်းကိစ္စ၊ လျှောက်လွှာကိစ္စ ကူညီရမည်။ ကျန်းမာရေးတွင် ဖူး၊ နား၊ နလုံးနှင့်ပတ်သက်သော အညှော်များ ပေးတတ်သည်။ ကျန်းမာရေးအတွက် အင်္ဂါနေ့တွင် နွားနို့သောက်ပါ။

ယတြာ။ ■ ဘုရားစေတီတော်၏ တနင်္ဂနွေထောင့်တွင် အနီရောင် ဖယောင်းတိုင်(၁၀)တိုင်ကို မီးထွန်းညှိ ပူဇော်ပြီး ဆုတောင်းပါ။ လူမှုရေးကိစ္စများ အဆင်ပြေစေရန် အကြီးအကဲ အမျိုးသမီးကို တဘက်တစ်ထည် လက်ဆောင်ပေးပါ။

## ကဆုန်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း လုပ်ငန်းတိုးချဲ့ခြင်း၊ တာဝန်/ဝင်ငွေတိုးခြင်း အထူးကြုံမည်။ အဝေးမှ စာ၊ သတင်းကောင်းအဆက်အသွယ်များ ပေးလိမ့်မည်။ မိမိ ဦးဆောင်နေသည့်အလုပ်ကိစ္စများ အောင်မြင်ချိန်ဖြစ်သည်။ လူရင်းအတိုက်အခံများ ပေါ်မည်။ ငယ်သူအတွက် ငွေရလေအလွှင့်ရှိမည်။ စာရွက်စာတမ်း စာရင်းမှားယွင်းခြင်း အထူးဂရုစိုက်ပါ။ ပျောက်တတ်သည်။ ငယ်သူ သင်တန်း၊ ပညာ ရေးကိစ္စများ အထူးကူညီရမည်။ ငွေအတွက် စကားပြောလျှင် သပြေရွက်ဆောင်ပြီးပြောပါ။ ငွေလက်လွှန်ခြင်းတော့ ဒီလ ဆင်ပါ။ အဖိုးတန် လျှပ်စစ်ပစ္စည်းအပြောင်းအလဲအသစ်ဝင်မည်။ ခရီးအတွက် အစီအစဉ်အပြောင်းအလဲဖြင့် အောင်မြင်မည်။ အခွင့်အရေးကောင်းများ ပေးသော ကာလဖြစ်ခြင်းကြောင့် မွေးနေ့တွင် အောင်ဘာလေထီ ကံစမ်းပါလေ။

အချစ်ရေးအတွက်တော့ မနာလိုသူ ကြားစကားကြောင့် ပြေလည်အောင် ဖြေရှင်းရမည်။ အထင်အမြင်လွဲခြင်း ဂရုစိုက်ပါ။ ကြီးအကဲ အမျိုးသမီးမှ ကူညီမည်။ ကျန်းမာရေးအတွက် အစားမှား၊ ရေချိုးမှား၊ ဆေးမှား ဂရုစိုက်ပါ။ စိုးရိမ်စရာတော့ မရှိ။

ယတြာ။ ■ ဘုရားစေတီတော်၏ တနင်္လာထောင့်တွင် အနီရောင်စက္ကူ တံခွန်လုံး(၁၀)လုံး ပူဇော် လှူဒါန်း၍ ဆုတောင်းပါ။ လူမှုရေးကိစ္စ အဆင်ပြေရန် သီလရှင်တစ်ပါးကို ကောက်ညှင်းဆန်တစ်ပြည်လှူဒါန်းပါ။

## နယုန်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ဝမ်းသာပျော်ရွှင်စရာများ ဆက်တိုက်ကြုံရပါလိမ့်မည်။ အနှောင့်အယှက်များမှ လွတ်မြောက်သွားမည်။ လူကြီးအကဲများ ကူညီမည်။ စာရွက်စာတမ်းကိစ္စ စိတ်ညစ်ရပြီးမှ ပြေလည်သွားမည်။ အဖိုးတန် လျှပ်စစ်ပစ္စည်းအပြောင်းအလဲဝင်မည်။ ရှာဖွေဖြေရှင်းရခြင်း ဂရုစိုက်ပါ။ စက်ပစ္စည်းထွက်တတ်သည်။ ရေပိုက်/ရေကန်ကိစ္စ ဆောင်ရွက်ရပါက နံနက်စောစော ရေကြည်နှစ်ခွက် ဘုရားလှူပါ။ အနုပညာနှင့် ပတ်သက်သူများ အခွင့်အရေးထူးရမည်။ မိသားစုအတွက် စိတ်ချမ်းသာစရာများ လည်း အထင်လွဲထားသောကိစ္စများ ပြေလည်သွားမည်။ နိုင်ငံခြား၊ နယ်စပ် အထူးအဆက်အသွယ်ရမည်။ ပညာရေး၊ သင်တန်း အတွက် အထစ်အငေါ့ရှိတတ်သည်။

အချစ်ရေးတွင် ဝေးကွာနေခြင်းအတွက် သတင်းကောင်းအဆက်အသွယ်ရမည်။ အထူးလက်ဆောင်ဝင်မည်။ ကြားစကားရှုပ် ခြင်း ဂရုစိုက်ပါ။ ကျန်းမာရေးတွင် ဦးခေါင်း၊ အူ၊ အကြောနှင့်ပတ်သက်၍ စိတ်ညစ်ရမည်။ အီကြာကွေး၊ ဘဲဥ၊ ပဲပြုတ်တို့ကို ရှောင်ပါ။

ယတြာ။ ■ ဘုရားစေတီ၏ အင်္ဂါထောင့်တွင် နှင်းဆီပန်းအနီ (၁၀)ပွင့်ကို ပူဇော်ပြီး ဆုတောင်းပါ။ လူမှုရေးကိစ္စများ အဆင်ပြေစေရန် ရင်းနှီးသော ကလေးငယ်တစ်ဦးကို ကစားစရာအရုပ်တစ်ခု လက်ဆောင်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဝါဆိုလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ခရီးထွက်များ ပေါ်မည်။ အဝေးခရီးသွားလျှင် အသီးစားပြီးမှသွားပါ။ နိုင်ငံခြားအဆက်အသွယ်ကောင်း ရမည်။ လုပ်ငန်းဆွေမျိုး နိုင်ငံခြားသို့ ရောက်မည်။ ခရီးများသော လဖြစ်သည်။ လှုမှုရေးတွင် ကြားစကားရှုပ်ထွေးမည်။ မျက်နှာထိခိုက်သည့်သတင်းကို ကြားရခြင်း၊ အနီးအနားသို့ ဆေးသုတ်ခြင်း၊ နိမိတ်ထူးတွေ့ခြင်းများ ကြုံလျှင် ဆွမ်းခံ ဘုန်းကြီးကို မျက်နှာသုတ်ပ တစ်ခုလှူလိုက်ပါ။ အလှူ ဘာသာရေးကိစ္စ ဦးဆောင်ရမည်။ ငွေအထူးဝင်ကိန်းရှိသည်။ သူတစ်ပါး၏ အချစ်ရေး၊ အိမ်ထောင်ရေး ကျန်းမာရေးတို့တွင် မေတ္တာဖြင့် ကူညီရမည်။ ဆွေမျိုးကိစ္စများ ပင်ပန်းမည်။ အလုပ်တိုးချဲ့ခြင်း အောင်မြင်မည်။ တာဝန် ဝင်ငွေတိုးမည်။ မိတ်ဆွေသစ်၊ လူကြီးသစ် အထူးကူညီမည်။ ယာဉ်စက်ပစ္စည်းအပြောင်းအလဲဝင်မည်။ မြေကိစ္စ၊ အဆောက်အအုံ ကိစ္စ အောင်မြင်မည်။ ရည်ရွယ်ချက်များကို ရဲရဲလုပ်ပါ။

အချစ်ရေးတွင် ကြည်နူးစရာ၊ စိတ်ချမ်းသာစရာများ ကြုံရပါလိမ့်မည်။ ချစ်သူနှင့် စုံတွဲခရီးဝေး ပေါ်တတ်သည်။

ကျန်းမာရေးတွင် ရုတ်တရက် ဖျားနာခြင်းဖြစ်မည်။ ဆေးရုံသို့ သတင်းမေးသွားရလျှင် နောက်နေ့တွင် ဆွမ်းခံ ဘုန်းကြီးကို ဆေးလှူပါ။

ယတြာ။ ■ ဘုရားစေတီတော်၏ ဗုဒ္ဓဟူးထောင့်တွင် ထီးအနီ(၁၀)လက်လှူပြီး ဆုတောင်းပါ။ လူမှုရေးကိစ္စများ အဆင်ပြေစေရန် ဘုရားစေတီတော်၏ တံခွန်တိုင်ကို ရေလောင်း၍ ဆုတောင်းပါ။

## ဝါခေါင်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ကံအထူးတက်ချိန်ဖြစ်သည်။ မသင့်မြတ်သူများနှင့် ပြေလည်သင့်မြတ်သွားမည်။ အလုပ်တိုးချဲ့ခြင်း၊ နေရာသစ် စီစဉ်ခြင်း၊ အထူး ရည်ရွယ်ချက်များ အောင်မြင်မည်။ မိမိပြောစကားများ အောင်မြင်ချိန်ဖြစ်သည်။ မထင်မှတ်သော အပြိုင်အဆိုင်များ ပေါ်မည်။ အလုပ်ကိစ္စအတွက် တာဝန်များမည်။ စိတ်ပင်ပန်းမည်။ ငွေလက်လွှဲခြင်း မြုပ်ခြင်း ဂရုစိုက်ပါ။ လုပ်ငန်း သူငယ်ချင်းများနှင့် ငွေအပေးအယူ ရှုပ်ထွေးတတ်သည်။ အနီးအနားသို့ ဆိုင်းဘုတ်အသစ်တင်ခြင်း၊ အဆောက်အအုံကို ဆေးသုတ်ခြင်းများ တွေ့လျှင် အမျိုးသမီးအကြီးအကဲကို ဆပ်ပြာမွှေးတုံး လက်ဆောင်ပေးပါ။ ယခုလတွင် အခက်အခဲအားလုံး ပြေလည်မှု ရမည်။ အိုးအိမ် ပစ္စည်းဝယ်ခြင်းကို သောကြာနေ့ရှောင်ပါ။ မိသားစုမှ အထင်အမြင်လွဲမှားနေခြင်းများ ပြေလည်သွားမည်။

အချစ်ရေးတွင် ချစ်သူ၏ အထင်လွဲခြင်း ခံရမည်။ သဝန်တိုခြင်းကြောင့် စိတ်ညစ်ရမည်။ ချိုသာစွာပြောဆိုလျှင် ပြေလည်သွားပါလိမ့်မည်။

ကျန်းမာရေးတွင် စိတ်ပင်ပန်းမှုကြောင့် ဦးခေါင်းနှင့်ပတ်သက်သော ဝေဒနာများ ခံစားရတတ်သည်။

ယတြာ။ ■ ဘုရားစေတီ၏ ကြာသပတေးထောင့်တွင် အနီရောင် ဖျော်ရည် (၁၀)ခွက် ကပ်လှူပြီး ဆုတောင်းပါ။ လူမှုရေး အဆင်ပြေစေရန် အနီရောင် ဘောလ်ပင်ကို ဆောင်ထားပါ။

## တော်သလင်းလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း အခွင့်အရေးထူးများ ရပါလိမ့်မည်။ အလုပ်အကိုင်တိုးချဲ့ခြင်းများ အောင်မြင်မည်။ တာဝန်/ ရာထူးတိုးမည်။ လျှောက်လွှာကိစ္စ၊ ဖြေဆိုမှုကိစ္စ အောင်မြင်မည်။ သော့ပျောက်တတ်သည်။ အဖိုးတန် လျှပ်စစ်ပစ္စည်း အထူးဝင်မည်။ တိုင်ကပ်နာရီရပ်လျှင် ပြင်ပါ။ လူကြီးများနှင့် စကားပြော အဆင်မပြေခြင်း ကြုံရတတ်သည်။ ဆွေမျိုးလုပ်ငန်း နယ်စပ်၊ နိုင်ငံခြား အထိ ခရီးထွက်ပေါ်မည်။ မော်တော်ကားကိစ္စ၊ စက်ပစ္စည်းကိစ္စများ အောင်မြင်မည်။ သွားကျိုး/ သွားနုတ်သည့် သတင်းများ ကြားရပါက ဆွမ်းခံ ဘုန်းကြီးကို အသီးသုံးမျိုးလှူပါ။ နှောင့်နှေးကြန့်ကြာနေသော ငွေများ ပြန်ဝင်လာပါလိမ့်မည်။ ငွေထုပ် နီစာကျွေးပြီး ဆုတောင်းပါ။ မိသားစုအတွက်တော့ ဆိုင်စပ်တူ အလုပ်တိုးချဲ့ခြင်းများ အောင်မြင်မည်။ အိမ်အဆောက်အအုံ ပြင်ဆင်ရမည်။

အချစ်ရေးတွင် ဝမ်းသာ ပျော်ရွှင်စရာများသာ မျှော်လင့်ပါ။ အချစ်ရေး အထူးကံကောင်းမည်။

ကျန်းမာရေးတွင် ခြေထောက်၊ ခါး အကြော ဒုက္ခပေးတတ်သည်။ ခြေလက်ထိခိုက်မိခြင်း အထူးဂရုစိုက်ပါ။

ယတြာ။ ■ ဘုရားစေတီတော်၏ သောကြာထောင့်တွင် အနီရောင် ဖယောင်းတိုင်(၁၀)တိုင်ကို မီးပူဇော်၍ ဆုတောင်းပါ။ လူမှုရေးကိစ္စများ အဆင်ပြေစေရန် ဆွမ်းခံ ဘုန်းကြီးကို အသီးသုံးမျိုး လှူဒါန်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## သီတင်းကျွတ်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ရန်အပြိုင်အဆိုင်များမည်။ အခက်အခဲကြားမှ အောင်မြင်မည်။ အလုပ်ကိစ္စများအတွက် မလိုလားအပ်သော စိတ်ပင်ပန်းမှုများ ရှိမည်။ ယခုလ အရည်အချင်းပြရသော ကာလဖြစ်သည်။ လူကြီးများ ချီးကျူးဂုဏ်ပြုခြင်း ခံရမည်။ ဆုထူး ထူးထူးရမည်။ စကားပြောဆိုလျှင် အမှားမရှိရန် အထူးဆင်ခြင်ပါ။ စနေနေ့တွင် လူနာသတင်းမေးခြင်း၊ ဆေးရုံ ဆေးခန်းသို့ သွားခြင်းရှောင်ပါ။ လူမျိုးခြား၊ တိုင်းရင်းသား အကျိုးပြုချိန်ဖြစ်သည်။ နိုင်ငံခြားနှင့်ပတ်သက်သော အဆက်အသွယ်ထူးများ ရရှိမည်။ အနီးအနား၌ သစ်ပင်ခုတ်လှဲခြင်း၊ အဆောက်အအုံဖြိုဖျက်ခြင်းများကို ကြားရလျှင် ဘုရားဥဿောင်ပင်အား ရေလောင်းပါ။ လက် ထိခိုက်မိတတ်သည်။ လျှပ်စစ်ပစ္စည်း၊ ရွှေဝင်မည်။ သူတစ်ပါး၏ အချစ်ရေးကိစ္စ၊ ငွေကိစ္စတို့တွင် ကြားညှပ်တတ်သည်။ ဒီလတွင် အတိုက်အခံများသော်လည်း ရည်ရွယ်ချက်များ အောင်မြင်မည်။ ထီနှင့်ပတ်သက်သော ကံအခွင့်အရေးရှိသည်။ မွေးဖွားသည့်သတင်း ကြားပါက နီးစပ်ရာ အောင်ဘာလေထီဆိုင်တွင် ကံစမ်းပါ။ သူခိုးခိုးခံရတတ်သည်။

အချစ်ရေးတွင် ချစ်သူ၏ ဂရုစိုက်ခြင်းခံရပြီး စိတ်ချမ်းသာရမည်။

ကျန်းမာရေးတွင် စိုးရိမ်စရာမရှိသော်လည်း ခြေထောက် ထိခိုက်မိခြင်း၊ ချော်လဲခြင်း ဂရုစိုက်ပါ။

**အကြံပြု။** ■ ဘုရားစေတီတော်၏ စနေထောင့်တွင် အနီရောင် ကြက်လျှာ(၁၀)ခုကို လှူဒါန်း၍ ဆုတောင်းပါ။ လူမှုရေးကိစ္စ အဆင်ပြေစေရန် နဂါးရုံဘုရားတွင် ထီးအနီ(၁၀)လက်လှူပါ။

## တန်ဆောင်မုန်းလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း နယ်စပ်၊ နိုင်ငံခြားနှင့် ပတ်သက်သော အခွင့်အရေးထူးများ ရမည်။ သတင်းကောင်း၊ အဆက်အသွယ်ထူးများ ရမည်။ ငွေကိစ္စများ ပြေလည်သွားမည်။ ငယ်သူ ကူညီမည်။ မိသားစု(သို့မဟုတ်) လူကြီးများနှင့် စကားအဆင်မပြေဖြစ်တတ်သည်။ အဖိုးတန် လျှပ်စစ်ပစ္စည်းဝင်မည်။ သင်တန်းကိစ္စ၊ အင်တာဗျူးကိစ္စ အောင်မြင်မည်။ ဘာသာရေးခရီးထူး သွားရမည်။ အလုပ်အတွက် တာဝန်၊ ဝင်ငွေ အထူးတိုးမည်။ မိသားစုအတွက်တော့ အိမ်ကိစ္စ၊ ကားကိစ္စ အောင်မြင်မည်။ ဘာသာရေးခရီးများ သွားရမည်။ ငယ်သူ ပညာရေးသင်တန်း အောင်မြင်မည်။ အိမ်နေရာ၊ အလုပ်နေရာ ပြင်ဆင်ရမည်။ ကောင်းသော ကံတရားများ ကြုံရမည်။

အချစ်ရေးတွင် ချစ်သူနှင့် စကားပြော အဆင်မပြေဖြစ်တတ်သည်။ ခရီးဝေးကြောင့် ချစ်သူနှစ်ဦး ရက်ဆက် ခွဲနေရမည်။

**အကြံပြု။** ■ တနင်္ဂနွေနေ့ နံနက်စောစော အိမ်ဘုရားတွင် နွားနို့တစ်ခွက်၊ နန်းကြီးသုပ်တစ်ပွဲကပ်လှူပါ။ လူမှုရေးကိစ္စ အဆင်ပြေစေရန် မျက်နှာသုတ်ပဝါတစ်ခု ဆွမ်းခံ ဘုန်းကြီးအား လှူပါ။ ငွေကိစ္စများ ပြေလည်စေရန် တနင်္လာနေ့တိုင်း ခိုစာကျွေးပါ။

## နတ်တော်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ ဝင်မည်။ မြေကိစ္စ၊ ဘာသာရေးကိစ္စများ အောင်မြင်မည်။ အကြီးအကဲ အမျိုးသမီးမှ ကူညီမည်။ ဘာသာရေးခရီးထူး ပေါ်မည်။ အလှူကိစ္စ အောင်မြင်မည်။ သော့၊ သွား၊ သွေး အညံ့ရှိမည်။ သူခိုးခိုးခံရတတ်သည်။ ရွှေ၊ လျှပ်စစ်ပစ္စည်း အပြောင်းအလဲဝင်မည်။ စာရွက်စာတမ်း၊ မှတ်ပုံတင် အထားများ၌ ပျောက်တတ်သည်။ အိမ်နေရာ၊ အလုပ်နေရာ ပြင်ဆင်ခြင်းအပြောင်းအလဲ ပေါ်မည်။ အဝေးရောက်နေသော ကွဲကွာနေသူများနှင့် တွေ့ဆုံမည်။ စာချုပ်ကိစ္စ အောင်မြင်မည်။ ငွေလက်လွှဲခြင်း ဂရုစိုက်ပါ။ အလုပ်အတွက် ငွေမြုပ်တတ်သည်။

အချစ်ရေးတွင် ချစ်သူ၏ အထူးလက်ဆောင်ရမည်။ ချစ်သူအတွက် သဝန်တိုရသော စိတ်ကြောင့် ပင်ပန်းရတတ်သည်။

**အကြံပြု။** ■ တနင်္လာနေ့ နံနက်စောစော အိမ်ဘုရားတွင် ကော်ရည်ခေါက်ဆွဲတစ်ပွဲ၊ ကော်ဖီနှစ်ခွက် ကပ်လှူပြီး ဆုတောင်းပါ။ လူမှုရေးကိစ္စများ အဆင်ပြေစေရန် ငှက်ပျောသီးမှည့် ငါးလုံးကို ဆွမ်းခံ ဘုန်းကြီးအား လှူပါ။ ငွေကိစ္စများ ပြန်၍ ပြေလည်စေရန် တနင်္လာနေ့တိုင်း ကလေးများကို ချိုချဉ်ဝေပါ။



www.burmeseclassic.com

www.burmeseclassic.com

## ပြာသိုလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း အလုပ်သစ်၊ လူကြီးသစ်၊ နေရာသစ် အထူးအကျိုးပြုမည်။ သတင်းကောင်း။ အဆက်အသွယ်ကောင်းများ ရမည်။ ခရီးကိစ္စများ အောင်မြင်မည်။ သင်တန်းကိစ္စ အထူးပေါ်မည်။ ဆွေမျိုး၊ လူရင်းနှင့် အခေါ်အပြောပျက်တတ်သည်။ ကြီးကဲသူများ အထင်လွဲခြင်း ခံရတတ်သည်။ အဖိုးတန် ပစ္စည်းများ ထွက်ပြီး အသစ်ပြန်ဝင်မည်။ ရေပိုက်၊ ရေကန်ကိစ္စ ဆောင်ရွက်ရမည်။ အနီးအနားတွင် ဆိုင်းဘုတ်အသစ်တင်ခြင်း၊ ဆေးအသစ်သုတ်ခြင်းများကို တွေ့ပါက ဆွမ်းခံ ဘုန်းကြီးကို ဆပ်ပြာမွှေးခဲ လှူပါ။ မိသားစု ဆွေမျိုးများ၏ ကျန်းမာရေးအတွက် ငွေကုန်တတ်သည်။ မိသားစုအတွက်တော့ အိမ်ကိစ္စ အထူး အောင်မြင်မည်။

အချစ်ရေးတွင် ရန်များသော အချိန်ဖြစ်သည်။ ချစ်သူနှစ်ဦး မကြာခဏ စကားများ၊ ရန်ဖြစ်ရမည်။ ကြားလေသွေး၍ ဝေးရသောကိန်းရှိသည်။ ဂရုစိုက်ပါ။

ကျန်းမာရေးတွင် မျက်စိ၊ ဆီး၊ အစာအိမ်နှင့် ပတ်သက်ပြီး ဆေးကုသရတတ်သည်။ ကျန်းမာရန် ငှက်ပျောသီးမှည့်တစ်ဖီး ဘုန်းကြီးအား လှူပါ။

ယတြာ။ ။ ငွေကိစ္စများ ပြေလည်ရန် တနင်္လာနေ့တိုင်း ကြာဆံကြော် ဘုရားလှူပါ။ အင်္ဂါနံနက်စောစော အိမ်ဘုရားတွင် သစ်သီးငါးမျိုးကပ်လှူပါ။ လူမှုရေးကိစ္စများ အဆင်ပြေရန်အတွက် ဆွမ်းခံ ဘုန်းကြီးကို ကြာဆံကြော်လှူပါ။

## တပို့တွဲလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း စက်ပစ္စည်းအထူးဝင်မည်။ ဆရာသမား ကူညီမည်။ စာချုပ်ကိစ္စ၊ စပ်တူကိစ္စ အခွင့်ထူးများ ပေါ်မည်။ ရေ လက်လွှန်ခြင်း စကားပြောရမည်။ ငယ်သူကြောင့် စိတ်ညစ်ရမည်။ ကုန်သွယ်သူ၊ ကားနှင့် ပတ်သက်သူများ အလုပ်ကိစ္စအတွက် အကျိုးထူး ပြုမည်။ ရေပိုက် ရေကန်ကိစ္စ၊ အဆောက်အအုံကိစ္စများ အောင်မြင်မည်။ ဆွေမျိုး အမျိုးသမီးကျန်းမာရေး စိတ်ညစ်ရမည်။ မြေကိစ္စ၊ အမွေကိစ္စ၊ ဖုန်းကိစ္စအတွက် အခွင့်ရေးထူးများ ရမည်။ အလှူ ဘာသာရေး အောင်မြင်မည်။ ခရီးထူးသွားရလိမ့်မည်။ မိသားစုအတွက်တော့ ဆိုင်၊ စပ်တူ၊ ဆေးဝါး၊ စားသောက်ကုန်၊ စက်ပစ္စည်းများ ဆောင်ရွက်ရမည်။

အချစ်ရေးတွင် ကြားစကားတွေကြောင့် လမ်းခွဲရမလိုဖြစ်ပြီး သောကများရလိမ့်မည်။ ချစ်သူကို ထီးတစ်လက် (သို့မဟုတ်) ဦးထုပ်တစ်လုံး လက်ဆောင်ပေးလိုက်ပါ။

ကျန်းမာရေးတွင် ခြေထောက်၊ ခါး၊ အကြော၊ ကျောက်ကပ် ဂရုစိုက်ပါ။ ကျန်းမာရန် မြန်မာဆေး ငါးမျိုးကို ဆွမ်းခံဘုန်းကြီးအား လှူဒါန်းပါ။

ယတြာ။ ။ ဗုဒ္ဓဟူးနေ့နံနက်စောစော အိမ်ဘုရားတွင် ကောက်ညှင်းပေါင်းတစ်ပွဲ၊ အကြော်(၉)ခု၊ ရေတစ်ခွက်လှူပါ။ လူမှုရေး အဆင်ပြေရန် ခိုငှက်များကို အစာဒါနပြုပါ။

## တပေါင်းလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ရွှေ လျှပ်စစ်ပစ္စည်းအထူးဝင်မည်။ ဆွေမျိုးအလှူမင်္ဂလာကိစ္စများ ကူညီရမည်။ မိသားစုအတွက် သတင်းကောင်း ကြားရမည်။ လူပေါင်း၊ ကွဲကွာနေသူများနှင့် ပြန်ဆုံမည်။ ငွေကံအထူးကောင်းသည်။ ငွေကိစ္စများ ပြေလည်သွားမည်။ ကား ကုန်သွယ်ခြင်းတို့အတွက် အဆက်အသွယ်ကောင်းရမည်။ စာရွက်စာတမ်း၊ မှတ်ပုံတင် အထားမှား ပျောက်တတ်သည်။ သူတစ်ပါး ဆေးရုံကိစ္စ၊ ဆေးကုသမှုကိစ္စတို့အတွက် စိတ်ညစ်ရတတ်သည်။ အကြီးအကဲအမျိုးသမီးကျန်းမာရေး ညံ့တတ်သည်။ ခရီးကိစ္စ ရက်အပြောင်းအလဲဖြစ်တတ်သည်။ လူမျိုးခြား၊ တိုင်းရင်းသား ကူညီမည်။ အိမ်နေရာ၊ အလုပ်နေရာကိစ္စ ပြင်ဆင်ရမည်။ မိသားစုအတွက်တော့ အဖိုးတန် ရတနာပစ္စည်းအသစ်ဝင်မည်။

အချစ်ရေးတွင် စိတ်ချမ်းသာစရာများသာ မျှော်လင့်ထားပါလေ။ ချစ်သူ၏ မေတ္တာစေတနာကြီးမားမှုကို တွေ့ရမည်။

ကျန်းမာရေးတွင် သွား၊ မျက်စိ အညံ့ရှိသည်။ ဆေးမှား၊ အစားမှား ဂရုစိုက်ပါ။ ကျန်းမာရန် ကြာဆံကြော် ဆွမ်းလောင်းပါ။

ယတြာ။ ။ ကြာသပတေးနေ့ နံနက်စောစော အိမ်ဘုရားတွင် ကော်ရည်တစ်ပွဲ၊ ကော်ဖီတစ်ခွက်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

ဦးစိန်ရ။

မွေးကတည်းက အသက် ငါး
ဘော့်အထိ လူ့ဘဝ သက်တမ်းမှာ
ည်နဲ့ လိုက်အောင် ရွှေ ငွေ၊ စိန်
တန်ပစ္စည်း ဘာတစ်ခုမှ မရတဲ့
င် အရွယ်ရောက်ကတည်းက မုဒုံ
ကြီးထဲမှာ ကုန်ထမ်းသမားဘဝနဲ့
ကြမ်းကို ဖြတ်သန်းခဲ့ရပါတယ်။

ဇနီးနဲ့ သမီးသုံးယောက် စားဝတ်
ရေးအတွက် ဘယ်လိုမှ အဆင်
ပြေဘူး။ ပြောရရင် သမီးသုံးယောက်
စာမတတ်ပါဘူး။ ကျောင်းမထား
လို့ပါ။

ဦးစိန်ရန်အသက် ငါးဆယ်စွန်း
တဲ့အခါ ကံတရားရဲ့ အလှည့်
ပြောင်းဟာ ယုံနိုင်စရာ မရှိအောင်
လဲသွားပါတယ်။ ချမ်းသာကြွယ်ဝ
သူဌေးဘဝကို ရောက်သွားလို့ပဲ
ပါတယ်။

တကယ့်ဖြစ်ရပ်မှန်ဖြစ်လို့ တခြား
နဲ့ မလှည့်ချင်ပါဘူး။ စာဖတ်ပရိ
ကို မလိမ်ချင်လို့ပါ။

ဦးစိန်ရနဲ့ ကျွန်တော် ရင်းနှီးကျွမ်း
တာ ကျွန်တော်တို့ တပ်ရင်းရဲ့
င် ဗိုလ်ကြီးဟာ မုဒုံသားပါ။ မိဘ
အဆက် ကိုးကွယ်တဲ့ ဘုန်းကြီး
ပြီး တပ်ရင်းရဲ့ သာရေး နာရေး
စီစဉ်ဆောင်ရွက်တိုင်း ဦးစိန်ရ
ဘုန်းကြီးကျောင်းသားအဖြစ် အမြဲ
တာကြောင့် မိတ်ဆွေရင်းလို
တာပါ။

ဦးစိန်ရ ငယ်စဉ်က မိဘနှစ်ပါး
သို့ ဘုန်းကြီးက မွေးစားပြီး
ပေးတယ်။ တစ်ဆယ်နှစ်သား
ရှင်ဝတ်၊ တစ်ဆယ့်ငါးနှစ်သား
ထွက်ပြီး မုဒုံဈေးကြီးရဲ့ ဆိုင်
တောက်တိုမယ်ရ ခိုင်းတာ
ပေးတယ်။ ပေးတာ ယူ၊ ကျွေး




# အိုဇာတကောင်းသူ

## ရစ်ခွင်ကျော် ဖောင်တော်သီ

တာ စား၊ ကျောင်းပြန်အိပ်နှင့် နေလာခဲ့တာ။

အသက် နှစ်ဆယ်မှာ ကုန်စိမ်းသည်နဲ့ အိမ်ထောင်ပြုပြီး သမီး သုံးယောက်ရတယ်။ ဇနီးနဲ့ သမီးကြီး နှစ်ယောက်က ဆိုင်ခွဲပြီး ကုန်စိမ်းရောင်းတယ်။ အငယ်ဆုံး သမီးက အရွယ်ရောက်လာတော့ ချက်ပြုတ်၊ ရေခပ်၊ အဝတ်လျှော်ရတယ်။ ဦးစိန်ရက ကုန်ထမ်းတယ်။ မိသားတစ်စုလုံး ခယောင်းလမ်းကို လျှောက်လှမ်းခဲ့ကြရတာပါ။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်ပဲ ဒုက္ခရောက်ရောက် ငယ်ဆရာကိုတော့ အမြဲဦးထိပ်တင်ထားတဲ့ ဦးစိန်ရပါ။ ဈေးပိတ်ရက်တွေဆို ဆရာတော်အတွက် ဆွမ်းချိုင့်ပို့၊ သီလယူ၊ ကျောင်းတွင်းသန့်ရှင်းရေးလုပ်တာကြောင့် ဆရာဒကာ ဆက်ဆံရေးဟာ ကြာလေ ခိုင်မြဲလေပါပဲ။

ဦးစိန်ရရဲ့ ဆရာတော်ဆိုတာက ဘွဲ့အမည်ပျောက်ပြီး အရပ်က ဘုန်းကြီး ပေါက်ဆိန်လို့ သမုဒ်ထားပါတယ်။ နောက်ခံ သမိုင်းရှိထားလို့ပါ။

ဂျပန်အခုတ် သင်းကွဲ ဂျပန်စစ်ဗိုလ်တစ်ယောက်ဟာ ပြေးရင်းလွှားရင်း ဘုန်းကြီးကျောင်း ကုဋီထဲဝင်ပုန်းတာကို ထင်းပေါက်နေတဲ့ ကိုရင်ကြီးက မြင်တွေ့ပြီး ပုဆိန်နဲ့ ဝင်ခုတ်တယ်။ ဂျပန် စစ်ဗိုလ်က ပြန်ပြီး လုံးထွေးသတ်ပုတ်ရင်း ကိုရင်ကြီး လက်ထဲကို ဂျပန်စစ်ဗိုလ်ရဲ့ ဓားက ရောက်သွားတယ်။ ဂျပန် စစ်ဗိုလ်ရဲ့ လက်ထဲကိုတော့ ကိုရင်ကြီးရဲ့ ပုဆိန်က ရောက်သွားတယ်။ ဒီလိုနဲ့ အပြန်အလှန် ထိုးခုတ် သတ်ပုတ်ရာက ဂျပန်စစ်ဗိုလ်ရဲ့ နှလုံးသားထဲကို စူးဝင်သွားတာက ဂျပန်ဓား။ အဲဒီတစ်ချက်တည်းနဲ့ ပွဲသိမ်းပဲ။ ကိုရင်ကြီးရဲ့ ခေါင်းမှာတော့ ပုဆိန်ခုတ်ခံရတဲ့ ဒဏ်ရာနဲ့။ ဒီလိုနဲ့ ကိုရင် ပေါက်ဆိန်၊ ဦးဇင်း ပေါက်ဆိန်၊ ဘုန်းကြီး ပေါက်ဆိန် ဆိုပြီး အမည်တွင်ခြင်းပါ။

◈◈◈

တစ်ရက်မှာတော့ "ဒကာ စိန်ရ ဘုန်းကြီးနဲ့ ပဲခူး-ရန်ကုန် ဘုရားစုံ ဖူးရအောင် ကျောင်းသားအဖြစ် လိုက်ခဲ့။ အိမ်သားတွေကို သေသေချာချာမှာခဲ့။ တစ်ပတ်လောက်တော့ ကြာမယ်"လို့ ဘုန်းကြီး ပေါက်ဆိန်က မိန့်ပါတယ်။



မော်လမြိုင်က လှေ့လို့ သံလွင်မြစ်အနောက်ဘက်ကမ်းက မုတ္တမကိုတောင် မရောက်ဘူးတဲ့ ဦးစိန်ရအတွက် ဝမ်းသာကြည်နူးမှုဟာ မျက်နှာမှာ ပေါ်လွင်နေပါတယ်။

ဘုန်းကြီး ပေါက်ဆိန်ကလည်း အခြေအနေမှန်ကို သိလို့ မျက်စိပွင့်၊ နားပွင့်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ စရိတ်ငြိမ်း ခေါ်တာပါ။

ဦးစိန်ရအတွက် ပဲခူး-ရန်ကုန် ဘုရားစုံ ဖူးရတာ လူဖြစ်ရကျိုးနပ်တယ်လို့ ခံယူပါတယ်။ ကြည်ညိုသဒ္ဓါပွားရတာ ရောင့်ရဲတင်းတိမ်မှု ပြည့်ဝတယ်လို့ မရှိအောင် ခံစားရပါတယ်။

ပဲခူး-ရန်ကုန် မြို့ကြီးပြကြီးတွေရဲ့ မြင်မြင်သမျှ အရာတွေအားလုံးဟာ အဆန်းတကြယ်တွေချည်းပါပဲ။

ဘုန်းကြီး ပေါက်ဆိန်က တပည့်ဦးစိန်ရဟာ စိတ်ရင်း စေတနာကောင်းတာ၊ သဒ္ဓါတရားထက်သန်တာ၊ သီလစင်ကြယ်တာတွေနဲ့ ပြည့်စုံပါလျက် ဘာကြောင့် ဒါလောက် ဆင်းရဲမွဲတေပြီး ဒုက္ခရောက်နေရတာလဲဆိုတဲ့ အဖြေကို သိချင်လို့ မြေနီကုန်းက နိုင်ငံကျော် နက္ခတ်ဗေဒင်ဆရာတစ်ဦးဆီမှာ ဦးစိန်ရရဲ့ ဇာတာကို စစ်ဆေးပါတယ်။ ဆရာ့ပြောချက်က…

"ဇာတာရှင်ဟာ ဇနက္ကမင်းသား

ထီးနန်းရတဲ့ကိန်းဆိုက်သွားပါပြီ
ပိုင်း လပိုင်းအတွင်း သိန်းဆုကြီး
ကောက်ပေါက်ကိန်းရှိနေပါတယ်။
အတွင်း ဆုကြီး ခုနစ်ကြိမ်ပေါက်မှာ
စနေနံ တိုင်ထိပ်ရောက်နေလို့
ထီအရောင်းအဝယ်နဲ့ စီးပွားဖြစ်မှာ
တစ်ခုတော့ သတိပေးလိုက်မယ်။
ကြိမ်ပေါက်တဲ့နေ့ဟာ ဦးစိန်ရ အသက်
အန္တရာယ်ရှိနေပါတယ်"

ဒီလိုနှင့် ဦးစိန်ရနဲ့ ဘုန်းကြီး
ပေါက်ဆိန်တို့ဟာ မုဒုံကို ပြန်
ပြီး တစ်ပတ်အကြာမှာ ရန်ကုန်က
ကြေးနန်းတစ်စောင်ဝင်လာပါတယ်။

အောင်ဘာလေ သိန်းဆုကြီး
ဆွတ်ခူးကြောင်း အသိပေး အကြောင်း
ကြားစာပါ။

မော်လမြိုင်ကို အပြန် ရန်
ဘူတာကြီးက ထိုးခဲ့တဲ့ ထီစာအုပ်
ဆွတ်ခူးရရှိခြင်း ဖြစ်ပါတယ်။ ဦးစိန်
ဘဝအပြောင်းအလဲအစပေါ့။

မှန်လိုက်တဲ့ ဗေဒင်ဆရာ
ကြောင့်လည်း နိုင်ငံကျော်တာ
ဦးစိန်ရရင်ထဲက ချီးကျူးနေပါတယ်။

စနေနံ အကျိုးပေးတာ မှန်
မုဒုံ-သံဖြူဇရပ် ကားလေးဂိတ်မှာ
ဆိုင်ဖွင့်ပြီး ထီရောင်းရာက တ
အတွင်း လက်ကျန် ထီစာအုပ်တွေ
နေ သိန်းဆုတွေ ဆွတ်ခူးလို့
မော်လမြိုင် လိုင်းကားထောင်တ
သမီးကြီးကို နီဗွာန်ကုန်ဆိုင် ဖွင့်
တယ်။ အငယ်နှစ်ယောက်ကို
ခြောက်ဆိုင်ဖွင့်ပေးပြီး ဇနီးကို
အိမ်ခြံဝင်းအတွင်း ရက်ကန်းရုံကို
နိုင်းပြီး အိမ်ရဲ့ ဝေယျာဝစ္စတာ
ခွဲဝေပေးလိုက်ပါတယ်။

အိမ်ထောင်ခွဲမဟုတ်လို့
ခင် အမွေခွဲပေးတဲ့ သဘောပါ

ဆရာဘုန်းကြီးရဲ့ အ



www.burmeseclassic.com

www.burmeseclassic.com

ဦးစိန်ရကိုယ်တိုင်ကလည်း အောက် ...က်ကြေခဲ့လို့ နှစ်နှစ်အတွင်း စီးပွား ...လုပ်ငန်းခွဲတွေအပြင် လက်ထဲ ...သိန်းတစ်ရာလောက် စုဆောင်းနိုင်ခဲ့ပါ တယ်။

နှစ်နှစ်အတွင်း သိန်းဆုကြီး ...ကြိမ်ဆွတ်ခူးပြီးဖြစ်လို့ ဦးစိန်ရ ...တ်လန့်တုန်လှုပ်နေပါပြီ။ "သတိ ...တော့ ပေးလိုက်မယ်။ ခုနစ်ကြိမ်ပေါက် ...နေ့ဟာ အသက်အန္တရာယ်ရှိနေပါ တယ်" ဆိုတဲ့ ဗေဒင်ဆရာရဲ့ ဟောချက် ...နားထဲမှာ ပဲ့တင်ထပ်နေပါတယ်။

ကမ္ဘာပေါ်မှာ ရှိရှိသမျှ လူသား ...ဟာ ငွေကို လိုချင်ကြပါတယ်။ ...ပေါက်ချင်ပါတယ်။

ဦးစိန်ရဟာ လက်ကျန် ထီ ...က်မှတ်တွေကို သံဃာတွေ ဆွမ်းခံ ...ရင် သပိတ်ထဲကို လှူပါတယ်။ ဆန် ...တဲ့ သီလရှင်တွေကိုလည်း ထီလက် ...တွေ လှူပါတယ်။ မုန့်-သံပြုဇရပ်၊ ...မော်လမြိုင် ခရီးသည်တွေကိုလည်း ...လက်မှတ်တွေ လက်ဆောင်ပေးပါ တယ်။ ဘယ်လောက်လှူလှူ စီးပွား ...နည်းသွားခြင်း မရှိဘဲ တိုင်ထိပ် ...က ကံဇာတာအလံလေးဟာ လေ ... တလွင့်လွင့်ပါ။

◈◈◈

လုံ့ထမ်းလာတာ မြင်ရတယ်၊ ...တာ စန်းထလာတာ မမြင်ရဘူး ...တဲ့ အဆိုအမိန့်ဟာ ဦးစိန်ရကို ရည် ...သလိုပါ။

ဦးစိန်ရမှာ လက်သုံးစကား ...ရှိပါတယ်။ တစ်သက်လုံး ဒုက္ခ ...ခြင်းဒဏ်ကို အလူးအလိမ့်ခံစား ...ဲ့ အဲဒီဘဝကို ပြန်မရောက်ချင် ...ပါဘူးတဲ့။

ခံယူချက်ကောင်းပေမယ့် လက် ...လုပ်ဆောင်ချက်ကတော့ မွဲဆေး ဖော်တော့မယ့် သဘောပါ။ တစ်သက် လုံး ဖဲဝိုင်း၊ ဂျင်ဝိုင်း စတဲ့ လောင်းကစား ဝိုင်းတွေရဲ့ အနားကိုတောင် မကပ်တဲ့ ဦးစိန်ရဟာ ဘောလုံးလောင်းကစားကို တော့ ပြုလုပ်လာပါတယ်။ သိန်းတစ်ရာ ဖိုး လောင်းပါတယ်။ သူဌေးဖြစ်၊ ခွေး ဖြစ်လို့ပဲ ပြောချင်ပါတယ်။

ရွှေတစ်ကျပ်သားကို ကျပ် သုံး လေးရာခေတ်မှာ သိန်းတစ်ရာဖိုး လောင်းတာဟာ ဦးစိန်ရထက် မိုက် တွင်းနက်တဲ့သူ ရှိနိုင်ပါဦးမလား။

ကံကို ယုံ၊ ဆူးပုံ မနင်းရတဲ့ အခု နင်းရုံမက၊ ညှောင့်ကျင်းထဲသို့ ခုန်ချတဲ့ လုပ်ရပ်ပါ။

ဖြစ်ပုံက ကြည်း၊ ရေ၊ လေ ဘောလုံးပွဲ ရတခ နယ်မြေမှာ ကျင်းပ ပါတယ်။ ၁၉၇၄ ခုနှစ်ကပါ။ ကျိုက်ထို၊ သထုံ၊ မော်လမြိုင်၊ မုဒုံမြို့တွေမှာ အုပ်စုပွဲစဉ်တွေ ပြုလုပ်ပါတယ်။ ရှုံး ထွက်။ ဆီမီးနဲ့ ဖိုင်နယ်ကိုတော့ မော်လမြိုင်မြို့နယ် အားကစားကွင်းမှာ ကျင်းပပါတယ်။

သထုံအုပ်စုက တက်လာတဲ့ နမခအသင်းနဲ့ မုဒုံအုပ်စုက တက်လာ တဲ့ ရတခအသင်းတို့ နောက်ဆုံး ဖိုင် နယ်ကန်ကြမှာပါ။

လောင်းကြေးအနေနဲ့ တစ်ကွင်း လုံးက နမခဘက်က ဖြစ်ပြီး မိုက်လုံး ကြီးတဲ့ ဦးစိန်ရကတော့ သူတစ်ဦး တည်းသာ ရတခဘက်ကပါ။

ပွဲစပါပြီ။

ပွဲစပြီဆိုကတည်းက ရတခ အသင်းဟာ နမခအသင်းကို ဘယ်လို မှ ယှဉ်မရပါဘူး။ ခြေသိပ်ကွာပါတယ်။ နမခတစ်သင်းလုံးက ကွင်းတစ်ဝက် အထိ ဖိထားပြီး ရတခအသင်းဟာ ခံစစ်နဲ့ ဂိုးမပေးရရေးကိုပဲ အသည်း အသန် ကစားနေရပါတယ်။

ဒီနေ့မှပဲ နမခ တိုက်စစ်မှူးတွေ ဟာ ဂိုးကံခေတယ်ခေါ်မလားဘဲ၊ ကန် သွင်းသမျှ အပေါ်ထောင်၊ ဘေးထွက်၊ ဂိုးပေါက်နဲ့။ တည့်ပြန်တော့လည်း ဂိုး သမားလက်ထဲ ရောက်လို့။

နမခ တိုက်စစ်မှူးတွေ ဂိုးကံခေ သလောက်၊ ရတခ ဂိုးသမားတွေက လည်း ဒီနေ့ ဖိုင်နယ်ပွဲစဉ်ကျမှ လက် စွမ်းထက်နေပါတယ်။ နမခအသင်းက တနိုင်းနိုင်းသွင်းလေသမျှ တစ်လုံး လောက်တော့ ဝင်ကောင်းရဲ့လို့ အထင် ရှိပေမယ့် ပထမပိုင်းတစ်ပိုင်းလုံး ဂိုးမရှိ ဘဲ သရေနဲ့သာ ပြီးဆုံးသွားပါတယ်။

တစ်ကွင်းလုံး လောင်းကစား သမားတွေ စိုးရိမ်မှုတွေ ကျော်လွန်ပြီး ရင်တွေ ခုန်နေချိန်မှာ ဦးစိန်ရကတော့ ဆေးတံကြီးကို ခဲပြီး ဒူးနံ့နေပါတယ်။

ဒုတိယပိုင်း ပြန်စပါပြီ။ ပထမ ပိုင်းလိုပဲ နမခအသင်းတစ်သင်းလုံးက တက်ဖိပြီး ဘောလုံးပညာစုံနဲ့ လိမ် ခေါက်၍ သွင်းပါတယ်။ တစ်ကွင်းလုံးရှိ ပရိသတ်ကတော့ ဟင်ခနဲ ဟာခနဲပါ။

ဒုတိယပိုင်း မိနစ် သုံးဆယ်ကျော် လာတဲ့အခါ နမခ တိုက်စစ်မှူးတွေ မေတ္တာပို့ခံနေရပါပြီ။ ဆဲဆို လှောင် ပြောင်တာတွေ၊ ကွင်းထဲက မောင်း ထုတ်တာတွေကို ခံနေရပါပြီ။

"ရှိုး..."

သွားပြီ။ ရတခ နောက်တန်း အဖျက်ကြေးလို့ နမခအသင်းကို ပင်လ် နယ်တီပေးလိုက်ရပါပြီ။ နမခအသင်း ချန်ပီယံဖြစ်ဖို့ ကိုးဆယ်ရာခိုင်နှုန်း သေချာသွားပါပြီ။ ရတခအသင်း ဒုတိယနဲ့ ကျေနပ်ရတော့မှာပါ။ ရတခ အသင်းမှာ အားကိုးစရာဆိုလို့ ဂိုးသမား ပဲ ရှိပါတော့တယ်။

တစ်ကွင်းလုံး ဆူညံလာပါတယ်။ ပင်လ်နယ်တီကန်မယ့် တိုက်စစ်မှူး



www.burmeseclassic.com

www.burmeseclassic.com

ဟာ ဘောလုံးကို ကိုင်ကြည့်လိုက်၊ လှည့်လိုက်၊ ပြန်ချလိုက်၊ ပြန်ကောက်လိုက်နှင့် အိုက်တင်ခံ အတွန့်တက်နေလို့ပါ။ ပွဲပြီးဖို့ ငါးမိနစ်ပဲ ကျန်ပါတော့တယ်။ အချိန်ဆွဲတာလား မသိ။

ဒိုင်က အဝါကဒ်ပြပါပြီ။

ကန်လိုက်ပြီခင်ဗျ။ ဂိုးသမားက လိမ္မော်သီး ဖမ်းသလို ဒိုက်ထိုး ပစ်ဖမ်းလိုက်တာနဲ့ ဖတ်ခနဲ မိသွားပါတယ်။

နမခအသင်း ကစားအား ချလိုက်ပါတယ်။ အချိန်ပို ပင်လယ်နယ်တီအထိ ရတခအသင်းကို ဆွဲခေါ်ပြီး အားမွေးသလားတော့ မသိ။

အချိန်ပို တစ်မိနစ်၊ နှစ်မိနစ်။ နမခအသင်း ကစားကွက် ချက်ချင်းပြောင်းလိုက်ပါတယ်။ တစ်သင်းလုံးကွင်းတစ်ဝက်ဆင်းပြီး ရတခအသင်း



ကို မှူးခေါ်ရင်း အချင်းချင်း အပေးအယူလုပ်ကြပါတယ်။

ရတခအသင်းက နစ်ယောက်ပဲ ရှေ့တက်ပြီး ဘောလုံးကို လိုက်လုပါတယ်။

နမခအသင်းက အပြန်အလှန်ပေးရင်း နောက်ဆုံး ဂိုးသမားကို ပြန်အပေးမှာ ကန်ချက်ပျော့ပြီး ဖြည်းဖြည်းချင်း လိမ့်သွားစဉ်မှာ ရတခအသင်း ရှေ့တန်းတိုက်စစ်မှူးက လွတ်လွတ်ကျွတ်ကျွတ်ဆွဲပြေးပြီး ဂိုးသမားကို လိမ်၍ သွင်းလိုက်ပါတယ်။ ဂိုးဝင်သွားပါတယ်ခင်ဗျာ။ ရတခရဲ့ ဦးဆောင်ဂိုးဖြစ်သလို ပွဲသိမ်းဂိုးလည်း ဖြစ်ပါတယ်။

ဘောလုံး ပြန်တည်ပါတယ်။ နမခအသင်း တစ်ချက်ထိ နှစ်ချက်ထိ သုံးချက်မထိခင်မှာပင်···

"ရှီး···"


ပွဲသိမ်း ခရာပါ။ ဒိုင်လူကြီးက ပွဲသိမ်းခရာမှုတ်လိုက်ပါပြီ။

တကယ်တမ်းမှာတော့ ဦးစိန်ခုန်ချလိုက်တဲ့ ကျင်းထဲမှာ ညှောင့်ချောင်းမဟုတ်ဘဲ ပန်းမွှေ့ယာကြီး ဖြစ်သွားပါတယ်။

□


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

နာမည်ပေးတင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်း



ရန်ကုန်မြို့။(ပိတ်ရက်မရှိ)

Ph: 01-394727, 01-399426,
09-73009994, 09-5152521,
E.mail:sayagiyarzarzawwin@gmail.com

ရင်သွေးငယ်များနာမည်ပေးခြင်းတင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်း
နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်
စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်
များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာ
ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်
စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ ၉၀
သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူး
ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်
နာရီမိနစ်၊စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်
ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသော
များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်
အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကော
နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူ
စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေး
မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရှုပ်ရှ
သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အော
ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာ
ပညာမာတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အော
မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟော
များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်
လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်၊နေရပ်လိပ်စာဖော်ပြ၍
သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစ
မည်ဖုန်းသာဆက်လိုက်ပါ။
အမှတ်(၁၀၉)၊(၉၄)လမ်း၊မြေညီထပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊




www.burmeseclassic.com

www.burmeseclassic.com



# နမောတဿ လိုတရနှင့် မြတ်နိုးသူသာ ပန်ဆင်ပါ

ကိုရွှေမြသန်း

နမောတဿ ဘဂဝတော အရဟတော သမ္မာ ...သ အမွှန်မြတ်ဆုံး ဘုရားရှိခိုးစာတစ်ပုဒ်ဖြစ်၍ ...ဦးပမာဏ ဘုရားရှိခိုး"ဟူ၍တစ်မျိုး "ဗုဒ္ဓ ပဏာမ ...တဿ ဘုရားရှိခိုး"ဟူ၍ တစ်ဖုံ၊ အလုံးစုံသော ဗုဒ္ဓ ...ဝင်မှန်သမျှ သိရှိ ကြည်ညို သဒ္ဓါပိုစွာ ရှိခိုးပူဇော်နေ ...သည်။ ထိုထက်တစ်ဆင့်ပို၍ ကုသိုလ်တိုးပွား ကောင်းကျိုး ...သျှင် "နမောတဿ လိုတရ"ပုတီးစိပ်နည်းကို ဖော်ပြ ...ပါသည်။ ပုတီးစိပ် အာရုံပွားများပုံမှာ -

(၁) န-ပုတီးတစ်လုံးချပါ။
(၂) မော-ပုတီးတစ်လုံးချပါ။
(၃) တ-ပုတီးတစ်လုံးချပါ။
(၄) ဿ-ပုတီးတစ်လုံးချပါ။
(၅) ဘ-ပုတီးတစ်လုံးချပါ။
(၆) ဂ-ပုတီးတစ်လုံးချပါ။
(၇) ဝ-ပုတီးတစ်လုံးချပါ။
(၈) တော-ပုတီးတစ်လုံးချပါ။



www.burmeseclassic.com

www.burmeseclassic.com

(၉) အ-ပုတီးတစ်လုံးချပါ။

(၁၀) ရ-ပုတီးတစ်လုံးချပါ။

(၁၁) ဟ-ပုတီးတစ်လုံးချပါ။

(၁၂) တော-ပုတီးတစ်လုံးချပါ။

(၁၃) သမ်-ပုတီးတစ်လုံးချပါ။

(၁၄) မာ-ပုတီးတစ်လုံးချပါ။

(၁၅) သမ်-ပုတီးတစ်လုံးချပါ။

(၁၆) ဗုဒ်-ပုတီးတစ်လုံးချပါ။

(၁၇) ဓ-ပုတီးတစ်လုံးချပါ။

(၁၈) သဿ-ပုတီးတစ်လုံးချပါ။

(၁-န မှ ၁၈-သ အထိ တစ်ကြိမ်ပြီးဆုံးလျှင် တစ်ဖန်) ပြန်စပါ။ ခြောက်ကြိမ်ပြည့်လျှင် (၁၀၈)ပတ်ရပါမည်။)

(၁၈×၆=၁၀၈) ဤကဲ့သို့ သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတ မြတ်စွာဘုရားရှင်တို့၏ အာဝေဏိကဂုဏ်တော် တစ်ဆယ့်ရှစ်ပါးစွမ်းအားကို ဖော်ပြသည့် သင်္ချာဂဏန်း(၁၈)ပေါ်မူတည်ပြီး တရားဂုဏ်တော်ခြောက်ပါးစွမ်းအားကို ဖော်ပြသည့် သင်္ချာ ဂဏန်း(၆)ဖြင့် မြှောက်ပွားခြင်းကြောင့် တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၏ စွမ်းအားဖော်ပြ သင်္ချာဂဏန်း (၁၀၈)ကို ရရှိလာသော ထက်မြက်ထူးခြား ကောင်းကျိုးများ လှသည့် "နမောတဿ လိုတရ"ပုတီးစိပ်နည်းပင် ဖြစ်ပါသည်။

◈◈◈

တိသရဏ ငါးသီလ မဲချ စာရေးတံ၊

ဆယ့်ငါးရက်ဆွမ်း ဝါသင်္ကန်း လှူဒါန်းဆောက် ရေကန်

ကျောင်းလှူတဝ နိဗ္ဗန္ဓ ပုညရှိသူမှန်၊

သောတာပန်လို ဂတိမြဲ သူလည်း အပါယ်မပြန်

ဟူ၍ မြတ်ဗုဒ္ဓဟောကြားသည့်အတိုင်း နောက်ဖြစ်မည့် ဒုတိယဘဝတွင် သုဂတိ ဘဝကောင်းကို ရရှိစေရန် "နိဗဒ္ဓကုသိုလ် ခုနစ်မျိုး"ဟူသည့် ကုသိုလ်ပုညများကို စွမ်းနိုင်သမျှ ကြိုးစားအားထုတ် မြတ်နိုးပန်ဆင်သင့်ပါသည်။

ယခုဘဝ၌ပင် သက်တမ်းပြည့် သက်ရှည်ကျန်းမာ ဘေးရန်ကွာစေသည့် ကုသိုလ်ကောင်းမှုများဖြစ်သော "ရေစစ် ဆေးကျောင်း၊ အဟောင်းပြုပြင်၊ ဥယျာဉ်လှူကြ၊ သီလ ဆောက်တည်၊ အသက်ရှည်" ဆိုသည့်အတိုင်း ဖြည့်သင့် သမျှ ဖြည့်ကျင့်ကြသူတိုင်းကို "အသက်ဉာဏ်စောင့်၊ ဉစ္စာကံစောင့်"ပြီးဖြစ်ပေမည်။ သို့မှသာလျှင် လူ့ဘဝမှာ အဆင်ပြေစွာ နေထိုင်နိုင်မည်။ ထိုအခါ၌ လောက၏ ငြိမ်းချမ်းရေးနှင့် မေတ္တာတရား ထွန်းကား ပြန့်ပွားအောင် တတ်စွမ်းသ[illegible] ဆောင်ရွက်ခွင့် ရရှိနိုင်ကြမည်ဖြစ်သည်။

မြတ်ဗုဒ္ဓအလိုကျရုံသာမက၊ အတ္တဟိတ-ပရဟိတ[illegible] ကိုပါ ဖြည့်ဆည်းပြီးသားဖြစ်မည်။ သို့မှသာ အသက်ရှည်[illegible] နေထိုင်ရကျိုးနပ်ပေမည်။

မဟာသုတကာရီ မဃဒေဝလင်္ကာသစ် တတိယ[illegible] ပုတ္တောဝါဒခန်းတွင် ညွှန်းဆိုထားသော မြတ်ဗုဒ္ဓ၏ ဆ[illegible] အရ လူသားတိုင်းသည်…

မေတ္တာဝေ၄ ဤလောက၌

သတ္တဖဝါး အတူသွားက

မည်ပြားမိတ်စစ် ခင်ပွန်းဖြစ်၏

ဆယ့်နှစ်လုမ်းသော် အဖော်သဟဲ

လခွဲဉာတိ မည်ဘိမပျက်

ထို့ထက်လွန်စွာ ရက်ကြာကာလ

ပေါင်းဖက်ကြမူ

အတ္တသမ္မာ မှန်စွာထိုလူ ကိုယ်နှင့်တူ၏…

ဆိုသည့်အတိုင်း ကျင့်ကြံကြိုးစားနေထိုင်ဆောင်[illegible] သွားနိုင်လေလေ ပိုမိုပြီးကောင်းမွန်လေလေဖြစ်ပါ၏။

သို့ဖြစ်ပါ၍ နေရိုက် တစ်ခဏတာ ဘဝတွင် အ[illegible] မြတ်ပြီး အသေတတ်စေဖို့ အာနာပါန သမထမှ အ[illegible] ၍ ဗုဒ္ဓါနုဿတိ ဘာဝနာနှင့် မေတ္တာ ဘာဝနာသည်သ[illegible] သက်ရှည်ကျန်းမာ ဘေးရန်ကွာလျက် ထက်မြက် ထူး[illegible] ကောင်းကျိုးများစေကြောင်းဖြစ်၍ မြတ်နိုးသူသာ ပန်ဆင်[illegible] ဟူ၍သာ။

❐



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ရှင်မတို့အတွက် ဆေးတစ်လက်

ထွန်းဝေဝေစိုး (ဟသ်ာတ)

"ဆရာထွန်း...ဆရာထွန်း"

ဟု ခေါ်သံကြားရာသို့ အကြည့်ရောက်စဉ် တစ်ရပ် ...တည်းနေ ကိုမိုးညိုကို တွေ့လိုက်ရ၍...

"ကိုမိုးညိုပါလား၊ လာလေ...အိမ်ထဲဝင်"

ဟု ခေါ်လိုက်သည်။

"ဆရာထွန်း အလုပ်ရှုပ်နေတယ်ပေါ့"

"ဟုတ်တယ်ဗျာ။ မဂ္ဂဇင်းတိုက်ကို စာမူပို့ဖို့ ဆေး ...င်းပါးတစ်ပုဒ်ရေးနေတာ"

"အဲဒါဆို ကျွန်တော် နှောင့်ယှက်သလိုများ ဖြစ်သွား ... ဆောရီးဗျာ၊ စိတ်မရှိပါနဲ့"

"ရပါတယ် ကိုမိုးညိုရယ်၊ ကိစ္စမရှိပါဘူး။ လူရင်းတွေ ...တွေ့ရမှာပေါ့။ ဒါနဲ့ ဘာအကြောင်းရှိလို့လဲ၊ ပြောပါဦး။ ...ပါနဲ့"

ဟု စကားစပေးလိုက်သည်။

"ဟုတ်ကဲ့ပါ၊ ပြောပါ့မယ်။ အဲ..ပြောမယ်ဆိုတာထက် ...ထွန်းဆီက အကူအညီတောင်းရမှာ"

"ဘာများလဲ၊ လူမှုရေးအရ ကျွန်တော်တတ်နိုင်သမျှ ...ပေးမယ်၊ ပြောပါ"

"ဒီလို ဆရာထွန်းရေ။ ယောက်ျားမှာ ဆီး၊ မိန်းမမှာ ... စကားအတိုင်းပေါ့။ ကျွန်တော့်ဇနီးမှာ သွေးဆုံးကိုင် ...နိုင် မသောက်နိုင်နဲ့ ပိန်လှီနေတယ်ဗျာ။ ကျွန်တော် ...သလောက် ဆေးမြီးတိုတွေနဲ့ ကုပေးပါတယ်။ မရ ... တစ်နေ့တခြား ပိုဆိုးလာတယ်။ အပြင်မှာလည်း ...လုပ်ရ၊ အိမ်ပြန်ရောက်တော့လည်း ကလေးတွေရဲ့ ...စွလုပ်ရနဲ့ ကြာလာတော့ ထွက်တောင်ပြေးချင် လာတယ်။ ဒါကြောင့် ဆရာထွန်းမှာ သွေးဆုံးဆေးရှိတယ်၊ ရောဂါလည်း ပျောက်တယ်လို့ လူပြောများနေတာကို ကြားကြားချင်း အလုပ်တောင် မသွားနိုင်ဘူး။ ဆရာထွန်းဆီကို လာခဲ့တာ။ ကျွန်တော့်ကို သွေးဆုံးဆေးရှိရင်..."

"အေးပါ၊ ကျွန်တော် တတ်နိုင်တဲ့ကိစ္စပါ။ ကူညီနိုင်ပါတယ်။ ဝိဇ္ဇာဓါနပေါ့။ တတ်နိုင်တဲ့ လူတွေကိုတော့ ဆေးပြန်ဖော်ဖို့ ဆေးဖိုးယူပါတယ်။ ခင်ဗျားကိုတော့ ဆေးအလှူအဖြစ် ပေးပါ့မယ်။ ဒီဆေးဟာ ကျွန်တော့်ဖခင် ဦးတင်လှ (ကွယ်လွန်)က ဆရာတော်တစ်ပါးဆီက ရခဲ့တာပါ။ အမေ ဒီရောဂါဖြစ်တုန်းက အဖေ ရှာဖွေဖော်စပ် သုံးစွဲတာ ရောဂါပျောက်ကင်းခဲ့တယ်။ ဒါတင်မကသေးဘူး၊ မိတ်ဆွေနှစ်ဦးကိုလည်း ဆေးဖော်ပေးခဲ့သေးတယ်။ အခု ခင်ဗျားနဲ့ဆို လေးဦးမြောက်ပေါ့။

ကျွန်တော် အခု ဒီမီးယပ် သွေးဆုံးဆေးကို အများသူငါတွေ အလွယ်တကူဖော်စပ် သုံးစွဲနိုင်ဖို့ စာရေးနေတာ။ ပြီးရင် မဂ္ဂဇင်းတိုက်ကို ပို့မယ်လေ။ ဆေးက ရှေး သမားတော်ကြီးတွေ၊ နန်းတွင်း ဆေးသမားတော်ကြီးတွေရဲ့ လက်သုံးဆေးဗျ။ စိတ်ချသောက်၊ အမှန်ပျောက်တယ်။ ရော့၊ ဒီဆေးပါပဲ။ လိုအပ်လည်း နောက်ထပ် လာယူပါ။ အားမနာပါနဲ့။ ရောဂါပျောက်ဖို့က အဓိကပါ"

"ဟုတ်ကဲ့ပါ ဆရာထွန်းရယ်။ ကျေးဇူးတင်ပါတယ်။ ခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့ ကိုမိုးညို"

ကျွန်တော်လည်း ကိုမိုးညို ပြန်သွားသည့်အခါ ရေးလက်စ စာမူကို ဆက်ရေးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

သွေးဆုံးဆေး၏ အစွမ်းထက်မှုကို သိရှိပြီး အလွယ်တကူ ဖော်စပ်သုံးစွဲနိုင်ဖို့ ဆေးဖော်စပ်ပုံကို အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်။

**ဆေးတွင် ပါဝင်ပစ္စည်းများ**

(၁) ရှားစောင်းလက်ပပ်အနှစ် - ၂၅ကျပ်သား
(၂) ကြိတ်မုန့်ရွက်အရည် - ၁၀ကျပ်သား
(၃) ဂုံမင်းဆံ - ၁ကျပ်သား
(၄) မန်ကျည်းနှစ် - ၁၀ကျပ်သား
(၅) မုန့်လုပ် ထန်းလျက် - ၂၅ကျပ်သား
(၆) စမုန်မျိုးငါးပါး - ၄ပဲစီ

ရေးဦးစွာ ထန်းလျက်ကို အုန်းသီးဖွန်းခြစ်တစ်လုံးရဲ့ အရည်နှင့် ကြွက်မြီးတန်း(ညောင်စေးကျ)အောင် ချက်ရမည်။ ကြွက်မြီးတန်း(ညောင်စေးကျ)လျှင် ရှားစောင်းလက်ပပ်ကို ထည့်၍မွှေပါ။ ထို့နောက် ကျန်ဆေးအားလုံးကို ထည့်မွှေပါ။ ပြီးလျှင် လေလုံသည့် ပုလင်းထဲတွင် ထည့်၍ ထားရမည်။

**ဆေးသုံးစွဲပုံနှင့် ပျောက်ကင်းဝေဒနာများ**

မီးယပ်မမှန်ခြင်း၊ ပိန်ကြုံခြင်း၊ ကိုယ်သား ကိုယ်ရေ ခြောက်ကပ်ခြင်း၊ ဆီး-ဝမ်း-လေ မမှန်ခြင်း၊ သွေးဆုံးကိုင်ခြင်း ရောဂါဝေဒနာများအတွက် နေ့စဉ် ဟင်းခပ်ဇွန်းတစ်ဇွန်းစီ သောက်ပေးပါ။

စိတ်ချ သုံးစွဲပါ။ ဆေးစွမ်းထက်ပါသည်။

ဆေးပစ္စည်းများမှာ ရှာဖွေရလွယ်ကူခြင်း၊ ငွေကုန်ကြေးကျသက်သာခြင်း၊ ဝေဒနာများ အမှန်လက်တွေ့ ပျောက်ကင်းခြင်းတို့ကြောင့် လိုအပ်သူများ သုံးစွဲနိုင်ရန် တင်ပြရခြင်းဖြစ်ပါသည်။

□

ကျမ်းကိုး
- နန်းတွင်းကုထုံး ဆေးကျမ်း


ပဉ္စဂုဏ် အဟံ ဝန္ဒာမိ

**ဂမ္ဘီရဆရာလှမျိုး (B.sc)**

အောင်ကောင်းမြ(သာကေတ)

ဗေဒင်+လက္ခဏာ နဝင်းစီးယတြာပညာရှင်

- ဘဝတစ်သက်တာဆောင်ရန်၊ ရှောင်ရန်များ။
- အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းကိစ္စအဆင်ပြေစေရန် ဓာတ်ရိုက်ဓာတ်ဆင်ယတြာ။
- တစ်နှစ်တာဟောစတမ်းရေးပေးခြင်း၊ ကလေးအမည်ပေး၊ ဆိုင်၊လုပ်ငန်းအမည်ပေးခြင်း။
- ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး အတွက် နဝင်းချေပေးခြင်း၊ နဝင်းစီးယတြာပြုလုပ်ပေးခြင်း။

**ဟောခန်းလိပ်စာ** မြောက်ဒဂုံမြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ တောင်မြောက်လမ်းဆုံ အနီး၊ ပြည်လုံးချမ်းသာမြို့ဦးစေတီတော်၊တောင်ဘက်မုခ်၊ (တိုးကြောင်းလေးဘုတာအနီး)။

**ဟောပြောအချိန်** နံနက်(၁၀)နာရီမှ၊ ညနေ(၄)နာရီ၊

ရုပ်ဖေးမှုလာမည့်သူများ ဖုန်း-၀၉ ၄၂၀၀၄၇၈၆၉ သို့ ကြိုတင်ဆက်သွယ်ပြီး လာရောက်ဆွေးနွေး ယတြာချေနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com


မြေလတ်ပိုင်းမှာ တည်ရှိသော ကျွန်တော်တို့ ရွာကလေးသည် နွေရောက်ပြီဆိုလျှင် ရေရှားပါးစမြဲ၊ တစ်ရွာလုံးမှာ ရှိသော ရေတွင်းတိုင်းလိုလို ရေခန်းတတ်စမြဲ။ အောက်စမ်း ဆုတ်သွားတာဟု လူကြီးတွေ ပြောတာ မှတ်မိနေပါသည်။ အညာနွေလို ပူပြင်းသော နေက ရေကို စုပ်ယူခန်းခြောက်စေသလားတော့ မသိ။ နွေရောက်ပြီဆိုသည်နှင့် ရေတွင်းတွေမှာ ရေကဖင်ကပ်သော ကျန့်၍ နောက်နောက်ကျိုကျိုဖြစ်နေတတ်သည်။ ထိုရေနောက်နောက်ကျိုကျိုကိုပင် ချိုးရေ၊ သုံးရေအဖြစ် အသုံးပြုနေကြရပြန်၏။

ရွာနှင့် မလှမ်းမကမ်း ရွာပြင်ဘက်မှာတော့ သောက်ရေတွင်း တစ်တွင်းရှိပါသည်။ တစ်ရွာလုံးမှာ ရှိသော ရေတွင်းများမှ ရေသည် သော... ၍ မကောင်းဟု ရွာသားများက ယူ... လျက်၊ ရွာပြင် ရေတွင်းမှ ရေကို... ခပ်ယူသောက်သုံးကြသည်။ ထိုရွာပြ... တွင်းသည် သောက်ရေအတွက် ... သန့် သုံးရန်ဟု မည်သူကမျှ ညှိ... မထားဘဲနှင့် တစ်ရွာလုံးက တည်... တညွတ်တည်း လက်ခံလာကြသည်။ ထူးခန်းသည်မှာ ထိုရွာပြင် ရေတွင်း...

# ရေတွင်းကလေး

မောင်မြို့ဝေး

(ပုတီးကုန်း)




www.burmeseclassic.com

www.burmeseclassic.com

ည် နွေကာလမှာလည်း ရွာထဲက ...ွင်းများနှယ် ရေမဆင်းခြင်းပင်။ ...ပြင် တွင်းက ရေခုတ်သည်ဆိုရုံမျှ ...သွားကာ ကြည်လင်အေးမြနေ ...

ထိုရွာပြင် ရေတွင်းသည် ဟိုး ရှေးနှစ်ပေါင်းများစွာကပင် ရှိနေသော ရေတွင်းတစ်ခုဟု ရွာမှ လူကြီးများက ပြောကြသည်။ လယ်ကွင်းပြင်များ ဝန်း ရံလျက်ရှိသော ကုန်းကမူလေးပေါ်မှာ ထိုရေတွင်းကလေး တည်ရှိပါသည်။ ရေတွင်းဘောင်မှာ ထန်းပင်သုံးပင်ပေါက် နေ၏။ ရေတွင်းမှ အုတ်ခဲများသည် ယခုခေတ် အုတ်ခဲများနှင့်မတူဘဲ ပို၍ ကြီးမားရှည်လျားနေတာ သတိပြုနိုင် ပြန်သည်။ ရှေးခေတ် အုတ်ခဲများသည် ထိုကဲ့သို့ပင် ပို၍ကြီးမားရှည်လျားသည် ဆိုပြန်၏။ မြေပြင်မှနေ၍ ခါးစောင်း



www.burmeseclassic.com

www.burmeseclassic.com

အမြင့် တညီတည်းဖြစ်အောင် အုတ်ခဲများ ရှိမနေတော့ပါ။ တောင်ဘက်ခြမ်းသည် အုတ်အပြည့်ရှိနေသော်လည်း မြောက်ဘက်ခြမ်းသို့ စောင်း၍ နိမ့်ဆင်းသွားရာ မြောက်ဘက်ခြမ်းသည် မြေပြင် ဒူးဆစ်အထိသာ အုတ်ခဲရှိတော့သည်။ တချို့ အုတ်ခဲတို့က ကျိုးပဲ့နေကြပြီ။ ရေတွင်းနှင့် မလှမ်းမကမ်းမှာ အုတ်ခဲကျိုး သုံးလေးလုံးကိုလည်း တွေ့ရပြန်၏။ နွားကျောင်းသားများက ခြေလက်ဆော့သူများဖြစ်၍ ရေတွင်း အုတ်ရိုးမှယူပြီး ပြန်မထားတာ ဖြစ်ချင်ဖြစ်မည်။ တစ်ခါတစ်ရံမှာလည်း ရေတွင်းထဲမှ ရေကို ငင်ရင်း ထိမိ နိုက်မိကာ ရေတွင်းနှုတ်ခမ်းမှ အုတ်ခဲတို့ ရေတွင်းထဲသို့ ပြုတ်ကျသည်ကို ကြုံဖူး တွေ့ဖူးသည်။ ထိုရေတွင်းမှာ ရေငင်နေရသည့် မောင်းတံအသေမရှိဘဲ ရေခပ်သူတို့က ကိုယ့်ရေပုံးနှင့် ကြိုးကို ယူလာပြီး ရေငင်ခပ်ကြရ၏။

ကျွန်တော်တို့ ကလေးတွေကို လူကြီးများက ထိုရေတွင်းမှာ ရေခပ်မခိုင်းကြ။ အုတ်တွေက မခိုင်မခံ့နှင့်မို့ ရေငင်ရင်း ရေတွင်းထဲ ကျသွားမှာ စိုးရိမ်ကြသည်။

တစ်ရွာလုံးက အားထားသောက်သုံးနေရသော သောက်ရေတွင်းမို့ ပြန်လည်ပြုပြင်ရန် လူကြီးတွေ စီစဉ်ကြသော်လည်း အထမမြောက်ခဲ့။

ပြန်လည် မပြုပြင်နိုင်သေးသော်လည်း ထိုရေတွင်းလေးသည် တစ်ရွာလုံး၏ အသက်သခင် သောက်သုံးရေကို ပေးဝေရာဟုတော့ အားလုံးက အသိအမှတ်ပြုကာ ထိုရေတွင်းလေး ကျေးဇူးကို မမေ့လျော့ကြပါ။

◈◈◈

ထိုရေတွင်းကလေးနှင့် ယှဉ်တွဲလျက် ဖိုးပြားတို့ သားအဖကိုလည်း ကျွန်တော် သတိရ မှတ်မိနေပါသေးသည်။ ဖိုးပြား၏ သားက ဆိုးပုံ။ ဖိုးပြားတို့ သားအဖသည် ရွာအစွန်ဆုံး တဲငယ်ကလေးတစ်ခုမှာ နေကြပါသည်။ ဖိုးပြားနှင့် ဆိုးပုံဟု တစ်ရွာလုံးက ခေါ်ကြသလို၊ ကျွန်တော်တို့ ကလေးတွေကလည်း နှုတ်ကျိုးနေတော့သည်။ ဖိုးပြားသည် ငယ်ငယ်က သွက်သွက်ခါအောင် ရူးဖူးသူဖြစ်၍ ကျွန်တော်တို့ မှတ်မိသော အရွယ်မှာတော့ ခပ်ယဉ်ယဉ်လေးသာ ရူးနေသူဖြစ်၏။ သူ့ခြံထဲမှာ လျှောက်ရင်း တစ်ခါတစ်ရံ တစ်ယောက်တည်း စကားတွေ ပြောနေတတ်သည်။ ရယ်ချင်ရယ်၍ ငိုချင်ငိုနေတတ်သည်။ အလုပ်ကို လုပ်ရမှန်းတော့ သူ သိနေပါသေး၏။ ထမင်းချက်ချိန် ထမင်းချက်သည်။ သူများအိမ်က ခေါ်ခိုင်းသမျှကို အခဖြင့် ဝင်လုပ်ပေးတတ်သည်။

သူ့သား ဆိုးပုံကတော့ သူငယ်ငယ်က သွက်သွက်ခါရူးသလို ရူးနေသူပင်။ ကြုံရာအိပ်၍ ကြုံရာမှာ စားသည်။ အဝတ်အစားမလဲ။ ရေမိုးမချိုး။ ရွာရိုးကိုးပေါက် လျှောက်သွားနေလေ့ရှိ၏။ ဆိုးပုံသည် ရွာသူရွာသားတွေကို ဒုက္ခမပေး။ ကြမ်းကြမ်းတမ်းတမ်းတော့ မရှိလှ။ သူ သိပ်စိတ်ဖောက်ပြန်လာလျှင် အော်ဟစ်ဆဲဆိုတတ်သည်။ မန်ကျည်းပင်(သို့မဟုတ်) သရက်ပင်လို အပင်ကြီးကြီးတစ်ပင်ကို ဝါးရင်းတုတ်ဖြင့် အဆက်မပြတ် ရိုက်နေလေ့ရှိသည်။ ထိုအခါမျိုးတွင် လမ်းသွားရင်းတွေ့သည့် ရွာသားတစ်ဦးဦးက ဝင်တားလျှင်လည်း မရ။ သူ ဘာမှ မကြားသည့်ပုံ။ သူလုပ်ချင်ရာကို ဆက်လုပ်နေမြဲ။ သည်အခါမျိုးမှာ တစ်ဦးဦးက သူ့အဖေ ဖိုးပြားကို သွားပြောရသည်။ ဖိုးပြားက နှုတ်မှ တတွတ်တွတ်ရေရွတ်ရင်း လိုက်လာလေ့ရှိ၏။ ဆိုးပုံဟု ခေါ်လိုက်လျှင် ဆိုးပုံ၏ခေါင်းသည် ဖိုးပြားထံသို့ ချာခနဲ လှည့်လာတတ်သည်။

"လာ…လိုက်ခဲ့၊ အိမ်ပြန်မယ်။ တစ်ရွာလုံးက မင်းကို အရူးထင်နေတော့မှာပဲ"

ဖိုးပြားက ဒါပဲ ပြောသည်။ ဆိုးပုံက သူ့လက်ထဲက ဝါးရင်းတုတ်ကို လွှင့်ပစ်လိုက်ပြီး ဖိုးပြားနောက် လိုက်သွားတော့၏။

ဆိုးပုံက ရူးသာ ရူးတယ်၊ သူ့အဖေကိုတော့ အချစ်သား။ သူ့အဖေ စကားကိုတော့ နားအထောင်သား… ဝိုင်းကြည့်နေသော ရွာသားများ… မှတ်ချက်ချလေ့ရှိသည်။

ဆိုးပုံ တစ်ခုခု မဟုတ်တာလုပ် နေတုန်း တွေ့လျှင် ရွာသားတွေ… မင့်အဖေ ဖိုးပြားလာပြီဟု ပြောလိုက်… လျှင် ဆိုးပုံ ဆက်မလုပ်တော့။ ဆိုး… ကို ပြောချင်လျှင် သူ့အဖေ ဖိုးပြားနှ… ခြောက်၍ပြောရလေ့ရှိသည်။

"ဆိုးပုံ . . . မိုးရွာကြီးထဲ… လျှောက်မနေနဲ့။ လာ၊ တင်းကုပ်ထဲ… ဝင်နေစမ်း။ မင်းအဖေ ဖိုးပြားလိုက်… လာပြီ"

ဒီလိုပြောလိုက်လျှင် မိုးရွာထဲ… အခေါက်ခေါက်အခါခါ ပြေးသွား… အော်ဟစ်နေသော ဆိုးပုံ၊ အပြေး… ၍ လှမ်းခေါ်သူ၏ တင်းကုပ်ထဲမှာ … မိုးခိုနေသည်။

မန်ကျည်းပင်ပေါ် တက်နေ… ဆိုးပုံကို လိမ့်ကျသေမယ်၊ မတက်… ပြောလျှင် ဆိုးပုံ နားမဝင်။ မင့်… ဖိုးပြားကို သွားတိုင်လိုက်ရမလား… က ပြန်ဆင်းလာသည်။

ဆိုးပုံ သည်လောက်အထ… အဖေ ဖိုးပြားကို ကြောက်ရွံ့တ… အရူးဆိုပေမယ့် ဖအေကို …



www.burmeseclassic.com

www.burmeseclassic.com

သီကာ၊ ကြောက်စိတ်ရှိသူဟု တစ်ရွာလုံးက နားလည်ထားကြပြန်၏။

◈◈◈

နွေရောက်ပြီဆိုလျှင် အလွန်ပူပြင်း၍၊ ရေကလည်း ရှားလှသဖြင့် ရွာသူရွာသားတို့ အိမ်ပြင်ကို သိပ်မထွက်ကြ။ မနက်ပိုင်းမှာ အပြင်ထွက် အလုပ်လုပ်ပြီး နေမြင့်လာသည်နှင့် အိမ်တွင်းမှာ လုပ်ရသော အလုပ်များကိုသာ လုပ်လေ့ရှိသည်။

အိမ်နောက်ဖေးဘက်မှာ ကနားချင်းထိုးကာ အင်ဖက်ပျစ်ခြင်း၊ ထရံ ရက်ခြင်း စသည့် နေရိပ်မှာ လုပ်ရသည့် အလုပ်များကို လုပ်ကိုင်ကြသည်။ ရွာပြင်မပြောနှင့်၊ ရွာထဲမှာ လျှောက်သူပင် ရှိသလောက်။ တစ်ရွာနှင့် တစ်ရွာ အသွားအပြန် သွားသူ ပြန်သူလောက်သာ ရွာပြင်မှာ တွေ့ရတတ်၏။

သည်အချိန်မှာ ရွာထဲလျှောက်နေလေ့ရှိသူကတော့ ဆိုးပုံပင်။ ဆိုးပုံသည် နေပူရှိန်ပြင်း၍လား မသိ၊ ပို၍ စိတ်ဖောက်ပြန်သည့် လက္ခဏာများ ပြတတ်သည်။ ပို၍ ကြမ်းရမ်းသည့် အမူအရာများ ရှိလာတတ်သည်။ ပို၍ မုန်ရင်းကြမ်းတမ်းစွာ ဆဲဆိုတတ်လာသည်။ အရင်ကလို ပြောလို့ ဆိုလို့ သိပ်မကောင်း။ ထိုင်နေလျှင်လည်း ခဏလေးသာ။ ဟိုပြေး သည်ပြေး သွားမငြိမ်ချင်။ သူ့အဖေ ဖိုးပြားနှင့် တွေ့ဖြစ်လျှင်လည်း ခဏသာ ရ၏။ ပြန်ပြေးလာပြီဆိုလျှင်လည်း ခဏသာ နေရသော်လည်း ဖိုးပြားက တကယ် မှန်းသိတော့ သူလုပ်ချင်ရာ လုပ် တတ်သည်။

တစ်နေ့တော့ မြေပဲခင်းထဲက ပင်တွေ နုတ်နေတာ မြင်လို့ မင်း ဖိုးပြားကို သွားခေါ်မယ်ဆိုတော့ ထွက်ရပ်သွားသည်ဟု ဦးကြီးဒွေးက ပြောပြသည်။ ပြီးတော့ မြေပဲခင်းကနေ ရွာထဲ မနည်းချော့ခေါ်လာရသည်ဟု ဆို၏။ သည်လို နွေရက်တွေမှာတော့ ဆိုးပုံကိုလည်း ခါတိုင်းနှယ် သူတို့ ကြည့်ပြောမနေနိုင်ကြ။ တော်ရုံတန်ရုံ ဆိုလျှင် မမြင်ချင်ယောင်၊ မသိချင် ယောင်ဆောင်နေကြသည်။ နေမြင့်လေ အရူးရင့်လေဆိုတဲ့ စကားရှိတယ် မဟုတ်လားဟု ကိုကြီးဒွေးတို့ ပြောတတ်၏။

◈◈◈

နွေတစ်ရက်မှာတော့ တခြား ရွာမှာ နာရေးကိစ္စရှိလို့ သွားမေးပြီး ဦးကြီးဒွေး ရွာကို ပြန်လာခဲ့သည်။ အချိန်က မွန်းတည့်နီး။ နေပူရှိန်အမြင့် ဆုံးရောက်နေချိန်။ ရွာနားရောက်တော့ ရွာအပြင်က ရေတွင်းကလေးကို လှမ်း မြင်နေရသည်။ ရေတွင်းလေးဘေးမှာ ဟိုလျှောက် သည်လျှောက်လုပ်နေသည့် ဆိုးပုံကို ဦးကြီးဒွေး တွေ့၏။

"နေက ပူပါဘိနဲ့။ ဘာလုပ်နေတာလဲ ဆိုးပုံ။ လာ၊ ရွာထဲပြန်မယ်"

ဟု အနားရောက်တော့ ဆိုးပုံကို ဦးကြီးဒွေးက လှမ်းပြောသည်။ ဆိုးပုံက မကြားသလိုနှင့် ဦးကြီးဒွေးကို ပြန် မကြည့်။ ရေတွင်းအုတ်ပေါင်ပေါ် တင်ပါးလွှဲချထိုင်လိုက်၏။

"လိမ့်ကျလိမ့်မယ် ဆိုးပုံ။ ဆင်း…ဆင်း၊ ငါ မင့်အဖေ ဖိုးပြားကို သွားခေါ်လိုက်ရမလား"

ဆိုးပုံ ရေတွင်းပေါင်ပေါ်က ဆင်း လိုက်သည်။

"လာ၊ ရွာထဲပြန်မယ်"

ဆိုးပုံက နောက်ကျောပေးရင်း ရေတွင်းဘက်ကို လှည့်သည်။

"ဆိုးပုံ…မင်း ပြောလို့ မရဘူးလား"

ဦးကြီးဒွေး စကားအဆုံးမှာပင် ဆိုးပုံက ရေတွင်းပေါင်ပေါ်မှ အုတ်ခဲ တစ်လုံးကို ရေတွင်းထဲ တွန်းချလိုက်





www.burmeseclassic.com

www.burmeseclassic.com

သည်။ အုတ်ခဲ ရေတွင်းထဲကျ၍ ရေကို အရှိန်ဖြင့် ရိုက်သံ ဝုန်းခနဲထွက်လာ၏။

"ဟာ··· ဆိုးပုံ၊ ဘာလုပ်တာလဲ။ မလုပ်ရဘူးကွ။ မလုပ်ရဘူး"

ဦးကြီးဖွေး ပြောနေစဉ်မှာပင် ဆိုးပုံက အုတ်ခဲတွေကို တစ်လုံးပြီး တစ်လုံး တွန်းချလိုက်ပြန်၏။

"ဟာ···ဟာ···သွားပါပြီကွာ။ မလုပ်နဲ့ ဆိုးပုံ၊ မလုပ်နဲ့။ မင့်အဖေ ဖိုးပြား လာပြီ။ ငါ ဖိုးပြားကို သွားခေါ်မယ်"

ဆိုးပုံက ကြားဟန်မတူ။ အုတ်ခဲတွေကို ရေတွင်းထဲ ဆက်ပြီးတွန်းချပြန်၏။

ဦးကြီးဖွေးက ချက်ချင်းဆုံးဖြတ်လိုက်သည်။ သူပြောလို့ ရတော့မည် မဟုတ်မှန်း သိလိုက်၏။ ရွာစွန်မှ ဖိုးပြားတဲဆီကို သုတ်ခြေတင်သည်။ ဖိုးပြားကို သွားခေါ်ရုံမှလွဲ၍ ဘာမှ လုပ်စရာ မရှိမှန်း သိလိုက်၏။

"ဖိုးပြား···ဖိုးပြား"

တဲအပြင်မှ လှမ်းခေါ်တော့ ဖိုးပြားထွက်လာသည်။

"ဆိုးပုံ···ရေတွင်းထဲ အုတ်ခဲတွေ တွန်းချနေတယ်ကွ။ လာ၊ လိုက်ခဲ့တားစမ်းပါဦးကွ။ ငါ ဘယ်လိုမှ ပြောမရတော့ဘူး"

ဦးကြီးဖွေး စကားဆုံးတော့···

"ဒီအရူးကြောင့်လည်း ခက်တယ်"

ဟု ဖိုးပြားက ညည်းညည်းညူညူပြောရင်း ရှေ့က ထွက်သွားသည်။ ဦးကြီးဖွေးက ဖိုးပြားနောက်မှ ခပ်သုတ်သုတ်လိုက်သွား၏။ ရွာအစွန်တွင် ရှိသော ဖိုးပြား၏ တဲနှင့် ရွာပြင် သောက်ရေတွင်းက သိပ်မဝေးလှ။

◈◈◈

"ဟေ့ကောင်···ဆိုးပုံ၊ မင်း ဘာလုပ်တာလဲ"

အနားရောက်သည့် ဖိုးပြားက လှမ်းအော်လိုက်၏။ ဖိုးပြားအသံကို ရုတ်တရက် ကြားလိုက်ရတော့ ဆိုးပုံက ဖိုးပြားကို လှမ်းပြီးကြောင်ကြည့်သည်။

"လာခဲ့···ဆိုးပုံ၊ ရေတွင်းထဲကို ဘာလို့ အုတ်ခဲတွေ တွန်းချနေရတာလဲ။ ဒါ သောက်ရေတွင်းကွ။ မင်း မသိဘူးလား"

ဖိုးပြားက ဆက်ပြောသည်။ ဆိုးပုံက ကြောင်ကြည့်နေရာမှ အကြည့်ကို လွှဲကာ···

"မသိဘူးကွာ···မသိဘူးကွာ"

ဟု အော်ရင်း အုတ်ခဲတွေကို ရေတွင်းထဲသို့ ဆက်တိုက်တွန်းချနေတော့၏။

"ဟေ့ကောင်···ဆိုးပုံ"

ဆိုးပုံ တစ်ချက်မော့ကြည့်သည်။ ဖိုးပြားက ဆိုးပုံအနားကို ကပ်သွား၏။ ဦးကြီးဖွေးက ဘာမှဝင်မပြောဘဲ ကြည့်နေသည်။

"မင်း ပြောလို့ မရဘူးလား"

"ဝုန်း···"

နောက်တစ်လုံး။

"ဒါ သောက်ရေတွင်း"

"ဝုန်း···"

ဖိုးပြား စကားတစ်ခွန်းပြောတိုင်း ဆိုးပုံက အုတ်ခဲတစ်လုံး ရေတွင်းထဲ တွန်းချသည်။

"ဆိုးပုံ···မင်း ပြောလို့မရတော့ဘူးလား"

"ဝုန်း···ဝုန်း"

နှစ်ခဲကို ဆက်တိုက်တွန်းချတာတွေ့သည်။

"ကဲကွာ··ပြောမရဦးကွာ၊ ပြောမရဦး"

ဖိုးပြားရော ဆိုးပုံရော သားအဖနှစ်ယောက်စလုံး ရေတွင်းပေါင်ပေါ်မှ အုတ်ခဲတွေကို တွင်းထဲ တွန်းချနေတာ ကြည့်ရင်း ဦးကြီးဖွေးနှုတ်မှ အယောင်ယောင်အမှားမှားအော်သည်။

ပြီးတော့ ရွာဘက်ကို အပြေးလာခဲ့မိတော့၏။

အရူး သားအဖနှစ်ယောက်၏ အုတ်ခဲတွေ တွန်းချသံ တဝုန်းဝုန်းကို နောက်ခိုင်း၍ ပြေးလာသော ဦးကြီးဖွေး ကြားနေဆဲ။

◈◈◈

ရွာထဲမှ လူကြီးတွေကို ဦးကြီးဖွေး ခေါ်ပြီး ပြန်ရောက်လာစဉ်မှာတော့ ရေတွင်းပေါင်မှ အုတ်ခဲများ မရှိတော့ပြီ။ ရေတွင်းလေးသည် အုတ်ပေါင်မရှိတော့ဘဲ မြေနှင့် တစ်ပြေးညီဖြစ်နေပြီး တွင်းဘေးမှာ မောမောပန်းပန်းထိုင်နေသော အရူး သားအဖကိုသာ တွေ့ရတော့သည်။

ရွာလူကြီးများက ရေတွင်းလေးထဲကို ငုံ့ကြည့်ကြသည်။ အုတ်ခဲတွေ အတော်များများကျပြီး ရေတွင်းလေးထဲမှ ရေများလည်း သုံးလို့ရတော့မည် မဟုတ်မှန်း နားလည်တော့၏။

အဲဒီညနေမှာပဲ တစ်ရွာလုံး လူတွေစုပြီး ရေတွင်းကလေးကို မြေ ဆယ်ခဲ့ရသည်။ ရေတွင်း ပြန်ပေါ် သည်။

◈◈◈

နေ့ရောက်ပြီဆိုလျှင် ကျွန်တော် တို့ ရွာပြင်မှ သောက်ရေတွင်းကလေး ကို လည်းကောင်း၊ တစ်ဆက်တည်း ပင် ဆိုးပုံနှင့် ဖိုးပြားကို လည်းကောင်း ကျွန်တော် မကြာမကြာ သတိရ ရှိနေတတ်ပါ၏။

❐




www.burmeseclassic.com

www.burmeseclassic.com

# ဆင်တျိုး ဗားတရာနှင့် မယ်နုအုတ်ကျောင်းသို့

ဝင်းကိုဇော်



မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ရေကြီးခဲ့သည့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လကုန်ပိုင်းတွင် ရှေးဟောင်းမြို့တော် အင်းဝသို့ ကျွန်တော်ရောက်ရှိခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့လွန် ဒီပလိုမာသင်တန်းများ တက်ရောက်နေကြသည့် ကိုဇေယျာထွန်း၊ ကိုဇီဝ၊ နန်းလှအေးတို့နှင့်အတူ အင်းဝမြို့ဟောင်းကို လေ့လာရန် ဦးတည်ခဲ့ကြသော်လည်း အင်းဝတွင် ရေတိုးနေချိန်နှင့် ကြုံကြိုက်ခဲ့ရပါသည်။

ရန်ကုန်မြို့မှ ည ၇နာရီတွင် ထွက်ခွာလာခဲ့သော ကျွန်တော်တို့သည် နေပြည်တော်တွင် မနားတော့ဘဲ အင်းဝသို့ တိုက်ရိုက်လာခဲ့ကြရာ နံနက် ၄နာရီတိတိတွင် တံတားဦးသို့ ရောက်ရှိခဲ့ကြသည်။ တံတားဦးမှ မြောက်ဘက်သို့ မိုင်နီးပါးသာ ကွာဝေးသည့် အင်းဝမြို့ဟောင်းသို့ ဝင်ရောက်လာချိန်တွင် လမ်းများပေါ်၌ နွားများ အိပ်စက်နေကြသည်ကို တွေ့ရှိကြသည့်တိုင် အင်းဝအနီးဝန်းကျင်တွင် ရေကြီးနေသည်ကို ကျွန်တော်တို့ သတိမပြုမိခဲ့ကြပါချေ။


အင်းဝမြို့ဟောင်းတွင် ခေတ္တနားရန် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို လိုက်လံရှာဖွေချိန်တွင် ရေဝင်နေသည့် အိမ်များကို တွေ့လိုက်ရတော့မှ အင်းဝတွင် ရေကြီးနေကြောင်း သတိပြုမိခဲ့ပါသည်။ အိမ်များအတွင်း ရေများ ဝင်နေသဖြင့် နွားများသည် လမ်းများပေါ်သို့ တက်အိပ်နေကြသကဲ့သို့၊ လူများ ခေတ္တနားခိုနေကြသည့် ယာယီတဲများကို တွေ့ရှိကြရပါသည်။ ကျွန်တော်တို့သည် နန်းမတော် မယ်နုအုတ်ကျောင်းသို့ သွားရန် ရွာတောင်လမ်းကို ဝင်ခဲ့ကြရာ ရေများ ဝင်နေသဖြင့် ကားကို ဆက်မမောင်းနိုင်တော့ဘဲ ပြန်လှည့်ခဲ့ကြရသည်။

လမ်းဘေးတွင် ခုတင်တစ်လုံးပေါ်၌ လှဲနေသည့် အမျိုးသမီးတစ်ဦးက ကျွန်တော်တို့ ကားသံကြောင့် အိပ်နေရာမှ ထကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မယ်နဲ့ အုတ်ကျောင်းကို သွားကြလို့မလား"

ဟု ကူညီရန် မေးပါသည်။

"ဟုတ်ပါတယ်ဗျ။ ဒီလမ်းက သွားရမယ်မဟုတ်လား"

"လမ်းကတော့ ဒီလမ်းပဲ။ ဒါပေမယ့် ရေတွေ မြုပ်နေလို့ သွားလို့ မရဘူး"ဟုပြောပြီး တစ်ဆက်တည်းမှာပင် အညာဒေသအပြော "အနောက်ပြန်လှည့်ပြီး မြောက်ကို သွားလိုက်"ဟု ဆိုသဖြင့် ကျွန်တော်တို့ ရန်ကုန်သားများ နားမလည်ဖြစ်ကြရသည်။ အရှေ့အနောက်အရပ်မျက်နှာများကို မသိသဖြင့် ကိုဇေယျာထွန်းက အင်တာနက်ဖွင့်ကာ ကျွန်တော်တို့ ရောက်ရှိနေသည့် နေရာကို ရှာကြည့်ပါသည်။ ထိုအခါမှ အမျိုးသမီးပြောသည့် လမ်းကို သိရှိခဲ့ကြရပါသည်။ အင်းဝမြို့ဟောင်းတွင် အင်တာနက်လိုင်းမိသဖြင့် များစွာ အဆင်ပြေခဲ့ကြသည်။

ကျွန်တော်တို့ လာလမ်းအတိုင်း ကားကို ပြန်လှည့်ပြီးမှ မြို့ရိုးပေါက်မှ ဝင်နိုင်ရန် အင်းဝမြို့မြောက်ဘက်သို့ ကားကို မောင်းလာခဲ့ကြပါသည်။ ကြီးမားခမ်းနားသည့် ကျော်ဘုံမြို့ ရိုးကြီးရှေ့တွင် မြင်းလှည်းသမားတစ်ယောက်က ကျွန်တော်တို့ ကားသံကြားသဖြင့် မြင်းလှည်းအတွင်းမှ ခေါင်းပြူကြည့်နေပါသည်။

"လက်ဖက်ရည်ဆိုင် ဘယ်နားရှိလဲဗျ"

ဟု ကျွန်တော်တို့နှင့် လိုက်ပါလာသူ မနုဿဗေဒ ဒီပလိုမာကျောင်းသား ကိုဇီဝက မေးလိုက်ရာ···

"ဒီအချိန် လက်ဖက်ရည်ဆိုင်တွေ မဖွင့်ကြသေး[illegible] မိုးလင်းမှ ဖွင့်မယ်"

ဟု ဆိုသဖြင့် ကျွန်တော်တို့ မည်သို့ ဆက်လုပ်[illegible] မသိဖြစ်နေစဉ် ကျွန်တော်က···

"ဒီနားမှာ ကားရပ်ပြီး နားကြမယ်ကွာ"

ဟု အတူလိုက်ပါလာကြသူများကို ပြောလိုက်[illegible] ကျွန်တော့်စကားသံကို ကြားသွားသော မြင်းလှည်း[illegible] က···

"ရတယ်၊ အုတ်ရိုးပေါ်မှာလည်း အိပ်နေလို့ [illegible]


ဟု ပြောသဖြင့် ကျွန်တော်တို့သည် ကားကို [illegible] ခါးစောင်းသာသာမြင့်သည့် အုတ်ရိုးပေါ်သို့ တက်[illegible] ပါသည်။ ကျွန်တော်တို့နှင့် လိုက်ပါလာသည့် [illegible] နန်းလှအေးကို ကားထဲတွင် အိပ်ရန် ထားခဲ့ပါသည်။ [illegible] ပေါ်တွင် မြက်ဖျာကြမ်းများ ခင်းထားသည်ကို တွေ့[illegible] ကျွန်တော်တို့ ယောက်ျားလေး သုံးယောက် [illegible] လိုက်ရာ မိုးမရွာသဖြင့် အနှောင့်အယှက်မရှိဘဲ [illegible] အတွင်းမှာပင် အိပ်ပျော်သွားခဲ့ကြပါသည်။


ကျွန်တော်တို့ အိပ်ရာမှ နိုးလာချိန်သည် [illegible] လင်းနေချိန်ဖြစ်ကာ၊ မြင်းလှည်းဆရာကိုလည်း [illegible] တွင် အိပ်လျက် တွေ့ကြရသည်။ ကျွန်တော်[illegible]



www.burmeseclassic.com

www.burmeseclassic.com





ကြည့်နေချိန်တွင် မြင်းလှည်းဆရာလည်း နိုးလာခဲ့သည်။

ကိုဇေယျာထွန်းက မြင်းလှည်းသမားကို နှုတ်ဆက် ...

"ကျေးဇူးပါ အစ်ကိုကြီး၊ ကျွန်တော်တို့ မြို့ဟောင်းထဲ တော့မယ်"

ဟု ပြောလိုက်ပါသည်။

"ဒါနဲ့ စကားမစပ်၊ အင်းဝနေရာအစုံလည်ရင် မြင်း ခ ဘယ်လောက်ယူလဲဗျ"

"တစ်သောင်းပဲ ယူပါတယ်ဗျ"

မြင်းလှည်းသမား ပြန်ဖြေချိန်တွင် ကိုဇီဝက ကားစက် နိုးပြီးဖြစ်ရာ ကျွန်တော်တို့ မြို့ရိုးပေါက်ကို ဖြတ်ကျော် အင်းဝမြို့ဟောင်းအတွင်းသို့ ဝင်ရောက်ခဲ့ကြပါသည်။ ဝတွင် ကြီးမားသော မြင်းကြီးနှစ်ကောင်ကို ချည် ဖြင့် ကားကို သတိဖြင့် ဖြည်းဖြည်းမောင်းဝင်ခဲ့ရပါ ကားခေါင်းခန်းတွင် စီးလာသည့် ကျွန်တော်သည် ကို မြင်းခြေဖြင့် ကန်လိုက်မည်ကို စိုးရိမ်မိခဲ့ပါသေး

မြို့ဟောင်းအတွင်းဝင်ရောက်ကာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် မျက်နှာသစ်ပြီး နံနက်စာစားကြစဉ် ကားလမ်း ကို ကြည့်နေမိကြသည်။ လမ်း၏ တစ်ဖက်ခြမ်းသည် ရေများ ဖြင့် ဖွေးနေပြီး လမ်းပေါ်သို့ ရေများ လျှံတက်နေခြင်း မရှိ သေးပါချေ။

"အင်းဝက ရေအမြဲဝင်လားဗျ"

ဟု ဆိုင်ရှင်ကို ကျွန်တော် စပ်စုမိပါသည်။

"မိုးတွင်းဆိုရင်တော့ ရေက ဝင်တာပါပဲ။ ဒီနှစ်တော့ မိုးအရမ်းရွာတော့ ရေမြုပ်တာတွေ ဘာတွေ ဖြစ်တာပေါ့။ တစ်ရွာလုံးတော့ မမြုပ်ပါဘူး။ အနိမ့်ပိုင်းတွေပေါ့ဗျာ"

ဟု ဆိုင်ရှင်က ရှည်လျားစွာ ရှင်းပြသည်။

"ရေက ဘယ်အချိန် ပြန်ဆင်းသွားလဲဗျ"

"ဧရာဝတီမြစ်ရေဆင်းမှ ပြန်ဆင်းတာ။ သုံးလေးလ တော့ အင်းဝမှာ ရေရှိနေတာပဲ။ တစ်ခါတလေ ခြောက်လ လောက်အထိ ရေရှိနေတယ်"

ဟု ပြောသဖြင့် အောက်ပြည်သား ကျွန်တော်တို့ အံ့သြမိကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com





### ဆင်ကျုံးခံတပ်သို့

လက်ဖက်ရည်ဆိုင်မှာပင် ကိုယ်လက်သန့်စင်မှု ပြုကြပြီး ကျွန်တော်တို့ ရောဝတီမြစ်ကမ်းဘက်သို့ ထွက်ခဲ့ကြပါသည်။ အင်းဝတွင် မြို့တံခါး ကိုးခုရှိသည့်အနက် မြို့၏မြောက်ဘက်ခြမ်းဖြစ်သည့် ရောဝတီမြစ်ဘက်တွင် တနင်္သာရီနှင့် ယိုးဒယားဟူသည့် တံခါးပေါက် နှစ်ပေါက်ရှိခဲ့သည်။ ကျွန်တော်တို့သည် မီးသွေးတိုက်ရှာရှိ ယိုးဒယားတံခါးပေါက်သို့ ရောက်ရှိခဲ့ကြရာ၊ "မြင်းယာဉ်ဂိတ်"ဟု ရေးထားသည့် ဆိုင်းဘုတ်တစ်ခုကို တွေ့ရှိကြရသည်။ မီးသွေးတိုက်သည် တစ်ချိန်က ရောဝတီမှလာလျှင် အင်းဝသို့ ဝင်သည့် ဝင်ပေါက်ဖြစ်ခဲ့ပြီး V.C Scott O' Connor ရေးသားသည့် Mandalay and Other Cities of the Past in Burma စာအုပ်တွင် ဓာတ်ပုံဖော်ပြထားသည့် မြစ်ဆိပ်ဖြစ်သည်။ (ထိုစာအုပ်ကို စာရေးဆရာ မြသန်းတင့်က သမိုင်းထဲက မန္တလေး၊ မန္တလေးထဲက သမိုင်းအမည်ဖြင့် မြန်မာဘာသာပြန်ဆိုခဲ့သည်။)

အင်းဝကို တည်ထောင်ခဲ့စဉ်က မြို့တံခါး ကိုးခုရှိခဲ့ပြီး တံခါးအသစ် (၁၄)ခုကို အရှေ့ဘက်တွင် ဇင်းမယ်၊ မုတ္တမ၊ မိုးကောင်း၊ စိတ္တကုဋ္ဌ ဟူ၍ တံခါးလေးပေါက်။

အနောက်ဘက်တွင် ဂန္ဓလရာဇ်၊ ကျိုင်းရဲ၊ စန္ဒပူရီ၊ ကျိုင်းရုန်း ဟူ၍ တံခါးလေးပေါက်။

မြို့တောင်ဘက်တွင် ကိုင်းမား၊ ဟံသာဝတီ၊ မင်္ဂ... ကုန်းဘောင် ဟူ၍ တံခါးလေးပေါက်။

မြောက်ဘက် ရောဝတီမြစ်ကမ်းတွင် တနင်္သာရီ... ယိုးဒယားတံခါးနှစ်ပေါက် ဖောက်လုပ်ခဲ့သည်။ မူလ အင်... ဟောင်းတွင် ကလေး၊ စံရာ၊ ဝင်းမနား၊ ကျော်ဘုံ၊ သာ... ဦးတည်၊ အောင်ထွန်း၊ မာန်အောင်၊ ခေါင်းဆေးဟူ၍ ... (၉)ပေါက်နှင့် ပေါင်းလျှင် စုစုပေါင်း တံခါး(၂၃)ပေါက်ရှိ... ခဲ့သည်။ ရောဝတီမြစ်ဘက်ရှိ ခေါင်းဆေးတံခါးပေါက်... မြန်မာဘုရင်များ ရောဝတီမြစ်တွင် ခေါင်းဆေးမင်္ဂလာပြု... မြို့တွင်းမှ ထွက်သည့် တံခါးပေါက်ဟု ဆိုကြသည်။


မီးသွေးတိုက်အနီးရှိ အိမ်များသည် ရောဝ... အတွင်းမှ ဝင်ရောက်လာသည့် ရေများကြောင့် တစ်ဝ... နစ်မြုပ်နေသည်ကို မြင်ကြရသည်။ မြစ်ပြင်ကြီးသည်... ရေများဖြင့် ဖွေးနေကာ ပင်လယ်ပြင်တမျှ ကျယ်ဝ... သည်။ ကျွန်တော်တို့သည် ကားပေါ်မှ ဆင်း၍ မြို့... အုတ်တိုင်များကို ကြည့်ရှုကာ ဓာတ်ပုံများ ရိုက်ခဲ့ကြ... အုတ်တိုင်များသည် အင်္ဂတေများ ကွာကျလျက် အ... များ ပျက်စီးနေကာ၊ အုတ်ပုံနှစ်ခုနှင့် တူနေပေသည်... ဆိပ်အထိ ကွန်ကရစ်လမ်းခင်းထားသည်ကို မြင်တွေ့... ထိုလမ်းအတိုင်း ပြန်ထွက်ခဲ့ကြကာ နာမည်ကျော် ဆ... ခံတပ်သို့ ဦးတည်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com





မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်း၊ အင်းဝနှင့် မန္တလေး နှင့် ဧရာဝတီမြစ်ကမ်းပေါ်တွင် ကုန်းဘောင်ခေတ်က တည်ဆောက်ခဲ့သည့် ခံတပ်သုံးခုရှိရာ ခံတပ်များသည် တြိဂံအနေအထား သုံးပွင့်ဆိုင် တည်ရှိနေကြသည်။ ယင်းတို့သည် ဆင်ကျုံးခံတပ်၊ သပြေတန်း ခံတပ်နှင့် အစေခံ ခံတပ်တို့ ဖြစ်ကြပြီး ထိုခံတပ်များကို ကင်းဝန်မင်းကြီး ဗြိတိန်နိုင်ငံသို့ သွားရောက်ခဲ့စဉ် အင်္ဂလန်ကျွန်း ရေလက်ကြားတွင် ဆောက်လုပ်ထားသော Portsmouth မြို့ခံတပ်များကို နမူနာယူကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အင်းဝဘက်ကမ်းတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းဘက်ကမ်းတွင် စစ်ကိုင်းခံတပ်ခေါ် အစေခံ ခံတပ်နှင့် မန္တလေးဘက်ခြမ်း စစ်ကိုင်းတံတား အဆင်းအနီးတွင် သပြေတန်း ခံတပ်တို့ ရှိကြသည့်အနက် သပြေတန်း ခံတပ်က အကြီးဆုံးဖြစ်သည်။

အင်းဝဘက်ကမ်းရှိ ခံတပ်နေရာသည် ယခင်က ဆင်ကျုံးရှိသောကြောင့် "ဆင်ကျုံးခံတပ်"ဟု အမည်တွင်ခဲ့သည်။ ဆင်ကျုံးခံတပ်ကို ခရစ်နှစ် ၁၈၇၄ ခုနှစ်၊ မင်းတုန်းမင်းကြီး လက်ထက်တွင် တည်ဆောက်ခဲ့ပြီး ခံတပ်၏ ပန္နက်ပုံသည် စက်ဝိုင်းပုံဖြစ်ကာ၊ အုတ်တံတိုင်း သုံးထပ်ရှိသည်။ ခံတပ် ...သည်တွင် အုတ်ရိုးများဖြင့် ပြုလုပ်ထားသည့် ကျုံးရှိ ... အပြင်ဆုံး တံတိုင်းသည် တစ်ဖက်လျှင် အလျား ... ပေရှိပြီး အလယ်တံတိုင်းသည် (၂၉၃)ပေစီ ပတ်လည်ရှိသည်။ တံတိုင်းနှစ်ခုကြားတွင် (၃၁)ပေကျယ်သော ကျုံးတစ်ခုရှိသည်။ အတွင်းတံတိုင်းသည် (၂၁၃)ပေစီ ပတ်လည်ရှည်၍ ခံတပ်အရှေ့ဘက်တွင် ခံတပ်အတွင်း ဝင်နိုင်ရန် (၃၂)ပေရှည်၍ ပေ(၂၀)ကျယ်သော ကျုံးကူးတံတားတစ်စင်း ရှိသည်။


ခံတပ်၏ ဝင်ပေါက်အဝတွင် (၈၃)ပေရှည်၍ ၄ပေထူသော အုတ်တံတိုင်းကြီးတစ်ခုကို ရှေ့-နောက်တန်းလျက် ပြုလုပ်ထားသည်။ အတွင်းတံတိုင်း၏ အပြင်ဘက်တွင် မြေကြီးများ ဖြည့်တင်းကာ၊ ကတုတ်သဖွယ် အကာအကွယ်ပြုထားသည်။ ခံတပ်၏ မြောက်ပိုင်းတွင် ရှေ့-နောက်တန်းနေသည့် အခန်းနှစ်ခန်းဖွဲ့စည်းထားပြီး အပေါ်တွင် လှေကားထစ်များ ပြုလုပ်ထားသည်။ ခံတပ်မြောက်ပိုင်းအတွင်းဘက်တွင် သူရဲပြေးပေါက်ဟု ဆိုလည်းအပေါက်များ၊ စိန်ပြောင်းများ၊ သေနတ်များ ထားရှိသည့် စက်ဝိုင်းပုံ အုတ်စီအဝိုင်းပေါက်များရှိသည်။ ခံတပ်အတွင်း၌ လက်နက်တိုက်နှင့် ယမ်းတိုက်များ ပါရှိသည်။

ဆင်ကျုံးသည် ထောင့်ကျယ် တြိဂံ၏ ထိပ်တွင် ရှိနေသည်။ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာပါက သပြေတန်းနှင့် ကွေ့ချောင်း ခံတပ်များကို ကျော်လွှန်လာခဲ့လျှင် ဆင်ကျုံး ခံတပ်ကို ဦးစွာမြင်ကြရပြီး စစ်ကိုင်းအစေခံ ခံတပ်နှင့် သပြေတန်းခံတပ်များကို ဆက်လက်တွေ့မြင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ဆင်ကျုံးခံတပ်သည် အင်းဝမြို့ဟောင်း၏ အနောက်ဘက်၊ ဆင်ကျုံးရွာအနီး၊ ဧရာဝတီမြစ်တောင်ဘက် ကမ်းပေါ်တွင် တည်ဆောက်ထားသည်။ ယခင်က ခံတပ် နေရာသည် ဆင်ရိုင်းများကို ကျော့သည့် ကျုံးနေရာဖြစ်သဖြင့် "ဆင်ကျုံးခံတပ်"ဟု အမည်တွင်ခဲ့သည်။

ဆင်ကျုံးခံတပ်ကို ယဉ်ကျေးမှုဝန်ကြီးဌာနက ၁၉၅၇ ခုနှစ်မှစတင်၍ ထိန်းသိမ်းထားခဲ့ကာ၊ အင်းဝဒေသ ရှေးဟောင်း အဆောက်အဦတစ်ခုအဖြစ် ပြုပြင်စောင့်ရှောက်ထားခဲ့သည်။ ဆင်ကျုံးခံတပ်၏ မျက်နှာစာတွင် ခံတပ်သမိုင်းကို ရေးသား ထားသည့် ကျောက်စာနှစ်ချပ်ကို စိုက်ထူထားသည်။ ကျောက်စာချပ်တစ်ခုကို မြန်မာဘာသာဖြင့် ရေးထိုးထားပြီး ကျန်တစ်ခုကို အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသည်။ ကျုံးကူးတံတားအနီးတွင် မြန်မာ-အင်္ဂလိပ်နှစ်ဘာသာယှဉ်တွဲရေး ထားသည့် ကျောက်စာရှည်တစ်ခုကိုလည်း စိုက်ထူထားရာ-

"မြန်မာသက္ကရာဇ် ၁၂၃၆ခုနှစ် မင်းတုန်းမင်းကြီး လက်ထက်တွင် ကင်းဝန်မင်းကြီး ဦးကောင်း၊ ယောမင်းကြီး ဦးဘိုးလှိုင်တို့၏ စီမံမှုဖြင့် အီတလီလူမျိုး ကွန်မိုတိုက ဦးဆောင်ကြီးကြပ်၍ ဆောက်လုပ်ခဲ့သည်။ ဧရာဝတီမြစ် ကြောင်းမှ ဆန်တက်လာမည့် နယ်ချဲ့တို့အား ခုခံတိုက်ခိုက် ရန် ရတနာပုံနေပြည်တော်အနီး အင်းဝတွင် ဆင်ကျုံးခံတပ်၊ စစ်ကိုင်းတွင် အစေခံ ခံတပ်၊ အမရပူရတွင် သပြေတန်း ခံတပ်ဟူ၍ သုံးပွင့်ဆိုင် တည်ဆောက်ခဲ့သော ခံစစ်စခန်း ဖြစ်သည်" ဟု ကမ္ပည်းတင် ရေးထိုးထားသည်။

ဆင်ကျုံး ခံတပ်သို့ ရောက်ရှိချိန်တွင် ရေများ ပြည့် နေသည့် ဧရာဝတီမြစ်ပြင်ကျယ်ကြီးကို တွေ့မြင်ကြရသည်။ မြစ်လယ်တွင် ရေများ အရှိန်ဖြင့် စီးဆင်းနေသည်ကို ဘေးမှ မြင်နေကြရသည်။ ရွာခံများက မထူးဆန် အလား ရေစပ်တွင် ရေချိုးကြ၊ အဝတ်များ လျှော်ဖွပ် သည်ကို မြင်တွေ့ကြရသည်။

ကျွန်တော်တို့သည် ဆင်ကျုံး ခံတပ်အတွင်းသို့ ရောက်ရန် ကျုံးကူးတံတားမှ ဖြတ်ကျော်ခဲ့သော်လည်း အတွင်း ရေများ အပြည့်ဝင်ရောက်နေသဖြင့် အသေး ကြည့်ရှုခွင့် မရခဲ့ပါချေ။ တစ်ချိန်သော ကာလ၊ ကုန်း ခေတ်နှောင်းပိုင်း ရတနာပုံခေတ်တွင် အမြော်အမြင်ကြီး သော မင်းတုန်းမင်းကြီး၏ မြန်မာနိုင်ငံတော် ကာကွယ် စီမံချက် ပြယုဂ်တစ်ခုအဖြစ် တည်ရှိနေသည့် ဆင် ခံတပ်ကို မြင်နိုင်သမျှ မျက်နှာစာနှစ်ဖက်မှ လှည့်ပတ် နေချိန်မှာပင် ရေက တဖြည်းဖြည်းတက်လာခဲ့သည်။


### ဗားကရာကျောင်းတိုက်

ဆင်ကျုံးခံတပ်မှ အင်းဝမြို့အတွင်းသို့ ပြန် ရောက်လာခဲ့ကြကာ၊ ဗားကရာကျောင်းတိုက်ကြီး ကိုဇီဝက ကားကို ခပ်ဖြည်းဖြည်းမောင်းလာခဲ့သည်။ ကရာတိုက်သည် အင်းဝမြို့တွင်း၌ တည်ရှိပြီး ဘုရားနှင့် ဝက်ပါဘုရားတို့၏ ထောင့်မတ်(၉၀ဒီဂရီ နေရာတွင် တည်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗားကရာကျောင်းတိုက်ကြီးသည် သစ်သားကျောင်းတိုက်ကြီးဖြစ်ပြီး မြန်မာသက္ကရာဇ် ၁၁၉၆ခုနှစ်၊ ဘကြီးတော်မင်းလက်ထက်တွင် တည်ဆောက်ခဲ့ကာ ကျွန်းတိုင်ပေါင်း (၂၆၇)တိုင် စိုက်ထူထားသည်။ အကြီးဆုံး ကျွန်းတိုင်ကြီးသည် လုံးပတ် (၉)ပေရှိ၍ အမြင့်ပေ (၆၀)ရှိသည်။ ကျွန်းတိုင်ကြီးများကို အလယ်တွင် အပေါက်ဖောက်ကာ သပ်လျှိုချက် ရက်မတန်းများ ခင်းကာ၊ အပေါ်ထပ်တွင် သစ်သားကြမ်းခင်းများ ခင်းထားပြီး နှစ်ထပ်ဆောက်လုပ်ထားသည်။ အောက်ထပ်သည် တိုင်လုံးများကိုသာ မြင်ကြရသည်။

ဗားကရာကျောင်းကြီးသည် အလျား (၁၈၈)ပေ၊ အနံ (၁၀၃)ပေရှိသည်။

"ဤကျောင်းတော်ကြီး၌ ယခုအခါ တွေ့မြင်ရန် အလွန်ရှားပါးသွားပြီဖြစ်သော ရှေးဟောင်း မြန်မာ့ဗိသုကာနှင့် ပန်းပုလက်ရာ အနုပညာအမွေအနှစ်များကို မြင်တွေ့နိုင်သည်"

ဟု ကျောင်းရှေ့တွင် စိုက်ထူထားသော ဆိုင်းဘုတ်ကြီးတွင် အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသည်။ ကျောင်းကြီးတစ်ခုလုံးကို မြန်မာမှု အနုလက်ရာများဖြင့် ပန်းဆာဆင်မွမ်းမံထားရာ ပြည်တွင်းပြည်ပ သုတေသီများ အလွန်နှစ်သက် သဘောကျသည့် မြန်မာ့ရှေးဟောင်း ကျောင်းတော်ကြီးဖြစ်ပေသည်။

ကျောင်းပေါ်တွင် သီတင်းသုံးနေသည့် ဆရာတော် တစ်ပါးကို တွေ့သဖြင့် ကျွန်တော်တို့ ဖူးမြော်ခဲ့ကြသည်။ ကျောင်းပေါ်မှာပင် ကလေးများကို စာသင်ပေးနေသည့် အခန်းတစ်ခုကို တွေ့ရှိခဲ့ကြပါသေးသည်။ ဆရာတော်ကို ဖူးပြီး ကျောင်းကြီးကို တစ်ပတ်ပတ်ကြည့်ကြရာ ခွေးများကို တွေ့ရှိရသဖြင့် စိတ်မသက်မသာဖြစ်မိခဲ့ပေသည်။ ကျောင်းပေါ်တွင် သီတင်းသုံးသည့် ကိုရင်ငယ်လေးများကိုလည်း ဖူးတွေ့ကြရသည်။


ထို ကိုရင်ငယ်လေးများကို နောက်ခံပြုလျက် ရိုက်ကူးထားသော ဗားကရာကျောင်းတိုက် ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ထင်ရှားလှပေသည်။ ကျောင်းကို ကျွန်တော်တို့ တစ်ပတ်ပတ်ကြည့်ခဲ့ကြရာ ကျောင်းတစ်ခုလုံးကို မြန်မာမှု လက်ရာများဖြင့် ခြယ်မှုန်းထားသည်ကို မြင်ကြရပေသည်။ နှစ်ပေခန့်မြင့်ပြီး ထု (၂)လက်မကျော်ရှိသော ကျွန်းသစ်သားပြားကြီးများကို ကျောင်းကြီး၏ ပတ်ပတ်လည်တွင် ကနုတ်များဖော်၍ ပတ်ရံထားသည်ကိုလည်း တွေ့ရသည်။ ကျောင်းတစ်ခုလုံး၏ ကြမ်းခင်းများကို သစ်သားချပ်ကြီးများဖြင့် ခင်းထားကာ သံချောင်းများဖြင့် တွဲဆက်ရိုက်နှက်ထားသည်



www.burmeseclassic.com

www.burmeseclassic.com





ဗားကရာကျောင်းတိုက်ကြီးကို လှည့်ပတ်ကြည့်ရှုပြီး ပြန်အထွက်တွင် ကျောင်းပေါက်အပြင်၌ လှေငါးစီးဆိုက်ကပ်ထားသည့် လှေဆိပ်တစ်ခုကို တွေ့သဖြင့် လှေပေါ်တွင် ထိုင်နေသည့် မိန်းကလေးတစ်ယောက်ကို မေးကြည့်မိပါသည်။

"သမီးရေ‥ဒီလှေတွေက ဘယ်ကို သွားတာလဲဟင်"

"ကြောင်လိမ်ဝက်ပါဘုရားနဲ့ မြင်းမိုရ်တောင်ဘုရားကို သွားတာပါ ဦးလေး"

"ဟုတ်လား။ ဝေးလား"

"ဟုတ်ကဲ့၊ နည်းနည်းဝေးတယ်။ နိုင်ငံခြားသားတွေ သွားကြတာ များတယ်"

"အမြဲသွားလို့ ရတာလား"

"ရတယ် ဦးလေး။ ဒီမှာ ရေက ခြောက်လလောက် အမြဲရှိတယ်"

"အဲဒီမှာ ဘာတွေရှိလဲ သမီး"

"ရှေးဟောင်းဘုရားတွေပေါ့။ အရမ်းလှတယ်။ လှော်စရာလည်း ကောင်းတယ်။ ဦးလေး သွားမလား"

မိန်းကလေးက သွက်သည်။

"မသွားတော့ပါဘူး ကလေးရယ်။ တစ်ခေါက် ဘယ်လောက်ယူလဲ"

"မြန်မာတွေဆိုရင် ငါးထောင်ယူပါတယ်။ နိုင်ငံခြားသားကိုတော့ တစ်သောင်းယူပါတယ်"

ကျွန်တော် ဘာမှ ဆက်မမေးဖြစ်တော့ပါ။ နိုင်ငံခြားသားကို အဘယ်ကြောင့် အခကြေးငွေ ပိုတောင်းကြသနည်း။ ကျွန်တော် နားမလည်ခဲ့ပါချေ။

ကျွန်တော်တို့သည် ဗားကရာကျောင်းရှေ့ရှိ မြေလမ်းလေးအတိုင်းလျှောက်သွားခဲ့ကြပါသည်။ ရေပြင်ကျယ်ကြီး၏ တစ်ဖက်တွင် ခြောက်ဆူတန်းဘုရားများဟု ဆိုင်းဘုတ်ရေးထားသည့် စေတီအို ခြောက်ဆူကို တန်းလျက် မြင်တွေ့ခဲ့ကြရပါသည်။ ကျွန်တော်တို့ ရောက်ရှိခဲ့သည့် ဇူလိုင် ၁၀ ရက်တွင် ဗားကရာကျောင်းတိုက်သို့ ရေများ မဝင်ရောက်ခဲ့သေးသော်လည်း နောက်ရက်များတွင် ကျောင်းခြေရင်းအထိ ရေများ ဝင်ရောက်နေသည့် ဓာတ်ပုံများကို လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် မြင်တွေ့ရပေသည်။

## မယ်နုအုတ်ကျောင်းသို့

"မိနု···သူ့ကြွေးရှိလျှင် ဆပ်ရလိမ့်မည်"ဟူသည့် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ထင်ရှားလှသည့် ဆုံးမစကားကို မိန့်မြွက်ခဲ့သည့် ဆရာတော် ဦးဗုဓ် သီတင်းသုံးခဲ့ရာ ကျောင်းတော်ကြီးသို့ ရောက်ရှိလာချိန်တွင် မိုးအနည်းငယ် အုံ့နေပြီဖြစ်သည်။

အတန်ငယ် မြင့်သော ကုန်းပေါ်တွင် တည်ဆောက်ထားသည့် အုတ်ကျောင်းကြီးဆီသို့ အင်္ဂတေလမ်းအတိုင်း ကျွန်တော်တို့ တက်လာခဲ့ကြရာ၊ ဓာတ်ပုံများတွင်သာ မြင်ဖူးသော မယ်နု အုတ်ကျောင်းကြီးကို ကိုယ်တိုင်မြင်ရချိန်တွင် များစွာ နှစ်သက် သဘောကျမိခဲ့ပါသည်။

အလျား (၁၉၂)ပေ၊ အနံ (၁၁၂)ပေ၊ အမြင့် (၉၄)ပေ ရှိသည့် မယ်နု အုတ်ကျောင်းကြီးကို မြန်မာသက္ကရာဇ် ၁၁၈၀ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ရက် (ခရစ်နှစ် ၁၈၂၂ ခု၊ ဒီဇင်ဘာလ ၃ရက်) အင်္ဂါနေ့တွင် စတင်တည်ဆောက်



www.burmeseclassic.com


www.burmeseclassic.com


မြန်မာသက္ကရာဇ် ၁၁၈၉ခုနှစ်၊ တပို့တွဲလဆန်း ၁၃ရက်(ခရစ်နှစ် ၁၈၂၈ခုနှစ်၊ ဇန်နဝါရီလ ၂၉ရက်)အင်္ဂါနေ့တွင် ကျောင်းဦးပြာသာဒ်ပါ အုတ်ကျောင်းကြီးကို အောင်မြေဘုံစံဟု အမည်တင်၍ ဦးဗုဒ်ဟု ထင်ရှားသည့် ပုညာဘိသီရိ သဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိ ရာဇာဂုရုဘွဲ့တံဆိပ်တော်ရ ညောင်ကန်ဆရာတော်အား ရေစက်သွန်းချ လှူဒါန်းခဲ့သည်။ ပရိက္ခရာရှစ်ပါးနှင့် အဝတ်အစား၊ အသုံးအဆောင်များစွာ လှူဒါန်းနိုင်ကြ၍ ပွဲသဘင်ကြီးစွာကျင်းပခဲ့ကာ၊ အကျဉ်းသား (၆၈)ယောက်တို့ကို အကျဉ်းမှ လွှတ်ပေးခဲ့သည်။

ကျွန်တော်တို့ ဝင်လာသည်ကို တွေ့လျှင် ကျောင်းဆိုက်ဝင်းအတွင်းမှ ကလေးများ ထွက်လာပြီး…

“သမိုင်းကြောင်းပြောပြရမလား”

ဟု မေးကြပါသည်။ မယ်နုအုတ်ကျောင်းသို့ လာရောက်ကြသော ခရီးသွား မြန်မာလူမျိုးများအား အုတ်ကျောင်းနှင့် ပတ်သက်၍ သူတို့သိသမျှ ပြောပြကြသည့် လမ်းညွှန်ကလေးငယ်များ ဖြစ်ကြသည်။ ညှော်သည်များပေးသော မုန့်ဖိုးငွေများကို သူတို့ ရရှိကြသည်။ သူတို့လက်ထဲတွင် လက်ကိုင်ဖုန်းလေးများ ကိုယ်စီကိုင်ထားကြသည်ကို တွေ့ရှိရသဖြင့် သဘောကျမိပါသည်။





“မင်းတို့ဆီကို ဖုန်းဆက်လို့ ရလားကွ”

ဟု ကျွန်တော် မေးကြည့်လိုက်ရာ သွက်သွက်လက်လက် ချာတိတ်လေးတစ်ယောက်က

“ရပါတယ်ခင်ဗျ၊ ကျွန်တော်တို့ သီချင်းနားထောင်တာပါ”

ဟု ပြန်ဖြေသည်။

“ဖေ့စ်ဘွတ်ရော သုံးလားကွ”

“ဟုတ်ကဲ့”

ခေတ်မီလာသည့် လမ်းညွှန်လေးများပါပေ။

ကုန်းဘောင်ခေတ် မြန်မာ့ဗိသုကာလက်ရာနှင့် ပန်းပုအပြောက်အမွမ်းများကို မြင်တွေ့ကြရသည်။ အုတ်အင်္ဂတေလက်ရာများဖြင့် အနုစိတ် ခြယ်မှုန်းထားသည့် အုတ်ကျောင်းတော်ကြီး တည်ဆောက်မှုအတွက် ထိုခေတ်ကာလ ငွေကြေး သုံးသိန်းကျော်ကုန်ကျခဲ့သည်။ အုတ်ကျောင်းကြီး၏ ကျောင်းဦးပြာသာဒ်ဆောင်နှင့် အဆောင်မကြီးကို (၉)ပေခွာ၍ တည်ဆောက်ထားကာ ပြာသာဒ်ဆောင်ကို မျက်နှာလေးဘက် ဖွင့်ထားသည်။ အဆောင်မကြီးကို ရဟန်းတော်များ သီတင်းသုံးနိုင်ရန် စင်္ကြံပတ်လမ်းများ ပတ်လျက် အခန်းများ ဖွဲ့စည်းထားသည်။ အုတ်ပေါင်းကူး ဝင်ပေါက်များတွင် သစ်သားတံခါးများကို ပတ္တာများ မသုံးဘဲ သံချောင်းအူတိုင်ကို တံခါးရွက်တွင် တွဲထားသည့် သံကွင်းများတွင် စွပ်၍ သပ်ရပ်ခိုင်ခံ့စွာ တပ်ဆင်ထားသည်။

မြန်မာ့သမိုင်းတွင် နှစ်(၄၀၀)နီးပါး သက်တမ်းရှည်ကြာခဲ့ပြီး မင်းဆက် (၃၁)ဆက် အုပ်ချုပ်ခဲ့သည့် အင်းဝတွင် လေ့လာကြည့်ရှုဖွယ်များ များပြားလှသဖြင့် တစ်နေကုန်နီးပါး လည်ပတ်မှသာ စုံလင်နိုင်မည်ဖြစ်ပေသည်။ အခြားလေ့လာဖွယ် နေရာများအဖြစ် သစ်တပ်မြို့ရိုး၊ ကျော်ဘုံတံခါး၊ မဟာဇေယျပထတံတား၊ နန်းမြင့် မျှော်စင်၊ သစ်တပ်ဟောင်း၊ လေးထပ်ကျောင်း စသည်ဖြင့် များပြားစွာ ကျန်ရှိနေသေးသော်လည်း အင်းဝတွင် ရေများ တက်လာသဖြင့် အင်းဝ၏ အထင်ကရ သုံးနေရာကိုသာ လေ့လာခဲ့ရပေသည်။

လွမ်းမောဖွယ် အင်းဝသို့ တစ်ခေါက်ပြန်လာကြရန် စိတ်ကူးကြကာ၊ အင်းဝမှ ပြန်လည်ထွက်ခွာရန် နန်းမတော်မယ်နု၏ အစ်ကိုဖြစ်သူ မင်းသားကြီး ဦးအို၏ ကောင်းမှု မဟာဇေယျပထ တံတားပေါ်မှ ဖြတ်သန်းလာချိန်၌ လမ်းပေါ်တွင် ရေများ ဖွေးဖွေးလှုပ်နေခဲ့ပေသည်။

□



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းချုပ်၊ လေချုပ်၊ သွေးတိုးနေလျှင်
ဆရာဦးရွှေထွန်းခိုင် (ရွှေလှော်ကား)ရဲ့



ဘုမ္မရာဇာ
အမှတ်တံဆိပ်

ဝမ်းမှန်ဆေး ကိုသောက်ကြည့်လိုက်ပါ။

ဆေးသောက်ပြီး ဗိုက်နာ၊ ဗိုက်ရစ်ခြင်းမရှိ
နံးချည့်အားယုတ်ခြင်းမရှိ ယုံကြည်စွာ သုံးစွဲပါ။

ကြော်ငြာခွင့်ပြုချက်အမှတ် -
တဆဝက(စာနယ်ဇင်း) ၀၀၁/၀၁၁၅

ဆေးတစ်ခါသောက် (၃) ပြားမှ (၅) ပြား (၃)ရက် တစ်ကြိမ် သောက်သုံးနိုင်သည်။

ပင်ရင်း - ရွှေလှော်ကားဆေးတိုက်၊ အမှတ်(၉)၊ လှော်ကားလမ်း၊ ၁၆-ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ဖုန်း- ၀၉-၇၃၀၆၁၂၁၈၊ ၀၉-၇၉၉၂၄၅၇၂၃

# ဆရာ ဦးပိုင်ဇအောင်

(ဝိဇ္ဇာဘွဲ့) [လက္ခဏာဗေဒင်ဟောစန်း]

တိုက် (၄၀)၊ (B-1)-မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊
- ၀၉ ၇၃၁ ၄၇၀ ၂၄၊ ၀၉ ၅၀၉၃၈၉၁၊ ၀၉ ၂၅၀ ၇၇၃၆၃

➢အလုပ်လျှောက်ထားခြင်း / ရေးဖြေ - လူတွေ့ဖြေဆိုခြင်းတွေမှာ လွယ်ကူစွာ အောင်မြင်ရွေးချယ်ခံရပြီး အလုပ်အ
အမြန်ဆုံး ရရှိစေဖို့ ➢လက်ရှိ အလုပ်အကိုင်နေရာဌာန မြို့ ရွာဒေသမှာပဲ ဆက်လက်ကြာရှည် နိုင်မြဲစွာ လုပ်ကိုင်ရ
➢မိမိဆန္ဒရှိသော အလုပ်အကိုင်နေရာဌာန မြို့ရွာဒေသကို ခက်ခဲကြန့်ကြာခြင်းမရှိဘဲ အမြန်ဆုံး ပြောင်းရွှေ့လုပ်ကိုင်
➢ အလုပ်အကိုင်မှာ အမြန်ဆုံးရာထူးအဆင့်တိုးတက်ရရှိစေဖို့ ➢လက်ရှိကြုံတွေ့နေရတဲ့ လုပ်ငန်းခွင် အဆင်မပြေ
အတိုက်အခံ အနှောင့်အယှက် အခက်အခဲ၊ အစွပ်အစွဲ၊ အတိုင်အတော၊ အစစ်အဆေးပြဿနာတွေ အမြန်ဆုံး အဆ
ချောမော ကျော်လွှားအနိုင်ရပြီး ပြတ်သွားစေဖို့။

✪တိုက်၊ အိမ်၊ တိုက်ခန်း၊ ဆိုင်ခန်း၊ မြေကွက်၊ ခြံကွက်...စသည်ဖြင့် မိမိရောင်းချင်သော ပစ္စည်းများ အမြန်ရောင်း
ဖို့ ✪ ဆိုင်လုပ်ငန်းအမျိုးမျိုးမှ နေ့စဉ် လူဝင်များ၊ ဝယ်သူများ၊ ရောင်းအားကောင်း၊ ငွေဝင်ကောင်း အမြန်ဖြစ်လာ
✪ တရားသဖြင့်ငွေရှာသော မည်သူမဆို နေ့စဉ် ငွေဝင် လာဘ်ရွှင် အဆင်ပြေ ကံကောင်းစေဖို့ ✪ အရေးတကြီး ငွေ
သော၊ ဝင်ငွေတိုးပွားလိုသောသူများအတွက် ငွေဝင် ချက်ချင်းကောင်းပြီး ငွေဝင် (၃)ဆတိုးစေဖို့။


ဂမ္ဘီရပညာဖြင့် ကူညီပံ့ပိုးမှု လိုအပ်လျှင် လာခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com

သင်းမြအေး (ခရမ်း)

# မြိုင်ဒိပေသော်လည်း ....



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် ရန်ကုန်တက္ကသိုလ်မှ ဘီအက်(စ်)စီ ဂုဏ်ထူးတန်းအောင်ထားသူ ဆရာမတစ်ဦးပါ။ ယူထားသော ဘာသာမှာ သိပ္ပံတွဲဖြစ်၍ ခေတ်နှင့်အညီ တိုးတက်လာသော လက်တွေ့ သဘော သဘာဝများကိုသာ စိတ်ပါဝင်စားခဲ့သူ ဖြစ်ပါသည်။ ရေးလူကြီးများက ပြောပြ၍ ဗိညာဉ်လောက၊ ပရလောက သတ္တဝါများ ရှိသည်ကိုလည်း ကြားခဲ့ရဖူးပါသည်။ သို့ပေမယ့် စာရေးသူကိုယ်တိုင်တော့ မကြုံဘူးခဲ့ပါ။ မတွေ့ဘူးခဲ့ပါ။ ထို့ကြောင့် စိတ်ထဲတွင် အလေးအနက်မထားဘဲ ခပ်ပေါ့ပေါ့သာ တွေးတောယူဆထားခဲ့သည်။

ယခုအခါ အသက် ခြောက်ဆယ်ကျော်လာပါပြီ။ ဆရာမအလုပ်မှ ပင်စင်ယူခဲ့ပါပြီ၊ ဘာသာရေးကို အလေးထားတတ်လာပါသည်။ တရားပွဲများသို့လည်း သွားရောက်နာယူဖြစ်ပါသည်။ တရားခွေများကို ဖွင့်၍လည်း တရားနာတတ်လာပါသည်။ တီဗွီမှ လွှင့်သော တရားများကိုလည်း မပြတ်မလပ် ဂရုစိုက် နာယူလေ့ရှိပါသည်။

ဗုဒ္ဓဟောကြားချက်အရ အပါယ်လေးဘုံဆိုတာကို ယုံလာပါသည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတာ တကယ်ရှိနေကြသည်ဟု ယုံကြည်သွားပါသည်။ ထို့ကြောင့် အလှူအတန်းလုပ်ပြီးလျှင် အမျှပေးဝေရမည်။ အမျှပေးခြင်းဖြင့် ထိုပြိတ္တာ၊ အသူရကာယ်တို့ကို ကယ်တင်နိုင်သည်ဟု လက်ခံလာမိပါသည်။

◈◈◈

ထိုပရလောကသားတွေအကြောင်း ပြန်စဉ်းစားကြည့်မိသည့်အခါ စာရေးသူ ငယ်စဉ် ရှစ်နှစ်သမီးအရွယ်ကပါ။ အဖေ၊ အမေတို့က အိမ်အသစ်ဆောက်ကြပါသည်။ အိမ်ကို အကာရိုက်ပြီးသော်လည်း တံခါးတွေ မတပ်ရသေးပါ။ အမိုး အကာပြီးပြီဆိုတော့ ပျဉ်ထောင်အိမ်မို့ ညအခါ အိမ်ပေါ်သို့ တက်အိပ်ကြပါသည်။ နွေရာသီတွင်ဖြစ်၍ ခြံထဲရှိ ယာယီတဲလေးထဲတွင် ဦးလေးကြီးတစ်ဦးသာ ပစ္စည်းစောင့်ရင်း အိပ်ပါသည်။

အိမ်ဆောက်ဆဲဖြစ်၍ တောမှ အမေ့တူမ လင်မယားက လာရောက် ကူညီနေပါသည်။ တစ်ညတွင် အမေ့တူမ ယောကျ်ားက စာရေးသူတို့မြို့ရှိ ရုပ်ရှင်ရုံ ညဈေးတန်းသို့ သွား၍ ခေါက်ဆွဲကြော်ထုပ်တွေ ဝယ်လာပါသည်။ အိမ်သို့ ရောက်သောအခါ သူ့ဇနီးကို လှမ်းပေးပြီး အားလုံးစားဖို့ ပန်းကန်တွေနဲ့ ပြင်လိုက်ပါဟု ပြောပါသည်။ အမေ့တူမက ပန်းကန်တွေကို ယူပြီး ခေါက်ဆွဲကြော်များကို မျှဝေခွဲခြမ်း ထည့်ပေးပါသည်။

ထိုသို့ ခွဲပေးနေရင်း ဆီးသွားချင်လာ၍ ရေချိုးခန်းသို့ ပြေးပါသည်။ ရေချိုးခန်းဆိုရာတွင် အမိုးမရှိသေးပါ။ အကာသာရှိသော ကပြင်ကလေးသာဖြစ်ပါသည်။ အိမ်အနောက် အပြင်ဘက်တွင် ဖြစ်သည်။ အမေ့တူမက ရှူးရှူးပေါက်နေ ထိုင်လိုက်သည့်အခါ အကာသွပ်ပြားပေါ်မှ လက်မည်းမည်း ကြီး ကျလာပြီး "နည်းနည်းပေး"ဟု တောင်းသော အသံကြီး ကို ကြားလိုက်ရပါသည်။ အမေ့တူမလည်း "အမလေးတော် ..."ဟု အသံကုန်အော်ပြီး အိမ်တွင်းကို အပြေးဝင်လာပါသည်။

ခေါက်ဆွဲထုပ်ဝယ်လာစဉ်က နာနာဘာဝမှ စားချင်၍ လိုက်လာဟန်တူပါသည်။ အိမ်ထဲ မဝင်နိုင်၍ ရေချိုးခန်းဘက် မှ စောင့်ပြီး တောင်းခြင်းဖြစ်ပါမည်။ စာရေးသူတို့ ကြောက် လိုက်ကြတာ။ ခေါက်ဆွဲအားလုံးကို မစားဘဲ အပြင်သို့ ပစ် လိုက်ပါတော့သည်။

နာနာဘာဝ ရှိတယ်ဆိုတာတော့ သိခဲ့ရပါပြီ။ သို့သော် တွင် ကိုယ်တိုင်ကိုယ်ကျ မတွေ့ရ မမြင်ရ၍ စိတ်ထဲတွင် အမှတ်မထားဘဲ မေ့မေ့ပျောက်ပျောက်ပင် နေခဲ့ပါသည်။

◈◈◈

တစ်ခါကလည်း ကျောင်းဆရာတစ်ဦးမှ သူ့ရဲ့ ကိုယ် တွေ့အဖြစ်အပျက်တစ်ခုကို ပြောပြဖူးပါသည်။

သူက ည ၁၀နာရီခန့်တွင် မြို့တွင်းမှ သူ၏ (၉)ရပ် ကွက်သို့ ပြန်လာခဲ့ပါသည်။ ထို (၉)ရပ်ကွက်သို့ သွားလျှင် လျှင် ပြာသာဒ်ကျောင်း(ဘုန်းတော်ကြီးကျောင်း)၊ ပြာသာဒ် ဘုရား(ဆင်းတုတော်များ)၏ ဘေးရှိ တံတားကို ဖြတ်ရပါ သည်။ ခရမ်းချောင်းကို ဖြတ်ကူး တည်ထားသော တံတား တစ်ခုလည်း ဖြစ်ပါသည်။

ကျောင်းဆရာက စက်ဘီးကို ဖြည်းဖြည်းချင်း (တံတား အတက်ဘက်သို့) တွန်းပြီး တက်ခဲ့ပါသည်။ တံတား၏ အလယ်လောက်တွင် ရှစ်နှစ်အရွယ် ကလေးငယ်လေး တစ်ယောက် ထိုင်နေပါသည်။ ခြေတွဲလောင်းချ၍ ချောင်း ဘက်သို့ မျက်နှာမူပြီး ထိုင်နေခြင်းပါ။ ဆရာကလည်း ကလေး ငယ်တစ်ဦး သူ့အဖော်ကို စောင့်ရင်း ထိုင်နေသည်ဟု ယူဆ ကာ ဖြတ်ကျော်သွားပါသည်။ တံတားအဆင်းဖြစ်၍ စက်ဘီး ကို စီးဖို့ ပြင်ရင်း အမှတ်မထင် ကလေးဘက်သို့ လှည့်ကြည့် လိုက်တော့ ကလေးက သစ်ပင်ကြီးလောက် မြင့်တက်နေ တာကို တွေ့လိုက်ရပါသည်။ ဆရာက မဟုတ်တော့ဘူး သိတော့ စက်ဘီးကို တရကြမ်းနင်းပြီး အိမ်အရောက်



www.burmeseclassic.com

www.burmeseclassic.com

မြှုံခဲ့ရပါတော့သည်။

စာရေးသူ ဆရာမ လုပ်၊ အိမ်ထောင်ကျ၊ ကလေးတွေနှင့်မို့ လူမှုရေးကိစ္စတွေ များနေတာကြောင့် ဘာသာရေးကို သိပ်အလေးမပြုနိုင်ခဲ့ပါ။

◈◈◈

ယခု စာရေးသူသည် အရွယ်က အိုး ရောဂါက ဖိစီးမို့ ဘာသာရေးကို လိုက်စားမှု များလာသဖြင့် ထိုလောကသားတွေအကြောင်းကို မမေ့မလျော့ သတိရနေမိပါသည်။

စာရေးသူ၏ သားကြီးက အင်ဂျင်နီယာပါ။ ပုသိမ်မြို့အနီး ကျေးရွာတစ်ခုမှာ စာသင်ကျောင်းတစ်ကျောင်းကို သွားရောက်ဆောက်လုပ်ပေးနေရပါသည်။ သားကြီးက လျှပ်စစ်ဘက်ကပါ။ ဆောက်ပြီးသား ကျောင်းကို မီးကြိုး၊ မီးသီး သွယ်တန်းသည့် တာဝန်နှင့်ပါ။ ဆောက်လုပ်ရေးသမားများနှင့် တာဝန်ရှိသူတွေက အဆောက်အအုံကို ဆောက်လုပ်ခဲ့ဖြစ်သည်။ သားကြီးကလည်း ဝိုင်းဝန်းကူညီပြီး အတူနေကြပါသည်။

ယောက်ျားလေးချည်းမို့ ဆောက်လက်စ ကျောင်းခန်းထဲမှာပဲ အိပ်ကြပါသည်။

တစ်ညနေမှာတော့ ရွာသား လူငယ်နှစ်ဦးမှ ချောင်းထဲက ကဏန်းတွေကို ဖမ်းပြီး လာပို့ပါသည်။ ထိုကဏန်းတွေကို ပြုတ်ပြီး သူတို့အားလုံး ညနေ နေဝင်ရီတရောတွင် ပေါင်း စားသောက်ကြပါသည်။ ကျောင်းဆောင်ထဲတွင်ပင် စားနေကြခြင်းဖြစ်သည်။ ဖမ်းပေးသော ကလေးနှစ်ဦးလည်း အတူဝင်စားပါသည်။

ထိုအခိုက် စားနေသည့် နေရာသို့ ခဲသေးသေးလေး တစ်လုံးကျလာပါသည်။ ဘယ်ကမှန်းတော့ မသိကြပါ။ သို့သော်လည်း ယောက်ျားလေးချည်းပဲဆိုတော့ မကြောက်လန့်ဘဲ ဆက်စားကြပါသည်။ နောက်ထပ် ခဲတစ်လုံးထပ်ကျပြန်ပါသည်။ သူတို့တွေအားလုံးက ဘာမှမဖြစ်သလိုပဲ ကဏန်းတွေကို ကုန်အောင် စားပစ်ကြပါသည်။ ပြီးမှ အသီးသီး ကိုယ့်အိပ်ရာသို့သွား၍ ခြင်ထောင် ထောင်ပြီး အိပ်ရာဝင်လိုက်ကြပါသည်။

အဆောက်အအုံအသစ်ဖြစ်၍ မီးလည်း မဆင်ရသေးပါ။ တံခါးများလည်း မတပ်ရသေးပါ။

အိပ်လို့ မပျော်ခင်မှာဘဲ ကျောင်းအပြင်ဘက်မှ ခြေသံအရှုပ်ရှုပ်ကို ကြားကြရပါသည်။ ခြေသံက ကျောင်းရှေ့သို့ရောက်တွင်တော့ ပျောက်သွားပါသည်။ တစ်ခါ ကျောင်းကို ပတ်၍ ကျောင်း၏ အနောက်ဘက်သို့ ပြန်ရောက်သွားသည်။ အနောက်ဘက်သို့ ရောက်သောအခါ ခြေသံမှာ ပျောက်သွားပြန်သည်။

သူတို့က တစ်ယောက်ယောက်လာသည်ထင်၍ ဓာတ်မီးနှင့် လိုက်ထိုးကြည့်တော့လည်း ဘာမျှ မတွေ့ရပါ။ ထို့ကြောင့် ပြန်အိပ်ကြပြန်သည်။ ညဉ့်နက်လေ ပိုဆိုးလေ ဖြစ်လာပါသည်တဲ့။

ခြေသံက ကျောင်းပေါ်တက်ပြီး ခြင်ထောင်တစ်ခုစီ၏ ခြေရင်းသို့ လာ,လာရပ်ပါသည်။ ခြင်ထောင်ထဲတွင် အိပ်နေသူများမှာ ကြက်သီးတွေ ထ၊ ဆံပင်တွေ ထောင်လာပြီး ငုတ်တုတ်ထထိုင်ရပါသည်။ ထိုအခါ အနောက် ခြင်ထောင်သို့ ပြောင်းနှင့် တစ်ညလုံး မအိပ်ကြရပါ။

မိုးလင်းသောအခါ ကျေးရွာဥက္ကဋ္ဌကို အကျိုးအကြောင်းပြောပြလိုက်ကြပါသည်။ ရွာဥက္ကဋ္ဌက "ဟုတ်ပြီ ကျောင်းဆောင်အနီး ကံ့ကော်ပင်က သရဲမ မိလက်တို ဖြစ်မယ်။ ကဏန်းစားချင်တာ မကျွေးလို့ နှောင့်ယှက်တာ ဖြစ်မယ်ဆိုပြီး ရွာဥက္ကဋ္ဌက ကံ့ကော်ပင်ကို သွား၍ ကျိန်းပါသည်။

"ဒီရွာအတွက် ကျောင်းဆောက်ပေးတဲ့ ဒီလူတွေကို နှောင့်ယှက်ရင် ကံ့ကော်ပင်ကိုပါ ခုတ်ပစ်မယ်"လို့ ကျိန်းပါသည်။ "သရဲဆိုတာ ဒီတစ်ခါပဲ ရေရေလည်လည်ကြုံဖူးတာ"လို့ သားကြီးက ပြန်ပြောပြပါသည်။

◈◈◈

ရှိတယ်ဆိုတာ ယုံပါသည်။ မကြုံဘူးသေးတာတော့ အမှန်ပါ။ ဒါပေမယ့် ကုသိုလ်ပြုတိုင်း အမျှဝေဖို့ရယ်၊ မိမိ ဘဝကူးချိန်မှာ အယူမှန်ဖို့ရယ်သာ အရေးကြီးကြောင်း စာရေးသူ ကောင်းကောင်းသိသွားပြီမို့ သရဲကားတွေကိုလည်း ဂရုတစိုက် ကြည့်မိပါသည်။ ဆောင်သင့်ဆောင်၊ ရှောင်သင့်တာ ရှောင်ဖို့လည်း အသိဝင်လာပါပြီ။ ရတနာသုံးပါး ဂုဏ်ကျေးဇူးကိုလည်း ပိုမိုယုံကြည် အားထားမိလာပါသည်။

"သရဲဆိုတာ ကြောက်ဖို့ မဟုတ်။ အမျှဝေဖို့။ သူတို့ရဲ့ ဒုက္ခကို ကယ်ဖို့။ သူတို့ရဲ့ ဘဝမျိုးကို မရောက်ဖို့"ဟု အသည်းထဲ စွဲကာ၊ ထေရဝါဒဗုဒ္ဓဘာသာကို အထူးသက်ဝင်ယုံကြည်အားထား လေးစားကြည်ညိုမှု၊ ရှုမှတ်မှုတွေ ပိုနေရပါတော့သည်။

□



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆၊ နိုဝင်ဘာလအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

### တနင်္ဂနွေနံအက္ခရာ

**( အ၊ အာ၊ ဣ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ…**

ဤတစ်လတာကာလအတွင်း အိုးအိမ်အဆောက်အအုံကိစ္စ ဆောင်ရွက်ရမည်။ နေရာဌာနအပြောင်းအရွှေ့ ပြုလုပ်ရမည်။ ဆန်၊ ဆီ၊ ဆား၊ စက်ပစ္စည်း၊ ဆိုင်ခန်း စသည့် အင်္ဂါနံနှင့်ပတ်သက်၍ အကျိုးကျေးဇူးခံစားရမည်။ စပ်တူရှယ်ယာပြုလုပ်ရမည်။ ခင်ပွန်းနှင့်ပတ်သက်၍ သတင်းကောင်း ကြားရည်။ ကားရှိသူများ ကားပျက်၊ ကားထွက်ကိန်းရှိသည်။ မြေမြေရောင်းထွက်မည်။ သားသမီး အိမ်မှ ထွက်မည်။ လက်ရှိအလုပ်ကို ပုံမှန်ဆက်လုပ်တာ ပိုကောင်းသည်။ လူငယ်များ အချစ်ရေး ပညာရေး အဆင်မပြေ၊ စိတ်သောကဖြစ်ရမည်။ အစာမကြေ လေရောဂါ၊ ဝမ်းဗိုက်နှင့်ပတ်သက်သော ဝေဒနာများ ခံစားရမည်။ ထီ ဝါသနာပါက (၁)အစ (၃)အဆုံးဂဏန်းထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မိမိမွေးနေ့တိုင်း အုန်း(၆)ညွန့် ဘုရားလှူ၍၊ အုန်းသီးပါသော မုန့်ဆွမ်းကို ဘုရားကပ်လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### တနင်္လာနံအက္ခရာ

**( က၊ ခ၊ ဂ၊ ဃ၊ င ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလပိုင်းကာလတွင် မိမိလုပ်နေကျ ပုံမှန်အလုပ်ကိုသာ ဆက်လက်လုပ်ကိုင်သင့်ပါသည်။ ဟိုဟာလုပ်ရ ကောင်းနိုး ဒီဟာလုပ်ရ ကောင်းနိုးဖြစ်နေတတ်သည်။ အကြီးအကဲ ဆရာသမားထံမှ အကူအညီရမည်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ် ဆောင်ရွက်ရမည်။ ထီး၊ နာရီ၊ ဖိနပ်၊ အထည်၊ နွား၊ နို့နှင့် နို့ထွက်ပစ္စည်း စသည့် စနေနံပစ္စည်းများ အရောင်းအဝယ်ပြုလုပ်သူများ အကျိုးအမြတ်ခံစားရမည်။ ခင်ပွန်းနှင့် ခွဲခွာနေထိုင်ရမည်။ လူငယ်များ မိတ်ဆွေသူငယ်ချင်း ချစ်သူနှင့် ခွဲခွာနေရမည်။ အကြောနှင့် ပတ်သက်သော ရောဂါဝေဒနာခံစားရတတ်သည်။ (၁၃၊ ၃၁)အတွဲမှာ အကျိုးပေးဂဏန်း ဖြစ်သည်။

**ကောင်းကျိုးပြုယတြာ** - ဩဇာညွန့်၊ ဩဇာသီး၊ မုန့်ဩဇာ၊ အုန်းနို့ခေါက်ဆွဲ အဆင်ပြေသည့် တစ်ခုခုကို ဘုရားလှူပေးပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလပိုင်းကာလတွင် အကြံအစည် အောင်မြင်မည်။ လုပ်ငန်းစပ်တူရှယ်ယာပြုလုပ်ရမည်။ ငွေဝင်သော်လည်း ငွေမငြိမ် တတ်သည်။ အမှုဖြစ်နေသူကို ငွေမချေးပါနှင့်။ ခရီးသွားလာရင်း ပစ္စည်းပျောက်တတ်သည်။ အိုးအိမ်အဆောက်အအုံ ပြုပြင်မွမ်းမံရမည်။ လူမျိုးခြား နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ် ဆောင်ရွက်ရမည်။ အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်ရမည်။ ငွေရင်းနှီးမြှုပ်နှံရသော လုပ်ငန်းသစ် မစတင်သင့်သေးပါ။ ဇနီး ကျန်းမာရေး ညံ့မည်။ ဝမ်းနှင့်ပတ်သက်သော ဝေဒနာ ခံစားရတတ်သည်။ ထီဝါသနာပါက (၁၃၇)ပါသော ဂဏန်းကို ရွေးထိုးပါ။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် ဆီမီး(၃)တိုင်နှင့် နှင်းဆီပန်း(၇)ပွင့် လှူလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကျွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလပိုင်းကာလတွင် လုပ်ငန်းအပြောင်းအလဲပြုလုပ်ရမည်။ လုပ်ငန်းတာဝန်နှစ်ခု ထမ်းဆောင်ရမည်။ ဝန်ထမ်းဆိုပါက ရာထူးတိုး၊ နေရာပြောင်းရွှေ့ရမည်။ ရင်းနှီးသော မိတ်ဆွေနှင့် လမ်းခွဲရမည်။ ခင်ပွန်းနှင့် ပတ်သက်၍ ကောင်းကျိုးခံစားရမည်။ လက်အောက်ငယ်သား ညီအစ်ကိုမောင်နှမထံမှ အကူအညီရမည်။ ဆွေမျိုးသားချင်းအတွက် စိတ်သောကဖြစ်မည်။ လျှပ်စစ်ပစ္စည်း (ကင်မရာ၊ ဖုန်း၊ တီဗွီ၊ ကွန်ပျူတာ စသည်)များ ပျက်တတ်၊ ထွက်တတ်သည်။ ကွဲကွာနေသော ချစ်သူနှင့် ပြန်လည်ဆုံတွေ့ရမည်။ (၃၇၊ ၇၃)အတွဲဂဏန်း အကျိုးပြုသည်။

ကောင်းကျိုးပြု ယတြာ - နေအိမ်ဘုရားတွင် မုန့်လုံးရေပေါ်၊ မုန့်လုံးကြီး၊ လက်ဖက်ရည်၊ ပလာတာ စသည်တို့ ကပ်လှူပေးပါ။

## ကြာသပတေးနံအကျွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလပိုင်းကာလတွင် ဟိုဟာလုပ်ရ ကောင်းနိုးနိုး၊ ဒီဟာလုပ်ရ ကောင်းနိုးနိုးနှင့် ဖြစ်နေတတ်သည်။ ငွေချေးငှား၊ အိမ်ခြံမြေရောင်း၊ ဂရမ်ပေါင်၊ ရွှေပေါင် စသည့်တို့ ပြုလုပ်၍ လုပ်ငန်းသစ် မလုပ်ပါနှင့်။ ငွေအရင်းအနှီးမြုပ်သွားတတ်သည်။ အိုးအိမ်အဆောက်အအုံ၊ ဆိုင်ခန်း ပြုပြင်မွမ်းမံရမည်။ အိမ်ဆိုင်ငှားရမ်းခြင်း အဆင်ပြေမည်။ ကွဲကွာနေသော အိမ်ထောင်ဖက်နှင့် ပြန်လည်ဆုံတွေ့ရမည်။ လူငယ်များ အချစ်ရေးကြောင့် ပညာရေး၊ လုပ်ငန်းတို့ ထိခိုက်တတ်သည်။ ကျန်းမာရေး ဂရုစိုက်ပါ။ အစားမှား၊ သောက်မှားခြင်း၊ ဝမ်း၊ လေနှင့်ပတ်သက်သော ရောဂါ၊ ခြေလက်ဖောရောင်သော ဝေဒနာခံစားရတတ်သည်။

ကောင်းကျိုးပြုယတြာ - ခွေး၊ နို့၊ ငါး၊ ကျီးသတ္တဝါများကို အစာကျွေးပေးပါ။

## သောကြာနံအကျွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလပိုင်းကာလတွင် မိမိလုပ်နေကျအလုပ် ပုံမှန်ဆက်လုပ်ပါ။ အတွေးအခေါ် ဆုံးဖြတ်ချက်မှားတတ်သည်။ မည်သည့်ကိစ္စမဆို ဆရာသမားနှင့်တိုင်ပင်၍ ပြုလုပ်ပါ။ အိမ်ခြံမြေ၊ ကားအရောင်းအဝယ်ပြုလုပ်ရမည်။ ငွေဝင်သော်လည်း ငွေမမြဲဖြစ်နေမည်။ ဝန်ထမ်းများ လစာတိုး၊ ရာထူးတိုး (သို့မဟုတ်) နေရာဌာနပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်။ လူမျိုးခြား၊ နိုင်ငံခြား၊ ပြည်ပရောက် ခင်ပွန်း၊ သားသမီးထံမှ အဆက်အသွယ်ရ၊ လာဘ်လာဘ ဝင်ငွေရမည်။ ဇနီးကျန်းမာရေးညံ့မည်။ ချစ်သူနှင့် စကားများရမည်။ ခါးနာ၊ သွားကိုက်၊ သွေးသားဆိုင်ရာ ဝေဒနာခံစားရမည်။ ထီဝါသနာပါက (၁)အစ (၃)အဆုံး၊ (၃)အစ (၁)အဆုံးထီထိုးပါ။

ကောင်းကျိုးပြုယတြာ - မွေးနံထောင့် ထီးနီ(၇)လက်၊ ထန်း/ဒန်း(၇)ညွန့် ကပ်လှူဆုတောင်းပါ။

## စနေနံအကျွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဌ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလပိုင်းကာလတွင် အကြံအစည်၊ ရည်ရွယ်ချက် အောင်မြင်မည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ မထင်မှတ်ဘဲ ခရီးသွားရမည်။ အိုးအိမ်အဆောက်အအုံ ပြင်ဆင်မွမ်းမံရမည်။ စပ်တူရှယ်ယာလုပ်ငန်းပြုလုပ်ရမည်။ ပြည်တွင်းပြည်ပ ယာယီ ခရီးသွားလာရမည်။ ခရီးသွားလာရင်း ငွေ၊ ပစ္စည်းပျောက်တတ်သည်။ လူယုံ သတိထားပါ။ တနင်္လာ၊ ကြာသပတေးနေ့နံများ ထား ရှောင်ပါ။ သားသမီးတစ်ဦးဦး အိမ်မှ ထွက်ခွာတတ်သည်။ သားသမီး ပညာရေး၊ ကျန်းမာရေး စိတ်ပူပန်ရတတ်သည်။ လူငယ်များ ချစ်သူနှင့် အဆင်မပြေဖြစ်နေတတ်သည်။ ခေါင်းမူး၊ ခေါင်းကိုက်သော ဝေဒနာ ယာယီခံစားရမည်။ ထီဝါသနာပါက အစ (၃)အဆုံး၊ (၃)အစ (၇)အဆုံးထီထိုးပါ။

ကောင်းကျိုးပြုယတြာ - နှင်းဆီပန်း(၁၀)ပွင့်ကို မွေးနံထောင့်တွင် လှူပြီး နမောတဿကို ပုတီး(၁၀)ပတ်စိပ်ပါ။




www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဓဝန်းကြယ် စာအုပ်စင်

သုတအံ့




## တိုက်ပွဲဝင်သီချင်းများ

### ဉာဏ်မောင်ချစ်

"တိုက်ပွဲဝင် သီချင်းများ"ဆိုသော ခေါင်းစီးကြောင့် စိတ်ဝင်စားပြီး ဖတ်ဖြစ်ခဲ့ပါတယ်။ စိတ်ဝင်စားရကျိုးနပ်တယ်လို့ ဆိုရမယ်ထင်ပါတယ်။


ဆရာ ဉာဏ်မောင်ချစ် ဆိုတာ တခြားသူ မဟုတ်ပါဘူး။ ၁၉၆၂ မျိုးဆက် ကျောင်းသားသမဂ္ဂခေါင်းဆောင် ဦးလှရွှေပဲဖြစ်ပါတယ်။ "အောင်သာ ပီသုံးလုံး"ဆိုတဲ့ ကလောင်အမည်နဲ့လည်း နိုင်ငံရေးဆိုင်ရာ ဆောင်းပါးတွေ ရေးပါတယ်။

ခေတ်အဆက်ဆက် မျိုးဆက်အလိုက် ယနေ့တိုင် ထင်ကျန်ရစ်ခဲ့တဲ့ သီချင်းတွေပဲ ဖြစ်ပါတယ်။ သီချင်းတစ်ပုဒ်တိုင်းမှာ သမိုင်းဆိုင်ရာ နောက်ကြောင်း ရာဇဝင်နဲ့အတူ ဖိနှိပ်မှုကို အံတင်းခံခဲ့တဲ့ တော်လှန်ရေး ရသမြောက် သံစဉ်တွေပဲ ဖြစ်ပါတယ်။

ကိုလိုနီနယ်ချဲ့ခေတ်၊ ဖဆပလခေတ်၊ မဆလခေတ်၊ ဒီနောက် စစ်အာဏာရှင်ခေတ်၊ ခေတ်အသီးသီးမှာ ပေါ်ထွန်းခဲ့ သီချင်းတွေပဲ ဖြစ်ပါတယ်။ ဒို့ဗမာသီချင်းမှစပြီး ၁၉၈၈ မှာ နာမည်ကြီးခဲ့တဲ့ ကမ္ဘာမကျေဘူးအထိ ပါဝင်တဲ့ သီချင်းတွေ တော်လှန်ရေးသမိုင်းကြောင်းတွေပဲ ဖြစ်ပါတယ်။

ယဉ်မျိုးစာပေက ထုတ်ဝေထားပြီး တန်ဖိုးမှာ (၁၈၀၀)ကျပ် ဖြစ်ပါတယ်။

---




## မျိုးဆက်သွေး

### မောင်ပေါ်ထွန်း

Sidney Sheldon ရဲ့ BLOOD LINE ကို ဆရာ မောင်ထွန်း... "မျိုးဆက်သွေး"လို့ အမည်ပေး ပြန်ဆို ထားတဲ့ စာအုပ်ဖြစ်ပါတယ်။

လောကကြီးအကြောင်း မယ်မယ်ရရ မသိရှာသေးတဲ့ အသက် ... ကျော်အရွယ် အယ်လစ်ဇဘတ်ရဲ့ ဘဝအနေအထား။ ကမ္ဘာနဲ့ ချီတဲ့ လုပ်... တွေ ပိုင်ဆိုင်ထားတဲ့ ဖခင် ရုတ်တရက် သေဆုံးပြီး ကိစ္စအဝဝ အယ်... ဇဘတ် ပခုံးပေါ်သို့ ကျရောက်လာပါတယ်။ စီးပွားရေးလောက၊ လူ... လောကရဲ့ အရှုပ်အထွေးအညစ်အပတ်များကို ကြုံကြုံခံရင်း ရုန်းကန်... မိန်းကလေးငယ်တစ်ဦးအကြောင်းပါ။

BLOOD LINE ကို ဆရာ မောင်ပေါ်ထွန်းက မျိုးဆက်သွေးရယ်လို့ အမည်ပေး ပြန်ဆိုခဲ့ပါတယ်။ မျိုးဆက်... ၁၉၈၀ က ပထမအကြိမ်။ ၂၀၀၂ခုနှစ်မှာ ဒုတိယအကြိမ်ထုတ်ဝေခဲ့ပြီး အခု တတိယအကြိမ်အဖြစ် ဘဝတက္ကသို... ကနေ ထုတ်ဝေဖြန့်ချီထားပါတယ်။ ရောင်းဈေးမှာ (၅၀၀၀)ကျပ်ဖြစ်ပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

# လိုက်ကြမလား ပုဂံဘုရားဖူး

## အံ့မောင်



မကြာသေးခင်ကမှ လှုပ်ခတ်သွားတဲ့ ငလျင်ကြောင့် ပုဂံကို ထပ်သွားချင်စိတ်တွေ ဖြစ်ခဲ့ရပါတယ်။ ဒီမိုးမှာ ပုဂံကို ရောက်အောင်ထပ်သွားမယ်လို့ စိတ်ကူးနေဆဲ။ နာမည်ကြီး စေတီ၊ ပုထိုးအပါအဝင် တော်တော်များများ ထိခိုက်ပျက်စီးခဲ့ပါတယ်။


ဆရာ အံ့မောင် ရေးတဲ့ ခရီးသွား ဆောင်းပါးများကို ဖတ်ရင်းက ပုဂံကို အပြေးသွားချင်စိတ်တွေ ဖြစ်ခဲ့ရပါတယ်။

ပုဂံဆိုတာ ဘာလဲ။ ယဉ်ကျေးမှုရဲ့ နှလုံးသားအစုံဖြစ်ကြောင်း ဆရာ အံ့မောင်က ရေးထားပါတယ်။ ပုဂံကို အဓိက ထားပြီး ရေးထားပေးမယ့် အခြား ခရီးသွား-အက်ဆေးများကလည်း စာဖတ်သူစိတ်ကို ကျေနပ်အားရ ဖြစ်စေမှာပါ။

ဆရာ အံ့မောင် ရေးတဲ့ "လိုက်ကြမလား ပုဂံဘုရားဖူးနှင့် အခြားခရီးသွား အက်ဆေးများ" ကို ဖတ်ကြည့်ပါလို့ တိုက်တွန်းလိုက်ပါရစေ။

"နွယ်နီစာပေ"က ဖြန့်ချိထားပြီး တန်ဖိုးမှာ (၃၀၀၀)ကျပ်ဖြစ်ပါတယ်။

---




# ပိယဒဿီ

## ပါရဂူ

ဆရာ ပါရဂူတစ်ယောက် ဒီလောကမှာ မရှိတော့ပေမယ့် ဆရာကြီးရဲ့ စာပေလက်ရာများကတော့ ထင်ရှားစွာ ကျန်လို့နေဆဲ။

ကျွန်တော်တို့ မျိုးဆက်မက၊ နောက်နောင် မျိုးဆက်များအထိ ဆရာ ပါရဂူရဲ့ စာပေလက်ရာများက လွှမ်းမိုးထားမှာ သေချာပါတယ်။

အခု စာအုပ်ကလည်း ဆရာ ပါရဂူကို ချစ်တဲ့သူများ အလွမ်းပြေ ဖတ်ဖို့နဲ့ မဖတ်ရသေးတဲ့သူများအတွက်လည်း ဗဟုသုတစာပေအရသာ ပြည့်ဝစွာ ပေးစွမ်းနိုင်မှာပါ။

အသောကမင်းကြီးကို လူတိုင်း ကြားဖူးကြမှာပါ။ ဗုဒ္ဓဘာသာ သမိုင်းနဲ့ ဆက်သက်တာရော၊ သမိုင်းရာဇဝင်နဲ့ ပတ်သက်ခဲ့တဲ့ အံ့မခန်း မင်းတစ်ပါးပဲ ဖြစ်ပါတယ်။

အသောကအကြောင်းကို ရေးသားထားတဲ့ သမိုင်းကျမ်းစာများ၊ ကျောက်စာ၊ ပေစာများကို အခြေခံပြီး ရေးသားထားတဲ့ စာအုပ်ကောင်းတစ်အုပ် ပါ။ သမိုင်းအထောက်အထားများကို အခြေခံ ရေးသားထားပေမယ့် သမိုင်း မဆန်ဘဲ အသောကဘုရင်အကြောင်းကို ရသဆန်ဆန်၊ ဝတ္ထုဆန်ဆန် ရေးဖွဲ့ထားနိုင်တာကိုက ဆရာ ပါရဂူရဲ့ အနုပညာစွမ်းအားပဲ ဖြစ်ပါတယ်။

စိတ်ကူးချိုချိုစာပေက ထုတ်ဝေထားပြီး တန်ဖိုးမှာ (၄၀၀၀)ကျပ်ဖြစ်ပါ တယ်။

□



www.burmeseclassic.com

www.burmeseclassic.com




# မောင်မောင်ကြီး (လှိုင်နယ်မြေ)

## ရေခဲပြင်ပေါ်မှ သေမင်းနှင့်
## အပြန်အလှန်

www.burmeseclassic.com

www.burmeseclassic.com

၁၉၇၄ ခုနှစ်၊ မေလတွင် အလာစကာတောင်ကြောကြီးတစ်လျှောက် ဖြတ်၍ ပိုက်လိုင်းများ ချ၍ သွယ်တန်းသော လုပ်ငန်းကြီးကို စတင်လေသည်။ မိမိ တာဝန်ကျသော နေရာမှာ တောင်တန်းကြီးများ၏ မြောက်ဘက်အစွန်ရှိ ဂါလ်ဘရိုက်ရေအိုင်ကြီးအနီးတွင် ဖြစ်သည်။ တောင်ဘက်တွင် မတ်စောက်သော တောင်တန်းများ၊ တောင်စွယ်များရှိပြီး မြောက်ဘက်မှ ရှေ့သို့ ကြည့်လိုက်ပါက မိုင်တစ်ရာခန့်ဝေးသော ရေခဲပြင်မှ ပင်လယ်ပြင်ကြီးဆီသို့ တောင်တန်းကြီးသည် အနိမ့်ပိုင်းအထိ လျှောဆင်းသွားသည်။

မိမိသည် မိမိတို့စခန်းကို တောင်တန်းများ နောက်ခံထား၍ ဓာတ်ပုံရိုက်ချင်သဖြင့် ကင်မရာတစ်လုံးကို လွယ်လျက် စခန်းမှ ထွက်ခဲ့သည်။ မိမိထွက်လာသောအချိန်မှာ ဝေလီဝေလင်း အချိန်မို့ တောင်တန်းများ နောက်ကွယ်မှ အလင်းရောင်များပင် တဖြည်းဖြည်း ထွက်ပေါ်လာနေသည်။

နာရီဝက်ခန့် လျှောက်ခဲ့ရာတွင် လမ်းပေါ်မှ သုံးပေကျော်ခန့် ရှည်လျားသည့် ဆတ်ချိုတစ်ခုကို တွေ့ရသဖြင့် ကောက်ယူလာခဲ့မိသည်။ ဆတ်ချိုကို မြေပေါ်တွင် ချပြီး စခန်းကို ဆတ်ချိုနှင့် ဓာတ်ပုံတစ်ပုံလောက် ထူးထူးခြားခြား ရိုက်ယူမည်ဟု စိတ်ကူးမိလာခဲ့သည်။

ဆတ်ချိုမှာ နေရောင်အောက်တွင် အချိန်ကာလ အတော်ကြာရှိခဲ့ဟန်တူသည်။ ဖြူဖွေးခြောက်သွေ့နေ၏။ ချွန်ထက်သော အတက်ခြောက်ခုရှိသည့်အနက်မှ နှစ်ခုကျိုးနေသည်။ မိမိသည် ၎င်းဆတ်ချိုကို ထိုင်လျက် တစ်နာရီခန့် ဆက်လျှောက်လာခဲ့သည်။

ထိုသို့ မိမိဆက်လျှောက်လာရင်းဖြင့် မိမိ၏ မျက်စောင်းထိုး ကိုက်ငါးဆယ်ခန့်အကွာတွင် ဝံပုလွေကြီးတစ်ကောင်ကို ရုတ်တရက် တွေ့လိုက်ရပါတော့သည်။ ဝံပုလွေကြီးသည် မိမိဘက်သို့ ဦးတည်ပြီး လျှောက်လာနေ၏။ အမှတ်မထင်ဘဲ တွေ့လိုက်ရသဖြင့် မိမိသည် လမ်းလျှောက်နေရင်းမှ တွန့်ခနဲဖြစ်သွားပြီး ရပ်လိုက်မိသည်။ မိမိက ရပ်လိုက်သော်လည်း ဝံပုလွေကြီးက ရပ်တန့်ခြင်း မရှိဘဲ မိမိရှိရာသို့ ဣန္ဒြေမပျက် ခပ်တည်တည်ဖြင့် ဆက်လက်လျှောက်လာနေသည်။

ဝံပုလွေကြီးက မိမိအား ခပ်စောစောကပင် အရင်တွေ့ထားဟန် တူသည်။ ဦးခေါင်းကို တစ်ချက်စောင်း၍ ကြည့်ရင်း မိမိရှေ့တည့်တည့်သို့ ရောက်သည်အထိ လျှောက်လာခြင်း ဖြစ်သည်။

ရေခဲပြင်မှာ လွင်တီးခေါင်ခေါင် တောင်ကတုံးများဖြင့်သာ ပြည့်နှက်နေသည်။ တောင်ကမူများ၊ ဆင်ခြေလျှောများနှင့် ချိုင့်ဝှမ်းများ ထူထပ်သောကြောင့် မိမိသည် ထိုသတ္တဝါကောင်ကို စောစောက မတွေ့လိုက်မိဘဲ ယခုမှ ရုတ်တရက် တွေ့လိုက်မိခြင်း ဖြစ်ပေမည်။

ဝံပုလွေကြီးသည် လျှောက်လာရင်း သန်မာထွားကျိုင်းပြီး ရှည်လျားသော သူ၏ နောက်ခြေနှစ်ဖက်ပေါ်တွင် ဆောင့်ကြောင့်ထိုင်ချကာ မိမိကို ငေးစိုက်၍ အကဲခတ်နေသည့်ဟန်ဖြင့် ကြည့်နေပါတော့သည်။ မိမိအတွက် တက်ပြေးစရာ သစ်ပင်တစ်ပင်မျှပင် အနီးတစ်ဝိုက်တွင်မက၊ မိုင်တစ်ရာပတ်လည်တွင်ပင် မရှိပါ။ ထိုကဲ့သို့ အသက်အန္တရာယ်နှင့် ကြုံကြိုက်နေသည့်အခိုက်အတန့်တွင် တက်ပြေးရန်နှင့် ပုန်းခိုစရာ သစ်ပင်တစ်ပင်လောက်သာ ရှိလျှင် မည်မျှလောက် ကောင်းလိမ့်မည်နည်းဟူ၍လည်း တွေးလိုက်မိသည်။

မိမိအသက်ကို ကာကွယ်ရန် လက်နက်အနေဖြင့် အမဲလိုက် ဓားမြှောင်တစ်ချောင်းနှင့် လမ်းတွင် မကြာသေးခင်က ကောက်ယူလာခဲ့သော ဆတ်ချိုတစ်ခုသာ ပါသည်။ မိမိနှင့် အကွာအဝေး ကိုက် ငါးဆယ်တွင် ရှိသော ထိုသတ္တဝါကြီးတစ်ကောင်သည် မိမိအသက်နှင့် ခန္ဓာကိုယ် အိုးစားခွဲရမည်အထိ ဒုက္ခလှလှကြီး ပေးနိုင်သည်။

မိမိသည် ကြောက်စိတ်များ ဖုံးလွှမ်း၍ ခြေလှမ်းများသည်နှင့် တစ်ပြိုင်နက် ဝံပုလွေကြီးသည် မိမိအား စတင်၍ ရန်မူ တိုက်ခိုက်တော့မည်မှာ လုံးဝသေချာသည်။ ထို့ကြောင့် မိမိသည် ကြောက်စိတ်များ မရှိဖို့ အရေးကြီးသည်။

မိမိနှင့် ဝံပုလွေကြီးတို့ အပြန်အလှန် စိုက်ကြည့်နေကြသည်မှာ မည်မျှ ကြာသွားခဲ့သည် မသိ။ ထိုအချိန်ကလေးအတွင်းမှာပင် မိမိသည် ဦးနှောက်ကို အနားမပေးဘဲ တရစပ် စဉ်းစားနေလိုက်သည်။ ပြေး၍လည်း လွတ်နိုင်မည်မဟုတ်။ ပုန်းစရာ၊ ရှောင်စရာလည်း နေရာမရှိ။ စခန်းနှင့်လည်း နှစ်မိုင်ခန့် ကွာဝေးခဲ့ပြီ။ မိမိအတွက် အဓိက လုပ်စရာတစ်ခုသာလျှင် ရှိပေတော့သည်။

ထိုဝံပုလွေကြီးကို မိမိကပင် စတင်တိုက်ခိုက်မှသာ ဖြစ်မည်။ ထိုအခါ ဝံပုလွေကြီးသည် မိမိအား လွယ်လွယ်နှင့် တိုက်ခိုက်၍ မရနိုင်သော၊ ခြေနှစ်ဖက်ရှိသော သတ္တဝါတစ်ကောင်ဖြစ်ကြောင်း ထင်မြင်မိလျှင်



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုတ်သွားနိုင်လေသည်။

ထို့ကြောင့် မိမိသည် လက်ထဲတွင် ကိုင်ထားသော ဆတ်ချိုကြီးကို အသုံးပြု၍ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်။ ဆတ်ချိုမှာ လေးပြီး တုတ်ခိုင်သည်။ အချွန်အခက် အတက်များလည်း ခြောက်လက်မမှ ရှစ်လက်မအထိ ရှည်လျားသည်။ ဝံပုလွေကြီးနှင့် ရင်ဆိုင်သည်နှင့် တစ်ပြိုင်နက် သူ့ရဲ့ နံကြားထဲသို့ ထိုးသွင်းလိုက်ရုံသာ ရှိသည်။ မိမိရဲ့ လက်ဝဲဘက်တွင်လည်း အမဲလိုက် ဓားမြှောင်တစ်ချောင်းကို အသင့်အနေအထားဖြင့် ကိုင်ထားလိုက်သည်။

ထိုစဉ်မှာပင် ဝံပုလွေကြီးသည် မိမိထံသို့ စတင်၍ ချဉ်းကပ်လာပါတော့သည်။ မိမိလည်း သူနှင့် ရင်ပေါင်တန်း၍ စခန်းရှိရာဘက်သို့ ခြေလှမ်းစတင်လှမ်းလိုက်သည်။ မိမိသည် သူ၏ အထက် လေညာတွင် ရှိသောကြောင့် လူနံ့ရသည်နှင့် သူသည် ကြောက်စိတ်ဝင်လာနိုင်လိမ့်မည်ဟု မိမိရဲ့ ကြောက်စိတ်၊ အားငယ်စိတ်ကို ဖြေသိမ့်ထားလိုက်သည်။

ဝံပုလွေကြီးသည် မိမိအား စောင်းမြောင်း၍ ဘေးတိုက် ချဉ်းကပ်လာပြန်သည်။ မိမိလည်း ခြေလှမ်းများကို သတိကြီးစွာ ထားလျက် လှမ်းနေရသည်။ သူရပ်သည်နှင့် မိမိလည်း ရပ်လိုက်ရသည်။ တစ်ဦးနှင့် တစ်ဦး အကဲခတ် လေ့လာနေကြခြင်းဖြစ်၍ ဝံပုလွေကြီးသည် ပေါင် ရှစ်ဆယ်ကျော်ခန့် ရှိသောကြောင့် မိမိထက် ထက်ဝက်ခန့် များသည်။ မိမိအား အသေအကြေ ကိုက်သတ်နိုင်သည့် ခွန်အားဗလနှင့် ပြည့်စုံသည်။ သူ၏ ကြီးမားတုတ်ခိုင် သန်စွမ်းသော ခြေလက်များသည် ရေခဲပြင်ပေါ်တွင် ကြောင်ကလေးတစ်ကောင် သဖွယ် လှုပ်ရှားလျက်ရှိနေသည်။

မိမိဘက်မှ စတင်ပြီး လှုပ်ရှားလိုက်သည်နှင့် တစ်ပြိုင်နက် သူလည်း လှုပ်ရှားလာပြန်သည်။ မိမိလက်ထဲတွင် ရှိသော ဆတ်ချိုသာလျှင် မိမိ၏ အသက်ကို ကယ်တင်နိုင်မည်ဖြစ်ကြောင်း သတိထားပြီး တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်သည်။ ဆတ်ချိုနှင့် ဝံပုလွေကြီးအား ထိုးပါက နံရိုးများကြားသို့ ချိန်၍ထိုးရမည်ဖြစ်သည်။ ဦးခေါင်းတည့်တည့်သို့ မထိုးမိစေရန် သတိမူရပေလိမ့်မည်။ ဦးခေါင်းအား ထိုးမိပါက ဆတ်ချို ကျိုးသွားမည်ကို စိုးရိမ်ရသည်။ အမဲလိုက် ဓားမြှောင်မှာလည်း အသွား လေးလက်မခန့်ရှိသောကြောင့် အကယ်၍ လုံးထွေးမိသွားပါက သူ၏ မျက်လုံးကိုသာ ထိုးဖောက်နိုင်မည်။

ဝံပုလွေကြီးသည် ရှေ့တိုးလာရာမှ ဆောင့်ကြောင့်ထိုင်ချလိုက်ပြီး မိမိအား ကြည့်နေပြန်ပါသည်။ သူ ဘာတွေများ အကြံထုတ်နေသလဲဆိုသည်ကို မိမိ သိချင်စိတ် ပြင်းပြလာသည်။ သူသည် မိမိ၏ လက်ဝဲဘက် ကိုက်လေးဆယ်ခန့်အကွာတွင် ဘယ်-ညာ လျှောက်နေပြန်ပါသည်။

မိမိက ခြေတစ်လှမ်းတိုးလိုက်သည်နှင့် တစ်ပြိုင်နက် ဝံပုလွေကြီးများတုပ်ခံရသကဲ့သို့ ထ၍ ခုန်လိုက်ပါတော့သည်။ သူ့ရဲ့ လည်ဆံမွေးများကလည်း ထိုးထိုးထောင်ထောင်ရှိနေသည်ကို ထင်ရှားစွာ တွေ့လိုက်ရသည်။ မိမိ တစ်ကိုယ်လုံး ကျောက်ဆစ်ရုပ်တစ်ခုပမာ တောင့်တင်းအေးစက်နေသည်ကို သတိပြုမိလိုက်သည်။

ထိုမှတစ်ဖန် ဝံပုလွေကြီးသည် မိမိရှေ့သို့ တိုးလာပြန်သည်။ ရှေ့တည့်တည့်သို့ လျှောက်လာခြင်းဖြစ်သည်။

ထိုအခါ မိမိသည် မာန်ဖီနေသော တိရစ္ဆာန်တစ်ကောင်ပမာ ပါးစပ်... အသံကျယ်ကျယ်လောင်လောင် ဟိ... ဟောက်လိုက်ကာ ရှေ့တစ်လှမ်းတိုး... လိုက်သည်နှင့် တစ်ပြိုင်နက် ဝံပုလွေ... ကြီးသည် ရုတ်တရက် ဘေး... ခြောက်ပေခန့် ခုန်လိုက်ပါသည်။

ထို့နောက် ကိုက် ၅၀ခန့် ကွာ... ဝေးသည်အထိ နောက်သို့ တစ်လှ... ချင်းဆုတ်ခွာ၍ ထွက်သွားပါတော့သည်။

မိမိသည် ကျယ်လောင်သော... သက်ပြင်းရှည်ကြီးကို ချလိုက်သည်... တစ်ကိုယ်လုံးရှိ အကြောအခြင်... ကြွက်သားများလည်း လျော့သွားသည်... ဟု ထင်လိုက်ရသည်။ မိမိကိုယ်... လည်း တစ်ဆက်တည်း တုန်ယင်၍... လာသည်။

မိမိသည် စခန်းရှိရာဘက်... ပြန်လှည့်၍ ခပ်သုတ်သုတ်က... လျှောက်ခဲ့လိုက်သည်။ သိပ်ပြီး ... လှမ်း မသွက်သွားရန်လည်း သတိ... ရပါသေးသည်။

မိမိရဲ့ ကြောက်စိတ်ကို ဝံပုလွေ... ကြီး ရိပ်စားမိသွားမည်ကိုလည်း ... သည်။ မိမိ ပြန်လှည့်၍ ကြည့်... သောအခါ ဝံပုလွေကြီးသည် ... ခန့်ပင် ကွာဝေး၍ ကျန်ရစ်ခဲ့သည်... ထိုးထိုးထောင်ထောင်ဖြစ်၍နေသော... သူ့လည်ဆံမွေးများကိုလည်း သဲ... မတွေ့ရတော့ပါ။ ဝံပုလွေကြီးသည် ... ရဲ့ ခြေရာများကို ပါးစပ်ဖြင့် နမ်း... မိုးပေါ် မော့၍ ကျယ်လောင် ရှည်... စွာ ဆွဲဆွဲငင်ငင် အူလိုက်နှင့် ... ခဲ့ပါတော့သည်။

၁၅မိနစ်ခန့်ကြာသောအခါ... သူ့ရဲ့ အစအန အရိပ်အယောင်... မတွေ့ရတော့ပါ။ ထိုအချိန်တွင်... သည် အတော်ကို ဝမ်း...



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဆတ်ချိုသာ မရှိပါက မိမိ ဘာဆက်လုပ်ရမည် မသိ။ အမဲလိုက် လမ်းမြောင်လေးတစ်ချောင်းဖြင့် သူ့အား ဘယ်လို ခုခံတိုက်ခိုက်ရမည်နည်း။ မိမိသာ အကြောက်လွန်၍ ပြန်ပြေး သွားပါက ဘာဆက်ဖြစ်မည်နည်း။

မိမိ သတိရ၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ နံနက်ခင်းရဲ့ အလင်းရောင်သည် အရှေ့ဘက် တောင်တန်းများထိပ်ပေါ်မှ ထွက်၍လာ နေပေပြီ။ စခန်းတွင် ညပိုင်းသမားများ မိကုန်ကြပြီဖြစ်ပြီး နေ့ဆိုင်းသမားများ င် အလုပ်ခွင်သို့ ဝင်ကြရန် အသင့် ပြင်ဆင်နေကြလေသည်။

မိမိသည် တောင်ကုန်းကလေး တစ်ခုထိပ်တွင် ရပ်ကာ လက်ထဲမှ ဆတ်ချိုကို ဘာလုပ်ရမှန်းမသိ ဖြစ်နေ သည်။ အမှတ်တရအဖြစ် လေယာဉ် ဖြင့် မိမိအိမ်သို့ ယူသွားရ ကောင်းလေ သလား။ ထို့ထက် ဆတ်ချိုရဲ့ ကျေးဇူး ကို တန်ဖိုးထားရန်တစ်ခုသာ ရှိပေ သည်။ မိမိရဲ့ စိတ်နှလုံးထဲတွင် အမြဲ သတိရ အောက်မေ့နေရန်သာ ရှိတော့ သည်ဟု ဆုံးဖြတ်လိုက်သည်။ လက် ထဲမှ ဆတ်ချိုကို မိမိခြေရင်းသို့ ပစ်ချ လိုက်သည်။

ဆတ်ချိုသည် ပေါင်းနွမ်း များမြည့်နေသည့် ကုလားထိုင်တစ် ခုပမာ မြေကြီးပေါ်တွင် အစိတ်စိတ် အမြွာမြွာ ကျိုးပဲ့သွားပါတော့သည်။

□

# ဥလာပါဒရက် မြစ်ဖြတ် အသက်ရှည်ဆေးနှင့် နတ်ဆေးကျော်

## ကျော်သန်းစံ

၁။ ကြံဂု - ၁ကျပ်သား

၂။ နနွင်းခါး - ၁ကျပ်သား

၃။ ဇာတိပ္ဖိုလ်သီး - ၁ကျပ်သား

၄။ ဇာတိပ္ဖိုလ်ပွင့် - ၁ကျပ်သား

၅။ စမုံမျိုးငါးပါး - ၁ကျပ်သား

အထက်ပါ ဆေးငါးမျိုးကို အမှုန့်ထောင်းပြီးနောက် သံပရာရည်ဖြင့် သမ၍ အခြောက်လှန်းပါ။ ထို့နောက် အမှုန့် ပြန်ထောင်းပါ။ ထိုဆေးသည် မူရင်းအတိုင်းဖြစ်သည်။ အချို့က နနွင်းခါးကို တစ်ဆတိုး၍ နှစ်ကျပ်သား ထည့်ကြသည်။ အာနိသင် ပိုပါသည်။

ထိုဆေးသည် ဝမ်းပျက်၊ သွေးပျက်၊ သွေးဝမ်း၊ နာတာရှည်၊ ဝမ်းပျက် ပြီးနောက် မျက်နှာတင်းအမ်းခြင်း၊ ဇက်လေးခြင်း၊ အသားအေးခြင်း၊ အခိုး များစွာ အထက်သို့တက်ခြင်း စသည်ဖြင့် မနှဝမ်းမီးကြောင့် ရောဂါအမျိုး မျိုး ရောက်ခြင်းတို့ကို ပယ်ဖျက်ပေးသည်။ အသက်ရှည်လိုသူတို့အတွက် တစ်နေ့ နှစ်ကြိမ်သောက်ပေးပါ။ တစ်ကြိမ်လျှင် ဆေး ရှစ်ပဲသားခန့် စားပေးပါ။ တာရှည်စွဲစားသူတို့အတွက် မြောက်မြားစွာ အကျိုးရှိသည်ကို တွေ့ရပါသည်။ အသက်ရှည်စေပါသည်။

## နတ်ဆေးကျော်

လေးညှင်း၊ ကရဝေးရွက်၊ ပန်းရင့်၊ နံ့သာနီ၊ ကြာဝတ်ဆံ၊ စမုံဖြူ၊ စမွှာ၊ ဖာလာ၊ အကျော်နက်၊ သစ်ကြပိုးခေါက်၊ ကံ့ကော်ဝတ်ဆံ၊ ချင်း ခြောက်၊ ပိတ်ချင်းသီး၊ မြင်းသေမြတ်၊ နွားမြေရင်းခေါင်းကြီး၊ ဥပသတာ မြစ်၊ ဇာတိပ္ဖိုလ်သီး၊ ဝါးမြက်၊ ပဲနံ့သာစေ့ စသည့် ဆေး(၁၉)ပါးကို အညီအမျှ ပြု၍ အမှုန့်ကြိတ်ရမည်။ ဆေးတစ်စကို သကြား ရှစ်ဆ သမ၍ စားပါလေ။

ဆေး၏ အာနိသင်မှာ ခံတွင်းလိုက်၍ နှုတ်ကို မြိန်စေသည်။ အားကို လည်း ပေးစေတတ်၏။ အလွန်ဆူဖြိုးစေတတ်သည်။

ထို့အပြင် ရင်ပြည့်နာ၊ ထိုင်းမှိုင်းသောနာ၊ ချောင်းဆိုးနာ၊ နှုတ်မမြိန် နာ၊ ဖွတ်သိုနာ၊ ဒူလာသရောနာ၊ ခူနာ၊ ကြိုထိုး နာ၊ ဝမ်းမီးပျက်နာ၊ ဝမ်းသွန် နာ၊ အရီအရွဲနာ စသော ဤအလုံးစုံတို့ကို ပယ်ဖျောက်စေတတ်၏။ ကာမ အားနည်းရောဂါနှင့်ပတ်သက်၍ ဤဆေးသည် နတ်ဆေးပေတည်းဟု အဆို ရှိသည်။

□




www.burmeseclassic.com

www.burmeseclassic.com



# အင်ကြောင်းခိုင် (ပဲခူး)

## ဝိညာဉ်ကပ်နေသော တောက်တဲ့



ယခုအချိန်တွင် ကျွန်မ၏ ခင်ပွန်းဖြစ်သူမှာ ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီးသော အချိန်ဖြစ်သည်။ ထို့ကြောင့် ကျွန်မနှင့်အတူ အေးအေးဆေးဆေး သူ့အတွေ့အကြုံ ကိုယ့်အတွေ့အကြုံများကို ပြောဖြစ်ကြသည်။

ဒီလို ပြောဖြစ်ခဲ့သော စကားများထဲတွင် ခင်ပွန်းဖြစ်သူ အလုပ်တာဝန်တစ်ခုနှင့် ခရီးထွက်စဉ်က ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကလေးတစ်ခုဖြစ်သည်။ ထိုအဖြစ်အပျက်ကလေးကို စာရှုသူများ သိရှိခံစားနိုင်ရန် မျှဝေပေးလိုက်ပါသည်။

အချိန်က ၁၉၉၀ ခုနှစ်လောက်က ဖြစ်၏။ ခင်ပွန်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သူမှာ ပဲခူးတိုင်း တာဝန်ခံ စက်မှုကြီးကြပ်ရေးနှင့် ဘွိုင်လာ စစ်ဆေးရေးဌာနမှ ၁၁နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အလုပ်တာဝန်နှင့် ခရီးတွေလည်း မကြာခဏဆိုသလို ထွက်ရသည်။

စစ်ဆေးရေးတာဝန်ဖြင့် ကြို့ပင်ကောက်မြို့သို့ ဆရာတပည့် နှစ်ယောက် ခရီးထွက်ခဲ့သည်။ အဲဒီမြို့တွင် ရှိသည့် ဆန်စက် ဘွိုင်လာကို စစ်ဆေးပေးရန်ဖြစ်သည်။ ထိုဘွိုင်လာကို သွားရောက် စစ်ဆေးပြီး ညနေပိုင်းရောက်တော့ စက်ပိုင်ရှင်က ထမင်းကျွေး ဧည့်ခံသည်။ သူ့ရဲ့ တပည့်ကတော့ ကြို့ပင်ကောက်ကနေ သူ၏ အိမ်ရှိရာ ဇီးကုန်းသို့ ပြန်သွား၏။ ခင်ပွန်းဖြစ်သူကတော့ ရန်ကုန်ပြန်ရန်အတွက် ပြည်မှ ထွက်လာသော ရထားကို စောင့်စီးရန် ကျန်ရစ်ခဲ့သည်။

ရထားကလည်း ကြို့ပင်ကောက်ဘူတာသို့ ည ၁၂နာရီ ရောက်မည်။ ခေတ္တနားခိုရန် မန်နေဂျာက နေရာချပေးသည်။ သူ တည်းခိုရသည့်နေရာက တခြား ဆန်စက်ဝန်းထဲမှာ ရှိတဲ့ နှစ်ထပ်အိမ်ကြီးတစ်လုံးတွင် ဖြစ်၏။ စက်ရဲ့ မန်နေဂျာကတော့ အဲဒီအိမ်ကြီးရဲ့ အနောက်ဘက်မှာ ရှိသည့် အိမ်လေးတစ်လုံးမှာ နေသည်။

မန်နေဂျာက ရေနွေးကြမ်းနှင့် စားစရာများကို စီစဉ်ပေးပြီး သူ့အိမ်ရှိရာသို့ ပြန်သွားသည်။ အချိန်က ည ၇နာရီကျော်ဖြစ်သည်။ ရထားက ည ၁၂နာရီဆိုတော့ လိုပါသေးသည်။ ထို့ကြောင့် ခင်ပွန်းဖြစ်သူက အားတဲ့ အချိန်တွင် ပြုလုပ်နေကျအတိုင်း မန္တန်ရွတ်ပွားခြင်း၊ ပုတီးစိပ်ခြင်းတို့ ပြုလုပ်ခဲ့သည်။ ထိုအချိန် "တောက်တဲ့…တောက်တဲ့" ဟူသော အော်သံနှင့်အတူ တောက်တက်တစ်ကောင်က အခန်းထဲသို့ ဝင်လာခဲ့သည်။ နောက် သုံးမိနစ်လောက် ကြာတော့ နောက်ထပ်တစ်ကောင် ဝင်လာပြန်သည်။

အဲဒီနောက် တောက်တဲ့ နှစ်ကောင်ဟာ ဟိုဘက်နံရံ ပြေးကပ်လိုက်၊ ဒီဘက် နံရံကို ပြေးကပ်လိုက်နှင့် ခြင်ထောင် တဖုန်းဖုန်းရိုက်ပြီး ခြောက်လှန့်နေပါတော့သည်။ ခင်ပွန်းဖြစ်သူက ဒီတောက်တဲ့တွေကို ဘယ်လိုထုတ်ရမလဲ စဉ်းစားနေသည်။

နောက် သူ သောက်ဖို့ ငှဲ့ထားသော ရေနွေးခွက်ထဲမှ ရေနွေးများဖြင့် ပက်ကြည့်လိုက်သည်။ ရေနွေးကလည်း ခွက်ထဲက မဟုတ်၍ မပူပါ။ တောက်တဲ့ နှစ်ကောင်က ဘယ်နောက်မဆုတ်သွားပါ။ သူ ထိုင်နေသည့် ခုံအောက် ကုလားထိုင်ခုံအောက်တွင် ပြေးလွှားနေသည်။ အချိန်က ည ၉နာရီကျော်ရှိပါပြီ။ သူ့ခြေထောက်အား တောက်တဲ့ ကိုက်မည်ကိုလည်း စိုးရိမ်၏။ ယခင် ကြို့ပင်ကောက်ကို စစ်ဆေးရေးလာတိုင်း ဒီအိမ်ကြီး၌ တည်းခဲ့ဖူးသည်။ အဲဒီတုန်းက ဒီအိမ်ပိုင်ရှင် အဘိုးကြီး၊ အဘွားကြီး ရှိသေးသည်။ ဒီလိုမျိုး မဖြစ်ဘူးခဲ့ပါ။

ထို့နောက် ရွတ်နေကျ မန္တန်နှင့် ပုတီးကို ပြီးအောင် စိပ်လိုက်ပါသည်။ အချိန်က ည ၁၀နာရီထိုးပြီဖြစ်သည်။ တောက်တဲ့ရန်က မကင်းတာကြောင့် ဘူတာကို ဆင်းတော့မည်ဟု ဆုံးဖြတ်ပြီး ခရီးဆောင်အိတ်ကို ဆွဲ၍ အိမ်အောက်သို့ ဆင်းလာခဲ့သည်။ အောက်ရောက်တော့ မန်နေဂျာက ဆိုက်ကားခေါ်ပေးသဖြင့် ဘူတာသို့ ဆိုက်ကားဖြင့် ထွက်လာခဲ့သည်။

တောက်တဲ့နှစ်ကောင်၏ ခြောက်လှန့်ပုံကိုတော့ မန်နေဂျာအား မပြောဖြစ်တော့ပေ။

ဘူတာသို့ ရောက်တော့ သူလို ကိုယ်လို ခရီးသွားများက ရထားကို စောင့်ဆိုင်းနေကြသည်။ ည ၁၂နာရီထိုးတော့ ဘူတာသို့ ရထားဝင်လာသည်။ ရထားပေါ် ရောက်တော့မှ သူ လမ်းတစ်လျှောက်လုံး စဉ်းစားလာမိသည်။

ယခင် ဒီအိမ်ပိုင်ရှင် အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်မှာ သူတို့အိမ်ရှေ့ရှိ သစ်ပင်ကြီးတစ်ပင်ကို ခုတ်ခဲ့ဖူးသည်။ ထို့နောက် အဘိုးကြီးမှာ ရန်ကုန်သို့ အလုပ်ကိစ္စဖြင့် သွားရင်း နှလုံးရောဂါဖြင့် မြန်းစားကြီး ဆုံးပါးသွားခဲ့သည်။

နောက် သိပ်မကြာခင်မှာပဲ အဘွားကြီးကလည်း ကားမတော်တဆဖြင့် ဆုံးပါးသွားပြန်သည်။ ဒီအဖြစ်အပျက်နှင့် ပတ်သက်၍ သစ်ပင်ကြီးကို ခုတ်ပစ်လို့ရယ်ဟု အများက ကောက်ချက်ချကြသည်။ သူလည်း ဒီအကြောင်းတွေကို ကောင်းကောင်းသိနေသည်။ ယခင်က အိမ်ရှင် အဘွားကြီးနှင့် သူ ရင်းနှီးခင်မင်ခဲ့ကြဖူးသည်။ ယခုအခါ ဒီအိမ်ပိုင်ရှင် နှစ်ဦးစလုံး မရှိကြတော့ပေ။ ထို့ကြောင့် ဒီ တောက်တဲ့ နှစ်ကောင်သည် သာမန်မဟုတ်ဘဲ၊ ဒီအိမ်ပိုင်ရှင်၏ ဝိညာဉ်များ ပူးကပ်နေသည့် တောက်တဲ့တွေများလားဟု စဉ်းစားမိသည်။

ကျွန်မ၏ ခင်ပွန်းသည် ထိုအတွေးများစွာဖြင့် ရန်ကုန်ဘူတာကြီးသို့ ရထားဆိုက်ရောက်လာခဲ့ပါတော့သည်။

□




www.burmeseclassic.com

www.burmeseclassic.com

# ဒေါ်န ခရမ်းနုကျောက်အဆောင်စေတီငယ်

ဆရာကြီး ဦးအောင်မြိုင် (ဥပဒေဘွဲ့) လက္ခဏာဗေဒင်ပညာသုတေသီ



ကရင်ပြည်နယ်၊ ဒေါ်နတောင်တန်းတစ်နေရာမှ ထွက်သော ကျောက်တစ်မျိုးကို ဒေသခံတို့မှ "ဒေါ်န ခရမ်းနု"ဟူ၍ ခေါ်ကြ၏။ ကော့ကရိတ်ဒေသအပိုင် တောင်ခြေကျေးရွာတစ်ရွာအနီးမှ တူးဖော်ရရှိပြီး၊ ထိုင်းနယ်စပ် မြဝတီမြို့တွင် ရောင်းချပြီး မြဝတီမြို့ရှိ ပန်းပုအလုပ်ရုံများက တရုတ်ကြိုက် ရုပ်ထုအမျိုးမျိုးကို ထုလုပ်၍ ထိုင်းနိုင်ငံသို့ ပြန်လည်တင်ပို့ ရောင်းချကြသည်။

ထိုကျောက်ရိုင်းမှာ ပုံဆောင်ခဲအနေဖြင့် မဟုတ်ဘဲ ပိဿာချိန် များစွာလေးသော ကျောက်ရိုင်းတုံးကြီးများကို အစိတ်စိတ်ထုခွဲ၍ သယ်ဆောင် ရောင်းချကြခြင်းဖြစ်ပါသည်။ အလင်းပေါက် ကျောက်မျက်ရတနာတန်းဝင် ကျောက်မျိုး မဟုတ်ဘဲ အလင်းပိတ် ကျောက်သားဖြစ်၍ အရောင်မှာ ခရမ်းရောင်နှင့် ပန်းရောင်ကြား ခရမ်းနုရောင်ဖြစ်သည်။ ပန်းပု အတတ်ပညာဖြင့် နှင်းဆီပန်းပွင့်ပုံများကို ထုလုပ်ထားရာ လွန်စွာ လှပပြီး နှင်းဆီပန်းအစစ်ကဲ့သို့ပင် ထင်မှတ်မှားရသည်။ (ကျောက်ရိုင်း တစ်ကီလိုလျှင် ငွေကျပ် သုံးသောင်းခန့် ပေးပါသည်။)

ဤ ဒေါ်န ခရမ်းနုကျောက်ကို ဒေသခံ တိုင်း...
ဂန္ထီရပညာရှင်ကြီးများက ရှေးနှစ်ပေါင်းများစွာကတည်း...
စေတီငယ်များ ပြုလုပ်၍ အဆောင်ကျောက်စေတီ...
သိဒ္ဓိတင် စီရင်ပေးခဲ့ကြကြောင်း သိရပါသည်။ ထိုစေတီ...
များမှာ အငယ်ဆုံး လက်မဝက်ခန့်မှ အကြီးဆုံး သုံး...
ခန့်သာ ရှိကြသည်။ ထိုစေတီငယ်များကို နေအိမ်...
များတွင် လည်းကောင်း၊ အိပ်ခန်းအတွင်း အိပ်ရာခေါင်း...
ဘက်တွင် လည်းကောင်း၊ ထားရှိ ပူဇော် ဆောင်ထား...
သည်။


အထူးသဖြင့် သားသမီးများ၏ အိပ်ရာခေါင်း...
ရှိ အမြင့်တစ်နေရာတွင် တင်ထားကြသည်။ ဤ...
သားသမီးများ အရက်သေစာသောက်စား မူးယစ်မှု...
မဖြစ်အောင် ကာကွယ်ပေးနိုင်ခြင်း၊ သားသမီးများ...
ယဉ်ကျေးပြီး လူကြီးမိဘ ဆရာသမားတို့၏ ပြော...
နားထောင်စေခြင်း၊ စိတ်ပျံ့လွင့်လှုပ်ရှား၊ ပုပန်သော...
ဘဲ စိတ်အေးချမ်း တည်ငြိမ်စွာနှင့် ပညာရေး(...
အလုပ်အကိုင်စီးပွားရေးတို့ကို ကြိုးစားစေခြင်း...



www.burmeseclassic.com

www.burmeseclassic.com





တို့ကို ထိုင်းမှိုင်းလေးလံခြင်း မဖြစ်စေဘဲ တက်ကြွလန်းဆန်း ပျော်ရွှင်စေခြင်း စသည့် အကျိုးများကို ရရှိစေနိုင်ကြောင်း သိရပါသည်။

ဒေါန ခရမ်းနုကျောက်အဆောင် စေတီငယ်ကို သားသမီးတို့၏ စာကြည့်စားပွဲအနီး အမြင့်တစ်နေရာတွင် တင်ထား ပူဇော်စေပါက စာကျက်ချိန်တွင် အိပ်မငိုက်ဘဲ နိုးကြားတက်ကြွ ဉာဏ်ရည်ထက်မြက်စေကြောင်းလည်း သိရပါသည်။ ထို့အပြင် ထိုဒေါန ခရမ်းနုကျောက်အဆောင်စေတီငယ်ကို အိပ်ရာခေါင်းရင်းဘက်အမြင့်တွင် တင်ထားပူဇော်ဆောင်ထားသူတို့မှာ အိပ်မက်ဆိုးများ မမက်ဘဲ အိပ်မက်ကောင်းများကိုသာ မက်စေသည်။ အိပ်မပျော်နိုင်သူများကိုလည်း လျင်မြန်စွာ အိပ်ပျော်စေနိုင်ပြီး၊ မကြာခဏ လန့်နိုးတတ်သူတို့ကိုလည်း နှစ်ခြိုက်စွာ အိပ်ပျော်စေနိုင်ကြောင်း သိရပါသည်။

ဒေါန ခရမ်းနုကျောက်အဆောင် စေတီငယ်ကို တစ်ပတ် တစ်ကြိမ် ရေသပ္ပာယ်ပေးပြီး၊ ထိုရေသပ္ပာယ်ထားသော ရေဖြင့် ချိုးရေ ရောစပ်ကာ ဦးခေါင်းမှ ရေလောင်းချိုးသူတို့သည် အသားအရေလှပခြင်း၊ စိတ်ရောဂါများ မဖြစ်အောင် ကာကွယ်ပေးခြင်း၊ သူတစ်ပါး၏ လိမ်ညာလှည့်ဖြားခြင်းကို မခံရခြင်း၊ ဆံပင်မကျွတ်၊ သန်းမကိုက်၊ ဗောက်မပွားခြင်း အကျိုးထူးများကို ခံစားရကြောင်းလည်း သိရပြန်သည်။

ဒေါန ခရမ်းနုကျောက်အဆောင် စေတီငယ်များကို ဂန္ဓာရပညာဖြင့် သိဒ္ဓိတင်ရာ၌ ပဋ္ဌာန်းပစ္စယ နိဒ္ဒေသကို (၁၀၈) ခေါက်ရွတ်ပွား ပူဇော်ပေးရသည်။ ထိုအဆောင်စေတီငယ်များကို အိမ်တွင် ဆောင်ထားသူတို့ကလည်း မနက်တိုင်းဖြစ်စေ၊ ညတိုင်းဖြစ်စေ၊ ထိုစေတီတော်ရှေ့၌ ပဋ္ဌာန်း ပစ္စယ နိဒ္ဒေသကို ကိုးခေါက်ရွတ်ပွားပူဇော်ခြင်းဖြင့် သိဒ္ဓိစွမ်းအင် ပြန်ဖြည့်တင်းပေးရသည်။

□



www.burmeseclassic.com

www.burmeseclassic.com

# ကံပွင့် လာဘ်ပွင့် အဆောင်ရုပ် သိဒ္ဓိတင် စီရင်နည်း

အောင်ကောင်းမြ (သာကေတ)

လွန်ခဲ့သော တစ်လခန့်က စာရေးသူ ဗေဒင်ဟောသည့် "ကြံတိုင်းအောင်"ဟောခန်းရှိရာ တောင်မြောက်လမ်းဆုံရှိ မြို့ဦးစေတီတောင်ဘက်သို့ အမျိုးသမီးတစ်ဦးရောက်လာသည်။ သူမသည် တောင်ဒဂုံတွင် နေထိုင်သူဖြစ်သည်။ ဈေးအရောင်းအဝယ်ပြုလုပ်နေသူဖြစ်ပါသည်။ သူမမှ စာရေးသူ၏ ဟောခန်းသို့ ရောက်သောအခါ...

"ဆရာ့ဆီ ကျွန်မ လာချင်နေတာ ကြာပြီ။ သာကေတကို မလာတတ်လို့ အခုမှပဲ လာဖြစ်တော့တယ်"

ဟူ၍ ပြောလာပါသည်။

တောင်ဒဂုံ၊ မြောက်ဒဂုံဘက်မှ စာဖတ်ပရိသတ်များ ထိုသို့သော အပြောမျိုးများ ပြောလေ့ရှိတတ်သည်။ တစ်နေရာနှင့် တစ်နေရာ သွားရေးလာရေးမှာ အရင်လို မလွယ်ကူတော့။ လိုင်းကား၊ အငှားကားကတော့ ပေါလာပါသည်။ ဒါပေမယ့် ကားများပြီး လမ်းကြောင်းပိတ်၍ တစ်နာရီနှင့် ရောက်ရမည့်နေရာကို နှစ်နာရီအချိန် ကြာသွားတတ်ပါသည်။

ကျွန်ုပ်လည်း သူမ၏ မွေးသက္ကရာဇ်ကို မေး၍ ဗေဒင်တွက်ပေးလိုက်သည်။

ငွေနံ ညံ့နေကြောင်း တွေ့ရသည်။ ထို့ကြောင့် ဈေးရောင်းမကောင်း၊ လာဘ်ပိတ်၊ ဝင်ငွေနည်းနေတာဖြစ်မည်။ သူမက ဈေးရောင်းကောင်းပြီး ကံပွင့် လာဘ်ပွင့် ယတြာအဆောင်ပြုလုပ်ခိုင်းသည်။ ကျွန်ုပ်က နဝင်းလာချေရန် အကြံပြုလိုက်သည်။ နဝင်းချေသော ယတြာမှာ အကျိုးထူးပါသည်။ သို့သော် အချိန်၊ ငွေ လိုအပ်သည်။

နဝင်းချေရန် မွေးနံနဝင်းပေါ်ချိန် ရွေး၍ လာရောက်ရမည်။ ရိုးရိုးနဝင်းချေလျှင် (၄၅၀၀)ကျပ်၊ ပွဲတိုးလျှင် (၁၈၀၀၀)ကျပ် ကုန်ကျစရိတ်ရှိသည်။ သူမက "နဝင်းချေချင်ပါတယ် ဆရာရယ်။ ဈေးဆိုင်က ကျွန်မရှိမှ ဖြစ်မှာ။ ကလေးတွေနဲ့ ထားခဲ့လို့ မရဘူး။ ဆိုက်ကားခကလည်း တစ်ထောင့်ငါးရာကျပ်တောင်းတယ်"ဟု စသဖြင့် အကြောင်းပြချက်တွေ ပေးပါသည်။

နဝင်းမချေနိုင်လျှင် အခြား ယတြာပြုလုပ်ပေးရန် ဆရာ့မှာ တာဝန်ရှိလာသည်။ ယနေ့ခေတ်ကလည်း ယတြာတစ်ခုတည်း၊ ဗေဒင်ပညာတစ်မျိုးတည်းဖြင့် လုပ်ကိုင်၍ မရနိုင်ပေ။ ပညာအမျိုးမျိုးတတ်၊ အဆောင် ယတြာအမျိုးမျိုး ပြုလုပ်ပေးတတ်ရန် လိုအပ်ပါသည်။ (အချို့ဆရာ၊ ဆရာမ (ဗေဒင်ဆရာအမည်ခံပြီး ဓာတ်၊ နတ်၊ သိုက်နှင့် ရောယှက်နေတာ များစွာတွေ့မြင်နေရသည်။) ကျွန်ုပ် စာရေးသူအနေဖြင့် ပညာကိုသာ အဓိက အလေးထား၍ ပြုလုပ်ပါသည်။ အာရုံထဲမှာ ပေါ်သလို၊ အာရုံပေါ်တာ လိုက်၍ မလုပ်ပါ။ များလျှင် မိမိထံ အားကိုး၍ လာမေးသော ခုနစ်နေ့သားသမီး ဗေဒင်မေး ပရိသတ်များ ခံစားရမည်မှာ ပထမဖြစ်သည်။

ကျွန်ုပ် စာရေးသူက အရွက်အညွန့်(နဝင်းညွန့်)များကို ဆိုင်မှာ ထားရန် အကြံပြုသည်။ သို့သော် သူမ၏ ဆိုင်က အခန်းငှားပြီး လုံလုံခြုံခြုံ ခိုင်ခိုင်မာမာပြုလုပ်ရောင်းချ၍ နေသော ဆိုင်မဟုတ်။ ဈေးအနီးမှာ လင်ပန်းတွေ ခင်းပြီး ရောင်းချရသောဆိုင်ဖြစ်သည်။ ပျံကျဈေးဟု ခေါ်ရမလား မသိ။ ညနေပိုင်းခင်း၊ ညရောက်တော့ ပြန်သိမ်း၊ မနက်ပိုင်းခင်း၊ ပြန်သိမ်းနှင့် ရောင်းရသော ဈေးဆိုင်ပုံစံမျိုးဖြစ်သည်။ ထို့ကြောင့် အရွက်အညွန့်ထည့်ထားသော ပန်းအိုးကို ပြန်သိမ်းလိုက်၊ ပြန်ထားလိုက် ပြုလုပ်၍ မရပေ။

သို့ဖြစ်၍ လွယ်ကူအဆင်ပြေသော ယတြာကို စဉ်းစားပေးရသည်။ ထိုနည်းမှာ အဆောင်ရုပ်ထုကို ဆောင်သောနည်းသာ အကောင်းဆုံးဖြစ်သည်။ ပိုက်ဆံအိတ်ထဲတွင် ထား၍ ရသည်။ ငွေထည့်ထားသော သေတ္တာ၊ ဖာတောင်း၊ ပလတ်စတစ်ဘူး စသည်တို့မှာ ထည့်ထားလို့ ရသည်။

ယခုနည်းကို ခုနစ်နေ့သားသမီးများအားလုံးအတွက် တစ်ခါတည်း ဖော်ပြပေးလိုက်ပါသည်။

* တနင်္ဂနွေသားသမီးဖြစ်လျှင် မရမ်းသား၊ ပုဏ္ဏရိက်သား၊ မြရာသား၊ ဘောလုံးပန်းပင်၏အသား တစ်မျိုးမျိုး ဘုရင်၊ မိဖုရား တစ်ခုခုထု၍ဆောင်ပါ။ ဘုရင်+မိဖုရား စုံတွဲဆိုလျှင် ပိုကောင်းပါသည်။ (ယခင်က စာအုပ်တွေမှာ ဘုရင်ကို ထုတာ များသည်။)



www.burmeseclassic.com

www.burmeseclassic.com

* တနင်္လာသားသမီးများအတွက်ကတော့ ဒူးရင်း၊ ဒန့်သလွန်၊ တမလန်းသား တစ်မျိုးမျိုးကို နဂါးရုံဘုရားပုံ၊ နာရီပုံ၊ နတ်ရုပ်ပုံ၊ ဒူးလေးပုံ၊ ဒရယ်ပုံ တစ်မျိုးမျိုးထု၍ ဆောင်ပါ။

* အင်္ဂါသားသမီးများအတွက်က အုန်းဖူးသား၊ အုန်းမှုတ်၊ အောင်မဲဖြူ တစ်ခုခုကို အိမ်မြောင်ရုပ်ထု၍ ဆောင်ပါ။

* ဗုဒ္ဓဟူးသားသမီးများက ကသစ်သားကို ခြင်္သေ့၊ ကျားသစ်ရုပ် တစ်မျိုးမျိုးထု၍ ဆောင်ပါ။

* ကြာသပတေးသားသမီးကတော့ စွယ်တော်သားကို စေတီပုံ၊ ဗုဒ္ဓစွယ်တော်ပုံ၊ ဆေးတံပုံ တစ်ခုခုပြုလုပ်၍ ဆောင်ထားပါ။

* သောကြာသားသမီးများအတွက်က စောင်းချမ်းသားကို ဇော်ဂျီပုံ၊ ဇီးကွက်ပုံ ထု၍ ဆောင်ပါ။

* စနေသားသမီးများကတော့ မန်ကျည်းသားကို အဘဘိုးမင်းခေါင်ပုံတော်၊ ပင့်ကူရုပ်ပုံ၊ ပန်းကန်ပုံ၊ ဘုန်းကြီးရုပ်ထုပုံ စသည့် ပုံတစ်မျိုးမျိုးပြုလုပ်ပြီး ဆောင်ထားပါ။

### အဆောင်ရုပ်များ စီရင်ရန်အချိန်အခါ


မည်သည့်နေ့သားသမီးမဟူ အထက်ပါ အဆောင်ရုပ်များကို ထုလုပ်စီရင်မည်ဆိုပါက မိမိမွေးနေ့နံနက် ၉နာရီမှ ၁၀နာရီ ၃၀မိနစ်အတွင်း စီရင်ပါ။

ပို၍အစွမ်းထက်လိုပါက "သူ့ကို နိုင်လို၊ ဆက်ကို ခို"ဟု အဆိုရှိသောကြောင့် တနင်္ဂနွေသားသမီးဆိုပါက သောကြာသားသမီး/သောကြာနံပါသောသူ၊ တနင်္လာသားသမီးဆိုပါက စနေသား/စနေနံပါသူ၊ အင်္ဂါသားသမီးဆိုပါက တနင်္ဂနွေ၊ ဗုဒ္ဓဟူးသားသမီးဆိုပါက တနင်္လာ၊ ကြာသပတေးသားသမီးဆိုပါက အင်္ဂါ၊ သောကြာသားသမီးမဆိုပါက ဗုဒ္ဓဟူး၊ စနေသားသမီးဆိုပါက ကြာသပတေးသားသမီးတို့အား စီရင်ဆောင်ရွက်ခိုင်းပါ။ ပိုမိုထိရောက်ပါသည်။

### သိဒ္ဓိတင် ဂါထာတော်


ဥုံ ငါပြောလျှင်-အ၊
ဥုံ ငါပြောလျှင်- ရ
ဥုံ ငါပြောလျှင်-ဟံ အရဟံ နာခံ၊
အ အရဟံ အ၊
ရ အရဟံ ရ၊
ဟံ အရဟံ ဟံ၊
အရဟံ နာဂေါ။ (၃၇ခေါက် ရွတ်ပါ။)

ယင်းသို့ သိဒ္ဓိတင်ပြီးသော အဆောင်ရုပ်များကို အမွှေးနံ့သာရည် ပက်ဖျန်း၍ ဆောင်ထားခြင်းအားဖြင့် ခုနစ်ရက်သားသမီးအပေါင်းတို့သည် ဘေးရန်ခပ်သိမ်း ကင်းဝေးခြင်း၊ လူချစ်လူခင်ပေါ်များခြင်း၊ စီးပွားလာဘ်လာဘတိုးပွားခြင်းနှင့် လူပြိုသူပြု အမှောင့်ပယောဂ အတိုက်အခိုက်တို့၏ ဘေးရန်မှ ကင်းဝေးစေနိုင်ပါသည်။




ဤအဆောင်သည် နဝင်းတတ်မိနေသောကြောင့် နဝင်းအဆောင်လည်း ဖြစ်နေသည်။ ကိုးနဝင်းအဆောင် ကြံ့ခိုင်းအောင်သည်။ နဝင်းတွဲသုံးတွဲမှ တစ်တွဲတွဲကို အဆောင်ပြုလုပ်နိုင်ပါသည်။

ဥပမာ-တနင်္လာသား၊ ရာဇဖွားဆိုပါက အမြစ်အညွှန့်တွဲဖြစ်သည်။ ထို့ကြောင့် ဩဇာသားကို အိုးစည်ပုံလေး ထု၍ ဆောင်ထားနိုင်ပါသည်။ မည်သည့်အဆောင်ရုပ်ထုပုံ ထုထု ပုံစံကျဖို့ အရေးကြီးပါသည်။ အိုးစည်သည် အိုးစည်နှင့်တူရမည်။ ကလာပ်နှင့် တူ၍ မရပေ။




ဤအဆောင်ယတြာများကို ကိုယ်တိုင် ပန်းပုဆိုင်မှာ သွားအပ်ပြုလုပ်နိုင်ပြီး ကိုယ်တိုင်သိဒ္ဓိတင်၍ ဆောင်ထားနိုင်ပါသည်။ အသားမှန်ဖို့သာ ပိုအရေးကြီးသည်။ အသားဓာတ်မှန်၊ ရုပ်မှန်ပါက နတ်ထံကပင် မနေနိုင်ဆိုသကဲ့သို့ အစွမ်းထက်ပါမည်။ အချစ်ရေး၊ လူမှုရေး၊ စီးပွားရေး မည်သည့်အရေးကိစ္စမဆို ဆောင်နိုင်သည်။

□



www.burmeseclassic.com

www.burmeseclassic.com

# ဆိတ်ဖူးပင်နှင့်

# လေဖြတ်ရောဂါပျောက်ဆေးတစ်နည်း

ကိုသက်ရှည်



ဆိတ်ဖူးအား ဟင်းလျာအဖြစ် ချက်ပြုတ်စားသုံးတာ တွေ့ရပါသည်။ အညာမြေလတ်ပိုင်းဒေသတွင် ဆိတ်ဖူးပင်အား မမြင်၊ မတွေ့ရဘူးသော်လည်း ဆိတ်ဖူးအား ဟင်းချက်စရာ၊ တို့စရာအဖြစ် အသုံးတည့်တာ တွေ့ရပါသည်။

ဆိတ်ဖူးပင်၊ ဆိတ်ဖူးအကြောင်း။ ဆိတ်ဖူးပင်နှင့် လေဖြတ်ရောဂါအကြောင်းကို Visit Website ကျန်းမာရေးသတင်းတွင် ဖော်ပြပါရှိရာ ဆိတ်ဖူးမှာ လေဖြတ်ရောဂါဝေဒနာပျောက်ကင်းနိုင်ကြောင်း တွေ့ရှိရပါသည်။ ဆိတ်ဖူးမှာ စားရသည့်အခါ ပူရှိန်းရှိန်း။ ပူစပ်စပ်အရသာရှိတာ တွေ့ရပါသည်။

ဆိတ်ဖူးပင်ဥကို ထောင်း၍ ထန်းလျက်နှင့် တစ်နေ့ သုံးကြိမ်သောက်ပေးပါက လေဖြတ်သူများ အကောင်းပကတိ ပြန်ဖြစ်လာသည်ဟု ဆိုပါသည်။

ဆိတ်ဖူးပွင့်နှင့် ပုစွန်စိုကို ဆတူလုံး၍ ရဲယိုရွက်နှင့် ထုပ်၍ ချက်စားနိုင်ပါသည်။

ဆိတ်ဖူးကို ပုစွန်ခြောက်နှင့် အတူကြော်၍ ကျက်ခါနီးတွင် ဆန်မှုန့်ကို အရည်ဖျော်ထည့်ပြီး ကျက်သွားအောင် ထပ်မံကြော်၍ စားသုံးလျှင် အလွန်အရသာရှိပါသည်။

ဆိတ်ဖူးကို မှိုနှင့်အတူ ချက်စားလျှင်လည်း အဆီအတောက်ကို ပြယ်စေပါသည်။ ဆိတ်ဖူးကို ငါးပိရည်နှင့် တို့စရာအဖြစ်သော် လည်းကောင်း။ ငရုတ်သီးထောင်းရာတွင် ထည့်သွင်း ထောင်းထု၍ စားသုံးလျှင်လည်း ရနိုင်ပါသည်။

ဆိတ်ဖူးပင်မှာ အချိုပင်နှင့် အချဉ်ပင်ဟူ၍ နှစ်မျိုးရှိသည်။ မွန်ပြည်နယ်၊ သိမ်ဇရပ်၊ ဘီးလင်းနှင့် အချို့မြို့များတွင် ရရှိနိုင်ပါသည်။ ဈေးရှိ ပရဆေးဆိုင်များတွင်လည်း ရနိုင်ပါသည်။

ဆိတ်ဖူးပင်မှာ မိုးတွင်းကာလ၌ အဖူးဖူးလေ့ရှိပါသည်။ အစာလည်း ဆေး၊ ဆေးလည်း အစာအဖြစ် ဟင်းလျာချက်ပြုတ်၍ စားသုံးနိုင်သလို၊ လေဖြတ်ရောဂါဝေဒနာရှင်များအဖို့ ဆေးအဖြစ် စားသုံးပေးခြင်းဖြင့် ရောဂါဝေဒနာများ ပျောက်ကင်းသက်သာနိုင်ကြောင်း သိရှိရပါသည်။

❐



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဝန်ထမ်းဘဝမှ အနားယူပြီး စာရေးခြင်း၊ ဂမ္ဘီရ ပညာများကို လေ့လာခြင်း၊ ဝါသနာအရ ရှေးဟောင်း ပစ္စည်းများကို လေ့လာခြင်းအလုပ်ဖြင့် တပည့်တစ်ယောက်နှင့် အတူနေထိုင်သည်။

တပည့်ဖြစ်သူ မောင်ကျော်မှာ ကျွန်ုပ်ကဲ့သို့ လူပျိုလူလွတ်ဖြစ်သဖြင့် နေရေးထိုင်ရေး၊ စားရေးသောက်ရေး ကအစ အဆင်ပြေပါသည်။ မောင်ကျော်သည် တစ်ခါတစ်ရံ သောက်စားတတ်သည်မှအပ ရှုပ်ရှုပ်ပွေပွေနေတတ်သူ မဟုတ်ပေ။

တစ်နေ့တွင် ကျွန်ုပ် စာရေးနေစဉ် အိမ်ရှေ့တွင် ကားရပ်သံကြားသဖြင့် ကြည့်လိုက်ရာ သူငယ်ချင်းဖြစ်သူ ကျော်ဦးကို တွေ့လိုက်ရသည်။

ကျော်ဦးက…

"ဟေ့ကောင် အောင်မော်၊ ဘာတွေ ရေးနေသလဲကွ"

ဟု မေးရာ ကျွန်ုပ်က တောတောင်တွေရဲ့ ဓလေ့ ဂမ္ဘီရဆန်ပုံများကို လေ့လာရေးသားနေကြောင်း ပြောပြရာ ကျော်ဦးက…

"ဒါဆို အတော်ပဲ၊ ငါလည်း အားတုန်း တံခွန်တိုင်ရွာကို သွားပြီး တောထဲ အမဲပစ်သွားမလို့ လိုက်ခဲ့ပါလား။ တောရဲ့ အတွေ့အကြုံတွေ၊ ဂမ္ဘီရဆန်တဲ့ သစ်ပင်တွေအကြောင်းကို လေ့လာရတာပေါ့"

"အေး၊ ကောင်းသားပဲ။ ဒါပေမယ့် ငါက အမဲပစ် ဝါသနာမပါဘူးကွ"

"မင်း ပစ်လို့လည်း ဖားတစ်ကောင်တောင် ရမှာမဟုတ်ဘူး။ လိုက်သာ လိုက်ခဲ့ကွာ။ ငါလည်း အဖော်ရတာပေါ့"

"ဘယ်နေ့သွားမှာလဲ"

"မနက်ဖြန် သွားမယ်ကွာ"

"အေး၊ မနက်ဖြန် ငါ အဆင်သင့်ပြင်ထားမယ်"

ထို့နောက် ကျွန်ုပ်တို့နှစ်ယောက်သည် လက်ဖက်ရည်သောက်ရင်း ရှေးဟောင်း နှောင်းဖြစ်တွေကို ပြောကာ ကျော်ဦး ပြန်သွားလေသည်။

ကျော်ဦးသည် တောအုပ်တစ်ယောက်ဖြစ်ပြီး အခါအခွင့်ရတိုင်း အမဲလိုက်ခြင်းကို ဝါသနာပါသူဖြစ်သည်။ သူ့တွင် လိုင်စင်ဖြင့် ကိုင်သော အမဲပစ် ရိုင်ဖယ်တစ်လက်ရှိသည်။ သူ တောလိုက်တိုင်း သားကောင်ကြီးများ ရလျှင် ဂုဏ်ယူစွာ ပြောတတ်သည်။ သူလည်း လူပျိုလူလွတ်တစ်ယောက်ဖြစ်သည်။

ကျွန်ုပ်သည် ရေးလက်စ စာမူကို ဆက်မရေးတော့ဘဲ မနက်ဖြန် ခရီးအတွက် လိုအပ်သည်များကို ပြင်ဆင်ရပါတော့သည်။ ကျွန်ုပ်အတွက် အရေးကြီးဆုံး လက်နက်မှာ ကင်မရာပင်ဖြစ်သည်။ ကျွန်ုပ်၏ အကျင့်မှာ စာရေးသူပီပီ ရောက်လေရာတွင် ထူးဆန်းမှုများကို တွေ့ရလျှင် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်မှာ ကျွန်ုပ်၏ ဝါသနာပင်ဖြစ်သည်။

ကျွန်ုပ်က…

"မောင်ကျော်ရေ… ဝီစကီ နှစ်လုံး သုံးလုံးလောက် သွားဝယ်ကွာ"



"များလုချည်လား အစ်ကိုလေး ရဲ့"

"မနက်ဖြန် ကျော်ဦးနဲ့ တော လိုက်သွားမလို့ကွာ"

"သတိလည်း ထားဦးနော်။ ဒီ… ကြီးက သောက်ရမ်းကြီး အစ်ကိုလေး ရဲ့"

"မင်းကလည်း စကားများ… တာ။ သွားမှာသာ သွားဝယ်စမ်းကွာ"

ကျွန်ုပ်သည် အရက်ကို … တမ်း သောက်လေ့ သောက်ထ… သော်လည်း အပေါင်းအသင်းများ … လျှင် အနည်းငယ်တော့ သောက်… ရှိသည်။ အခု လက်ဆောင်… အတွက်သာ ဝယ်ခိုင်းခြင်းဖြစ်… တံခွန်တိုင်ရွာတွင် ကရင် … စောကျော့အတွက်ပါ ဝိုဝယ်ခိုင်း… သည်။ ကျော်ဦးတွင်လည်း အပြည့်… ပါလာပါလိမ့်မည်။

◈◈◈

နောက်တစ်နေ့ နံနက်လင်း… နှင့် ကျော်ဦးသည် သူ၏ ဂျစ်ကား… ဖြင့် ရောက်လာသည်။

"အောင်မော်ရေ…အဆင်… ဖြစ်ရင် သွားကြမယ်"

"အိမ်ပေါ် မတက်တော့ဘူး… ကွ"

"မတက်တော့ဘူးကွာ။ … နည်းနည်းဝေးတယ်ကွ"

မောင်ကျော်က ပစ္စည်း… ကားပေါ်သို့ တင်ပေးလေသည်။ … သည် မောင်ကျော်အား လို… များကို မှာပြီး ခရီးစထွက်ခဲ့… 

ကျော်ဦးနှင့်အတူ သူ့… ထွန်းအောင်ပါ လိုက်ခဲ့သဖြင့် … တို့အဖွဲ့မှာ သုံးယောက်ဖြစ်… သည်။ လမ်းခရီးကား ကြ… ကျွန်ုပ်တို့သည် ကားပေါ်တွင် …



www.burmeseclassic.com

www.burmeseclassic.com

သိမ်း ညာယိမ်းနှင့် မသက်မသာလိုက်ခဲ့ရသည်။

ထိုအချိန်က ၁၉၈၈ခုနှစ် မတိုင်သေးဖြစ်၍ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး မကောင်းသေးချေ။

ကျွန်ုပ်တို့သည် နေ့လယ်တစ်နာရီအချိန်ခန့်တွင် တံခွန်တိုင်ရွာသို့ ရောက်တော့သည်။ ကျော်ဦးသည် ရွာထိပ်ကြီး စောဂျော့အိမ်ရှေ့သို့ ရောက်သော် ကားဟွန်းသံ နှစ်ချက်တီးလိုက်သည်။

"တီ...တီ"

ကားဟွန်းသံကြောင့် ဦးစောဂျော့က ထွက်လာပြီး...

"ဘယ်သူများလဲလို့၊ ကျော်ဦးတို့ အောင်မော်တို့ပါလား"

"ဟုတ်တယ် ဖထီး။ အားလုံး သက်အယားပြေ အမဲပစ် ထွက်လာတာဗျို့"

"ထူးထူးဆန်းဆန်း စာရေးဆရာပါလာလို့"

ကျွန်ုပ်က...

"ဗဟုသုတလည်း ရ စာရေးစာထွက်လည်း ရအောင် လိုက်လာတာပါ"

ဖထီး စောဂျော့သည် ကရင်အမျိုးသားကြီးပီပီ ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သည်။ ကျွန်ုပ်တို့နှင့် အတူပါလာသော ပစ္စည်းများကို ပိုင်း၍ ကူသယ်ပေးလေသည်။

ဖထီးက...

"နော်ဖော့ရေ... ကျော်ဦးတို့အတွက် စားစရာပြင်ပေဟ့"

ဟု ဇနီးဖြစ်သူကို လှမ်းပြောလိုက်ရာ ကျွန်ုပ်က...

"ကျွန်တော်တို့ လမ်းမှာ ဆိုင်က စားလာခဲ့တယ်"

"ဒါဆိုလည်း ညနေအတွက် ဟင်းစားရှာနိုင်းလိုက်မယ်"

ကျော်ဦးက...

"တကူးတကကတော့ လုပ်မနေနဲ့ ဖထီးရာ။ ကျွန်တော်တို့မှာလည်း အသားဘူးတွေ ပါလာတယ်"

ထို့နောက် ကျွန်ုပ်တို့သည် ထွေရာလေးပါး စကားပြောဆိုပြီး ခရီးပန်းလာကြသဖြင့် ခဏ ခါးဆန့်ကြလေသည်။

◆◆◆

ညနေသို့ ရောက်သော် ရေချိုး ကိုယ်လက်သန့်စင်ကြပြီး ကျော်ဦးက အာမီရမ်တစ်လုံးထုတ်၍...

"ဖထီးရေ...ဝိုင်းဖွဲ့ကြရအောင်"

"နော်ဖော့ရေ... ဆတ်သားခြောက်ဖုတ် ယူလာခဲ့ဟေ့"

ဖထီး၏ ဇနီးက ဆတ်သားခြောက် မီးဖုတ်ပြီး ထုထောင်းကာ ဆီဆမ်း၍ ယူလာခဲ့သည်။

ကျွန်ုပ်က ပါလာသော ဝီစကီ အရက်တစ်လုံးကို ဖထီးအတွက် လက်ဆောင်ပေးလိုက်လေသည်။

ကျွန်ုပ်က အရက်ကြိုက်သူ မဟုတ်သဖြင့် အရက်ကို အနည်းငယ်သာ သောက်ပြီး အမြည်းစားသူသာ ဖြစ်သည်။ ကျော်ဦးနှင့် သူ့သူငယ်ချင်း ထွန်းအောင်က ပုလင်းတူ ဘူးစို့ ရေတလျှောက်များ ဖြစ်ကြသည်။ အရက်သောက်ရင်း ဖထီးက...

"မနက်ဖြန် ကျွန်းတောင်ရွာက မုဆိုး ထူးစိန်တို့ နှစ်ယောက်ကိုပါ ခေါ်ခိုင်းထားတယ်"

ဟု ပြော၏။

"ကောင်းတာပေါ့ ဖထီးရာ"

"တောကတော့ နည်းနည်းကြမ်းတယ်။ သားကောင်ကြီးတွေလည်း ပေါတယ်။ အပြောအဆိုတော့ နည်းနည်း ဆင်ခြင်ကြရမယ်"

"ဟုတ်ကဲ့ ဖထီး"

ကျွန်ုပ်တို့အဖွဲ့သည် စားရင်း သောက်ရင်းဖြင့် အချိန်ကုန်သွားတော့သည်။

ထို့နောက် ဖထီး၏ ဇနီး ပြင်ပေးသော ထမင်းကို စားပြီး ကျော်ဦးနှင့် ထွန်းအောင်မှာ စကားပင် မပြောနိုင်တော့ပေ။ ရေချိန်ကိုက်နေပြီဖြစ်၍ အိပ်ရာသို့ တန်းဝင်သွားပါတော့သည်။

◆◆◆

နောက်နေ့တွင် ဖထီး မှာထားသော ကျွန်းတောရွာမှ မုဆိုး ထူးစိန်တို့နှစ်ယောက် ရောက်လာလေသည်။

ကျွန်ုပ်တို့သည် တံခွန်တိုင်ရွာတွင် နောက်တစ်ရက်ခန့် နေပြီး ဆတ်တစ်ဖူးတောသို့ ထွက်လာခဲ့ကြသည်။ ရွာမှ လှည်းဖြင့် တောစပ်အထိ လိုက်ပို့လေသည်။ ကျွန်ုပ်တို့သည် ကားကို ဖထီး စောဂျော့အိမ်တွင် ထားခဲ့ကြ၏။

ကျွန်ုပ်တို့ မုဆိုးအဖွဲ့ ခြောက်ယောက်နှင့် အထမ်းသမား နှစ်ယောက်၊ ပေါင်း ရှစ်ယောက်တို့သည် နာရီဝက်ကျော် ခရီးထွက်လာပြီးနောက် ဆင်သေချောင်းအနီးတွင် ရှက်ဖျင်တဲထိုးကာ ခေတ္တ စခန်းချ၍ နေထိုင်ခဲ့ကြသည်။

ကျွန်ုပ်နှင့် ဖထီး စိန်ဂျော့တို့က တစ်ဖွဲ့၊ တောတွင်း အတွေ့အကြုံရှိသော ကျော်ဦးတို့က တစ်ဖွဲ့ ခွဲပြီး တောထဲသို့ ထွက်လာခဲ့ကြသည်။

တစ်နေရာတွင် ချေမကြီး တစ်ကောင်နှင့် ချေသားငယ်လေး တစ်ကောင်ကို တွေ့သော် ဖထီးက မပစ်သင့်ကြောင်း ပြောသဖြင့် ထူးစိန်က မပစ်တော့ချေ။

"တောလိုက် မုဆိုးဆိုတာ စည်းကမ်းရှိရတယ်ကွ"

ဟု ဖထီးက ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com

တောသည် တဖြည်းဖြည်းနက်လာ၏။ နေရောင်ပင် မထိုးတော့ချေ။ အုပ်မှိုင်းညို့ညို့ဖြင့် တောပန်းရနံ့တို့ သင်းပျံ့နေ၏။ ရံဖန်ရံခါ တောကောင်ငယ်လေးတို့၏ အော်မြည်သံသည် တော၏ သဘာဝအလှကို ဖော်ကျူးနေသလိုပင်။

တစ်နေရာတွင် သစ်ပင်ကြီး၏ ပင်စည်မှ ထိုးဖောက်မြင်နေရသော သစ်တံခါးပင်ကြီးတစ်ပင်ကို တွေ့မြင်ရ၍ ကျွန်ုပ်သည် ဓာတ်ပုံရိုက်ယူလိုက်၏။

သစ်တံခါးတို့၊ သစ်ကွင်းတို့ကို ခုတ်ယူပြီး အိမ်တွင် ဆောင်ထားခြင်း၊ ဘုရားထု၍ ကိုးကွယ်ခြင်းတို့သည် ဘေးရန်အပေါင်းကင်းသည်ဟု ဆို၏။ ဂမ္ဘီရဆန်သော ပစ္စည်းများပင် ဖြစ်၏။

ချောင်းဖျားတစ်နေရာသို့ ရောက်သော် "ဝုန်း…ဖမ်း…ဖမ်း"ဟု အသံကို ကြားလိုက်ရရာ ကြီးမားသော မြွေကြီးတစ်ကောင်သည် ချေငယ်တစ်ကောင်ကို ရစ်ပတ်ပြီး မျိုချရန်ပြင်နေစဉ် ထူးစိန်၏ သေနတ်မှ အသံနှစ်ချက်ထွက်သွားလေသည်။ မြွေကြီး၏ ဦးခေါင်းကို ပစ်ချလိုက်ခြင်းဖြစ်သည်။ ဖထီး တားချိန် မရတော့ချေ။

"ထူးစိန်ရာ…မင်းလည်း မုဆိုးတစ်ယောက်ဖြစ်ပြီး စည်းမစောင့်ပါလား"

ဟု ပြောဆို ညည်းတွားလေသည်။

ချေငယ်မှာ မြွေကြီး၏ ရစ်ပတ်ဆွဲဆန့်မှုကို ခံရ၍ အသက်ငင်လျက်ရှိသည်။ မြွေကြီးသည် လုံးပတ်နှစ်ဆယ်လက်မခန့် ရှိပြီး အရှည်မှာ ပေ ၂၅ပေခန့် ရှိသည်။

ထူးစိန်သည် ခါးကြားမှ ဓားကောက်ဖြင့် မြွေ၏ ဦးခေါင်းကို ဖြတ်လိုက်လေသည်။ မြွေကြီးသည် တဝုန်းဝုန်းရိုက်ခတ်နေရာမှ ငြိမ်သက်သွားတော့သည်။ ဖထီးက…

"မြွေခေါင်းကို မြေမြှုပ်ပစ်ခဲ့"

ဟု ပြောရာ ကျွန်ုပ်က…

"ဘာဖြစ်လို့လဲ ဖထီး"

ဟု မေးလိုက်သည်။

"မြွေရဲ့ မျက်လုံးမှာ သတ်တဲ့သူရဲ့ ပုံရိပ်ပေါ်တယ်ကွ။ မြွေမကြီးက တွေ့သွားရင် သတ်တဲ့လူကို လိုက်ပြီး ပြန်ကလဲ့စားချေတတ်တယ်ကွ"

"ဩော်…ဟုတ်လား"

ကျွန်ုပ်သည် ဖထီး ပြောလာသော စကားကြောင့် အတွေ့အကြုံသစ်တစ်ခုကို ရလိုက်သည်။

ထို့နောက် ကျွန်ုပ်တို့သည် သားကောင်ကို ထမ်းပြီး မြွေကြီးကို အပိုင်းပိုင်းခုတ်ထစ်ပြီး ဝေမျှ၍ ထမ်းကာ စခန်းသို့ ပြန်လာခဲ့ကြသည်။

စခန်းသို့ ရောက်သော် မြွေသားကို ချက်ပြုတ်ပြီး အရက်နှင့် မြည်းကြလေသည်။ ကျွန်ုပ်က မစားရဲသဖြင့် ချေသားကင်နှင့်သာ စားသောက်လေသည်။

ထိုစဉ် အဝေးတစ်နေရာမှ ကျားဟိန်းသံကို ကြားရသော် ဖထီးက…

"အရက် သိပ်မသောက်ကြနဲ့ပေါ့။ ဒီည အန္တရာယ်ကျရောက်လာနိုင်တယ်။ မီးဖိုပြီး သစ်ပင်ပေါ် တက်စောင့်နေကြမယ်"

ကျွန်ုပ်တို့သည် အနီးရှိ သစ်ပင်ကြီးများပေါ်သို့ အဖွဲ့ခွဲ၍ တက်နေကြသည်။ လင့်စင်မထိုးထား၍ အိပ်လို့တော့ မရပါ။ အားလုံး သတိကြီးစွာ စောင့်နေကြသည်။

ညသည် တိတ်ဆိတ် ငြိမ်သက်လှ၏။ တစ်ခါတစ်ရံ တစ်တီတူးအော်သံမှအပ တိတ်ဆိတ်လွန်းလှသည်။ အချိန်ကား ည ၁၂နာရီကျော်ပြီ။

မလှမ်းမကမ်းနေရာမှ တောတိုးသံကို ကြားရသော် မိန်းကလေးတစ်ယောက် လျှောက်လာသည်ကို တွေ့ရလေသည်။ ဖထီးက လျင်မြန်စွာ သေနတ်မောင်းကို ဖြုတ်လိုက်လေသည်။

"ဒိုင်း…ဒိုင်း"

သေနတ်သံ နှစ်ချက်ဆင့်သွားလေသည်။

"ဖထီးက ဘာဖြစ်လို့ မိန်းကလေးကို ပစ်လိုက်ရတာလဲဗျ။ ပြဿနာပဲဗျာ"

ဟု ကျွန်ုပ်က ပြောရာ…

"ဒီလို ညဉ့်နက်သန်းခေါင် ဘယ်မိန်းကလေးက လာမှာလဲ၊ ပရလောကသား မဟုတ်ရင် သားကောင်ဖြစ်မှာ သေချာတယ်"

ကျွန်ုပ်တို့အားလုံး သစ်ပင်ပေါ်မှ ဆင်းပြီး၊ ထိုနေရာသို့ သွားကြည့်သော် ကျားမကြီးတစ်ကောင် သေနတ်ဒဏ်ရာနှင့် သေဆုံးနေသည်ကို တွေ့လိုက်ရလေသည်။

"ဟာ…"

ကျွန်ုပ် အလွန် အံ့ဩသွားသည်။ ဖထီးက…

"ကဲ-တွေ့ပြီလား စာရေးဆရာ"

ဟု ဆိုလေသည်။

ကျွန်ုပ်သည် ဘာမှ ပြန်မပြောနိုင်ဘဲ တောတို့၏ လှည့်စားတတ်ပုံကို တွေးရင်း ကျားသေကို ငေးကြည့်နေမိလေတော့သည်။

□



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

## မိဿရာသီ



ARIES

[ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း ]

စေ့စေ့စပ်စပ်လုပ်ကိုင် ဆောင်ရွက်ချိန်။ ပြတ်သားမှု ရှိပါစေ။ ဝန်တိုမှုနှင့် ယှဉ်သည့် မခံချင်စိတ်ကြောင့် စွမ်းအားသစ်များ ရတတ်၏။ မှန်ကန်တိကျ ပြတ်သားစွာ ဘွင်းဘွင်းရှင်းရှင်းပြောဆိုတတ်၍ ရင်းနှီးထားသူတို့နှင့် အခြေအတင်ပြောရတတ်၏။ ဝီရိယသတိနှင့် သတ္တိမရှိလျှင် ပျက်စီးကိန်းများ ကြုံမည်။ ကြိုးစားမှု တိုးပွားမည်။ ကြံစည်တွေးတောမှု များပြားနေတတ်သည်။ မျှော်လင့်မထားသော စီးပွားရေးအောင်မြင်မှုအခွင့်အရေးများ ကြုံမည်။ လုပ်ငန်းတစ်ခုကို ဦးတည်ချက်ချမှတ်၍ လုပ်ဆောင်ပါ။ စီးပွား၊ ကြီးပွား၊ တိုးတက်လာမှာ သေချာသည်။ ကျန်းမာရေးကောင်းမွန်စေရန် အအေးမိမခံပါနှင့်။ အချစ်ရေးကိစ္စ ပြတ်ပြတ်သားသား ဆုံးဖြတ်ရန် လိုသည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၇)အစ (၂)အဆုံး။ (၁)အစ (၄)အဆုံး။

**ယတြာ** - ပွင့်တော်မူခဲ့သော မြတ်စွာဘုရားရှင်များ၏ ဂုဏ်တော်ကို အာရုံပြုကာ သီလခံယူလျက် ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူ ပူဇော်ပါ။

## ပြိဿရာသီ



TAURUS

[ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း ]

စိုးရိမ်စိတ်ကို ဖော့တွေးတတ်ချိန်။ သတိနှင့် ပြုလုပ်ပါ။ ချောက်ကမ်းပါးတစ်ခုနားမှာ ရဲရဲတင်းတင်း လျှောက်လှမ်းနေမည်။ ပြဿနာအခက်အခဲတိုင်းကို သတ္တိရှိရှိ ရင်ဆိုင်ဖြေရှင်းသွားလိမ့်မည်။ အိမ်ခြံမြေကားအရောင်းအဝယ်လုပ်ငန်းမှ အမြတ်ကြုံမည်။ ကျန်းမာရေးချူချာမည်။ အချိန်အခါမဲ့ သွားလာမှုများကို ရှောင်ပါ။ ချစ်မေတ္တာမှာ ဒေါသစွက်ဖက်ပြီး ဝမ်းနည်းစရာကြုံမည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏန်း** - (၈)အစ (၂)အဆုံး။ (၂)အစ (၅)အဆုံး။

**ယတြာ** - ပွင့်တော်မူခဲ့သော မြတ်စွာဘုရားများ၏ဂုဏ်ကို အာရုံပြုလျက် သီလခံယူပြီး ဓမ္မစကြာတရားတော်မြတ်ကို ရွတ်ဖတ်ပူဇော်ပါ။

## မေထုန်ရာသီ



GEMINI

[ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း ]

ပတ်ဝန်းကျင်ကို ဩဇာပေး လွှမ်းမိုးနေချိန်။ လုပ်ငန်းသစ်ပေါ်မည်။ မမျှော်လင့်ထားသည့် အခြေအနေများကြားမှ နှစ်သက်ဖွယ် အခြေအနေမျိုး ကြုံမည်။ သို့သော် လုပ်ငန်းသစ်နှင့် ကြွယ်ဝရန် မမြင်ပါ။ အကျပ်အတည်းမှ အဖြေရှာပေးမည့်မိတ်ဆွေတစ်ဦးက သင့်အနီးကို ရောက်လာပါလိမ့်မည်။ မျှတပြီး တစ်ဖက်စွန်း မရောက်တတ်ခြင်းက သင့်အရည်အသွေးတစ်ရပ်ဖြစ်နေလိမ့်မည်။ သင့်အတွေးက သင့်ကို အောင်မြင်မှုသရဖူဆောင်းပေးလိမ့်မည်။ စီးပွားဥစ္စာကျယ်ပြန့်တိုးပွားမှု ကြုံမည်။ ဆွေမျိုးသားချင်းနှင့် သင့်ဝန်းကျင်ရှိ ရင်းနှီးထားသူတို့အပေါ် ဆရာလုပ်ချင်စိတ်ပေါ်မည်။ ကျန်းမာရေးအတွက် လှူကြီးဒါနကို ဆေးလှူပါ။ ချစ်သူနှင့်အတူ ဘုရားဖူးခွင့်ကြုံမည်။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၆)အစ (၉)အဆုံး။ (၃)အစ (၀)အဆုံး။

**ယတြာ** - သတ္တဝါအပေါင်းကို ရင်ဝယ်သားကဲ့သို့ မေတ္တာစိတ်ထားလျက် မေတ္တာသုတ် ရွတ်ဖတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**ကရကဋ်ရာသီ**



CANCER

**[ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း ]**

စိတ်လိုက်မာန်ပါ မလုပ်သင့်ချိန်။ အောင်မြင်ကိန်းတော့ ကြုံမည်။ ဝီရိယမပါလျှင် အောင်မြင်ပျော်ရွှင်မှု မကြုံနိုင်ပေ။ မတင်မကျဖြစ်နေသည့်ကိစ္စ၊ သံသယဖြစ်နေသည့်ကိစ္စကို ချက်ချင်းဖြေရှင်းရန် အခွင့်အရေး ပေါ်မည်။ မခန့်ကျော်ခင် သတိထား။ မသွားခင် ကြည့်သွားဖို့ လိုသည်။ ကံ-ကံ၏ အကျိုးကျေးဇူး ယုံကြည်လျက် ဉာဏ်နှင့် ဝီရိယကို အားကိုးလုပ်ဆောင်သွားသင့်၏။ ဆုံးပြီဟု ထင်မှတ်ထားသည့် လုပ်ငန်း။ ဥစ္စာပစ္စည်းများ မမျှော်လင့်ဘဲ ပြန်ရတတ်၏။ ရတနာစိန်ရွှေကျောက် ဖယ်တော် ကစားခွင့်ရမည်။ ထင်တိုင်းဖြစ်၊ ကြံတိုင်း အောင်နေမည်။ ရုတ်တရက် စီးပွားဥစ္စာတိုးတက်မှု ကြုံ နိုင်သကဲ့သို့ ရုတ်တရက်လည်း စီးပွားဥစ္စာ ပျက်ပြယ်သွားနိုင်သည်ကို သတိပြုစေချင်ပါသည်။ စီးပွားတက်၊ စီးပွားပျက်ခြင်း သင့်လုပ်ဆောင်ချက်အပေါ်မှာ များစွာ မူတည်နေသည်။ ကျန်းမာရေး သင့်၏။ စိတ်ကြိုက် ချစ်သူကို ရွေးရ မလွယ်ကူတတ်သေး အခက်ကြုံမည်။

**ထီးထိုးသင့်သောနေ့** - ကြာသပတေး။ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၂)အဆုံး။ (၇)အစ (၅)အဆုံး။

**ယတြာ** - ကံတရားများ မြင့်မားပြီး ကောင်းကျိုးသုခအဖြာဖြာပြည့်ဝစေရန် ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ် သန့်ရှင်းရေးလုပ်ပါ။

**သိဟ်ရာသီ**



LEO

**[ ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း ]**

ဗဟုသုတရှိဆန်သည့် အိပ်မက်ကို တွေ့မြင်ခွင့်ရချိန်။ ကံသင့်၏။ အကြံဉာဏ်ကောင်း၊ အတွေးစိတ်ကူး ကောင်း၊ နည်းပညာကောင်းများ ရှာဖွေတွေ့ရှိမည်။ ယေဘုယျအားဖြင့် အားလုံး အဆင်ပြေ ကံကောင်း နေသော်လည်း အငြင်းသန်၊ ဇီဇာကြောင်မှုကြောင့် ဆုံးရှုံးမှု ပြဿနာတစ်ခုကြုံမည်။ တစ်ဖွတ်ဆိုး ဆင်ကန်းတောတိုး အငြင်းမသန်ပါနှင့်။ အတွေးစိတ်ကူးဆန်းဆန်းဖြင့် တီထွင်မှုကြောင့် ကြီးပွား ချီးကျူးမှုများနှင့် ကြုံရပေလိမ့်မည်။ နာမည်ဂုဏ်သတင်းကျော်ကြားမှု၊ ဂုဏ်သိက္ခာတိုးပွားမှု ကြုံမည်။ ဝီရိယကြောင့် ကျန်းမာရေးသင့်သော်လည်း ရင်၊ ဝမ်း ဒုက္ခပေးတတ်သည်။ နားလည်မှု ပြည့်ဝပြီး စိတ်ထားဖြူစင်သည့် ချစ်သူနှင့် ကြုံမည်။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး။ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၅)အစ (၀)အဆုံး။ (၈)အစ (၂)အဆုံး။

**ယတြာ** - တရားတော်များ၏ ဂုဏ်တော်ကို အာရုံပြုလျက် တရားဂုဏ်တော် ခြောက်ပါးအစိတ်ကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**ကန်ရာသီ**



VIRGO

**[ ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း ]**

အညွှန့်ကုန်ပြီး အကောင်းဆုံးရချိန်ပါ။ မှန်ကန်မှု ရှိပါစေ၊ ယခုကာလမှာ အောင်မြင်မှုရရန် သင့်လုပ်ဆောင် မှုအပေါ်မှာ မူတည်နေသည်။ တီတီကျကျလုပ်နိုင်လေလေ၊ တိုးတက်လေလေ ကြုံမည်။ လုပ်ငန်း လိုက်လုံးပျုံးစွာ အရေးပေးမှု၊ ချီးကျူးအားကိုးမှု ခံရတတ်သည်။ ဖန်တီးထားသည့် စာပေ၊ အနုပညာ အောင်မြင်မှု ကြုံမည်။ တိုက်၊ ခြံမြေ၊ အိမ်၊ ကား ရောင်းဝယ်တားရမ်း ပေါင်နှံမှု အကျိုးအမြတ်များ စာချုပ်၊ မှတ်ပုံတင်၊ လိုင်စင်၊ အရေးကြီးပစ္စည်းအထားများ၌ ပျောက်ဆုံးမှု ကြုံမည်။ စပ်တူလုပ်ငန်း ထင်သလောက် အကျိုးမများနိုင်ပေ။ ရပ်ဝေးဒေသ၊ ပြည်ပနိုင်ငံရပ်ခြားခရီးသွားလာမှုကိစ္စ အောင်မြင် ရေစီးမှာ အလိုက်သင့် မျောနေလိမ့်မည်။ အင်္ဂါနေ့မှာ ဆံပင်၊ လက်သည်း-ခြေသည်းညှပ်ပါ။ ညှပ်စများကို အိမ်၏ အရပ်မှာ စွန့်ပစ်ပါ။ ကျန်းမာရေး ကောင်းလာပေလိမ့်မည်။ ချစ်ရေးဆိုခံရခြင်း၊ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ကြုံမည်။

**ထီထိုးသင့်သောနေ့** - ကြာသပတေး။ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၄)အစ (၇)အဆုံး။ (၆)အစ (၉)အဆုံး။

**ယတြာ** - သင့်ပတ်ဝန်းကျင်ရှိ ကလေးများကို မုန့်၊ ပေါင်မုန့်၊ ပေါက်စီကိစ္စနှင့် နွားနို့ကစ်...

www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ

[ စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း ]



LIBRA

ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ အားမာန်ပြည့်ဝချိန်။ ရည်ရွယ်ချက်၊ ဆန္ဒတို့ များနေတတ်၏။ အားလုံးတော့ အဆင်မချောနိုင်ပေ။ လွယ်သည့်ကိစ္စကို ခက်အောင် လုပ်မိတတ်သည်။ ပြဿနာအသေးအမွှားကို ပုံကြီးချဲ့မိလိမ့်မည်။ ခက်ခက်ခဲခဲ ရှုထောင့်မှ ကြည့်မိတတ်၏။ လောဘနောက်ကို မလိုက်သင့်ပေ။ ဒေါသကို လျှော့ပါ။ မိမိစိတ်ကို တစ်ဖက်စွန်းသို့ အရောက်မခံပါနှင့်။ ကျေးဇူးကို ကြွဖန်ပြီးတင်ပါ။ သောကကို နှင်ပါ။ သူတစ်ပါး၏ မိသားစုကိစ္စ၊ ငွေကြေးကိစ္စ ဝင်ရောက်ကူညီမှုကို သတိထားပါ။ အလိုလိုနေရင်း အပိုအမိုများ ရှင်းစရာပေါ်မည်။ အမှုအခင်းရှုပ်ထွေးတတ်၏။ အမေ၊ ညီမ၏ ကျန်းမာရေးနှင့် ပတ်သက်ပြီး သောကဖြစ်စရာကြုံတတ်သည်။ အချစ်ကံဇာတာ ကောင်းနေသည်။ အချစ်ကြောင့် သင့်ဘဝတိုးတက်မှု ကြုံမည်။

**ထီထိုးသင့်သောနေ့** - သောကြာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၅)အစ (၀)အဆုံး။ (၁)အစ (၇)အဆုံး။

**ယတြာ** - မင်္ဂလာအပေါင်း ခညောင်းပြီး ကောင်းမြတ်သော ဘဝကို ပိုင်ဆိုင်နိုင်စေရန် သီလခံယူပြီး မင်္ဂလသုတ်တော်ကို ရွတ်ဖတ်ပါ။

## ဗြိစ္ဆာရာသီ

[ အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း ]



SCORPIS

ဆန်းဆန်းသစ်သစ် တီထွင်ထွင် မြော်မြော်မြင်မြင်လုပ်ရချိန်။ ကံတရားက အကောင်းတော်လွန်နေမည်။ ကြွယ်ဝာရာများ ဝန်းရံလျက် ပြည့်ဝန်းသည့် လမင်းပမာ တင့်တယ်မှုမျိုး ကြုံရပေလိမ့်မည်။ လူရယ်ဟု ဖြစ်လာခဲ့လျှင် မိသားစု၊ မိမိဝန်းကျင်အတွက် တာဝန်ကျေရန် လိုသည်။ တာဝန်ကျေမှုလည်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာမှု ကြုံရပေလိမ့်မည်။ အလုပ်နှင့် လက် မပြတ်လုပ်ရှားခြင်းဖြင့် ပျော်မွေ့နေလိမ့်မည်။ ယဉ်စရာ လုပ်ငန်းတူ ပြိုင်ဘက်တို့ကို အနိုင်ရရန် ကျိန်းသေသလောက်ဖြစ်၏။ လုပ်ငန်းသစ် လုပ်ဆောင်ခြင်း၊ စတိုင်သစ်ထွင်ခြင်းများ အောင်မြင်မှု ကြုံရပါလိမ့်မည်။ ရပ်ဝေးဒေသ၊ ပြည်ပနိုင်ငံရပ်ခြားဆက်သွယ်သွားလာသည့်ကိစ္စတွင် စိတ်မြန်လက်မြန် တစ်ဇွတ်ထိုးလုပ်မှုကို လျှော့ရန် လိုသည်။ စိတ်ရော ကိုယ်ပါ အနားယူပေးလျှင် ကျန်းမာရေးကောင်းမည်။ အချစ်ကြောင့် ပြောမပြနိုင်လောက်အောင် ပျော်ရွှင်မှု ကြုံမည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၆)အစ (၁)အဆုံး။ (၇)အစ (၁)အဆုံး။

**ယတြာ** - ကျောင်းသားများကို စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းမှု ပြုပါ။

## ဓနုရာသီ

[ နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း ]



SAGITTARIUS

မျှော်လင့်ချက်တိုင်း အဓိပ္ပာယ်ပြည့်စုံချိန်။ အဆင်မပြေမှုများကြားမှ အဆင်ပြေမှုများစွာ ကြုံရပါလိမ့်မည်။ အေးအေးဆေးဆေးလုပ်ကိုင်လျှင် တိုးတက်မှု မှန်တန်းလောက်သာ ရှိမည်။ ကြိုးစားမှုကို အရှိန်မြှင့်တင်လိုက်ပါ။ သွက်သွက်လက်လက် မှန်မှန်ကန်ကန်လုပ်ဆောင်မှုတို့ အောင်မြင်မည်။ လူတကာအားကျအံ့သြ ချီးမွမ်းမှု ခံရမည်။ မိမိရည်ရွယ်ချက် ဆန္ဒတို့ကို တစ်ကြိမ်တည်း ဆောင်ရွက်ရုံဖြင့် အောင်မြင်မှု မကြုံတတ်ပေ။ မိမိကိုယ်မိမိ ယုံကြည်ချက်အပြည့် ကြိုးစားဆောင်ရွက်ပါ။ မိတ်ဆွေသစ်၊ ဝန်းကျင်သစ်ကြုံလျှင် အောင်မြင်လိမ့်မည်။ ကျန်းမာရေးကောင်းစေရန် ဓာရဏပရိတ် ရွတ်ဖတ်ပါ။ သူတော်တစ်ဦးကို ငွေနှင့် ဆေး ပေးလှူပါ။ အချစ်သစ်နှင့် ကြုံရတတ်၏။ အချစ်မျက်ဝန်းတစ်စုံတစ်ရာ၏ ဆွဲဆောင်မှုကို ခံရတတ်၏။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ တနင်္လာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၆)အဆုံး။ (၀)အစ (၇)အဆုံး။

**ယတြာ** - မိတ်ဆွေသူငယ်ချင်းအပေါင်းကို ကော်ဖီနှင့် ကိတ်မုန့် ကျွေးမွေးဒါနပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

**မကာရရာသီ**



CAPRICORN

**[ ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း ]**

အောင်မြင်မှုသောင်ကမ်းကို လှမ်းမြင်ရချိန်။ လွတ်လပ်ပေါ့ပါးသော အတွေးသစ်နှင့် ပျော်မြူးရတတ်၏။ ရိုးသားစွာ ကြိုးစားမှုက သင့်ကို အောင်မြင်မှုသောင်ကမ်းကို ပို့ပေးပါလိမ့်မည်။ တီတီထွင်ထွင်ပြုလုပ်မှု ဆန်းသစ်မှုကြောင့် လူသိများနေလိမ့်မည်။ ခေါင်းမာ၍ ပြုပြင်ရန် ခက်သော်လည်း ဟာသဉာဏ် ထက်မြက်ချိန်ဖြစ်၍ လူချစ်လူခင်များတတ်ပါသည်။ သူတစ်ပါးအကျိုး ပျက်စီးရာ ပျက်စီးကြောင်းကို မည်သည့်အခါမှ မလုပ်၊ မပြော၊ မကြံတတ်ခြင်းကြောင့် အရာရာ အောင်မြင်ပါလိမ့်မည်။ တန်ဖိုးကြီး အရေးကြီးပစ္စည်းတစ်ခု အထားအသိုမှားယွင်း၍ ပျောက်/ကွဲရတတ်၏။ ရပ်ဝေးဒေသ၊ ပြည်ပနိုင်ငံရပ်ခြား ခရီးသွားလာမှုကိစ္စ အလျင်စလိုပြုက မှားယွင်းမှု ကြုံရပါလိမ့်မည်။ ကျန်းမာရေးချူချာမည်။ ညအိပ်၊ အချိန်အခါမဲ့သွားလာမှု မပြုပါနှင့်။ ချစ်သူ၏ လွှမ်းမိုးမှုအောက်မှာ ပျော်ရွှင်ရတတ်ပါသည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၇)အဆုံး၊ (၈)အစ (၀)အဆုံး။

**ယတြာ** - အိမ်သူအိမ်သား မိသားစုများကို ကြာဆန်ချက် ကျွေးမွေး၍ ဒါနပြုပါ။

**ကုမ်ရာသီ**



AQUARIUS

**[ ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း ]**

လှုပ်ရှားပျော်ရွှင် အောင်မြင်တတ်ချိန်။ ကံအထူးကောင်းနေသည်။ ယခုကာလမှ စတင်လုပ်ကိုင်သည့် လုပ်ငန်းများ အကြီးအကျယ်အောင်မြင်ပေလိမ့်မည်။ ကြိုးစားသည့်ထက်မက ခရီးပေါက်မည်။ စီးပွားရေး လုပ်ငန်းတိုင်းမှာ သွက်လက်မြန်ဆန်စွာ လုပ်ဆောင်မှုများ ကြုံမည်။ စာဖတ်ခြင်းသည် အောင်မြင်ခြင်း၏ အကြောင်းရင်းများအနက်မှ တစ်ခုဖြစ်သည်။ ငွေကြေးကိစ္စတွင် စိတ်ကူးယဉ်နေ၍ မဖြစ်ပါ။ စီးပွား ကြီးပွားရန် ပန်းချင်းယှဉ်လာသော ပြိုင်ဘက်များကို အနိုင်ယူရန် လိုအပ်ပါသည်။ ရတ်တရက် ကြွယ်ဝခွင့်များ ပေါ်လာလိမ့်မည်။ စိတ်ညစ်စရာ မတွေး၊ ရယ်စရာတွေး၍ စိတ်ချမ်းသာ ကိုယ်ကျန်းမာ ပါလိမ့်မည်။ ခံစားလွယ်သည့် သင့်နှလုံးသားမှာ အချစ်အကြောင်းတွေးလျက် ဆွေးမနေအားပါ။ အချစ်ကံလည်း ကောင်းပါသည်။

**ထီထိုးသင့်သောနေ့** - စနေ၊ တနင်္ဂနွေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၇)အစ (၄)အဆုံး၊ (၀)အစ (၉)အဆုံး။

**ယတြာ** - မွေးနေ့တွင် တန်ခိုးကြီးဘုရားတစ်ဆူသို့သွားပြီး သီလခံယူ၍ ပဋ္ဌာန်းဒေသနာတော်မြတ်ကြီး ရွတ်ဖတ်ပူဇော်ပါ။

**မိန်ရာသီ**



PISCES

**[ ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း ]**

တရိပ်ရိပ်တိုးတက်ခွင့်များ ရရှိတတ်ချိန်။ ကြီးပွား တိုးပွား အောင်မြင်မှုများစွာ ကြုံရတတ်သည်။ ဆုံးဖြတ်ချက် ပြတ်သားနေမည်။ မိမိ ဘာလုပ်ချင်သည်ကို မသိဘဲ ဝေဝေဝါးဝါး ယောင်တောင်ပေါင်း ဖြစ်နေလိမ့်မည်။ ဆုံးဖြတ်ချက်ချရန် ကြန့်ကြာမှုများ ကြုံရနိုင်သည်။ စကားပြောဆိုမှုကို လျှော့ချ၍ နားထောင်မှုကို ပိုပါ။ မိမိလုပ်ငန်းတာဝန်အပေါ် စူးစူးစိုက်စိုက် ဆုံးခန်းတိုင်အောင် လုပ်ဆောင်ပါ။ ငွေကြေးလာဘ်ရွှင်ပြီး အနေခ့်အယုက်အန္တရာယ်ကင်းနေပါလိမ့်မည်။ ရတနာသုံးပါးကို မမေ့မလျော့ တတ်၍ ထူးခြားသည့် အောင်မြင်မှုများ ရတတ်သည်။ စောစောအိပ်၊ စောစောထ၊ လမ်းလျှောက်၍ ကျန်းမာချမ်းသာ ဝမ်းသာစရာများ ကြုံမည်။ ချစ်သူထံမှ ဝမ်းသာပျော်ရွှင်စရာ စကားများ ကြားရမည်။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၉)အစ (၆)အဆုံး၊ (၅)အစ (၀)အဆုံး။

**ယတြာ** - သင့်ကောင်းသတင်း မွှေးပျံ့ကြိုင်လှိုင်စေရန် သီလတရားများကို စောင့်ထိန်းပြီး ရေချမ်း (၁၀)ပွင့် ကပ်လှူပူဇော်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# အဖုအကျိတ်နှင့် အသားမာနာများအတွက်

လှစွမ်းမြင့် (နတ်မောက်)

အဖုအကျိတ် အသားမာနာ ဆိုသည်မှာ ခန္ဓာကိုယ်အတွင်းပိုင်းမှ ရောဂါအသေးအမွှားများ စုရုံးပြီး ခန္ဓာကိုယ်အပေါ်သို့ ထိုးထွက်လာခြင်းဖြစ်၍ ကောင်းသည်ဟု ယူဆနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ရောဂါအစုသည် ခန္ဓာကိုယ်အတွင်းတွင် ကိန်းအောင်း၍ အနာဖြစ်နေမည်ဆိုလျှင် ကုသရန် အလွန်ပင် ခက်ခဲလှပါသည်။ မမြင်မတွေ့နိုင်သော ခန္ဓာကိုယ်အတွင်းမှ ရောဂါအနာကို ကုသရလျှင် လွန်စွာခက်ခဲပင်ပန်းပြီး ငွေကုန်ကြေးကျ များစွာကုန်ကျမည်မှာ အမှန်ပင် ဖြစ်ပါသည်။

သို့အတွက် အဖုအကျိတ် အနာလုံး၊ အသားမာနာသည် ခန္ဓာကိုယ်အရေပြားပေါ်သို့ ထိုးထွက်ပေါ်ပေါက်လာခြင်းသည် ကောင်းသည်ဟု ဆိုရခြင်းဖြစ်ပါသည်။ ထိတွေ့မြင်တွယ် မြင်နိုင်သဖြင့် ကုသရာတွင်လည်း လွယ်ကူမည်မှာ သေချာပင်။

ထို့ကြောင့် ဆိုခဲ့သည့်အတိုင်း ခန္ဓာကိုယ်အပေါ်သို့ ထွက်လာသော အဖုအကျိတ်အနာလုံး၊ အသားမာနာအတွက် ဘေးထွက်ဆိုးကျိုး လုံးဝ မရှိသော အုံဆေးနည်းများကို တင်ပြလိုပါသည်။

ပထမနည်းမှာ -

* ထမင်းလက်တစ်ဆုပ်ကို ဆား ကွမ်းသီးခြမ်းခန့်နှင့် ရောနေအောင် ကြိတ်ပါ။ ထို့နောက် အဆုပ်ဆုပ်ကလေး လုပ်၍ ကွမ်းရွက်နှင့် ထုပ်ကာ မီးဖို ပြာပူတွင် အုံးထားပါ။ ကွမ်းရွက်ခြောက်သွေ့သွားလျှင် ပြန်ထုတ်ယူပြီး ထမင်းအထုပ်ကို ခံနိုင်လောက်သည့်အနေအထားတွင် အဖုအကျိတ်အနာလုံး၊ အသားမာနာပေါ်သို့ အုံပေး၊ ကပ်ပေးပါ။ တစ်နေ့ သုံးကြိမ်ပြုလုပ်ပေးပါ။ လိုအပ်သလို လေးငါးရက်အထိ ပြုလုပ်ပေးနိုင်ပါသည်။ နှလျှင် နှစ်ရက် သုံးရက်အတွင်း ကြေပျက်ပြီး ပိန်သွားပါမည်။ ရင့်လျှင်တော့ ပြည်ပေါက်ပါမည်။ ပြည်ပေါက်လျှင် ပျောက်ပြီဖြစ်ပါသည်။

အညှော်နံ့များ ကင်းစေရန်၊ ညှော်နံ့ထုတ်ရန်အတွက် ရှိန်းခိုတစ်ပဲသား/နှစ်ပဲသားကို ရေနှင့်သွေး၍ ဖျော်သောက်ပေးပါ။ မည်သည့်ဘေးထွက်ဆိုးကျိုးမှ မရှိဘဲ အလွယ်အသာ ပျောက်ကင်းသွားပါလိမ့်မည်။

ဒုတိယနည်းမှာ -

* ကျွန်ုပ်တို့ ကျေးရွာများတွင် အများသုံး၊ အများသိသောနည်းဖြစ်ပါသည်။ ကျေးရွာရှိ အိမ်တိုင်းလိုလိုတွင် ရှိသော ပြောင်းဖူးခြောက်မှ ပြောင်းဖူးစေ့ လက်တစ်ဆုပ်ခန့်ကို ခြွေယူပြီး ရေစိမ်ပါ။ အနည်းငယ် ပွလာသောအခါ ငရုတ်ဆုံထဲသို့ ထည့်၍ မွန်ညက်နေအောင် ထောင်းပါ။ ထိုပြောင်းဖူးမှုန့်ကို ဆား ဟင်းသောက်ဇွန်းတစ်ဇွန်း၊ ရေသုံးဇွန်းနှင့် ပျစ်ပျစ်ဖျော်ပြီး အဖုအကျိတ်အနာလုံး၊ အသားမာနာများပေါ် အုံပေး၊ လိမ်းပေးပါ။ ထို့နောက် ပိန်းရွက်နှင့် အုပ်ထားပေးပါ။ သုံးနာရီ တစ်ကြိမ်လဲပေးပါ။ သို့မဟုတ် တစ်နေ့ သုံးကြိမ်မှ ငါးကြိမ်အထိ ပြုလုပ်ပေးပါ။ မည်သည့်အဖုအကြိတ်မဆို ကြေပျက် ပျောက်ကင်းစေပါသည်။

ဤနည်းစနစ်ကို ဆေးထိုးခံရ၍ ဆေးဝပ်ကာ အကြိတ်အခဲဖြစ်နေလျှင်လည်း မခွဲမစိတ်ရဘဲ ကြေပျက် ပျောက်ကင်းသည်ကို တွေ့ရပါသည်။

လက်တွေ့ အသုံးပြုခဲ့ပြီး အမှန်တကယ်ပျောက်ကင်းသည့်အပြင်၊ မည်သည့် ဘေးထွက်ဆိုးကျိုးမှ မရှိသဖြင့် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com

# သရက်ပင်နှင့် ပိန္နဲပင်တို့အတွက် အသီးတင်စေရန် ဂမ္ဘီရနည်းများ

ရောမြေ ကျော်ဝေ

တစ်နေ့တွင် စာရေးသူသည် မင်္ဂလာ ဖေယျာကျောင်း ဆရာတော်ထံသို့ ဓမ္မာရုံအတွက် အလှူငွေထည့်ရန် သွားရောက်ခဲ့ပါသည်။

ကွယ်လွန်သွားသော ဖခင်ကြီးအတွက် ရည်စူးပြီး ဓမ္မာရုံအလှူငွေ တစ်သိန်းငါးသောင်းကျပ်ကို ဆရာတော် ဦးဉာဏဝံသမှ လက်ခံပြီး…

"ဒကာကြီး ဦးကျော်ဝေကို ဘုန်းကြီး ပြစရာရှိတယ်။ ကျုပ်ကျောင်းခြံထဲမှာ ဂမ္ဘီရနည်းတွေနဲ့ စိုက်ပျိုးထားတဲ့ ပိန္နဲပင်နဲ့ သရက်ပင်ကို ပြချင်လို့ပါ"

ဟု ဆရာတော်က ပြောသောအခါ စာရေးသူက…

"ဂမ္ဘီရနည်းနဲ့ စိုက်ပျိုးထားတဲ့ ဆရာတော်ရဲ့ အပင်တွေက အားရစရာပဲ။ ပိန္နဲပင်ကလည်း သီးလိုက်တာ အပြွတ်အသိပ်ပါပဲ။ သရက်ပင်တွေကလည်း သီးမှသီးပဲ၊ တပည့်တော်ရဲ့ အိမ်က သရက်ပင်ကတော့ အသီးသီးတာ နောက်ကျတယ်။ ပိန္နဲပင်ကလည်း အသီးကင်းလေးတွေ မတင်ဘဲ ကြွေကျတာက များတယ် ဘုရား"

ဆရာတော်က စာရေးသူ၏ စကားကို နားထောင်ပြီးသောအခါ…

"ကျုပ် စိုက်ထားတဲ့ သရက်ပင်တွေက တစ်နှစ်ကို သုံးကြိမ်သီးတယ်ဗျ။ ပိန္နဲပင်ကလည်း နှစ်စဉ် သီးတယ်။ အားလုံးလည်း ကြီးတယ်။ အိမ်မာမျိုးကွ။ ဒကာကြီးက စာရေးဆရာဆိုတော့ ဘုန်းကြီးရဲ့ ဂမ္ဘီရနည်းလေးကို ပေးလိုက်မယ်။ ဒကာကြီး သေသေချာချာမှတ်ထား။

ဒကာကြီးရဲ့ အိမ်က သီးနေကျ သရက်ပင် မသီး… ဓားနဲ့ သုံးချက်ထစ်။ ပိန္နဲပင် အသီးမတင်ရင်လည်း အသေ… အောင့်ပြီး ပိန္နဲပင်ရဲ့ ပင်စည်ကို ခဲနဲ့ ခုနစ်ချက်ပေါက်။ သ… ဓားထစ်၊ ပိန္နဲ ခဲပစ်တဲ့။ စာဆိုက ကဗျာဆန်တယ်… နည်းပဲ။ ဘူးပင် ခွာူးသီးများများသီးအောင် အမဲရိုး ဆွဲ… သလိုပေါ့"

ဟု ဆရာတော်က ပြောပြပါသည်။

သရက်ပင်ကို ဓားသုံးချက် ထစ်ရာတွင် အသီ… သီးစေ၊ ရွှန်းရွှန်းဝေဟု ဆိုရပါမည်။ ပိန္နဲပင်ကို ခဲဖြင့် … အောင့်၍ ခုနစ်ချက် ပစ်ရာတွင်လည်း အသီးတွေ တ… ရွှန်းရွှန်းဝေ"ဟု ပြောပြီး ထစ်ရ၊ ပစ်ရပါမည်။

ထို့နောက် စာရေးသူသည် ဆရာတော် ပြော… အတိုင်း အိမ်တွင် စိုက်ပျိုးထားသော သရက်ပင်နှင့် ပိ… တို့ကို လက်တွေ့ ပြုလုပ်ပါသည်။

ထိုအခါ စာရေးသူ၏ သရက်ပင်များမှာ န… သီးလာခဲ့ပြီး၊ ပိန္နဲပင်သည်လည်း အသီးတင်လာခဲ့ပါ…

ထို့ကြောင့် ရေလောင်းစရာမလိုသော အပင်… ဖြစ်သည့် သရက်ပင်နှင့် ပိန္နဲပင်တို့ကို စိုက်ပျိုးသူများ… ဂမ္ဘီရနည်းကောင်းလေးတစ်လက်ကို စေတနာ မေတ္တာ… ဖော်ပြပေးလိုက်ပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com

# ဦးအုန်းသင်(လျှပ်စစ်ဗေဒင်)၏ မြန်မာနိုင်ငံရေး နှစ်(၅၀)ဟောစာတမ်း နိဂုံး

ဒမ္မာစရိယ ဦးအောင်ကျော်မိုး

ဆရာကြီး ဦးအုန်းသင်သည် သာသနာသက္ကရာဇ် ၂၅၀၀ ပြည့်နှစ်ကို မှတ်ထား၍ မြန်မာနိုင်ငံ၏ အနာဂတ် ဟောစာတမ်းကို ရေးရာတွင် ဆရာကြီး စတင်ဟောချိန် (၄-၅-၁၉၅၆) ခုနှစ်မှ (၂၈-၅-၁၉၆၅)ခုနှစ်အထိ စနေ ထူလ ဒသာစားသောအချိန်ဖြစ်သည်။

ယင်း နှစ်ကြွင်း စနေထူလ ဒသာ-သောကြာအန္တရမှ ၍ ရောက်ခဲ့ နှစ်ကြွင်း ဒသာများကို (၂၈-၅-၁၉၆၅)ခုနှစ် အထိ အန္တရဒသာ၊ ဘုတ္တိဒသာများဖြင့် နှစ်များ ပိုင်းခြားလျက် အသေးစိတ် ဟောထားခဲ့သည်။

(၂၈-၅-၁၉၆၅)ခုနှစ်မှ (၂၈-၅-၁၉၈၂)ခုနှစ်အထိ ဗုဒ္ဓဟူး ထူလဒသာ(၁၇)နှစ်စားခဲ ကြုံလေသည်။ ဆရာကြီးသည် ဗုဒ္ဓဟူး ထူလဒသာရောက်သောအခါ စနေဒသာလို အသေးမစိတ်တော့ဘဲ ဗုဒ္ဓဟူး ထူလ(၁၇)နှစ်ကို ပေါင်း၍ ခြုံငုံကိန်းထုတ်ခဲ့သည်။

ဟောခဲ့သည်မှာ "ထိုဗုဒ္ဓဟူးဂြိုဟ်သည် ဓနလဂ်၏ အကျိုးလုပ်ကို ပေးစွမ်းသော ဒသာဖြစ်ခြင်းကြောင့် အခိုပါ နှစ်ကြီးထဲတွင် ပြည်သူနှင့် အစိုးရအဖွဲ့တို့ အလွန်သင့် မြတ် ညီညွတ်ခြင်းများပေအံ့။

ထိုနှစ်ပိုင်းသည် မြန်မာနိုင်ငံအဖို့ ကံကောင်းလျှင် စီးပွားရေးအခြေအနေ ဥစ္စာပစ္စည်းတို့နှင့် ပညာရေးဆိုင်ရာ ကူးလူးဆက်သွယ်ရေး၊ လယ်ယာစိုက်ပျိုးခြင်းတို့သည် အံ့မခန်းစွာ အထမြောက် အောင်မြင်ပြီးလျှင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ထင်ရှား ကျော်စောသော တိုင်းပြည်တစ်ခု အဖြစ် ထူးခြားစွာ ထွက်ပေါ်လာပေအံ့။ အုပ်ချုပ်သော အစိုးရ အဖွဲ့တွင်လည်း အဖက်ဖက်တွင် လူထု၏ လွယ်ကူစွာသော ထောက်ပံ့ကူညီမှု ရလျက် သာယာစိုပြည်သော တိုင်းပြည် တစ်ခုအဖြစ် ထင်ရှားကြီးပွားပေလိမ့်မည်။ ထိုအခိုပါ နှစ် ကြီး အတွင်း၌ ဘာသာရေးကိုင်းရှိုင်းမှုသည်ကား ယုတ် လျော့လာရခြင်း ကြုံရပေအံ့။

ဆရာကြီးသည် ဗုဒ္ဓဟူးထူလဒသာ(၁၇)နှစ်ကို အထက်ပါအတိုင်း ယေဘုယျ သုံးသပ်ဟောခဲ့သည်။ ယေဘုယျဟု ဆိုရခြင်းမှာ ထိုဒသာအတွင်းရှိ စနေ-ကိတ်-ရာဟု၊ အင်္ဂါ ဒသာတို့ ကြုံရသောအခါ အလွန်ဆိုးဝါးသော ဖြစ်စဉ်များနှင့် ကြုံရတတ်သည်။ သို့သော်လည်း ဗုဒ္ဓဟူး ဒသာ၏ ဆွဲငင်အားကြောင့် ထိုအဆိုးတို့သည် ဖြစ်ပြီးလျှင် ပျက်သွားရိုး မမှတာ အတိုင်း အဆိုးအဖြစ်ဖြင့် ကြုံရစ်ကြရလေသည်။

ကျွန်ုပ်တို့သည် ထိုဗုဒ္ဓဟူး ဒသာစားချိန် ၂၈ရက်၊ ၅လ၊ ၁၉၆၅ ခုနေ့မှ ၂၈ရက်၊ ၅လ၊ ၁၉၈၂ ခုနေ့အထိ အချိန် ကာလတစ်လျှောက်ကို ကျော်လွှားဖြတ်သန်းခဲ့ပြီးဖြစ်၍ အဆိုး အကောင်းနှစ်များကို သိရှိခဲ့ကြ၏။

ထိုအဆို မှန်,မမှန်ကို ဗုဒ္ဓဟူးထူလ ဒသာ၏ အန္တရ ဒသာနှစ်အပိုင်းအခြားကို လေ့လာသုတေသနပြုကြပါစို့။

(၂၈-၅-၁၉၆၅) မှ (၂၅-၁၀-၁၉၆၇)ခုနှစ်အထိ ဗုဒ္ဓဟူး ထူလ ဗုဒ္ဓဟူးအန္တရ ဒသာစားချိန်သည် အထက်ပါ ဆရာကြီး ဟောသည့်အတိုင်း ကောင်းသော ဖြစ်စဉ်များကို ကြုံတွေ့ ကြရသည်။

၁၉၆၅ခုနှစ်တွင် ငွေပေးသင်ရသော ပုဂ္ဂလိကကိုယ်ပိုင် ကျောင်း(၈၁၄)ကျောင်းကို ပြည်သူပိုင် သိမ်းယူခဲ့သည်။ ပြည်သူများကို အခမဲ့ ပညာသင်ကြားရေးစနစ်ပြုလုပ်ခဲ့သည်။ စီးပွားရေးတွင် ၁၉၆၅ခုနှစ်တွင် ပြည်တောင်တန်း ရေနံမြေ သစ်တွေ့ရှိခြင်း၊ ၁၉၆၆ခုနှစ်တွင် မြန်မာ့ကမ်းလွန်ပင်လယ် ပြင်၌ အဏ္ဏဝါဆိုက်စမစ်တိုင်းတာရေးလုပ်ငန်း စတင်ဆောင် ရွက်နိုင်ခြင်း၊ ၁၉၆၇ခုနှစ်တွင် ရွှေပြည်သာ သဘာဝဓာတ်ငွေ့ သိုက်မြေတွေ့ရှိခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

(၂၅-၁၀-၁၉၆၇) မှ (၂၂-၁၀-၁၉၆၈)ခုနှစ်အတွင်း ဗုဒ္ဓဟူး ထူလ-ကိတ်အန္တရဒသာစားချိန်မှာ ပြည်ပ ဆန်တင်ပို့



www.burmeseclassic.com

www.burmeseclassic.com

မှ အလွန်ကျဆင်းခဲ့သည်။ စက်ရုံ၊ အလုပ်ရုံများတွင် ကုန်ကြမ်းမရှိ၊ အမြတ်မရှိ၊ အရှုံးဖြင့်သာ လုပ်နေရသည်။ စီးပွားရေး အလွန်ကျဆင်းခဲ့သည်။ တရုတ်ကျောင်းသားအရေးအခင်း ပေါ်ပေါက်ခဲ့သည်။

(၂၂-၁၀-၁၉၆၈)မှ (၂၂-၈-၁၉၇၁)ခုနှစ်အတွင်း ဗုဒ္ဓဟူး ထူလ သောကြာအန္တရ ဒသာစားချိန် တိုင်းပြည်တွင် အပြောင်းအလဲတစ်ခုဖြစ်ပေါ်သည်။ မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ပြည်သူ့ပါတီတည်ထောင်ရေးအတွက် အသွင်ပြောင်းလဲမှုဖြစ်ရန် ဆောင်ရွက်သည်။

၁၉၇၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ရက်နေ့တွင် ပါတီညီလာခံကျင်းပရေး ကော်မရှင်ဖွဲ့စည်းခဲ့ပြီး ပထမအကြိမ် ပါတီ ညီလာခံကျင်းပရေးနှင့် ပြည်သူ့ပါတီဖွဲ့စည်းရေးလုပ်ငန်းများသည် နိုင်ငံတော်အာဏာကို ပြည်သူ့ထံ ပြန်လည်အပ်နှံရေးလုပ်ငန်းများပင် ဖြစ်သည်ဟု ဆိုရပေမည်။ (မြန်မာနိုင်ငံ စနစ်ပြောင်းကာလ၊ ဒု-တွဲ၊ နှာ-၂၄၉)

တော်လှန်ရေး ကောင်စီ၏ အတိုင်ပင်ခံများ ဖွဲ့စည်းသည်။

ဆိုလိုသည်မှာ ဆရာကြီး၏ ဟောကိန်းတွင် ဗုဒ္ဓဟူး ထူလ သောကြာအန္တရဒသာစားချိန်တွင် အပြောင်းအလဲ တစ်ခု မလွဲမသွေဖြစ်သည်မှာ မှန်ကန်ကြောင်း သက်သေပြခြင်းပင် ဖြစ်သည်။

(၂၂-၈-၁၉၇၁) မှ (၂၈-၆-၁၉၇၂)ခုနှစ် တနင်္ဂနွေ အန္တရဒသာစားချိန်။ ထိုမှ (၂၈-၁၁-၁၉၇၃)ခုနှစ်အထိ တနင်္လာ ဒသာစားချိန်ခန့်သည် တိုင်းပြည် ဆန်ရေစပါးရှားပါးပြီး ဈေးနှုန်းကြီး၍ မင်းအစိုးရတို့ ပြဿနာကြုံရသောအချိန်ဖြစ်သည်။ ငွေကြေးဖောင်းပွမှု အဆမတန်ဖြစ်ပွားခဲ့သည်။

အချို့သော နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများသည် အရှုံးခံ၍ လည်ပတ်နေကြရသည်။ လယ်ယာစိုက်ပျိုးရေး ကော်ပိုးရေးရှင်းသည် တောင်သူလယ်သမားများအား ဓာတ်မြေဩဇာများကို ဝယ်ရင်းဈေးထက် လျှော့၍ ရောင်းချပေးခဲ့ရသည်။ အရှုံးပေါ်သည်။

ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့် ရေနံဆီများကိုလည်း ထုတ်လုပ်ကုန်ကျစရိတ်ထက် လျှော့၍ ရောင်းချရသဖြင့် များစွာအရှုံးပေါ်သည်။ ရေကြောင်းပို့ဆောင်ရေးနှင့် လေကြောင်းပို့ဆောင်ရေးတို့ များစွာအရှုံးပေါ်သည်။ (မြန်မာနိုင်ငံရေး စနစ်ပြောင်းကာလ၊ နှာ-၁၃၇-၁၃၈)

(၂၈-၁၁-၁၉၇၃)မှ (၂၅-၁၁-၁၉၇၄)ခုနှစ်တွင် ဗုဒ္ဓဟူး ထူလ အင်္ဂါအန္တရဒသာအချိန် အင်္ဂါဂြိုဟ်၏ အားကောင်းမှုကြောင့် စစ်ဘက်ဆိုင်ရာ နှိမ်နင်းမှုများ ဆက်တိုက်ဖြစ်[illegible] ရတတ်သည်။ ဗုဒ္ဓဟူးဂြိုဟ် လူငယ်များ၊ ကျောင်းသား[illegible] နစ်နာရသည်။ စစ်အာဏာပြသချိန်ဖြစ်သည်။

(၂၅-၁၁-၁၉၇၄) မှ (၁၃-၆-၁၉၇၇)ခုနှစ်အတွင်း ဗုဒ္ဓဟူး ထူလ-ရာဟုအန္တရ ဒသာရောက်ချိန်တွင် လ[illegible] ဆက်တိုက်လျှောက်မိသည်။ အမှောင်ထုထဲ တိုးဝင်[illegible] ရှေ့လမ်းစပျောက်မည်။ အမှားအမှန်မခွဲခြားနိုင်။ တစ်ခွ[illegible] မိုက်ကန်းသော ရာဟုဂြိုဟ်ဖြစ်သည်။ ပြဿနာအား[illegible] လက်နက်ဖြင့် အကြမ်းဖက် ဖြိုခွဲခြင်း ခံကြရသည်။

(၁၃-၆-၁၉၇၇) မှ (၁၉-၉-၁၉၇၉)အထိ [illegible] ထူလ-ကြာသပတေး အန္တရ ဒသာစားချိန်တွင် ပညာ[illegible] အတုအယောင်များ၊ ဘာသာရေး ဟန်ဆောင်မှုများ၊ [illegible] များစွာ ဆုံးရှုံးမှုများ ကြုံမည်။ တွင်းထွက်ပစ္စည်းများ [illegible] များ ပေါ်ထွက်လာသော်လည်း၊ ၎င်းကြောင့် ပြဿနာ[illegible] ဆိုးကျိုးများ ကြုံတွေ့ရတတ်သည်။

(၁၉-၉-၁၉၇၉) မှ (၂၈-၅-၁၉၈၂)ခုနှစ်အတွင်း [illegible] ထူလ-စနေအန္တရ ဒသာစားချိန်၌ ပြည်သူလူထု [illegible] နေရေး ကျပ်တည်းမည်။ ရင်ထဲ တအုံနွေးနွေးခံစား[illegible] ကတိပျက်မှု၊ အလိမ်အညာခံရမှုများ ကြုံမည်။ ကုန်[illegible] နှုန်းများ အဆမတန်ကြီးမည်။ ငွေကြေးဖောင်းပွမည်။ [illegible] ကုန် ပစ္စည်းများ ရှားမည်။ မှောင်ခိုဈေးကွက် ကြီးစိုး[illegible]

ဆရာကြီး၏ ဗုဒ္ဓဟူး ထူလဒသာကို အကျယ်[illegible] ဒသာစိတ်၍ ဟောကိန်းထုတ်ခြင်းဖြစ်မည်။

ဆရာကြီး၏ ဟောကိန်းဆင်သော နည်းမှာ မည်မျှ[illegible] မှန်ကန်ကြောင်း သိစေလို၍ဖြစ်သည်။

ဆရာကြီး လျှပ်စစ်ဗေဒင် ဦးအုန်းသင်သည် ဗုဒ္ဓဟူး[illegible] ထူလဒသာကို ဟောပြီးနောက် ကိတ်ဂြိုဟ်၏ ထူလ[illegible] သက် ခုနှစ်နှစ်ကို အောက်ပါအတိုင်း ဆက်လက်ဟော[illegible] သည်။

(၂၈-၅-၁၉၈၂) ခုနှစ်မှ (၂၈-၅-၁၉၈၉)ခုနှစ်အတွင်း၌ ကိတ်ထူလ ဒသာစားဆဲ ကြုံလေသည်။ (၎င်း၏ [illegible] စာအုပ်တွင် ၂၈-၂-၁၉၈၂ ခုနှစ်မှ ၂၂-၁-၁၉၈၃ ဟု [illegible] သည်။ ပုံနှိပ်ရာတွင် မှားနေသည်။ ကိတ်ဂြိုဟ်သက် [illegible] နှစ်ဖြစ်သည်။) ထို့ကြောင့် ဆရာကြီး၏ တွက်စဉ်[illegible] အတိုင်း ခုနှစ်တို့ကို အထက်ပါအတိုင်းယူလိုက်သည်။

ထိုနှစ်ပိုင်းအတွင်း၌ တိုင်းပြည်တွင် အုပ်ချုပ်[illegible] သစ်သို့ ပြောင်းလဲရတတ်စေခြင်း၊ အာဏာရှင်စနစ်[illegible] အုပ်ချုပ်ရေးတို့ဖြင့် အုပ်ချုပ်မှုခံရခြင်း၊ အစိုးရ[illegible]ပြောင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုးနှင့် တွေ့ကြုံရခြင်းတို့ ဖြစ်ရစေတတ်လေသည်။ နှစ်ပိုင်း လက်နက်ရုံ၊ အလုပ်ရုံတို့ တည်ဆောက်ခြင်း များလျက် တိုင်းပြည် မငြိမ်မသက်မှုများ များပြားခြင်းတို့ ဖြစ်နေစေတတ်လေသည်။

## သုံးသပ်ချက်

ဆရာကြီးသည် ကိတ်-ထူလဒသာ ခုနှစ်နှစ်အတွင်း အထက်ပါအတိုင်း ဟောကိန်းထုတ်ခဲ့ရာ အလွန်မှန်ခဲ့ကြောင်း တွေ့ရသည်။

ထိုအတွင်း ၈၈-အရေးအခင်းပေါ်ပေါက်ခဲ့သည်။ အစိုးရ အပြောင်းအလဲအမျိုးမျိုးတွေ့ကြုံရခြင်းတို့ ဖြစ်ရစေတတ်သည်ဟူသော အဟောအတိုင်း ဦးနေဝင်းမှသည် သမ္မတ ဦးစိန်လွင်။ ထို့နောက် သမ္မတ ဦးစိန်လွင်။ ထို့နောက် ဒေါက်တာ မောင်မောင်။ သမ္မတအဆက်ဆက်ထွက်ပေါ်ပြီး နောက်ဆုံး စစ်တပ်က အာဏာသိမ်းခဲ့သည်။ (၈၆-၈၇) နှစ်များက ဗကပနှင့် အကြီးအကျယ်တိုက်ပွဲဖြစ်ခဲ့သည်။

မြန်မာ့သမိုင်းတွင် တစ်ခါမျှ မပေါ်ပေါက်ခဲ့ဘူးသော တစ်ပြည်လုံး ပါဝင်သော ရှစ်လေးလုံးအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့လေသည်။

ဆရာကြီး၏ ဟောကိန်းသည် အလွန်မှန်ခဲ့၏။ ဆက်သက်၍ သောကြာ ထူလဒသာကို ဟောပြန်ရာ၊ ယင်း အဟောမှာ အုပ်ချုပ်ရေးဌာနတွင် အမျိုးသမီးတို့ အာဏာ လွှမ်းမိုးမှု များခြင်း၊ အမျိုးသမီးတို့ ပါဝင်ဆောင်ရွက်လုပ်ကိုင်မှု များခြင်းတို့ ဖြစ်အံ့ဟု ပါဝင်သဖြင့် ဟောစာတမ်း ဖတ်သူ များသည် ဒေါ်အောင်ဆန်းစုကြည်များ အာဏာရလေမလား ဟု မျှော်တလင့်လင့် စောင့်စားခဲ့ကြသည်။

ဆရာကြီး၏ ဟောနည်းကို ကြည့်ပါ။

(၂၈-၅-၁၉၈၉) ခုနှစ်မှ (၂၈-၅-၂၀၀၉)ခုနှစ်အထိ အတွင်း၌ သောကြာ ထူလဒသာစားဆဲ ကြုံနေခဲ့လေသည်။ ပုံအဆိုပါ နှစ်ပိုင်းအတွင်းကား တိုင်းပြည်တွင် စည်ပင် သာယာ ဝပြောခြင်း ဖြစ်ရအံ့။ ကောက်ပဲသီးနှံ လယ်ယာ စိုက်ပျိုးရေးအခြေအနေတို့ တိုးတက်ကောင်းမွန်ခြင်းဖြစ်ပေ အံ့။ အနုပညာသည်တို့ တိုးတက်ထွန်းကားခြင်း၊ ပွဲလမ်း သဘင် ရုပ်ရှင်၊ ပြဇာတ်သဘင်သည်တို့ များပြားစွာ ပေါ်ထွက် ခြင်းဖြစ်အံ့။ တိုင်းပြည်တွင် အလှအပကုန်ပစ္စည်း၊ ပိုးဖဲ ကတ္တီပါ စသည့် ပစ္စည်းများ ထုတ်လုပ်ထွက်ပေါ်မှုတို့ များပြားခြင်း ဖြစ်ရအံ့။ နိုင်ငံခြားဆက်သွယ်မှု တိုးတက်ပေအံ့။ အုပ်ချုပ်ရေး ဌာနတွင် အမျိုးသမီးတို့ အာဏာလွှမ်းမိုးမှု များခြင်း၊ အမျိုး သမီးတို့ ပါဝင်ဆောင်ရွက်လုပ်ကိုင်ရခြင်း များပြားအံ့။ ဘာသာ ရေးတွင်မူ ဆုတ်ယုတ်အားနည်းခြင်းတို့ တွေ့ကြုံမှု များပြား ခြင်း ဖြစ်ရစေတတ်သော နှစ်ပိုင်းပင်ဖြစ်လေသည်။

ဤသည်တို့ကား ထူလဒသာ၏ နှစ်ပိုင်းကြီးတို့အတွက် အခြေခံ ဟောဆိုချက်ပင် ဖြစ်လေသည်။

ဆရာကြီးသည် ဤမူဖြင့် နှစ်(၅၀)ဟောစာတမ်း အခြေခံကို ညွှန်ပြခဲ့သည်။

ယင်းအခြေခံကို မှတည်၍ အန္တရ-ဒသာ၊ ဘုတ္တိဒသာ တို့ ဆက်လက်ဟောဆိုရန်ပင် ဖြစ်သည်။

ဆရာကြီးသည် သောကြာ ထူလဒသာစားချိန် နှစ်(၅၀) အတွင်း သောကြာဂြိုဟ်၏ အနေအထားကို ကြည့်၍ အကောင်းတွေ ဟောခဲ့သည်။

တိုင်းပြည်တွင် စည်ပင်သာယာ ဝပြောအံ့ဟု ဟော သည့်အတိုင်းပင် ခရိုနီများစွာ၊ ဘဏ်ပေါင်းများစွာ ပေါ်ထွက် ခဲ့၏။ အနုပညာသည်တို့ တိုးတက်ဖြစ်ထွန်းအံ့ဟု ဆိုသည့် အတိုင်း ဆို-က-ရေး-တီး အနုပညာပြိုင်ပွဲနှင့် ဟစ်ပေါ့ ဟစ်ဟော့ စသော ယဉ်ကျေးမှုများတို့ ကူးစက်လာသည်။

ပိုးဖဲ၊ ကတ္တီပါ စသည့်ပစ္စည်းများ ထုတ်လုပ်ထွက်ပေါ် မှုတို့ များပြားအံ့ဟုဆိုသည့်အတိုင်း အထည်ချုပ်စက်ရုံပေါင်း များစွာပေါ်ထွက်ခဲ့သည်။ နိုင်ငံခြားဆက်သွယ်မှု တိုးတက်ပေ အံ့ဟု ဟောသည့်အတိုင်း အာဆီယံအဖွဲ့ဝင်ဖြစ်ပြီး အထိုက် အလျောက် နိုင်ငံတကာ၌ ဝင်ဆံ့ခဲ့သည်။ ယခင်ထက် တိုး တက်ခဲ့သည်။

အုပ်ချုပ်ရေးဌာနတွင် အမျိုးသမီးတို့ အာဏာလွှမ်းမိုး မှုတို့ ဖြစ်ပေါ်မည်ဟု ဟောသည့်အတိုင်း အမျိုးသမီးရေးရာ အဖွဲ့အစည်းများ ပေါ်ပေါက်လာပြီး ကတော်များ၏ ဩဇာ အာဏာသည် အလွန်လွှမ်းမိုးခဲ့သည်။

ဆရာကြီးသည် သောကြာ၏ ထူလ နှစ်ကြီးပိုင်းကို အခြေခံအားဖြင့် ဟောခဲ့သည်။

ကျွန်ုပ်တို့သည် ယင်း သောကြာထူလကို အန္တရဒသာ ဖြင့် ခွဲခြားကြည့်သောအခါ-

(၂၈-၇-၁၉၉၉)မှ(၂၈-၃-၂၀၀၂)အတွင်း ကြာသပတေး အန္တရဒသာစားချိန်၌ ကမ္ဘာတွင် ငွေကြေးပြဿနာအကြီး အကျယ်ပေါ်ထွက်ခဲ့သည်။ အမေရိကန် ကုန်သွယ်ရေးဌာန တိုက်ခိုက်ခံခဲ့ရသည်။ မလေးရှားနိုင်ငံဝန်ကြီးချုပ် မဟာသီဟာ မိုဟာမက်က ငွေကြေးဆုံးရှုံးမှုနှင့် ပတ်သက်၍ အကြီး အကျယ်ပေါက်ကွဲခဲ့သည်။ ကြာသပတေးဂြိုဟ်၏ သတ္တိပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၂၈-၃-၂၀၀၂) မှ (၂၈-၅-၂၀၀၅)ခုနှစ်အတွင်း စနေအန္တရ ဒသာစားစဉ် ဒီပဲယင်းအရေးအခင်းဖြစ်ပေါ်ခဲ့သည်။ ထောက်လှမ်းရေးအဖွဲ့အားလုံး ဖျက်သိမ်းခံခဲ့ရသည်။

(၂၈-၅-၂၀၀၅) ခုနှစ်မှ (၂၈-၃-၂၀၀၈)ခုနှစ်အတွင်း ဗုဒ္ဓဟူး အန္တရဒသာစားချိန်တွင် အခြေခံဥပဒေ ပြီးစီးအောင် ရေးဆွဲသည်။ ၂၀၀၇ ခုနှစ် ရွှေဝါရောင် သံဃာ့အရေးအခင်းကြီး ပေါ်ပေါက်ခဲ့သည်။

(၂၈-၃-၂၀၀၈) မှ (၂၈-၅-၂၀၀၉)ခုနှစ်အတွင်း ကိတ်အန္တရဒသာစားချိန်၌ နာဂစ်မုန်တိုင်းကြီးကြုံခဲ့ရသည်။ ၂၀၀၈ ခုနှစ် အခြေခံ ဥပဒေ ဆန္ဒခံယူပွဲကြီးဖြစ်အောင် ဆောင်ရွက်ခဲ့သည်။ ယခင် ကိတ်ထုလဒသာစားစဉ်က သမ္မတ သုံးဆက်ပြောင်းခဲ့သည်။ ယခု ကိတ်အန္တရဒသာစားစဉ် ပြောင်းလဲရန် ဦးတည်နေလေပြီ။


ဆရာကြီးသည် ကိတ်နှင့် သောကြာကို ဒသာကြီးအတိုင်း ဟောခဲ့သည်။ ဤမျှ ဟောပေးခဲ့သည်ကိုပင်လျှင် အလွန်ကျေးဇူးဥပကာရ များစွာရှိလှပေသည်။

ထိုသို့ဟောပြီး ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၁ရက်နေ့တွင် ဆရာကြီးသည် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ဆရာကြီး လျှပ်စစ်ဗေဒင် ဦးအုန်းသင်သည် ၁၉၀၂ ခုနှစ်၊ အောက်တိုဘာလ ၁၉ရက်နေ့တွင် ရမည်းသင်းမြို့၌ မွေးဖွားခဲ့သည်။ ခုနစ်တန်းအောင်မြင်ခဲ့ပြီး မြေတိုင်းစာရေးရာထူးဖြင့် ပဲခူးတိုင်း၊ ရွှေကျင်၊ အုတ်ဖိုဒေသ စသည်တို့၌ တာဝန်ကျခဲ့သည်။

၁၉၄၇ ခုနှစ်၊ ၁၉ရက်၊ ဇူလိုင်လတွင် ရန်ကုန်မြို့သို့ စတင်ရောက်ရှိခဲ့သည်။ နက္ခတ်ဗေဒင်ကျွမ်းကျင်သည့်အတိုင်း အများ၏ အားကိုးမှုကို ရရှိခဲ့သည်။ လွတ်လပ်ရေးနေ့ ရယူရန် ဦးနုတို့က ရက်ရွေးခိုင်းသောအခါ ဆရာကြီး ဦးအုန်းသင်က ၁၉၄၈ ခု၊ ဇန်နဝါရီလ ၁၅ရက်နေ့တွင် လွတ်လပ်ရေးယူရန် အခါပေးခဲ့လေသည်။

**ဆရာကြီး ပေးသော လွတ်လပ်ရေးဇာတာ**



(၁၅-၁-၁၉၄၈)

ဆရာကြီး ပေးသော လွတ်လပ်ရေးအခါ ဇာတာ ဂြိုဟ်တို့၏ သမ္ဗန္ဓအလွန်အားကောင်းသည့် တနင်္ဂနွေ ... စနေ-သမ္ဗန္ဓ၊ တနင်္လာ-သောကြာ-အင်္ဂါ-သမ္ဗန္ဓ ဂြိုဟ် ... တစ်လုံးနှင့်တစ်လုံး ပူးခြင်း၊ ယှဉ်ခြင်း၊ မြင်ခြင်း ... အားကောင်းလေသည်။ အချင်းချင်း ကျေးဇူးပြု... အားပြုထားလေသည်။

သို့သော် ဗိုလ်လက်ျာတို့၊ ဗိုလ်စကြာတို့၊ ဦး... ဝေးသည်၊ မြန်မြန်နီးလေ ကောင်းလေဟု ဆိုကာ ... ဗေဒင်ဆရာများနှင့် တိုင်ပင်ကာ ဇန်နဝါရီလ ၄ရက်၊ ... ၄နာရီ၊ မိနစ် ၂၀အချိန်တွင် လွတ်လပ်ရေးယူခဲ့သည်။ ဂြိုဟ်... တွေ ဆိုးဆိုးဝါးဝါး တစ်လုံးစီကွဲနေပြီး တနင်္လာကို ... က အထူးမြင်နေချိန်ဖြစ်သည်။ အဘယ်မှာ စိတ်ချမ်းသာ... နည်း။

၎င်းလွတ်လပ်ရေးဇာတာကို တိုင်းပြည်၏ ဇာတာ... အဖြစ် မပြုလုပ်ဘဲ၊ လူဆိုလျှင် သက်န်းဝတ် ယတြာ... ဇာတာဖျက်သလို၊ ၎င်းလွတ်လပ်ရေးဇာတာကို ... နေ့ထူး နေ့မြတ်အဖြစ် ကိန်းချေပြီး မြန်မာနိုင်ငံ... ဇာတာအသစ် ထပ်ဖြစ်ပေါ်ရန် လိုပေပြီ။

ဥပမာ- ရက်ကောင်း၊ လကောင်း တစ်ခုခုကို ... ၂၁ရာစု ပင်လုံညီလာခံကို ဖြစ်စေ၊ အခြား ဥပဒေ... အောင်မြင်ရာအချိန်အခါနေ့ဖြစ်စေ၊ တစ်ရက်ရက် ... ပြီး မြန်မာ့လွတ်လပ်ရေးဇာတာကို ပြန်ဖွဲ့သင့်ပေပြီ။

ဆရာကြီး လျှပ်စစ်ဗေဒင် ဦးအုန်းသင်သည် ... နိုင်ငံ၏ အနာဂတ် နှစ်(၅၀)ဟောစာတမ်းကို ဟော... သာသနာသက္ကရာဇ် ၂၅၀၀ ပြည့်နှစ်ကို ဇာတာ... လွတ်လပ်ရေးနေ့ ဇာတာကိုပါ ဇာတာနှစ်စောင်ညှိ၍ ... ကိန်းထုတ်ခဲ့သည်။

ကျွန်ုပ်တို့သည် ကျန်ရှိသော နှစ်များကို ဆက်... လျှင်လည်း ယင်းဇာတာနှစ်စောင်ကို ချိန်ဆညှိပြီး ... ပေတော့မည်။

လွတ်လပ်ရေးဇာတာကို မကြိုက်ပါ။ ဆက်၍ ... မဟောလိုပါ။ အကယ်၍ မဟောမဖြစ်လို့ ဟောရမည်ဆို... ဒသာဂြိုဟ်ရာသီစက်ဝန်းလှည့်လည်သောအခါ လွတ်... ရေးဇာတာအရ စစ်တပ်သည် အစဉ်ကြီးစိုးနေမည်။


ထိုသို့ ကြီးစိုးမည်ဆိုလျှင်လည်း အရှေ့တောင်... သာမက၊ ကမ္ဘာတစ်ဝှမ်းလုံး ကြီးစိုးပါစေတော့ဟု...

ဆရာကြီး လျှပ်စစ်ဗေဒင် ဦးအုန်းသင် ... ဂါရဝ ဦးထိပ်ထားလျက်···။ ❐



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"မယ်တော်···သားတော်ရဲ့ ခမည်းတော်က ဘယ်သူလဲဟင်"

ပဋ္ဌာကလျာဏီ မိဖုရားသည် သားတော် မောင်ကျန်စစ်၏ စကားကြောင့် မျက်နှာညှိုးရော်သွားသည်။

"သားတော်လေးရယ်၊ မင်းခမည်းတော် ဘယ်သူလဲဆိုတာ မမေးပါနဲ့လားကွယ်"

ဟူ၍ တားမြစ်မိ၏။ ရင်တွင်းသို့ ဝမ်းနည်းစိတ်တို့ တိုးဝှေ့ ဝင်ရောက်လာကြသည်။ ထိုအမေးစကားကြောင့်ပင် ပဋ္ဌာကလျာဏီ မိဖုရားသည် အနာဟောင်းကို ထိုးဆွသကဲ့သို့ နာကျင်ခံစားလိုက်ရသည်။

တစ်ချိန်သောအခါက ပဋ္ဌာကလျာဏီ မိဖုရားသည် ပုဂံ ရွှေနန်းတော်တွင် မိဖုရားကြီးအဖြစ် နေခဲ့ရသည်။ ထိုအချိန်က မလိုသူ မသူတော်တို့၏ ကုန်းချောစကားကို အနော်ရထာဘုရင်က ယုံကြည်ပြီး ချင်းတွင်းမြစ်ကမ်းနံဘေးရှိ ပရိမ္မရွာသို့ ပို့ထားခဲ့သည်။ ထိုအကြောင်းတို့ကြောင့် အနော်ရထာဘုရင်အား နာကြည်းစိတ်သည် မီးခဲ ပြာဖုံးဖြစ်နေရာမှ သားတော်၏ အမေးစကားကြောင့် ပြန်လည် နာကျင်လာရသည်။

အဖမဲ့သား ရေနည်းငါးပမာ စိတ်ညှိုးငယ်နေရှာမည့် သားတော်လေးအား တိုး၍ပင် သနားနေမိသည်။

"သားတော်လေးရယ်" ဟူ၍ ဝမ်းနည်းစိတ်ဖြင့် တိုးတိတ်စွာ ခေါ်ဆိုပြီး သားတော်လေးအား တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားမိသည်။

ကလ,လရှည်ကြည် တည်သည်မှစ၍ ကိုးလလွယ် ဆယ်လဖွားကာ၊ နို့ချိုတိုက်ကျွေး၊ ညစ်ကြေးသန့်စင်၊ ချော့မြှူ

ကျန်စစ်မင်း၏ ပင့်ဖိတ်ချက်ကြောင့် ရှင်အရဟံသည်လည်း တပည့် သံဃာတော်များနှင့် ကြွရောက်လာ၏။ ရဟန်းတော်များသည် မြတ်သော နေရာတို့တွင် အသီးသီး ထိုင်တော်မူကြပြီး မင်းပရိသတ်တို့အား သီလပေး တရားဟောကြားပြီးလျှင် တရားရေအေးတိုက်ကျွေးကာ ရေစက်သွန်းချ အမျှပေးဝေကြ၏။

ရှင်ပျူ၊ ပိုးမွှေးသလို ကျွေးမွေးစောင့်ရှောက်ခဲ့ရသည့် သား ဒီသားတော်လေး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ မဖြစ်စေ အမှန်ကို ပြောပြလျှင်လည်း သားတော်ကသာ သိရှိပြီး ခမည်းတော်က အသိအမှတ်မပြုပြန်လျှင် သားတော်မှာ နာကျင်ခံစားရတော့မည်။ ထို့ကြောင့် သားတော်ကို တော်သော အဖြေတစ်ခုပေးမှ ဖြစ်တော့မည်။

"ဒီလို သားတော်ရဲ့၊ သားတော်ရဲ့ ခမည်းတော် နေမျိုးကွယ့်။ အမေက ဥသျှစ်မျိုးကွယ့်"

"နေမျိုးဆိုတာ ဘာကို ခေါ်သလဲ မယ်တော်"

"နေမျိုးဆိုတာ ကမ္ဘာလောကကြီးတစ်ခုလုံးကို အ ရောင်နဲ့ ဖြန့်ကျက် စိုးမိုးထားနိုင်တဲ့အတွက် နေမျိုးလို့ တယ်ကွယ့်"

"မှန်ပါ မယ်တော်၊ သားတော် မြေဝယ်မကျ မှတ် ပါ့မယ်"

"သားတို့ရပ်ရည် သီတာမည်သား၊ ရေကြည် တစ်ပေါက်ကျသို့၊ မိဘတို့ဝမ်း ငြိမ်းစတမ်းတည်း" ဟူ သို့ ပဋ္ဌာကလျာဏီ မိဖုရားသည် သားလိမ္မာအား တစ် ကြည့်၍ စိတ်ချမ်းမြေ့နေလေ၏။ မိဘတို့၏ စိတ်နှ ရွှင်ပြုံး ပျော်ပါးစေသည်မှာ သားသမီးပင် ဖြစ်လေသည်။

◈◈◈

ပဋ္ဌာကလျာဏီ မိဖုရားကို အိမ်နိမ့်စံဘဝဖြင့် အရပ်သို့ ပို့ထားခံရသည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီ။ နေ သားအမိနှစ်ဦး ရှိနေချိန်တွင်···

"သားတော်လေးရယ်···မယ်တော်လည်း သက် ရလာပြီ။ ကျန်းမာရေးလည်း အရင်လို မကောင်းတော့ မယ်တော်ရဲ့ မိဘနှစ်ပါးနဲ့ ရခိုင်ပြည်ကို သတိရပြီး လွမ်း မိတယ်။ မိဘကိုလည်း ကျေးဇူးဆပ်ရာကျအောင်၊ တိုင်းပြည်ကိုလည်း အလွမ်းပြေအောင် မယ်တော့်မှာ လက်ဝတ်ရတနာတွေကို ရောင်းချပြီး စေတီတစ်ဆူတည် ချင်တယ်။ စေတီရဲ့ မုခ်ဝကိုလည်း ရခိုင်ပြည်ဘက်ကို ပြီး ကျေးဇူးဆပ်ချင်တယ်ကွယ်"

"တည်ပါ။ မယ်တော် စိတ်ချမ်းသာမှ သားတော် စိတ်ချမ်းသာမယ်"

စေတီတည်ရန် သားအမိနှစ်ဦး သဘောတူညီ နောက် သူတို့သားအမိကို စောင့်ရှောက်ကူညီနေသော အမတ်ကြီး ရာဇတမန်အား စေတီတစ်ဆူတည်ခွင့်ပြု ခွင့်ပန်ခဲ့ကြသည်။

"တည်ပါ မိဖုရားကြီး၊ ကျွန်တော်မျိုး အာ

www.burmeseclassic.com

ကူညီပေးပါ့မယ်"

ပရိမ္မအမတ်ကြီးသည် မကြာမီ ရွှေနန်းတော်သို့ ရောက်ရှိသွားသောအခါ အနော်ရထာမင်းကြီးထံ အခစားဝင်ပြီး-

"မှန်လှပါ ဘုရား။ မိဖုရား ပဉ္စကလျာဏီသည် သူမ့်ဇာတိရပ် ရခိုင်ပြည်ဘက်သို့ မုခ်ဝလှည့်ပြီး စေတီတစ်ဆူတည်လိုကြောင်း ခွင့်ပန်နေပါတယ် ဘုရား"

အနော်ရထာဘုရင်သည် ရာဇတမန်အမတ်ကြီး၏ လျှောက်တင်စကားကြောင့် တွေသွားကာ နန်းတော်ပြတင်းပေါက်မှ ပိုးအဝေးတစ်နေရာသို့ ငေးမျှော်ရင်း အတန်ငယ် တိတ်ဆိတ်နေပြီးမှ···

"ခွင့်ပြုလိုက်ပါကွယ်။ သူလည်း သူ့တိုင်းပြည်ကို လွမ်းနေရှာမှာပေါ့။ သူ့ဆန္ဒအတိုင်း စေတီပြီးစီးအောင် မောင်မင်းတာဝန်ယူပေးလိုက်ပါ"

"မှန်လှပါ။ အမိန့်တော်အတိုင်းပါ ဘုရား"

မိဖုရား ပဉ္စကလျာဏီ တည်စေချင်သော စေတီပုံစံအတိုင်း ပုဂံ နေပြည်တော်မှ ပန်းရန်ဆရာများကိုယ်တိုင်သာရောက်ပြီး မနေမနား တည်ဆောက်ပေးခဲ့ကြသည်။ ထိုကဲ့သို့ ကြိုးစားတည်ဆောက်ပေးကြသောကြောင့် လအတန်ကြာသောအခါတွင် အားလုံးပြီးစီးသွားခဲ့လေသည်။

စေတီတော်သည် ရခိုင်ပြည်ဘက်သို့ မုခ်ဝကို လှည့်လျက် ထုံးဖြူဖွေးဖွေးနှင့် ကြည်နူးသဒ္ဓါပွားဖွယ် သပ္ပာယ်လို့နေလေပြီ။ စေတီတော်နာမည်ကိုလည်း မိဖုရား ပဉ္စကလျာဏီ၏ ဆန္ဒနှင့်အညီ "လွမ်းစေတီ"ဟူ၍ မှည့်လိုက်ကြသည်။

◈◈◈

ပရိမ္မရွာ၏ တစ်နေ့သော နေ့ခင်းအချိန်တွင်···

"သခင်မ ပဉ္စကလျာဏ···သခင်မ···သခင်မ"

ရံရွေတော် ပိုးဝါဖြူသည် ခေါ်သံနှင့်အတူ အပြေးအလွှားရောက်ရှိလာလေသည်။

"ပိုးဝါ··· ဘာတွေဖြစ်လို့ ဘာအရေးကြီးလာသလဲကွယ့်"

"မှန်လှပါ မိဖုရားကြီး။ အနော်ရထာမင်းရဲ့ စစ်သည်တော်တွေဟာ နွားကျောင်းသားအရွယ် လူငယ်တွေကို လိုက်လံဖမ်းဆီး သတ်ဖြတ်နေတယ်လို့ ကြားခဲ့ရကြောင်းပါ ဘုရား"

"ဟယ်···"

ပဉ္စကလျာဏီသည် ထိတ်လန့် တုန်လှုပ်စွာ ရေရွတ်မိသွား၏။ မောင်ကျန်စစ်သည် ချင်းတွင်းမြစ်တစ်ဖက်ကမ်းရှိ ဒီးလှိုင်ရွာနှင့် ကျောင်းဖြူရွာအနီး ကြခတ်ဝါး ယာခင်းသို့ သွားရောက်ပြီး စိုက်ပျိုးရေးလုပ်နေသည်။ ထိုသည်ကို သိသော မိခင်ဖြစ်သူသည် မတော်တဆ ဖမ်းမိသွားလျှင်ဟူသော စိုးရိမ်သောကတို့ဖြင့် ချင်းတွင်းမြစ်ဆိပ်သို့ ကသောကမျော ပြေးဆင်းလာခဲ့သည်။ မြစ်ဆိပ်သို့ ရောက်ရှိသောအခါ···

"သားတော် မောင်ကျန်စစ်···သားတော် မောင်ကျန်စစ်···"

ဟူ၍ သံကုန်ဟစ်လျက် အကြိမ်ကြိမ်အော်ခေါ်ပါသော်လည်း ရှာမတွေ့သည့်အဆုံး ပတ္တာမြေလူး အရှုးပမာ မြေပေါ်တွင် ထိုင်ချ၍ ငိုကြွေးလိုက်သည်။ ထိုသို့ အတန်ကြာအောင် ငိုကြွေးနေစဉ်မှာပင် မောင်ကျန်စစ်သည် ချင်းတွင်းမြစ်တစ်ဖက်ကမ်းရှိ ကြက်ခတ်ဝါးယာမှ သူ့စီးတော်လှေကို တရွေ့ရွေ့လှော်ခတ်၍ မြစ်ဆိပ်သို့ ပြန်ရောက်လာလေသည်။

သားတော် မောင်ကျန်စစ် ပြန်ရောက်လာသည်ကို မြင်ရသောအခါ ပဉ္စကလျာဏီ မိဖုရားသည် မျက်နှာတွင် မျက်ရည်စများနှင့် သားကို ပြုံးပြုံးကြီး စိုက်ကြည့်နေသည်။ ထို့နောက် သားဆီသို့ ပြေးသွားကာ ရင်ခွင်တွင်းသို့ ဆွဲသွင်း၍ ပွေ့ဖက်ထားလိုက်သည်။ ဝမ်းနည်း ဝမ်းသာ မျက်ရည်ပူတို့သည်လည်း အဆက်မပြတ် ကြွေကျနေဆဲ။

◈◈◈

ပဉ္စကလျာဏီ မိဖုရားသည် အိမ်နိမ့်စံဘဝဖြင့် တဖြည်းဖြည်းအရွယ်တော်ရခဲ့ပြီ။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြင့် စိတ်သောကဖိစီးမှုဒဏ်ကို အပြင်းအထန်ခံစားခဲ့ရသည်။ ထို့ကြောင့် ကျန်းမာရေးထိခိုက်လာခဲ့သည်။ ဒီအတိုင်းသာဆိုလျှင် မိမိသည် မကြာမီ နတ်ရွာလားဖွယ်ရာသာ ရှိတော့သည်။ ထို့ကြောင့် မိမိ နတ်ရွာမလားမီ သားတော်အား သာသနာ့အမွေခံ ပဉ္စင်းခံပေးရန် ဆုံးဖြတ်လိုက်သည်။

ပရိမ္မရွာဦးကျောင်း၌ပင် သားတော် မောင်ကျန်စစ်အား သာသနာ့ဘောင်သို့ သွင်းပြီး ပဉ္စင်းခံပေးခဲ့သည်။

"အရှင်ဘုရား···တပည့်တော်မရဲ့ သားကို ကူညီစောင့်ရှောက်ပေးပါ ဘုရား"

"စိတ်ချပါ ဒကာမကြီး။ ဦးပဉ္စင်း ပညာဇေကို ပုဂံနေပြည်မှာ ပညာသင်ပေးမယ်ကွယ့်။ ဒကာမကြီး သဘောတူရဲ့လား"


"တူပါတယ် ဘုရား။ အရှင်ဘုရားကို အပ်ပါတယ် ဘုရား"

ဦးပဉ္စင်း ပညာဇေလေးသည် ပုဂံ နေပြည်တော်သို့



www.burmeseclassic.com

www.burmeseclassic.com



သွားရောက် ပညာသင်ကြားနေသည်မှာ လ အတော်ပင်ကြာခဲ့လေပြီ။ ပရိမ္မရွာနှင့် ပုဂံ နေပြည်တော်သည် လှမ်းမှ ကွာခြားလှ၏။ မင်းပွဲစိုးပွဲများနှင့် ရာသီပွဲတော်များကိုလည်း ကျင်းပကြ၏။ ဦးပဋ္ဌင်းလေးသည်ပင် ပုဂံ နေပြည်တော်၌ ပျော်မွေ့နေလေပြီ။

ထိုအချိန်မှာပင် မယ်တော်ကို စိုးရိမ်စိတ်ဖြင့် မွေးရာဇာတိ ပရိမ္မရွာသို့ အမြန်ပြန်လာခဲ့ရသည်။ အမေ့ခြံဝိုင်းထဲသို့ ဝင်လိုက်သည်နှင့် ရွာသူရွာသားများ ဝိုင်းအုံနေသည်ကို တွေ့မြင်လိုက်ရသဖြင့် အလာကောင်းပေမယ့် အခါနှောင်းခဲ့ပြီကို သိလိုက်ရသည်။

"မယ်တော်ရယ်···သားတော်ကို ပစ်ပြီး ဘာဖြစ်လို့ ထွက်သွားရတာလဲ။ အမေတစ်ခု၊ သားတစ်ခုပေါင်းမှ ဘဝတစ်ခုတည်းရယ်ပါ။ မယ်တော် မရှိတဲ့ ဒီလူ့လောကကြီးထဲမှာ သားတော် အသက်ရှင်လျက် မနေချင်တော့ပါဘူး။ သားတော်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့။ သားတော်ကိုပါ ခေါ်သွားပါတော့လား မယ်တော်ရယ်"ဟူ၍ ငိုကြွေးလိုက်ချင်သော်လည်း ရဟန်းဘဝမို့ စိတ်တင်းပြီး ကြိတ်၍သာ ငိုခဲ့ရသည်။

ဦးပဋ္ဌင်းလေး၏ ဖြစ်အင်ကို မြင်ကြရသော ရွာသူရွာသားတို့မှာ ဦးပဋ္ဌင်းလေးကို ကြည့်ပြီး ဝမ်းနည်းမျက်ရည်များပင် ဝဲနေကြသည်။

မယ်တော်၏ မေတ္တာရင်ခွင်သည် သားတော်အတွက် အားကိုးခိုလှုံရာ၊ လုံခြုံပျော်မွေ့ရာ လောကနိဗ္ဗာန်ဖြစ်ခဲ့သည်။ မယ်တော်သည် သားအပေါ်၌ ကျွေးမွေးစောင့်ရှောက်ပေးဆပ်ရင်းဖြင့် ကွယ်လွန်ခဲ့ရရှာသည်။

◈◈◈

"အမတ်ကြီးကို ဟို နာရေးရက်တွေက မတွေ့ရ... လားလို့"

"တင်ပါ့ ဘုရား။ တပည့်တော် နေပြည်တော်... သွားနေရလို့ပါ ဘုရား"

"ဒကာကြီးရဲ့ ကူညီစောင့်ရှောက်ပေးမှုကြောင့် ဦးဇင်း... တို့ သားအမိ လုံလုံခြုံခြုံနေခဲ့ကြရတာကို ကျေးဇူးတင်... မဆုံးပါဘူး။ ဦးပဋ္ဌင်းဟာ ဒီရွာမှာ မွေး၊ ဒီရွာမှာ ကြီးပြင်း... အတွက် ဒီရွာကို ချစ်ပါတယ်။ မိခင်ရဲ့ ရင်ငွေ့ကို မိခ... သားသမီးများက မမေ့တတ်ကြသလိုပါပဲ။ ဒီဒေသနဲ့ ဒီရွာ... လူတွေကို သတိရနေမှာပါ။ ဒါပေမယ့် မယ်တော် မ... တစ်ကောင်ကြွက် တစ်မျက်နှာဘဝနဲ့တော့ ဒီရွာမှာ မနေ... တော့ပါဘူး ဒကာကြီး။ မနက်ဖြန် နေပြည်တော်ကို ပြ... တော့မယ်"

"အရှင်ဘုရား ပြန်မကြွခင် အရှင်ဘုရားရဲ့ မယ်တော်... ဘဝအကြောင်းကို သိချင်တယ်ဆိုရင် တပည့်တော် ပြော... မယ် ဘုရား"

"ပြောပါ ဒကာကြီး။ မယ်တော်ရဲ့ ဘဝအကြောင်း... လျှို့ဝှက်ထားတာ ရှိတယ်လို့ တွေးမိတယ်"

"တပည့်တော်တို့ ပုဂံ နေပြည်တော်နဲ့ ရခိုင် ဝေသာ... တို့ဟာ ထီးပြိုင်နန်းပြိုင်ရှိခဲ့ကြပါတယ် ဘုရား။ ပုဂံပြည်... အနော်ရထာမင်း နန်းတက်တဲ့အခါ မိဖုရားတစ်ပါးလို... နေခဲ့တယ်။ ဒီလိုနဲ့ ဝေသာလီပြည်ကို စိုးစံတဲ့ မဟာစ... နဲ့ သုပဿာဒေဝီတို့ရဲ့ သမီးတော် ပဥ္စကလျာဏီ မင်း... လေးဟာ ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတယ်လို့ အရှေ့... တစ်ခွင်မှာ ကျော်ဇော ထင်ရှားခဲ့တယ်။ အဲဒီလို ပဥ္စက... ဏီရဲ့ ကျော်ဇောသတင်းကို ကြားရတဲ့ အနော်ရထာ... ဟာ ကြားရရုံနဲ့ပဲ စွဲလမ်းပြီး သံတမန်စေလွှတ်ပြီး တော... စေခဲ့တယ်"

◈◈◈

အနော်ရထာဘုရင်က သမီးကညာတောင်းခံသည်... ရခိုင်ပညာရှိ အမတ်ကြီး မဟာပညာကျော်က ဝေသာ... ဘုရင်ကို လျှောက်တင်ခဲ့သည်မှာ -

"မှန်လှပါ အရှင်ဘုရား၊ ဘိသိက်ခံ မိဖုရားကြီး... သည့်အပြင် ပုဂံပြည်နှင့် ဝေသာလီတို့ နှစ်ပြည့်တစ်... ချစ်ကြည်လိုသည်ကလည်း တစ်ကြောင်းကြောင့် ခွင့်... သင့်တော်မည်ဟု ယူဆပါသည်။ ထို့အပြင် သမီးက... တောင်းခံခြင်းကို အကြောင်းပြု၍ နှစ်ပြည်ထောင် ရ... ပြီး စစ်မက်ဖြစ်ပွားကြရင်လည်း လင်သေ သ...



www.burmeseclassic.com

www.burmeseclassic.com

ပြည်သူများ ပူဆွေးသောကရောက်ကြရပါမည်။ သိုက်မြို့အိမ် စီးပွားတွေလည်း ပျက်လို့ ပြည်သူများ သောကပွားကြရပါမည်။ သို့ပါသောကြောင့် သမီးကညာတောင်းခံသည့်ကို ခွင့်ပြုရန် သင့်တော်ကြောင်းပါ ဘုရား"

ဟု ပညာရှိ အမတ်ကြီး မဟာပညာကျော်က ကျိုးကြောင်းပြလျှောက်တင်သည်ကို မဟာစန္ဒမြင်းနှင့် မိဖုရားကြီးသုဓာဒေဝီတို့က သဘောတူ ခွင့်ပြုပေးလိုက်လေသည်။

ထို့ကြောင့် နေ့ကောင်းရက်သာ ရွေး၍ ဝေသာလီမှ ခရီးထွက်ခဲ့ကြသည်။ သမီးတော်နှင့်အတူ ကိုယ်လုပ်တော် မိန်းကျိုပ်ကိုလည်း ထည့်ပေးလိုက်လေသည်။

ရိုးမကို ကျော်၍ လှည်းတစ်တန်၊ ရေကြောင်းတစ်တန်ဖြင့် ခရီးထွက်လာခဲ့ကြရာ တစ်လကျော်ခန့်အကြာတွင်မှ ဧရာဝတီသိဥတုပူပြင်းလှသော ပုဂံ နေပြည်တော်သို့ ရောက်ရှိခဲ့ကြလေသည်။

ပုဂံဘုရင် အနော်ရထာသည် ပုဂံ နန်းတော်၏ အနောက်ဘက် မြေကွက်လပ်တွင် တွေ့ခုံရန် စောင့်ကြိုနေသည်။ ထို့ကြောင့် အနော်ရထာ စောင့်ကြိုနေသော မြေကွက်လပ်သို့ သွားရောက်ကြကာ၊ ပဥ္စကလျာဏီ မင်းသမီးက ပဆစ် ဒူးတုပ်ထိုင်ကာ အနော်ရထာဘုရင်ကို ဖူးမြော်ကန်တော့လေသည်။

ထို့နောက် တစ်လခန့်အကြာတွင် ပုဂံပြည့်ရှင် အနော်ရထာသည် ပဥ္စကလျာဏီမင်းသမီးနှင့်အတူ နန်းတက်သီသိက်ခံပွဲကို ကျင်းပခဲ့ကြလေသည်။

လူ့ဘဝဟူသည် "ရွှေဘုံ ရွှေနန်း၊ ရွှေကြငှန်းနှင့်ဆော်ပေါင်းလည်း ရံ" ရှိခဲ့ကြသော်လည်း တစ်ခါတစ်ရံမှာမူ "နိကင်းတစ်လှည့် ထင်းတစ်လှည့်"အဖြစ်သို့လည်း အချိန်အခါမရွေးရောက်တတ်ကြလေသည်။

◈◈◈

ကျန်စစ်မင်းသည် အေဒီ ၁၀၈၄ ခုနှစ်တွင် ပုဂံထီးနန်းကို လက်ခံရရှိခဲ့သည်။ ထို့ကြောင့်ပင် နန်းတွင်းရှိ မှူးမတ်များနှင့် ပြည်သူပြည်သားတို့ ဝမ်းသာအားရ ပျော်ရွှင်ခဲ့ကြသည်။ ကျန်စစ်မင်းသည် ပြည်သူချစ်သော စံပြမင်းတစ်ပါးဖြစ်သည်။

ကျန်စစ်သားမင်းသည် အိမ်နိမ့်စံဘဝမှာ ရှိစဉ်ကအချစ်နှင့် သစ္စာဆိုခဲ့ကြသော အပါယ်ရတနာ၊ မဏိစန္ဒာ (ဒေဝီ) ခင်ဦး၊ သမ္ဘူလ(ရဟန်းတူမ)၊ ခင်တန်(ယာခင်းရှင်၏သမီး)ဟူသော ချစ်ခဲ့ရသူ လေးဦး ရှိလေသည်။ သူတို့ကိုလည်း ထိုက်တန်သော အဆောင်အယောင်များ ပေးအပ်ခဲ့သည်။

ကျန်စစ်မင်းသည် ချစ်သူများအပေါ်တွင် သစ္စာမမဲ့ခဲ့သလို၊ မိမိအပေါ်တွင် တင်ရှိနေသော ကျေးဇူးရှင်များစွာတို့ကိုလည်း ကျေးဇူးမမေ့ခဲ့ပေ။ ပုဂံဒေသတွင် သူ၏ လုပ်ရပ်များက ကြည်နူး ဆွတ်ပျံ့ဖွယ် ကောင်းခဲ့လေသည်။

ကျန်စစ်မင်းသည် ကျေးဇူးပြုထိုက်သူများကို ကျေးဇူးပြု မြှောက်စားပြီးနောက် သူ၏ဘဝတွင် အကြီးမားဆုံး ကျေးဇူးရှင်ဖြစ်သော မိခင် ပဥ္စကလျာဏီအား မပေးဆပ်လိုက်ရသော ကျေးဇူးကို ပေးဆပ်လို၍ ပုဂံနန်းတော်၏ အနောက်ဘက်တွင် အနော်ရထာဘုရင်ကို ပုဆစ် ဒူးတုပ်၍ ဖူးမြော်ခဲ့သည့်နေရာ၌ မိခင်အမှတ်တရ "ပုဆစ်ဒူးတုပ်ဘုရား"ကို တည်ထားကိုးကွယ်ခဲ့လေသည်။

ကျန်စစ်မင်းသည် ပုဆစ်ဒူးတုပ်ဘုရားကို အနေကဇာတင်၊ ရေစက်သွန်းချ အမျှပေးဝေပွဲ ပြုလုပ်ခဲ့သည်။ ဘုရားရင်ပြင်တွင် မင်းမိဖုရားများနှင့် နန်းတွင်းသူ နန်းတွင်းသားများ၊ ပုဂံဘုရင်အဆက်ဆက် အမှုတော်ထမ်းခဲ့ကြသည့် သက်တော်ရှည် အမတ်ကြီးများ၊ စစ်သူရဲကောင်းများ၊ တပ်မှူးကြီးများတို့လည်း စုံညီစွာ တက်ရောက်ကြသည်။

ကျန်စစ်မင်း၏ ပင့်ဖိတ်ချက်ကြောင့် ရှင်အရဟံသည်လည်း တပည့် သံဃာတော်များနှင့် ကြွရောက်လာ၏။ ရဟန်းတော်များသည် မြတ်သော နေရာတို့တွင် အသီးသီး ထိုင်တော်မူကြပြီး မင်းပရိသတ်တို့အား သီလပေး တရားဟောကြားပြီးလျှင် တရားရေအေးတိုက်ကျွေးကာ ရေစက်သွန်းချ အမျှပေးဝေကြ၏။

ကျန်စစ်မင်းသည် ရေစက်ခွက်ကို ကိုင်၍ တစ်စက်ချင်း ရေစက်ချနေရင်းနှင့်ပင် မိခင်ဖြစ်သူ ပဥ္စကလျာဏီကို လွမ်းဆွတ်တမ်းတ သတိရလျက် မျက်လုံးအိမ်မှ မျက်ရည်တို့သည် ရေစက်ခွက်မှ ရေစက်ကျသကဲ့သို့ တစ်စက်ချင်း တစ်စက်ချင်း ကြွေကျလျက် "မယ်တော်ရယ်"ဟူ၍ပင် နှုတ်ဖျားမှ သတိလက်လွတ်ခေါ်မိခဲ့သည်အထိသာတည်း။

□




www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းတွေလော ဂျာကာမှာ

မောင်လင်းအောင်




## အမျိုးသား စာကြည့်တိုက်

တရုတ်နိုင်ငံရှိ အမျိုးသား စာကြည့်တိုက်ကြီး၏ မြင်ကွင်းပုံဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံတွင် အမျိုးသား စာကြည့်တိုက်သည် လွန်စွာအရေးကြီးပေသည်။ ပြည်သူတို့ လက်လှမ်းမီ၍ အမှန်တကယ် အသုံးဝင်သော အမျိုးသား စာကြည့်တိုက်ကြီး ပြန်လည်ပေါ်ထွန်းလာရေးကို အထူးအလေးပေး ဆောင်ရွက်သင့်ပါသည်။

## သခင်ပျောက်ရှာပုံတော်

၁၉၂၃ခုနှစ်တွင် ဘော်ဘီ(Bobbie)ဟူသော ခွေး သည် အမေရိကန်ပြည်ထောင်စုကြီး၏ သုံးပုံ နှစ်ပုံ ရှိသော ခရီးကို ခရီးပြင်းနှင်၍ သခင်အား ပြန်လည်ရှာ ခဲ့သည်။ ဘော်ဘီလေးသည် သူ့သခင်မိသားစုနှင့်အတူ လိုက်ပါသွားခဲ့ပြီး အင်ဒီယားနားပြည်နယ်(In diana) သခင်နှင့် ကွဲကွာပျောက်ဆုံးသွားခဲ့သည်။ ခြောက်လ မြင့်ပြီးနောက် ဘော်ဘီတစ်ကောင် သူ၏ အိမ်သို့ ပြန် လာခဲ့သည်။ အော်ရီဂွန်(Oregon)ရှိ သူ၏ အိမ်ကို ခရီးတွင် ဘော်ဘီသည် မိုင်ပေါင်း (၂၅၀၀)ခန့်ကို နှင်ခဲ့ရပြီး အင်မတန် ခက်ခဲ မြင့်မားလှသော (Rocky)တောင်တန်းကြီးများကိုလည်း သေလုမတတ် ခဲ့သည့် ဆောင်းရာသီ၌ ဖြတ်သန်းလာခဲ့ရခြင်းဖြစ်သည်။





## စာဖတ်ခြင်းအကျိုး

စာဖတ်ခြင်းဖြင့် စိတ်ဖိစီးမှုကို (၆၈)ရာခိုင်နှုန်း လျှော့ချပေးစေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ ခြင်းဖြင့် စိတ်ဖိစီးမှု လျော့ကျစေနိုင်စွမ်းမှာ သီချင်းနား ခြင်း၊ ဂိမ်းကစားခြင်းနှင့် လမ်းလျှောက်ထွက်ခြင်း ပိုအသုံးဝင်ကြောင်းလည်း တွေ့ရှိရပါသည်။




www.burmeseclassic.com

www.burmeseclassic.com



## ဘ၀ပြောင်းနိုင်ခဲ့သူ

မော်ရိုကိုရှိ သိုးကျောင်းသူလေးတစ်ဦးသည် နှစ်ပေါင်း ...ဆယ်ကြာခဲ့ပြီးနောက် ပြင်သစ်နိုင်ငံ၏ ပညာရေးဝန်ကြီး ဖြစ်လာခဲ့သည်။ ကြိုးစားလျှင် ဘာမဆိုဖြစ်နိုင်ကြောင်း ...အဖြစ်က သက်သေခံပေသည်။




## လဟာပြင်ဟိုတယ်

ကမ္ဘာ့ပထမဆုံး လဟာပြင်ဟိုတယ်ကို ဆွစ်ဇာလန်နိုင်ငံ(Switzerland)တွင် ဖွင့်လှစ်ခဲ့သည်။ အဆောက်အအုံ၊ အကာအရံ၊ အမိုး ဘာမျှမပါသော လဟာပြင်ဟိုတယ် ဖြစ်သည်။




## နှင်းဆီနက်

ကမ္ဘာပေါ်တွင် အလွန်ပင် ရှားပါးသော အနက်ရောင် ...နှင်းဆီမျိုးကို တူရကီနိုင်ငံ၌သာ တွေ့ရသည်။



## ပီဇာ အင်စပက်တော်

အီတလီအစိုးရသည် ပီဇာနှင့်ပတ်သက်၍ ကျွမ်းကျင်သူတစ်ဦးကို စစ်ဆေးရေးမှူးခန့်ပြီး နိုင်ငံတစ်ဝှမ်းရှိ စားသောက်ဆိုင်များတွင် ရောင်းချသည့် ပီဇာမုန့်များ၏ အရည်အသွေး စံနှုန်းပြည့်မီခြင်း ရှိမရှိကို စုံစမ်းစစ်ဆေးစေသည်။



## ဖန်သားရေကူးကန်

မြေပြင်အထက် (၁၁၅)ပေအမြင့်ရှိ ဖန်သားတိ(မှန်များဖြင့်သာ ပြုလုပ်ထားသော) ရေကူးကန်တွင် ရေကူးလိုပါက အင်္ဂလန်ပြည် လန်ဒန်မြို့သို့ သွားရောက်၍ မြည်းစမ်းကြည့်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အီတလီ၏ ညချမ်းအလှ

တောင်တန်းကြီးများအကြား ရောင်စုံမီးများဖြင့် လှပစွာ တည်ရှိနေသော အီတလီ၏ အလှဖြစ်သည်။ အီတလီ၏ တောင်ကြားမှ ညချမ်းအလှလည်း ဖြစ်သည်။



## ချားလ်(စ်)ဒါဝင်

ကမ္ဘာကျော် သတ္တဗေဒပညာရှင်ကြီး ချားလ်(စ်)ဒါဝင် (Charles Darwin) သည် သူ ရှာဖွေတွေ့ရှိခဲ့သော သတ္တဝါတိုင်းကို စားသောက်ပစ်ခဲ့သည်။





## ရေနဂါး

အရောင်အသွေးစုံလင်လှသော သန္တာကျောက်[illegible] များအကြား မြူးတူးပျော်ပါးစွာ ကူးခတ်နေသော [illegible] မောင်နံ့ကို ကြည်နူးဖွယ် မြင်တွေ့ရပါသည်။ မျိုး[illegible] အန္တရာယ်နှင့် ရင်ဆိုင်နေရသော ရေနဂါးများသည် [illegible] ကျောက်တန်းများအနီးတွင် နေထိုင်ကျက်စားလေ့ [illegible] သည်။



## အအေးစက်ပေးသူ

အဲကွန်း(Air Conditioner) ကို တီထွင်ခဲ့သူ[illegible] Carrier ဆိုသူဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဈေးကြီးလွန်းသော ကင်မရာ

ကမ္ဘာ့ဈေးအကြီးဆုံး ကင်မရာအဖြစ် ၁၉၂၃ ခုနှစ်တွင် ထုတ်လုပ်ခဲ့သော ကင်မရာတစ်လုံးသည် လေလံပွဲတစ်ခုတွင် မှတ်တမ်းဝင်သွားခဲ့သည်။ စတာလင် ပေါင်(၁.၇၄)သန်းဖြင့် လေလံဆွဲ ဝယ်ယူခြင်းခံရသော ထိုကင်မရာသည် ကမ္ဘာပေါ်တွင် (၂၅)လုံးသာ ကန့်သတ် ထုတ်ဝေခဲ့သော ကင်မရာအမျိုးအစားလည်း ဖြစ်သည်။





## နတ်ဘုရားအသစ်

ဂျူးလီယက်ဆီဇာ(Julius Caesar) ကွယ်လွန်ပြီးချိန် ၄၄ဘီစီ(44BC)တွင် ရောမအစိုးရက သူ့ကို နတ်ဘုရားတစ်ပါးအဖြစ် တရားဝင် သတ်မှတ်ပေးခဲ့သည်။



## အိမ်မွေးနွား

အလှမွေးနိုင်သော အိမ်မွေး နွားငယ်လေးများ၏ ဖြစ်သည်။



## ကညွတ်


ကညွတ်သည် တစ်ရက်လျှင် (၇)လက်မခန့်ကြီးထွားဖွံ့ ဖြိုးနိုင်သည်။ ကညွတ်ကို တစ်နေ့လျှင် အပင်တစ်ပင်တည်းမှ တစ်ကြိမ်ထက်မက ခူးယူလှီးဖြတ်နိုင်ပြီး ကြီးထွားနှုန်းမြန်သည့်အပင်ထဲတွင် ပါဝင်သည်။

www.burmeseclassic.com





## Z

အမေရိကန် ပြည်ထောင်စုသည် အင်္ဂလိပ်အက္ခရာ Z (ဇက်)ကို Zee(ဇီ)ဟု အသံထွက်သည့် တစ်ခုတည်းသော အင်္ဂလိပ်စကားပြောသည့် နိုင်ငံဖြစ်သည်။ အမေရိကန်တွင် Zed(ဇက်)ဟု အသံထွက်ရမည့်အစား Zee(ဇီ)ဟုသာ ထွက်ကြသည်။



## အာကာသ တွင်းနက်

အာကာသ တွင်းနက်(Black hole)များသည် ၎င်းတို့ အနားရှိ အရာအားလုံးကို စုပ်ယူနိုင်စွမ်းရှိသည်။ မည်သည့် အရာမှ တွင်းနက်၏ စုပ်ယူခံရခြင်းမှ လွတ်မြောက်နိုင်မည် မဟုတ်တဲ၊ နောက်ဆုံး အလင်း(Light)ကိုယ်၌ပင် စုပ်ယူခြင်း ခံရသည်။



## ရီယိုဒီဂျဲနရိုး

ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျဲနရိုး(Rio De Je Neiro) မြို့ အထက်စီးမှ မြင်တွေ့ရပုံဖြစ်သည်။




## MC REFUGEES

ဟောင်ကောင်နှင့် ဂျပန်ရှိ မက်ဒေါ်နယ် ဘာဂါဆိုင် များသည် အမြဲတမ်း တံခါးဖွင့်လှစ်ပေးထားသည့် မူဝါဒ ကျင့်သုံးသည်။ ထိုအလေ့မှာ အိမ်ခြေယာခြေမဲ့သူများ အတွက်ဖြစ်သည်။ နေထိုင်စရာ အိမ်ရာမဲ့သူများသည် မက်ဒေါ်နယ် ဘာဂါဆိုင်များတွင် အချိန်မရွေးဝင်ရောက် ခိုလှုံနေထိုင်နိုင်ရန် ရည်ရွယ်သည်။ ထိုသို့ လူသားချင်းစာ သည့် ကောင်းမွန်သော ဓလေ့ကြောင့် Mc Refugees ဆိုင်များဟုလည်း လူအများက ခေါ်ဝေါ်ကြသည်။




www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာ့အတိုဆုံးမြစ်

ကမ္ဘာ့အတိုဆုံးမြစ်သည် အမေရိကန်ပြည်ထောင်စု၊ မွန်တာနာ (Montana) တွင် တည်ရှိသည်။ ရိုးမြစ် (Roe River) ဟုခေါ်သည့် အဆိုပါ မြစ်သည် ၆၁မီတာခန့်သာ ရှည်လျားပြီး၊ အတိုင်းအတာမှာ ဘောလုံးကွင်းတစ်ဝက်စာခန့်သာ ရှိသည်။




## မြစ်ဝါမြစ်

တရုတ်ပြည်ရှိ မြစ်ဝါမြစ်(Yellow River) ကြီးသည် ကမ္ဘာ့ ရွံ့အထူဆုံး မြစ်ကြီးဖြစ်သည်။ နှစ်စဉ် တန်ချိန်ပေါင်း ဘီလျံနှင့်ချီသော နုန်းမြေများကို ပင်လယ်တွင်းသို့ ပို့ချသည်။

## အမျိုးသမီး ဓာတ်ပုံသတင်းထောက်

ဂျပန်နိုင်ငံ၏ ပထမဦးဆုံး အမျိုးသမီးဓာတ်ပုံသတင်းထောက်သည် အသက်(၁၀၀)နှစ်အရွယ်တိုင်အောင် ဓာတ်ပုံရိုက်ကူးနေဆဲဖြစ်သည်။






## ထိုင်နေလျက်နှင့် ရွေ့နေခြင်း

သင်သည် ထိုင်ခုံတစ်လုံးတွင် ကျကျနနထိုင်နေသည် ရှိသော် မရွေ့လျားဘဲ ထိုင်နေသည်ဟု သင် ယူဆပေမည်။ အမှန်တကယ်တော့ သင်သည် ကြီးမားသော အရှိန်အဟုန်ဖြင့် ရွေ့လျားနေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာသည် မိမိဝင်ရိုးပေါ်တွင် တစ်နာရီလျှင် (၁၆၇၀)ကီလိုမီတာနှုန်းဖြင့် လည်ပတ်နေပြီး နေကို တစ်နာရီလျှင် (၁၀၇၂၇၀)ကီလိုမီတာနှုန်းဖြင့် လှည့်ပတ်လျက် ရှိသည်။ တစ်ဖန် ကျွန်ုပ်တို့၏ နေအဖွဲ့အစည်းသည် တစ်နာရီလျှင် (၇၀၀၀၀)ကီလိုမီတာနှုန်းအရှိန်အဟုန်ဖြင့် နဂါးငွေ့တန်း အတွင်း ရွေ့လျားနေပြီး နဂါးငွေ့တန်းကြီးကိုယ်၌ကလည်း တစ်နာရီလျှင် (၇၉၂၀၀၀)ကီလိုမီတာ အမြန်နှုန်းဖြင့် လှည့်လည်နေသည်။ စကြဝဠာ အာကာသအတွင်းရှိ ဆန်းကြယ်မှုများကား တွေးဆ၍ပင် မရနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com

# စပါးကြီးသည်းခြေနှင့် ဆေးအသုံး

သရာ ဦးရွှေထွန်းငံ (ရွှေလှော်ကား)



ဆေးပစ္စည်းများ ယူရာတွင် သစ်ပင်ထွက်ပစ္စည်း၊ မြေထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်းဟူ၍ ဆေးပစ္စည်း သုံးမျိုး ရှိသည်။

ယခုဖော်ပြမည့် စပါးကြီးမြွေ၏ သည်းခြေသည် စပါးကြီးမြွေမှ ရရှိသော တိရစ္ဆာန်ဆေးပစ္စည်းဖြစ်သည်။ စပါးကြီးမြွေသည် အဆိပ်မရှိပေ။ အဆိပ်မရှိသော်လည်း မိမိထက် ကိုယ်ခန္ဓာကြီးမားသော တောင်ဆိတ်၊ ချေ၊ တောဝက်၊ တောခွေး၊ တောနေ သတ္တဝါငယ်များကို ဖမ်းယူသတ်ဖြတ် မျိုချထားနိုင်သည်။ သားကောင်ကို မျိုထားပြီးနောက် ဝမ်းဗိုက်အတွင်းရှိ အစာချေရည်(သည်းခြေရည်)များက မကြာမီအတွင်း ကြေကျက်အောင် ချက်လုပ်နိုင်စွမ်းရှိသည်။ စပါးကြီးမြွေများသည် သားကောင်ကို မျိုထားပြီး အစာမစားဘဲ လများစွာ နေနိုင်သည်။

စပါးကြီးမြွေသည် အဝါ၊ အညို၊ အနက် သုံးရောင်ဖြင့် အကွက်ဖော်ထားသည်။ ရွှေတူ၊ ငွေတူဟူ၍ အရောင်ကို လိုက်ပြီး အခေါ်ရှိသည်။ ထိုမြွေသည် အမြီးသွယ်၍ အကွက်ဆက်သည်။ ဥအလုံးတစ်ရာနီးပါးမျှ ဥတတ်သည်။ ဥမှ အကောင်ကလေးများ ပေါက်သည့်တိုင် စပါးကြီးမြွေမသည် တခြားသို့ မသွားဘဲ စောင့်ရှောက်တတ်သည်။ အစာလည်း လုံးဝ မစားတော့ပေ။ စပါးကြီးမြွေတို့သည် ရေအိုင်၊ ရွှံ့နွံတို့၌ ကျက်စားလေ့ရှိသည်။


စပါးကြီးမြွေမျိုးနွယ်တွင် စပါးအုံးမြွေလည်း ပါသည်။ စပါးအုံးမြွေ၏ အကွက်မှာ အဝါရောင်ပေါ်လွင်ပြီး အမြီးတုတ်သည်။ ကုန်းပေါ်တွင် ကျက်စားသည်။


ဆင်သည် အစွယ်ကြောင့် သေကြရ၏။ ကတိုးကောင်သည် အနံ့ကြောင့် သေကြရသည်။ စပါးကြီးမြွေတို့သည် သည်းခြေကြောင့် သေကြရသည်။ စပါးကြီးသည်းခြေသည် တိုင်းရင်းဆေးကျမ်းများတွင် ထင်ရှား၏။ ထိုမြွေသည် တိရစ္ဆာန်ပေါင်းစုံကို ဝါးမျိုးစားသောက်ထားသည့်အတွက် သည်းခြေပေါင်းစုံခသည့် ဆေးတော်မြတ်ဖြစ်သည်။

စပါးကြီးမြွေ၏ ဝမ်းဗိုက်ကို ခွဲ၍ သည်းခြေရှာရာတွင် သည်းခြေသည် နံနက်မှ နေ့လယ်အထိ ချက်မှ ခေါင်းပိုင်းတွင် တည်ရှိသည်။ မွန်းလွဲပိုင်းမှ ညနေတိုင် အမြီးပိုင်း၌ တည်ရှိသည်။ ဗိုက်ကို ခွဲလျှင် ဒေါက်ထားရသည်။

သည်းခြေအိတ်အပေါက်ဘက်တွင် ကြိုးနှစ်ချောင်း ယှဉ်တွဲလျက်ရှိသည်။ ၎င်းကြိုးထိပ်တွင် ဝှက်နှုတ်သီးသဏ္ဌာန် အကောက်ကလေးရှိသည်။ ထိုကြိုးကို ညှို့ကြိုးဟု [illegible] သည်။ ဝှက်နှုတ်သီးသဏ္ဌာန်အကောက်ကလေးကား [illegible]

www.burmeseclassic.com





များကို မလှုပ်ရှားနိုင်အောင် ညှို့ထားနိုင်သည့် "ညှို့"ဟု ဂန္ထိရဆန်ဆန်ပြောကြသည်။

**စပါးကြီးသည်းခြေ၏ ဂုဏ်နှင့် အရသာ**

အေး၏။ ချို၏။ ခါး၏။ အပူလွန်နာ၊ သည်းခြေ သလိပ်အားကြီးသော အနာ၊ မျက်စိနာ၊ လျှာနာတို့ကို နိုင်၏။

**ရောဂါအလိုက် အသုံးပြုပုံ**

- ကလေးငယ်များ သူငယ်နာကြောင့် တက်လျှင်ဖြစ်စေ၊ အပူကြောင့် တက်လျှင် ဖြစ်စေ၊ စပါးကြီးသည်းခြေအနည်းငယ်ကို ရေဖျော်၍ ပါးစပ်တွင်းသို့ ဝင်အောင် အစက်ချပြီး တိုက်ပါ။ ကိုယ်ကိုလည်း လိမ်းပေးပါ။ မကြာမီ အတက်သွားပါမည်။

- အနာဝင်လျှင်၊ မေးခိုင်လျှင်၊ အနာငန်းမန်းဝင်၍ တက်လျှင် စပါးကြီးသည်းခြေကို ချက်ချင်း ပါးစပ်တွင်းသို့ ဝင်အောင် ခွံ့ပါ။ အစက်ချပေးပါ။ အနာကိုလည်း သည်းခြေအား ရေဖျော်ပြီး လိမ်းပေးပါ။ ဝေဒနာများ ပျောက်ကင်းပါမည်။

- ကလေးငယ်များ ခွဲကျပ်ရောဂါဖြစ်လျှင် မကြာခဏလျှာကို စပါးကြီးသည်းခြေနှင့် ပွတ်ပေးပါ။ ပျောက်ကင်းပါမည်။

- လူငယ်နာရှိလျှင် မကြာခဏ စပါးကြီးသည်းခြေဖြင့်လျှာကို ပွတ်ပေးပါ။ သူငယ်နာရောဂါများ ပျောက်ကင်းပါလိမ့်မည်။

- မျက်စိနာလျှင်၊ မျက်စိကို ထိခိုက်မိလျှင် စပါးကြီးသည်းခြေကို ရေဖျော်၍ မျက်စိကို ကွင်းပေးပါ။ စပါးကြီးသည်းခြေအနည်းငယ်ကို မိုးရေသန့်သန့်နှင့် ရောစပ်ပြီး မျက်စိကို ခတ်ပေးပါ။ မျက်စိနာ၊ ဒဏ်နာများ ပျောက်ကင်းသည်။

- အစာမကြေရောဂါဖြစ်လျှင် သည်းခြေဖြင့် တစ်နေ့နှစ်ကြိမ်ခန့် လျှာကို ပွတ်ပေးပါ။ အာရုံကြောများ လှုပ်ရှားပြီးသက်သာပျောက်ကင်းပါမည်။

- လေဖြတ်၍ လျှာတိုဝင်ပြီး စကားမပီသူများ၊ လျှာလိပ်၊ ပါးစပ်စောင်းရွဲ့ ကိုယ်ခန္ဓာ လေဖြတ်ခံထားရသူများအတွက် စပါးကြီးသည်းခြေသည် အမြိုက်ဆေးဖြစ်သည့် အမြတ်ဆုံးဆေးဖြစ်သည်။

**စပါးကြီးသည်းခြေ စစ်မစစ် စမ်းသပ်နည်း**

စပါးကြီးသည်းခြေအနည်းငယ်ကို သက်ငယ်၊ နီးစတို့ဖြင့် သုတ်လိမ်းပြီး ရေတွင် ချသော် ရေကူး၏။ သည်းခြေအနည်းငယ်ကို လက်ဝါးတွင်းသို့ထည့်၍ နာနာပွတ်ပေးပြီးနောက် လက်ခုံဘက်မှ လျှာနှင့် တို့ကြည့်ပါ။ ခါးနေလျှင် စပါးကြီးသည်းခြေ စစ်သည်။ မခါးလျှင် မစစ်ပါ။

ပြည်သူအားကိုးသော ဘာယဆေးခိုင်များသည် အာနိသင်ကုန်ခန်းနေသော ဒိတ်လွန် ဆေးပစ္စည်းများကို လွှင့်ပစ်ရမည့်အစား အမှန်ကြိုတ်၍ ရောင်းချကြလျှင် သံကို သံဖျက်၊ သံချေးတက်သို့ ရောက်ကြမည်မှာ မလွဲတည်း။

**မှီငြမ်း**

- မြန်မာ့လျှို့ဝှက်ဆေးဝါးနှင့် အသုံးဝင် နွယ်မြက်သစ်ပင် (မောင်ယဉ်နွယ်)

□



www.burmeseclassic.com

www.burmeseclassic.com



ငွေယားစေတီတော်

# ပန်းတနော် နောင်ရ

www.burmeseclassic.com

www.burmeseclassic.com

ရေလမ်းတွင် လှေကိုသာ အသုံးပြုခဲ့ရသော ကာလ။ မော်တော်၊ သင်္ဘောများ သွားလာမှု လွန်စွာနည်းပါးသောအချိန်။ ကုန်းလမ်းတွင် လှည်းကိုသာ အသုံးပြုခဲ့ရသော ကာလ။ ကားများ၊ ရထားများ သွားလာမှု လွန်စွာ နည်းပါးသောအချိန်။

"ကျွိ…ကျွိ…ကျွိ"

လှည်းကြမ်းကြီးကို တအိအိ မောင်းနှင်လာသူက ကိုဟုတ်ဆန်း။ လှည်းပေါ် ကောက်ရိုးခင်းပြီး ထိုင်စီးလာသူက ကိုဟုတ်ဆန်း၏ အဖေ ဦးဟုတ်ရှိန်။

ဦးဟုတ်ရှိန်က ဟိုယိမ်း သည်ခါ ဖြစ်နေသော လှည်းကြမ်းကြီး၏ နံရံ လက်ကိုင်တိုင်များကို ခိုင်ခိုင်ကိုင်ထားသည်။ ခိုင်ခိုင်မကိုင်ထားလျှင်လည်း လှည်းပေါ်မှ လိမ့်ကျမည်မှာ သေချာသည်။ လှည်းလမ်းကို ပီပီပြင်ပြင် မဖောက်ရသေး။

စပါးရိတ်သိမ်းပြီးစ လှည်းကြမ်းကြီးကို ဆွဲရသည့် နွားညီနောင်က ဦးဟုတ်ရှိန်၏ အိမ်မွေး ခြံပေါက်များဖြစ်သည့် အကြီးကောင်က အောင်မောင်း။ အငယ်ကောင်က အောင်ဖော်ဖြစ်သည်။

အောင်မောင်းနှင့် အောင်ဖော် နွားညီနောင်က ကောက်ရိုးပြတ်များထဲ သွားရသည်။ ကန်သင်းရိုးများကို ကျော်ရသည်။ မညီမညာ ချိုင့်ခွက်များ၊ မြေစိုင်ခြောက်များကို ကျော်ရသည်။ ဒီကြားထဲ ဟသ်ာရိုးအဖျားကိုပင် ကျော်ခဲ့ရသည်။ ဟသ်ာရိုးအဖျားသည် သည်းဘီးတစ်ဝက်နီးပါး မြုပ်အောင် နစ်နေသေးသည်။ ချွေးများ တရွှဲရွှဲ ကျနေအောင် နေပူပြင်းပြင်းအောက်တွင် လှည်းကြမ်းကြီးကို ဆွဲရသော်လည်း နွားညီနောင်က သခင်အတွက် တာဝန်ကျေသည်။

လှည်းကြမ်းကြီးပေါ်တွင် ထီးပါသော်လည်း ဦးဟုတ်ရှိန်က ထီးမဆောင်းရဲ။ ထီးဆောင်းလိုက်သည်နှင့်…

"မင်းတို့က နည်းနည်းမှ ကိုယ်ချင်းမစာဘူး။ ထွီ…သူဌေးတဲ့၊ ဘာသူဌေးလဲ၊ လူစိတ်မရှိတဲ့၊ ကိုယ်ချင်းမစာတဲ့ သူဌေး။ လှည်းဆွဲရတဲ့ နွားတွေကို မသနားဘူး"

ဆိုသော ပြစ်တင် ကြိမ်းမောင်းသံနှင့် ကိုယ်ယောင်ဖျောက်သကဲ့သို့ ဟိုသစ်ပင်၊ ဒီသစ်ပင်၊ နောက် ဟိုချုံ ဒီချုံထဲ ပုန်းနေသော တောတွင်း လက်နက်ကိုင်များ ရောက်လာကာ "ဆင်း" ဆိုပြီး လှည်းပေါ်မှ ဆွဲချကြမည်။ ပြီးတော့ လှည်းထောက်ခိုင်းပြီး နွားညီနောင်ကို ဖယ်ခိုင်းလျက် လှည်းပေါ်တွင် ထီးဆောင်းလာသူကို လှည်းတံပိုးအောက်သို့ ဝင်စေပြီး နွားလို လှည်းဆွဲခိုင်းမည်ကို သိထားသောကြောင့် ထီးမဆောင်းရဲခြင်းဖြစ်သည်။

"ဟဲ့…နွား"

ဟု လှည်းမောင်းရင်း ကိုဟုတ်ဆန်းက သူ့အဖေဘက်သို့ လှည့်၍-

"နီးပြီလား အဖေ"

ဟု မေးလိုက်သည်။

"မနီးသေးဘူးကွ။ နောက်ထပ် တစ်ဆယ့်ငါးမိနစ်၊ မိနစ် နှစ်ဆယ်လောက် မောင်းရဦးမယ်"

ဟု ဦးဟုတ်ရှိန်က ဖြေရင်း ညက မက်သော အိပ်မက်ကို သတိရလိုက်သည်။

အိပ်မက်ထဲတွင် အိပ်ပျော်နေသော ဦးဟုတ်ရှိန်ကို လူတစ်ယောက်က လာနှိုးသည်။

"ထ…ထ"

အအိပ်ဆတ်သော ဦးဟုတ်ရှိန်က နိုးလာပြီး သူ့ကို နှိုးသူအား ကြည့်လိုက်သည်။ ထိုသူမှာ လွန်ခဲ့သော တစ်ဆယ်နှစ်က ကွယ်လွန်ခဲ့သည့် သူ့ဖခင် ဦးဖိုးမျှင်ဖြစ်နေသည်။

ဦးဖိုးမျှင်က ရွှေရောင်အဝတ်အစားများကို ဝတ်ဆင်ထားသည်။

"ဟာ…အဖေ၊ နတ်ဖြစ်နေတာလား"

သူ့အမေးကို သူ့အဖေက…

"နတ်မဟုတ်ဘူး။ ဥစ္စာစောင့်"

ဟု ဖြေသည်။

"ဥစ္စာစောင့်က မိန်းကလေးတွေဆို။ ဝတ်တာကလည်း အစိမ်းရောင်တွေဆို"

"ဥစ္စာစောင့်မလေးတွေက အစိမ်းရောင်ဝတ်တယ်ဆိုတာ မှန်တယ်။ ငါက သူတို့ရဲ့ အကြီးအကဲ"

ဟု ဆိုပြီး…

"မင်းကို သတိပေးမယ်။ လွန်ခဲ့တဲ့ တစ်ဆယ်နှစ်၊ ငါသေပြီးကတည်းက ဥစ္စာစောင့်ဖြစ်တာ မကျွတ်မလွတ်သေးဘူး။ ဘုရားသိုက်ကို စောင့်နေရတယ်။ အဲဒီနှစ်တွေတုန်းက မင်းက မချမ်းသာသေးဘူး။ သူဌေးမဖြစ်သေးဘူး။ အခု သူဌေးဖြစ်နေတာ ငါသိတယ်။ မင်း ဒီအတိုင်း ဘာကုသိုလ်ကောင်းမှု မလုပ်တဲ့ နေရင် မကြာခင်မှာ မင်း တရားအတိုက်ခံရလိမ့်မယ်။ အသတ်ခံရမယ်။

အဲဒီတော့ တရားတိုက်တာလည်း မခံရအောင်၊ မင်းလည်း တစ်သက်လုံး ချမ်းချမ်းသာသာနေရအောင် ကုသိုလ်ကောင်းမှုတွေ လုပ်ပါ။ နောက်ဘဝမှာလည်း ချမ်းသာအောင် မင်းငယ်ငယ်က ငါတို့ မိသားစုတွေ နေခဲ့တဲ့ ဘုရားကုန်းမှာ စေတီတည်ပြီး ပူဇော်ပါ။ ရှေးဟောင်း စေတီတော်ကြီး ပျက်စီးသို့



www.burmeseclassic.com

www.burmeseclassic.com

ယွင်းနေတာကို အသစ်မွမ်းမံတည်လှူပူဇော်ပါ။ စေတီတည်ဖို့ ငွေတွေ ရွှေတွေကို ငါပေးမယ်။ မင်းရဲ့ ချွေးနည်းစာနဲ့ ရှာလို့ ရထားတဲ့ ငွေတွေကိုလည်း စေတီတည်တဲ့အထဲ ထည့်ရမယ်။ စေတီတော်ကြီးကို ထီးတော်တင်လှူပူဇော်ပြီး ရေစက်ချ အမျှဝေတဲ့အခါ စေတီတော်ကြီးရဲ့ မူလအလှူရှင်တွေရဲ့ နာမည်ကို မသိပေမယ့် ဖိတ်ခေါ်ပါ။ ငါ့ကိုလည်း ဖိတ်ခေါ်ပါ။ ငါတို့ကို သုံးကြိမ် သုံးခါ ဖိတ်ခေါ်ပြီး ကုသိုလ်ကောင်းမှုတွေကို အမျှပေးဝေပါတယ်လို့ သုံးကြိမ် သုံးခါ အမျှပေးဝေပါ။ မူလ အလှူရှင်တွေက ငါတို့ရဲ့ ဘိုးဘေးတွေ။ ငါက မင်း စေတီတည်ပြီး အမျှဝေတာကို သာဓုခေါ်ရမှ ကျွတ်လွတ်မှာ။ ငါ ကျွတ်လွတ်ချင်ပြီ။ မနက်ဖြန် မင်းတို့ သားအဖ ဘုရားကုန်းက စေတီဟောင်းရှိရာကို လှည်းနဲ့ ဆက်ဆက်လာခဲ့ပါ။ အန္တရာယ်တွေ ကင်းအောင် ငါ စောင့်ရှောက်ပေးမယ်။ စေတီဟောင်းကို ရောက်ရင် ငါပေးတဲ့ ရွှေတွေ၊ ငွေတွေကို မင်းရပြီ"

ဟု ပြောအပြီးတွင် အိပ်မက်မှ လန့်နိုးလာခဲ့သည်။

ဦးဟုတ်ရှိန်က သူ့ဖခင် ဦးဖိုးမှုင်ကို ယုံသည်။ သူတို့မိသားစုက တရုတ်ကပြားတွေဖြစ်သည်။ သို့ပေမယ့် သူတို့က ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူတွေဖြစ်သည်။ ဆိုခဲ့စေ မြဲစေဆိုသည့် စကားနှင့်အညီ ကတိတည်သူတွေလည်း ဖြစ်၏။

ထို့ကြောင့် ဦးဟုတ်ရှိန်က သူ့သား ကိုဟုတ်ဆန်းကို ခေါ်ပြီး ဘုရားကုန်းသို့ ထွက်လာခြင်းဖြစ်သည်။

◈◈◈

လှည်းပေါ် ထိုင်ရင်း မျက်လုံးမှိတ်၍ လိုက်ပါလာသော ဦးဟုတ်ရှိန်သည် "ရှေ့က စေတီပျက်မဟုတ်လား အဖေ"ဆိုသည့် ကိုဟုတ်ဆန်း၏ စကားကြောင့် မျက်စိဖွင့်ကြည့်ပြီး…

"ဟုတ်တယ်။ အဲဒီ စေတီတော်အဟောင်းပဲ။ အဲဒီစေတီတော်အဟောင်းကို ကြည်ညိုစရာကောင်းတဲ့ သပ္ပာယ်တဲ့ စေတီတော်အသစ်ဖြစ်အောင် တို့မိသားစုက ပြန်တည်လှူရမယ်"

ဟု ပြောလိုက်သည်။

ကိုဟုတ်ဆန်းက လှည်းကို ရပ်လိုက်သည်။ လှည်းပေါ်မှ ခုန်ဆင်းပြီး လှည်းထောက် ထောက်သည်။ ထိုစဉ် လှည်းပေါ်မှ ဆင်းရန် ဟန်ပြင်နေသော ဦးဟုတ်ရှိန်ကို…

"မဆင်းနဲ့ဦး အဖေ၊ ခဏလေး"

ဟု တားကာ လှည်းပေါ်တွင် ခင်းထားသည့် ကောက်ရိုးများကို ဆွဲပွေ့ပြီး လှည်းအိမ်နောက်ဘက် မြေပြင်ပေါ်သို့ ခင်းပေးလိုက်သည်။

လှည်းပေါ်မှ ဦးဟုတ်ရှိန် ဆင်းလာပြီးနောက် သားအဖနှစ်ဦး စေတီဟောင်း၏ ခြေတော်ရင်းသို့ သွားကြသည်။ စေတီဟောင်းမှာ အုတ်ပုံကြီးကဲ့သို့ ဖြစ်နေပေပြီ။

ဦးဟုတ်ရှိန်က ယူလာသော အမွှေးတိုင်နှင့် ဖယောင်းတိုင်များကို ထွန်း၍ စေတီတော်ကို ပူဇော်သည်။ သားအဖနှစ်ယောက်က စေတီတော်ကို ရှိသေ လေးမြတ်စွာ ကန်တော့ကြသည်။

ဦးဟုတ်ရှိန်က သူ၏ ပင်ကိုယ်ကျယ်လောင်သော အသံဖြင့် ပရိတ်ကြီး (၁၁)သုတ်ကို ရွတ်ဆိုသည်။ ၂၄ ပစ္စည်း ပဋ္ဌာန်းဒေသနာတော်ကိုလည်း ရွတ်သည်။ တတ်သမျှ ရသမျှသော ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်များကို ရွတ်ဖတ် ပူဇော်ကာ၊ မူလ အလှူရှင်များနှင့် သူ့ဖခင် ဦးဖိုးမှုင်အပါအဝင် သုံးဆယ့်တစ်ဘုံသားများအား ပို့ အမျှဝေသည်။

ဦးဟုတ်ရှိန်က ထိုသို့ ပြု စဉ်တွင် ကိုဟုတ်ဆန်းက စေတီ ပတ်လည်နှင့် မနီးမဝေး နေရာများ လိုက်လံ ကြည့်ရှုသည်။ အုတ် အကောင်းများ၊ အကျိုးများ များကို တွေ့ရသည်။ မှန်ကွဲ ပုံသဏ္ဍာန်မှာ စေတီတော်ကို သက်နှံကပ်လှူခဲ့သည်ဟု ကို ဆန်းက ယူဆသည်။

"ဒါတွေက မှန်သက်နှံကပ် တာတွေ ဖြစ်ရမယ်။ မူလ အလှူ တွေ လှူတာတော့ ဟုတ်မယ် ဘူး။ ဒုတိယ၊ တတိယအလှူရှင် မှန်သက်နှံကပ်လှူ ပူဇော်ခဲ့တာ တယ်"ဆိုသော အတွေးဖြင့် မြေ ပေါ် ကျနေသော မှန်စ လေး ကောက်ယူကြည့်ရာမှ ငွေပြားတစ် ကို မြင်လိုက်ရသည်။

"ဒီငွေပြားက ငွေဒင်္ဂါး တောင် တူသေးတယ်။ ငါ အိမ် ခဏယူသွားပြီး စေတီအသစ်တည် ဌာပနာထဲ ပြန်ထည့်လှူပြီး ပူဇော်မ

ဟု တွေးကာ ကောက်ယူလာခဲ့သည်

ထိုကဲ့သို့ သူ ကောက်ယူ ခြင်းကိုလည်း သူ့အဖေ ဦးဟုတ် အား မပြောမိပေ။

◈◈◈

အိမ်သို့ ပြန်ရောက်သော ကိုဟုတ်ဆန်းက အဲဒီငွေပြားလေး သူ၏ အကြွေစေ့ ထည့်သည့် ဗူး သို့ ထည့်ထားလိုက်၏။ သူတွင် ဗူး က နှစ်ဘူးရှိသည်။ တစ်ဘူးက ငွေ ဘူး။ တစ်ဘူးက အကြွေစေ့တွေ ထားသည့်ဘူးဖြစ်သည်။ (ထိုအ ငါးပြား၊ ဆယ်ပြား၊ တစ်မတ် တစ်ကျပ်ဆိုတဲ့ အကြွေစေ့တွေ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ အချိန်ဖြစ်သည်။)

သူ ထိုကဲ့သို့ ထည့်ထားခြင်းအား လည်း မည်သူမျှ မသိ။

ထို့နောက် မကြာခင်မှာပင် ကိုဟုတ်ဆန်း၏ တစ်ကိုယ်လုံး ယားယံလာခဲ့သည်။

ယားလွန်း၍ သူ ကုတ်ဖဲ့တာကို သူ့အမေနှင့် ကျန်သူများက မြင်တော့-

"ဟကောင်··· ဘာဖြစ်နေတာလဲ"

"ယားလို့"

ဟု ဆိုတော့ ကိုဟုတ်ဆန်း၏ အစ်ကိုက မယင်္ကာသည့် မျက်လုံးနှင့် ကြည့်၏။ ကိုဟုတ်ဆန်းက အစားသောင်းကျန်းသူဆိုတော့···

"ဒီကောင် အစားအသောက် ကြမ်းလို့ ဖြစ်တာထင်တယ်"

ဟု ပြော၏။ ညီမလေးက···

"ရော့··· ကိုကို၊ ဒီဆေးလေး သောက်လိုက်"

ဆိုပြီး ကိုဟုတ်ဆန်းကို အယားပျောက်တဲ့ဆေး တိုက်၏။ သို့ပေမယ့် မပျောက်ပေ။

ကိုဟုတ်ဆန်း၏ ညီလေးကလည်း "ကျွန်တော် ဆေးလိမ်းပေးမယ်"ဆိုပြီး အယားပျောက်တဲ့ လိမ်းဆေးတွေကို လိမ်းပေးပါသည်။ ဒါပေမယ့် ကိုဟုတ်ဆန်းကတော့ ယားတုန်း၊ ကုတ်ဖဲ့နေရတုန်းပါပဲ။

ဒီတော့ အမေက···

"သား···ဘာလုပ်မိလဲ၊ စဉ်းစားစမ်း"

ဆိုပြီး ပြော၏။

အဲဒီအချိန်က ကိုဟုတ်ဆန်း၏ အသက်က တစ်ဆယ့်ရှစ်နှစ်ပဲ ရှိသေးသည်။

"ကျွန်တော် မဟုတ်တာ ဘာမှ မလုပ်ဘူး အမေ။ အရက်လည်း မသောက်တတ်ဘူး။ ထန်းရည်တောင် မသောက်ဘူး။ ဆေးလိပ်လည်း မသောက်ဘူး။ ကွမ်းမစားဘူး။ မိန်းမလည်း မလိုက်စားဘူး။ ရည်းစားတောင် မထားဘူး။ သူများအသက်ကိုလည်း မသတ်ဘူး။ သူများအကျိုး ပျက်စီးပါစေဆိုတဲ့ စိတ်နဲ့လည်း လိမ်မပြောဘူး။ မုသားလည်း မပြောဘူး"

မုသား မပြောဘူးဆိုမှ ကိုဟုတ်ဆန်းသည် သူ စေတီပေါင်းက ယူလာခဲ့သည့် ငွေပြားတစ်ပြားကို သတိရသွားခဲ့သည်။ ထို့ကြောင့်···

"စေတီပေါင်းနားက ငွေပြားတစ်ပြားကိုတော့ ကျွန်တော်ယူလာမိပါတယ်"

ဟု ဖွင့်ပြောဖို့ ပြင်ပေမယ့် ပြောလို့ မထွက်။ နှုတ်ပိတ်ခံထားရလို ဖြစ်နေသည်။

ညရောက်တော့လည်း ကိုဟုတ်ဆန်းမှာ အိပ်၍ မရ၊ တစ်ကိုယ်လုံးမှာ ယားယံနေသည်။

ကိုဟုတ်ဆန်း၏ အဖေကတော့ မယားဘဲနှင့် အိပ်မရ၊ အိပ်မပျော်ဘဲနှင့် သူ၏ နားထဲမှ ကြားနေရသည့် အသံများကတော့···

"မင်းရဲ့သားက ဘုရားကုန်းစေတီပေါင်းနားက ငွေပြားတစ်ပြားကို ယူလာခဲ့တယ်။ အဲဒီငွေပြားက ငွေယားဖြစ်တယ်။ ငါက အဲဒီ ငွေယားပြားကို မင်းရဲ့သား မြင်ပြီး ကောက်ယူအောင် ထားခဲ့တာ။ ငါ မင်းကို အိပ်မက်ပေးခဲ့တဲ့အတိုင်း ဘုရားကုန်းစေတီပေါင်းကို မွမ်းမံပြီး အသစ်တည်လှူတဲ့အထဲမှာ ငါ ရွှေတွေ ငွေတွေ ပေးမယ်လို့ ပြောတဲ့အတိုင်း ရွှေတွေ ငွေတွေ ပေးချင်လို့ ငွေယားပြားကို မင်းရဲ့သားက သူ့ငွေစုဘူးထဲကို ထည့်ထားတာ။ အဲဒီဘူးကို ဖွင့်ကြည့်။ သူ စုထားတာက အကြွေစေ့တွေပဲ။ ငါက ရွှေတုံးလေးတွေ၊ ရွှေတောင့်လေးတွေ ထည့်ပေးထားတယ်။ ငွေတွေကိုတော့ ထီးတော်ဆက်ကပ်ခါနီးမှ ပေးမယ်။ ငွေယားပြားကိုတော့ စေတီပေါင်းဘေးက ယူခဲ့တဲ့ နေရာမှာ ပြန်ထားလိုက်။ မင်းသားနောက်ကို ဘယ်တော့မှ မယားတော့ဘူး။ ငါပြောသလိုသာ ဆက်ဆက်လုပ်လိုက်"

ဟု ပြောသွားသည်။

တော်တော်တော့ ထူးခြားသည်။ ဦးဟုတ်ရှိန်နဲ့ ကိုဟုတ်ဆန်းတို့ ငွေယားပြားကို ဘုရားကုန်းစေတီပေါင်းသို့ သွားပြန်ထားခဲ့ကြသည်။ ထိုအချိန်မှစ၍ ကိုဟုတ်ဆန်းလည်း မယားတော့ပေ။

ကိုဟုတ်ဆန်းတို့ ဘုရားကုန်းစေတီပေါင်းကို အသစ်တည်လှူတာ ထီးတော်ပင် ဆက်ကပ်ခါနီးပြီ။

"ဒီတစ်ခါတော့ ဘာအမှားအယွင်းမှ မဖြစ်စေနဲ့။ ဦးပဥ္စင်းကြီး ဦးသောမနဲ့ ရန်ကုန်ကို လိုက်သွားပြီး ထီးတော်ဝယ်"

ဟု ဆိုပြီး ကိုဟုတ်ဆန်း၏ အဖေက ပြော၍ သူ့ပိုက်ဆံထည့်ထားသည့်သေတ္တာကို ဖွင့်လိုက်တော့ ပိုက်ဆံအဟောင်းတွေကို ဖိပြီး ကျပ်ကျပ်သိပ်သိပ်ထည့်ထားသည့် ပိုက်ဆံအသစ်တွေက ဆယ်သိန်းတိတိ။

ထိုအချိန်က ဆယ်သိန်းဆိုတဲ့ ငွေတန်ဖိုးက အများကြီးဖြစ်သည်။

◆◆◆

ကိုဟုတ်ဆန်းဟု ခေါ်သော ဦးဟုတ်ဆန်း၏ ရှည်လျား ထွေပြားစွာ ပြောသော စကားအဆုံးတွင် စာရေးသူက···

"စေတီတော်ရဲ့ ဘွဲ့တော်ကို ငွေယားစေတီတော်လို့ ဘယ်သူက ပေး



www.burmeseclassic.com

www.burmeseclassic.com

# ဆီးအတွက် ဆေးမခက်ပါ

လင်းထက်(အင်းတော်ကြီး)

ကျွန်တော်သည် မကြာခဏဆိုသလို ဆီးအောင့်တတ်သူဖြစ်ပါသည်။ ဆီးအောင့်နေချိန် ဆီးသွားမရခြင်းဒုက္ခသည် အလွန်ဆိုးရွားကြောင်းကို ဆီးအောင့်ဖူးသူတိုင်း သိကြပေမည်။ ထို့ကြောင့် ကျွန်တော်သည် အစားအသောက် ဆင်ခြင်ရသည်။ ထိုသို့ ဆင်ခြင်သော်လည်း ဆီးပြဿနာက ကျွန်တော့်အတွက် အမြဲတမ်း ဒုက္ခဖြစ်တတ်သည်။

တစ်ရက်တွင် ကျွန်တော်သည် ထုံးစံအတိုင်း ဆီးအောင့်နေပြန်သဖြင့် အိပ်ရာထဲတွင် ခွေနေစဉ် သူငယ်ချင်းဖြစ်သူ သန်းစိုးအောင် ရောက်လာပါသည်။ ရှုံ့မဲ့နေသော ကျွန်တော့်ကို တွေ့တော့...

"ဖိုးဇော်... ဘယ်လိုဖြစ်တာလဲကွ။ မင်းကို ကြည့်ရတာ စိတ်မချမ်းသာလိုက်တာ"

"အေးကွာ၊ ငါ ဆီးအောင့်နေတာ နှစ်ရက်ရှိပြီ။ ဆီးသွားမရဘူး"

"ဆေးလေး ဘာလေး မသောက်ဘူးလားကွ"

"သောက်ပါတယ်ကွာ။ စုံနေတာပဲ။ ဒါပေမယ့် မသက်သာပါဘူးကွာ"

"အဲဒါဆိုရင် ငါပေးတဲ့ဆေး သောက်ကြည့်မလား"

"အေး၊ မြန်မြန်ပေးစမ်းပါကွာ။ ငါ နာလို့ သေတော့မယ်"

"အေးပါကွာ။ ဆေးနည်းက ဘာမှမခက်ပါဘူး။ ကြ... သွန်နီဥကြီးကြီးတစ်လုံးကို ပါးပါးလှီးပြီး ဖန်ခွက်ထဲကို ထ... သကြားကို ဟင်းစားဇွန်းတစ်ဇွန်းစာထည့်၊ ရေနွေးထည့်ပြီး အဖုံးအုပ်ထား။ ငါးမိနစ်လောက်နေရင် သောက်လို့ ... မင်း ဆီးအောင့်တာ ဘယ်ပြေသွားမှန်းတောင် သိလိုက်... မဟုတ်ဘူး"

ကျွန်တော်လည်း သူပြောသည့်အတိုင်း ချက်ချင်း... ၍ သောက်ကြည့်ပါသည်။ ဆေးသောက်ပြီး နာရီဝက်လော... အကြာတွင်တော့ ဆီးသွားချင်လာသည်။ ထို့နောက် ဆီး... သွားသည့်အခါ နာကျင်ခြင်း မရှိတော့ဘဲ လျှောလျှော... သွား၍ ရသွားပါသည်။ ထိုဆေးနည်းကြောင့် အရင်လို မ... ခဏ ဆီးအောင့်ခြင်း မဖြစ်တော့ပေ။ ဖြစ်လာလျှင် ထို... နည်းကို ပြုလုပ်ပြီး သောက်လိုက်သည်နှင့် ချက်ချင်း... သက်သာပျောက်ကင်းသွားပါသည်။ ကျွန်တော့်ကဲ့သို့ ဆီး... ဝေဒနာခံစားနေရသူများကို ကိုယ်ချင်းစာသောအား... ဤဆေးနည်းကို ရေးသားတင်ပြလိုက်ရပါသည်။

(ဤဆေးနည်းအား ပြောပြပေးသော သူငယ်ချင်း... သန်းစိုးအောင်အား ကျေးဇူးအထူးတင်ရှိပါသည်။)

□

ကပ်ခဲ့တာလဲဗျ"

"ရှာလယ်ကျောင်းက ဆရာတော် ဘဒ္ဒန္တ ဝိသာရဒ ပေးခဲ့တာ"

"ငွေယားစေတီတော်ဆိုတဲ့ ဘွဲ့တော်ရဲ့ ရှေ့မှာ ရွှေမရှား၊ ငွေမရှားဆိုပြီး ထည့်ခဲ့တာကရော"

"စေတီတော်ကို လာဖူးတဲ့ လူတွေက ဘုရားဖူးရင်း ဆုတောင်းကြတယ်တဲ့။ သူတို့ တောင်းတဲ့ ဆုက စုပေါင်း ရဟန်းခံ ရှင်ပြုပွဲ ကျင်းပချင်လို့၊ သိမ်ဆောက်လုပ်လှူဒါန်းချင်လို့၊ ဓမ္မာရုံဆောက်ချင်လို့ ဆိုတဲ့ ကောင်းမှုကုသိုလ်တွေကို ပြုနိုင်ဖို့ ရွှေတွေ၊ ငွေတွေ ပေးပါ။ ရွှေတွေ၊ ငွေတွေ ရ,ရပါလို့ဆိုပြီး ဆုတောင်းခဲ့တာတွေ ပြည့်လို့တဲ့ဗျာ"

"ရွှေတွေ ငွေတွေ တကယ်ပဲ ရလား"

"ရတာပေါ့ဗျ။ အဲဒီတုန်းက ရွှေတုံး ရွှေခဲလေးတွေနဲ့ ငွေပြားလေးတွေကို ရကြတယ်"

"ငွေပြားတွေက ငွေယားတွေလား"

"မဟုတ်ဘူး။ ဂျော့ဘုရင်ပုံပါတဲ့ ငွေဒင်္ဂါးပြားတွေ"

"အခုထိ ရွှေတွေ ငွေတွေရတုန်းပဲလား။ လူတွေကရော ဆုတောင်း... လား"


"လူတွေကတော့ ဆုတောင်း... တုန်းပါပဲ။ ဒါပေမယ့် အခုတော့ ... တော့ပါဘူး။ ဘာလို့ဆိုတော့ ဆ... တဲ့အတိုင်း လူတွေမှာ လောဘ၊ ... မောဟ၊ အတ္တတွေက တော်တော်... လာတာကိုး။ ကုသိုလ် တစ်ပဲ၊ ... တစ်ပိဿာဆိုသလို ကုသိုလ်လုပ်... တာက နည်းနည်းပါဗျာ"

□



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ချောင်း၏ အထက်ပိုင်းသို့ ဆန်တက်ရင်း တွေ့ရသည့် ခရင်ဝါးများမှာ သက်နုပင်ပေါက်များသာ ဖြစ်နေသည်။ တချို့ ဝါးခင်းများက ရင့်သယောင်ရှိသော်လည်း ချုံနွယ်များပြီး ချောင်းနှင့် အလှမ်းဝေးလွန်းသည်။ ခုတ်ရ အဆင်ပြေပြီး ချောင်းထဲသို့ လွယ်လင့်တကူ ထိုးချနိုင်သော ဝါးခင်းမျိုးဖြစ်ရန် လိုသည်။ သို့မှသာ ဝါးခုတ်ရသည်မှာ သက်တောင့်သက်သာ ရှိပေမည်။

အချိန်ကြာသည့်တိုင် စိတ်ကျေနပ်လောက်သည့် ဝါးခင်းမျိုး မတွေ့မိ။ ချောင်းမှာ ကျဉ်းမြောင်းပြီး ရေစီးသန်လာသည်။ ချောင်း၏ ဝဲယာတစ်လျှောက် သစ်ပင်ကြီးငယ်များကို တွေ့ရသည်။ တောနေ သတ္တဝါများ၏ တိုးဝှေ့သံများနှင့် ကျေးဟိန်းသံကိုပင် မကြာခဏ ကြားရသည်။ တောက တဖြည်းဖြည်းနက်လာ၏။

တောင်များ ကာဆီးထားသဖြင့် နေကို မမြင်ရ။ လင်းလင်းရှင်းရှင်းရှိနေသည့် ကောင်းကင်ကို ကြည့်ပြီးသာ နေမဝင်သေးကြောင်း သိရသည်။ ရွာက ထွက်လာသည်မှာ နေ့တစ်ဝက်ပင် ကျော်နေပြီ။ ကျေးငှက်အပေါင်း၏ အိပ်တန်းတက် အော်မြည်သံများ စတင်ကြားလာရ၏။ မကြာမီ နေဝင်ပေတော့မည်။

"ကိုသောင်းရွှေ‥စခန်းထောက်တော့မှ ထင်တယ်ဗျ"

"ဟုတ်တယ် ကိုထွန်းတင်။ တောကောင်ကြီးတွေအသံကို ကြားလာရပြီဆိုတော့ မကောင်းတော့ဘူး"

စိုးမောင်ကပါ ဝင်ပြောလာသည်။ သူတို့နှင့်က တစ်ရွာတည်းသားများ ဖြစ်သည်။ ရိုးမတောထဲသို့ ဝါးခုတ်လိုက်ပါလိုကြောင်း ပြောလာကြသဖြင့် ခေါ်ခဲ့ခြင်းဖြစ်သည်။

"ဟိုရှေ့က နေရာဆိုရင် ဘယ်လိုနေမလဲ ကိုထွန်းတင်"

"ကောင်းတယ် ကိုသောင်းရွှေ။ ဝါးလည်း ရင့်ပြီး ခုတ်ထွင်ရလည်း လွယ်ကူမယ့်ပုံပဲ"

"ကဲ‥‥အဲဒီနေရာမှာပဲ စခန်းထောက်ရအောင်။ နားနေစရာ တဲတစ်လုံးတော့ ဆောက်မှဖြစ်မယ်"

ပါလာသည့် ရိက္ခာထုပ်များကို ချပြီး လိုအပ်သည့် ဝါးများ ခုတ်ရန် တောစပ်သို့ ဝင်ခဲ့သည်။ ချောင်းစပ်နှင့် ဝါးခင်းမှာ ကွာလှမ်းမှု မရှိ။

လိုအပ်သည့်ဝါးများ ရသည်နှင့် ချောင်းဘက်သို့ မျက်နှာမူလျက် လေးတိုင်စင် တဲတစ်လုံးဆောက်ကြသည်။ သစ်ခက်များဖြင့် ခေါင်မိုးဆင်၏။ မျက်နှာစာတစ်ဖက်ချန်ကာ ကျန်သုံးဘက်ကို ဝါးလုံးတန်းချည်၏။ မြေပြင်မှ နှစ်တောင်ခန့်အမြင့်ထားပြီး ကြမ်းခင်းရက်၍ထည့်သည်။ တဲမှာ လူသုံးယောက် ကျောခင်းသာရုံ ပြုလုပ်သဖြင့် ခဏချင်းပင် ပြီးမြောက်သွားသည်။

"ကဲ‥‥နက်ဖြန်မနက်စောစော ထမင်းဟင်းချက်ပြီး ဝါးခုတ်တက်ကြရအောင်"

◈◈◈

ဝါးခုတ်ရန် အထဲသို့ တိုးဝင်စရာ မလို။ ဝါးတောအစပ်၌ပင် သက်ရင့်ဝါးများကို တွေ့ရသည်။ သက်တမ်းကုန်ဆွေးမြည့် လဲပြိုနေသော ဝါးခြောက်များ တွေ့ရပြီး ခုတ်ရာထစ်ရာ မမြင်မိ။ လူအရောက်အပေါက်မရှိသည့် ဝါးခင်းဖြစ်နေသည်။

တောင်ပိန္နဲပင်၊ ပျဉ်းကတိုးပင်၊ ကညင်ပင်၊ ကျွန်းပင်လို သစ်ပင်ကြီးအနည်းငယ်ရှိပြီး နွယ်ပင်များကို မတွေ့ရ။ သို့ဖြင့် ဝါးများ၏ အကိုင်းအခက်ကို ရှင်းရသည်မှာ လွယ်ကူလှ၏။ အရွယ်အစားညီ ဝါးများချည်းဖြစ်၍ ရွေးချယ်ပြီး ခုတ်စရာမလို။ အနီးစပ်ဆုံး အပင်ကို ခုတ်၍ ချောင်းစပ်သို့ ထိုးချနိုင်သဖြင့် အလုပ်တွင်လှသည်။

"ကိုသောင်းရွှေ‥‥ တဲရှေ့မှာ ဘုန်းကြီးတစ်ပါးရပ်နေတာ တွေ့တယ်"

"ဟော‥‥ဟုတ်လား ကိုထွန်းတင်။ စိုးမောင်ရေ‥သွားကြည့်လိုက်ကွာ။ အကျိုးအကြောင်းလျှောက်တင်ပြီး ဆွမ်းလိုရင်လည်း ချက်ထားတာ လောင်းလှူလိုက်ပေါ့။ ပြီးမှ တို့တွေ ပြန်ချက်ရအောင်"

စိုးမောင်က တဲရှိရာသို့ ခပ်သွက်သွက်ဆင်းသွားသည်။ တောကြီးမျက်မည်းထဲတွင် ဘယ်က ဘုန်းကြီးတစ်ပါး ရောက်လာသနည်း။ အထုပ်အပိုးများ မပါသဖြင့် ခရီးသွား ဘုန်းကြီးဖြစ်မရ။ အရောင်အဆင်း မရှိတော့သည့် သင်္ကန်းကို ရုံထားသည်။

ခဏအကြာတွင် ဘုန်းတော်ကြီး ပြန်ကြွသွားပြီး စိုးမောင်က ဝါးခုတ်ရာ သို့ တက်လာသည်။

"လှူသံကြားလို့ လာကြည့်တာ တဲ့ ကိုသောင်းရွှေရေ။ ချောင်းအထက် မှာ သီတင်းသုံးနေတာတဲ့"

"တောရပ်မှီ ကိုယ်တော်ပေါ့ ဆွမ်းလှူလိုက်သေးလား ကိုစိုးမောင်"

"လှူလိုက်တယ် ကိုထွန်းတင်။ ငါးခြောက်ဖုတ်ရော ချဉ်ရည်ဟင်း လှူလိုက်တယ်။ ခုလို ဆွမ်းထမင်း ဝေးကွာနေတာ အတော်ကြာပြီ တောင် မိန့်သွားလေရဲ့"

"ကောင်းပါလေ့ စိုးမောင် လှူရကျိုးနပ်တာပေါ့ကွာ"

"ကိုယ်တော်က ဥပမိရုပ် ပြီး တည်ငြိမ် ရင့်ကျက်လိုက် မပြောပါနဲ့တော့ ကိုသောင်းရွှေ



www.burmeseclassic.com

www.burmeseclassic.com

"အင်း···တောထဲမှာ ကေစာ ...ပွင့်နေတဲ့ ပုဂ္ဂိုလ်တွေကို ဖူးရခဲ့တယ်။ ...ပြန်ခင် အဲဒီကိုယ်တော်ဆီ သွားကြ ...ပေါ့"

◈◈◈

"ကဲ···ဝါးဖောင်လည်း ဖွဲ့ပြီး ...ပြီ။ မျှောပြီး အိမ်ပြန်ရုံပဲ ရှိတော့ ...ယ်။ ဟိုနေ့က ရောက်လာတဲ့ ကိုယ် ...တော်ကို ဖူးမြော်ဖို့ သွားကြမယ်"

"ကျွန်တော်တို့မှာ ကျန်တဲ့ ...ကြွာပိုတွေကို ယူသွားပြီး လှူရ ...အောင်။ ကိုယ်တော်ခမျာ အနေဆင်းရဲ ...အစားဆင်းရဲဖြစ်နေရှာလား မသိဘူး"

"ကောင်းတယ် ကိုထွန်းတင်။ ...ဒါနဲ့ ဘယ်မှာ သီတင်းသုံးတယ်တဲ့လဲ ...မောင်"

"ချောင်းအထက်ပိုင်းမှာတဲ့"

"ကဲ···ကဲ ပြောနေ ကြာတယ်၊ ...သွားမယ်"

ချောင်းမှာ အထက်ပိုင်းသို့ ...ရောက်လာလေ အကွေ့အကောက် ...များကာ သစ်ကြီးဝါးကြီးများကို တွေ့ ...ရလေဖြစ်သည်။ တောတိရစ္ဆာန် ...ငါင်းစုံ၏ အော်မြည်သံများက နေရာ ...အနှံ့မှ ထွက်ပေါ်နေ၏။ ငှက်၊ ရှဉ့်၊ ...မျောက်၊ ချေ အစရှိသည့် သတ္တဝါများ ...မှာ လူလာနေသည်ကို အမှုမထားဘဲ ...ချောင်းစပ်၌ ရေသောက်နေကြသည်။ ...ကြောက်ရကောင်းမှန်း မသိလေရော့ ...သည့်။

တစ်နာရီခန့် လျှောက်ခဲ့ကြပြီး ...နောက် တဲတစ်လုံးကို တွေ့ရသည်။ ...တောင်ကမူပေါ်၌ ရှိနေပြီး အဆင်း ...အတက်လုပ်ရန် လှေကားထစ်များ ရှိ ...သည်။ ကမူပေါ်သို့ တက်ခဲ့ရာ အပေါ် ...၌ မြေပြန့်လွင်ပြင်လို ဖြစ်နေသည်။ ...မာလကာ၊ ငှက်ပျော၊ နာနတ်၊ ...သရော၊ ကြံပင်လို အပင်ငယ်များနှင့်

သရက်၊ ပိန္နဲ၊ သခွေ၊ ကတွတ်၊ သဖန်း၊ ညောင်ပင်များလည်း ပေါက်ရောက်နေကြသည်။ အပင်ကြီးများ အုပ်မိုးထားသဖြင့် တဲပတ်ဝန်းကျင်မှာ အုံ့ဆိုင်းဝေဆာလျက် ရှိ၏။

တဲပေါ်၌ ဘုန်းတော်ကြီးတစ်ပါး တရားရှုမှတ်နေသည်ကို တွေ့ရသည်။ မိမိတို့ကြောင့် အာရုံပျက်မည်စိုးသဖြင့် တဲရှေ့ မြေကွက်လပ်တွင် ပုဆစ်ဒူးတုပ်ကာ အသီးသီးထိုင်လိုက်ကြသည်။

တဲမှာ သုံးပင် နှစ်ခန်းဖွဲ့ထားသည်။ အလယ်ခန်းဆီးမရှိ။ ဝါးထရံ ရက်ပြီး ကာထားသည်။ ဖိနပ်ချွတ်ကို တစ်ဆင့်နိမ့်ပြီး ဝါးဘိုးဝါးကို လေးစိတ်ခွဲကာ ကြမ်းခင်းထား၏။ ရွံ့စေး မီးဖိုပေါ်တွင် မြေအိုးတစ်လုံးတည်လျက် တွေ့ရသည်။

"ဒကာကြီးတို့ ရောက်လာကြပြီကိုး"

ဘုန်းတော်ကြီးက တရားမှတ်နေရာမှ လှမ်းပြောပြီး ဖိနပ်ချွတ်အဆင့်တွင် ထိုင်လိုက်သည်။ သုံးဦးသား လက်အုပ်ချီ ကန်တော့ကာ···

"တင်ပါ့ ဘုရား"

"အလုပ်အကိုင်များ ပြီးမြောက်ခဲ့ပြီလား ဒကာတို့"



"တင်ပါ့ နက်ဖြန်နံနက် ပြန်ဖို့ အသင့်ဖြစ်နေပါပြီ။ တပည့်တော်တို့မှာ ပိုလျှံနေတဲ့ စားရိက္ခာအနည်းအကျဉ်းကို လက်ခံပေးတော်မူပါ ဘုရား"

ကိုထွန်းတင်က ဘုန်းကြီးအနီးသို့သွားကာ ပါလာသည့် ရိက္ခာထုပ်ကို ကပ်လှူလိုက်၏။

"သာဓု···သာဓု···သာဓု၊ ဒကာတို့ ရောက်လာတာနဲ့ အခန့်သင့်လိုက်လေ။ မြားဒဏ်ရာနဲ့ လဲနေတဲ့ ချေတစ်ကောင်ရှိတယ်။ မုဆိုးတစ်ယောက်ယောက်က လေးနဲ့ ပစ်လိုက်တာ ထင်ရဲ့။ ကျောင်းသင်္ခမ်းနောက်က ဝါးဘိုးရုံကြားမှာ လဲနေတယ်။ ဒကာတို့ ယူသွားကြလေ။ အဲဒီမှာ စားသွေးလို့ ကောင်းမယ့် ကျောက်တွေလည်း ရှိတယ်။ လိုအပ်သလိုသာ အသုံးချကြပေတော့"

"တင်ပါ့၊ တပည့်တော်တို့ သွားကြည့်လိုက်ပါ့မယ် ဘုရား"

ဘုန်းတော်ကြီးအား ဦးချပြီး ကျောင်းသင်္ခမ်းနောက်သို့ လာခဲ့ကြသည်။

"ကိုယ်တော်က ကျွန်တော်တို့ကို ဓားသွေးဖို့ ပြောနေပါလား ကိုသောင်းရွှေ"

"ငါတို့ဓားတွေက ထက်ပြီးသားပဲ စိုးစောင်ရယ်၊ သွေးဖို့ မလိုအပ်ပါဘူး။ ကဲ···နေမဝင်မီ ခေါင်းကို ပြန်ရောက်ဖို့ လိုတယ်။ အမြန်လုပ်ကြရအောင်"

တဲ၏ နောက်ဘက် ဝါးသယ်မြိုင်ခန့်အကွာတွင် မြင့်မားလွန်းသည့် ဝါးဘိုးရုံကြီးများကို တွေ့ရသည်။ မြေကွက်လပ်တစ်ခုကို ဝန်းရံပြီး ပေါက်ရောက်နေပုံမှာ လူစိုက်ထားသည်နှင့်ပင် တူသေးတော့သည်။ ကြီးငယ်ရွယ်လတ် ကျောက်တုံး ကျောက်ခဲများမှာ ပြ

www.burmeseclassic.com

ပြင်အနှံ့ ပြန့်ကြဲနေကြ၏။ မြေကွက်အလယ်တွင် မြားတန်းလန်းနှင့် လဲကျနေသော ချေတစ်ကောင်ရှိနေသည်။ အနီးရှိ ကျောက်တုံး ကျောက်ခဲများပေါ်တွင် သွေးစက်များ ပေကျံလျက်ရှိ၏။ သွေးရှူးသွေးတန်းပြေးလာစဉ် ကျောက်တုံး ကျောက်ခဲများကို ချော်နင်းပြီး လဲကျ သေဆုံးသွားဟန်တူသည်။ ချေသေကို လေးပေါင် လေးလက်ကျ ခုတ်ထစ်ထုပ်ပိုးပြီး ကျောင်းသခ်မ်းသို့ ပြန်ခဲ့ကြသည်။

"ဘာတွေ ရခဲ့ကြလဲ ဒကာတို့"

"ချေသေကို ခုတ်ပြီး ယူလာပါတယ် ဘုရား"

"ဒါပဲလားကွဲ့"

ဘုန်းတော်ကြီး၏ အမေးကြောင့် နားဝေတိမ်တောင်ဖြစ်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ကိုထွန်းတင်က…

"တပည့်တော်က အိမ်ရှင်မအတွက် ဧရတ်ကြိတ် ကျောက်ခဲတစ်လုံးကောက်လာခဲ့ပါတယ် ဘုရား"

"အိမ်း…ကုသိုလ်ကံပေါ့ကွယ်။ ကဲ…ကဲ နေမဝင်ခင် ပြန်ကြပေတော့"

"တင်ပါ့ ဘုရား"

◈◈◈

ကိုစိုးက သူ့ဇာတ်လမ်းကို ရပ်လိုက်ပြီး ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်သည်။ ကျွန်တော် ငုံ့ထားသည့် အကြမ်းပန်းကန်မှာ အေးစက်လို့ပင် ရှိနေပြီ။

"အဲဒါက ငါတို့ ကျိန္နလီချောင်းဖျားကို သွားပြီး အမဲလိုက်တုန်းက ကြားခဲ့တဲ့ အဖြစ်အပျက်ပေါ့"

"နောက်ပိုင်း ဘယ်လိုဖြစ်သွားလဲ ကိုစိုး"

"ထွန်းတင်ဆိုတဲ့ လူက အဲဒီကျောက်တုံးကို ကာလအတန်ကြာ



မေ့မေ့ပျောက်ပျောက်ထားခဲ့တယ်တဲ့။ တစ်ရက်တော့ သူ့အိမ်ရှင်မက အဲဒီကျောက်နဲ့ ဧရတ်ကြိတ်တယ်ဆိုပဲ"

"အဲဒီတော့…"

"ကျောက်ခဲက ရွှေတုံးဖြစ်နေတယ်။ ဒါနဲ့ ရွာမှာ အုတ်အုတ်ကျက်ကျက်ဖြစ်သွားပြီး ကိုယ်တော် သီတင်းသုံးတဲ့ နေရာကို သူ့ထက်ငါ အပြေးအလွှားလိုက်ရှာကြတယ်"

"တွေ့ကြလား ကိုစိုး"

"မတွေ့ဘူး။ သောင်းရွှေတို့ သုံးယောက်လည်း သူတို့တွေ့ခဲ့တဲ့ နေရာကို သွားရှာကြတယ်။ မတွေ့တော့ဘူးတဲ့"

"ပရလောကသားတွေက ဥစ္စာပေးတယ်လို့ ဆိုရမှာပေါ့"

"မဟုတ်ဘူး ပေါက်စရဲ့။ အဲဒီဘုန်းကြီးက သီပေါမင်းခေတ်က မင်းဆရာတစ်ပါးလို့ ပြောကြတယ်"

"ဒါဆိုရင် ကျွန်တော်တို့ လွတ်လပ်ရေးခုံးရုံးပြီး နောက်ပိုင်း ကာလပေါ့"

ကိုစိုးက ခေါင်းတစ်ချက်ဆတ်ပြီး…

"ဟုတ်တယ်။ သီပေါမင်းကို အင်္ဂလိပ်တွေ ဖမ်းပြီး ရောဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းကြတယ်။ အဲဒီကိုယ်တော်က နန်းစဉ် ရတနာ…ကို ဆင်ကိုးစီးနဲ့ တင်ပြီး အင်္ဂလိပ်…မသိအောင် ရခိုင်ရိုးမတစ်လျှော…တိတ်တဆိတ် လိုက်လာခဲ့တာ…တယ်။ ခရီးလမ်းက ကြမ်းလွန်း…လူတွေရော ဆင်တွေပါ အသီးသီး…ကုန်ကြတယ်တဲ့။ ကိုယ်တော်တစ်ပါး…ကျန်တော့ ရတနာပစ္စည်းတွေ…စောင့်ထိန်းရင်း ကျိန္နလီချောင်းဖျား…သီတင်းသုံးခဲ့တယ်လို့ ဆိုကြတယ်"

"ကိုယ်တော်ရဲ့ ဘွဲ့အမည်…ဘယ်လိုခေါ်လဲ ကိုစိုးရဲ့"

"ရွာသားတွေကတော့ ဦး…လို့ ပြောကြတယ်"

မည်မျှ မှန်ကန်မှု ရှိသည်…ကျွန်တော် မပြောတတ်။ အကယ်၍…များ ထိုကဲ့သို့ ဖြစ်ခဲ့သည်ရှိ…ရွှေချောင်းပြင်ရွာ(သံတွဲချောင်းမှာ…ကျင်လို့ ရခဲ့သည်ဆိုသော နေရာ)…ကြောင်းသည်လည်း မှန်နိုင်ဖွယ်…သည်။ အဘယ်ကြောင့်ဆိုသော်…ချောင်းနှင့် ကျိန္နလီချောင်းမှာ ရခိုင်…ရှိ တောင်တစ်လုံးတည်းမှ စတင်…ဆင်းလာသောကြောင့် ဖြစ်ပေ…သတည်း။

□



www.burmeseclassic.com

www.burmeseclassic.com

ကိုဦး(လှိုင်ကော်)

# ကြုံရဆုံရ ထောင်အရာရှိဘဝ



www.burmeseclassic.com

၁၉၉၂ ခုနှစ်မှာ အောင်ပန်း-လွိုင်ကော် ရထားလမ်းကို စတင်ဖောက်လုပ်ခဲ့ပါတယ်။ အရင်တုန်းကတော့ ကားလမ်းတွေကလည်း နည်း၊ ကားတွေကလည်း နည်းသေးတော့ တစ်နိုင်ငံလုံးမှာ ရထားကိုပဲ အားထားစီးပြီး ခရီးသွားလာကြရပါတယ်။ အခုတော့ တစ်နေရာနဲ့ တစ်နေရာ သွားချင်ရင် မြန်မြန်ဆန်ဆန်ရောက်အောင် ကိုယ်ပိုင်ကားတွေ၊ ခရီးသည်တင် အဆင့်မြင့် ဘတ်စ်ကား(Express)တွေ ရှိလာပါတယ်။ ကုန်ပစ္စည်းတွေ သယ်ယူဖို့ဆိုရင်လည်း ရထားတစ်တွဲစာလောက်ပါအောင် တင်နိုင်တဲ့ (၁၂)ဘီးကားတွေ ရှိလာပါပြီ။ ကူးသန်းသွားလာရေး၊ ကုန်စည်ပို့ဆောင်ရေးတွေမှာ ရထားကတော့ သုံးနေကြရပါသေးတယ်။ ခေတ်မီ နိုင်ငံကြီးတွေ တောင်မှ ယနေ့အထိ ရထားကို အသုံးပြုနေရဆဲပါ။

အောင်ပန်း-လွိုင်ကော် ရထားလမ်းဖောက်လုပ်စဉ်ကလည်း အကျဉ်းဦးစီးဌာနက ပါဝင်ဆောင်ရွက်ခဲ့ရပါတယ်။ အဲဒီအချိန်တုန်းကတော့ နိုင်ငံတစ်ဝန်းလုံး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ အကျဉ်းဦးစီးဌာနက အလုပ်စခန်းတွေ ဖွင့်ပြီး ပါဝင်ဆောင်ရွက်ခဲ့ရပါတယ်။ ဒါကလည်း မဖြစ်မနေမသုံးမဖြစ်တော့လို့ ခေါ်သုံးရပုံ ရပါတယ်။ ထိုစဉ်က ဆောက်လုပ်ရေးကုမ္ပဏီတွေ၊ လမ်းဖောက်လုပ်ရေးကုမ္ပဏီတွေလည်း မရှိသေးပါဘူး။ တောထဲ တောင်ထဲမှာ အလုပ်သမားကလည်း ရှားတော့ တပ်မတော်သားများနှင့်အတူ အကျဉ်းဦးစီးကရဲ့ဘက် အကျဉ်းသားတွေကိုပဲ သုံးရပါတော့တယ်။ ဥပမာအားဖြင့်ဆိုရင် ရွှေညောင်-ဗထူး ရထားလမ်း၊ ရွှေညောင်-နမ့်စန် ရထားလမ်း၊ ပင်လောင်း-ပျဉ်းမနား ကားလမ်း၊ ရေး-ထားဝယ် ရထားလမ်း၊ လော်ပိတ အမှတ်(၂) ရေအားလျှပ်စစ်စီမံကိန်း၊

**အောင်ပန်း-လွိုင်ကော် ရထားလမ်းဖောက်စဉ်က ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတွေ ကျောက်တောင်ပေါ်က လိမ့်ကျပြီး သေသူက သေ၊ အလွန်အေးသည့် ရာသီဥတုဒဏ်ကြောင့် ရောဂါရှိသူ သေသူက သေ၊ ငှက်ဖျားနှင့် သေသူက သေဖြင့် ရှိခဲ့ကြပါတယ်။ ကျောက်မိုင်းခွဲရင်း ကျောက်စမှန်၍ ဒဏ်ရာရသူများလည်း ရှိခဲ့ကြပါတယ်။**

ဇော်ဂျီ ရေအားလျှပ်စစ်စီမံကိန်း၊ နန်းဆောင်းဝေါင်း ရေအားလျှပ်စစ်စီမံကိန်း၊ ရွှေဘို-မြစ်ကြီးနား ကားလမ်း စသည်တို့ ပါဝင်ဆောင်ရွက်ခဲ့ကြရပါတယ်။

ကျွန်တော်ကတော့ ဟိုတုန်းကအခေါ် ထောင်မှူး (တစ်ပွင့်)ဘဝနဲ့ အောင်ပန်း-လွိုင်ကော် ရထားလမ်း လုပ်ရေးအလုပ်စခန်းမှာ တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ကွပ်ကဲမှူးတာဝန်ခံ ထောင်ပိုင်ကြီးကတော့ လက်ထောက် ညွှန်ကြားရေးမှူး ဦးလှိုင်သိန်းဖြစ်ပါတယ်။ အကျဉ်းဦးစီး နဲ့ ဆောင်ရွက်ပေးရတဲ့ လုပ်ငန်းတွေကတော့ ရထား ကြောင်းနဲ့ မလွတ်တဲ့ ကျောက်တောင် ကျောက်စွယ်တွေ မိုင်းခွဲပြီး ဖယ်ရှားပေးရသလို၊ ရထားလမ်းမှာ ခင်းဖို့ (၁ လက်မဆိုက် ကျောက်များကိုလည်း ရထားလမ်း လျှောက် ကျောက်တောင်ရှိတဲ့ နေရာတွေမှာ စခန်းခွဲ ဖွင့်ပြီး ထုတ်လုပ်ပေးရပါတယ်။ ကလောမြို့နယ်ထဲက အွန်ရွာနားက ကျောက်တောင်ကြီးအနားမှာ နန်းအွန် ဖွင့်ခဲ့ပါတယ်။ နန်းအွန်ကျောက်တောင်ကြီးက တော် ပါတယ်။ ကျော်ဟိန်းနဲ့ ခင်ယုမေ ပါဝင်တဲ့ "မာန်လျှော စောခက်ငယ်"ရုပ်ရှင်ဇာတ်ကားရိုက်သွားတဲ့ ကျောက် ကြီးဖြစ်ပါတယ်။ ကြောမကြာလည်း အဲဒီကျောက်တောင် ရုပ်ရှင်လာရိုက်ကြပါတယ်။ ယခုအချိန်အထိ ရထားလမ်းဘေးမှာ လှပစွာ မြင်နိုင်ပါတယ်။

နောက်ထပ် စခန်းခွဲတွေကတော့ ပင်လောင်း ထဲက ဆောင်းဘွဲ့ကျေးရွာအနီးက ကျောက်တော ဆောင်းဘွဲ့စခန်းခွဲ၊ ပင်လောင်းမြို့အဝင်နားက လယ် ရွာအနီးရှိ ကျောက်တောင်မှာ လယ်ကြားစခန်းခွဲ၊ ပင် ကနေ လွိုင်ကော်ကို သွားတဲ့ ကားလမ်းဘေးမှာ ပင်ခွန်ရွာအနီးရှိ ပင်ခွန်စခန်းခွဲ၊ နောင်ပိုးရွာအနီးမှာ စခန်းခွဲ၊ မိုးပြရွာအနီးမှာ မိုးပြစခန်းခွဲဆိုပြီး စခန်းခွဲတွေ ဆောင်ရွက်ခဲ့ကြပါတယ်။

စခန်းခွဲတစ်ခုမှာ အရာရှိအနေနဲ့ စခန်းခွဲတာဝန် ထောင်မှူးကြီး(ကြယ်နှစ်ပွင့်)တစ်ယောက်ရှိပြီး (ကြယ်တစ်ပွင့်)တစ်ယောက်ရှိပါတယ်။ အခြား အကြပ်တပ်သားအယောက်(၂၀)ရှိပြီး အကျဉ်းသား အယောက်(၅၀၀)ထားရှိ လုပ်ကိုင်ရပါတယ်။ စောင့်ရှောက်သူ ဝန်ထမ်းနှင့် အကျဉ်းသား ရဲ့ဘက်( ထားရှိရန် သတ်မှတ်ထားသော်လည်း ဝန်ထမ်းအင်အား လောက်၍ (၁း၂၅)နှုန်းနဲ့သာ ဖြစ်အောင် ထိန်းသိမ်း ခဲ့ရပါတယ်။ တောထဲ တောင်ထဲမှာ အကျဉ်းသား



www.burmeseclassic.com

www.burmeseclassic.com

(၅)ယောက်ကို ဝန်ထမ်းတစ်ယောက်နှင့်သာ ထိန်းသိမ်းဆောင့်ရှောက်ရတော့ ရဲဘက် ထွက်ပြေးတဲ့အခါလည်း ပြေးသာပေါ့ဗျာ။ အဲဒီလို ထွက်ပြေးတိုင်းသာ ဝန်ထမ်းတွေ ဖြုတ်ခံရရင်လည်း တစ်ယောက်မှ ကျန်မှာမဟုတ်ပါဘူး။ ဒါပေမယ့် ဖြစ်စဉ်အခြေအနေနဲ့ အပြစ်ရှိ,မရှိ၊ ပေါ့ဆမှု ရှိ,မရှိ စစ်ဆေးပြီးတော့ သတိပေး ပြစ်ဒဏ်၊ နှစ်တိုး ရပ်ဆိုင်းတဲ့ အပြစ်ဒဏ်၊ ရာထူးချတဲ့ အပြစ်ဒဏ်တွေကိုတော့ စုံစမ်းစစ်ဆေးမှု ခုံရုံးဖွဲ့ စစ်ဆေးပြီး ပေးရပါတယ်။

ကွပ်ကဲမှုတာဝန်ခံ ထောင်ပိုင်ကြီး ဦးလှိုင်သိန်းကတော့ ဌာနချုပ်စခန်းဖြစ်တဲ့ နန်းအွန်စခန်းမှာ နေပြီး ကွပ်ကဲမှုလုပ်ပါတယ်။ သူ့အရပ်က (၆)ပေခန့် ရှည်ပြီး ဗိုက်လည်းမထွက်၊ ခါးလည်း မကုန်းဘဲ ယူနီဖောင်းနှင့် အလွန်ကြည့်ကောင်းပါတယ်။ လယ်ဝွတ္တာဇာတိဟုလည်း သိရပါတယ်။ နန်းအွန်ဌာနချုပ်မှာ ရုံးထိုင်သော်လည်း တစ်ရက်မှ နန်းအွန်တွင်မရှိပါ။ နံနက်မိုးလင်းသည်နှင့် နံနက်စာစားပြီး ဟီးနိုးကားကြီးဖြင့် စခန်းခွဲတွေဆီကို တစ်ခုချင်း သွားရောက်ကြည့်တတ်ပါတယ်။ သူလာရင် စခန်းခွဲရုံးတွင် မထိုင်ပါ။ ကားပေါ်ကဆင်းသည်နှင့် ကျောက်ထုတ်လုပ်ငန်းခွင်ကိုသာ တန်းတန်းမတ်မတ်သွားပါတော့တယ်။

“ကျောက်ကျင်းပေါင်း ဘယ်လောက်ရပြီလဲ။ ကျောက်မိုင်းခွဲဖို့ ယမ်းလိုသလား။ ယမ်းကြိုးရော လုံလောက်ရဲ့လား။ ကျောက်ဖောက်စက်တွေ ကောင်းရဲ့လား။ ဒီဇယ်လိုသလား။ အင်ဂျင်ဝိုင် လိုသလား။ ကျောက်ခွဲဖို့ တူလိုသလား။ ပေါက်ပြားလိုသလား။ ဂေါ်ပြားလိုသလား။ ရဲဘက်တွေကို ထမင်းဝအောင် ကျွေးပါ။ ကောင်းမွန်စွာ ချက်ပြုတ်ကျွေးပါ။ ရဲဘက်မပြေးအောင်လည်း ဂရုစိုက် ထိန်းသိမ်းပါ”

အဲဒါတွေက ဘယ်စခန်းခွဲသို့ ရောက်ရောက် သူ့ရဲ့ထက်သုံး စကားတွေပါ။ တကယ်လည်း လိုအပ်တာကို အမြန်ဆုံး ဖြည့်ဆည်းပေးပါတယ်။ သူ့ရဲ့ ဟီးနိုးကားကြီးပေါ်မှာ ဒီဇယ်ပေပါ၊ အင်ဂျင်ဝိုင်ပုံး၊ ယမ်းအိတ်၊ ယမ်းကြိုးအိတ်၊ ပေါက်ပြား၊ (၁၆)ပေါင်တူ၊ (၈)ပေါင်တူ အကုန်အစုံပါလာတတ်ပါတယ်။ အရေးကြီး လိုအပ်တဲ့ ပစ္စည်းကို ချက်ချင်းချပေးသွားပြီး နောက်စခန်းခွဲတစ်ခုကို ထွက်ခွာသွားတတ်ပါတယ်။ ကားပေါ်မှာ သူ့အိပ်ရာလိပ်ကို ဘယ်သွားသွားတင်သွားတတ်ပြီး အချိန်မရှိလို့ မိုးချုပ်သွားရင် ကြုံရာစခန်းမှာ အိပ်ပါတယ်။

ကားပေါ်မှာ အမြဲတင်ဆောင်ထားတာ တစ်ခုကျန်ပါသေးတယ်။ အဲဒါကတော့ ဘီအီးအရက်ပါခင်ဗျ။ အရင်တုန်းက အစိုးရမှ ထုတ်တဲ့ အရက်ဖြူတစ်မျိုးပေါ့ဗျာ။ ညစာထမင်းစားခါနီးရင်တော့ ဘီအီးအရက် အနည်းငယ်ကိုသောက်လေ့ရှိပါတယ်။ အခြားအရက်ကိုတော့ မသောက်ပါ။ အဲဒီအချိန်က မန္တလေးရမ်၊ အာမီရမ်အရက်များအပြင် ရှမ်းပြည်ထွက် အရက်မျိုးစုံရှိသော်လည်း မသောက်ပါ။ အစိုးရအရက်ဆိုင်က ဝယ်တဲ့ ဘီအီးကိုပဲ သောက်ပါတယ်။ အရက်သောက်တဲ့အခါမှာလည်း အလုပ်အကြောင်းပဲ ပြောတတ်ပါတယ်။ အခြားစကား သိပ်မပြောတတ်ပါ။ ဒါကတော့ ကျွန်တော့်ရဲ့ ကွပ်ကဲမှုတာဝန်ခံ ဆရာ ဦးလှိုင်သိန်းရဲ့ ရိုးရှင်းသော ဘဝပါခင်ဗျ။

၂၀၀၂ခုနှစ်က ဆရာ ဦးလှိုင်သိန်း အူလမ်းကြောင်းရောဂါဖြင့် မန္တလေးတွင် သေဆုံးသွားခဲ့ပြီးဖြစ်ပါတယ်။ သေဆုံးချိန်တွင် တာဝန်ထမ်းဆောင်ဆဲ (၅၃)နှစ်ခန့်သာရှိဦးမည်ထင်ပါတယ်။ အသေစောလို့ နမြောတသရင်း လွမ်းမိပါသေးတော့ ဆရာရယ်။ ဆရာတစ်ယောက် ကောင်းရာသုဂတိရောက်ပါစေ။

အောင်ပန်း-လွိုင်ကော် ရထားလမ်းဖောက်စဉ်က ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းတွေ ကျောက်တောင်ပေါ်က လိမ့်ကျပြီး သေသူက သေ၊ အလွန်အေးသည့် ရာသီဥတုဒဏ်ကြောင့် ရောဂါရှိသူ သေသူက သေ၊ ငှက်ဖျားနှင့် သေသူက သေဖြင့် ရှိခဲ့ကြပါတယ်။ ကျောက်မိုင်းခွဲရင်း ကျောက်စမှန်၍ ဒဏ်ရာရသူများလည်း ရှိခဲ့ကြပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)မှာတော့ ကလောနှင့် ပင်လောင်းက အအေးဆုံးမြို့နယ်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ စခန်းခွဲများကလည်း အဲဒီမြို့နယ်နှစ်ခုအတွင်းမှာ အများဆုံး ရှိနေတော့ အအေးဒဏ်ကို အလူးအလဲခံစားကြရပါတယ်။ ဒီကို ရောက်လာတဲ့ အကျဉ်းသား ရဲဘက်အများစုကလည်း မြန်မာပြည်အောက်ပိုင်းနဲ့ အထက်အညာပိုင်းကများတော့ အအေးဒဏ်ကို မခံစားနိုင်ကြဘူး။ ကျွန်တော်တာဝန်ကျတဲ့ ပင်လောင်းနားက လယ်ကြားစခန်းမှာဆိုရင် ဒီဇင်ဘာ၊ ဇန်နဝါရီလတွေမှာ ရေတောင် ခဲပါတယ်။ ဖလားထဲ ထည့်ထားတဲ့ ရေက နံနက်ကျရင် ရေခဲတုံးကြီးဖြစ်နေလို့ မျက်နှာသစ်ဖို့ ရေနွေးနဲ့ စပ်ပြီး သစ်ရပါတယ်။ ကလောထက်စာရင် ပင်လောင်းက ပိုအေးပါတယ်။ မိုးရာသီလည်းအေး၊ ဆောင်းရာသီလည်း အေးနှင့်။ နွေရာသီကတော့ မပူဘဲ အလွန်နေလို့ ကောင်းပါတယ်။ ပင်လောင်းကို ရောက်ဖူးသူ၊ နေဖူးသူတိုင်း သိကြမည်ထင်ပါတယ်။

လယ်ကြား စခန်းခွဲမှာ စခန်းတာဝန်ခံက ထောင်မှူး



www.burmeseclassic.com

www.burmeseclassic.com

ကြီး ဦးသန်းထွန်းအောင် ဖြစ်ပါတယ်။ အသက် (၅၈)နှစ်ရှိနေပြီး ပင်စင်လည်း နီး၊ လူကြီးလည်း ဖြစ်တော့ လှုပ်လှုပ်ရှားရှား အပင်ပန်းခံစရာရှိရင် ကျွန်တော်ကပဲ အပင်ပန်းခံလုပ်လိုက်ပါတယ်။

ရှေ့ပိုင်းက ကျွန်တော်ရေးခဲ့သလို ဆောင်းရာသီမှာ ရဲဘက်တွေက အအေးဒဏ် မခံနိုင်ကြတော့ အအေးကြောင့်ဖြစ်တဲ့ ရောဂါအမျိုးမျိုးနဲ့ ငှက်ဖျားကြောင့် နာမကျန်းသူ၊ သေဆုံးသူ များပြားခဲ့ပါတယ်။ ကျွန်တော်တို့ စခန်းခွဲတစ်ခုတည်းတင် မဟုတ်ပါဘူး။ စခန်းခွဲတိုင်းမှာ အသေအပျောက်များပါတယ်။ အပူပိုင်းဒေသက လူတွေဟာ အအေးဆုံးနေရာကို ရောက်လာတော့ ရုတ်တရက် အအေးဒဏ်ကို အလေ့အကျင့်မရှိဘဲ ခံစားရတော့ ရောဂါဝင်လာတာပေါ့ဗျာ။ စခန်းခွဲတိုင်းမှာတော့ ကျန်းမာရေးဌာနက ပို့ထားတဲ့ ဆေးမှူးတစ်ဦးစီ ထားပေးပါတယ်။ ဆေးဝါးတွေလည်း ထုတ်ပေးထားပါတယ်။ ဒါပေမယ့် မထိန်းနိုင်၊ မကာကွယ်နိုင်ပါဘူး။

ပင်လောင်း ပြည်သူ့ဆေးရုံမှာလည်း လယ်ကြားစခန်းခွဲက ပို့တဲ့ လူနာရော၊ ပင်ခွန်စခန်းခွဲက ပို့တဲ့ လူနာရော ပြည့်နေတတ်ပါတယ်။ ငှက်ဖျားကလည်း ရှိနေတော့ ငှက်ဖျားနဲ့ သေတာတွေက ပိုများတယ်။ ကျွန်တော်တို့ စခန်းခွဲမှာလည်း နံနက်ဆိုရင် ရဲဘက် အိပ်ဆောင်ထဲမှာ စောင်ခြုံကွေးပြီး သေဆုံးနေတဲ့ အလောင်းကလည်း တစ်ရက်ခြား၊ နှစ်ရက်ခြား ရှိနေတတ်ပါတယ်။ သေဆုံးသူတွေကို ကိုယ့်စခန်းမှာတင် ကိုယ့်သဘောနှင့်ကိုယ် မြှုပ်လို့ မရပါဘူး။ ပြည်သူ့ဆေးရုံကို ပို့ရပါတယ်။ ရဲစခန်းမှာ သေမှုသေခင်း(Inquest) ဖွင့်ရပါတယ်။ ဆရာဝန်ရဲ့ ရင်ခွဲစစ်ဆေးချက် မှတ်တမ်းကို ရယူပြီးမှ သက်ဆိုင်ရာ သင်္ချိုင်းမှာ မြေမြှုပ်သင်္ဂြိုဟ်ရပါတယ်။ ဒီအခါမှာလည်း စခန်းက ဝန်ထမ်းတစ်ယောက်နဲ့ ရဲဘက် ၅ယောက်ကို သင်္ချိုင်းဆီ လွှတ်ပြီး ကျင်းတူးခြင်း၊ မြေမြှုပ်သင်္ဂြိုဟ်ခြင်းတို့ကို လုပ်ခိုင်းရပါတယ်။ တစ်ပတ်ကို သုံးလေးယောက်လောက် သေနေတော့ အဲဒီဘုတ်အဖွဲ့လည်း လက်မလည်ဘူး။ အလောင်းစည်သူဘုတ်လို့လည်း ခေါ်ကြတယ်။ သေဆုံးသူအလောင်းကို ဆေးရုံကနေ ကားနဲ့သယ်၊ သင်္ချိုင်းရောက်တော့ သေဆုံးသူရဲ့ ခြေကျင်းဝတ်မှာ ခတ်ထားတဲ့ သံခြေကျင်းကိုလည်း ဖြုတ်ပေးရပါသေးတယ်။

ပင်လောင်းဒေသက မိုးရွာပြီဆိုရင်လည်း အဆက်မပြတ် တစ်နေကုန်ရွာတတ်ပါတယ်။ အလောင်းစည်သူတို့အလုပ်ကလည်း မလွယ်ပါ။ ခိုက်ခိုက်တုန်အောင် အေးနေတဲ့ မိုးထဲမှာ အနံ့အသက်ဆိုးတွေနဲ့ သေဆုံးသူကို သယ်ရ၊ ကျင်းတွယ်ရ၊ ခြေကျင်းဖြုတ်ရနှင့်။ ပြီးလျှင် ခြေကျင်းထဲထည့် မြေပြန်ဖို့ရနှင့် အလောင်းကလည်း တစ်ခါတလေ သုံးလေးလောင်းကို တစ်ခါတည်း လုပ်ရတာဆိုတော့ သိပ်မလွယ်လှပါ။ တစ်ခါတလေ အလုပ်ကိစ္စပြီး၍ စခန်းကို ပြန်လာလျှင် သူတို့ဆီက အရက်နံ့ရသော်လည်း သူတို့လုပ်ရတဲ့ အလုပ်နဲ့ ဒီလောက်တော့ ရှိမှာပဲလေဟု တွေးပြီး မသိချင်ယောင်ဆောင်လိုက်ရတာတွေ ရှိပါသေးတယ်။ တစ်ခါတစ်ရံလည်း အချိန်မရလို့ ခြေကျင်းတွေ မဖြုတ်ဘဲ ဒီအတိုင်းထည့်မြှုပ်လိုက်သည်ဟု ကြားရသဖြင့် သတိပေး၊ ဆူရ ဆဲရပါသေးတယ်။

တစ်ခါမှာတော့ ကျွန်တော်ကိုယ်တိုင် သူတို့လုပ်ငန်းကို လိုက်၍ ရပ်ကြည့်ပြီး စစ်ဆေးလိုက်ပါတယ်။ မှန်တော့လည်း မှန်ပါတယ်။ သေသွားသူရဲ့ ခြေကျင်းဝတ်မှာ ခတ်ထားတဲ့ သံခြေကျင်းက အဖြုတ်ရ တော်တောက်ခက်ပါတယ်။ ရှင်နေတဲ့ လူဆိုရင်တော့ ဟိုဘက် နည်းနည်းရွှေ့ ဒီဘက် နည်းနည်းစောင်းဟု ပြောပြီး လိုချင်တဲ့ အနေအထား ရိုက်၍ ဖြုတ်လိုက်လျှင် မြန်ပါတယ်။ လူကိုလည်း ဒဏ်ရာမှ မထိခိုက်ပါ။ သေနေတဲ့ အလောင်းကျတော့ ဒီလိုလည်း ပြောလို့ မရပါ။ နောက်တစ်ခုက သေသူရဲ့ အကြောတွေကလည်း တောင့်တင်းနေလို့ လှည့်မရ၊ စောင်းမရ။ အနံ့အသက်ကလည်း နံသေး။ ခြေကျင်းဝတ်က ဖောင်းနေပြီး သံခြေကျင်းနဲ့ ကျပ်နေလို့ ဖြုတ်ရခက်တဲ့အခါလည်း ရှိပါတယ်။ ဒါပေမယ့်လည်း ထောင်ကျနေတဲ့ အကျဉ်းသားတစ်ယောက်ရဲ့ နောက်ဆုံးခရီးကို သံခြေကျင်းကြီးတပ်လျက်နှင့်တော့ ကျွန်တော်တို့ မမြှုပ်ရက်၊ မလုပ်ရက်ပါ။

နောက်တစ်ခုကလည်း သံခြေကျင်းမှတ်ပုံတင် စာရင်းစာအုပ်ကလည်း ရှိသေးတယ်။ လစဉ် ပြန်တမ်း အနေနဲ့ ဒီလမှာ သံခြေကျင်း ဘယ်နစုံ လက်ခံရရှိပါတယ်၊ ဘယ်နစုံ ပြန်အပ်တယ်။ ထွက်ပြေးအကျဉ်းသားနဲ့ ဘယ်နစုံပါသွားတယ်။ လက်ကျန်မှာ သံခြေကျင်း လက်ကျန် ဘယ်နစုံ ကျန်တယ်။ အဲဒီကျန်နေတဲ့ သံခြေကျင်းများ ဘယ်နစုံကိုတော့ လက်ရှိ အကျဉ်းသားများကို ခတ်ထား ဖြစ်ပြီး ဂိုဒေါင်ထဲတွင် သိမ်းဆည်းထားတဲ့ သံခြေကျင်း အလွတ်က ဘယ်နစုံဆိုတာ အတိအကျဖော်ပြရပါတယ်။ လက်ကျန်များလာတဲ့အခါ အင်းစိန်မှာ ရှိတဲ့ ဗဟိုပစ္စည်း လှောင်ဌာနကို ပြန်အပ်ရပါတယ်။ ဒီတော့ အကြောင်း သက်သက် သံခြေကျင်းတွေ မြေကြီးထဲ ပါသွားလို့ မဖြစ်ဘူးခင်ဗျ။ နောက်ကျမှ သံခြေကျင်းတွေ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ဈေးမှာမှ သွားဝယ်လို့ မဖြစ်ဘူး။ ဘယ် ကုလားသံဆိုင်ကမှလည်း ဒီပစ္စည်းကို တင်မရောင်းဘူး။ ဘယ်ပန်းအဲဖိုကမှလည်း ဒါကို လုပ်မရောင်းဘူး။ ဒါကြောင့် အဖက်ဖက်က မသင့်တော်လို့ သံခြေကျင်းထည့်မမြုပ်ဖို့ ပြန်ယူလာဖို့ သူတို့ကို အတန်တန်မှာရပြန်တယ်။

တစ်နေ့မှာတော့ ပင်လောင်းမြို့နယ် (မဝတ)ဥက္ကဋ္ဌက ကျွန်တော့်ကို သူ့ရုံးကို လာခဲ့ဖို့ ခေါ်ပါတယ်။

"လာ···ထိုင်၊ ထောင်မှူးလေး"

"ခေါ်ရတဲ့ ကိစ္စကတော့ မောင်ရင်တို့ စခန်းက သေတဲ့ အကျဉ်းသားအလောင်းတွေကို သင်္ချိုင်းမှာ မြှုပ်တဲ့ကိစ္စပဲ"

"ဟုတ်ကဲ့၊ ပြောပါ"

"အလောင်းတချို့ကို ကျင်းတိမ်တိမ်လေးတူးပြီး မြှုပ်ကြလို့ ခွေးတွေက ဖော်ပြီး အင်္ဂါအစိတ်အပိုင်းတွေကို ရပ်ထဲရွာထဲအထိ ချီလာကြတယ်။ အဲဒီနားက ရပ်ကွက်ကလည်း သင်္ချိုင်းက လာတဲ့ အနံ့အသက်တွေ ဆိုးဝါးလွန်းလို့ ကျွန်တော့်ကို လာတိုင်နေကြတယ်။ အဲဒါ ခင်ဗျားတို့ ပြန်လုပ်ပေးလိုက်ကြပါဦး။ နောက်ဆိုရင်လည်း ကျင်းနက်နက်တူးတူးပြီး မြှုပ်ခိုင်းပါ"

"ဟုတ်ကဲ့ပါ ဥက္ကဋ္ဌကြီး။ ကျွန်တော်တို့ အမြန်ဆုံး ပြန်လုပ်ပေးပါ့မယ်"

ဟု ပြောပြီး ပြန်ထွက်လာခဲ့ရပါတယ်။

နောက်တစ်နေ့မှာတော့ ရဲဘက် အယောက်(၂၀)ကို ကားပေါ် တင်ခေါ်လာပြီး သင်္ချိုင်းသန့်ရှင်းရေးကို ကျွန်တော်ကိုယ်တိုင်လိုက်၍ ဟိုကောက် ဒီကောက်နှင့် ရှင်းလင်းရေးလုပ်၊ ပြန်မြှုပ်နှင့် အမြန်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ပြန်လုပ်ပေးလိုက်ရပါတယ်။ နဂိုကမှ ကိုယ့်အလုပ်နှင့် ကိုယ်ကျောက်ထုတ်လုပ်ငန်းတွေ၊ ဦး/ရေး/ထောက် ရုံးလုပ်ငန်းတွေနှင့် ရှုပ်နေပါတယ်ဆိုမှ သုဘရာဇာအလုပ်က တိုးလာပါတယ်။ အလောင်းစည်သူဘုတ်က ဟိုကောင်တွေကိုလည်း နောက်တစ်ခါ အဲဒီလို အသံကြားရင် ဘာလုပ်မယ် ညာလုပ်မယ်ဟု ဆဲဆို ကြိမ်းမောင်းထားရပါတယ်။

တစ်ညမှာတော့ စခန်းခွဲ တာဝန်ခံ ထောင်မှူးကြီး ဦးသန်းထွန်းအောင်နှင့် ကျွန်တော်တို့ ည ရနာရီခန့်မှာ မီးလှုံရင်း၊ အလုပ်ကိစ္စဆွေးနေရင်း ထိုင်နေကြပါတယ်။ အဲဒီမှာ ကျွန်တော်က စတင်ပြီး···

"ဆရာ··· ဒီအတိုင်းဆိုရင်တော့ မဖြစ်တော့ဘူး။ ကျွန်တော်တို့ တစ်ခုခုလုပ်ကြမှ ထင်တယ်"

"ဟေ···ဘာကို ပြောတာလဲကွ"

"ရဲဘက်တွေ နာမကျန်းဖြစ်တာ များပြီး အသေအပျောက်များလာတာကို ပြောတာပါ"

"အေး၊ ငါလည်း အဲဒါကို စိတ်မကောင်းလည်း ဖြစ်၊ စိုးရိမ်ပူပန်မှုလည်း ဖြစ်နေရတာကွ။ မင်းက ဘယ်လိုလုပ်ချင်လို့လဲ၊ ပြောပါဦး"

"အခု ဖြစ်နေတာတွေက ရာသီဥတုက အရမ်းအေးပြီး မိုးကလည်း အဆက်မပြတ်ရွာလို့၊ ခြင်လည်း ကိုက်လို့ ငှက်ဖျားဖြစ်ရတာ"

"အေး၊ ပြောပါဦး။ အဲဒီတော့ ဘာလုပ်မလဲ"

"ဥပဒေနဲ့တော့ မညီဘူးပေါ့ ဆရာရယ်။ အိပ်ဆောင်အလယ်လမ်းပေါ်မှာ မီးဖိုထားပေးစေချင်တယ်၊ အိပ်ဆောင်တစ်ခုကို မီးဖို သုံးဖိုထားပေးမယ်။ သိပ်အေးလာလို့ မနေနိုင်တော့ရင် သတင်းပို့ တိုင်ကြားပြီး မီးလှုံခွင့်ပေးမယ်။ မီးဖိုကထွက်တဲ့ မီးခိုးကြောင့်လည်း ခြင်ကိုက်တဲ့ အန္တရာယ်သက်သာနိုင်ပါတယ်"

"ကြည့်လည်း လုပ်ပါဦးကွာ။ ငါက ပင်စင်နီးနေပြီ။ ပင်စင်လေးတောင် စားမသွားရဘဲ နေပါဦးမယ်ကွာ"


မှန်ပါသည်။ အကျဉ်းထောင် အလုပ်စခန်းတစ်ခုအနေနှင့် အလွန်အန္တရာယ်ကြီးလှပါတယ်။ ဥပဒေနှင့်လည်း မညီပါ။ ရဲဘက် အိပ်ဆောင်အတွင်း မီးဖိုမပြောနှင့်၊ မီးခြစ်တောင်ထားခွင့်မရှိပါ။ ကျွန်တော်တို့ ရဲဘက် အိပ်ဆောင်များမှာ သစ်သားမျောတိုင်စိုက်၊ ဝါးထရံကာ၊ သက်ငယ်မိုးနှင့် ဖြစ်ပါတယ်။ အလယ်မှာ (၅)ပေခန့် ကျယ်သော လူသွားလမ်းရှိပြီး မြေစိုက် ဝါးထရံကာ ရင်ကွဲ တန်းလျားဖြစ်ပါတယ်။ အိပ်ဆောင်အပြင်ဘက် (၁၅)ပေခန့်အကွာမှာတော့ ဆူးကြိုးတစ်ထပ်ကာရံထားပါတယ်။ မတော်တဆ အိပ်ဆောင်ကို မီးစွဲ၍ဖြစ်စေ၊ တမင်သက်သက် အိပ်ဆောင်ကို မီးရှို့၍





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ ထွက်ပြေးပါက ပြဿနာတွေ တက်လာနိုင်ပါတယ်။ ထွက်မပြေးဘဲ အကျဉ်းသားတွေ မီးထဲပါပြီး သေကုန်ရင်လည်း တရားခံဖြစ်ပါဦးမယ်။

"ကျွန်တော် တာဝန်ယူပါတယ် ဆရာရယ်။ ဘာမှ မဖြစ်စေရပါဘူး။ သူတို့ကိုလည်း နားလည်အောင် ရှင်းပြထားပါ့မယ်"

"အေးပေါ့ကွာ၊ ဒါဆိုရင်လည်း ငါတို့ အရဲစွန့်ပြီး လုပ်ကြည့်ကြတာပေါ့"

"စိတ်ချပါ ဆရာ။ ဖြစ်လာရင်လည်း ကျွန်တော်ခံပါ့မယ်။ ဆရာ့ကို မထိခိုက်စေရပါဘူး"

"ဒီလိုလည်း မဟုတ်ပါဘူးကွာ။ မင်းက သူတို့အတွက် စေတနာနဲ့ လုပ်တာပဲ။ ဖြစ်လာရင် ငါလည်း ခံရပါတယ်။ ငါတို့က သူတို့အသက်အန္တရာယ်အတွက် လုပ်တာ။ ဥပဒေနဲ့ မညီလည်း စေတနာအကျိုးပေးပါလိမ့်မယ်။ မနက်ဖြန်က စပြီး လုပ်ကွာ"

နောက်တစ်နေ့ညမှာတော့ ရဲဘက် အိပ်ဆောင်တွေရဲ့ အလယ်လမ်းမှာ မီးဖိုသုံးဖိုစီ ဖိုပေးလိုက်ပါသည်။ ထင်းလည်း ပေါသဖြင့် ညတိုင်းလည်း လုပ်ပေးနိုင်ပါသည်။ အဲဒီနေ့ မနက်မှာပဲ ရဲဘက်အိပ်ဆောင် ငါးလုံးမှာရှိတဲ့ ရဲဘက်အားလုံးကို ကျွန်တော်က···

"မင်းတို့ရဲ့ ကျန်းမာရေး၊ အသက်မသေရေးကို ငါတို့ အဓိက ထားပြီး ဥပဒေနဲ့ မညီတဲ့ မီးဖိုကို အဆောင်ထဲမှာ ထားပေးမယ်။ ငါတို့က စေတနာထားပြီး လုပ်ပေးတဲ့အပေါ်မှာ ပြဿနာတော့ မရှာကြပါနဲ့။ သိပ်အေးလာလို့ မီးလှုံချင်တယ်ဆိုရင် အဆောင်မှူးတို့ ညကင်း ဗာရတို့ကို သတင်းပို့ပြီး မီးလှုံနိုင်ပါတယ်။ မီးဖိုရှိတဲ့အတွက် မတော်တဆ အိပ်ဆောင်ကို မီးမလောင်အောင်တော့ မင်းတို့အားလုံး ထိန်းသိမ်းပါ"

မှာ မှာကြားရပါတယ်။

ဘာပြဿနာမှ မဖြစ်ပါ။ သူတို့လည်း အခုလို နွေးထွေးစွာ နေရခြင်းကို နားလည် သဘောပေါက်မှာပါ။ ဘာသံမှ လည်း မကြားရပါ။ ညဘက်ရောက်ရင် အေးအေးချမ်းချမ်း မီးလှုံနေတာကိုပဲ တွေ့ရပါတယ်။ ထိုနောက်ပိုင်းတွင်တော့ အဖျားအနာ အသေအပျောက်လည်း သိသိသာသာ လျော့နည်းကျဆင်းသွားပါတယ်။ အရဲစွန့် အမိုက်ခံပြီး လုပ်ရကျိုးတော့ နပ်သွားပါတယ်။ အကယ်၍များ အိပ်ဆောင် မီးလောင်ပြီး ရဲဘက် အကျဉ်းသားတွေ ထွက်ပြေးသည်ဖြစ်စေ၊ မီးလောင် သေဆုံးသည်ဖြစ်စေ၊ တစ်ခုခုဖြစ်ခဲ့ရင်တော့ ဆရာဦးသန်းထွန်းအောင်နှင့် ကျွန်တော်တို့ ထောင်အရာရှိဘဝကို အချိန်မတိုင်မီ လက်ပြ နှုတ်ဆက်ပြီး ထွက်ခွာသွားရမှာ သေချာပါတယ်။ ဘာမှမဖြစ်၍သာ ဘာမှမဖြစ်ခဲ့ပါ။ တစ်ခုခု ဖြစ်ရင်တော့ တစ်ခုခုဖြစ်သွားမှာပါ။

အခြားနိုင်ငံတွေမှာလည်း ပြင်ပ အလုပ်စခန်းရှိကြပါတယ်။ ကျွန်တော်ခံစားရတဲ့ အမြင်အရပြောရလျှင်တော့ နောက်နောင် ဒီလိုမျိုး တောထဲ တောင်ထဲမှာ အလုပ်စခန်း ဖွင့်ပြီး လုပ်ရမည်ဆိုလျှင် ကျန်းမာတဲ့ ရဲဘက်တွေကို ရွေးချယ် ထုတ်နုတ်ပြီး ရာသီဥတုဒဏ်ခံနိုင်ရန် လုံလောက်တဲ့ စောင် အနွေးထည်၊ ကျွမ်းကျင်တဲ့ ဆရာဝန်၊ ဆေးဝါး၊ ရာသီဥတု ဒဏ်ခံနိုင်ပြီး လုံခြုံနွေးထွေးတဲ့ အဆောက်အအုံတွေနဲ့ စီစဉ်ပေးနိုင်လျှင် ပိုမိုကောင်းမွန်မည်ဟု ထင်မြင်ယူဆမိပါတယ်။

ကျွန်တော်တို့က ဆေးတက္ကသိုလ်မပြောနှင့်၊ ဘာဆေး သင်တန်းမှလည်း မတက်ခဲ့ရတော့ ဘယ်လိုကုသမယ် ဘယ်လို ကာကွယ်ရမယ်ဆိုတာလည်း မသိပါ။ ကိုယ် တက်ခဲ့ရတဲ့ သင်တန်းတွေကလည်း ဒါတွေ သင်မပေးလိုက်ပါ။ ကိုယ် တတ်သရွေ့ မှတ်သရွေ့နှင့် စေတနာအရင်းခံ၍ ဖြေရှင်းကြရပါတယ်။ ပင်လောင်းတစ်မြို့လုံး ဟိုအော် ဒီအော် ဟိုတိုင် ဒီတိုင်အထိ ဖြစ်ခဲ့ရတဲ့ သန်ချိုင်းကိစ္စလည်း ဘာသံမှ မကြားရတော့ပါ။

ဩော်···ထောင်အရာရှိဆိုတာ တစ်ခါတစ်ရံ ဘာမှန်း ရင်း၊ ခေါင်းနှင့် ရင်းရသလို၊ တစ်ခါတစ်ရံမှာလည်း သူနာ ပြုအလုပ်အထိ သွားလုပ်ရပါလားလို့ ကိုယ့်ကိုယ်ကို မှတ်ယူလိုက်ရပါတော့တယ်။

□

www.burmeseclassic.com

www.burmeseclassic.com

# ကြုံတွေ့ခဲ့ရဖူးသော လူထူးဆန်း

မောင်စိန်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံတွင် မိမိတို့ လူနေမှုဘဝထဲ၌ သွားလာလုပ်ကိုင်ကြရင်း အများနှင့် မတူ၊ ထူးဆန်းသော လူကို အမှတ်မထင် တွေ့ကြုံရတတ်လေ့ ရှိ၏။ ကျွန်ုပ်(စာရေးသူ)သည်လည်း စက်ရုံတစ်ရုံ၏ အလုပ်ခွင်တွင် ထိုသို့သော လူကို ကြုံတွေ့ခဲ့ရဖူးပါသည်။ ယခုအခါ ထိုသူသည် သက်ရှိထင်ရှား မရှိတော့ပါပေ။ သို့ပေမယ့် သူ၏ သားစဉ်မြေးဆက် ဆွေမျိုးများတော့ ရှိပါသေးသည်။ ကျွန်ုပ်နှင့်လည်း အဆက်အသွယ်ပြတ်တောက်နေပါသည်။

ယခု ရေးသားမည့် အကြောင်းအရာများသည် သူ၏ ဂုဏ်သိက္ခာကို ထိပါးစေမည့်အကြောင်းများ မဟုတ်ပါ။ သူ့ကို ဂုဏ်ပြုခြင်း၊ စာတစ်စောင် ပေတစ်ဖွဲ့နှင့် မှတ်တမ်းတင် ကျန်ရှိခဲ့စေလိုခြင်းကြောင့် နာမည်ရင်းအမှန်အတိုင်းသာ ရေးသားလိုက်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ကျော်ကာလက ဖြစ်ပါသည်။

◈◈◈

ကျွန်ုပ်ကို အထက်ဌာနမှ ရန်ကုန်ရှိ သမိုင်းလမ်းဆုံ စက်ရုံသို့ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါသည်။ ကျွန်ုပ်၏ အထက်ဌာနမှ ညွှန်ကြားရေးမှူးသည်လည်း ဤစက်ရုံတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသဖြင့် ဤစက်ရုံအကြောင်း၊ ဝန်ထမ်းများအကြောင်းကို ကောင်းစွာ သိရှိနေသည်။ ထို့ကြောင့် ညွှန်ကြားရေးမှူးသည် ကျွန်ုပ်အား စက်ရုံဝန်ထမ်းများထဲမှ လူတစ်ဦးနှင့် ခင်မင်ရင်းနှီးစွာ နေထိုင်ရန်၊ ထိုသူ၏ စကားကို နားထောင်လိုက်နာရန် ထူးထူးခြားခြား မှာကြားခြင်းခံရသည်။

ထိုအချိန်တုန်းက ကျွန်ုပ်၏ အသက်မှာ ၃၂နှစ်ခန့်မျှဖြစ်သည်။ စက်ရုံတွင် ကျွန်ုပ်၏ လက်အောက်ဝန်ထမ်းများထဲမှ အမှုထမ်း၏ စကားကို လိုက်နာ နားထောင်ရန်ဟူသော ကိစ္စမှာ အတော်ထူးဆန်းနေသည်။

ထို့ကြောင့် စက်ရုံသို့ ကျွန်ုပ်ရောက်ရှိခဲ့သောနေ့၏ နေ့လယ်ခင်း အချိန်မှာပင် ဦးညိုအမည်ရသော ဝန်ထမ်းကို လူလွှတ်၍ ခေါ်ခိုင်းလိုက်ပါသည်။

မကြာမီ အသားညိုညို၊ ပိန်ပိန်ပါးပါးနှင့် အသက် ၅၀ နှစ်ကျော်ခန့် လူတစ်ယောက် ကျွန်ုပ်၏ ရုံးခန်းတွင်းသို့ ဝင်ရောက်လာခဲ့၏။ သူ၏ မျက်လုံးများက တောက်ပြောင်သော ကရုဏာမျက်လုံးမျိုးဖြစ်သည်။ နက်မှောင်သော ဆံပင်များကို ခေတ်ဟောင်း မင်းသားကြီး ခင်မောင်ရင်ကဲ့သို့ နောက်လှန်၍ ဦးခေါင်းတွင် ကပ်နေအောင် ဖြီးထားသည်။

ပုဆိုးအနက်ခံ ကွက်စိပ်၊ အင်္ကျီအဖြူရောင် လက်ရှည် လည်ကတုံးနှင့် ဦးညိုသည် ကျွန်ုပ်၏ စားပွဲရှေ့တွင် မတ်တတ်ရပ်နေသဖြင့် ကုလားထိုင်တွင် ထိုင်စေလိုက်ပါသည်။

"တခြားမဟုတ်ပါဘူး ဦးညိုရာ ကျွန်တော့်ကို ညွှန်မှူး(ညွှန်ကြားရေးမှူး)က ခင်ဗျားနဲ့ ခင်ခင်မင်မင်နေသင့်တဲ့အကြောင်း မှာလိုက်လို့ ခေါ်တွေ့တာပါဗျာ"

ကျွန်ုပ်က နှုတ်ဆက်စကားပြောလိုက်ပါသည်။ ကျွန်ုပ်ပြောတာကို ဦးညိုက ကောင်းစွာ သဘောပေါက်ပါသည်။

အကြောင်းတိုက်ဆိုင်ချင်တော့ ကျွန်ုပ်နှင့် ဦးညိုသည် မြောက်ဥက္ကလာပတွင် နေထိုင်ကြတာချင်း တူညီနေကြသည်။ တစ်ခါတစ်ရံ စက်ရုံမှအပြန်တွင် ဦးညိုလည်း ကျွန်ုပ်၏ မော်တော်ကားခေါင်းခန်းတွင် ထိုင်၍ အတူလိုက်ပါခဲ့သည်များလည်း ရှိ၏။ ရုံးအဖွဲ့ အိမ်ပြန်ချိန်နှင့် စက်ရုံထဲမှ ဝန်ထမ်းများ ပြန်ချိန် မတူညီ၍ တစ်ခါတစ်ရံ ကားကြုံစီးခြင်းဖြစ်သည်။

ကျွန်ုပ်နေထိုင်သော အိမ်သို့လည်း မမျှော်လင့်ဘဲ ရောက်ရှိလာတတ်ရာ အိမ်ရှင်တို့ ဝတ္တရားအတိုင်း တစ်ခုခုဖြင့် ဧည့်ခံကျွေးမွေးသော်လည်း ဦးညိုက မစားပေ။ ရာသက်ပန် သက်သတ်လွတ်သမားဖြစ်၍ ငုံကျွေးသော် ကျွေးတာကိုပင် မစားဘဲ ငြင်းသည်။

"ဘယ်လိုမှ မထင်ပါနဲ့ ဆရာ ကျွန်တော် သက်သတ်လွတ် စားတာ နှစ်ပေါင်း လေးဆယ်ကျော်လာပြီ အခုလို အဓိဋ္ဌာန်ဝင်နေတဲ့ ကာလမျိုး ကိုးပါးသီလစောင့်ထိန်းရုံသာ နေ့စဉ်စားဖို့ သတ်မှတ်ထားတာ လို့ ဘယ်လိုအစားအစာမျိုးကိုမှ မရှိပါဘူး။ အဓိဋ္ဌာန်ဝင်ကာ

ကျွန်တော့်နားထဲမှာ ပုဂ္ဂိုလ်တွေ ပြောကြားတာကို အလိုလို ကြားလာရတာလည်း ရှိတယ်။ ဒါမှမဟုတ် အိပ်ပျော်နေချိန်မျိုးမှာ အိပ်မက်ကတစ်ဆင့် ပြောတာမျိုးလည်းရှိတယ်။ တစ်ခါတစ်ရံ နေ့လယ်စာထမင်းစားအပြီးမှာ အိပ်ငိုက်သလိုဖြစ်သွားတုန်း အိပ်မက်ပေးပြီး ပြောသွားတာလည်း ကြုံရဖူးတယ်

www.burmeseclassic.com

…စ်ပတ်ဆိုတော့ တစ်ရာ့ရှစ်ရက်လည်း …ည့်ခါနီးနေပါပြီ"

"ဦးညိုက အစိုးရဝန်ထမ်းအလုပ် …ယ်နေတော့ အဓိဋ္ဌာန်ဝင်ရတာ ပင်ပန်း …ာပေါ့"

"အထက်က ဝင်ဆိုတော့လည်း …င်ရတာပေါ့။ ပင်ပန်းတာတော့ မရှိပါ …ူး။ တခြားအချိန်မှာထက် ခန္ဓာကိုယ် …ာ ပိုပြီးသွက်လက်ပေါ့ပါးနေပါသေး …ာယ်။ မကျန်းမာရင်တောင် အဲဒီ အချိန်ကာလမှာ ရောဂါက ရပ်တန့်ပြီး …က်သာနေသေးတယ်"

ထိုအခါတွင် ကျွန်ုပ်က…

"ဦးညိုကို ဘယ်သူက နောက် …ာနေ ညွှန်ကြားနေတာလဲဗျ"

"အထက်ပုဂ္ဂိုလ်တွေက ခိုင်းတာ …ါ ကျွန်တော့်နားထဲမှာ ပုဂ္ဂိုလ်တွေ ပြောကြားတာကို အလိုလိုကြားလာရ …ာလည်း ရှိတယ်။ ဒါမှမဟုတ် အိပ် …ပျော်နေချိန်မျိုးမှာ အိပ်မက်ကတစ်ဆင့် ပြောတာမျိုးလည်း ရှိတယ်။ တစ်ခါ …ာစ်ရံ နေ့လယ်စာ ထမင်းစားအပြီးမှာ အိပ်ငိုက်သလိုဖြစ်သွားတုန်း အိပ်မက် …ပေးပြီး ပြောသွားတာလည်း ကြုံရဖူး …ာယ်"

"ဟုတ်လား ဦးညို။ စိတ်ဝင်စား …ရာကောင်းတယ်ဗျာ။ ကြုံခဲ့ဖူးတဲ့ အတွေ့အကြုံတွေကို ပြောပြပါဦး"

"သက်သတ်လွတ်စားပြီး တရား …ထိုင်တာ၊ ပုတီးစိပ်တာ ကာလရှည် ကြာလာတော့ အလိုလို သမာဓိ …ကောင်းလာတယ်။ မြောက်ဥက္ကလာမှာ …ာ ဆရာသိတဲ့အတိုင်းပဲ၊ ခြင်တွေ …ဒီလောက်ပေါတာ။ ဒါပေမယ့် ကျွန် …တော့်ကို ခြင်မကိုက်ပါဘူး။ ပထမဦး …ဆုံး ထူးခြားလာတာက အပြောအာရုံ …ရလာတာပါပဲ။ လူတစ်ယောက်နဲ့ …စကားပြောနေရင်းက လုံးဝ မရည်ရွယ်ဘဲ အဲဒီလူကို ကျွန်တော့်နှုတ်က တစ်ခုခုပြောလိုက်မိတတ်တယ်။ အဲဒီလိုပြောတာ အကောင်းဖြစ်ချင် ဖြစ်မယ်၊ အဆိုးဖြစ်ချင် ဖြစ်မယ်။ အပြောခံရသူကတော့ သေချာပေါက် ကြုံတွေ့ရတော့တာပါပဲ။ နောက်ပိုင်းတော့ ပုဂ္ဂိုလ်တွေက ကျွန်တော့်ကို သတိပေးတော့တာပါပဲ။ အစားကိုသာ အကုန်စား၊ စကားကို အကုန်မပြောနဲ့တဲ့။ မင်းတို့ လူသားတွေကြားထဲမှာ စကားပြောတာနဲ့ ပတ်သက်ပြီး စကားပုံတွေ ရှိထားတာပဲ။ အဲဒီလိုသာ မင်းသိထားတာ အကုန်ပြောနေရင် ခက်ပြီလို့ အပြစ်တင်တာလည်း ခံရတယ်။ ကျွန်တော်က မဆင်မခြင်ပြောတတ်လို့လား မသိဘူး။ သိပ်မကြာလိုက်ပါဘူး၊ အဲဒီ အပြောအာရုံ ပျောက်ကွယ်သွားတော့တာပဲဗျို့။ နောင်ကာလအကြာကြီး စောင့်ပြီးမှ အကြားအာရုံရလာခဲ့ပြန်တာ"

ဦးညိုအကြောင်းကို သိရှိထားသူများက အလုပ်ပိတ်ရက်ရောက်လျှင် ဦးညို၏အိမ်သို့ ရောက်ရှိလာတတ်ကြသည်။ သူတို့အခက်အခဲတွေကို ပြောပြီး အကူအညီတောင်းကြသည်။ ထိုသူများကို ဦးညိုက ယတြာအစီအရင်လေးများ ပြုလုပ်ပေးသည်။ အိမ်ဘုရားမှာ ဖြစ်စေ၊ စေတီတစ်ဆူဆူမှာ ဖြစ်စေ သွားရောက်လုပ်ကိုင်စေနိုင်တတ်သည်။ ဘုရားတွင် ပန်းလှူ၊ ရေလှူ၊ ဆီမီးလှူ၊ အစရှိသော အလုပ်ကလေးများသာ ဖြစ်တတ်သည်။

အကူအညီတောင်းသူ၏ နာမည်၊ အသက်နှင့် ဘာနေ့သားသမီးဟုသာ မေးမြန်းပြီး လိုအပ်တာကို ဦးညိုက ချက်ချင်းပြောနိုင်သည်။ တစ်ခါတစ်ရံ မေးမြန်းသူ၏ လက္ခဏာကို ကြည့်သလိုလုပ်တတ်သော်လည်း လက္ခဏာပညာကို ဦးညို မတတ်ပေ။

တစ်ခါတုန်းက ကျွန်ုပ်မိတ်ဆက်ပေးသော ဗိုလ်ကြီးတစ်ယောက်နှင့် သူ့ဇနီးကို ထီပေါက်ကံမြင်၍ ချဲဂဏန်းပေးလိုက်သည်။ ပေါက်သွားလေ၏။ လူရင်းဖြစ်သော ကျွန်ုပ်ကိုတော့ ချဲဂဏန်းမပေးဘဲ သူစိမ်းကျတော့ ချဲဂဏန်း ပေးရကောင်းလားဟု ကျွန်ုပ်စိတ်ထဲမှာ အတော်ခုသွားခဲ့သေးသည်။ သို့သော် ထီပေါက်ကံ ပါရှိသူနှင့် မပါရှိသူသည် ကုသိုလ်ကံချင်း ကွာခြားသေးကြောင်း၊ လူချင်းယှဉ်လို့ရသော်လည်း ကုသိုလ်ကံချင်း မယှဉ်နိုင်ဟု စဉ်းစားမိသဖြင့် ဦးညိုကို နားလည်ပေးနိုင်သွားလေသည်။

ဦးညိုမှာ အလုပ်အကိုင်ရှိပြီး သူ့ခေတ်ကာလအတိုင်း လစာဝင်ငွေ ရှိနေခြင်းကြောင့် စားဝတ်နေရေးတွင် အထိုအလျောက် အဆင်ပြေသည်။ လောဘသဏ္ဌာယ နည်းသူဖြစ်၍ လာရောက် အကူအညီတောင်းသူထံမှ ငွေကြေးတစ်စုံတစ်ရာ မမျှော်လင့်ပေ။ အလိုက်သိစွာဖြင့် ဘုရားစင်မှ သာသနာ့ပွဲတွင် ထိုးသွားသော လှူဒါန်းငွေကိုတော့ မကန့်ကွက်ပေ။

ကျွန်ုပ် စက်ရုံသို့ ရောက်ပြီး မကြာမီပင် လုပ်ငန်း၌ အတိုက်အခိုက်များ ကြုံတွေ့လာရသဖြင့် ဦးညိုကို အကူအညီတောင်းရတော့သည်။ ထို အန္တရာယ်များ ပြေပျောက်အောင် ကျွန်ုပ်၏ မွေးနေ့သို့ ရောက်လေတိုင်း ဘုရားသွားပြီး မွေးနံထောင့်တွင် စံပယ်ပန်းလှူပေးပြီး ဆုတောင်းသောအလုပ်ကို ကာလအတန်ကြာအောင် လုပ်ဆောင်နေခဲ့ရသေးသည်။

ဦးညို၏ နေအိမ်နှင့် အလှမ်းမဝေးလှသောနေရာတွင် ဘုရားတစ်ဆူ ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ နံနက်ပိုင်းတွင် လူစိမ်း ငါးယောက်သည် ဦးညို၏ အိမ်သို့ ဟိုလူ့မေး ဒီလူ့မေးဖြင့် ရောက်လာသည်။ ထိုလူများမှာ ဗေဒင်ဆရာများ ဖြစ်ကြပြီး ဦးညိုထံမှ အကူအညီလာ တောင်းကြသည်။

"ခင်ဗျားတို့ကိုယ်တိုင် သူများကို ဟောပြောနေတဲ့ ဆရာတွေပဲဗျ။ ကိုယ့်ဘာသာ ဓာတ်ရိုက်ဓာတ်ဆင် ယတြာ ဆိုတာတွေ လုပ်မကြည့်ကြဘူးလား"

"ပြောရခက်ပါတယ်။ အဲဒီလို လုပ်လို့ မရဘူး ဆရာ။ ဆံပင်ညှပ်သမား ကိုယ့်ဆံပင် ကိုယ်ညှပ်မရပေမယ့် နောက်တစ်ယောက်က ညှပ်ပေးလို့ ရဦးမယ်။ ကျွန်တော်တို့အဖြစ်က တောင်မင်းကို မြောက်မင်း မကယ်နိုင် ဆိုသလိုပါ။ ဈေးဦးမပေါက်တဲ့ ရက်တွေက များနေပြီ။ အဆင်ပြေအောင် လုပ်ပေးပါဦး ဆရာ"

ဤကဲ့သို့ ထူးခြားသော ဖြစ်ရပ်မျိုးကိုလည်း ဦးညို ကြုံရတတ်သည်။

◈◈◈

တစ်နေ့မှာတော့ လူမျိုးခြား၊ ဘာသာခြားဖြစ်သော မိန်းမနှစ်ယောက် ဦးညို၏ အိမ်ပေါ်သို့ တက်လာကြသည်။ ဦးညိုကိုယ်တိုင်က ကြမ်းပြင်ပေါ်မှာ ထိုင်နေသလို၊ ထိုဧည့်သည် မိန်းမနှစ်ယောက်ကိုလည်း ကြမ်းပြင်မှာ ထိုင်ရန် နေရာပေးလိုက်သည်။ ထိုမိန်းမနှစ်ယောက်က တစ်စုံတစ်ရာ မပြောသေးမီပင် ဦးညိုက…

"ဘယ့်နှယ်၊ အစ်မတို့ရဲ့ အိမ်က လူတွေ ခြေလှမ်းတွေ မှားနေသလား မှတ်တယ်"

ဟု ဦးညိုက ပြောလိုက်သည်။

"ဟုတ်ပါ့ ဆရာရယ်။ ဆရာက ကြိုတင်ပြီး သိနေတာ အံ့ဩစရာ ကောင်းလိုက်တာရှင်။ ကျွန်မတို့ရဲ့ အခက်အခဲကို ကူညီပေးပါဦး ဆရာ။ ဒီကိစ္စကြောင့် ကျွန်မမှာ အိပ်လို့လည်း မပျော်၊ စားလို့လည်း မဝင်နဲ့ စိတ်တွေလည်း ဆင်းရဲလှပြီ။ ဒါကြောင့် ဟိုလူပြော ဒီလူပြောနဲ့ ဆရာ့သတင်းကို ကြားပြီး စုံစမ်းမေးမြန်းရင်း ရောက်လာခဲ့တာပါ ဆရာ"

ဟု အကြီးဖြစ်ဟန်တူသော မိန်းမက ဆိုသည်။

"ဒုက္ခရောက်နေသူကို ကူညီရတာ ကျွန်တော် ဝါသနာပါပြီးသားပါဗျာ။ ဒါပေမယ့် အစ်မတို့ရဲ့ အခက်အခဲကို အကူအညီမပေးနိုင်တဲ့အတွက် စိတ်မကောင်းပါဘူး။ ခင်ဗျားတို့ ပြန်ကြပေတော့"

ထိုအခါ ထိုမိန်းမနှစ်ယောက်သည် ထိုင်ရာမှ ထပြီး ဦးညိုကို ဘယ်ညာနှစ်ဖက်မှ ရံလိုက်၏။ ထို့နောက် ကြမ်းပြင်တွင် ဒူးထောက်၍ လက်မောင်းနှစ်ဖက်ကို ကိုင်ရင်း တောင်းပန်းစကားဆိုသည်။ ဦးညိုကလည်း နောက်သို့ ဆုတ်ရင်း မိန်းမနှစ်ယောက်ကို ပြန်ထိုင်ခိုင်းလိုက်သည်။

အကြီးမိန်းမ၏ မျက်လုံးမှ မျက်ရည်များ ကျလာသဖြင့် မျက်ရည်အား အလျင်အမြန် သုတ်လိုက်သည်ကို ဦးညိုမှ မြင်ဖြစ်အောင် မြင်မိလိုက်သည်။

ဤမိန်းမကား အမှန်တကယ် သောကဖိစီးပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ဟန်ရှိလေသည်။ သူတို့နှစ်ယောက်သည် မျက်နှာပေါက် ဆင်ဆင်တူကြသဖြင့် ညီအစ်မများ ဖြစ်ကြပေလိမ့်မည်။

"အဲဒီလို ဥပေက္ခာမပြုပါနဲ့ ဆရာ။ ကျွန်မတို့ဟာ အမှန်တကယ် ဒုက္ခရောက်နေကြတဲ့သူတွေပါ"

ဟု အငယ်မိန်းမက ပြောသည်။

"ကျွန်တော် ပြောခဲ့ပါပြီ… လူတွေကို အကူအညီပေးရတာ ကျွန်… တော့်ရဲ့ ဝါသနာပါ။ အခု ခက်နေ… က ကျွန်တော်ခိုင်းတာကို ခင်ဗျား… လုပ်နိုင်ဖို့ဆိုတာ မလွယ်ဘူး။ အဲ… လွဲလို့ ကျွန်တော် မလုပ်တတ်ဘူး… ဘယ့်နှယ့်လုပ်ကြမလဲ"

"ပြောပါဦး ဆရာရဲ့ ကျွန်… က ဘာတွေများ လုပ်ရမှာမို့လဲ"

လူမျိုးခြားဖြစ်သော်လည်း စ… ပြောပုံ လေယူလေသိမ်းက လုံး… ဘဲ မြန်မာတစ်ယောက်ကဲ့သို့ပင်… ကြောင့် ဦးညို စိတ်ပြောင်းသွား…

"ကောင်းပြီလေ။ ကျွန်… ပြောတဲ့အတိုင်း လိုက်လုပ်နိုင်… မလား။ စဉ်းစားကြပေါ့။ ခင်ဗျား… ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်ကို… ကြရမယ်ဗျာ။ ဘယ့်နှယ့်လဲ"

ဦးညိုက စကားအဆုံးတွင်… မိန်းမနှစ်ယောက်ကို စူးစမ်းကြည့်… သည်။

မိန်းမနှစ်ယောက်သည်… မျှော်လင့်မထားသော စကား… တစ်ယောက်မျက်နှာ တစ်… ကြည့်ရင်း သူတို့ဘာသာစကား… တိုးတိုးလေး တိုင်ပင်ဆွေးနွေး… လျှင်…

"ဆရာရယ်…တခြားနည်း… လေးများ ပြောင်းပြီး ပေးကြည့်… နိုင်ဘူးလားရှင်"

"အဲဒါကြောင့် ကျွန်တော်… တာပေါ့။ ကျွန်တော်ခိုင်းရင် ခင်… မလုပ်နိုင်ကြပါဘူးဆိုတာ။ တ… လမ်းကို ပြောင်းပြီး မပေးတတ်… ဒါအတွက် စိတ်မကောင်းပါ…"

ထိုအခါ သူတို့ချင်း… နှီး ဆွေးနွေးကြပြန်သည်။

"ကောင်းပြီ ဆရာ…



www.burmeseclassic.com

www.burmeseclassic.com

သလောက်အောင် စိတ်ဆင်းရဲနေရ တကို အကျိုးထူးစေမှာဆိုတော့ ဆရာခိုင်းတဲ့အတိုင်း လိုက်နာဆောင် ပါ့မယ်။ ဘုရားပေါ် ရောက်သွားရင် ရမှာလား။ ဘာလုပ်ရမှာလဲဆိုတာ ပြောပါ"

"ဘုရားရှိခိုးတာ, မရှိခိုးတာက စ်မတို့ သဘောအတိုင်းပါ။ ကျွန် တော် ငွတ်အတင်း မတိုက်တွန်းပါဘူး။ ရားကို တစ်ပတ်ပတ်လိုက်ရင် ရာဟု ထောင့်ဆိုတာကို တွေ့မယ်။ မြန်မာစာ ရေးထားတာ ရှိတယ်။ အဲဒီနေရာက တုဂြိုဟ်မင်း ရုပ်တုကို ရေသပ္ပာယ် မယ်။ ခွက်ရေ သက်စေ့လောင်းပြီး ရာ ဆုတောင်းရုံပါပဲ"

သူတို့ ဘာပြောမလဲဟု ဦးညို စောင့်ကြည့်လိုက်၏။ အကြီး မိန်းမက င်...

"ကျွန်မတို့ အကျိုးရှိမယ့်ကိစ္စပဲ၊ ကြိုးစားပြီး လုပ်ရမှာပေါ့။ ကျွန်မတို့ စ္စသာ ပြေလည်မယ်ဆိုရင် ကျွန်မ ဘာကိုမှ မကြောက်ပါဘူး။ ဘာလို့လဲ ဆိုတော့ သတ်သေဖို့တောင် ကျွန်မ စိတ်ကူးခဲ့တာကိုး။ ဒီ ညီမလေးက တား ဘို့"

ထိုမိန်းမနှစ်ယောက်သည် ဦးညို ကို နှုတ်ဆက်ပြီး ပြန်သွားကြသည်။ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင် သည်ဖြစ်စေ ပြန်လာခဲ့ကြမည်ဟုလည်း ပြောသွားကြသည်။

◈◈◈

ထို့နောက် သုံးပတ်ခန့်အကြာ တွင် လင်မယားစုံတွဲတစ်တွဲ နံနက် စောစောပင် အစားအသောက် လက် ဆောင်ပစ္စည်းအထုပ်တစ်ထုပ်ကို ကိုင် ၍ ဦးညို၏ အိမ်ပေါ်သို့ တက်လာ ကြသည်။ ဦးညို သေချာကြည့်လိုက် တော့ လူမျိုးခြား မိန်းမနှစ်ယောက်မှ အကြီးမိန်းမဖြစ်ပြီး ဦးညိုကို အပြုံးနှင့် နှုတ်ဆက်လေသည်။ အတူပါလာသော သူက သူမ၏ ယောကျ်ားဖြစ်သည်။

"နေကောင်းလား ဆရာ၊ ကျွန်မ ဆရာ့ဆီကို လာချင်နေတာ။ ဆရာက အလုပ်ပိတ်ရက်မှ ရှိတတ်တယ်ဆိုလို့ တိုက်ဆိုင်အောင်လည်း နည်းနည်း စောင့်ရသေးတယ်လေ"

ထိုမိန်းမမှ နှုတ်ဆက်စကား ပြောနေစဉ်မှာ သူမ၏ ယောကျ်ားက အိမ်ဦးခန်းရှိ ဘုရားစင်ရှေ့တွင် ထိုင် လိုက်ပြီး ဘုရားရှိခိုးနေလေသည်။ သူ ရှိခိုးပုံက ဆန်းပြားပြီး ဘုရားကို ရှိခိုး ဦးတင်နေပုံနှင့် တူနေသည်။ ထိုလူ၏ ပုံသဏ္ဌာန်က အင်္ကျီဖြူ၊ ဘောင်းဘီဖြူ ပွပွကို ဝတ်ဆင်ထားပြီး ရုပ်ရှင်မင်းသား ကြီး ကျော်ဟိန်း ငယ်စဉ်တုန်းက မျက် နှာပေါက်နှင့် အတော်တူတာကို တွေ့ ရသည်။ သူ့ခံပင်ကလည်း ကျော်ဟိန်း ကဲ့သို့ပင် လိမ်ကောက်ကောက်နှင့် ဖြစ်သည်။

"ဆရာခိုင်းလိုက်တဲ့အတိုင်း ကျွန်မတို့ ညီအစ်မနှစ်ယောက် မြန်မာ လိုပဲ ဝတ်စားပြီး ရွှေတိဂုံဘုရားကို သွားခဲ့ကြပါတယ်။ ဘုရားပေါ်မှာက လူ တွေ အများကြီးပဲ။ ဆရာခိုင်းတဲ့အတိုင်း ရာဟုထောင့်မှာ သွားလုပ်ခဲ့တာ အဆင် ပြေပါတယ်။ အခက်အခဲမရှိပါဘူး။ သေချာသွားအောင်လို့ ကျွန်မတို့ ညီအစ်မနှစ်ယောက် ဘုရားရှိခိုးပြီး ဆု တောင်းတာတောင် လုပ်ခဲ့သေးတယ်။ ဒါကြောင့် ကျွန်မအခက်အခဲလည်း အဆင်ပြေသွားပါတယ်။ ခုတော့ သူ့ ကောင်မလေးက လင်ယူသွားပြီလေ"

စကားအဆုံးတွင် သူ့ယောကျ်ား ဘက်သို့ လှည့်ကြည့်လိုက်သည်။ ယောကျ်ားဖြစ်သူက ဘာမှမပြောပေ။

"ကျွန်မက လိမ်မပြောတတ်ဘူး ဆရာ။ ယောကျ်ားဖြစ်သူကိုလည်း ဆရာ့ဆီသွားပြီး အကူအညီတောင်းခဲ့ တဲ့အကြောင်း အမှန်အတိုင်းပဲ ပြောပြ ခဲ့တယ်။ ဒါဆို သူ့လုပ်ငန်းက အခက် အခဲကို နင့်ဆရာဆီမှာ အကူအညီ တောင်းကြည့်ချင်တယ်ဆိုလို့ ကျွန်မ သူ့ကို ခေါ်လာခဲ့တာပါ"

ဟု ပြောပြီး သူမ၏ ယောကျ်ား နှင့် မိတ်ဆက်ပေးလေသည်။

ဦးညိုက ထိုလူ၏ နာမည်နှင့် အသက်ကို မေးပြီးနောက် ထိုလူကို ပြောလိုက်သည်။

"ခင်ဗျားရဲ့ အလုပ်ခန်း အဝင် ပေါက်နားမှာ အတော်ကြီးတဲ့ လုံးလုံး ဝန်းဝန်း စက်ပစ္စည်းတစ်ခုရှိတယ်။ အဲဒါ ကို လူတစ်ယောက်တည်း မကြည့်ရင် မနိုင်လောက်ဘူး။ ဒီပစ္စည်းက အဝင် မတော်။ ပြဿနာ မကင်းတဲ့ ပစ္စည်း တစ်ခုပဲ"

"ဟုတ်ပါတယ် ဆရာ။ အဲဒါက တော့ မော်တာကြီးတစ်လုံးပါပဲ။ ကျွန် တော် မရှိတုန်းမှာ လာရောင်းတဲ့သူက ရောင်းတော့ ကျွန်တော့်ညီက ဈေး ချောင်တယ်ဆိုပြီး ဝယ်ထားမိတာ။ အခုတော့ ခိုးရာပါ ပစ္စည်းကို လက်ခံမှု နဲ့ ပြဿနာရင်ဆိုင်နေရပါတယ်"

ဟု ဆိုသည်။

ဦးညိုက အဆင်ပြေအောင် ယတြာကိစ္စဆောင်ရွက် စီစဉ်ပေးလိုက် လေသည်။

◈◈◈

ဦးညိုသည် အသက် ၅၅နှစ်ခန့် တွင် ဒုလ္လဘ ရဟန်းခံလိုက်သေးသည်။ ရဟန်းဝတ်ဖြင့် ကြာကြာနေလိုခဲ့သော် လည်း အစိုးရဝန်ထမ်းဖြစ်နေသည့် အတွက် ကျိုးရက်သာ ဝတ်နိုင်ခဲ့သည်။

ဒုလ္လဘ ရဟန်းခံပြီးနောက်တွင် မည်သို့ဖြစ်သည် မသိ၊ တစ်သက်တ


www.burmeseclassic.com

www.burmeseclassic.com

# အစားများ၊ အစာအဆိပ်သင့်လျှင်

နတ်မောက် မှတ်ကျောက်

မတည့်သော အစာစားမိခြင်း (ဥပမာ-ပင်လယ်စာများသည် လူတိုင်းနှင့် မတည့်ပါ။ တည့်သောသူမှ တည့်ပါသည်။ ပင်လယ်စာစားပြီး အစာအဆိပ်သင့်သူများ၊ ဝမ်းအလွန်လျှောသူများကို တွေ့ဖူးပါလိမ့်မည်။)၊ မစားကောင်းသော အစာများ စားမိခြင်း (ဥပမာ- ငါးပူတင်း၊ အဆိပ်မှို စားမိခြင်းများ တွေ့ဖူးပါသည်။)တို့ဖြစ်၍ အစာအဆိပ်သင့်ပါက စားပြီး အစာများ အမြန်အန်စေရန် အာခေါင်ကို လက်ညှိုးထိုး၍ အန်ချလိုက်ပါ။ အန်နိုင်သရွေ့ အန်ပြီး ပါးလုတ်များစွာ ကျင်းပေးပါ။

ထို့နောက် အစာအဆိပ်များ အမြန်ပြေစေရန်အတွက် ကန်စွန်းရွက်များ ကြိတ်ပြီး အရည်ညှစ်၍ သောက်နိုင်သမျှ များများသောက်ပေးပါ။

သနပ်ခါးအမြစ်မှုန့် မရှိလျှင် သနပ်ခါးအမြ... အကြမ်းပန်းကန်တစ်ဝက်ခန့် ရေနှင့်သွေးပြီး သကြားအ... ငယ်ထည့်၍ ပျားရည် ဟင်းသောက်ဇွန်းနှစ်ဇွန်းထည့်... သောက်ပေးပါ။ မသက်မသာဖြစ်ခြင်း၊ မပျောက်မချင်း ... လုပ်၍ သောက်နိုင်ပါသည်။ သုံးခွက်ထက် ပိုမသောက်... အစာအဆိပ်ပြေပျောက်သွားပါမည်။

နောက်နေ့တွင် အစာသစ် မစားဘဲ ဝမ်းထဲ... ကပ်ရပ်ကျန်နိုင်သော အစာအဆိပ်များ ကင်းစေရန် ဝမ်း... ပေးပါ။ သို့မှသာ အမြန်ကျန်းမာပါမည်။ အားနည်းနေ... ကြက်သားစွပ်ပြုတ်အရည်များများ၊ ကြက်သွန်ဖြူ... ထောင်းထည့်ပြီး သောက်ပေးလိုက်ပါ။ မုချ ပျောက်ပါ...

□

လုံး တစ်ခါမျှ မဖြစ်ဘူးသည့် ပန်းနာရင်ကျပ်ရောဂါရရှိလာခဲ့သည်။ ရောဂါကြောင့် အလုပ်မှ ခွင့် မကြာမကြာယူနေခဲ့ရာ ခွင့်ရက် လက်ကျန်လည်း မရှိတော့ပေ။

ရောဂါကို ဆေးဝါးကုသသော်လည်း သက်သာပျောက်ကင်းမှု မရှိဘဲ ထမင်းမစားနိုင်သဖြင့် အချိုရည်မျှသာ သောက်နေရလေသည်။ တဖြည်းဖြည်း ခွန်အား ယုတ်လျော့လာပြီး အသက်ရှူရတာပင်လျှင် အတော်ကြိုးစားနေရသဖြင့် ပင်ပန်းဆင်းရဲလှသည်။ နောက်ဆုံးတွင် ဆေးပင်စင်တင်လိုက်ရလေသည်။

ထိုအချိန်ကာလ၌ ဦးညို၏ နေအိမ် ဘုရားစင်နံဘေးတွင် စင်လုပ်ပြီး တင်မြှောက်ကိုးကွယ်ထားသော ရဟန်းထွက်ရုပ်ပေါက် ကိုယ်တော်၊ လူထွက်ရုပ်ပေါက် ပုဂ္ဂိုလ်နှင့် ဘိုးတော်၊ မယ်တော်ရုပ်ထုများအားလုံးသည် နေအိမ်တံခါးပေါက်ရှိရာဘက်သို့ ၄၅ဒီဂရီခန့် တညီတညွတ်တည်း လှည့်သွားကုန်ကြသည်။

ထိုကဲ့သို့ ထူးဆန်းစွာ အထက်ပုဂ္ဂိုလ်ရုပ်ထုများ ဘေးဘက်သို့ လှည့်သွားခြင်းကို ယခင်က တစ်ကြိမ်မျှ မတွေ့မြင်ဘူးခဲ့ပါ။ ယခုတစ်ကြိမ်မှ ထူးထူးခြားခြားဖြစ်ရပ်ကို တွေ့မြင်သူ သမီး မခင်ညိုက ရုပ်ထုအားလုံးကို မူလအတိုင်း ပြန်၍တည့်မတ်အောင် ဘုရားစင်မှ ရှေ့တည့်တည့်သို့ ချိန်ပြီး ထားလိုက်သည်။ ထိုကိစ္စကို မည်သူ့ကိုမျှ မပြောခဲ့ပေ။

နောက်တစ်နေ့နံနက်ခင်းတွင် ဘုရားပန်းအိုး ရေလဲခြင်းနှင့် သောက်တော်ရေများ လဲလှယ်ရင်း အထက်ပုဂ္ဂိုလ်နှင့် ဘိုးတော်၊ မယ်တော် ရုပ်ထုများကို မခင်ညို ကြည့်လိုက်သောအခါ မနေ့ညနေကကဲ့သို့ပင် အိမ်အ... ဘက်သို့ အားလုံးလှည့်နေသည်... တွေ့ရပြန်သည်။ ဤဖြစ်ရပ်... သဘောရိုးမဟုတ်၊ နိမိတ်ပြခြင်း... ကြောင်းလည်း မခင်ညို သိလိုက်သ...

နေအိမ်တွင် ဖခင်ဖြစ်သူ ... မကျန်းရှိနေခြင်းကြောင့် ဤနိမိတ်... ပေါက်လာခဲ့ရာတွင် ကောင်း... နိမိတ်ထက် ဆိုးသော နိမိတ်မ... ဖြစ်ကြောင်းကို ရိပ်စားမိလိုက်သ... ထို့ကြောင့် စိတ်ထိခိုက် ဝမ်းနည်း... မှ မျက်ရည်ကျလာသဖြင့် ဘယ်သူ... မမြင်အောင် သတိထားလိုက်ရ...

ထို့နောက် တစ်ပတ်ခန့်အ... တွင် ဦးညိုသည် ခံစားရသော ... ဖြင့်ပင် မိသားစုကို အပြီးတိုင် ... မရဏာခရီးအတိုင်း လိုက်ပါသွား... သည်။ သဗ္ဗေသတ္တာ ကမ္မ... တည်း။ □



www.burmeseclassic.com

www.burmeseclassic.com

# ဆေးဖက်ဝင် နနွင်းနှင့် နာနတ်သီးတို့၏ အသုံးဝင်ပုံများ

/ မင်းချစ်ကျော် (ဟသ်ာတ) /

စာရေးသူ ငယ်စဉ် ကလေးဘဝအရွယ်တွင် မိခင်ကြီးက စာရေးသူတို့ ညီအစ်ကို သုံးယောက်ကို တစ်နှစ်လျှင် တစ်ကြိမ်ကျ သန်ကျဆေး တိုက်လေ့ရှိပါသည်။ အင်္ဂလိပ်ဆေးဖြစ်ပါသဖြင့် အဝင်မဆိုးသော်လည်း ဝမ်းနုတ်ဆေးဖြစ်သည့် ကြက်ဆူဆီက အဝင်ဆိုး၍ စာရေးသူမှာ ပြန်ပြီး အန်လေ့ရှိပါသည်။ ထိုအခါ သန်ကျဆေးများပါ ပြန်ပါလာတတ်သည်။ ထိုအခါ မိခင်ကြီးက စာရေးသူကို…

"နှင့်ညီနှစ်ယောက်က သန်ကျဆေးတိုက်တာ ပြန်မအန်ဘူး။ နှင့်ကျမှ ငါ ဆေးတိုက်ရတာ ပင်ပန်းတယ်။ ဆေးက အလကားမရဘူးဟဲ့။ ပိုက်ဆံပေးပြီး ဝယ်ရတာ။ နင်က အခုလို ပြန်အန်ထွက်နေတော့ နင့်ကို ငါ ဆေးမတိုက်တော့ဘူး။ နင့်လည်ပင်းမှာ တားထားတဲ့ ထုံးသုံးရစ်ကိုလည်း ချက်ပစ်လိုက်တော့"

ဟု ဆိုပြီး မိခင်ကြီးက စိတ်ဆိုးဆိုးနှင့် ပြောပါသည်။

ထိုနေ့တွင်ပင် စာရေးသူ၏ ဦးလေးတော်သူ ဦးတင်လှက သထုံ နာနတ်သီးတစ်လုံးကို ဝယ်လာပါသည်။ အမေက…

"ဟဲ့…မောင်တင်လှ၊ နင့်တူကို သန်ကျဆေးတိုက်တာ တိုက်လို့ မရဘူး။ အမြဲတမ်းပဲ ငါ စိတ်ဆင်းရဲရတယ်။ ငါ နင့်အစ်ကိုလာရင် တိုင်ရဦးမယ်"

ဟု ပြောသည်။ ဦးလေးက…

"ဆေးတိုက်လို့ မရလည်း အစ်ကိုကြီးနဲ့ မတိုင်ပါနဲ့။ ကျွန်တော်ဝယ်လာတဲ့ နာနတ်သီးက အူတိုင်ကို ပျားရည်နဲ့ ဆားအနည်းငယ်သုတ်ပြီး ကျွေးရင် သန်ကျပါတယ်"

ဟု ပြောပါသည်။

ထို့နောက် ဦးလေးကပင် နာနတ်သီး၏ အူတိုင်ကို ထုတ်၍ ဆားနှင့် ပျားရည်သုတ်ပြီး စာရေးသူကို ကျွေးပါသည်။

ဝမ်းနုတ်ဆေးစားရန် မလိုပါ။ သန်ကျဆေးသောက်သကဲ့သို့ နောက်တစ်နေ့တွင် သန်များ မစင်နှင့်အတူ ကျလာပါသည်။

ဤသို့ဖြင့် နောက်ပိုင်းတွင် စာရေးသူ၏ မိခင်ကြီးက မိုးရာသီနှင့် ဆောင်းရာသီတို့၌ စာရေးသူတို့ ညီအစ်ကို သုံးယောက်အား နာနတ်သီးအူတိုင်နှင့်သာ သန်ချပေးပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

နာနတ်သီးသည် မိုးရာသီနှင့် ဆောင်းရာသီတို့တွင် အထွက်များလေ့ရှိပါသည်။ နာနတ်သီးကို ဖျော်ရည်ပြုပြီး သောက်သုံးလျှင်လည်း မျက်စိမှုန်သူများကို ကြည်လင်စေပါသည်။ အရိုးအဆစ်များကိုလည်း သန်မာစေပါသည်။ သွေးတိုးရောဂါသမားများအတွက်လည်း သွေးပေါင်ချိန်ကျဆင်းစေပါသည်။

နာနတ်သီးကို အမြဲစားသုံးသူတို့တွင် သွေးကင်ဆာရောဂါမဖြစ်ပါ။ အသက်ကြီး၍ အရိုးပွသူများအတွက် အရိုးများကို သန်မာစေပါသည်။ ဒူးနာ၊ ခါးနာသူများအတွက်လည်း နာနတ်သီးကို စားသုံးပေးခြင်းဖြင့် ရောဂါပျောက်ကင်းပါသည်။ ခွဲစိတ်ခံရသူများအတွက် အနာကျက်မြန်ပါသည်။ နလုံးသွေးကြောကျဉ်းရောဂါများ လုံးဝ မဖြစ်ပါ။ ကြွက်သားများ နာကျင်ကိုက်ခဲသည့် ရောဂါဝေဒများကိုလည်း ပျောက်ကင်းစေပါသည်။ ဆီးနှင့် ဝမ်းအတွက် အထူးကောင်းမွန်သော အသီးဖြစ်သလို၊ အရေပြားကင်ဆာအတွက်လည်း ဖြေဆေးဖြစ်ပါသည်။ ရင်ကျပ် ပန်းနာကိုလည်း သက်သာစေပါသည်။

နာနတ်သီးကို တစ်လလျှင် နှစ်ကြိမ်ကျ စားသုံးပေးသင့်သည်။ အအေးမိ၊ နှာစေး၊ ချောင်းဆိုး ရောဂါများကိုလည်း ကာကွယ်ပေးပါသည်။

ယခုခေတ်တွင် ဖျော်ရည်ပုလင်းများကို အလွယ်တကူဝယ်ယူရရှိနိုင်သဖြင့် လွယ်ကူစွာ သောက်သုံးနိုင်ပါသည်။ ဘေးထွက်ဆိုးကျိုးမရှိသော၊ ကောင်းကျိုးများသော နာနတ်သီးပင် ဖြစ်ပါသည်။

◈◈◈

နနွင်းသည် ဆေးဖက်ဝင် သစ်ဥတစ်မျိုးဖြစ်သလို၊ မီးဖိုချောင်သုံး ပစ္စည်းတစ်မျိုးလည်းဖြစ်သည်။ အမျိုးသမီးများအတွက် သားဖွားရာတွင်လည်း အဓိက ဆေးနည်းဖြစ်သည်။ သားဖွားမိခင်များ မီးတွင်းထဲ၌ အရည်ဖျော်လိမ်းလျှင် တစ်သားမွေး၍ တစ်သွေးလှစေသည်။ နနွင်းကို မှိုင်းခံပြီး ရှူပေးခြင်းဖြင့်လည်း ခေါင်းကိုက်ခြင်းဝေဒနာများကို သက်သာပျောက်ကင်းစေပါသည်။ မီးယပ်ဝမ်းသွားခြင်းများအတွက်လည်းလည်း နနွင်းကို သောက်ပေးခြင်းဖြင့် သက်သာပျောက်ကင်းစေပါသည်။ သွေးတိုး၊ ဆီးချို၊ အစာအိမ်နာရောဂါများအတွက် နနွင်းခါးမှုန့်နှင့် ပျားရည်တို့ကို ရောစပ်ပြီး ငရုတ်ကောင်းစေ့အရွယ်ခန့် လုံး၍ နေရိပ်တွင် ခြောက်သွေ့စေလျက် နေ့စဉ် နံနက် နှစ်လုံး၊ ည နှစ်လုံး စားသုံးပေးခြင်းဖြင့် ပျောက်ကင်းစေပါသည်။

နနွင်း၏ အာနိသင်မှာ ပူစပ်ခါးဟူသော သုံးမျိုးအရသာရှိသည်။ ဝမ်းမီးကို တောက်စေခြင်း၊ အစာကို ကြေလွယ်ခြင်း၊ လေနှင့် သလိပ်ကို နိုင်ခြင်း၊ ဝမ်းသွားခြင်းကို ရပ်စေခြင်း၊ နှုတ်ကို မြိန်စေခြင်း၊ အသားအရေကို ကြည်လင်စေခြင်း၊ သားသမီးဖွားသူများအတွက် နို့ရည်ကို ကြည်လင်စေခြင်းတို့ ဖြစ်စေပါသည်။

နနွင်း၏ အာနိသင်ထက်မြက်ပုံမှာ လေသင်တုန်းဖြစ်သူများအား နနွင်းမှုန့်ကို မှန်မှန်တိုက်ပေးပါက ရောဂါပျောက်ကင်းစေပါသည်။ ထုံနာ၊ ကျဉ်နာ၊ အကြောလွဲ၊ အကြောတင်းရောဂါများဖြစ်လျှင် နနွင်းမှုန့်နှင့် ရောက်ရည်ဖျော်ပြီး ယမ်းစိမ်းမှုန့်အနည်းငယ်ထည့်၍ မပျစ်မကျဲလေး လိမ်းပေးခြင်းဖြင့် ပျောက်ကင်းစေပါသည်။

မျှော့တွယ်ပြီး သွေးမတိတ်လျှင် နနွင်းမှုန့်ကို သိပ်ပေးပါ။ သွေးတိတ်စေပါသည်။ ကင်းအမျိုးမျိုးထိုးလျှင်လည်း နနွင်းမှုံ့ဖြင့် ဒဏ်ရာကို အပူပေး၍ သက်သာပျောက်ကင်းစေသည်။

နနွင်းသည် အမျိုးသမီးများအတွက် အထူးဆေးဖြစ်ထက်ပါသည်။ နနွင်းနှင့် မတည့်သော အရက်၊ ဆေးခြောက်တို့နှင့် တွဲဖက်သောက်သုံးမိပါက သေစေနိုင်သော အဆိပ်ဖြစ်သလို၊ အနာဟောင်းများနှင့် အနာသစ်များကို နနွင်းသိပ်ပေးမိပါက ခရုသင်းများ ဖြစ်တတ်ပါသည်။ ရှောင်ရန်သတိပေးခြင်းဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သော နာနတ်သီးနှင့် နနွင်းကို တွဲဖက်ပြီး စားသုံးလျှင်လည်း ဝမ်းသွားလွန်ပြီး သေစေနိုင်သလို၊ ဝမ်းမသွားပါကလည်း ဝမ်းထဲတွင် ပိတ်၍ သေစေနိုင်ပါသည်။ ဆိုးကျိုးများကို သတိထားပြီး ရှောင်ကြပါ။

ကောင်းကျိုးကို ဆောင်ပြီး ဆိုးကျိုးများကို ရှောင်ကြပါစေ။

❒



www.burmeseclassic.com

www.burmeseclassic.com




# ရှုသူ့အချစ်

မောင်မောင်မိုးအောင်

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေနေ့ ရုံးပိတ်ရက်တိုင်း ရွှေတိဂုံဘုရားရင်ပြင်ရှိ ကြာသပတေး ဂြိုဟ်တိုင်တွင် ကျွန်တော် ပုတီးစိပ်နေကျဖြစ်သည်။ ယနေ့ တနင်္ဂနွေနေ့တွင်လည်း ရွှေတိဂုံဘုရားရင်ပြင်ပေါ်ရောက်ရှိပြီး ပုတီးစိပ်နေကျနေရာတွင် ဂုဏ်တော်ကို ပုတီးကိုးပတ်စိပ်နေမိသည်။ ကျွန်တော့်နည်းတူ ပုတီးစိပ်နေသူ လေးငါးဦး ရှိနေသည်။ သူတို့လည်း တိတ်ဆိတ်ငြိမ်သက်စွာပင် ပုတီးစိပ်နေကြသည်။

ကျွန်တော်လည်း မျက်စိကို အသာမှိတ်ပြီး ပုတီးဆက်စိပ်နေသည်။ သို့သော် အာရုံကို စုစည်း၍ မရနိုင်ဘဲ ဖြစ်နေသည်။ တစ်စုံတစ်ယောက်က ကျွန်တော့်ကို စူးစိုက်ကြည့်နေသလို ခံစားလိုက်ရသည်။ မျက်စိဖွင့်ပြီး ပတ်ဝန်းကျင်ကို စောင်းငဲ့ကြည့်လိုက်မိသည်။ မည်သည့်ထူးခြားမှုကိုမှ မတွေ့ရ။ ကြည့်နေသူကိုလည်း မတွေ့ရပါ။ ထို့ကြောင့် မျက်စိမှိတ်ပြီး အာရုံယူကာ ပုတီးဆက်စိပ်နေလိုက်သည်။

ထိုအခါ ယခင်အတိုင်း ပြန်၍ ခံစားလာရပြန်သည်။ မတတ်သာတော့သည့်အဆုံး မျက်စိဖွင့်၍ ပတ်ဝန်းကျင်ကို အလျင်အမြန်ကြည့်လိုက်မိသည်။

လက်ယာဘက်နားမှ အမျိုးသမီးတစ်ဦးက တစ်ဖက်သို့ ကပျာကယာ လှည့်လိုက်သည်ကို ရိပ်ခနဲ တွေ့လိုက်ရသည်။ သို့သော် မိမိစိတ်ထဲထင်နေသည်ဟု ယူဆကာ ပုတီးကိုသာ ဆက်စိပ်နေခဲ့သည်။ မည်သို့မျှ အာရုံကို စုစည်း၍ မရတော့သည့်အဆုံး မျက်စိဖွင့်၍အကြည့်တွင် ထိုအမျိုးသမီးကြီးက ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြည့်နေသည်ကို ပက်ပင်းဆုံလိုက်ရတော့သည်။ ကျွန်တော်နှင့် အကြည့်ချင်း ဆုံသွားသည့် ထိုအမျိုးသမီးကြီးမှာ အသက် ငါးဆယ်ကျော်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။ သူက နေရာမှ ထလာပြီး ကျွန်တော့်ထံသို့ ဦးတည်လျှောက်လာသည်။

ကျွန်တော့် ရှေ့တည့်တည့်သို့ ရောက်သောအခါ···

"ဒီက ငါ့မောင်နာမည်က မိုးအောင်မဟုတ်လား"

"ဗျာ···"

ကျွန်တော့်နာမည်ကို ပြော၍ မေးမြန်းလာသဖြင့် အံ့ဩမှုဖြင့် နေရာမှ ထလိုက်မိသည်။

"မော်လမြိုင်က ဇာတ်သဘင်ပညာရှင် ဇာတ်စီး တက္ကသိုလ် ဦးပါရဲ့ သား မိုးအောင်မဟုတ်လား"

အမျိုးသမီးကြီးက ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်···ဟုတ်ပါတယ်"

ကျွန်တော့် အဖေနာမည်နှင့် ကျွန်တော့်နာမည်ကိုပါ အတိအကျ သိနေသဖြင့် အံ့ဩစိတ်ဖြင့် ဟုတ်မှန်ကြောင်း ပြန်ဖြေလိုက်သည်။

"ပထမတော့ မသေချာလို့ ငါ့မောင် ပုတီးစိပ်နေတုန်း အစ်မက ခိုး ခိုးကြည့်နေမိတာ။ အသေအချာကြည့်လိုက်တော့မှ ငါ့မောင်ရဲ့ မျက်ခုံးကို သတိထားမိတော့တယ်။ ငါ့မောင်က ငယ်ရုပ်မပြောင်းသေးဘဲကိုး။ ငါ့မောင် အချိန်ရလား၊ စကားပြောချင်လို့ပါ"

"ရပါတယ်၊ ဘာဖြစ်လို့လဲ"

"ဒီနေရာမှာ စကားပြောရတာ ပုတီးစိပ်နေသူတွေကို အနှောင့်အယှက်ဖြစ်နေမယ်။ ဟိုဘက်နားကို ကျေးဇူးပြုပြီး ခဏလိုက်ခဲ့ပါလား"

ကျွန်တော့်စိတ်ထဲမှာ ထူးဆန်းနေသည်။ အမျိုးသမီးကြီးမှာ ရုပ်ရည်သန့်ပြန့်၍ လုပနေဆဲဖြစ်သည်ကို သတိထားမိသည်။

ကျွန်တော်တို့နှစ်ဦး လူအတန်ရှင်းသည့် တန်ဆောင်းတစ်ခုအတွင်း အတူထိုင်ဖြစ်ကြသည်။ ထိုင်ထိုင်ချင်းပင် ကျွန်တော့်ကို မေးသည်။

"အဖေပါ နေကောင်းရဲ့လား"

"ဗျာ"

"မဗျာနဲ့လေ၊ ငါ့မောင်ရဲ့ အဖေကို မေးတာ။ ငါ့မောင်က မိုးအောင် မဟုတ်လား"

"ဟုတ်ပါတယ်။ အဖေဆုံးသွားတာ ငါးနှစ်ကျော်လောက် ရှိသွားပြီ။ မော်လမြိုင်မှာပဲ ဆုံးသွားတာ"

"ဩော်···ဆရာဆုံးရှာခဲ့ပြီကိုး။ ဇာတ်သဘင်လောကအတွက် အရေးပါတဲ့သူတစ်ယောက် ဆုံးရှုံးခဲ့ပြီ။ အစ်မ စိတ်မကောင်းဖြစ်လိုက်တာ"

"အစ်မက ကျွန်တော့်ကိုရော အဖေ့ကိုရော ရင်းရင်းနှီးနှီး သိကျွမ်း...တယ်။ အစ်မ ဘယ်သူလဲ။ ကျွန်တော် မြင်ဖူးသလိုပဲ"

"မြင်ဖူးရုံတင်ပဲလား။ ငါ့မောင်ရဲ့ အဖေက အစ်မရဲ့ ဆရာရင်း ထမင်း...ပါ။ ငါ့မောင်က အစ်မရဲ့ အသက်သ... ကျေးဇူးရှင်ဖြစ်ခဲ့ကြတယ်"

"အစ်မပြောတာတွေကို ကျွန်တော် ဘာမှမတွေးတတ်အောင် ဖြ...နေတယ်"

"အစ်မကို သေသေချာချာကြည့်ပါဦး"

ထိုအမျိုးသမီးကို ယခုမှ ကျွန်တော် စေ့စေ့စပ်စပ် အနီးကပ် ကြည့်လိုက်သည်။ ကျွန်တော့်အတွေး... ဝိုးတဝါးပေါ်လာသည်။

"အစ်မက ဇာတ်မင်းသ... ဟုတ်ပါတယ်နော်"

"သိပ်ဟုတ်တာပေါ့ ငါ့မောင်...



www.burmeseclassic.com

www.burmeseclassic.com

ပြောတဲ့ ဇာတ်မင်းသမီးပါပဲ"

"ဟာ… အခုမှ ကျွန်တော်သိလာတယ်။ အစ်မက ရွှေမြိုင် ကျင်သန်း မဟုတ်လား။ ရှေ့ပိုင်း ပြဇာတ်ရော၊ နောက်ပိုင်း ဇာတ်ထုပ်မှာပါ ပိုင်နိုင်တဲ့ နာမည်ကြီး ဇာတ်မင်းသမီးတစ်ယောက်ပဲ"

"သိပ်ဟုတ်တာပေါ့။ ငါ့မောင်မှတ်မိပြီပဲ။ အစ်မ မောင်လေးတို့ အိမ်မှာ နေခဲ့ဖူးတယ်လေ။ ငါ့မောင်အဖေဆီမှာ အစ်မ ပညာသင်စဉ်ကပေါ့"

"အစ်မပြောတော့မှ သတိရလာတယ်။ အစ်မက အသက်လည်း ကြီးလာတယ်။ ပြီးတော့ ဆံပင်ပုံစံလည်း ပြောင်းထားတော့ ရုတ်တရက် မမှတ်မိဘူးဖြစ်သွားတယ်။ ခွင့်လွှတ်ပါ အစ်မရယ်"

"နှစ်တွေ ဒီလောက်ကြာခဲ့မှတော့ ငါ့မောင် မမှတ်မိတာ အစ်မ ခွင့်လွှတ်ပါတယ်။ အဲဒီအချိန်တုန်းက ငါ့မောင်က ငယ်သေးတာကိုး။ ပြီးတော့ ဇာတ်ကနေတုန်းက အစ်မရဲ့ အသက်ကို ကယ်ခဲ့တာကိုရော မှတ်မိသေးရဲ့လား။ အဲဒီရွာက အဖြစ်ဟာ ထူးဆန်းပြီး ကြောက်ဖို့လည်း ကောင်းခဲ့တာ။ အောက်လမ်းပညာလို့လည်း ပြောသံကြားခဲ့ရတယ်။ ပြန်စဉ်းစားကြည့်ပါဦး"

ကျွန်တော် အသေအချာ ပြန်တွေးကြည့်မိပါသည်။ လွန်ခဲ့သော နှစ်ပေါင်း လေးဆယ်နီးပါးက အဖြစ်အပျက်များ ကျွန်တော့်ခေါင်းထဲသို့ အစီရရီ ပေါ်လာပါတော့သည်။

◈◈◈

ထိုစဉ်က မော်လမြိုင်မြို့ရှိ ဇာတ်သဘင်အဖွဲ့များအနက် ဇာတ်ဆရာ တက္ကသိုလ် ဦးပါ ဦးစီးသော "ရွှေမြိုင်စိန်မောင်"ဇာတ်အဖွဲ့မှာ နာမည်ကျော် လူကြိုက်အများဆုံး ဇာတ်သဘင်အဖွဲ့တစ်ဖွဲ့ ဖြစ်သည်။

"ရွှေမြိုင် စိန်မောင်"၊ "ရွှေမြိုင်စိန်အောင်"ညီအစ်ကို မင်းသားနှစ်လက်မှာ ဇာတ်ဆရာ တက္ကသိုလ် ဦးပါ၏ တပည့်ရင်းများဖြစ်သည်။ မင်းသားများမှာ လူပျိုအရွယ် ဆယ်ကျော်သက်များဖြစ်သည်။ ရုပ်ရည်ချောမောသူများလည်းဖြစ်ကြသည်။

မင်းသမီး ရွှေမြိုင် ကျင်သန်းမှာလည်း ဇာတ်ဆရာ တက္ကသိုလ် ဦးပါ၏ တပည့်ရင်းပင်ဖြစ်သည်။ ရုပ်ရည်ချောမောလှပပြီး ကိုယ်နေဟန်အချိုးအစား ပြေပြစ်တင့်တယ်သူဖြစ်သည်။ အဆို၊ အငို၊ အပြော၊ အက ပညာအားလုံးကို ဆရာ တက္ကသိုလ် ဦးပါက သင်ကြားပေးခဲ့သည်။ ရှေ့ပိုင်း ပြဇာတ်သာမက၊ နောက်ပိုင်း ဇာတ်ထုပ်များလည်း ပိုင်နိုင်သူဖြစ်သည်။

လူရွှင်တော် နှစ်ဦးဖြစ်သည့် ကျောက်စိမ်းနှင့် လိပ်ဖူးတို့မှာလည်း လူကြိုက်များသော နာမည်ကျော် လူရွှင်တော်များဖြစ်သည်။ မွန်-ဗမာ နှစ်ဘာသာ ပြက်လုံးထုတ်နိုင်သူများဖြစ်သည်။ ဇာတ်စီး တက္ကသိုလ် ဦးပါ ကိုယ်တိုင် ရေးဖွဲ့စီစဉ်သော "ဝီဇေဒ ထိတိုင်းရှု ပန်းပဲ မောင်တင့်တယ်၊ ချင်းကလေး ဖဝေး" စသည့် နောက်ပိုင်း ဇာတ်ထုပ်များမှာလည်း လူကြိုက်များသော ဇာတ်ထုပ်များ ဖြစ်သည်။

ထိုအကြောင်းများကြောင့် ရွှေမြိုင် ဇာတ်သဘင်အဖွဲ့မှာ အထူးအောင်မြင် ကျော်ကြား လူကြိုက်များခဲ့သည်။ မော်လမြိုင်အနီးဝန်းကျင်သာမက ရေး၊ မြိတ်၊ ထားဝယ်အထိပင် နာမည်ကျော်ကြားနေခဲ့သည်။ ဇာတ်ရာသီတစ်ခုလုံး ပွဲခွင်မှာ အားလပ်ရပ် မရှိအောင်ပင် ငှားရမ်းခဲ့ရသည်။

◈◈◈

တစ်နေ့တွင် ထားဝယ်မြို့ ကန်ပေါက်အနီးရှိ ရွာကြီးတစ်ရွာမှ လူကြီးသုံးဦး မော်လမြိုင်မြို့ ဇာတ်သဘင်အဖွဲ့တည်ရှိရာ ကျွန်တော်တို့ နေအိမ်သို့ ရောက်လာကြသည်။ ပွဲခွင်မှာ နှစ်ည ပွဲခွင်ဖြစ်သည်။ ခရီးဝေးသော်လည်း အသွားအပြန်စရိတ်၊ စားသောက်စရိတ်များပါ ပွဲငှားသူများက တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။ သိရသည်။ ထို့ကြောင့် ထားဝယ်ဘက်သို့ သွားရောက် ကပြရန် စာချုပ်ချုပ်ဖြစ်လိုက်သည်။

ကျွန်တော်က တတိယတန်း ကျောင်းသားအရွယ်သာ ရှိသေးသည်။ နွေရာသီကျောင်းပိတ်ရက်နှင့် တိုက်ဆိုင်နေ၍ ထားဝယ်သို့ လိုက်ရန် အမေ

ဒီရွာက လူတွေ ဒီလောက်သတိပေးထားရက်နဲ့ ပညာစမ်းလိုက်ကြပြန်ပြီ။ ဒီအထုပ်နဲ့ ပစ်တဲ့သူကိုသိရင် သူ့ပညာ သူ့ကို ပြန်နုတ်ခိုင်းရမယ်။ ခဏလေးနဲ့ ပျောက်သွားမှာ။ ပစ်တဲ့သူကို မသိလည်း ကိစ္စမရှိပါဘူး။ ဒါပေမယ့် ပစ်တဲ့သူကို သိတော့ ပိုကောင်းတာပေါ့။ ဒီအထုပ်နဲ့ ပစ်တဲ့သူကို သိရင်သိပ်ကောင်းမယ်



www.burmeseclassic.com

www.burmeseclassic.com

က ကျွန်တော့်ကို ခွင့်ပြုခဲ့သည်။ နှစ်ထပ်သင်္ဘောကြီးတစ်စီးဖြင့် ရေလမ်းခရီးမှ ထားဝယ်သို့ သွားကြသည်။ ထားဝယ်မှ ကန်ပေါက်သို့ မော်တော်ယာဉ်ဖြင့် ခရီးဆက်ခဲ့ကြသည်။

ကန်ပေါက်အရောက်တွင် ဒေသခံ ရွာခံ လူများက လှည်းများဖြင့် လာရောက် ကြိုဆိုနေကြသည်။ လှည်းအစီးပေါင်း နှစ်ဆယ်ကျော်ခန့် ရှိမည်ထင်ရသည်။ ဇာတ်ပစ္စည်းသေတ္တာကြီးများ၊ ဇာတ်အဖွဲ့သားများအားလုံး နွားလှည်းဖြင့် ခရီးဆက်ကြရပြန်သည်။ နေ့ဝက်ခန့် ခရီးကို ပင်ပင်ပန်းပန်းသွားရသည်။ ရွာအမည်ကို မမှတ်မိတော့ပါ။ ပွဲကမည့်ရက်ထက် တစ်ရက်စော၍ ရောက်ခဲ့ခြင်းဖြစ်သည်။ ထိုရွာမှာ စည်ကားသော ရွာကြီးဖြစ်ကြောင်းလည်း တွေ့ရသည်။

ဇာတ်စီးဖြစ်သူ ကျွန်တော့်အဖေ၊ မင်းသားနှစ်ယောက်နှင့် ကျွန်တော်တို့မှာ သူကြီး၏ နေအိမ်တွင် ခေတ္တနေထိုင်ခွင့်ရသည်။ ကျန်ဇာတ်အဖွဲ့သားများမှာ အမျိုးသား၊ အမျိုးသမီး သီးခြားစီ ခွဲခြားကာ၊ ဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းတွင် နေကြရသည်။ ပွဲရက်လိုသေးသဖြင့် ရွာတွင်းသို့ လည်ပတ် လေ့လာခွင့်ရခဲ့သည်။

မင်းသားနှစ်ယောက်နှင့် ကျွန်တော် အပြင်ထွက်၍ လည်ပတ်တိုင်း ရွာသူကြီး၏ သမီးက လိုက်ပါပို့ဆောင်ပေးသည်။ သူကြီးသမီးမှာ မင်းသားညီအစ်ကိုနှစ်ဦးနှင့် ရင်းနှီးကျွမ်းဝင်လာသည်။ ထမင်းကျွေးရာမှ အိပ်ရာပြင်ပေးသည်အထိ မင်းသားများအတွက် သူကြီးသမီးက ဆောင်ရွက်ပေးသည်။

မင်းသားနှစ်ဦးအနက် အကြီးဖြစ်သူ ရွှေမြိုင် စိန်မောင်ကို သူကြီးသမီးက ပိုမိုအရေးပေး ဆက်ဆံသည်ကို သတိထားမိသည်။ သူကြီးသမီးနှင့် မင်းသားတို့မှာ လူပျိုအပျိုအရွယ်များ ဖြစ်ပြီး အသက်အရွယ် မတိမ်းမယိမ်းဖြစ်သည်။ သူကြီးသမီးက မင်းသားအပေါ် ဆက်ဆံမှုက လိုသည်ထက် ပို၍ရင်းနှီးလာသဖြင့် အဖေက မင်းသားကို သတိပေးရသည်အထိဖြစ်လာသည်။ စိတ်အလိုမလိုက်ရန် အဖေက ပြောဆိုဆုံးမသံကိုလည်း ကြားရသည်။

ဤသို့ဖြင့် ပွဲကသည့် ညသို့ ရောက်လာသည်။ အနီးအနား ရွာနီးချုပ်စပ်မှ လှည်းများဖြင့် လာရောက်ကြည့်ရှုကြသည်။ များပြားသော လှည်းတန်းကြီးကို တွေ့ရသည်။ လွန်စွာ စည်ကားလှသည်။ ကျွန်တော့်မှာ ဇာတ်ဆရာ၏ သားဖြစ်၍ ဇာတ်အဖွဲ့သားများ၏ အရေးပေးခြင်းကို ခံရသူဖြစ်သည်။ ညဘက် ပွဲကချိန်၌ ဇာတ်စင်ပေါ်တွင် ဖြစ်စေ၊ ဆိုင်းဝိုင်းအတွင်းမှ ဖြစ်စေ ကျွန်တော်ကြိုက်သည့် နေရာမှ ပွဲကြည့်နိုင်သည်။

ယခုညတွင် ကျွန်တော်နှင့် ရင်းနှီးခင်မင်သော ကြေးမောင်းတီးသည့်



ဝိုင်းဆရာအနီးတွင် ထိုင်၍ ပွဲကြည့်နေခဲ့သည်။

ပြဇာတ်ပြီး၍ နှစ်ပါးသွား ကပြ
သည့်အချိန်သို့ ရောက်လာခဲ့သည်။
မင်းသားကြီး ရွှေမြိုင် စိန်မောင်နှင့် မင်း
သမီး ရွှေမြိုင် ကျင်သန်းတို့၏ နှစ်ပါး
ခွင်ဖြစ်သည်။ တီးလုံး တီးကွက်အ
နှစ်ပါးခွင်ထုံးစံအတိုင်း မင်းသား
မင်းသမီး၏ လက်ကို ကိုင်၊ ပခုံးသေ
ကို ဖက်ဖြင့် သရုပ်ဆောင် ကပြကြ
သည်။ မင်းသမီးက ညုတုတုဖြင့် ချ
မယားကို မေ့သွားမှာလား။ မျက်
မများနဲ့ ဒီက တစ်ယောက်တည်းကို
ချစ်ရမယ် စသည်ဖြင့် သရုပ်ဆောင်၍
ဇာတ်သဘောအရ ကကွက်ဖော်၍
ကပြနေကြသည်။

ထိုအခိုက်မှာပင် မိန်းမပျိုတစ်ဦး
က ကျွန်တော့်အနီးသို့ ရောက်လာ
သည်။ သူမက ဇာတ်စင်အနီးသို့ တ
တိုးကပ်လာပုံရသည်။ ကျွန်တော်
စောင်းငဲ့ကြည့်လိုက်တော့ သူမ၏
လက်ထဲတွင် လက်ကိုင်ပဝါကို ထုံး
ခြေပြီး ဆုပ်ကိုင်ထားသည်ကို သတိ
ထားမိလိုက်သည်။ ထို့အပြင် နှစ်ပါးခွင်
ကို ကြည့်၍ မကျေမနပ်ဖြင့် တော
တစ်ချက်ခတ်လိုက်သေးသည်။ လက်
ထဲမှ လက်ကိုင်ပဝါကိုလည်း တ
လုပ်နေသေးသည်။ ဇာတ်စင်အနီး
လည်း တဖြည်းဖြည်းတိုးကပ်သွား
သည်။ ဇာတ်စင်အနီးသို့ အရောက်
ရုတ်တရက် လက်ထဲမှ အထုပ်
ဇာတ်စင်ပေါ်သို့ ပစ်ပေါက်လိုက်သည်
ကို တွေ့လိုက်ရသည်။ သူပစ်လိုက်
သောအထုပ်က မင်းသမီး ရွှေမြိုင်
ကျင်သန်း၏ ရင်ဘတ်ကို ထိမှန်သွား
သည်။ မင်းသမီးကို ထိမှန်သွားသည်
နှင့် မိန်းမပျိုက "ဟား…"ဟု ဆို
အမြန်လှည့်ထွက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသည့် အပြုအမူကြောင့် သူ့ကို ကျွန်တော် သေချာကြည့်လိုက်မိသည်။ ကျွန်တော်သိသော မျက်နှာဖြစ်နေသည်။ သူမက ကျွန်တော့်ကို သတိထားမိဟန် မတူပါ။ ပဝါထုပ်ထိမိပြီး မကြာမီ မင်းသမီး ရွှေမြိုင် ကျင်သန်းမှာ ကနေလျက်က ကြမ်းပြင်ပေါ် သို့ကျသွားပါတော့သည်။ တေးသွားပင် ဆုံးသေးပါ။ မင်းသားမှာ အံ့ဩလျက် ခင်တက်မိကာ ကြောင်ပြီး ကြည့်နေသည်။

"ဟာ··· မင်းသမီး ရွှေမြိုင် ကျင်သန်း ဘာဖြစ်လို့လဲ မသိဘူး။ လဲကျသွားတယ်"

"ပွဲဆက်များလို့ အိပ်ရေးပျက်များလို့ ထင်တယ်"

"ခရီးပန်းလာလို့ ဖြစ်မယ်"

"ကန့်လန့်ကာ ချလိုက်လေ"

တစ်ယောက် တစ်ပေါက်ပြောသံကြားရပြီး ကန့်လန့်ကာ ကျလာသည်။ ဇာတ်အဖွဲ့သားများ ရုတ်ရုတ်သဲသဲဖြစ်သွားကြသည်။ ကျွန်တော်သည်း စိတ်ဝင်စားလွန်း၍ ဇာတ်စင်ပေါ် တက်လိုက်သွားမိသည်။ ကျွန်တော် ဇာတ်စင်ပေါ် အရောက်တွင် တစ်ယောက်တစ်မျိုး ထင်ရာမြင်ရာ ပြောနေကြသည်။

"ဒီမှာ အထုပ်တစ်ထုပ်ပါလား"

"မင်းသမီး ကျင်သန်းက ဘာဖြစ်သွားလဲ မသိဘူး"

"ဇာတ်ဆရာ ဦးပါကို ခေါ်ကြပါဦး"

လူရွှင်တော် လိပ်ပူး၏ မွန်သံဝဲဝဲ အသံကို ကြားလိုက်ရသည်။ မကြာမီ ကျွန်တော့်အဖေ ရောက်လာသည်။

"ကျင်သန်း ဘယ်လိုဖြစ်တာလဲ"

"ကနေလျက်က လဲကျသွားတာ။ အောက်က ပစ်လိုက်တဲ့ ဟောဒီ



အထုပ် သူ့ရင်ဘတ်ကို ထိပြီး ခုလိုဖြစ်သွားတာ။ ဒီအထုပ်ပါ ဇာတ်ဆရာ"

မင်းသားက အဖေ့ကို ပြောရင်း အထုပ်ကို ကမ်းပေးလိုက်သည်။ မင်းသားပေးသော အထုပ်ကို အဖေက ဖွင့်ကြည့်လိုက်သည်။ မိန်းကလေး လက်ကိုင်ပဝါဖြင့် ထုပ်ထားသော ဆန်ထုပ်ဖြစ်နေသည်။ ဆန်စေ့များကို နနွင်းဖြင့် သုတ်လိမ်းထားပုံရသည်။ ဆန်စေ့ အဝါများကို လက်တစ်ဆုပ်စာခန့် တွေ့ရသည်။ အဖေက ဆန်ထုပ်ကိုင်ထားရင်း မင်းသမီးကို မေးလိုက်သည်။

"ကျင်သန်း···စကားပြောနိုင်တယ်မဟုတ်လား။ ဘယ်လိုဖြစ်ပြီး လဲကျသွားရတာလဲ။ အခု ဘယ်လိုခံစားနေရလဲ"

"အဲဒီ ဆန်ထုပ်နဲ့ ဇာတ်စင်အောက်က ပစ်တာ ခံလိုက်ရတယ်။ ရင်ထဲမှာ အေးစိမ့်နေပြီး တလုပ်လုပ်ဖြစ်နေတယ်။ အရမ်းလည်း ချမ်းနေတယ်။ အဖေပါ ကျွန်မကို ကယ်ပါဦး"

မင်းသမီးက အဖေ့ကို အဖေပါဟုသာ ခေါ်လေ့ရှိသည်။

"ကဲ···ဒီအတိုင်းကြည့်နေလို့ မဖြစ်ဘူး။ ကျင်သန်းကို ရွာသူကြီးအိမ်ကို ခေါ်သွားကြ။ ကျန်တဲ့ မင်းသားမင်းသမီးတွေက နှစ်ပါးခွင်ကို ဆက်ထိန်းထား။ ပရိသတ် မရိပ်မိစေနဲ့။ မဆူစေနဲ့။ ကဲ···စကြတော့"

အဖေ့စကားအဆုံးတွင် မင်းသမီး ရွှေမြိုင် ကျင်သန်းကို ရွာသူကြီးအိမ်သို့ တွဲခေါ်သွားကြသည်။ သူကြီးအိမ်သို့ ရောက်ရောက်ချင်းပင် အဖေက အဝါရောင် ဆန်ထုပ်ကို ပြပြီး အဖြစ်အပျက်ကို ပြောလိုက်သည်။

"အခု သူကြီးမြင်တဲ့အတိုင်းပဲ။ ဒီအထုပ်နဲ့ ဇာတ်စင်အောက်က ပစ်လိုက်တာ။ မင်းသမီးက တဟီးဟီးနဲ့ အဖျားတက်သလို ခံစားနေရတယ်။ မကာနိုင်တော့ဘူး။ ဘယ်လိုဖြစ်တာလဲ။ ဒီည နောက်ပိုင်း ဇာတ်ထုပ်က သူ့ဇာတ်ဖြစ်နေတယ်။ ကြေညာထားပြီးသားဖြစ်နေတယ်။ မကာနိုင်ရင် ဒုက္ခဖြစ်တော့မယ်။ ကျွန်တော်တို့နာမည် အပျက်မခံနိုင်ဘူး"

သူကြီးက မင်းသမီးကို ကြည့်လိုက်၊ ဆန်ထုပ်ကို ကြည့်လိုက်နှင့် ရှိနေသည်။

"တောက်··· ဒီရွာက လူတွေ ဒီလောက် သတိပေးထားရက်နဲ့ ပညာစမ်းလိုက်ကြပြန်ပြီ။ ဒီအထုပ်နဲ့ ပစ်တဲ့သူကို သိရင် သူ့ပညာ သူ့ကို ပြန်နှုတ်ခိုင်းရမယ်။ ခဏလေးနဲ့ ပျောက်သွားမှာ။ ပစ်တဲ့သူကို မသိလည်း ကိစ္စမရှိပါဘူး။ ဒါပေမယ့် ပစ်တဲ့သူကို သိတော့ ပိုကောင်းတာပေါ့။ ဒီအထုပ်နဲ့ ပစ်တဲ့သူကို သိရင် သိပ်ကောင်းမယ်"

သူကြီးက သူ့အိမ်ပေါ် ရောက်နေကြသော ဇာတ်အဖွဲ့သားများကို မေးလိုက်သည်။ ထိုစဉ် ကျွန်တော်က အဖေ့နားကပ်ပြီး တိုးတိုးလေး ပြောလိုက်သည်။

"ဒီအထုပ်နဲ့ ပစ်ပေါက်တဲ့သူကို





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သိတယ် အဖေ"

အဖေ့ကို ကျွန်တော်က တိုးတိုးလေး ပြောလိုက်သော်လည်း ကျွန်တော့်အသံကို သူကြီးက ကြားသွားပါသည်။

"ဒီဆန်ထုပ်နဲ့ ပေါက်တဲ့သူကို ကလေး တွေ့လိုက်တယ်ဆို။ ဘယ်သူလဲ၊ မြန်မြန်ပြောစမ်း။ ဒါမှ မင်းသမီး ခံစားနေရတာတွေ မြန်မြန်သက်သာသွားမှာ"

"ဆန်ထုပ်နဲ့ ပစ်လိုက်တဲ့သူက ဒီအိမ်က မမပါပဲ။ အင်္ကျီ-ထဘီ အနီရောင်ဆင်တူဝတ်ထားတယ်။ ကျွန်တော့်ဘေးနားကနေ ပေါက်လိုက်တာ ကျွန်တော် ကောင်းကောင်းမှတ်မိပါတယ်"

ကျွန်တော့်စကားပင် မဆုံးလိုက်ရပါ။ သူကြီးက...

"ကဲ...ကောင်းရောကွာ။ သားကြီး...မင်းညီမကို ခုချက်ချင်းသွားခေါ်ခဲ့စမ်း။ အနီရောင်ဝမ်းဆက်ဝတ်ထားတယ်တဲ့"

သူကြီးက အနီးတွင် ရှိနေသော သူ့သားကြီးကို ခိုင်းလိုက်သည်။

"ဟုတ်ကဲ့ အဖေ"ဟု ဆိုကာ အိမ်အောက်သို့ ဆင်းသွားသည်။

မကြာမီ အနီရောင်ဝမ်းဆက်ဝတ်ထားသော သူ့ညီမကို လက်ဆွဲပြီး ပြန်တက်လာသည်။

"ဒီမှာ အဖေ့သမီး၊ သားခေါ်လာပြီ"

"ဒီဆန်ထုပ်နဲ့ မင်းသမီးကို ပေါက်ပြီး ပညာစမ်းလိုက်တယ်ဆို။ နင်လုပ်တာကို တွေ့တဲ့သူက တွေ့ခဲ့တယ်"

သူကြီးက ဆန်ထုပ်ကို ပြရင်း သူ့သမီးကို ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ သမီးလုပ်တာပါ"

"နင် ဘာရည်ရွယ်ချက်နဲ့ အခုလို လုပ်ရတာလဲ။ ဒီဇာတ်အဖွဲ့ကို ကြည့်ချင်လှချည်ရဲ့လို့ ဆိုကြလို့ မော်လမြိုင်အထိသွားပြီး ငှားခဲ့ရတာ။ ငါလုပ်လိုက်ရ သေတော့မယ်"

သူကြီးက သူ့သမီးကို ရိုက်ပုတ်မည် တပြင်ပြင်လုပ်နေသည်။ ကျွန်တော့်အဖေတို့က ဝိုင်းဆွဲထားရသည်။

"ကဲ... နင်ပြထားတဲ့ ပညာကို နင် ပြန်နုတ်ပေး။ ဒီည မင်းသမီး နောက်ပိုင်းဇာတ်ထုပ် မကနိုင်လို့ကတော့ နင် သေပြီသာမှတ်"

"သမီး သိပါပြီ။ သမီးလုပ်ထားတဲ့ ကိစ္စ သမီး ဖြေရှင်းပေးပါ့မယ်။ ခဏလေး စောင့်ပါ"

ပြောပြောဆိုဆို သူကြီးသမီးက သူ့အိပ်ခန်းထဲသို့ ဝင်သွားပြီး မကြာမီ ပြန်ထွက်လာသည်။ စက္ကူဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ပါလာသည်။ ထိုအထုပ်ကို ဖြည်လိုက်သောအခါ အညိုရောင် ဆေးမှုန့်များကို တွေ့ရသည်။

သူကြီးသမီးက ဆေးထုပ်ကို အဖေ့လက်ထဲသို့ ထည့်ပေးသည်။

"ဒီဆေးမှုန့်တွေကို ရေနဲ့ ဖျော်ပြီး မင်းသမီးကို တိုက်လိုက်ပါ။ ဝမ်းနှစ်ခါလောက်သွားပြီးရင် ကောင်းသွားမှာပါ။ ဝမ်းသွားရင် ထူးခြားတာ တစ်ခုခုကို တွေ့ရပါလိမ့်မယ်"

"ဖြစ်ပါ့မလား သူကြီး။ ဒီထက် ပိုဆိုးလာရင် ဘယ်လိုလုပ်မလဲ"

"ကျုပ်သမီးအကြောင်း ကျုပ်သိတယ်။ ကျုပ် တာဝန်ယူတယ်။ သူပြောတဲ့အတိုင်းသာ လုပ်လိုက်ပါ"

သူကြီးက သူ တာဝန်ယူသည်ဆို၍ ဆေးမှုန့်များကို ရေနှင့် ဖျော်ပြီး မင်းသမီးကို တိုက်လိုက်သည်။ တပြီးပြီးနှင့် ချမ်းတုန်နေသည့်ကြားမှ မင်းသမီးက မဝံ့မရဲဖြင့် ဆေးကို သောက်ချလိုက်သည်။ သူကြီးက သူ့သမီးကို ဆူပူကြိမ်းမောင်းနေသည်။

"နင်...ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ"

"သမီး သူ့ကို လုပ်ဖို့ မရည်ရွယ်ပါဘူး"

"ဒါဖြင့် ဘယ်သူ့ကို လုပ်ချင်တာလဲ"

"မင်းသားကို လုပ်ချင်တာ"

"ဘာဖြစ်လို့ မင်းသားကို လုပ်ချင်ရတာလဲ"

"ဇာတ်စင်ပေါ်မှာ မင်းသမီးနဲ့ ပလူးပလဲလုပ်နေလိုက်တာ၊ သူ့မယား ကျနေတာပဲ။ စိတ်ထဲက မကျေနပ်တာနဲ့ မင်းသားကို ပစ်လိုက်တာ။ ဒါပေမယ့် မင်းသားကို မထိဘဲ မင်းသမီး မတော်တဆထိသွားတာ"

"ငါလုပ်လိုက်ရ သေတော့မှာပဲ။ နင် ဒီမှာပဲ စောင့်နေ၊ ဘယ်မှမသွားနဲ့"

ကျန်သူများက မင်းသမီး... စောင့်ကြည့်နေကြသည်။

"ကဲ...ကဲ၊ ကျန်တဲ့သူတွေ အောက်ဆင်းလို့ ရပြီ၊ ဇာတ်ဆရာ... နေခဲ့ပါဦး"

သူကြီးအပြောကြောင့် ဇာတ်... သားများ အိမ်အောက်သို့ ဆင်းသွား... သည်။ အိမ်ပေါ်တွင် သူကြီးနှင့် သူ့သမီး... အဖေနှင့် ကျွန်တော်တို့သာ ကျန်... သည်။ မင်းသမီးက...

"မောင်လေး...ဒီအနား... အစ်မ ကြောက်လိုက်တာ"

ဟု ဆိုကာ ကျွန်တော့်ကို... ထားလိုက်သည်။ ပြီးတော့ အဖေ... ကိုလည်း လှမ်းဆွဲထားလိုက်ပါ... သည်။

မကြာမီ မင်းသမီး ဝမ်း... သည်ဆို၍ ရေအိမ်သို့ ...



www.burmeseclassic.com

www.burmeseclassic.com

ထိုက်ပို့ပေးရသည်။ ရေအိမ်မှ ပြန်အထွက်တွင် စောစောက နိုက်နိုက်တုန် ချမ်းနေသူမှာ ချွေးများပင် ထွက်လာသည်ကို သတိထားမိလိုက်သည်။ ထူးဆန်းသောအဖြစ်မို့ အဖေက အလောတကြီးနှင့် မေးလိုက်သည်။

"နင် ဝမ်းသွားတာ ဘာတွေ ထူးခြားလဲ"

"ဘာမှထူးခြားတာ မတွေ့မိပါဘူး။ ရိုးရိုးဝမ်းသွားသလိုပါပဲ။ ဒါပေမယ့် ချမ်းတုန်နေတာတော့ သိသိသာသာ သက်သာလာတယ်။ ချွေးတွေတောင် ထွက်လာတယ်။ ထူးဆန်းလိုက်တာ"

နောက် ၁၀မိနစ်ခန့်အကြာတွင် မင်းသမီး ဝမ်းတစ်ကြိမ်သွားပြန်ပါသည်။ ရေအိမ်မှ ပြန်ထွက်လာပြီးသည်နှင့် အဖေ့ခြေထောက်ကို ပြေးဖက်လိုက်ပါသည်။

"ကျွန်မ ကြောက်လိုက်တာ။ အခုလို အဖြစ်မျိုး တစ်ခါမှ မကြုံဖူးသေးဘူး"

"ပြောစမ်းပါ။ ဝမ်းသွားတာ ဘာတွေ ထူးခြားတာ တွေ့လဲ"

"မရှိမသေပြောပါ့မယ်။ ဝမ်းသွားတော့ ဆံပင်ချည် တစ်ထွေးကြီး ပါလာတယ်"

"ဘာ···ဆံပင်ချည်တွေ ဟုတ်လား။ ထူးဆန်းလိုက်တာ။ အခုရော နင် ဘယ်လိုနေသေးလဲ"

"မြင်တဲ့အတိုင်းပဲ။ မချမ်းမတုန်တော့ဘူး။ ချွေးစေးတွေလည်း မထွက်တော့ဘူး။ ကျွန်မ နဂိုအတိုင်း ပြန်ကောင်းသွားပါပြီ"

"ကျင်သန်းရေ···ငါ့အထင်ပြောရင် ဒီရွာက လူတွေ အောက်လမ်းပညာတတ်ကြတယ်ထင်တယ်။ သူကြီးသမီးက နင် မင်းသားနဲ့ နှစ်ပါးခွင်သတာကို မနာလိုဖြစ်ပြီး ပညာစမ်း



လိုက်တာဖြစ်မယ်"

"ကျွန်မလည်း ဒီလိုပဲ ထင်မိတယ်။ နောက်ဆို ဒီလို ဝေးလံပြီး သီးခြားဆန်လွန်းတဲ့ အခုလို ရွာမျိုးဆိုရင် ပွဲခွင် လက်မခံပါနဲ့တော့။ အဖေတို့ စဉ်းစားသင့်တယ်"

"အေးပါ။ နင့်အဖြစ်ကို ကြည့်ပြီး ငါ သင်ခန်းစာရခဲ့ပါပြီ။ ကြိုက်ဈေးရလို့ လိုက်လာမိတာပါ"

မင်းသမီးက ကျွန်တော့်ပခုံးကို ဖက်ထားလျက်က ကျေးဇူးတင်စကား ဆိုသည်။

"မောင်လေးကို ကျေးဇူးတင်တယ်။ မောင်လေး တွေ့ခဲ့ပေလို့ပေါ့။ မောင်လေးသာ မတွေ့ခဲ့ဘူးဆိုရင် ဘယ်လောက်ကြာကြာ ဒုက္ခဖြစ်နေဦးမယ်မသိဘူး"

အဖေက သူကြီးဘက်သို့ လှည့်၍ ပြောလိုက်သည်။

"ကဲ···သူကြီး၊ သမီးကိုလည်း ရိုက်နှက်မနေပါနဲ့တော့။ မင်းသမီး ပြန်ကောင်းသွားပြီပဲ။ နောက်ပိုင်း ဇာတ်ထုပ်ကဖို့ အချိန်မီလို့ တော်သေးတယ်။ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"စိတ်ချ ဇာတ်ဆရာ။ နောက်ညမှာ အခုလို မဖြစ်စေရတော့ပါဘူး။ အားနာဖို့ ကောင်းလိုက်တာ။ သမီးကို ထပ်ပြီး ဆုံးမပါဦးမယ်"

ကျွန်တော်တို့ ဇာတ်စင်သို့ ပြန်ရောက်ချိန်သည် နောက်ပိုင်း ဇာတ်ထုပ်ကပြရတော့မည့်အချိန်ဖြစ်သေသည်။ မီးရှံသာ ရှိသည်။

မင်းသမီး ရွှေမြိုင် ကျင်သန်းကို အားလုံးက ဝမ်းသာအားရ ကြိုဆိုနေကြသည်။ ကျွန်တော့်ကြောင့် မင်းသမီး ပြန်ကောင်းလာသည်ဟု ဆိုကာ ကျွန်တော့်ကိုလည်း ဝိုင်းပြီး ဖက်ထားလိုက်ကြပါသည်။

◈◈◈

"မောင်လေး···မှတ်မိပြီမဟုတ်လား"

"ကျွန်တော် မှတ်မိပါပြီ"

"အဲဒီညက ဆန်ထုပ်နဲ့ ပစ်တဲ့သူကို မောင်လေးသာ မတွေ့ခဲ့ရင် အစ်မ ဘယ်လိုဖြစ်သွားမလဲဆိုတာ မတွေးဝံ့အောင်ပါပဲ။ တရားခံကို မောင်လေး တွေ့ခဲ့လို့ ပြန်ကောင်းလာတာ။ မောင်လေးဟာ အစ်မရဲ့ အသက်သခင် ကျေးဇူးရှင်လို့ ပြောလို့ရပါတယ်။ ဒါနဲ့ မောင်လေး အခု ဘယ်မှာနေလဲ။ ဘာအလုပ်အကိုင်လုပ်နေလဲ"

"သာကေတမှာ နေပါတယ်။ တနင်္ဂနွေနေ့တိုင်း ဘုရားလာပြီး ပုတီးစိပ်နေကျပါ။ အစ်မရော ဘယ်မှာနေလဲ။ ဘာလုပ်နေလဲ"

"အစ်မက မိုးကုတ်မှာ နေတယ်။ အခု ရန်ကုန်ကို ဆင်းလာတာက အိမ်ဝယ်ဖို့ လာခဲ့တာ။ အိမ်ဝယ်ပြီးရင် ရန်ကုန်မှာ အမြဲတမ်း နေတော့မှာ"

"မိုးကုတ်မှာ နေတာဆိုတော့ အစ်မက ကျောက်သူဌေးပေါ့။ ဒါ

မဟုတ် ဇာတ်မကတော့ဘဲ ကျောက်ကုန်သည်လုပ်နေတာလား"

"သူဌေးဆိုတာထက် သူဌေးကတော်ဆိုရင် ပိုပြီးမှန်မယ်။ အစ်မယောက်ျားက မိုးကုတ်က သူဌေးတစ်ဦးပါ။ ဇာတ်သဘင်တွေ မှေးမှိန်စပြုလာပြီးတဲ့နောက်ပိုင်း ကြီးတော်တွေရှိတဲ့ မန္တလေးမှာ ပြန်နေခဲ့တယ်။ မန္တလေးမှာ နေရင်း အခု ယောက်ျားနဲ့ အိမ်ထောင်ကျခဲ့တာ။ မောင်လေးရော အိမ်ထောင်ကျနေပြီလား။ စီးပွားရေးရော ဘာလုပ်လဲ။ ဝန်ထမ်းလား"

"ကျွန်တော် အိမ်ထောင်ကျနေပါပြီ။ ဝန်ထမ်းတစ်ဦးပါ။ ကဗျာတွေ၊ ဝတ္ထုတွေလည်း ရေးပါတယ်"

"ဒါဆို မောင်လေးက ကဗျာဆရာ၊ စာရေးဆရာပေါ့"

"ဆရာအဆင့်တော့ မဟုတ်သေးပါဘူး။ ရေးသူအဆင့်ပဲ ရှိပါသေးတယ်"

"စာရေးတော့ ဘာ ကလောင်အမည်နဲ့ ရေးတာလဲ"

"မောင်မောင်မိုးအောင် ဆိုတဲ့ ကလောင်အမည်နဲ့ ရေးပါတယ်"

"ဟာ···မောင်မောင်မိုးအောင်၊ ဟုတ်လား။ အစ်မက စာဖတ် ဝါသနာပါတော့ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ တော်တော်ဖတ်ဖြစ်တယ်။ မောင်မောင်မိုးအောင်ဆိုတဲ့ နာမည်နဲ့ စာတွေကို မကြာခဏ ဖတ်မိပါတယ်။ မောင်လေးရေးတဲ့ ဂန္တီရ ဝတ္ထုတွေကို ကြိုက်ပါတယ်။ မောင်လေးက စာရေးဆရာဖြစ်နေတာကိုး။ ဖြစ်သင့်ပါတယ်လေ။ အဖေပါ့သွေးပဲဟာ။ အဖေဖြစ်သူက ဇာတ်ထုပ်တွေ ရေးတယ်။ ပြဇာတ်တွေရေးတယ်။ စီစဉ်ညွှန်ကြားသူ လုပ်တယ်။ သားက ဒီလောက်တော့ ရှိမှာပေါ့။ အစ်မ ဝမ်းသာလိုက်တာ။ မောင်လေးရဲ့ အိမ်လိပ်စာလည်း ပေးခဲ့



ပါဦး။ မောင်လေးတို့ မိသားစုဆီ လာလည်ချင်လို့ပါ"

အစ်မက လက်ကိုင်အိတ်အတွင်းမှ မှတ်စုစာအုပ်သေးသေးတစ်အုပ်ကို ထုတ်ပေးသည်။ မှတ်စုစာအုပ်တွင် ကျွန်တော့်လိပ်စာကို ရေးပေးလိုက်သည်။ အစ်မက စိတ်ဝင်တစား ဖတ်ကြည့်နေသည်။ မှတ်စုစာအုပ်ကို လက်ကိုင်အိတ်အတွင်းသို့ ပြန်ထည့်လိုက်ပြီးနောက် ငွေစက္ကူများကို ထုတ်ယူလိုက်သည်။

"ရော့···မောင်လေး၊ ယူထားလိုက်ပါ။ အဖေပါအတွက် ရည်စူးပြီး ကောင်းမှုတစ်ခုခုလုပ်ပေးပါ"

"ဟာ···မဟုတ်တာ အစ်မရယ်။ မယူပါရစေနဲ့"

"ယူထားလိုက်ပါ မောင်လေးရယ်။ အဖေပါနဲ့ မောင်လေးတို့ဟာ အစ်မရဲ့ဘဝမှာ အရင်းနှီးရဆုံးသူတွေပါ။ ကျေးဇူးရှင်တွေလည်း ဖြစ်ကြတယ်။ ရန်ကုန်မှာ အခြေကျပြီးရင် မော်လ[...] ကို သွားပြီး မောင်လေးတို့ သား[...] ရှာမယ်လို့ စိတ်ကူးထားပြီးသား[...] တော့ တတ်နိုင်သမျှ ကျေးဇူး[...] ရည်ရွယ်ထားခဲ့တယ်။ အခု မ[...] ဘဲ မောင်လေးနဲ့ ဒီဘုရားပေါ်မှာ [...] တယ်။ အစ်မ ဖြစ်ချင်တဲ့ ဆ[...] ပြည့်ခဲ့ပြီလေ။ အခုလောက် ငွေ[...] နဲ့ ကျေးဇူးဆပ်ရာ မရောက်သေး[...] ရော့···ယူလိုက်ပါ"

ကျွန်တော် အတန်တန်ငြ[...] သည့်ကြားမှပင် အစ်မက ကျွန်[...] လက်ထဲသို့ အတင်းပင် ထည့်[...] သည်။ ငွေစက္ကူများကို ကျွန်[...] ကြည့်လိုက်မိသည်။ တစ်ထောင်[...] ငွေစက္ကူသုံးအုပ်ကို တွေ့လိုက်ရ[...] အစ်မက သူ့အိတ်ထဲ ပါလာသ[...] ကျွန်တော့်ကို ပေးလိုက်ဟန်တူ[...]

"လိပ်စာလည်း သိရပြီပဲ။ [...] လေးတို့ဆီကို အစ်မ လာခဲ့ပါဦး[...] မောင်လေးကို တွေ့ရတော့ အ[...] သတိရလိုက်တာ။ တကယ့်သမီး[...] လို စောင့်ရှောက်ပြီး ဇာတ်သဘင်[...] တွေကို သင်ပေးခဲ့တာ။ အော[...] ကားစောင့်နေလို့ သွားတော့မယ်[...]"

အစ်မက ကျွန်တော့်[...] အသာဖက်၍ နှုတ်ဆက်စကား[...] သည်။

ထိုအခိုက် ကျွန်တော့်[...] တစ်စုံတစ်ခုသော ဝေဒနာကို [...] လိုက်ရ၍ အစ်မကို စကားပြန်[...] နိုင်ဘဲ အစ်မမျက်နှာကိုသာ ကြ[...] မိသည်။ အစ်မ၏ မျက်ဝန်း[...] မျက်ရည်များ ရစ်ဝဲလျက် ရှိနေ[...] တွေ့လိုက်ရပါသည်။

□



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ခြောက်ဘက် တောင်ကုန်း တောင်တန်းတွေနားမှာ "စကား(စ်)ဘီ" ရွာလေးရှိသည်။ ကြီးမားသော တောင်ကုန်းတစ်ခု၏ ခြေရင်းမှာ ဖြစ်သည်။

အဂ္ဂါ၊ မေရီနှင့် မစ္စတာ ဘလက်တို့သည် ရွာလေး၏ ဒုက္ခကို ကယ်တင်ရန် ရောက်လာကြသည်။

"စကား(စ်)ဘီရွာလေးက ကျိန်စာသင့်နေတာကွယ်။ ကြည့်စမ်း။ ရွာ ရိပ်ဝန်းကျင်မှာ ဘာပင်မှကို မရှိဘူး"

မစ္စတာ ဘလက်စကားကြောင့် သူတို့အားလုံး ရွာလေးအတွက် စိတ်မကောင်းဖြစ်ကြရသည်။ တောင်ကုန်းပေါ်မှ ဆင်းလာကြပြီး စမ်းချောင်းလေးအတိုင်း သူတို့ လျှောက်လာကြသည်။ စမ်းချောင်းဝဲယာရှိ လယ်တော၊ ယာတောအားလုံးမှာလည်း စိုက်ပျိုးထားသည့် အပင်က နတ္ထိ။ သူတို့အနီးက နောက်ထပ် တွေ့မြင်ရသည့် ယာမြေက သာ၍ပင် ဆိုးဝါးလှသည်။ ကျွဲ နွားအသေကောင်တွေက ရောမ အပုံကြီးတစ်ခုဖြစ်နေသည်။

တဖြည်းဖြည်း ရွာနှင့် နီးလာသည်။ လေးစားဖွယ်ရာ မုတ်ဆိတ်ဖြူ လူကြီးတစ်ယောက် သူတို့ကို သုတ်သီး သုတ်ပျာနှင့် လာရောက်ကြိုဆိုသည်။ သူ့နောက်မှာ ရွာသားတချို့ပါလာသည်။

"မစ္စတာ ဘလက်လားဗျို့။ ကျုပ်က ဒေါက်တာ ဟော့ကင်းပါ"

"ဟုတ်ပါတယ်။ ဒေါက်တာရဲ့ သတင်းစကားရရချင်း ကျွန်တော်ထွက်လာခဲ့တာပါ။ ကဲ··· ကျိန်စာသင့်ပုံလေး ရှင်းပြပါ ဒေါက်တာ"

"နှစ်ပရိစ္ဆေဒ ကြာလုပါပြီဗျာ။ ကျုပ်တို့ တစ်ရွာလုံးက ကြောက်နေကြရတဲ့ အဘွားအိုကြီးတစ်ယောက်ရှိတယ်ဗျ။ ကျောက်စုန်းမကြီးလို့ အားလုံးက ခေါ်ကြတယ်။ ဟိုအပေါ်က ကျောက်ဂူကြီးထဲမှာ နေတယ်"

သူတို့နောက်ဘက်က ဆင်ခြေလျှော ကျောက်တန်းကို သူက လက်ညှိုးထိုး၍ ရှင်းပြသည်။ ရွာသားတချို့က အဝေးကို ငေးမောကြည့်နေကြသည်။ တချို့ကမူ စုန်းမကြီးကို မကျေမနပ်ဖြစ်ပြီး ဆဲရေးတိုင်းထွာကြသည်။ ဒေါသတကြီးပြောသူက ပြောကြသည်။

"စုန်းမကြီးရဲ့ ဂူကို ပြပါဦး"

"ဟုတ်ကဲ့ မစ္စတာ ဘလက်၊ ကျွန်တော့်နောက် လိုက်ခဲ့ပါ"

ဒေါက်တာ ဟော့ကင်းက ဦးဆောင်ခေါ်သွားရာ မစ္စတာ ဘလက်၊ အဂ္ဂါနှင့် မေရီတို့သည် ဆင်ခြေလျှော ကုန်းတန်းအတိုင်း တက်ခဲ့ကြသည်။ ရွာသားတွေပါ သူတို့နှင့် ပါလာကြသည်။

◈◈◈

လမ်းလျှောက်သွားကြရင်း ဒေါက်တာ ဟော့ကင်းက ဇာတ်စုံခင်းပြသည်။

"သူ့စကား နားမထောင်သူတွေကို ကျောက်တုံး စုန်းမကြီးက ကြောက်စရာ ကျိန်စာတွေ တိုက်ခဲ့တယ်။ စက်ဆုပ်ရွံရှာဖွယ် ညစ်ပတ်နည်းတွေသုံးပြီး လူတွေကို သေအောင် ပြုစားတယ်။ သူ့အသက်က ခေါင်ခိုက်နေပြီ။ ဒီမှာရှိတဲ့ လူတွေထက် သူက အသက်ကြီးတယ်။ ဘယ်သူမှ သူ့ အသက်မှန်ကို မပြောနိုင်ကြတော့ဘူး"

ဒေါက်တာက သူ့စကားကို ဆက်ပြန်သည်။

"တစ်နေ့မှာ သူနေတဲ့ ဂူကနေ အောက်ကို ဆင်းလာပြီး ရွာထဲရောက်လာတယ်။ တစ်ရွာလုံးကို ခေါ်ပြီး လမ်းပေါ်မှာ သူသေခါနီးတဲ့အကြောင်း ပြောပြတယ်။ ဘယ်သူမှ ဝမ်းမနည်းကြပါ ဘူး။ သူ့ဂူကြီးကို သင်္ချိုင်းဂူဖြစ်အောင် ကျုပ်တို့ကို ခိုင်းတယ်။ ကျောက်ပြား တစ်ချပ်နဲ့ ဂူဝကို ပိတ်ရမယ်။ တစ် တစ်ခါ ဂူထဲကို အစားအသောက် ပို့ပေးခိုင်းတယ်"

ဒေါက်တာက မချိပြုံးနှင့် ပေါ်အောင် ပြုံးရင်း စကားဆက်သည်။

"သူမှာတဲ့အတိုင်း မလုပ် ကျုပ်တို့တစ်ရွာလုံး ကျိန်စာသင့် ဆိုပြီး ကျိန်စာတိုက်ခဲ့တယ်။ ကျ မြေတွေ ယာတွေမှာ ဘာပင်မှ စိုက် ပျိုးလို့ မရတော့ဘူး။ ကျွဲတွေ၊ နွား သေကုန်တော့မယ်။ လူတွေလည်း အစာရေစာ ငတ်မွတ်ကြတော့မယ်"

"အခု အဲဒီလို ကပ်ဆိုး ဆိုက်ပြီလား"

"ဟုတ်ကဲ့၊ မစ္စတာ ဘလ လယ်ခင်းတွေ၊ ယာခင်းတွေ စိုက် ကောကုန်ပြီ။ ကျွဲတွေ၊ နွားတွေ သေကုန်ကြပြီ"

"ဒါနဲ့ ဒေါက်တာတို့က စကား နားထောင်ကုန်းပဲ မဟုတ်

"ဟုတ်ကဲ့၊ ကြောက် တော့ သူခိုင်းတာ လုပ်နေရတာပဲ တာ ဘလက်။ အခု သူနေတဲ့ သင်္ချိုင်းဂူဖြစ်သွားပြီ။ လတိုင်း စားစရာတွေ သွားပို့ပေးတယ်။ ကြီးမှာတဲ့အတိုင်း ကျုပ်တို့ တစ် လုပ်ပေးနေတာ ခုနစ်နှစ်တောင် ပြီ မစ္စတာ ဘလက်"

"ခုနစ်နှစ်···ဟုတ်လား"

မစ္စတာ ဘလက်က ရှုတ်ဆိုပြီး ညည်းလိုက်သည်။

"ဒီအတိုင်းဆိုရင် ကျ တကယ့်ဒုက္ခဆိုးကြီးရောက်တော

လမ်းလျှောက်နေရာ တာ ဟော့ကင်း ရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

မားသည့် ကျောက်ဆောင်တချို့ကို မှီပြီး ကျောက်ချပ်ပြားသေးသေးတစ်ချပ်နှင့် ပိတ်ဆို့ထားသည်။

"ဒီဂူပဲ ဆရာ။ ပိတ်ထားတဲ့ ကျောက်ချပ်နောက်က စုန်းမကြီးရဲ့ ဂူပေါ့"

"ဒေါက်တာတို့အတွက် သတင်းဆိုးပေါ့ဗျာ။ စုန်းပညာရင့်ကျက်လာတဲ့ စုန်းမတွေဟာ မရဏဆိုတဲ့ သေခြင်းတရားကိုတောင် လှည့်ဖြားနိုင်တယ်။ မသေခင် စုန်းကဝေ၊ မှော်ပညာတွေကို တစ်စုံတစ်ရာထဲမှာ မြှုပ်နှံထားခဲ့ကြတယ်။ သူတို့က ခုနစ်နှစ်လုံးလုံး အသေကောင်လို နေတယ်။ အဲဒီနောက် သူတို့ရဲ့ စုန်းအတတ်ပညာတွေ ထက်မြက်အားရှိလာပြီး တခြားလူတွေရဲ့အသက်နဲ့ သူတို့ဘဝကို ရှည်အောင် စလုပ်တယ်။ လူသစ်၊ စိတ်သစ်၊ ပုံစံသစ်နဲ့ စုန်းမကြီး လူ့လောကကို ပြန်လာတယ်။ အဲဒီလို ပြန်လာတဲ့ စုန်းမကြီးဟာ အရင်ကထက် ပြုစားတဲ့ ပညာတွေ ပိုကြွယ်ဝ တတ်မြောက်လာတယ်။

ရွာသားတွေ ထိတ်ထိတ်ပျာပျာ ဖြစ်လာကြသည်။ ဒေါက်တာ ဟော့ကင်း၏ မျက်နှာပင်လျှင် ဖြူရော်မှေးမှိန်လာသည်။

"ကျုပ်တို့ ဘာလုပ်ကြမလဲ"

သူ့အမေးကို မစ္စတာ ဘလက်က တုံ့ပြန်ဖြေဆိုသည်။

"ခင်ဗျားတို့ လက်ပိုက်ကြည့်နေရင် သူက ခင်ဗျားတို့ကို ပြုစားမယ်။ သူက ကြာလေ စုန်းပညာရင့်ကျက်သူဖြစ်လေပေါ့။ မကြာခင် ဘဝအသစ်နဲ့ သူ ပြန်ရှင်လာမယ်။ သူ့သင်္ချိုင်းဂူကိုလည်း သူကိုယ်တိုင်ဖွင့်ထွက်လာနိုင်တော့မယ်။ ဒီတော့ ခင်ဗျားတို့မှာ ရွေးစရာ နှစ်ခုပဲ ရှိတယ်။ ဘာမှမလုပ်ဘဲ သူပြန်လာတာကို လက်ခံကြမလား။ ဒါမှမဟုတ် ကျုပ်ကို အခု သူ့ဂူဖွင့်ဖို့ ခွင့်ပြုမလားပေါ့။ ကျုပ်ကို ခွင့်ပြုရင် သူ့လုပ်ရပ်တွေ ရပ်သွားအောင် ကျုပ်ကြိုးစားတော့မယ်"

လူတစ်စုအော်သံ ပေါ်လာသည်။

"သူ့ကို သတ်ပစ်"

"စုန်းမကြီး ပြန်အသက်ရှင်မလာစေချင်ဘူးဗျာ။ ခုချက်ချင်းပဲ ဒီအဖြစ်ဆိုးကြီးကို ရပ်သွားအောင် လုပ်ပါတော့ မစ္စတာ ဘလက်"

ဒေါက်တာ ဟော့ကင်း၏ တိုက်တွန်းချက်ကို မစ္စတာ ဘလက်က လက်ခံသည်။

"ကောင်းပြီ၊ အဲ…တစ်ခုတော့ သတိပေးမယ်နော်။ သူ့သင်္ချိုင်းဂူမှာ ကျိန်စာတိုက်ထားတယ်။ ကျုပ် သူ့ဂူကို ဖွင့်လိုက်တာနဲ့ ကျိန်စာ အသက်ဝင်မှာပဲ။ ဘာဖြစ်မယ်ဆိုတာတော့ မပြောတတ်ဘူး။ သေချာတာကတော့ ကျိန်စာက ထိတ်လန့်တုန်လှုပ်ဖွယ် ဖြစ်မယ်ဆိုတာတော့ ကေန်ပဲ။ ကဲ… အခု ဟောဒီဂူကို ပိတ်ထားတဲ့ ကျောက်ချပ်ကို ဖွင့်ဖို့ လူလိုတယ်"

တစ်ဦးတစ်ယောက်မျှ တုတ်တုတ်မလှုပ်ကြ။

စုန်းမကြီး၏ သင်္ချိုင်းဂူကို ဖွင့်ရာမှာ ကူညီမည့်သူ လုံးဝ မပေါ်ခဲ့ချေ။

မစ္စတာ ဘလက်က သက်ပြင်းချပြီး တောင်းဆိုသည်။

"ကဲ…ခင်ဗျားတို့ဆီက တုတ်တစ်ချောင်းတော့ ကျုပ်ကို ပေးဗျာ"

သက်ကြီးရွယ်အို အဘိုးတစ်ဦးက ရှေ့ထွက်ပြီး သူ့လက်ထဲမှ ခပ်တုတ်တုတ် သစ်သားတုတ်ရှည်တစ်ချောင်းကို မစ္စတာ ဘလက်အား ပေးရင်း ပြောသည်။

"ဒါကို သုံးပါ"

ဒေါက်တာ ဟော့ကင်းက ဝင်ပြောသည်။

"ခင်ဗျားကို ကျုပ်ကူမယ်"

◈◈◈

ဂူဝကို ပိတ်ထားသည့် ကျောက်ပြားနောက်တွင် ဟ,နေသည်။ ထိုအဟထဲသို့ သူနှင့် မစ္စတာ ဘလက်က တုတ်ထိုးထည့်သည်။ တုတ်ကို လှုပ်၍ ဖွင့်ကြည့်ရာ ကျောက်ပြား စ,လှုပ်သည်။ ကျောက်ပြားကြီးမှာ ကွာကျပြီး ကျောက်ဂူဝမှ ဆင်ခြေလျှောအတိုင်း အောက်သို့ လိမ့်ဆင်းကျသွားသည်။ ကျောက်ပြားကြီး ကျသွားရာမှ ကျောချမ်းစရာ စူးရှရှအသံကြီး မြည်ဟိန်းခဲ့သည်။ ထို့နောက် တိတ်ဆိတ်မှုက လွှမ်းမိုးသွားသည်။

**မေရီ၏ စကားအဆုံးဝယ် ရွာဘက်ဆီမှ တက်ကြွ ရှင်မျှ လန်းဆန်းသည့်အသံကြီးကို ဝေါခနဲ ကြားလိုက်ရသည်။ သူတို့ ဆင်ခြေလျှောရှိရာဘက်သို့ ပြန်စောင်းကြည့်မိလိုက်သည်။ သူတို့ နှစ်ယောက်ကို အပြုံးဖြင့် လက်ဝှေ့ယမ်းပြနေသော မစ္စတာဘလက်ကို ဂူဝမှာရပ်လျက်သား မြင်လိုက်ကြရသည်။**



www.burmeseclassic.com

www.burmeseclassic.com

ပွင့်သွားသော သံချိုင်းဂူထဲသို့ မစ္စတာ ဘလက် ဝင်သွားသည်။ မစ္စတာ ဘလက်နောက်သို့ လိုက်ရန် မေရီက ရှေ့ထွက်လိုက်သည်။ အဂ္ဂါက မေရီ လက်မောင်းကို လှမ်းဆွဲပြီးပြောသည်။

"နင် ရူးနေလား။ ရာဇဝင်ကို နင် မကြားဖူးဘူးလား"

အဂ္ဂါလက်ကို ပုတ်ထုတ်ပြီး မေရီက ခွန်းတုံ့ပြန်သည်။

"အထဲမှာ ရှိတာကို မသိချင်ဘူးလား"

ဟု ပြောပြီး ဂူထဲသို့ လိုက်ဝင်သွားသည်။

ဒေါက်တာ ဟောကင်းက အဂ္ဂါကို လှမ်းကြည့်သည်။ သူတို့နှစ်ဦးစလုံး စိတ်ပူသွားသည်။

ဂူထဲသို့ သူတို့ တစ်လှမ်းချင်း ဝင်သွားကြသည်။

ဂူနံရံတစ်လျှောက်ရှိ လက်ရန်းတန်းများပေါ်တွင် ထူးထူးဆန်းဆန်း ပစ္စည်းတွေ အများအပြားရှိသည်။

အနီရောင်အရည်တွေ ထည့်ထားသည့် ပုလင်းပေါက်စများကို အဂ္ဂါ မြင်သည်။ လူ့ရိုးတွေဖြင့် ထွင်းထုထားသည့် အကျည်းတန် အရုပ်ဆိုးသည့် အရုပ်သေးသေးများလည်း ရှိသည်။

သူတို့ ရှေ့ဆက်လျှောက်ခဲ့ကြသည်။ အဂ္ဂါမှာ ကြောက်လွန်း၍ အသက်ပင် ရဲရဲမရှူရဲ။ ဂူနောက်ကျောကို သူတို့ ရောက်လာသည်။ ထိုနေရာမှာ ဘာမျှ မရှိချေ။

စိတ်သက်သာရာ ရသွားသည့် အဂ္ဂါသည် ဂူနံရံတစ်ခုပေါ်သို့ လက်တင်မိသည်။

ထိုအချိန် အဂ္ဂါခေါင်းပေါ်မှ တစ်စုံတစ်ရာ လျှောကျလာပြီး ကြမ်းပြင်ပေါ်သို့ ခွမ်းခနဲ မြည်သွားသည်။

အားလုံး လန့်ခုန်လိုက်ကြသည်။

အဂ္ဂါသည် လွှတ်ခနဲ ကြောက်ရွံ့စွာ အော်သံတစ်ချက်ပြုရင်း လက်ညှိုးထိုးပြသည်။

ကျလာသည့် ပစ္စည်းက လူတစ်ဦး၏ ခေါင်းခွံကြီးဖြစ်နေသည်။

အပေါ်ကို အားလုံး မော့ကြည့်သည်။ သူတို့ခေါင်းပေါ်ရှိ လက်ရန်းတစ်ခုပေါ်တွင် လူ့ရိုးများကို အစီရရီ မြင်တွေ့လိုက်ရသည်။ စုန်းမကြီး၏ ခပ်ကြမ်းကြမ်း ကျောက်တုံးရုပ်တစ်ခုပါရှိသည့် လက်ရန်းအောက်ရှိ ကျောက်ဆောင်ပေါ် ထွင်းထားသည့် စာလုံးများကို ဖတ်ရှုရသည်။

"တစ်-တော့၊ တစ်-တော့"

"အရိုးမှ ကျောက်တုံး၊ ကျောက်တုံးမှ အရိုး"

"ဘာအဓိပ္ပာယ်လဲ မစ္စတာ ဘလက်"

"အဲဒီရုပ်တုထဲမှာ စုန်းမကြီးက မှော်ဂါထာရေးထားခဲ့တာ။ သူ့လုပ်ရပ်တွေ ဖျက်အောင် အဲဒီ ကျောက်ရုပ်ကို ဖျက်ဆီးပစ်ရမယ် ဒေါက်တာ"

"ဟာ…ရုပ်တုက ကျောက်တုံးနဲ့ ထုထားတာ။ ဘယ်လိုလုပ် ဖျက်ရမလဲ"

အဂ္ဂါ၏ အမေးကို ဖြေရန် မစ္စတာ ဘလက်မှာ အချိန်မရှိတော့။

ဂူအပြင်ဘက်မှ ကြောက်အားလန့်အား အော်သံများကို သူတို့ ကြားလိုက်ကြသည်။ အလင်းရောင်ရှိရာသို့ အားလုံး ပြေးထွက်ခဲ့ကြသည်။

လွန်စွာ အိုမင်းနေသော အဘိုးကြီးအား ရွာသားတွေ ဝိုင်းအုံကြည့်နေကြသည်။ အဘိုးကြီးက မြေကြီးပေါ်တွင် ထိုင်နေသည်။ ထိုစဉ် မိန်းမတစ်ယောက်၏ စူးစူးဝါးဝါးအော်သံကို စ၊ ကြားလိုက်ရသည်။

အဂ္ဂါတို့ အနားကပ်ကြည့်ရင်း အသက်ရှူဖို့ပင် မေ့သွားသည်။ အဘိုးကြီးကား လူစင်စစ်မှ ကျောက်ရုပ်ဖြစ်သွားပါပကော။

"ဘာတွေ ဖြစ်နေတာလဲ"

ဒေါက်တာ ဟောကင်းက အော်မေးနေ၍ အဂ္ဂါက လှမ်းကြည့်သည်။ အဂ္ဂါစိတ်ထဲ ဒေါက်တာ ဟောကင်း ပိုအိုမင်းသွားသည်ဟု ထင်မိသည်။

"ဘာဖြစ်တာလဲရှင်"

မစ္စတာ ဘလက်ကို မေရီက မေးသည်။ အဂ္ဂါနှင့် မေရီတို့၏ မျက်နှာတွေကို မစ္စတာ ဘလက်က လှည့်ကြည့်သည်။ မစ္စတာ ဘလက်၏ မျက်နှာသည်လည်း ပို၍ အိုမင်းလာဟန်ရှိသည်။

"ဆရာ…နေကောင်းရဲ့လား"

အဂ္ဂါက စိုးရိမ်ပြီး မစ္စတာ ဘလက်ကို မေးသည်။

"စုန်းမကြီး လာနေပြီတော့"

မိန်းမတစ်ယောက်၏ အော်သံက ရှည်လျားစွာ ပေါ်လာသည်။ အခြား အဘိုးတစ်ဦးလည်း ကျောက်ရုပ်ဖြစ်သွားပြန်သည်။ ကျောက်ဆောင်ဆင်ခြေလျှောအတိုင်း လူတွေ နောက်ပြန်ပြေးစ ပြုသည်။

"အချိန်ကုန် မြန်လိုက်တာ"

အဂ္ဂါက မေရီ၏ အသံကြောင့် လှမ်းကြည့်သည်။ မစ္စတာ ဘလက် နောက်မှာ မေရီက ရပ်နေသည်။ မစ္စတာ ဘလက်က အိုမင်းပုံပေါက်သည်။ ခါးကုန်းလာသည်။ သို့သော် မေရီကတော့ ပျိုမျစ်ဆဲပင်။ မစ္စတာ ဘလက် လောက်နီးနီး မေရီအရပ်ကြီးက ရှည်သွားသည်။

"မြန်မြန်လုပ်ကြဟေ့။ စုန်းမကြီး ထားခဲ့တဲ့ ကျိန်စာက တို့အပေါ် သင့်ပြလာပြီ။ အားလုံး မြန်မြန်အိုမင်းလာကြပြီ။ သိပ်အိုလာတာနဲ့ ကျောက်ရုပ်



www.burmeseclassic.com

www.burmeseclassic.com

တွေ ဖြစ်လာရော"

မစ္စတာ ဘလက်က အားလုံးကို သတိပေးသည်။ ကျောက်ဆောင်တစ်ခုကို မှီနေသော ဒေါက်တာ ဟော့ကင်းသည်လည်း မောဟိုက်နေသည်။ အသိုးအိုရုပ်ပေါက်လာသည်။

"ဘာလုပ်ကြမလဲ မစ္စတာ ဘလက်"

မေရီက သူ့ဆရာကို မေးသည်။

"ငယ်သူတွေရဲ့ အကူအညီရအောင်လုပ်။ သူတို့မှာ အချိန်အများဆုံးကျန်တယ်။ သချိုင်းဂူထဲက ကျောက်ရုပ်ကို ရအောင် မင်းယူရမယ်။ ငါတို့ထဲက တစ်ယောက် ကျောက်ရုပ်ဖြစ်သွားတိုင်း စုန်းမကြီးမှာ အားအင်တွေ ပိုပြည့်ပြီး သန်မာလာတယ်။ ငါတို့အသက်တွေကို ရင်းပြီး သူ့ဘဝ ရှင်သန်အောင် လုပ်နေတာ။ သူ့ကျောက်ရုပ်ကို ဖျက်ဆီးဖို့ အချိန်မရတော့ဘူး။ အဲဒါကြီးကို လူမရှိတဲ့ အရပ်မှာ ထားဖို့ လုပ်ရမယ်။ ဒါမှ လူ့ဘဝပြန်ရောက်ရောက်ချင်း စုန်းမကြီး သေသွားနိုင်မှာ"

အဂ္ဂါက···

"စမ်းချောင်း၊ အဲဒီစမ်းရေအောက်မှာ လူ လုံးဝ မရှိဘူးလေ"

ဟု အားပါးတရအော်သည်။

"ကောင်းတယ်ဟေ့၊ စုန်းမကြီးရဲ့ ကျောက်ရုပ်ကို စမ်းရေထဲ မျှောပစ်လိုက်"

မစ္စတာ ဘလက်က ဒေါက်တာ ဟော့ကင်းဘက်သို့ လှည့်ပြီး တစ်ဆက်တည်း ပြောသည်။

"အကူအညီရအောင် သွားရှာ ဒေါက်တာ"

သို့သော် မစ္စတာ ဘလက်၏ စကားမဆုံးမီပင် ဒေါက်တာ ဟော့ကင်း ကျောက်ရုပ်ဖြစ်သွားသည်။

ထို့နောက် အကူအညီရှာရန်



အဂ္ဂါက ပြေးသွားသည်။ မေရီနှင့် မစ္စတာ ဘလက်တို့သည် စုန်းမကြီး၏ သချိုင်းဂူထဲ ပြန်ဝင်ခဲ့သည်။ လက်ရန်းတစ်လျှောက် စုန်းမကြီး၏ ကျောက်ရုပ်က အနည်းငယ် ရွေ့လျားသွားသည်။ ဂူဝဘက်သို့ ကျောက်ရုပ်က ရွေ့လာနေသည်။

မေရီက မစ္စတာ ဘလက်ကို ကြည့်ပြီး အသက်ရှူကျပ်သွားသည်။ မစ္စတာ ဘလက်၏ ဆံပင်တွေက ဖြူကုန်ပြီး အသားအရေတွေက ဖြူဖျော့တွန့်စ ဖြစ်လာသည်။

မစ္စတာ ဘလက်က စကားပြောသည်။

"စုန်းမကြီးရဲ့ ကျောက်ရုပ်က စပြီး အသက်ဝင် လှုပ်ရှားလာပြီ။ သူ့မှော်ပညာက အစွမ်းနေပြီ၊ စုန်းမကြီးရဲ့ ကျောက်ရုပ် အသက်မဝင်မီ ရေထဲရောက်အောင် မင်းလုပ်ရမယ်။ အဲဒီနောက် အဲဒါက သိပ်ပြီး···"

မစ္စတာ ဘလက် စကားတန်းလန်းဖြင့် အသံပျောက်သွားသည်။ သူ့ကိုယ်က ပြာနှမ်းလာသည်။ မစ္စတာ ဘလက်လည်း ကျောက်ရုပ်ဖြစ်သွားခဲ့ချေပြီ။

အပြင်ဘက်သို့ မေရီ ပြေးထွက်လာပြီး ရွာဘက်သို့ ငုံ့ကြည့်လိုက်သည်။ အပြေးအလွှားပြန်လာနေသော အဂ္ဂါကို တွေ့ရသည်။ တွန်းလှည်းတစ်စီးလည်း ပါလာသည်။ သို့သော် အဂ္ဂါတစ်ယောက်တည်းသာ။

ဆင်ခြေလျှောအတိုင်း အဂ္ဂါ အပြေးတက်လာသည်။ အဂ္ဂါ၏ ပတ်ပတ်လည်တွင် တွေ့သမျှ လူတွေအားလုံး ကျောက်ရုပ်ဖြစ်ကုန်ကြသည်။ လက်တွန်းလှည်း အလေးကြီးနှင့် အဂ္ဂါတစ်ယောက် ဘယ်လိုလုပ် မြန်မြန်ပြေးတက်လာနိုင်ပါ့မလဲ။ မေရီ တွေးမိသည်။ အနားရောက်လာသောအခါ အဂ္ဂါမှာ မှတ်ဆိတ်ပေါက်လာသည်ကို မေရီ သတိထားမိသည်။ ခုမှ လူကြီးဘဝဖြစ်လာပြီဟု မေရီ တွေးမိသည်။

"မေရီ··နင့်ကြည့်ရတာ တစ်မျိုးကြီးပဲ"

အဂ္ဂါက လူကြီးသံဖြင့် ပြောသည်။

"ရှင်လည်း အတူတူပါနော်။ မြန်မြန်ရှင့်၊ မဟုတ်ရင် သိပ်နောက်ကျလွန်းမယ်"

လက်တွန်းလှည်းကို ဂူထဲသို့ သူတို့ တွန်းယူခဲ့ကြသည်။

"မစ္စတာ ဘလက်"

သူ့ဆရာ၏ ကျောက်ရုပ်ကို ကြည့်ပြီး အဂ္ဂါ အော်ငိုလိုက်သည်။

"အဂ္ဂါ··လာတော့။ အချိန်ကုန်မခံနိုင်တော့ဘူး။ စမ်းရေထဲကို စုန်းမကြီး ကျောက်ရုပ် ရောက်အောင် တို့လုပ်ရမှာ"

ဟု မေရီက အော်ဟစ် သတိပေးသည်။

စုန်းမကြီး၏ ကျောက်ရုပ်က အခု မြေကြီးပေါ် ဆင်းရပ်နေသည်။

"စုန်းမကြီး ကျောက်ရုပ်က သူ့ဘာသာ လှုပ်ရှားနေပြီ။ မြန်မြန်လာပါ"

ဟု မေရီက အဂ္ဂါကို အော်ဟစ်ပြောသည်။

သူတို့နှစ်ဦးသည် လက်တွန်း



www.burmeseclassic.com

www.burmeseclassic.com

လှည်းပေါ်သို့ စုန်းမကြီး ကျောက်ရုပ်ကို တွန်းတင်ကြပြီး ဂူထဲမှ လှည်းကို တရွတ်တိုက်ဆွဲ၍ ထွက်ခဲ့ကြသည်။

စမ်းချောင်းသို့ သွားရာလမ်းက မရှိ။ စမ်းရေရှိရာသို့ လက်တွန်းလှည်းကို လျှောချ၍ တစ်ဖုံ၊ တွန်း၍ တစ်သွယ်၊ ဟိုတိုက် ဒီတိုက်ဖြင့် တွန်းယူကြသည်။ လက်တွန်းလှည်းပေါ်တွင် စုန်းမကြီး ကျောက်ရုပ်၏ ခြေတွေ လက်တွေက စတင်လှုပ်ရှားလာသည်။

ရွာထဲမှ ဖြတ်၍ လှည်းကို တွန်းလာသည့်တိုင် အော်သံဟစ်သံ လုံးဝ မကြားရချေ။ တစ်လောကလုံး ဆိတ်ဆိတ်ဖြစ်နေသည်။

"လှည်းကို ကြာကြာမကိုင်နိုင်တော့ဘူး"

အဂ္ဂါအသံမှာ နွမ်းနယ်နေဟန်ရှိသည်။ အဂ္ဂါကို မေရီက ကြည့်သည်။ အဂ္ဂါသည် ဆံပင်တွေ ဖြူလာပြီး မျက်နှာမှာလည်း တွန့်လာသည်။ ထို့နောက် မေရီက သူ့ကိုယ်သူလည်း ပြန်ကြည့်သည်။ လက်မောင်းတွေ၊ အရေပြားတွေက အတော့်ကို အိုကုန်ပြီ၊ အနည်းငယ် အသံထွက်၍ ငိုလိုက်သည်။ လက်တွန်းလှည်းကိုလည်း လွှတ်လိုက်မိသည်။

ထိုအခါ အဂ္ဂါတစ်ဦးတည်းအနေဖြင့် လက်တွန်းလှည်းက ဝန်ကြီးလွန်းသည်။ သူပါ လှည်းကို မထိန်းနိုင်တော့ချေ။ လက်တွန်းလှည်းက ခုန်ဆွ ခုန်ဆွနှင့် စမ်းရေရှိရာသို့ ဒရောသောပါးဖြင့် ဆင်ခြေလျှောအတိုင်း ထိုးဆင်းသွားသည်။

တွန်းလှည်းနောက်မှ အဂ္ဂါနှင့် မေရီတို့ ပြေးလိုက်ခဲ့သည်။ ဆင်ခြေလျှောအဆုံးတွင် တွန်းလှည်းမှာ တုံ့ခနဲ ရပ်သွားပြီး စမ်းချောင်းနှင့်ဆို မဆိုစလောက်သာ ကွာတော့သည်။



တွန်းလှည်းပေါ်မှ စုန်းမကြီး ကျောက်ရုပ် လျှောကျသွားသည်။ မြေကြီးပေါ်တွင် အရုပ်ကြီးက ရပ်နေသည်။ ထို့နောက် လက်တွေ စတင်လှုပ်ရှားလာသည်။ မျက်လုံးကို ဖွင့်ချီ ပိတ်ချီ လုပ်သည်။

ဆင်ခြေလျှောအောက်ခြေသို့ မေရီနှင့် အဂ္ဂါတို့ ရောက်လာကြသည်။ သူတို့နှစ်ဦးစလုံး အားအင်တွေ ချည့်နဲ့နေကြသည်။ လမ်းပင် အနိုင်နိုင် လျှောက်နေရသည်။ သို့သော် စမ်းရေရှိရာသို့ စုန်းမကြီး ကျောက်ရုပ်ကြီးကို တွန်းလိုမ့်ပြီး ပို့ခဲ့ကြသည်။ စုန်းမကြီး ကျောက်ရုပ်မျက်နှာက စ,လှုပ်ရှားသည်။ သူ့ခြေထောက်တွေက ကန်ကျောက်မှု ပြုသည်။

စမ်းရေစပ်သို့ အရောက်တွင် "တွန်း" ဟူ၍ အဂ္ဂါက အော်လိုက်သည်။

ကျောက်ရုပ်ကြီးကို ရေနဲ့သို့ သူတို့ ပြိုင်တူ တွန်းကြသည်။ ဖွမ်းခနဲ မြည်သံဖြင့် ကျောက်ရုပ်ကြီး ရေထဲသို့ ထိုးကျသွားသည်။

ကျောက်ရုပ်ကြီး၏ ခြေထောက်ကို ရေမထိခင် ခဏမျှ လှုပ်ရှားသွားသည်ကို သူတို့ တွေ့ရသည်။ ထို့နောက် ငြိမ်သက်သွားသည်။

ထို့နောက် အဂ္ဂါနှင့် မေရီတို့လည်း တစ်ယောက်ကို တစ်ယောက် အပြန်အလှန်ကြည့်မိကြသည်။ သူတို့တွင် စောစောကလို အိုမင်းမစွမ်း ဇရာရုပ်များကို လုံးဝ မတွေ့ရတော့ပေ။ ငယ်ရွယ် နုပျိုသူများအဖြစ်သို့ ပြန်ရောက်သွားကြသည်။

စုန်းမကြီး၏ ကျိန်စာကို ဖျက်ပြယ်အောင် သူတို့ လုပ်နိုင်ခဲ့ကြလေသည်။

"တို့တစ်တွေ ပြန်လည်ရှင်သန်တဲ့ ဘဝကို ရခဲ့ပြီ၊ ဒါပေမယ့် မစ္စတာဘလက်နဲ့ တခြားလူတွေရောဟင်"

မေရီ၏ စကားအဆုံးဝယ် ရွာဘက်ဆီမှ တက်ကြွ ရွှင်ပျ လန်းဆန်းသည့်အသံကြီးကို ဝေါခနဲ ကြားလိုက်ရသည်။ သူတို့ ဆင်ခြေလျှော်ရွာဘက်သို့ ပြန်စောင်းကြည့်မိလိုက်သည်။ သူတို့နှစ်ယောက်ကို အပြုံးဖြင့် လက်ဝှေ့ယမ်းပြနေသော မစ္စတာ ဘလက်ကို ဂူဝမှာ ရပ်လျက်သား မြင်လိုက်ကြရသည်။

❑

**Ref : DARK HUNTE[R]**

**The Stons w[...]**

**by BENJAM IN HULM-CRO[...]**



www.burmeseclassic.com

www.burmeseclassic.com

# မြသိန်း

## ထူးဆန်းသော ကြောင်နက်သုံးကောင်



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့်က ကျွန်ုပ်သည် ဧရာဝတီမြစ်ကမ်းပေါ်ရှိ မြို့ငယ်တစ်မြို့တွင် မြို့ပိုင်အဖြစ် တာဝန်ထမ်းခဲ့စဉ် ထူးဆန်းသော ဖြစ်ရပ်တစ်ခုနှင့် ကြုံခဲ့ရလေရာ၊ ၎င်းဖြစ်ရပ်ကို ကျွန်ုပ် မမေ့နိုင်ပါ။

ထိုမြို့၌ နေသူများသည် မိုးရာသီတွင် ရေလမ်းကိုသာ အဓိက အားထားကြရပြီး ဆောင်းရာသီနှင့် နွေရာသီ၌သာ မြေလမ်းကို အသုံးပြုကြရသည်။

ကျွန်ုပ် အသုံးပြုရန် မော်တော်ဘုတ်တစ်စီးရှိရာ မိုးရာသီ၌ ၎င်းမော်တော်ဘုတ်ကို အသုံးပြု၍ ခရီးထွက်ရပါသည်။ ကျွန်ုပ်သည် ထိုမြို့သို့ တစ်ယောက်တည်းသွားနေပြီး မိသားစုကို ရန်ကုန်တွင် ထားခဲ့ပါသည်။

ကျွန်ုပ်သည် ရဲဌာနဝင်းအတွင်းရှိ အိမ်လွတ်တစ်အိမ်တွင် တပည့် မောင်ကျော်ရင်နှင့် အတူနေပါသည်။ ၎င်းအိမ်တွင် ပစ္စည်းပေါင်းများ ရှိ၏။ ကြွက်လည်း အလွန်များ၏။ မည်သို့မျှ နှိမ်၍ မရ။

ကျွန်ုပ်၏ အသုံးအဆောင်ပစ္စည်းများနှင့် ရုံးစာရွက်စာတမ်းများကို ကြွက်များ မကိုက်ရန် သစ်သား ဗီရိုကြီးထဲ၌ အမြဲသိမ်းထားရ၏။

ကျွန်ုပ်သည် ထိုမြို့သို့ ရောက်ပြီး တစ်နှစ်ကျော်ကျော်အကြာတွင် တာဝန်အရ မြို့၏ မြောက်ဘက် ၇မိုင်ခန့် ဝေးသော ရွာသို့ မော်တော်ဘုတ်ဖြင့် သွားပါသည်။ ထိုရွာ၌ တစ်နေကုန် အလုပ်လုပ်ပြီးနောက် ပြန်ခါနီးတွင် ရွာဦးထိပ်ရှိ ဆရာတော်ကျောင်းသို့ ဝင်၍ ဆရာတော်အား ဖူးမြော် ကန်တော့ပါသည်။

ဆရာတော်၏ ဩဝါဒကို ခံယူပြီး ပြန်ထွက်လာစဉ် ကြောင်နက်တစ်ကောင်သည် တညောင်ညောင် အသံပေးပြီး ကျွန်ုပ်၏ ခြေထောက် တစ်ဖက်နားမှ ကပ်ပြီး လိုက်လာပါသည်။

ကြောင်ကို သေသေချာချာကြည့်သောအခါ ကိုယ်ဝန်နှင့် ဖြစ်ပြီး ကိုယ်ဝန်မှာလည်း ရင့်နေပုံ ရပါသည်။

ကျွန်ုပ်သည် ဆက်မသွားဘဲ ရပ်၍ ထိုကြောင်ကို ကြည့်ရာ၊ ကြောင်ကလည်း ကျွန်ုပ်ကို ပြန်ကြည့်သည်။ ကြောင်မ၏ အကြည့်မှာ မိတ်ဖွဲ့လိုသော အကြည့်ဖြစ်သည်။ ခင်မင်သူကို ကြည့်သော အကြည့်ဖြစ်သည်ကို ကျွန်ုပ် သတိပြုမိ၏။

ကျွန်ုပ် ဆက်သွားလျှင် ကြောင်မကလည်း ကျွန်ုပ်အနားမှပင် ဆက်လိုက်လာ၏။

"ကြောင်နက်မ မြို့ပိုင်ကြီးကို ခင်သွားပြီ။ မြို့ပိုင်ကြီး ခေါ်သွားပေတော့"

ဟု ရွာလူကြီးတစ်ယောက်က ရယ်၍ ပြောသည်။

"ဆရာတော်ရဲ့ ကြောင်ဖြစ်လိမ့်မယ်။ ခေါ်သွားလို့ မဖြစ်ဘူး"

ကျွန်ုပ်က ထိုသို့ပြောရင်း တပည့်ဖြစ်သူ မောင်ကျော်ရင်အား ကြောင်

**စခန်းမှူးသည် ငှက်ပျောခိုင်၊ ဓားမြှောင်နှင့် လူမိုက် ငသောင်းကို ရဲစခန်းသို့ ခေါ်ဆောင်သွား၏။ ငှက်ပျောခိုင်နှင့် ဓားမြှောင်မှာ သက်သေခံပစ္စည်းများ ဖြစ်သည်။**

နက်မကို ဖမ်း၍ ဆရာတော်ထံသို့ ပို့ရန် ပြောလိုက်သည်။

သို့သော် ကြောင်နက်မက မောင်ကျော်ရင်၏ အဖမ်းကို မခံဘဲ ရန်ပြုမည့်အသွင်ဖြင့် မောင်ကျော်ရင်ကို ပြန်ကြည့်၏။ မောင်ကျော်ရင်ကလည်း ကြောင်နက်မကို မဖမ်းရဲ။

"ကြောင်က ကျွန်တော်နဲ့ လိုက်မယ်ထင်တယ်။ ဆရာတော်က ခွင့်ပြုရင် ကျွန်တော် ခေါ်သွားမယ်ဗျာ"

ကျွန်ုပ်သည် ထိုသို့ပြောပြီး ဆရာတော်ထံ သွား၍ အကျိုးအကြောင်းကို လျှောက်ထားရာ၊ ဆရာတော်က ခေါ်သွားခွင့်ပြုလိုက်သည်။

ဤသို့ဖြင့် ကိုယ်ဝန်အရင့်အမာနှင့် ကြောင်နက်မသည် အိမ်သို့ ရောက်လာခဲ့လေသည်။

◈◈◈

ကျွန်ုပ်၏ အိပ်ခန်းရှိ ခုတင်အောက် ... ရင်း၌ ထင်းရှူးသေတ္တာကြီးတစ်လုံး... တွင် ၎င်းအတွက် နေရာလုပ်ပေးခဲ့... ကြောင်သည် ထိုသေတ္တာထဲ၌ပင် လိုလိုလားလား နေပါသည်။

ကြောင်နက်မ ကျွန်ုပ်အိမ်သို့ ရောက်သည့်နေ့မှစ၍ ညဘက်တွင် ... သောင်းကျန်းနေသော ကြွက်များ ... သွားတော့သည်။

နောက်တစ်ပတ်အကြာတွင် ကြောင်နက်မသည် ကြောင်... ကလေးနှစ်ကောင်ကို မွေးဖွားခဲ့သည်။ နှစ်ကောင်စလုံးမှာ အထီးကလေးများ ဖြစ်ကသည်။

ကျွန်ုပ်သည် ကြောင်မကြီးကို "နက်မ"၊ ကြောင်ကလေးနှစ်ကောင် အနက် ပထမမွေးလာပြီး ဦးခေါင်း အနည်းငယ် ကြီးသော ကြောင်... ကလေးကို "အကြီးကောင်"၊ ... မွေးလာပြီး ဦးခေါင်း အနည်းငယ် သေး...



www.burmeseclassic.com

www.burmeseclassic.com



သော ကြောင်နက်ကလေးကို "အငယ်ကောင်"ဟု အမည်များ ပေးထားသည်။

ကျွန်ုပ်သည် ကြောင်များကို နွားနို့နှင့် ငါးများကို ဝဝလင်လင်ကျွေးရာ ကြောင်များမှာ ကျွန်ုပ် မျက်စိရှေ့တွင်ပင် အကောင်များ ထွားလာ၏။ အခြားကြောင်များထက် ထိုကြောင်များသည် အကောင်ပိုထွား၏။

တစ်ခါတစ်ရံ ကျွန်ုပ်၏ အိမ်အောက်သို့ ရောက်လာတတ်သော ခွေးလေ ခွေးလွင့်များကို ထိုကြောင်သားအမိက မောင်းထုတ်လေ့ရှိကြ၏။

◈◈◈

သို့နှင့် နောက် ခြောက်လကျော်ကျော် ခုနစ်လခန့်အကြာ၊ နေဝင်ရီတရောအချိန်တွင် လူတစ်ယောက်သည် ငှက်ပျောခိုင်တစ်ခိုင်ကို ထမ်း၍ ခမောက်ကို ဆောင်းပြီး ကျွန်ုပ်၏ အိမ်သို့ ရောက်လာခဲ့သည်။

ကျော်ရင်က မေးသောအခါ "မြို့ပိုင်ကြီးအတွက် လာပို့တာပါ"ဟု ပြောသောကြောင့် တံခါးဖွင့်ပေးလိုက်သည်။

ထိုသူသည် ကျွန်ုပ် ထိုင်နေရာနှင့် ဆယ်ပေခန့်အကွာတွင် ငှက်ပျောခိုင်ကို ချလိုက်ပြီးနောက် သူ၏ ခါးကြားထဲမှ ဝှက်ယူလာသည့် ဓားမြှောင်ကို ထုတ်၍ ကျွန်ုပ်ထံသို့ ပြေးဝင်လာသည်။ ထိုအခါ ကျွန်ုပ်အနီးတွင် ရှိနေကြသော ကြောင်များထဲမှ ကြောင်နက်မကြီးက ထိုသူ၏ ဓားကိုင်ထားသော လက်မှ လက်ကောက်ဝတ် နေရာကို ခုန်၍ ကိုက်လိုက်သည်။ ကျန်သည့် ကြောင်ကလေး နှစ်ကောင်အနက် တစ်ကောင်က ထိုသူ၏ အခြားလက်တစ်ဖက် လက်ကောက်ဝတ်နေရာကို ကိုက်ဆွဲ ကုတ်ခြစ်လိုက်ပြီး၊ ကျန်ကြောင်တစ်ကောင်က ထိုသူ၏ ရင်ဘတ်ကို ခုန်၍ ကုတ်ခြစ်လိုက်သည်။

ကြောင်များ၏ လုပ်ရပ်များမှာ တစ်ပြိုင်နက်တည်းဖြစ်ကြပြီး မြန်လည်း မြန်သောကြောင့် ကျွန်ုပ်ကို ဓားမြှောင်ဖြင့် ထိုးရန် လာသူ၏လက်မှ ဓားသည် လွတ်ကျသွားလေ၏။ ထိုသူသည် ကြောင်များ၏ ကိုက်ခြင်း ကုတ်ခြင်းကို ခံရ၍ နာကျင်သောကြောင့် "အား"ဟု အော်လိုက်ရာ၊ ကျွန်ုပ်က ထိုသူကို ကြက်သေ သေ၍ ကြည့်နေခိုက်မှာပင် ကျော်ရင်က ထိုသူ၏ ဦးခေါင်းအား ခွေးခြေဖြင့် ရိုက်ချလိုက်လေသည်။

ဤတွင်မှ ကျွန်ုပ်က စားပွဲအနီးရှိ ဓားရှည်ကို ယူ၍ လဲနေသော ထိုသူ၏ ရင်ဘတ်ကို ဓားဦးဖြင့် ဖိထောက်ထားလိုက်သည်။

"မထနဲ့၊ ထရင် ထိုးထည့်လိုက်မယ်"

ဟု ပြောပြီးနောက် ကျော်ရင်ကို အနီးရှိ ဂါတ်တဲသို့ သွား၍ ရဲများကို အမြန်ဆုံးလာရန် အခေါ်လွှတ်လိုက်သည်။

ကျွန်ုပ်သည် ကြမ်းပြင်ပေါ်ကျနေသည့် ထိုသူ၏ ဓားမြှောင် ဝေးရာသို့ ရောက်အောင် ခြေတစ်ဖက်ဖြင့် လက်ကိုင်ရိုးဘက်မှ အပိုင်းကို ခတ်ထုတ်ပစ်လိုက်သည်။

သိပ်မကြာပါ။ ရဲဌာနမှ စခန်းမှူးနှင့် သူ့တပည့် သုံးလေးယောက်တို့ ရောက်လာပြီး ထိုသူကို လက်ထိတ်ခတ်လိုက်ကြသည်။

ထိုသူကို တွေ့တွေ့ချင်း စခန်းမှူးက...

"ဒီကောင် ရွာတန်းရှာက လူမိုက် ငသောင်းပဲ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က မြို့ပိုင်ကြီး အပြစ်ပေးလိုက်လို့ ထောင်တစ်နှစ်ကျသွားတဲ့ ကောင်ပဲ။ လျှော့ရက်နဲ့ လွတ်လာပြီး မြို့ပိုင်ကြီးကို အခုလို လာလုပ်တာပဲ"

ဟု ပြောမှ ကျွန်ုပ်သည် ထိုလူမိုက်ကို သေသေချာချာကြည့်လိုက်မိတော့သည်။

စခန်းမှူးသည် ငှက်ပျောခိုင်၊ ဓားမြှောင်နှင့် လူမိုက် ငသောင်းကို ရဲစခန်းသို့ ခေါ်ဆောင်သွား၏။ ငှက်ပျောခိုင်နှင့် ဓားမြှောင်မှာ သက်သေခံ ပစ္စည်းများဖြစ်သည်။

နောင်အခါဝယ် ကျွန်ုပ်ကို သတ်ရန် ကြိုးစားသော ငသောင်း၏ အမှုကို ကျွန်ုပ်သည် ခရိုင်တရားရုံးသို့ ပို့လိုက်၏။

ကျွန်ုပ်၏ အသက်ကို ကယ်

www.burmeseclassic.com



သော ကြောင်သုံးကောင်၏ သတင်းသည် တစ်မုဟုတ်ချင်းပင် တစ်မြို့လုံးသို့ ပျံ့နှံ့သွားတော့သည်။

◈◈◈

နောက် သုံးလအကြာတွင် နွေရာသီ ကျောင်းပိတ်ရက်၌ ကျွန့်ပ်၏ ဇနီးနှင့် သမီး၊ သားတို့သည် ကျွန့်ပ်ထံသို့ ရောက်ရှိလာကြသည်။

ထူးဆန်းသည်မှာ ကျွန့်ပ်၏ မိသားစု ရောက်လာကြသည့်နေ့၌ပင် ထိုကြောင်သုံးကောင်စလုံးကို အိမ်တွင် မတွေ့ရတော့ပေ။ ထူးဆန်းလေစွ။

ကျွန့်ပ်က မိသားစုကို ကြောင်များအကြောင်း ပြောပြရာ သူတို့ကလည်း ကြောင်များကို တွေ့ချင်ကြ၏။ သို့သော် ကြောင်များကို လုံးဝ ရှာမတွေ့ပေ။

"ကြောင်မဟာ အရင်ဘဝက မောင်နဲ့ တစ်ခုခုတော်ခဲ့ဖူးတယ်နဲ့ တူတယ်"ဟု ဇနီးသည်က ရယ်၍ ပြောသည်။

ကျွန့်ပ်သည် ကြောင်များအတွက် ရတက်မအေးနိုင်ပါ။

နောက် တစ်လကျော်ကျော် အကြာတွင် ကျွန့်ပ်၏ ဇနီးနှင့် ကလေးနှစ်ယောက် ရန်ကုန်သို့ ပြန်သွားရာ၊ သူတို့ ပြန်သွားသော ညဉ့်ပင် ထိုကြောင်သုံးကောင်သည် ကျွန့်ပ်ရှိရာသို့ ပြန်ရောက်လာခဲ့သည်။

"မင်းတို့ ဘယ်သွားနေကြလဲ၊ ငါဖြင့် စိတ်ပူလိုက်ရတာ"

ဟု ကျွန့်ပ်က ပြောသောအခါ သူတို့က "ညောင်...ညောင်...ညောင်"ဟူ၍ အသံပြုကြ၏။

ကျွန့်ပ်သည် ညအိပ်ခါနီးတွင် သောက်သော နွားနို့အားလုံးကို ထိုကြောင်သုံးကောင်အား တိုက်လိုက်ပါတော့သည်။

သို့နှင့် ကျွန့်ပ်သည် ဤမြို့သို့ ရောက်ပြီး သုံးနှစ်ကျော်အကြာတွင် ရန်ကုန်ရှိ ဌာနကြီးတစ်ခုသို့ ပြောင်းရွှေ့ တာဝန်ထမ်းရန် အမိန့်ထွက်လာပါသည်။

ကြောင်တွေကို ခေါ်သွားလျှင် ကောင်းမလားဟု ကျွန့်ပ် စဉ်းစားသည်။

သို့သော် ကျွန့်ပ်၏ ဇနီးနှင့် သားသမီးများ လာစဉ်က ပျောက်သွားသော ကြောင်များအကြောင်းကို တွေးမိပြီး ရန်ကုန်သို့ ခေါ်ရန်လည်း မဖြစ်နိုင်ဟု တွေးမိပြန်သည်။

ထို့ကြောင့် ကျွန့်ပ်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိသည်။

"ငါ ရန်ကုန်ကို ပြောင်းရတော မယ်။ နင်တို့ကို ဘုန်းကြီးကျောင်း ပြန်ပို့မယ်"ဟူ၍ ကြောင်များကို ကြ ပြီး ကျွန့်ပ်က ပြောလိုက်သည်။

ကြောင်များက ကျွန့်ပ်ပြောသည် ကို နားလည်ပုံရသည်။ ကျွန့်ပ်ကို ငေး ကြည့်နေကြသည်။

ဤသို့ဖြင့် ကျွန့်ပ်၏ တာဝန် လွှဲပြောင်းပေးမည့်သူ ရောက်မလာ သုံးရက်ခန့်အလိုတွင် ကျွန့်ပ်သည် ထိုကြောင်သုံးကောင်ကို မော်တော် ဘုတ်ဖြင့် တင်၍ ဘုန်းတော်ကြီး ကျောင်းသို့ ပြန်ပို့ပေးလိုက်သည်။

ကြောင်များမှာ လျှောလျှော နှင့် လိုက်လာကြပြီး ဘုန်းကြီးကျောင်း သို့ ရောက်သောအခါ ကျွန့်ပ်နှင့် သို့ ထွက်သွားကြသည်။

ကျွန့်ပ်က ဆရာတော်ကို အကြောင်းလျှောက်ပြီးသောအခါ ဆ တော်က...

"ဒါယကာရဲ့ လုပ်ရပ်ဟာ တယ်။ သံယောဇဉ်ဆိုတာ မီးတစ် ဒါယကာ အခုလို သံယောဇဉ် သလို၊ ကြောင်တွေကလည်း ဒါယ ကို သံယောဇဉ်ဖြတ်လိုက်ပြီ ကောင်မှ ဒါယကာ့အနားမှာ မ ကိုပဲ ကြည့်လေ"


ဟု ဆရာတော်က တရား ကျွန့်ပ်သည် မျက်ရည်မကျမိရန် ကို ထိန်းထားလိုက်ရတော့သည်။

□



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အအေးဓာတ်တွေ အလုံးအရင်းနှင့် ဝင်ရောက်လာမှ ကျွန်တော် ငိုက်မြည်းနေရာက နိုးလာခဲ့သည်။ ကားတံခါးခန်းစည်းလေးကို လှပ်လို့ အပြင်ကို ကြည့်လိုက်တော့ စိမ်းစိုစို သစ်ပင်ကြီးတွေကို ကျော်ဖြတ်ပြီး ကားက အရှိန်ပြင်းစွာ တောင်ပေါ်သို့ တက်နေတယ်ဆိုတာကို ကျွန်တော် သတိထားမိခဲ့၏။

"ဩော် . . . တောင်ကြီးမြို့ အတက်တောင်ရောက်နေပြီပဲ"

လက်က နာရီကို ကြည့်လိုက်တော့ ကျွန်တော့်မျက်လုံးတွေ အတော်လေး ကျယ်သွား၏။

"ဘုရား . . . ဘုရား . . . ၆နာရီ တောင် ထိုးတော့မှာပါလား။ ဒီနေ့တော့ ဒုက္ခပါပဲ"

ကျွန်တော် စိတ်ညစ်စွာ နှုတ်မှ တီတိုးရေရွတ်မိလိုက်သည်။ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်တော့ ညနေစောင်းရဲ့ သဏ္ဍာန်က အပီအပြင် ပုံဖော်လို့နေလေပြီ။ တောင်အောက်က အေးသာယာမြို့သစ်လေးကို လှမ်းကြည့်စဉ် ညနေခင်း မြူမှုန်များနှင့် အတူ ဖွေးဖွေးလှုပ်နေသော အိမ်သွပ်အမိုးလေးတွေကို မပီပြင် ဝိုးတဝါးမြင်တွေ့လိုက်ရပြန်ပါသည်။

တောင်ကြီးမြို့၏ ထုံးစံအတိုင်း အောက်တိုဘာလသာ ရှိသေးသော်လည်း အအေးဓာတ်က လွှမ်းကဲလို့နေလေသည်။ ကျွန်တော် အသင့်ဝတ်ထားသော အနွေးထည်ကို ဇစ်ဆွဲတင်လိုက်ပြီး ကိုယ်အနေအထားကို ပြန်ပြင်ထိုင်လို့ ရှေ့ဆက်သွားရမည့် အစီအစဉ်များကို စိတ်ကူးထဲ ပုံဖော်တွေးတောနေမိပါတော့သည်။

တကယ်တော့ ကျွန်တော်နေထိုင်သော ရပ်စောက်မြို့နှင့် တောင်ကြီးမြို့က ဘယ်လောက်မျှ မဝေး။ ကားနှစ်နာရီလောက် စီးရုံဖြင့်ပင် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်တတ်၏။ သို့သော် ယနေ့အဖို့ ကျွန်တော် အိမ်က ထွက်လာခဲ့သည်မှာ အတော်လေး နောက်ကျခဲ့လေသည်။ အိမ်တွင် လယ်ထဲ ယာထဲက လုပ်လက်စ အလုပ်များကို လက်စသတ်ပြီး ညနေ ၄နာရီလောက်မှ အေးအေးလူလူ ထွက်လာခဲ့မိခြင်းကြောင့်ဖြစ်သည်။

တစ်နှစ် တစ်နှစ် ကျောင်းလာတက်ရသည့်ကလည်း လွယ်တော့ မလွယ်လှပါ။ ငွေကုန်ကြေးကျသက်သာအောင် အဝေးသင် တက္ကသိုလ်လေးသာ တက်ခဲ့သော်လည်း ဆင်းရဲနွံ့ချာလှသည့် ကျွန်တော့်အဖို့ စောစောပင် လာမတက်နိုင်။ တစ်ရက် စရိတ်သက်သာလည်း မနည်းဟူသော အသိဖြင့် အိမ်တွင် နေ့,နေ့ရင်းက ကျောင်းချိန်ကပ်မှပဲ တက်လာခဲ့ဖြစ်တော့သည်။ ယခုလောက်ဆို တက္ကသိုလ်က အဆောင်တွေတောင် တစ်ဆောင်မှ အားတော့မည် မထင်။

ကြိုတင် ဘွတ်ကင်လုပ်ထားခြင်းကလည်း မရှိသည့် ကျွန်တော်အဖို့ အရာရာ နောက်ကျခဲ့လေပြီ။ ဒီအတိုင်းဆို အဆောင်ရှာဖို့ပင် အချိန်ရှိတော့မည်မထင်။ ယခင်နှစ်က သူငယ်ချင်းတွေကလည်း ဘယ်အဆောင်မှာ နေ့,နေကြသည် မသိ။ ကံကောင်းထောက်မ၍ အဆောင်အခန်း အားပါစေလို့သာ ကျွန်တော် ဆုတောင်းရမည်သာ။

"လိုက်ပို့ရမယ့် ခရီးစဉ်လေးတွေ ပြောပါဦးခင်ဗျာ"

ကားစပယ်ယာ၏ အသံကြားမှ ကျွန်တော် ခရီးစဉ်ကို ကမန်းကတမ်း ပြောလိုက်မိသည်။

"အစ်ကို . . . ကျွန်တော့်ကို တက္ကသိုလ်ဘက် ပို့ပေးပါ"

"ဘယ်အဆောင်လဲ ညီလေး"

ဤသည်မှ ခက်လေပြီ။ ကျွန်တော် ဘယ်အဆောင်ကို သွားရမည်လဲ။ ကျွန်တော့်ကိုယ်တိုင် မသိသေး။

"ရတယ် အစ်ကို၊ ကျောင်းကြီးရ ရပ်ကွက်က အဆောင်ကြားတစ်နေရာထဲ လိုက်ပို့ရင် အဆင်ပြေတယ်။ ကျွန်တော် အဆောင်ရှာရဦးမှာမို့"

ကျန် ခရီးသည်တွေအားလုံးက တောင်ကြီးမြို့ပေါ်မှဖြစ်၍ တစ်ယောက်ပြီး တစ်ယောက် ရပ်ကွက်အနှံ့ လိုက်ပို့နေရာက မြို့ ပြင်မှာ ရှိတဲ့ ကျွန်တော့်ရဲ့ တက္ကသိုလ်မြေသို့ နောက်ဆုံးမှ ရောက်ရှိခဲ့တော့သည်။ မည်သို့ပင်ဆို စေကာမူ၊ သွားလိုသော ခရီးစဉ်ကို အဆုံးအထိ လိုက်ပို့ပေးသည့် ကားသမားကိုပင် ကျေးဇူးတင်ရပါမည်။

တက္ကသိုလ်မြေသို့ ရောက်သည့်အခါ အလျှဉ်းသင့်သော တစ်နေရာတွင် ကားရပ်နိုင်းပြီး ကျွန်တော့်အထုပ်တွေ ချတော့သည်။ တစ်ယောက်တည်း ဆိုပေမယ့် တစ်လစာ ကျောင်းတက်ဖို့ အတွက် အဝတ်အစားနှင့် အိမ်ရယ်ထ တွေက ခရီးဆောင်အိတ်ကြီးနှစ်လုံး အပြည့်ပါပဲ။

အဆောင်တွေအားလုံး ကျောင်းသားတွေ ပြည့်ကျပ်လျက်၊ ရတ်တရက် လမ်းဘေး မီးတိုင်များနှင့် အဆောင်တိုင်းများမှာ မီးတွေ လင်းလက်လာ လေပြီ။ အချိန်ကလည်း မနည်းတော့ ပါ။ ၆နာရီခွဲတောင်ကျော်လာခဲ့လေပြီ။ အအေးဓာတ်က တဖြည်းဖြည်းတိုး ပြီး ပါးစပ်ထဲတွင် အာငွေ့များတောင် ထွက်လို့ နေလေပြီ။ သို့သော် ကတည်းက ဒီအရပ်ဒေသမှာ ကြီး လာခဲ့တဲ့ ကျွန်တော့်အဖို့ ဤ

www.burmeseclassic.com

အဒဏ်လောက်ကတော့ အဆန်း
တော့လေပြီ။

ခရီးဆောင်အိတ်နှစ်လုံးကို ညီထမ်းသမားကဲ့သို့ ပခုံးဘယ်-ညာ ပြီး ကျွန်တော် အဆောင်ရှာပုံ ဖွင့်ခဲ့ရပါတော့သည်။ သင်္ကြန်လ ကျောင်းသားပီပီ ရှိုးထုတ်ရမည်ဆို သော အသိကလည်း ကျွန်တော့်မှာ တော့။ အရေးကြီးသည်က အရမ်း ကျောင်ခင် အဆောင် အမြန်ရရေး အတွက်သာ။

◈◈◈

"ဟူး…"

သက်တစ်ချက်ကို ပြင်းပြင်းချ လေတစ်ချက်ကို စိတ်ပျက် ပင်ပန်းစွာ မှုတ်ထုတ်လိုက်မိသည်။များလိုက် သဲ့ ကျောင်းသားတွေ။ အဆောင်က တစ်ဆောင်မှ မအားတော့ပါဘူး။ တောင်းတောင်းပန်ပန် တစ်ညတာ တည်းဖို့အတွက်ပင် မည်သည့် အဆောင်မှူးကမှ ခွင့်မပြုချင်ကြ။ မြို့နေ လူတန်းစားများ၏ ထုံးစံအတိုင်း အခန်းမအားတော့ဘူးလို့ ခပ်တင်းတင်းသာ ပြောပြီး ကျွန်တော့်ရဲ့ ရှေ့ဆက်မယ့် စကားများကို ပိတ်ပစ်လိုက်သည်။

၇နာရီထိုးတော့မည်။ ဒီအတိုင်းဆို လမ်းဘေးမှာ အိတ်ရမယ့် ကိန်းတော့ ဆိုက်လေပြီ။ ဒီလို ဒုက္ခမျိုးကို ဒီနှစ်ပြီးရင် နောက်နှစ် ခံစားစရာတော့ မလိုတော့။ ဒီနှစ်က ကျွန်တော် တက္ကသိုလ်နောက်ဆုံးနှစ်ပါ။

မတတ်နိုင်ပြီ။ ခရီးဆောင်အိတ်နှစ်လုံးကို ဆင့်ထမ်းပြီး ဆက်လျှောက်ပြန်လေသည်။ လမ်းများကလည်း အကွေ့အကောက်များဖြင့် တောင်ပေါ်သို့ တက်သွားရသော လမ်း။ တောင်ကြီးမြို့ဆိုသည်က သိသည့်အတိုင်း မြေပြန့်နေရာက ခပ်ရှားရှားရယ်ပါ။ ကျွန်တော်တို့တက္ကသိုလ်က ရပ်ကွက်တွေက တောင်ကုန်းတွေပေါ်မှာဖြစ်၏။

တချို့အဆောင်က ကျောင်းသားတွေက သာသာယာယာ ဂစ်တာလေးတီးပြီး သီချင်းတွေဆိုလို့။ ကျွန်တော့်မယ် အဆောင်ရဖို့အရေး လုံးပန်းရင်းဖြင့် အေးချမ်းတဲ့ ရာသီအလယ် ဇောချွေးများပင် တဒီးဒီးကျလို့ နေပါပြီ။

သွားရင်းလာရင်း ရေဆာသလိုဖြစ်လာ၍ လမ်းဘေးက အိမ်နှင့် တွဲဖွင့်ထားသည့် စတိုးဆိုလေးတစ်ဆိုင်သို့ ဝင်ပြီး ရေသန့်တစ်ဘူးဝယ်သောက်လိုက်တော့သည်။ ရေငတ်သွားမှ လူက အနည်းငယ် ပင်ပန်းဒဏ်ပျောက်သွားသလိုဖြစ်ခဲ့၏။

အထုပ်အပိုးတွေနှင့် ဒုက္ခသည်သဖွယ်ဖြစ်နေသည့် ကျွန်တော့်ကို သနားစဖွယ် ကြည့်နေသည်က ဆိုင်ရှေ့တွင် အနွေးထည်ထူထူကြီးဝတ်ပြီး ထိုင်နေသည့် ကျွန်တော့်အဘိုးအရွယ် လူကြီးတစ်ယောက်။

"ကောင်လေး… အဆောင်ပြောင်းမလို့လား။ အထုပ်တွေ အပိုးတွေနှင့် မိုးချုပ်နေပြီကွယ်"

"အဆောင်ပြောင်းဖို့ မဟုတ်ပါဘူး အဘိုးရယ်။ အဆောင်ကို မရသေးတာပါဗျာ။ ခုမှ နယ်က တက်လာတာပါ။ အဆောင်တိုင်း လူတွေ ပြည့်လို့ တစ်ဆောင်မှ မအားကြဘူး။ သားလည်း အဆောင်ရှာရင်း မောတောင်လာပြီ"

"အင်း…ဖြစ်ရမယ်။ ဒီအချိန်က ကျောင်းလာတာ နောက်ကျနေပြီလေ။ အဆောင်တွေအကုန်လုံး လူပြည့်ပြီပေါ့"

"ဟုတ်၊ သားလည်း အဆင်မပြေလို့ ခုမှ တက်လာမိတာပါ အဘိုးရယ်"

"အဘိုးမှာ အဆောင်ဟောင်း တစ်ဆောင်တော့ ရှိတယ်ကွဲ့။ သားလေး နေချင်လား"

ကြားလိုက်ရသည့် စကားကြောင့် ကျွန်တော် ကိုယ့်နားကိုယ်ပင် မယုံချင်။ ထိုအဘိုးကို အားရဝမ်းသာကြည့်ပြီး ထစ်ထစ်ငေါ့ငေါ့ ပြန်ပြောမိသည်။

"အ…အဖိုး…တ…တကယ်ပြောတာလား"

"တကယ်ပေါ့ ကောင်လေးရယ်။ အဘိုးမှာလည်း သားအရွယ် မြေးလေးတွေ ရှိတယ်။ အဘိုး ကိုယ်ချင်းစာပါတယ်"

"ဒါဆို သားနေချင်တယ် အဘိုးရယ်။ သား ပင်ပန်းနေပြီ။ဆက်လည်း မရှာချင်တော့ဘူး။ ညလည်း ရောက်နေပြီဆိုတော့ အေးလည်း အေးလာပြီလေ"

"အင်း… အဲဒါဆို သွားမယ်။ အဘိုး အဆောင်လိုက်ပြမယ်။"

**မီးခလုတ်မှာ ဖုန်အတော်တင်နေဟန်ပင်။ လက်အထိအတွေ့မှာ ဖုန်တွေ သဲတွေ တင်နေတယ်ဆိုတာ အသိသာကြီးပါပင်။ မီးခလုတ်လေးကို ဆတ်ခနဲအဖွင့်မှာတော့ ဖန်ချောင်းရှည်ရဲ့ လင်းအားက အခန်းတစ်ခုလုံး လင်းထိန်သွားတော့သည်။**


www.burmeseclassic.com

www.burmeseclassic.com

အဆောင်က ဒီလမ်းကြားလေးအတိုင်း အပေါ်ကို တော်တော်လေး တက်သွားရမယ်ကွဲ့။ တခြားအဆောင်တွေနဲ့တော့ နည်းနည်းဝေးတယ်။ သား နေရဲ့ပါ့မလား။ လျှပ်စစ်မီးတော့ ရပါတယ်ကွ"

"ဟာ…အဘိုးကလည်း ဘာလို့မနေရဲရမှာလဲ။ သားက တောသားပါဗျ။ ဘယ်လိုနေရရ ဖြစ်တယ်"

"ဟားဟား…စိတ်ဓာတ်တော့ ကြိုက်သွားပြီကွာ။ ယောကျ်ားဆိုတာ အဲဒီလိုကို ဖြစ်နေရမယ်"

အဘိုးက ကျွန်တော့်စကားကြားတော့ သဘောကျကျကြီး ရယ်ရှာ၏။ ကျွန်တော်တို့ အပေါ်လမ်းမြောင်လေး အတိုင်း တော်တော်လေး တက်ခဲ့ရတယ်။ အဘိုးက ပေါ့ပေါ့ပါးပါးနှင့် အတော်တက်နိုင်သူပါ။

လမ်းမီးတိုင် မရှိတာမို့ တစ်လမ်းလုံး မှောင်မည်းလို့ပါ။ အဘိုးတွင် ဓာတ်မီးပါလာ၍ တော်ပါသေး၏။ ခဏကြာ လျှောက်လာချိန်မှာတော့ အဖိုးရဲ့ အဆောင်ကို ရောက်ရှိခဲ့၏။ အဆောင်ကြီးက သီးခြားကြီး။ ဘေးမှာ အိမ်တစ်လုံးမှ မရှိပါ။ အဆောင်ကို ရောက်တော့ အဘိုးက အနွေးထည်အိတ်ကပ်ထဲက သော့တွဲလေးကို ထုတ်ပြီး အဆောင်ခြံတံခါးကို ဖွင့်လိုက်သည်။

အဆောင်က နည်းနည်းဟောင်းနေပြီဆိုပေမယ့် သပ်သပ်ရပ်ရပ်ရှိပါသည်။ တစ်ထပ်တန်းလျားအရှည်ကြီးက မျက်နှာချင်းဆိုင်လိုက် အနေထားဖြင့် နှစ်ဆောင်ပြိုင်ကြီးပါ။ အဆောင်တွေရဲ့နောက်မှာ ရေချိုးရန် အုတ်ကန်နှင့် အိမ်သာတွဲလျက်။ တစ်ခြံလုံး မီးရောင်ဆိုလို့ အဆောင်နှစ်ဆောင်ရဲ့ကြားမှာ အိကြာကွေး မီးသီးတစ်လုံးနှင့် အဆောင်နောက်ဖေး အုတ်ကန်နားလေးမှာ ဖန်ချောင်းလေး တစ်ချောင်းပါပဲ ရှိပါသည်။

တချို့နေရာများဆို မှောင်ပိန်းလို့။ ကြောက်တတ်သူအဖို့ အေးစိမ့်စိမ့်နှင့် အသည်းယယ်ချင်စရာ။ သေချာတာတော့ ကျွန်တော် မကြောက်ပါဘူး။

"ကဲ…ကောင်းလေး၊ အခန်းတိုင်းမှာ မီးချောင်းရှိတယ်။ သော့မခတ်ထားဘူး။ အဆင်ပြေတဲ့ အခန်းကို ဝင်နေလိုက်နော်။ နည်းနည်းတော့ ရှင်းရလိမ့်မယ်"

"ဟုတ်၊ ရပါတယ် အဘိုး။ ကျေးဇူးပါပဲဗျာ။ ဩော်…ဒါနဲ့ သား အဆောင်ခ ပေးဦးမယ်လေဗျာ"

"ပေးစရာမလိုပါဘူး သားရယ်။ ဒီအဆောင်က ဖျက်တော့မှာပါ။ အခုက အလုပ်သမားတွေ မအားသေးလို့ နောက် သုံးလလောက်နေမှ ဖျက်ဖြစ်မှာ။ ကျောင်းချိန်ပြီးတဲ့အထိ ဒီမှာ အေးဆေးသာ နေ။ အဆောင်ခ ပေးစရာမလိုဘူး။ ဟုတ်ပြီလား"

"ကျေး…ကျေးဇူးတင်ပါတယ် အဘိုးရယ်"

"အေး…အေး၊ ကောင်းပြီ။ အေးဆေးနားချည်။ ရေချိုးရင် ဟိုကအုတ်ကန်မှာ ချိုးနော်။ ညသိပ်ရေဆိုတော့ အရမ်းတော့ အေးမှာပဲ။ အကြာကြီး မချိုးနဲ့၊ နေမကောင်းဖြစ်လိမ့်မယ် ကောင်လေးရေ"

"ဟုတ်…ဟုတ် အဘိုး။ သား အဘိုးကို အရမ်းကျေးဇူးတင်တယ်ဗျာ"

"မလိုပါဘူး ကောင်လေးရယ်။ အဘိုးက သားမှမဟုတ်ဘူး၊ ဒီကွ ရောက်သူတိုင်းကို ကူညီနေကျပါ။ အဘိုးနှင့် သား ရေစက်ပါလို့ တွေ့ရတယ်၊ ကူညီခွင့်ရတယ်လို့ပဲ သဘောထားပါတယ်။ ကဲ…ကဲ အဘိုးသွားပြီ"

"ဟုတ်…ဟုတ် အဘိုး။ ဂရုစိုက်ပြန်နော်။ အဘိုးအိမ်က ဘယ်နားလေးမှာလဲ။ မနက် သား လက်ဖက်ရည်တိုက်မယ်။ အဘိုးကို လာခေါ်မယ်"

"အဘိုးအိမ်က အောက်နားလေးမှာပါ။ တိုက်တော့လည်း သောက်ရတာပေါ့ကွာ။ ကဲ…သွားပြီပေါ့"

"ဟုတ်…ဟုတ် အဘိုး"

ကျွန်တော်သည် သဘောကောင်းလှသည့် ကျေးဇူးရှင် အဘိုးကို အချိန်အကြာကြီး ငေးကြည့်ပြီး အဘိုး၏ ပုံရိပ် မြင်ကွင်းထဲက ပျောက်ကွယ်သွားသည့်အခါမှ မျက်လွှာချမိပါတော့သည်။

◈◈◈

အဘိုးလည်း ပြန်သွားရော ကျွန်တော်တစ်ယောက်တည်း လွတ်လွတ်လပ်လပ် ခြံမျက်နှာဝဘက်က အစွန်ဆုံးအခန်းကို ကျွန်တော်နေဖို့ ရွေးချယ်လိုက်ပါသည်။

အသာစေ့ထားသည့် အခန်းသွပ်တံခါးလေးကို တွန်းအဖွင့်မှာတော့ တံခါးရိုက်သံက ဒိန်းခနဲ အတော်လေး ကျယ်သွား၏။ သွပ်တံခါးဆိုတော့ အသံက တော်ရုံကျယ်တာ မဟုတ်။ တိတ်ဆိတ်တဲ့ ပတ်ဝန်းကျင်မှာ အတိုင်းအတာတစ်ခုအထိ ဟိန်းထွက်သွား၏။

တံခါးဖွင့်ဖွင့်ချင်းပါပဲ၊ အောက်သိုးသိုး ဖုန်တွေ သဲတွေရဲ့ အနံ့က ကျွန်တော့်ကို ဆီးကြိုလို့ နေပါသည်။ အပြင်ဘက် အဆောင်နှစ်ဆောင်အလယ်တွင် ထွန်းထားသော မီးရောင်ကို အားပြု၍ ကျွန်တော် အခန်းမီးခလုတ်ကို ရှာမိသည်။ တွေ့ပြီ။ မီးခလုတ်က အခန်းဝင်ဝင်ချင်းအတွင်း ပါပဲ။

မီးခလုတ်မှာ ဖုန် အတော်တင်



www.burmeseclassic.com

www.burmeseclassic.com

နေဟန်ပင်။ လက်အထိအတွေ့မှာ ဖုန်တွေ သဲတွေ တင်နေတယ်ဆိုတာ အသိသာကြီးပါပင်။ မီးခလုတ်လေးကို ဆတ်ခနဲအဖွင့်မှာတော့ ဖန်ချောင်းရှည်ရဲ့ လင်းအားက အခန်းတစ်ခုလုံး လင်းထိန်သွားတော့သည်။

အခန်းထဲမှာ ခပ်တောင့်တောင့် တစ်ယောက်အိပ် ခုတင်တစ်လုံးက အခန့်သား တည်လျက်။ ခုတင်ခေါင်းရင်းဘေးမှာတော့ စာကြည့် စားပွဲငယ်လေးတစ်လုံး ရှိပါသည်။ ဒီလောက် အခန်းဖွဲ့စည်းမှုမျိုးဆိုပါက ကျွန်တော့်လို ကျောင်းသားတစ်ယောက်အတွက်တော့ ပြည့်စုံပါသည်။

ကျွန်တော် ခရီးဆောင်အိတ်တွေကို ကွန်ကရစ်ခင်းထားတဲ့ ကြမ်းပြင်ပေါ် ပြစ်ချလိုက်၏။ ခုတင်ပေါ်မှာလည်း ဖုန်တွေက လက်တစ်ဆစ်လောက် တောင်တင်နေ၍ အတော်လေး ရှင်းယူရပါမည်။ သို့သော် မတတ်နိုင်ပြီ။ ဝက်ဖြစ်မှတော့ ရွှံ့ကြောက်၍ မဖြစ်သလို၊ အမြန်ဆုံး ရှင်းလင်းရပါမည်။

အခန်းထဲ အနံ့အသက်ပျောက်အောင်အလို့ငှာ ကျွန်တော့်ခေါင်းရင်းက ပြတင်းပေါက်လေးကို အသာဖွင့်လိုက်သည်။ ပြတင်းပေါက်က မဖွင့်တာ ကြာလို့ ထင်ရဲ့ အတော်လေး ကျပ်နေလေ၏။ ပြတင်းတံခါးကို အဖွင့်မှာတော့ အပြင်က တဟူးဟူးတိုက်နေတဲ့ လေအေးတွေ အခန်းထဲ အလုံးအရင်းနှင့် ဝင်ရောက်လာခဲ့ပါတော့သည်။ လူလည်း အတော်လန်းဆန်းသွားခဲ့ရပါသည်။

အနည်းငယ် အဝေးကို မျှော်ကြည့်လိုက်တော့ ဗိုး....လှလိုက်တဲ့ မြင်ကွင်း။ ကျွန်တော်ရောက်နေတာ တက္ကသိုလ်ကျောင်းကြီးရဲ့ အနောက်ဘက် တောင်တန်းပေါ်မှာပဲ။ အောက်



မှာ မီးရောင်စုံတွေနှင့် တောင်ပေါ်မြို့လေး၊ လှလိုက်တာ လွန်ပါရော။ အရှေ့ဘက် တောင်တန်းက မီးရောင်တွေက စီစီရီရီဖြင့် အရောင်အသွေးစုံလို့။

တက္ကသိုလ် အဆောင်တွေရဲ့ အပေါ်ဘက် ကုန်းလေးမှာ ရှိတဲ့ တောင်ကြီးမြို့ရဲ့ ကျက်သရေဆောင် စူဠာမုနိဘုရားကြီးက ဝါစိမ်းနီပြာ ရောင်စုံမီးတွေနှင့် သပ္ပာယ်လိုက်တာ။ ကျွန်တော် အဝေးကနေ ဘုရားကို လက်ဆယ်ဖြာမိုး ဦးခိုက်လိုက်သေးလေရဲ့။ အရမ်းသာယာတဲ့ ရှုခင်းကို မြင်လိုက်ရသည့်အတွက် ကျွန်တော် ကျေနပ်မိပါသည်။

ကျွန်တော် ဤသို့ အပြင်ကို ငေးကြည့်နေစဉ် ရုတ်တရက် အုတ်ကန်ဘေးလေးက အရိပ်မည်းကြီးတစ်ခုကို ကျွန်တော် မြင်လိုက်ရသည်။ လူတစ်ယောက်ရဲ့ အရိပ်ပါ။ အရိပ်က ဘေးအခန်းက လာဟန်တူပါသည်။ အဘိုးပြောတော့ အဆောင်မှာ တစ်ယောက်မှ မရှိဘူးဆို။ ဘယ်လိုလုပ် လူရှိနေပါလိမ့်။

အဘိုးက ကျွန်တော်ကြောက်တတ်သည်အထင်ဖြင့် သွေးတိုးစမ်းပြီး တစ်ယောက်မှ မရှိဟု ပြောခြင်းဖြစ်ပါလိမ့်မည်။ ကျွန်တော် ပြတင်းပေါက်ကတစ်ဆင့် ဘေးအခန်းကို လှမ်းကြည့်လိုက်၏။ ကျွန်တော်နှင့် တစ်ခန်းကျော်က အခန်းမှာ မီးလင်းနေ၏။ ယခုမှ အပြင်က ပြန်လာခြင်းတော့ မဖြစ်နိုင်။ မည်သို့ဆိုစေ၊ ကျွန်တော့်အခန်းက ခြံတံခါးနှင့် မျက်နှာချင်းဆိုင်ဆိုတော့ ထိုအခန်းက လူ ပြန်လာဦးတော့ ကျွန်တော်နှင့် အရင်တွေ့ရပါလိမ့်မည်။

သေချာသည်။ အိပ်ပျော်နေပြီး ယခုမှ နိုးခြင်းဖြစ်ဟန်တူ၏။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ဒီအဆောင်ကြီးမှာ တစ်ယောက်တည်း မဟုတ်တဲ့ အဖော်ရှိတော့ ကောင်းတာပေါ့လေ။

◈◈◈

ကျွန်တော် အခန်းရှင်းဖို့ ပြင်လိုက်စဉ်မှာ ကျွန်တော် အခန်းရှေ့ကို လူတစ်ယောက် လာရပ်သောကြောင့် ကျွန်တော် နောက်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်တယ်။

ပြုံးချိုချိုမျက်နှာက ကျွန်တော့်ကို နှစ်လိုဖွယ် ဆီးကြိုလေရဲ့။ ထိုသူရဲ့ပုံက ခေတ်နှင့်အညီ ဝတ်စားထားသော အဝတ်စားများကြောင့် တက္ကသိုလ်ကျောင်းသာပဲ ဖြစ်မယ်ဆိုတာ သိသာပါသည်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ယောက်ျားပီသတဲ့ မျက်နှာလေးကို ပိုင်ဆိုင်ထားသူပါ။ မရိတ်တာ ကြာလို့ ရှည်နေတဲ့ နှုတ်ခမ်းမွေးတွေက နိုင်ငံခြားမင်းသားလို မျက်နှာပေါက်မျိုးဖြစ်နေပါသည်။ ကျွန်တော့် ကိုပြုံးပြစဉ် ပေါ်နေသော သွားများက ဖွေးပြီး ညီလို့ပါ။

ရုပ်ဆင်း၏ ကောင်းခြင်းနှင့် ပြည့်စုံတဲ့ အစ်ကိုတစ်ယောက်ပါပဲ။

"ညီလေး... ဒီအဆောင်ကို ပြောင်းလာတာလား"

သူ့စကားသံက ဝဲတဲတဲလေးပါ။ နေတိုင်းရင်းသားဆိုတာကို ကျွန်တော်

www.burmeseclassic.com

တို့ လူမျိုးတူခြင်းကြောင့် ရိပ်စားမိပါတယ်။

"ဟုတ်တယ် အစ်ကို။ အဆောင်မရဘူးဖြစ်နေတာ အဘိုးတစ်ယောက်က ကျွန်တော့်ကို တွေ့ပြီး လိုက်ပို့ပေးလို့ တော်ပါသေးရဲ့ဗျာ"

"သြော်…အသားဖြူဖြူ အရပ်ပုပုနှင့်မုတ်လား။ ဘကြီးမွှေးပဲ ဖြစ်လိမ့်မယ်"

"နာမည်တောင် မမေးလိုက်ရပါဘူး အစ်ကိုရယ်။ လောလော လောလောနှင့်ဆိုတော့။ ဒါနဲ့ အစ်ကို့အသံနားထောင်ရတာ ဓနုတိုင်းရင်းသားထင်တယ်"

"သိပ်မှန်တာပေါ့ကွာ။ အစ်ကိုက ကလောကပါ။ ကိုယ့်နာမည်က နေယံ"

"ကျွန်တော်လည်း ဓနုတိုင်းရင်းသားပဲ အစ်ကို။ တွေ့ရသာ ဝမ်းသာပါတယ်။ ကျွန်တော်က ညီညီပါ။ ရပ်စောက်မြို့ကပါ"

"ဒါနဲ့ အခန်းကူရှင်းပေးရမလား။ တံမြက်စည်းမရှိရင် အစ်ကို့အခန်းဆီ လာယူလေ"

"အခန်းတော့ ကူမရှင်းပါနဲ့ အစ်ကိုရယ်။ ရပါတယ်ဗျာ။ ကျွန်တော့်ကို တံမြက်စည်းပဲ ငှားပေးပါ"

"အေး…အေး။ လိုက်ယူလှည့်"

ဒီလိုနှင့် ကျွန်တော်လည်း ထို အစ်ကိုအခန်းထဲသို့ လိုက်ခဲ့ပါတော့သည်။ အခန်းထဲရောက်သည့်အခါ အခန်းက နှစ်ရှည်လများ နေထားသည့်ပုံစံတောင်ဖြစ်နေပါပြီ။ ဒီအစ်ကို ကြည့်ရသည်မှာ အဝေးသင်ကျောင်းသားမဟုတ်ဘဲ နေ့ကျောင်းသားဖြစ်ဟန်တူပါသည်။ နေ့ကျောင်းတွေ ပိတ်တာ တစ်လလောက်ရှိပြီကို မပြန်သေးဘဲ နေ့,နေဟန်တူ၏။

အင်းလေ၊ ငွေကြေးပြည့်စုံသူတွေအတွက်တော့ တက္ကသိုလ်ဘဝက သာသာယာယာပဲကိုး။

"ကဲ…ရော့ ညီလေး။ တံမြက်စည်းကတော့ သိပ်မကောင်းတော့ဘူး။ လှည်းလို့တော့ ရသေးပါတယ်ကွ။ ဟားဟားဟား…"


"ရပါတယ် အစ်ကို။ ကဲ…ကျေးဇူးပဲဗျာ။ ကျွန်တော်သွားရှင်းလိုက်ဦးမယ်။ အခုလို ကူညီတာ တကယ်ကျေးဇူးတင်ပါတယ်ဗျာ။ နို့မို့ ဘာနှင့်လှည်းရမလဲတောင် မသိဘူး"

"ရပါတယ် ညီလေးရာ။ ရေစက်ရှိလို့ ဆုံရတာပဲ။ ဟုတ်ဘူးလားပဲ့နော့"

စကားအဆုံးမှာ ကျွန်တော့်ကို ဓနုစကားနှင့် နောက်ပြောင်လိုက်သေး၏။ ဟုတ်တယ်မဟုတ်လား သူငယ်ချင်းကို ဓနုလို ပြောလိုက်ခြင်းဖြစ်ပါသည်။

ဟုတ်ပါသည်။ ဒီအစ်ကိုရော၊ စောစောက အဘိုးပြောသလိုရော၊ ကျွန်တော်တို့တွေဟာ ရေစက်ရှိလို့ ဆုံကြရသူတွေပါ။

ကျွန်တော် အခန်းရှင်းပြီးတော့ တံမြက်စည်းသွားပြန်ပေးမည်အပြုမှာ ကိုနေယံအခန်းတွင် မီးရောင်မရှိတော့



ပါ။ အိပ်နေပြီထင်ပါ၏။ မနက်မှပဲ ပေး
တော့မည်ဟူသော အတွေးဖြင့်
ကျွန်တော်သည်လည်း ခရီးပန်း
သည်ဖြစ်သောကြောင့် ရေချိုးပြီး
အသင့်ပါလာသော မုန့်ကို စား၍ အိပ်
စက်လိုက်ပါတော့သည်။

◈◈◈

တောင်ကြီးမြို့ရဲ့ ရာသီဥတု
ထုံးစံအတိုင်း နေမြင့်လာလေ အေး
ဖြစ်နေ၏။ အပြင်က မြူနှင်းများ
အခန်းပြတင်းပေါက် အကြိုအကြား
ကနေ တိုးဝင်လို့လာခဲ့လေသည်။ အိမ်
မှာကတည်းက ပေါ့ပေါ့ပါးပါး သယ်ခဲ့
သော စောင်နှစ်ထည်ကလည်း အအေး
ဒဏ်ကို တားဆီးပေးနေခြင်း မရှိ
ပါချေ။

အဆောင်ဖော် ကိုနေယံ
တော့ နိုးပြီလား မသိ။ ကိုနေယံ
ခေါ်ပြီး အဘိုးမွှေးဆီသွားလို့ လက်ဖက်
ရည်သောက်ရမယ်လို့ စိတ်ကူးပြီး
ကျွန်တော် တင်းနေအောင် ခေါင်းမြှီး
ထားသော စောင်ကို ခွာချလိုက်
တော့သည်။ ထို့နောက် အိပ်ရာထ
ဖြစ်ပြီး လန်းဆန်းနေတာကြောင့် ခုတင်
ပေါ် ထ,ထိုင်ကာ စောင်ကို ခေါက်
လိုက်ပါသည်။

အိုး…ကျွန်တော့် ခုတင်ပေါ်
ဖုန်တွေ အများကြီးပဲ။ စောင်
ကျွန်တော့်အဝတ်တွေလည်း အ
ပေကျံကုန်လေပြီ။ ကျွန်တော် မ
ညက သေချာလှည်းထားသည့်
ဘယ်ကနေ ဘယ်လိုလာကုန်ကြ
မသိ။ ဖုန်တောထဲမှာ ခင်းအိပ်ခဲ့
ဖြစ်တာမို့ ကျွန်တော့်တစ်ကိုယ်
လည်း ယားယံလာပါသည်။

ကျွန်တော် စိတ်ပျက်သလို
တစ်ချက်သပ်လိုက်ပြီး အခန်း
လှည်းကျင်းဖို့ တံမြက်စည်းကို



www.burmeseclassic.com

www.burmeseclassic.com

မှာတော့ . . .

"ဟင်. . .ဘယ်လိုလုပ်လို့ မနေ့ညက ထားထားတဲ့ တံမြက်စည်းက ဒူးဖိနပ်စုတ်ကြီးဖြစ်နေတာပါလိမ့်"

ကိုနေယံ မနေ့ညက ကျွန်တော့်ကို ငှားပေးတာ တံမြက်စည်းအစစ်ပါ။ သိပ်မကောင်းတော့ဘူး ဆိုလို့တောင် ကျွန်တော် သေချာကြည့်လိုက်သေးသည်။ တံမြက်စည်းက ရိုးတံတိုပေမယ့် အမြီးရှည်တာကြောင့် ကောင်းစွာလှည်းကျင်းလို့ ရပါသေး၏။ ပြီးတော့ ဒီဖိနပ်စုတ်က မနေ့ညက မရှိပါဘူး။ ဘယ်လိုက ဘယ်လို ခြေထောက်ပေါက်ပြီး ဒီဖိနပ်စုတ်က ဒီနေရာ ရောက်နေပါလေ့။ ကျွန်တော် စိတ်တိုတိုနှင့် ဖိနပ်စုတ်ကို ခြေထောက်နှင့် ကန်ထုတ်ပစ်လိုက်သည်။

အဲဒီနောက်တော့ ကိုနေယံကို သွားနှိုးမည်အကြံနှင့် ကိုနေယံအခန်းဘက် ကျွန်တော်ထွက်ခဲ့လိုက်သည်။

ကိုနေယံအခန်းတံခါးကလည်း ပင့်ကူမျှင်တွေတောင် စွဲလို့။ ရုပ်လေးချောသလောက် တော်တော်ညစ်ပတ်တဲ့ ကိုနေယံပါပဲ။

တံခါးကို ခပ်ကြမ်းကြမ်းခေါက်လိုက်ချိန်မှာတော့ အသာစေ့ထားတဲ့ တံခါးက ဂွန်းခနဲ ပွင့်သွားသည်။ အထဲရောက်တော့ ကျွန်တော့်မျက်လုံးတွေ မယုံနိုင်အောင်ပါဘဲ။

ဖုန်အလိမ်းလိမ်းတက်နေသော ခုတင်တစ်လုံးမှလွဲ၍ အထဲမှာ ဘာမှမရှိ။ မနေ့ညက ကိုနေယံအခန်းက ဒီအခန်းဟုတ်ပါသည်။ ကျွန်တော်နှင့် ဘေးတိုက် တစ်ခန်းကျော်က ကိုနေယံအခန်းပါ။

ကမန်တော် မယုံနိုင်စရာ အဖြစ်အပျက်တွေကြောင့် ကြောက်သလိုဖြစ်လာခဲ့ပြီး အဆောင်မှာ ရှိတဲ့ အခန်းတံခါးစေ့ကို ခြေထောက်နှင့် လိုက်ကန်ပြီး ဖွင့်လိုက်၏။ လူမနေတာ ကြာသော အခန်းပျက်များမှတစ်ပါး အခြားမတွေ့ပါ။ စောစောစီးစီး ကျွန်တော့်နဖူးက ချွေးစတွေ ကျလာပါပြီ။

ကျွန်တော် မကြောက်တတ်ပေမယ့် ကယောင်ချောက်ချားဖြစ်လာခဲ့ပါတော့သည်။ စိတ်လှုပ်ရှားစွာဖြင့် ကျွန်တော့်အခန်းဆီ ပြန်အလာမှာတော့ ဖုန်တွေ အလိမ်းလိမ်းတက်နေသော ခုတင်ပေါ်က ကျွန်တော့်အခင်းစောင်များက မြင်မကောင်းစရာ။

ကျွန်တော် အလွန်တရာ ကြောက်လန့်သွားခဲ့ပါတော့သည်။ ထို့ကြောင့် ခြံတံခါးဆီ အပြေးသွားပြီး ထွက်ပြေးမယ်လုပ်တော့ ခြံတံခါးကြီးက ရောမ အာမခံ သော့ကြီးခတ်လျက်။

"ကယ်ကြပါဦးဗျာ။ ကျွန်တော့်ကို ကယ်ကြပါဦး"

ရွာတွင် လယ်ထဲမှာ ငှက်ခြောက်နေကျ ကျွန်တော့်အသံ ဘယ်လောက်အောင်သည် မသိ။ တောင်အောက်က လူနှစ်ယောက် ကျွန်တော့်ထံကို ပြေးတက်လာကြ၏။ အဲဒီလူတွေ ရောက်လာတော့ ကျွန်တော် သံတံခါးကြား အားကိုးတကြီးနှင့် သူတို့လက်ကို လှမ်းဆွဲပြီး အကူအညီတောင်းလိုက်သည်။

"ကယ်ကြပါဦး အစ်ကိုတို့ရယ်။ ကျွန်တော့်ကို ဒီအထဲက ထုတ်ပေးပါဦးလားဗျာ"

"မင်း ဘယ်လိုလုပ် ဒီအဆောင်ပျက်ထဲ ရောက်နေတာလဲ"

"ကျွန်တော့်ကို အဘိုးကြီးတစ်ယောက်ခေါ်လာတာ။ အထဲမှာလည်း မနေ့ညက အစ်ကိုတစ်ယောက်ကို တွေ့တယ်။ ဒီမနက်တော့ သူလည်းမရှိဘူး"

"ဩော်. . . မင်း ဘကြီးမွေးတို့နှင့် ကြုံခဲ့ပြန်ပြီကိုး။ ကဲ. . . ဘာမှကြောက်မနေနဲ့၊ သူတို့က လူကောင်းတွေပါ။ လူတွေကို ကူညီတာ။ အန္တရာယ်မပေးဘူး။ မကြောက်နဲ့။ တံခါးသော့က ငါတို့မှာလည်း မရှိဘူး။ အုတ်တံတိုင်းကို ကျော်တက်ပြီး လာခဲ့မယ်။ အဲဒီမှာပဲ နေ၊ ဟုတ်ပြီလား"

"ဟုတ်. . .ဟုတ်ကဲ့ပါဗျာ"

ဤသို့လျှင် အုတ်တံတိုင်းက ကျော်ထွက်ကာ ကျွန်တော့်အထုပ်တွေ ပြန်သယ်ပြီး အဲဒီအဆောင်နှင့် လမ်းခွဲခဲ့ပါတော့သည်။

◈◈◈

"တကယ်တော့ မနေ့ညက ညီလေး တွေ့ခဲ့တဲ့သူတွေဟာ မကျွတ်မလွတ်ကြသေးတဲ့ ပရလောကသားတွေပါ။ မင်းကို လိုက်ပို့တဲ့ အဘိုးက ဘကြီးမွေးလို့ခေါ်တယ်။ အဲဒီအဆောင်ကလည်း သူ့အဆောင်ပဲ။

ဘကြီးမွေးက အရမ်း စိတ်နှလုံးကောင်းရှိတာ။ ပိုက်ဆံလည်း ချမ်းသာတော့ အဲဒီအဆောင်ကို ဆောက်ပြီး ကျောင်းလာတက်သူတွေကို ဈေးပေါပေါနှင့် ငှားပေးရှာတယ်။ ညီလေးလိုပဲ အဆောင်ရှာရခက်နေတဲ့ ကျောင်းသားတွေကို . သူ သက်ရှိထင်ရှားရှိနေကတည်းက ကူညီနေကျပဲ။ သူ့အဆောင်ကို အမြဲတမ်း ခေါ်ခေါ်သွားတတ်တယ်။

အဆင်ပြေလို့ အဆောင်ခ ပေးရင်တော့ ယူတယ်။ မပေးလည်း ဘကြီးမွေးက ဘာမှမဖြစ်ဘူး။ စိတ်ထားကောင်းပေမယ့် သေတဲ့အခါ အဲဒီသူ့အဆောင်ကြီးနှင့် ကျောင်းသားလေးတွေအတွက် ကုသိုလ်လုပ်မယ်ဆိုတဲ့ အစွဲအလမ်းစိတ်ကြောင့် မကျွတ်





www.burmeseclassic.com

www.burmeseclassic.com

မလွတ်ဘဲ ဖြစ်နေရတာ သနားစရာတော့ ကောင်းပါတယ်။ အခုထိ ဝိညာဉ်ဘဝနဲ့လည်း ညီလေးလိုပဲ ဒုက္ခရောက်နေတဲ့သူတွေကို သူ့အဆောင်ခေါ်သွားနေကျပဲ။

အဆောင်ရဲ့ အောက်ဘက်လမ်းကြားလေးအတိုင်း ဆင်းသွားရင် သူ့အိမ်ကြီး ရှိတယ်။ အိမ်ရှေ့မှာ စတိုးဆိုင်ကြီးနဲ့လေ။ ခုတော့ အဲဒီအိမ်ကြီးမှာ သူ့သမီးတွေ နေတယ်"


"ဟုတ်တယ် အစ်ကို။ မနေ့ညကလည်း ကျွန်တော် ဘကြီးမွေးကို အဲဒီဆိုင်ရှေ့မှာ တွေ့တာ။ ကျွန်တော် အဲဒီဆိုင်မှာ ရေဝယ်သောက်ရင်း တွေ့တာပဲ။ ကျွန်တော်က အကျိုးအကြောင်း ပြောပြတော့ သူကိုယ်တိုင်ပဲ ကျွန်တော့်ကို လိုလိုချင်ချင်နှင့် အဲဒီအဆောင်ကို လိုက်ပို့တာပဲ"

"အင်း...သူက အဲဒီလိုပဲ ကူညီနေကျ။ အဲဒီအဆောင်ကို ရောက်သွားတဲ့သူတိုင်းကလည်း ညီလေး မနေ့ညက ကြုံတွေ့ခဲ့ရသလိုမျိုး ကြုံတွေ့ရတာပဲ"

ကျွန်တော့်ကို ကူညီပြီး အဆောင်ထဲက ထုတ်ပေးခဲ့သော အစ်ကိုနှစ်ယောက်ကို ကျွန်တော်က လက်ဖက်ရည်တိုက်ရင်း ညက ကြုံတွေ့ခဲ့ရသည့် အကြောင်းကို မေးမြန်းခဲ့ပါသည်။ ထိုအစ်ကိုနှစ်ယောက်၏ အကူအညီဖြင့် ကျွန်တော် အဆောင်တစ်ဆောင်မှာ အခန်းရခဲ့ပါသည်။

"ဒါနဲ့ ကျွန်တော် မနေ့ညက တွေ့ခဲ့တဲ့ ကိုနေယံရော၊ သူလည်း ပရလောကသားပဲပေါ့၊ ဟုတ်လား"

"ဪ...ဟုတ်သားပဲ၊ နေယံအကြောင်းပြောဖို့ ကျန်ခဲ့တယ်။ သူက ဒေးကျောင်းသား။ ကလေးမြို့ကနေ ကျောင်းလာတက်တာ။ သူက



တက္ကသိုလ်မှာ ကင်းလေ။ အရမ်းချောတော့ ကောင်မလေးတွေဆို ဝိုင်းနေတာပဲ။

သူကလည်း ချောသလို၊ ကောင်မလေးတွေနဲ့ ရှုပ်တာ အားကြီးပဲ။ ရည်းစားတွေဆို အယောက်ပေါင်း မရေနိုင်အောင်ထားတာ။ လူပျိုသဘာဝ ပွေတာ ရှုပ်တာဆိုပေမယ့် နေယံက စိတ်ကောင်းတော့ ရှိပါတယ်ကွာ။

တစ်နေ့တော့ အစာအဆိပ်သင့်သလိုလို၊ ရောဂါဖြစ်သလိုလို ဖြစ်ပြီး အဲဒီအဆောင်က သူ့အခန်းလေးထဲမှာပဲ ဆုံးရှာတယ်။ သူလည်း အခုထိ မကျွတ်လွတ်သေးဘူး။

ဘကြီးမွေးဆုံးတဲ့ နှစ်မှာပဲ သူလည်း ဆုံးတာလေ။ အဲဒီအဆောင်က သူ့အခန်းမှာ တခြားသူတွေ နေလို့ မရဘူး။ နေယံက ခြောက်တာပေါ့ကွာ။ အစက ဘကြီးမွေး သေပြီး အဲဒီအဆောင်ကို ဆက်ငှားသေးတယ်။ နောက် နေယံလည်း သေပြီးရော နေယံ ခြောက်လို့ဆိုပြီး ဘယ်သူမှ အဲဒီအဆောင်ကို လာငှားမနေတော့တာ။ အဲဒီအဆောင်လည်း ခုလို သော့ကြီးခတ်ပြီး အိုသွားတာပေါ့ကွာ။

နေယံကတော့ အဲဒီမှာပဲ အမြဲရှိနေဆဲပဲ။ ညညဆို သူနေတဲ့ အခန်းက မီးလင်းလင်းနေတာကို ဒီရပ်ကွက်က လူတိုင်း သိတယ်။ အဆောင်ကလည်း ရပ်ကွက်အစွန်မှာ သီးခြားဆိုတော့ ဘယ်သူမှ ဒီအဆောင်ဘက်ကို မလာကြပါဘူး။ အခုလို သော့ကြီးခတ်ပြီး ချိတ်ပိတ်ထားရတာပေါ့"

ဇာတ်လမ်းကို အလုံးစုံ သိလိုက်ရမှ ကျွန်တော်လည်း သူတို့နှစ်ယောက်လုံးနှင့် ဆုံခဲ့တာကို တွေးကြည့်ပြီး ဘကြီးမွေးရဲ့ သဘောကောင်း မနောကောင်း မျက်နှာလေးနှင့် ကိုနေယံရဲ့ ခပ်ချောချော မျက်နှာလေးကို မျက်စိထဲ ပြန်လည်မြင်ယောင်လာမိခဲ့သည်။ မည်သို့ပင် ဆိုစေကာမူ၊ ဘကြီးမွေးရော၊ ကိုနေယံရော ကျွန်တော့်ရဲ့ ကျေးဇူးရှင်တွေပါပဲ။ ဘကြီးမွေးနှင့် ကိုနေယံတို့ရဲ့ အကူအညီကြောင့်သာ ကျွန်တော် မနေ့ညက ကောင်းစွာ အိပ်စက်ခဲ့ရတာပါ။

သူတို့မျက်နှာနှင့် သူတို့ ပြောတဲ့ စကားသံတွေကလည်း ကျွန်တော့်နားထဲက မထွက်ပါ။

ဘကြီးမွေးနှင့် ကိုနေယံတို့ ပြောသလိုပဲ ကျွန်တော်ဟာ သူတို့နှင့် ရေစက်ရှိလို့ ကြုံခဲ့ရတာပါ။


ဘကြီးမွေးနှင့် ကိုနေယံတို့ နှစ်ယောက်စလုံး ကျွန်တော်နှင့် ရေစက်ဆုံခဲ့သူတွေပါပဲ။

□



www.burmeseclassic.com

www.burmeseclassic.com



## အကြွေးငွေ ပြန်ရစေ

# ဝိဋ္ဌာယတြာချေ

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

တစ်နေ့တွင် ကျွန်ုပ် စာရေးသူ ဗေဒင်ဟောခန်းသို့ ဇနီးမောင်နှံစုံတွဲ ရောက်ရှိလာပါသည်။ သူတို့သည် တာမွေဘက်တွင် နေထိုင်သူများ ဖြစ်ပြီး ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းတွင် ပါရှိသော ကြော်ငြာစာကို ဖတ်ပြီး လာရောက်ခြင်းဖြစ်ကြောင်း ဦးစွာပထမ မိတ်ဆက်စကားပြောပါသည်။

ကျွန်ုပ်မှ မည်သူ့အတွက် တွက်ချက်ဟောပြောပေးရမလဲဟု မေးသည့်အခါ ဇနီးဖြစ်သူမှ နှစ်ဦးစလုံးအတွက်ပါပဲဟု ပြောသည်။ ထို့ကြောင့် ကျွန်ုပ်လည်း သူတို့ နှစ်ဦးစလုံး၏ မွေးသက္ကရာဇ်ကို မေး၍ တွက်ချက်ဟောပြောပေးလိုက်ပါသည်။ ကျွန်ုပ် ဟောပြောသော အချက်များအားလုံးကို သူတို့ စိတ်မဝင်စားကြပေ။

သူတို့ အဓိက သိချင်၊ မေးချင်၊ ပြုလုပ်ချင်သော အကြောင်းအရာမှာ "အကြွေးငွေ"ကိစ္စဖြစ်နေပါသည်။ အကြွေးကိစ္စဆိုသောကြောင့် တနင်္လာ ငွေနံ(၂)ဂဏန်းကို



www.burmeseclassic.com

www.burmeseclassic.com

ဦးစားပေးကြည့်ရပါသည်။ တနင်္လာဂြိုဟ် နေရာကောင်း၊ အားကောင်းပါက ငွေနံအားကောင်းပြီး ငွေဝင်ခြင်း၊ အကြွေးငွေပြန်ရခြင်းတို့ မြန်စေပါသည်။ ငွေနံ ညံ့နေပါက ငွေနံကောင်းသော ယတြာများလည်း ပြုလုပ်ရမည်။ ထို့နောက် အကြွေးရစေသော ယတြာများကို ချေပေးရပါသည်။

ထို့ကြောင့် ဦးစွာပထမ သူတို့ ဇနီးမောင်နှံအား နဝင်းယတြာချေရန် စနေနေ့သို့ ချိန်းလိုက်ပါသည်။ တနင်္လာနေ့တိုင်းတွင်လည်း ခွေး၊ နို့၊ ငါး၊ ကျီး စသည့် သတ္တဝါတွေကို အစာကျွေးခိုင်းလိုက်သည်။ ကံပွင့် လာဘ်ပွင့် ဂါထာတော်ကိုလည်း ရွတ်ဆိုခိုင်း၊ ပုတီးစိပ်ခိုင်းရပါသည်။ ကံပွင့် လာဘ်ပွင့် ဂါထာအမျိုးမျိုးရှိပါသည်။ နေ့နံအလိုက် ဘုရားရှိခိုး၍ ဆုတောင်းလျှင် ပိုကောင်းပါသည်။ ကျွန်ုပ်အနေဖြင့် ကြုံတိုင်း အောင်အမည်နှင့် ကံပွင့် လာဘ်ပွင့် အောင်မြင်ကြီးပွား ဂါထာမန္တန်များ စာအုပ်ကို ရေးသားထုတ်ဝေထားပါသည်။

**လာဘ်ခေါ် ဂါထာ**

BURMESE CLASSIC

အရဟံ ဗုဒ္ဓေါ အရဟံ
အရဟံ ဗုဒ္ဓေါ ဗုဒ္ဓသ
ဂုဏာ တေဇသာ သဗ္ဗသိဒ္ဓိ
လာဘံ မေဘဝိဿတိ။

ဂါထာတစ်ပုဒ်ဆုံးလျှင် ပုတီးတစ်လုံးချ၍ အနည်းဆုံး ပုတီးတစ်ပတ်စိပ်ပေးပါ။ အကြွေးယူထားသူကိုလည်း မေတ္တာပို့ပေးပါ။ အချို့မှာ အမှန်တကယ် မပေးနိုင်ဖြစ်နေတတ်သည်။ အကြွေးယတြာနည်းအမျိုးမျိုးရှိသည်။ ကံဇာတာနိမ့်နေပါက၊ အလွန်ဆိုးနေပါက နဝင်းပွဲလှူ၊ နဝင်းစီး ယတြာချေပေးရသည်။

ဆုံးရှုံးမလိုဖြစ်နေသော ငွေများ ပြန်လည်ရရှိစေရန် စမတစ်ထောင် ယတြာနည်းလည်း အစွမ်းထက်ပါသည်။ လူတစ်ယောက် ဒီနည်းနှင့် အောင်မြင် အဆင်ပြေသွားပါသည်။ နောက်လူတွေကိုလည်း ပြုလုပ်ခိုင်းရာ ဆယ်ယောက်မှာ ခုနစ်ယောက်တော့ အဆင်ပြေပါသည်။ အချို့ အကြွေးတွေမှာ နှစ်ချီ၍ ကြာနေ၏။ အချို့မှာလည်း လောင်းကစားကြွေးဖြစ်သည်။ လောင်းကစားကြွေးကတော့ တောင်းရအခက်ဆုံးဖြစ်သည်။ ပြန်မရတာက များသည်။ စာရေးသူကိုယ်တိုင်လည်း အကြွေးပြဿနာများ ကြုံတွေ့ရသည်။ ထို့ကြောင့် ကိုယ်တိုင်လည်း ယတြာချေရသည်။ ဘုရားမှာ မုန့်လုံးရေပေါ် ကပ်လှူပေးရသည်။ အကြော်မျိုးစုံ (ဘူးသီးကြော်မပါ)ကပ်လှူရသည်။ ကြက်ဥကြော် ဘုရားကပ်လှူပေးရသည်။

မိမိတို့၏ ငွေကြေးများကို တစ်ဖက်မှ ချေးထားပြီး ပြန်မဘဲ အကြောင်းအမျိုးမျိုးပြ၍ ထစ်ငေါ့ ကြန့်ကြာနေခြင်းများ ကြုံတွေ့ပါက အောက်ဖော်ပြပါ ဓာတ်ဆင် ယတြာနည်းကို သေသေချာချာလုပ်ရပေလိမ့်မည်။

## ဆုံးမလိုဖြစ်နေသော အကြွေးငွေ ပြန်ရစေသောနည်း

အင်္ဂါနေ့ နံနက်စောစော ၇နာရီ ၁၅မိနစ်အချိန်တွင် မိမိတို့ နေအိမ်ဘုရားဌ် ဆွမ်းသုံးပွဲ၊ အောင်သပြေ (၁၀)ညွှန့် ကပ်လှူရမည်။ မည်သည့်ဆွမ်းမဆို ကပ်လှူနိုင်သည်။ ထို့နောက် ဖယောင်းတိုင် သုံးတိုင်ကို မီးထွန်းညှိ ပူဇော်ရမည်။ ပြီးလျှင် မိမိ၏ လက်ဝဲတွင် ပိုက်ဆံယူသွားသူ၏ အမည်နာမကို ရေးပါ။ ဆီတစ်စက်လည်း လက်ဝဲပေါ်တွင် ချ၍ ပွတ်ပေးရမည်။ ဆီကို အဘယ်ကြောင့် သုံးရသနည်းဟု ဆိုလျှင် ကျွန်ုပ်တို့ ဂမ္ဘီရလောကီအတတ် ဝိဇ္ဇာပညာရပ်တွင် အစွဲဓာတ်တစ်ခုအနေနှင့် အသုံးပြုခြင်းဖြစ်သည်။

နောက်တစ်ဆင့်အနေနှင့် ငွေတစ်ထောင်တန်တစ်ရွက်ကို လက်ဝဲထဲ၌ ထည့်ပြီး ရိုက်ကာ၊ မိမိ၏ နှုတ်မှ…

"ငါ့ငွေ ငါ့ထံ လာပေးစေ"ဟု ပြောရမည်။ ပြီးလျှင် လက်ဖဝါးနှစ်ဖက်အား ထွန်းညှိထားသည့် ဖယောင်းတိုင်တွင် ခပ်နွေးနွေးလေး ကင်ပါ။ ကင်ပြီးလျှင် လက်ခုပ် (၆)ချက်တီးပါ။ ထိုသို့ တီးရင်း မိမိ၏ လိုရာဆန္ဒကို အကျအနတောင်းရမည်။ ဥပမာ-

"ဒေါ်လှထံမှ ရရန် အကြွေးငွေ(————)ကျပ် ရက်ပိုင်း၊ လပိုင်းအတွင်း အမြန်ပြန်ရပါစေ"ဟု တစ်ခေါက် ပြောပြီး လက်ခုပ်တစ်ချက်တီးပါ။ တစ်ပတ်အတွင်း သိသိသာသာ အောင်မြင်ပါမည်။

"ကျွန်မတို့နှစ်ယောက်စလုံး လုပ်ရမှာလား ဆရာ"

"တစ်ယောက်လုပ်ရင် ရပါတယ်။ တစ်ပတ်တစ်ကြိမ် လုပ်ကြည့်ပါ။ အများဆုံး သုံးပတ်မှာ ကျိန်းသေပြန်ရမယ်"

ဟု ဟောပြောပေးလိုက်ပါသည်။


□

www.burmeseclassic.com

www.burmeseclassic.com

# မောင်မြင့်မား (ဗိုလ်ကလေး)

## သူငယ်ချင်း တာဝန်ကျေပါတယ်




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ငယ်ငယ် တစ်ဆယ် နှစ်သားလောက်က ကျွန်တော်တို့အိမ်ကို အစ်ကိုတစ်ဝမ်းကွဲ ကိုသိန်းအောင်က တစ်ပတ် တစ်ခါ နှစ်ခါလောက် လာတတ်သည်။ သူလာလျှင် မုန့်ဖိုးရသည်။ ရုပ်ရှင်ကြည့်ရသည်။ ဒါကြောင့်မို့ သူလာလျှင် ကျွန်တော် အရမ်းပျော်ပါသည်။ သူနေတဲ့ ဗိုလ်ကလေးမြို့ အောက်ဘက် စက်ဆန်း(စက်စု)ဆိုတဲ့ ရွာကနေ လာရသည့်အကြောင်းက သူ့အိမ်က ကုန်စုံဆိုင်အတွက် ရောင်းချစရာ ပစ္စည်းတွေ လာ,လာဝယ်တာပါ။

BURMESE CLASSIC

သူလာရင် ကျွန်တော် အရမ်းပျော်သည်။ တစ်နေ့လုံးမှ မုန့်ဖိုး တစ်မတ်ရတဲ့ ကျွန်တော်ဟာ ရုပ်ရှင်လည်း ကြည့်ရသည်။ မုန့်ဖိုးလည်း လေးငါးကျပ် အမြဲရနေကျမို့ ကျွန်တော် ပျော်တာပါ။ ဒါကြောင့်မို့ သူ့ကိုပဲ ကျွန်တော်မျှော်နေတတ်သည်။ တစ်ရက် သူရောက်လာရင်း ကျွန်တော် ကျောင်းပိတ်တဲ့ ရက်နဲ့ ကြုံတော့…

"မောင်တင်ဝင်း . . . ရွာကို အလည်လိုက်ခဲ့ပါလားကွ"

"လိုက်တော့ လိုက်ချင်တယ်။ အဖေနဲ့ အမေက ထည့်ပါ့မလား"

"ငါပြောပေးပါ့မယ်ကွာ"

အဖေနှင့် အမေကလည်း ကိုသိန်းအောင်က ကျွန်တော့်ကို ညီအစ်ကိုအရင်းလို ချစ်မှန်းသိတော့ နှစ်ခါမပြောရပါဘူး။ ကျွန်တော့်ကို စက်ဆန်း(စက်စု)ရွာကို အလည်ထည့်လိုက်ပါသည်။

ဒီလိုနဲ့ ရွာရောက်တော့ အတွေ့အကြုံမရှိတဲ့ ကျွန်တော်ဟာ ချောင်းထဲ ရေဆင်းကူးလိုက်၊ လှေစီးလိုက်၊ ပုစွန်ဖောင်တွေပေါ် တက်ဆော့လိုက်နှင့် ပျော်နေပါသည်။ ကျွန်တော့်အစ်ကိုက ကုန်စုံဆိုင်ရောင်းသည့်အပြင် ပျားရည်လည်း အရောင်းအဝယ်လုပ်ပါသည်။

စက်ဆန်းရွာသို့ မရောက်မီ မိန်းမလှကျွန်းဆိုတာ ရှိပါသည်။ အလွန်နက်သော တောကြီး(ယခင်က) ဖြစ်ပါသည်။ ရေငန်ပိုင် ဦးရှင်ကြီးရုပ်ထု ရှိသော တောကြီးဖြစ်ပါသည်။ ကျွန်တော်တို့ ငယ်ငယ်ကတော့ ထိုမိန်းမလှကျွန်းကြီးကို အဝေးက ကြည့်လိုက်လျှင် လမု၊ မဒမ၊ ကနစိုတောကြီးဟာ ကော်ဇောအစိမ်းကြီး ခင်းထားသလို တညီတညွတ်တည်း ဖြစ်ပါသည်။ အခုတော့ သစ်ပင်များက ကျိုးတိုးကျဲတဲ၊ ကွက်တိကွက်ကျား။ ထင်းခုတ်သူတွေ၊ မီးသွေးဖုတ်သူတွေ များသောကြောင့် သစ်တောလည်း ဒဏ်မခံနိုင်တော့ဟန်တူပါသည်။ အဲဒီတောထဲက မဒမပင်တွေမှာ ပျားအုံတွေ အများအပြားစွဲပါသည်။ ဒန်အိုးဖုံးအရွယ်လောက်ကနေ ထမင်းစားပွဲအရွယ်လောက်အထိ ပျားအုံများ ရှိတတ်ပါသည်။

ထိုပျားအုံများကို ပျားဖွပ်သမားများက ဖွပ်၍ ပျားရည်များကို ကျွန်တော့်အစ် ကိုသိန်းအောင်က ဝယ်ယူပြီး မြို့ပေါ်တွင် တစ်ဆင့်ပြန်ရောင်းခြင်းဖြစ်ပါသည်။ အဲဒီအခါက ပျားရည်တစ်ပုံးမှ လေးကျပ်သာ ပေးရသည်။ ကျွန်တော့်အစ်ကိုအိမ်တွင် ပျားဖွပ်သမားများက ပျားရည်လာသွင်းသောအခါ ကျွန်တော့်ကို ထိပ်ပုတ် ခေါင်းပုတ်နှင့် စ,ကြ နောက်ကြသည်။ ပျားဖွပ်သမားများသည် များသောအားဖြင့် ကရင်အမျိုးသားများက များပါသည်။

ထိုပျားဖွပ်သမားများထဲတွင် ကရင်အဘိုးကြီး စောဂျိမ်းက ကျွန်တော့်ကို အင်မတန် ခင်သည်။ သူ ပျားရည်လာသွင်းလျှင် ဆတ်သား ခြောက်များ၊ လိပ်ဥများ ကျွန်တော့်ကို လက်ဆောင်ပေးတတ်သည်။ သူ တစ်ကြိမ် ပျားရည်လာသွင်းလျှင် လေးထောင့်ပုံး နှစ်ပုံး သုံးပုံးခန့် ပါလာတတ်သည်။ သူ ပျားရည်ဖိုးရလျှင် ကျွန်တော့်ကို ခေါ်ကာ ရွာလယ်ရှိ အကြော်ဆိုင်တွင် အကြော်ဝယ်ကျွေးတတ်သေးသည်။ တစ်ခါတလေလည်း အစ်ကို သိန်းအောင်နှင့် ထိုင်ကာ ရေနွေးကြမ်းသောက်ရင်း လေကန်နေတတ်သည်။

ထိုသို့ လေကန်ရင်း ကိုသိန်းအောင်အား စောဂျိမ်း ပြောပြနေသော အကြောင်းများသည် ကျွန်တော့်အတွက် ထူးဆန်းအံ့ဩဖွယ်ရာများဖြစ်နေသည်။ ထို့ကြောင့် ကျွန်တော် စာရေးတတ်သည့်အချိန်အထိ မမေ့နိုင်သော အဖြစ်အပျက်များကို ပြန်လည်ရေးသားတင်ပြလိုက်ပါသည်။

◈◈◈

ကျုပ်တို့ ပျားဖွပ်တဲ့သူတွေမှာ ခလေ့တစ်ခုရှိတယ်ဗျ။ မိန်းမလှကျွန်းဆိုတဲ့ တောကြီးက အကျယ်ကြီး[illegible] တော့ ကနစိုပင်၊ မဒမပင်တွေမှာ [illegible] ဖွဲ့လေ့ရှိတဲ့ ပျားအုံတွေက တောထဲမှာ အများကြီးပေါ့ဗျာ။ ကျုပ်တို့ ပျားဖွပ် သမားတွေက ပျားဖွပ်ရာသီ မရောက်ခင် ကြိုပြီးတော့ ဘယ်နေရာ၊ ဘယ် အပင်တွေမှာ အုံဖွဲ့တယ်ဆိုတာ[illegible] အရင်လေ့လာရတယ်။ သူ့အုပ်စုနဲ့ သူ တောထဲမှာ ပျားအုံရှာကြရင်း ကိုယ် တွေ့တဲ့ အပင်ကို ဓားနဲ့ထစ်ပြီး အမှတ် အသားလုပ်ထားရတယ်။ ဆိုလိုတာ[illegible] ဒီအပင်ကို ငါတွေ့ပြီးပြီ၊ တခြားလူ[illegible] မဖွပ်နဲ့တော့လို့ ပြောတာနဲ့ အတူ[illegible] ဒါဆိုရင် နောက်မှ လာတဲ့သူ[illegible]



www.burmeseclassic.com

www.burmeseclassic.com

အမှတ်အသားကို တွေ့ရင် လာမဖွပ်တော့ဘူး။ အဲဒီ ဓလေ့ကလေးတစ်ခု ရှိတယ်။

မသိအောင်ဆိုပြီး ဖွပ်တာတို့ ဘာတို့လည်း မရှိဘူး။ သစ္စာရှိကြတယ်။ အဲဒီလိုပဲ ပျားဖွပ်ထွက်ကြရင်းလည်း တစ်ယောက်နဲ့ တစ်ယောက် သစ္စာရှိကြတဲ့ အဖော်နဲ့ တွဲလေ့တွဲထ ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပျားရည်ဟာ အရသာရှိသလောက် ပျားဖွပ်ရတာလည်း အင်မတန် အန္တရာယ်များပါတယ်။

ကျုပ်တို့ လုပ်ဖော်ကိုင်ဖက်တွေ တော်တော်များများ အသက်ဆုံးပါးခဲ့ရတယ်။ တချို့ဆိုရင် ကျားဆွဲခံရလို့၊ ဝံကုတ်ခံရလို့၊ ပျားဖွပ်ရင်း အပင်ပေါ်က လိမ့်ကျပြီး သေရလို့နဲ့။ ကျုပ်နဲ့ အင်မတန် ရင်းနှီးတဲ့ အမာရွှာက စောလယ်ခူး ဆိုရင် ပျားဖွပ်သွားမယ်ဆိုပြီး ထွက်သွားလိုက်တာ သုံးလေးရက်လည်း ပေါ်မလာ၊ တစ်ပတ်ကြာလည်း ပေါ်မလာ။ တစ်ဆယ့်လေးငါးရက်လောက်ကြာတော့ လူစုပြီး လိုက်ရှာတဲ့အခါ စောလယ်ခူးရဲ့ မြင်မကောင်းအောင် ပုပ်ပွနေတဲ့ အလောင်းပဲ ပြန်ရတော့တယ်။

စောလယ်ခူးက အပင်ပေါ်တက်ပြီး ပျားဖွပ်ရင်း အပင်ပေါ်က အောက်ကို ပြုတ်ကျပြီး သေနေတာ။ ပြုတ်ကျတော့ အောက်က မဒမ ငုတ်ကလည်း ထိုးမိထားသေးတယ်။ ဒီလို အန္တရာယ်များလို့ ပျားဖွပ်ကြမယ်ဆိုရင် သစ္စာအရှိဆုံး မိတ်ဆွေတစ်ဦးဦးနဲ့ အဖော်လုပ်ပြီး သွားကြတာ။ တစ်ယောက်ယောက်က တစ်ခုခုဖြစ်ရင် ပါလာတဲ့ အဖော်က အိမ်အရောက် ပြန်ပို့၊ သူ့မိသားစုလက်ထဲကို အပ်ရတာ အစဉ်အလာ တစ်ခုပဲ။



ကျုပ်အတွေ့အကြုံအရ လွန်ခဲ့တဲ့ သုံးနှစ်လောက်က မမေ့နိုင်တဲ့ အတွေ့အကြုံတစ်ခုနဲ့ ကြုံခဲ့ရတယ်။ အဖြစ်က ပျားဖွပ်ရာသီရောက်တော့ ကျုပ်ရယ်၊ ကျုပ်ရဲ့ သစ္စာအရှိဆုံး မိတ်ဆွေ စောဒိုဆိုးတို့ နှစ်ယောက် မိန်းမလုကျွန်း တောကြီးထဲကို ကိရိယာအစုံအလင်၊ ရိက္ခာအစုံအလင်နဲ့ ထွက်ခဲ့ကြတယ်။ ကျုပ်တို့ မှတ်ထားတဲ့ အပင်တွေကို ရှာရင်း မိုးချုပ်သွားကြလို့ တောသရက်ပင်ကြီးတစ်ပင်ပေါ်မှာ လင့်စင်ထိုးပြီး အိပ်ကြမယ်ဆိုတဲ့ စိတ်ကူးနဲ့ သစ်ပင် ဝါးပင်တွေကို ခုတ်ပြီး လင့်ထိုးကြတယ်။ လင့်ထိုးနေရင်း အောက်ကနေ ဟင်းမျိုး(ကျား)တစ်ကောင်က တဝေါင်းဝေါင်းနဲ့ လာဟိန်းနေတယ်။ လင့်က မြင့်လို့ တော်သေးတာပေါ့။ နို့မဟုတ်ရင် လင့်ကို ခုန်ပြီး ဆွဲတတ်ကြတယ်။ တစ်ညလုံးလည်း ကောင်းကောင်း မအိပ်ရပါဘူး။ ကျားက တစ်ညလုံး အောက်ကနေ လာချောင်းနေလို့။ မိုးလင်းတော့ ကျားအရိပ်အခြေကို မတွေ့တာနဲ့ ကျုပ်တို့ နှစ်ယောက် လင့်အောက်ကို ဆင်းခဲ့ကြတယ်။

မှတ်ထားတဲ့ အပင်တွေကို လိုက်ရှာကြရင်း တစ်နေရာရောက်တော့ ဆန်ကောပိုင်းလောက် ရှိတဲ့ ပျားအုံကြီး စွဲနေတဲ့ အပင်တစ်ပင်ကို တွေ့လိုက်ရတယ်။ အဲဒီအပင်က ကျုပ်တို့လည်း မမှတ်ရသေးဘူး။ ဘယ်သူမှလည်း မတွေ့ရသေးတဲ့ အပင်ဖြစ်နေတယ်။ အဲဒါနဲ့ ကျုပ်တို့လည်း ဖွပ်ကြဖို့ ပြင်ဆင်ကြတာပေါ့။

ကျုပ်က အရင် အပင်ပေါ်ကို တက်နေတဲ့အချိန်မှာ စောဒိုဆိုးက အောက်က တက်လိုက်ဖို့ ပြင်ဆင်နေတယ်။ အဲဒီအချိန်မှာ ဘယ်အချိန်က ချောင်းနေမှန်း မသိတဲ့ ကျားက စောဒိုဆိုးကို ဝင်ဆွဲပါလေရော။ ကျုပ်က အောက်က အဖြစ်အပျက်ကို အပင်ပေါ်ကနေ အတိုင်းသား မြင်နေရတယ်။ ကျားက လက်ဦးသွားလို့ စောဒိုဆိုးရဲ့ လည်ပင်းကို ခဲနေတုန်း ကျုပ်က ကျုပ်သူ့ငယ်ချင်းကို ကယ်ဖို့ အပင်ပေါ်ကနေ အော်လည်း အော်၊ ကမန်းကတန်းလည်း ဆင်းလာခဲ့တယ်။

သွေးနံ့ရပြီးတဲ့ ကျားက ကျုပ်ကို လှည့်မကြည့်ဘူး။ စောဒိုဆိုးကိုပဲ မလွှတ်တမ်း ခဲထားတယ်။ ကျုပ်က အသွားရှည် လှံနဲ့ ကျားကို ထိုးတာတောင် ကျားက စောဒိုဆိုးကို မလွှတ်ဘူး။ လှံက ကျားဆီမှာ စိုက်နေတော့ ထင်းခုတ်ဓားနဲ့ ဝင်ခုတ်ပြီး သူငယ်ချင်းကို ဝင်လုရတယ်။ ကျားက ဒဏ်ရာရလို့ လှံတန်းလန်းနဲ့ တောထဲကို ဝင်ပြေးမှပဲ စောဒိုဆိုးကို ရတော့တယ်။ ဒါပေမယ့် စောဒိုဆိုးက ကံဆိုးရှာတယ်။ လည်ပင်းမှာလည်း ပေါက်ပြဲပြဲ။ ဗိုက်ကလည်း ကျားကုတ်ထားလို့ ပွင့်နေတယ်။ အူတွေ ထွက်နေတယ်။ ဒဏ်ရာတွေကနေ သွေးတွေဟာ ဒလဟော စီးဆင်းနေတယ်။ ကျုပ်က ပါလာတဲ့ လုံချည်ဟောင်းတွေ



www.burmeseclassic.com


www.burmeseclassic.com

နဲ့ ဒဏ်ရာတွေကို ပတ်ပြီး စောဒိုဆိုးကို ထမ်းလာခဲ့တယ်။ တောထဲက မဒမငှတ်၊ လမုငှတ်တွေကို မကြည့်အားဘူး။ ကျုပ်ခြေထောက်တွေလည်း ပေါက်ပြဲ စုတ်ပြတ်လို့။ ကျုပ်ဟာ စောဒိုဆိုးကို ထမ်းပြီး လေ့ဆိပ်ကို ထွက်ပြေးလာခဲ့တယ်။

ဘာပဲဖြစ်ဖြစ် အန္တရာယ်နဲ့ ကြုံရင် လူကိုတော့ အရယူပြီး သူ့မိသားစုရှိရာကို ပို့ပေးရမှာက ကျုပ်တို့ရဲ့ သစ္စာရှိမှုပဲ။ ဒါပေမယ့် ကျုပ်သိတယ်။ ဒဏ်ရာရနေတဲ့ ဟင်းမျိုး(ကျား)ဟာ ကျုပ်တို့နောက်ကို နာကြည်းချက်နဲ့ လိုက်နေဦးမယ်ဆိုတာ ကျုပ် သဘောပေါက်ပြီးသား။ ထင်တဲ့အတိုင်းပဲ။ ကျားဟာ ကျုပ်တို့နောက်ကနေ လိုက်လာတယ်။

လွတ်လမ်းတစ်နေရာရှိတယ်ဆိုတာ ကျုပ် တွေးမိထားတယ်။ လမ်းမှာ ချောင်းကလေးတစ်ခုကို ဖြတ်ရမယ်။ ချောင်းက ဝါးပိုးလုံးတစ်လုံးကို အောက်ကနေ တိုင်တွေ ထောက်ထားပြီး တစ်ဖက်ကို ကူးရတဲ့ ဝါးတံတားကလေးဖြစ်တယ်။ ဒါပေမယ့် လူဖြတ်သလို ကျားကလည်း လိုက်ဖြတ်နိုင်တယ်။ ဒါကြောင့်မို့ တံတားထိပ်ကို ရောက်တာနဲ့ စောဒိုဆိုးကို ပခုံးပေါ်ကချပြီး မီးတုတ်တစ်ခုကို မီးရှို့လိုက်တယ်။ ပြီးတော့ အနီးပတ်ဝန်းကျင်က သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက်တွေကို ပုံပြီး မီးရှို့လိုက်တယ်။ ပြီးတာနဲ့ စောဒိုဆိုးကို ထမ်းပြီး ဝါးတံတားပေါ်က ဖြတ်လျှောက်လာခဲ့တယ်။ စောဒိုဆိုးဆီက ကျတဲ့ သွေးတွေကတော့ ကျုပ်တစ်ကိုယ်လုံးမှာ ရွှဲနေတာပဲ။

တစ်ဖက်ထိပ်ကို ရောက်တော့ စောဒိုဆိုးကို ချပြီး ဟိုဘက်ကမ်းကို လှမ်းကြည့်လိုက်တဲ့အချိန်မှာ ကျားဟာ



မီးပုံကို လက်နဲ့ ပုတ်ပြီး ဖျက်နေတယ်။ တော်တော်တောင် ပျက်နေပြီ။ အဲဒီအချိန်မှာ အသက်မရှိတော့တဲ့ စောဒိုဆိုးဟာ မျက်ဖြူကြီး လန်ပြီး ကျုပ်ကို စကားပြောတယ်။ သူ့အသံကို ကြားရတာ ကျုပ် ကြက်သီးတဖြန်းဖြန်းထသွားတယ်။ သူက ဘာပြောသလဲဆိုတော့ . . .

"သူငယ်ချင်း . . . မင်း တာဝန်ကျေပါတယ်။ ငါ့ကို ထားခဲ့တော့။ မင်း အသက်သာ လွတ်အောင် ပြေး"

တဲ့။ ကျုပ်လေ စိတ်မကောင်း : လိုက်တာ။ အခုနက စောဒိုဆိုးက အသက်မရှိတော့ဘူး။ ကျုပ်အဖြစ်ကို တွေ့နေရတဲ့ သူ့ဝိညာဉ်က သူ့ကိုယ်ထဲကို ဝင်ပူးပြီး ပြောနေတာ။ ကျုပ်က သစ္စာရှိတယ်။ ကျုပ်တို့ရဲ့ အစဉ်အလာကို အပျက်မခံနိုင်ဘူး။ ဂုဏ်သိက္ခာ လည်း အကျမခံနိုင်ဘူး။ ဒါကြောင့် ကျုပ်က . . .

"သူငယ်ချင်း . . . မင်းကို မင်းမိသားစုဆီ အရောက်ပို့ပေးမယ်။ ငါ့မှာ တာဝန်ရှိတယ်။ ငါ့သိက္ခာအကျမခံနိုင်ဘူးကွ"

လို့ ပြန်ပြောလိုက်တယ်။

ကျုပ်အသိတစ်ခုမှာ လွတ်လမ်းတစ်ခုရှိသေးတယ်ဆိုတာ ကျုပ် တွေးမိတော့ အချိန်မဆိုင်းဘဲ ဝါးတံတားကို ဓားနဲ့ ခုတ်ချပစ်လိုက်တယ်။ ဝါးတံတားပျက်ပြီး ရေထဲကို ကျသွားချိန်မှာပဲ ကျားက မီးပုံကို ဖျက်ပြီး တံတားပေါ်တောင် လှမ်းတက်နေပြီ။ ကျုပ်အကြံအောင်သွားတယ်။ တံတားပျက်သွားလို့ ကျားက ဒီဘက်ကမ်းကို မျက်ထောင့်နီကြီးနဲ့ ကြည့်ပြီး တဟိန်းဟိန်းဟောက်နေတယ်။ ကျုပ်လည်း နောက်ကို လှည့်မကြည့်တော့ဘူး။ ကျုပ်သူငယ်ချင်းကို အရထမ်းပြီး လှေဆိပ်ကို ပြေးခဲ့ရတာပေါ့ဗျာ။

ကျုပ် တာဝန်ကျေပါတယ်။ စောဒိုဆိုးအလောင်းကို သူ့မိသားစုလက်ထဲ အရောက်ထည့်နိုင်ခဲ့တယ်။ ဒါပေမယ့် စောဒိုဆိုးဟာ မကျွတ်မလွတ်တဲ့ ဘဝကို ရောက်နေတယ်နဲ့ တူပါတယ်။ အသုဘ ရက်မလည်ခင်မှာ သူ့သမီးတစ်ယောက်ကို ဝင်ပူးပြီး ပြောတယ်။ ကျုပ် တာဝန်ကျေတဲ့အကြောင်း၊ ကျုပ်လို မိတ်ဆွေကောင်းမျိုး ရှားပါတယ်ဆိုတဲ့ အကြောင်းနဲ့ ကျန်ရစ်တဲ့ သူ့မိသားစုကို စောင့်ရှောက်ဖို့ ကျုပ်ကို အပ်ပါတယ်ဆိုပြီး ငိုပြောတယ်။

◈◈◈

ပျားဖွပ်သမားကြီး စောဂိုမ်း ပြောခဲ့တဲ့ ကိုယ်တွေ့ အဖြစ်အပျက်ကို ကျွန်တော် ဘေးကနေ နားထောင်ခဲ့တာ လွန်ခဲ့တဲ့ နှစ် ငါးဆယ်လောက်ကပါ။ ခေါင်းထဲမှာ စွဲနေတဲ့ အကြောင်းကလေးကို အခုလို စာရေးတတ်မှ မှတ်မိသရွေ့ စာရေးပြရတာပါ။

□



www.burmeseclassic.com

www.burmeseclassic.com

# ငွေဝင်လမ်းတွေ ဖွင့်ပါစေ

ခန့်ကျော်စွာ

ကျွန်ုပ်တွင် ရှိသော မိတ်ဆွေများ၌ ထူးခြားသော "ကိုအရှည်ကြီး" ဆိုသူတစ်ဦးရှိ၏။ အသားဖြူဖြူ ပိန်ပိန် ရှည်ရှည်ဖြင့် စိတ်ရှည် သည်းခံတတ်သော ထိုမိတ်ဆွေ ကိုအရှည်ကြီးသည် အပတ်စဉ် ဗုဒ္ဓဟူးညတိုင်း (၁၀၈)လုံး ပုတီးလေးတစ်ကုံးဖြင့် ကျွန်ုပ်၏ ဗေဒင်ခန်းသို့ ဘုရားရှိခိုး ပုတီးစိပ်ရန် ရောက်ရှိလာတတ်၏။ ထိုမိတ်ဆွေရောက်လာလျှင် ဘုရားဝတ်ပြုပြီး အဓာတ်ပြေ သုံးဆောင်ရန် မုန့်ပဲသရေစာများလည်း ပါလာတတ်၏။ အိမ်ထောင်မရှိသော လူပျို လူလွတ်ကြီးဖြစ်သဖြင့် နောက်ဆံတင်းစရာမလိုဘဲ ထိုဗုဒ္ဓဟူးညတိုင်း ပုတီးစိပ်ပြီးသောအခါတို့တွင် ကျွန်ုပ်တို့ မိသားစုနှင့် ရေနွေးကြမ်းဝိုင်းဖွဲ့သောက်ရင်း ညဉ့်နက်သန်းခေါင်ထိတိုင်အောင် စကားလက်ဆုံကျလေ့ရှိ၏။

ယခုလည်း ထုံးစံအတိုင်း ဗုဒ္ဓဟူးညဖြစ်သဖြင့် ကျွန်ုပ်တို့သည် ဘုရားရှိခိုး ပုတီးစိပ်ကြပြီးနောက် မိတ်ဆွေကိုအရှည်ကြီး ယူလာသော အရောင်အသွေးစုံသည့် ဂျုံနှိုးနပ် မုန့်ဆန်းဆန်းကလေးများနှင့် ကျွန်ုပ်၏ ဇနီးသည် ဖျော်ပေးသော လက်ရွေးစင် ကော်ဖီကြမ်းတို့ကို ဝိုင်းဖွဲ့သောက်ကြရင်း ရောက်တတ်ရာရာ စကားလက်ဆုံကျနေကြ၏။

"ဆရာခန့်···ဒီဘက်နှစ်ပိုင်း တော်တော်စာရေးဖြစ်တယ်နော်။ နေလချာနယ်မှာလည်း ခင်ဗျားဆောင်းပါးလေးတွေကို ခဏခဏဖတ်ရတယ်။ ပြီးတော့ ဂျွိရှအန်ကြွယ် မဂ္ဂဇင်းမှာလည်း လစဉ်ရေးတာ တွေ့တယ်။ မရှမ်းတလင်း ဂျာနယ်မှာလည်း ရေးတယ်နော်"

ဟု ပြောသောအခါ ကျွန်ုပ်၏ ဇနီးသည်ကလည်း···

"ဟုတ်တယ် ကိုအရှည်ကြီးရေ၊ သူက ပါးစပ်နဲ့ပဲ ရေးတာလေ။ သူက ရွတ်ပြ ခေါ်ပေးသမျှကို ကျွန်မက လက်နဲ့ လိုက်ရေးရတာ"



www.burmeseclassic.com

www.burmeseclassic.com

ဟု ဝင်ပြောသည်။ ထိုအခါ ကျွန်ုပ်က…

"ဒီလိုဗျ။ ကိုယ်က ပါးစပ်နဲ့ ခေါ်ပေးပြီး သူက လက်နဲ့ လိုက်ရေးတာ ကြာလာတော့ အကျင့်ကြီးတစ်ခုလို ဖြစ်နေပြီဗျ။ ဒီအကြောင်းကို သိထားတဲ့ အယ်ဒီတာမင်းတွေကလည်း စာမူတောင်းပြီဆိုရင် ကျုပ်ဆီတောင် မဆက်သွယ်ကြဘူးလေ။ ကျုပ်အမျိုးသမီးဆီ ဖုန်းဆက်ကြပြီး "ဆရာမရေ… စာလိုက်ရေးပေးပါဦးနော်" လို့ ပြောကြတယ်လေဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်သဖြင့် ကိုအရှည်ကြီးက သဘောကျစွာ ရယ်မောလိုက်လေသည်။

"မှတ်တောင်ထားရဦးမယ် ဆရာခန့်ရေ"

ဟု ပြော၏။ ထိုအခါမှ ကျွန်ုပ်လည်း သတိရသွားပြီး…

"စာရေးတဲ့အကြောင်းပြောလို့ အခုမှ ပြက္ခဒိန်ကို ကြည့်မိတယ်။ လကုန်ရက်တောင် ရောက်နေပြီပဲ။ ဆရာမောင်ညိုအေးတို့ ဇမ္ဗူရာဆန်းကြယ်မဂ္ဂဇင်းတိုက်ကို စာမူရေးပေးရဦးမှာပဲ။ ကဲ…ဆရာမရေ မုန့်လေးစားပြီးရင် စာရေးဖို့ ပြင်လိုက်ကြရအောင်"

ဟု ဇနီးသည်ကို ပြောလိုက်သောအခါ…

"ဒီတစ်ခါ ဘာအကြောင်းရေးမှာလဲ ဆရာခန့်။ စာဖတ်ပရိသတ်ထက် ထူးထူးခြားခြားလေးဆိုရင် ကြိုသိချင်လို့ပါ"

ဟု ကိုအရှည်ကြီးက မေးလာပါလေ၏။

"တခြားအကြောင်းတော့ မဟုတ်ပါဘူးဗျာ။ ငွေကြေးကံညံ့ပြီး လာဘ်ပိတ်နေတဲ့သူတွေ ကံပွင့် လာဘ်ပွင့်သွားစေတဲ့ ဘုရားပန်းလှူနည်းလေး ဒီတစ်ပတ်အတွက် ရေးမယ်ဗျာ။ ကျုပ်နဲ့ ကျုပ်ပရိသတ်တွေကတော့ အဲဒီ ဘုရားပန်းလှူနည်းလေးကို အားကိုးပြီး ငွေလမ်းပွင့်အောင် ကုသိုလ်လုပ်နေကြတာပဲဗျ။ တော်တော်လေးလည်း ထူးခြားပြီး အကျိုးပေးတယ်လို့လည်း ပြောတယ်ဗျ။ ငွေကြေး လာဘ်ပိတ်နေသူတွေ၊ အခက်အခဲရှိနေသူတွေက အဲဒီ ဘုရားပန်းလှူနည်းလေး အတိုင်း လှူလိုက်တာနဲ့ အဆင်ပြေသွားကြတာပဲဗျို့"

ဟု ကျွန်ုပ်က ပြောလိုက်သည်နှင့် ကိုအရှည်ကြီးက…

"အေးပါ ဆရာခန့်ရယ်။ ယုံပါတယ်။ ဘယ်လိုလှူရသလဲဆိုတာသာ တည့်တည့်ပြောစမ်းပါဗျာ"

ဟု စိတ်ရှည်လေ့ရှိသော ကိုအရှည်ကြီးက ဒီတစ်ခါ စိတ်မရှည်လေဟန်ဖြင့် တိုတိုတောင်းတောင်း မေးလေ၏။

"လွယ်ပါတယ်။ တနင်္ဂနွေနေ့ ညပိုင်းမှာ ပိုက်ဆံ ငွေတစ်ထောင်တန်တစ်ရွက်ကို ရေထဲမှာ လှုပ်ခတ်ပြီး ဆေးရမယ်။ ရေဆေးပြီးရင်တော့ ပန်ကာရှေ့မှာ ဖြစ်ဖြစ်၊ ယပ်တောင်ခတ်ပြီးဖြစ်ဖြစ် ရေခြောက်သွားအောင် လုပ်ရမယ်။ ပြီးတော့ ဘာသာရေးစာအုပ်ထဲမှာ အဲဒီတစ်ထောင်တန်လေးကို ညှပ်ထားရမယ်။ နောက်နေ့မနက် တနင်္လာနေ့ကျတော့ ညက ရေဆေးထားတဲ့ ငွေတစ်ထောင်တန်နဲ့ ဘုရားပန်းဝယ်ပြီး အိမ်ဘုရားကျောင်းဆောင်မှာဖြစ်ဖြစ်၊ စေတီ ပုထိုးတော်တွေရဲ့ တနင်္လာထောင့်အရပ်မှာပဲဖြစ်ဖြစ် ပူဇော်ဆက်ကပ်လိုက်တာပါပဲ။ ဘုရားကို ပန်းကပ်တာချင်းအတူတူ အဲဒီလိုလေး အစီအရင်ကို အချိန်အခါနဲ့ ကပ်လှူမယ်ဆိုရင် လတ်တလော လောကီအကျိုးလည်း ရပြီး ကုသိုလ်ထူးတာပေါ့ဗျာ"

ဟု ကျွန်ုပ်က ရှင်းပြ ပြောပြလိုက်ပါ၏။

ကျွန်ုပ်၏ ပြောစကားကို တွေးတွေးဆဆနှင့် နားထောင်နေသော ကိုအရှည်ကြီးက ခေါင်းတညိတ်ညိတ်လုပ်ရင်း -

"အေးဗျ။ ငွေကို ရေဆေးပစ်လိုက်တယ်ဆိုတာ ငွေကို သန့်စင်ပစ်လိုက်တာပဲဗျ။ ဒါ ဂမ္ဘီရနည်းပဲလေ။ တွေးရင် တွေးသလောက်၊ ဉာဏ်ကြီးရင် ကြီးသလောက် အဓိပ္ပာယ်တွေ အများကြီးပဲဗျ။ ဒီအကြောင်းကို မြန်မြန်သာ လိုက်ရေးပေးတော့ မဒါရေ၊ လူတွေ ငွေကံပွင့်ပြီး ကြီးပွားချမ်းသာအောင်လို့ပါဗျာ"

ဟူ၍ ပြောလိုက်ပြီးလျှင် လက်ချိုး၍ လာမည့် တနင်္ဂနွေနေ့ညကို မိတ်ဆွေတော် ကိုအရှည်ကြီးသည် တွက်ချက်လိုက်ရင်း ကျေကျေနပ်နပ်ဖြင့်…

"လာမယ့် တနင်္ဂနွေညတော့ ကျုပ်လည်း လုပ်ပြီ ဆရာခန့်ရေ"

ဟု ပြောလိုက်ပြီးလျှင် စကားဝိုင်းသိမ်း၍ ပြန်သွားပါလေတော့သည်။

□



www.burmeseclassic.com


www.burmeseclassic.com

## ၂၀၁၆-နိုဝင်ဘာလ ခုနှစ်မွေးသားသမီးများအတွက်

# တားရော့ ဂမ္ဘီရ ကံကြမ္မာဟောကိန်း

### သဘာဝဓမ္မ ဆရာသက်

### ၁-ဂဏန်းသမားများ




မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၁ရက်၊ ၁၀ရက်၊ ၁၉ရက်၊ ၂၈ရက်တို့တွင် မွေးဖွားသူများသည် ၁-ဂဏန်းသမားများဖြစ်သည်။

တစ်ဂဏန်းပိုင်ရှင်တွေဟာ ဒီလထဲမှာ ဘာအကြောင်းနဲ့မှ စိတ်မဖိစီးအောင် နေဖို့ လိုပါတယ်။ ကတိပေးထားမိတာတွေ ကတိမပျက်အောင် ဂရုစိုက်ပေးပါ။ စကားအပြောအဆို ချိုသာပါ။ အဲဒီလို နေထိုင်ရင် လူကြီးသူမတွေက ချီးမြှင့်မြောက်စားတာ ခံရမယ်။ အခွင့်အလမ်းတွေ ပွင့်လင်းမယ်။ ငွေကိစ္စ စိတ်ဖိစီးရတာလေးတွေ ကြုံလာတတ်ပေမယ့် မုချ ပြန်ပြီး အဆင်ပြေသွားမှာပါ။ သတင်းကောင်း ကြားရမယ်။ မိသားစုကိစ္စမှန်သမျှ နှုတ်ဆိတ်ပြီး နေလိုက်ပါ။

ယတြာ။ ။ ဘုရားမှာ အဂ္ဂိထောင့်မှ နေပြီး အနီရောင် ပန်းတစ်စည်းနှင့် ဆီမီး (၄)တိုင် ပူဇော်ကာ၊ ကျကျနန ဘုရားဝတ်ပြုပါ။

ထီကံစမ်းရန်။ ။ (၄ ၊ ၅ ၊ ၀)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

### ၂-ဂဏန်းသမားများ




မည်သည့်နှစ်၊ ၁ည်သည့်လတွင်မဆို ၂ရက်၊ ၁၁ရက်၊ ၂၀ရက်၊ ၂၉ရက်တို့တွင် မွေးဖွားသူများသည် ၂-ဂဏန်းသမားများဖြစ်သည်။

နှစ်ဂဏန်းပိုင်ရှင်တွေဟာ ဒီအချိန်က ကိုယ် လုပ်စရာရှိတာတွေ တွန်းတိုက်ပြီး လုပ်သင့်ချိန်ပါ။ အဆက်အသွယ်ကောင်းတွေလည်း ရလာတတ်တယ်။ အလုပ်ကိစ္စတွေမှာ အပြောင်းအလဲတချို့ ကြုံလာတတ်တယ်။ နေရာထိုင်ခင်းအတွက် အသေးစား ပြင်ဆင်မှုလေးတွေ လုပ်ဖြစ်တတ်တယ်။ အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စတွေ အဆင်ပြေမယ်။ ငွေကို စိစစ်ချွေတာပါ။ ကံကောင်းနေပါတယ်။ စားကောင်းသောက်ဖွယ် လက်ဆောင်ရလိမ့်မယ်။

ယတြာ။ ။ ပန်းလှလှလေး တစ်ပွင့်၊ သောက်တော်ရေ တစ်ခွက်၊ ဖယောင်းတိုင်တစ်တိုင် လှူဒါန်းပူဇော်ပြီး ဘုရားဝတ်ပြုလိုက်ပါ။

ထီကံစမ်းရန်။ ။ (၄ ၊ ၆) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ၃-ဂဏန်းသမားများ



THE WORLD.

မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၃ရက်၊ ၁၂ရက်၊ ၂၁ရက်၊ ၃၀ရက်တို့တွင် မွေးဖွားသူများသည် ၃-ဂဏန်းသမားများဖြစ်သည်။

သုံးဂဏန်းပိုင်ရှင်တွေဟာ ဒီကာလမှာ မိတ်သစ်ဆွေသစ်၊ အလုပ်သစ်တွေနဲ့ ပတ်သက် ဆက်စပ်လာတတ်ချိန်ဖြစ်တယ်။ တိုးတက်မှုတွေ ကြုံချိန်ပါပဲ။ ကျယ်ကျယ်ပြန့်ပြန့် ရှုမြင် သုံးသပ်နိုင်အောင် ကြိုးစားပါ။ ပတ်ဝန်းကျင်ကို လေ့လာပါ။ ဒီလပိုင်းမှာ ပွင့်လင်းသွားမယ့် အတွေးအခေါ်တွေ၊ ကုသိုလ်ကံတွေ၊ အသိအမြင်တွေဟာ ဘဝအတွက်ပါ အရေးပါတဲ့ တိုးတက်မှုတွေဖြစ်မယ်။ ရပ်ဝေးအဆက်အသွယ်တွေ ရတတ်တယ်။ ငွေ အထူးဝင်မယ်။ စိတ်ချမ်းသာရမယ်။

| | |
|---|---|
| ယတြာ။ | ။ အတူရှိနေသူတွေနဲ့ တည့်တည့်ရှိရှိ၊ စိတ်တူကိုယ်တူ နေလိုက်ပါ။ ဒီကာလမှာ အဓိက လိုအပ်ချက်က ဒါပါ။ |
| ထီကံစမ်းရန်။ | ။ (၃ ၊ ၅ ၊ ၇)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။ |

## ၄-ဂဏန်းသမားများ



THE TOWER.

မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၄ရက်၊ ၁၃ရက်၊ ၂၂ရက်၊ ၃၁ရက်တို့တွင် မွေးဖွားသူများသည် ၄-ဂဏန်းသမားများဖြစ်သည်။

လေးဂဏန်းပိုင်ရှင်တွေဟာ ဒီအချိန်မှာ ရတနာတော်မြတ်သုံးပါးရဲ့ အရိပ်ကို မမိုတ်မသုန် ယုံကြည်စွာ ခိုလှုံထားသင့်ချိန်ပါ။ ရတ်တရက် ခါးနာ၊ ခါးမြက်ဖြစ်တတ်တယ်။ ရင်းနှီးသူတစ်ဦးဦးက အထင်အမြင်လွဲ[illegible] ခံရမယ်။ သူတစ်ပါးစကားတွေ လုံးဝ နားမယောင်မိပါစေနဲ့။ ဒီအချိန်[illegible] ငွေကို တတ်နိုင်သလောက်လှူပါ။ စွန့်ကြဲပါ။ အလုပ်မှာ ရန်ရှိနေတယ်။ စိတ်ရှည် သည်းခံပါ။ အစစမှာ ကိုယ်က ပေးဆပ်ဖို့ ကြိုးစားရင်း အ[illegible] ပြန်ပြီး ပြေလည်လာပါလိမ့်မယ်။

| | |
|---|---|
| ယတြာ။ | ။ ဒီရက်ထဲမှာ ဘုရားစေတီတစ်ဆူဆူသို့ သွားပြီး [illegible] လုံတား သန့်ရှင်းရေးလုပ်တာတွေ ပြုပြီး ကုသိုလ်[illegible] |
| ထီကံစမ်းရန်။ | ။ (၇ ၊ ၁ ၊ ၆)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။ |



www.burmeseclassic.com

www.burmeseclassic.com

## ၅-ဂဏန်းသားများ




မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၅ရက်၊ ၁၄ရက်၊ ၂၃ရက်တို့တွင် မွေးဖွားသူများသည် ၅-ဂဏန်းသားများဖြစ်သည်။

ငါးဂဏန်းပိုင်ရှင်တွေဟာ ဒီလထဲမှာ ဘာလှုပ်ရှားမှုမှ တွေးမနေနဲ့။ ကိုယ်လုပ်စရာရှိတာကိုသာ စူးစူးစိုက်စိုက်လုပ်နေလိုက်ပါ။ ငွေဝင်မယ်။ စက်ပစ္စည်းဝင်မယ်။ ကောင်းသတင်းတွေလည်း ကြားရတတ်တယ်။ ဒါပေမယ့် ဒီလပိုင်းမှာ လူနာမေး သွားရတတ်တယ်။ သွားလိုက်ပါ။ အိမ်မှာရော၊ အလုပ်မှာရော ကြီးတဲ့လူနဲ့ စကားများစရာ ကြုံတတ်တယ်။ သည်းခံပြီး ရှောင်နေလိုက်ပါ။ ဒီတစ်လက နေတတ်အောင်နေရင် အစစ အဆင်ပြေမယ်။

ယတြာ။ ။ နှင်းဆီအနီရောင်တစ်စည်းကို ဝယ်ပြီး လမ်းတစ်နေရာရာမှ အမှိုက်ပုံးမှာ ပစ်ချထားခဲ့လိုက်ပါ။

ထီကံစမ်းရန်။ ။ (၄ ၊ ၅ ၊ ၇) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ၆-ဂဏန်းသားများ




မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၆ရက်၊ ၁၅ရက်၊ ၂၄ရက်တို့တွင် မွေးဖွားသူများသည် ၆-ဂဏန်းသားများဖြစ်သည်။

ခြောက်ဂဏန်းပိုင်ရှင်တွေဟာ ဒီလပိုင်းမှာ ဘာကိစ္စမှ သူတစ်ပါးစကား နားမယောင်မိဖို့ အရေးကြီးတယ်။ စိတ်တွေလည်း ကယောက်ကယက်ဖြစ်နေမယ်။ အားမကျသင့်တာတွေ အားကျမိတတ်။ လက်မခံသင့်တာတွေ လက်ခံမိတတ်။ အတုကို အစစ်ထင်တတ်။ အပေါ်ယံတွေကို အထင်ကြီးမိတတ်။ စိတ်ကို ကြည်လင် ရှင်ပျအောင် ထားပါ။ အစစ စိတ်ရှည်ပါ။ လွတ်လပ်ပေါ့ပါးစွာ နေပါ။ စိတ်တွေပြားတာ၊ စိတ်လိုက်မာန်ပါ လုပ်တာတွေကိုပြင်လိုက်တာနဲ့ အစစ အဆင်ပြေမယ်။

ယတြာ။ ။ နှင်းဆီနီ (၄)ပွင့်ကို ဝယ်ပြီး ဘုရားတစ်ဆူဆူမှာ စိတ်ပါလက်ပါ လှူကာ ဘုရားဖူးလိုက်ပါ။

ထီကံစမ်းရန်။ ။ (၄ ၊ ၇ ၊ ၀) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ၇-ဂဏန်းသားများ




မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၇ရက်၊ ၁၆ရက်၊ ၂၅ရက်တို့တွင် မွေးဖွားသူများသည် ၇-ဂဏန်းသားများဖြစ်သည်။

ခုနစ်ဂဏန်းပိုင်ရှင်တို့သည် ဤလတွင် ဒီလထဲမှာ အနှောင့်အယှက်၊ အဟန့်အတား၊ အခက်အခဲတချို့ကို ကြုံရတတ်ချိန်ပါ။ အနေအထိုင်၊ အပြောအဆို ဆင်ခြင်ပါ။ နေရတာ မပျော်သလိုလည်း ဖြစ်နေတတ်တယ်။ ကံဇာတာညံ့နေတာ မဟုတ်ပါဘူး။ ကုသိုလ်ကံဖွင့်ပေးဖို့ လိုနေတာပါ။ တစ်အိမ်လုံး တရော်ကင်ပွန်း နံ့သာရည်နဲ့ ဖျန်းပေးပါ။ အထူးသဖြင့် ဘုရားကျောင်းဆောင်ကို သန့်ရှင်းရေးလုပ်ပေးပါ။ လာဘ်ရှင် ငွေဝင်လာပါလိမ့်မယ်။ အချစ်ရေး စိတ်ရှည်ရမယ့်အချိန်ပါ။

ယတြာ။ ။ နံနက်စောစောမှာ မေတ္တာသုတ်ကို ပွားထုံပြီး သတ္တဝါများကို လေးလေးနက်နက် မေတ္တာပို့သပါ။

ထီကံစမ်းရန်။ ။ (၃ ၊ ၅ ၊ ၂) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။




www.burmeseclassic.com

www.burmeseclassic.com

မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၈ရက်၊ ၁၇ရက်၊ ၂၆ရက်တို့တွင် မွေးဖွားသူများသည် ၈-ဂဏန်းသမား များဖြစ်သည်။

**၈ - ဂဏန်းသမားများ**





ရှစ်ဂဏန်းပိုင်ရှင်တွေဟာ ဒီလထဲမှာ စိတ်ဒွိဟဖြစ်စရာတွေ ကြုံလာတတ်တယ်။ ကိုယ်လုပ်စရာရှိတာကိုသာ ထိထိမိမိ လုပ်ကိုင်ဆောင်ရွက်နေလိုက်ပါ။ ဘေးစကားတွေကို အာရုံမပြုပါနဲ့။ ငွေအထူးဝင်မယ်။ ငွေကို ချွေတာပါ။ မိသားစုမှာ စိတ်အနှောင့်အယှက်ဖြစ်စရာလေးတချို့ ကြုံတတ်တယ်။ ဘာမှ အထွေအထူး အညှံ့မရှိပါဘူး။ ကိုယ့်စိတ်ကို ရှင်းရှင်းလင်းလင်းလေး ထားပေးတာနဲ့ အစစအဆင်ပြေသွားပါလိမ့်မယ်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေမယ်။

ယတြာ။ ။ ညအိပ်ရာဝင်ခါနီးမှာ ဘုရားဂုဏ်တော်ကိုးပါးကို (၁၈)ခေါက် တိတိ ပူဇော်ပြီး ဘုရားရှိခိုး ကုသိုလ်ယူလိုက်ပါ။

ထီကံစမ်းရန်။ ။ (၉ ၊ ၂ ၊ ၀)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၉ရက်၊ ၁၈ရက်၊ ၂၇ရက်တို့တွင် မွေးဖွားသူများသည် ၉-ဂဏန်းသမား များဖြစ်သည်။

**၉ - ဂဏန်းသမားများ**




ကိုးဂဏန်းပိုင်ရှင်တွေဟာ ဒီလပိုင်းက လက်ညှိုးညွှန်ရာ ရေဖြစ်တယ်ဆိုတဲ့ အချိန်မျိုးပါပဲ။ အများစုရဲ့ မျက်နှာသာပေးတာ၊ အရေးပေးတာတွေ ခံယူခွင့်ရမယ်။ သိပ်ပြီး လာဘ်ရွှင်လာမယ်။ ဒီလထဲမှာ တစ်ယောက်ယောက်က စွပ်စွဲပုတ်ခတ် ပြောဆိုတာမျိုးကိုတော့ ခံရတတ်တယ်။ ဘာပဲဖြစ်ဖြစ် ကံကောင်းနေချိန်ပါ။ ငွေရေးကြေးရေးမှာ နှုတ်မလွှယ်မိပါစေနဲ့။ လက်မလွှယ်မိပါစေနဲ့။ အဖိုးတန် ပစ္စည်းဝင်တတ်ပါတယ်။ အချစ်ရေး၊ အိမ်ထောင်ရေး အထူးသာယာနေမယ်။

ယတြာ။ ။ အိမ်မှာပဲ မေတ္တာသုတ်ပရိတ်တော်ကို စိတ်ပါလက်ပါ ရွတ်ပွားပြီး မေတ္တာဖြန့်ဝေပေးပါ။

ထီကံစမ်းရန်။ ။ (၅ ၊ ၁ ၊ ၃)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ
သဘာဝ ဗေဒ ဆရာသင်
(ဖုန်း ၀၉ ၇၉၇၉၃၄၄

□



www.burmeseclassic.com